www.dhammaransi.com



# နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ

## (ဒီဃနိကာယ်)

မဟာစရိယ ဦးမောင်မောင်လေ
ပထမကျော်၊ မဟာစရိယ သီရောမဏိ၊ B.A., R

www.dhammaransi.com

* ထုတ်ဝေသူ = ဦးဌေး (၀၁၁၄၆)
ရဲရင့်စာပေ
အမှတ် ၆၂၊ ၈၄လမ်း၊ ရုံတော်ကြီး၊ မန္တလေးမြို့။
ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၁၄)
အဖုံးခွင့်ပြုချက်အမှတ် (၄၀၃)

* ပထမအကြိမ်၊ အုပ်ရေ ၂၅၀၀
(နေ့စွဲ ၂၀-၈-၇၉)

* တန်ဘိုး တအုပ် ၂ဝိ ကျပ်

* ပုံနှိပ်သူ(အတွင်း၊ အဖုံး) = ဒေါ်ဝါ(၀၂၅၀)
အင်တာနေရှင်နယ်ပုံနှိပ်တိုက်
အမှတ် ၂၊ မူလာအိစမန်လမ်း၊ မြေနီကုန်း
ရန်ကုန်မြို့။

# မာတိကာ


ဓမ္မာစရိယ ဦးဌေးလှိုင်၏ အမှာ .... ဃ

နိကာယ်ငါးရပ်နိဒါန်း .... .... ၄

## ၁။ သီလက္ခန္ဓဝဂ်

၁။ ဗြဟ္မဇာလသုတ် .... ၁၃
အယူဝါဒအများကို ဉာဏ်ကွန်ရက်ဖြင့် ဖြန့်ကျက် ဟောကြားခြင်း။

၂။ သာမညဖလသုတ် .... .... ၂၆
ရဟန်းဘဝ၏ အကျိုးတရားများကို ဟောကြားခြင်း

၃။ အမ္ဗဋ္ဌသုတ် .... .... ၃၉
အမ္ဗဋ္ဌလုလင်ကို အကြောင်းပြု၍ ဟောကြားသောတရား

၄။ သောဏဒဏ္ဍသုတ် .... .... ၅၁
သောဏဒဏ္ဍပုဏ္ဏားအား ဟောကြားသောတရား

၅။ ကူဋဒန္တသုတ် .... .... ၅၇
ကူဋဒန္တပုဏ္ဏားအား ဟောကြားသော တရား

၆။ မဟာလိသုတ် .... .... ၆၆
မဟာလိမင်းသားအား ဟောကြားသော တရား

၇။ ဇာလိယသုတ် .... .... ၇၀
ဇာလိယပရိဗိုဇ်အား ဟောကြားသောတရား

၈။ မဟာသီဟနာဒသုတ် .... .... ၇၂
ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို မြွက်ကြားခြင်း

၉။ ပေါဋ္ဌပါဒသုတ် .... .... ၇၈
ပေါဋ္ဌပါဒ ပရိဗိုဇ်အား ဟောကြားသော တရား

၁၀။ သုဘသုတ် .... .... ၈၈
သုဘလုလင်အား ဟောကြားသောတရား

www.dhammaransi.com



၁၁ ။ ကေဝဋ္ဋသုတ် .... ... ၉၅
ကေဝဋ္ဋသူကြွယ်သားအား ဟောကြားသော တရား

၁၂ ။ လောဟိစ္စသုတ် .... ... ၉၆
လောဟိစ္စ ပုဏ္ဏားအား ဟောကြားသောတရား

၁၃ ။ တေဝိဇ္ဇသုတ် .... .... ၁၀၁
ဝိဇ္ဇာသုံးပါးကို ဟောကြားခြင်း

## ၂ ။ မဟာဝဂ်

၁၄ ။ မဟာပဒါနသုတ် .... .... ၁၀၇
ရှေးဘုရား ခုနစ်ဆူတို့ အကြောင်းကို ဟောကြားခြင်း

၁၅ ။ မဟာနိဒါနသုတ် .... .... ၁၂၂
ကြောင်းကျိုးဆက် တရားများကို ဟောကြားခြင်း

၁၆ ။ မဟာပရိနိဗ္ဗာနသုတ် .... .... ၁၃၁
ဗုဒ္ဓ ပရိနိဗ္ဗာန်စံခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ

၁၇ ။ မဟာသုဒဿနသုတ် .... .... ၁၆၃
မဟာသုဒဿန စကြာမင်း အကြောင်း

၁၈ ။ ဇနဝသဘသုတ် .... .... ၁၇၂
ဇနဝသဘနတ်သားအကြောင်းကို ဟောကြားခြင်း

၁၉ ။ မဟာဂောဝိန္ဒသုတ် .... ... ၁၈၀
မဟာဂောဝိန္ဒပုဏ္ဏား အကြောင်းကို ဟောကြားခြင်း

၂၀ ။ မဟာသမယသုတ် .... .... ၁၈၈
များစွာသော နတ်ဗြဟ္မာတို့ စည်းဝေးကြပုံကို ဟောကြားခြင်း

၂၁ ။ သက္ကပဉှသုတ် .... .... ၁၉၄
သိကြားမင်း၏ ပြဿနာကို ဖြေကြားခြင်း

၂၂ ။ မဟာသတိပဋ္ဌာနသုတ် .... ... ၂၀၆
သတိပဋ္ဌာန်လေးပါးကို အကျယ်ဟောကြားခြင်း

၂၃ ။ ပါယာသိသုတ် .... .... ၂၁၄
ပါယာသိ မင်းအား ဟောကြားသောတရား

www.dhammaransi.com



## ၃။ ပါထိကဝဂ်


၂၄။ ပါထိကသုတ် .... .... ၂၃၀
ပါထိကတက္ကတွန်းနှင့် ပတ်သက်၍ ဟောကြားခြင်း

၂၅။ ဥဒုမ္ဗရိကသုတ် .... .... ၂၄၃
ဥဒုမ္ဗရိကာ ကျောင်းသင်္ခမ်း၌ ဟောကြားသော တရား

၂၆။ စက္ကဝတ္တိသုတ် .... .... ၂၅၂
စကြဝတေးမင်း အကြောင်းကို ဟောကြားခြင်း

၂၇။ အဂ္ဂညသုတ် .... .... ၂၆၂
လောက၏ အစကို ဟောကြားခြင်း

၂၈။ သမ္ပသာဒနီယသုတ် .... .... ၂၆၉
မြတ်စွာဘုရား၏ ကြည်ညိုဖွယ်ဂုဏ်များကို ဟောကြားခြင်း

၂၉။ ပါသာဒိကသုတ် .... .... ၂၇၅
တရားတော်၏ ကြည်ညိုဖွယ် ဂုဏ်များကို ဟောကြားခြင်း

၃၀။ လက္ခဏသုတ် .... .... ၂၈၅
ယောကျ်ားမြတ်တို့၏လက္ခဏာများကို ဟောကြားခြင်း

၃၁။ သိင်္ဂါလသုတ် .... .... ၂၉၅
သိင်္ဂါလ လုလင်အား ဟောကြားသော တရား

၃၂။ အာဋာနာဋိယသုတ် .... .... ၃၀၄
အာဋာနာဋိယမည်သော ပရိတ်အစုံအစကို ဟောကြားခြင်း

၃၃။ သင်္ဂီတိသုတ် .... .... ၃၀၉
အညီအညွတ် ရွတ်ဆိုအပ်သော တရားများကိုဟောကြားခြင်း

၃၄။ ဒသုတ္တရသုတ် .... .... ၃၃၂
တပါးမှ ဆယ်ပါးထိ တရားစုများကို ဟောကြားခြင်း

www.dhammaransi.com

## ဓမ္မာစရိယ ဦးဌေးလှိုင်၏ အမှာ
## အသိမှန်အမြင်မှန် ဖြန့်ဖြူးကာ

### နိကာယ်လမ်းဖွင့် ပေါင်းကူးပေးခြင်း

ဗုဒ္ဓဝါဒနှင့်စပ်၍ ကျမ်းစာများ အမျိုးမျိုး ရေးသားခဲ့ကြ၏၊ ယခုလည်း ရေးသားနေကြ၏၊ သို့ရာတွင် မူရင်းကျကျ ရေးသားသူ၊ သို့မဟုတ် ရေးသားနိုင်သူကား ရှားလေသည်။

ဗုဒ္ဓဝါဒ၏ မူရင်းကျကျ ပင်မစာပေမှာ မြတ်စွာဘုရားရှင် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သော စကားတော်များ ဖြစ်ကုန်၏။ နိကာယ်ငါးရပ်ဟုရင်း၊ ပိဋကတ်သုံးပုံဟုရင်း ခေါ်သည်။ သံဂါယနာတင် စာအုပ်ဆိုက်ကြီး အုပ်ရေပေါင်း လေးဆယ်ရှိ၏။

မူရင်းကျကျ ရေးနိုင်ရန်မှာ ပါဠိစာပေကို အဟုတ်တကယ် တတ်ကျွမ်းမှ ရ၏၊ သဘောသဘာဝကို နိုင်နင်းမှ ဖြစ်သည်၊ အဆိုအမိန့် တခုနှင့်တခု နှိုင်းယှဉ်သုံးသပ်၍ ဆုံးဖြတ်ချက် ချနိုင်မှလည်း ဖြစ်သည်။

ဗုဒ္ဓ၏ ဒေသနာတော်များကား သဘောတရားသိမ်မွေ့သလောက် ဟောကြားပုံ ဆန်းကြယ်လှ၏၊ တိုက်ရိုက်ဟောသော ဒေသနာများ ရှိသကဲ့သို့ သွယ်ဝိုက်၍ (ပရိယာယ်ဖြင့်) ဟောသော ဒေသနာများလည်းရှိ၏၊ ပုဂ္ဂိုလ်၊ သတ္တဝါစရိုက်အထာ လိုက်၍ ဟောသောဒေသနာလည်း ရှိ၏၊ သဘောတရား သက်သက် ဟောထားသော ဒေသနာလည်း ရှိ၏။

ဥပမာ– "မိဘကိုသတ်၊ ရှင်ဘုရင်ကိုသတ်၊ တိုင်းပြည်နှင့် ရဲဘော်ကို လုပ်ကြံမှ ချမ်းသာမည်" (ဓမ္မ–ဌ ၂၊ ၂၀၃) စသည်ဖြင့် ပရိယာယ် ဒေသနာမျိုးကို တိုက်ရိုက် ကောက်ယူ၍ ကျင့်သုံးလျှင် ကမ္ဘာပျက်ပေလိမ့်မည်။ ထို့အတူ "ငါ၊ ငါ့ဥစ္စာ၊ မိဘ၊ သားမယား၊ သတ္တဝါမရှိ" သဘာဝဒေသနာမျိုး၌ ပညတ်ကို ကောက်ယူလျှင်လည်း ကမ္ဘာပျက်နိုင်လေသည်။

www.dhammaransi.com



ဗုဒ္ဓဒေသနာ ပိဋကကျမ်းစာများကား သိမ်မွေ့နက်နဲလှပေ၏။

ထို့ပြင် မူရင်းကျကျ ပင်မဗုဒ္ဓစာပေများကို ဘာသာပြန်ရာ၌ ပါဠိနှင့် သဘာဝကို နိုင်နင်းရုံမျှမက သဒ္ဒါသီလ (သို့မဟုတ် ဘာသာပြန်သူ၏ စောင့်သိရသော တာဝန်နှင့် သစ္စာ)ရှိဘို့လည်း လိုပေသည်။ အချို့ ဘာသာပြန်သူများ၊ ဗုဒ္ဓစာပေ ရေးသားပြုစုသူများ သဒ္ဒါသီလ ခေါင်းပါးကြသဖြင့် မိမိမကြိုက်သော အရာများကို ချန်လှပ်ထားခဲ့ခြင်း၊ အဓိပ္ပာယ်တမျိုး ကောက်ယူခြင်း၊ ဘုရားအလိုတော်ကျ မဟုတ်သော မိမိအယူအဆများကို ဗုဒ္ဓအပေါ် လွှဲပြောင်းမိခြင်း စသည်ဖြင့် ကမောက်ကမ ဖြစ်ခဲ့ကြလေသည်။

ထို့ကြောင့် မူရင်းကျကျ ပင်မဗုဒ္ဓစာပေများ စာဖတ်တတ်သူတိုင်း တန်သလောက် နားလည်နိုင်စေရန် ခေတ်မီ မြန်မာပြန်များ ထွက်ပေါ်စေသင့်သည်မှာ ကြာပါပြီ။

ဓမ္မာစရိယဦးမောင်မောင်လေး (သိရောမဏိ၊ဘီ–အေ) သည် ဗုဒ္ဓစာပေနယ်၌ လိုဟာကွက်ကို ဖြည့်စွမ်းနိုင်မည့်သူ ဟု ရွေးမဆကပင် ယုံကြည်သိရှိရင်းစွဲ ရှိသဖြင့် ငန်းတိုက် ဘာသာပြန်ဆိုရန် တိုက်တွန်းခဲ့ကြပါသည်။

သူကား ဗုဒ္ဓစာပေနယ်၌ ပထမကျော် ရရှိခဲ့သူ ဖြစ်၏။ အဋ္ဌကထာကြီး ကိုးကျမ်းကို တနှစ်ထဲနှင့် ဖြေဆိုအောင်မြင်၍ "သိရောမဏိ=ပတ္တမြားသျှောင်"ဘွဲ့ရသူဖြစ်၏။ (ထိုဘွဲ့ရသူမှာ တပြည်လုံး၌ ၅-ဦးခန့်သာရှိသည်။) ထို့ထက် ဆဋ္ဌသံဂါယနာ မတင်မီ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများကို သုတ်သင်ပြင်ဆင်ခြင်း၊ မြန်မာပြန်ခြင်း စသော လုပ်ငန်းများတွင် အမှာစာ ရေးသူနှင့်အတူ နှစ်ပေါင်းများစွာ တာဝန်ရှိရှိလုပ်ဆောင်ခဲ့သူလည်း ဖြစ်သည်။

ဤအရည်အချင်းများသည် သူ့အားတာဝန်ကြီးလေး ခက်ခဲလှသော ဗုဒ္ဓစာပေများကို တာဝန်သိသိ သဘာဝ မိမိ ဘာသာပြန်ဆိုရန် တောင်းဆိုလာကြခြင်းပင် ဖြစ်ပေသည်။

www.dhammaransi.com



၁။ ပွဲဦးထွက် ဖြစ်သော ဤကျမ်းစာကို ဖတ်ရှုခြင်းအားဖြင့် မှုရင်းကျကျ ဗုဒ္ဓဝါဒရေးရာအသိဥာဏ်ကို မြှင့်တင်ပေးမည်မှာ သေချာ၏၊ ဦးစွာ ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဝါဒီကိုပင် ခွဲခြားမှု ဖြစ်စေလိမ့်မည်။ (စာမျက်နှာ ၁၄-၁၅-၁၆။)

၂။ ဤစာအုပ်၌ ပထမဆုံး ဖော်ပြထားသော "ဗြဟ္မဇာလ" တသုတ်တည်း ဖတ်ရုံမျှဖြင့်ပင် တလောကလုံးရှိ အယူဝါဒများ အားလုံးအပေါ် ဝါဒရေးရာအမြင်များ ကြည်လင်ပြတ်သားလာစေနိုင်၏။

လူသားတို့အား နှိပ်စက် သတ်ဖြတ် နေသည်မှာ အယူဝါဒများပင် ဖြစ်၏။ ထို့ကြောင့် "ဇာလ=လူထောင်မြှုံး"ဟုရင်း၊ ပိုက်ကွန်ဟုရင်း ခေါ်သည့် ပိုက်ကွန်၊ မြှုံး တခုခု၌ ဝင်မိလျှင် ထွက်ရန် ခက်ခဲလေတော့၏။

မိမိ၏ အတွေးအခေါ်ကပင်လျှင် မြှုံးဖြစ်ကာ မိမိကိုယ်မိမိ ထောင်မိလျက်သား ဖြစ်တတ်သည်။

၃။ ဆဋ္ဌသံဂါယနာ ပါဠိတော် မြန်မာပြန်များသည် သဘာဝနက်နဲရသည့်အထဲ ဝေါဟာရ အင်္ကေအခဲလည်း ရှိနေကြသဖြင့် လူတိုင်း နားမလည်နိုင်ဘဲ ရှိနေကြ၏။ ထို့ဒွာနအံနေဖြင့် ထို့ထက် ခလျှော့ပေါ့၍ ပြန်ဆိုပေးရန်လည်း မသင့်တော်ချေ။ ဤကျမ်းစာသည် ထိုမြန်မာပြန်ကြီးများကို ကြည့်ရှုရာ၌ ပေါင်းကူးပေးရုံမျှမက ပိဋကသုံးပုံကိုပင် လမ်းဖွင့်ပေးနိုင်သော ကျမ်း ဖြစ်ပေသည်။

ကမ္ဘာ၌ရင်း၊ မြန်မာ၌ရင်း ပင်ရင်းမူလ ပိဋက စာပေများကို ဦးစား မပေးလိုသော၊ မိမိကိုယ်နှိုက်ကလည်း မတတ်သဖြင့် မှတ်ကျောက်အဖြစ် အစစ်အဆေး မခံလိုသော၊ ကျမ်းစာပင် မလိုသောကျင့်စဉ်များ, အကျင့်သမားများလည်း ပေါ်ပေါက်လျက် ရှိရာ ဤ ကျမ်းစာမျိုးကို အချိန်အခါကလည်း တောင်းဆိုလျက် ရှိကြောင်း ထင်ရှားလှပေသည်။

www.dhammaransi.com



ကျမ်းပြုသူကလည်း ဆက်လက် ပြုစုနိုင်၍ စာရှုသူများကလည်း အသိမှန် အမြင်မှန် ပြန့်ပွား၍ လူသားထု အားလုံး ကြီးပွားချမ်းသာရေးအတွက် ဆက်လက် ဖတ်ရှုအားပေးနိုင်ကြပါစေဟုသာ ဆုတောင်းလိုက်ရပါကြောင်း ခင်ဗျား။

အသိမှန်ရ၍ ချမ်းသာကြပါစေ

ဌေးလှိုင်
(ဓမ္မာစရိယ ဦးဌေးလှိုင်)
၅-၈-၁၉၇၉

www.dhammaransi.com

# နိကာယ်ငါးရပ်နိဒါန်း

**ဓမ္မနှင့် ဝိနယ**

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ် လေးဆယ့်ငါးဝါကာလအတွင်း ဟောကြားခဲ့သော တရားတော် (ဗုဒ္ဓဝစန)များကို ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူ၍ သုံးလကြာသောအခါ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ရှိ စရည်းပင်လိုဏ်ဂူ၌ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့ စုပေါင်းရွတ်ဆိုခဲ့ကြသည်။ ဤသို့ ဗုဒ္ဓဝစနများကို ရဟန္တာငါးရာတို့ အညီအညွတ် စုပေါင်းရွတ်ဆိုခြင်းကို သံဂါယနာတင်သည်ဟု ခေါ်ဆိုပေသည်။ ဤသို့ သံဂါယနာတင်ရာတွင် ဗုဒ္ဓဝစနများကို ဓမ္မနှင့် ဝိနယဟူ၍ **အမျိုးအစား** နှစ်မျိုးခွဲခြားခဲ့ပါသည်။ ယင်းနှစ်မျိုးတွင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ လိုက်နာရန် ဝိနည်းသိက္ခာပုဒ်များ ပါဝင်သည့် ဟောကြား ဆုံးမချက်များကို "ဝိနယ"ဟု ခေါ်၍ ဝိနယမှ ကြွင်း**ကျန်သော** ဗုဒ္ဓဝစန အားလုံးကို "ဓမ္မ"ဟု ခေါ်ဆို**လေသည်။**

ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့ ပထမအကြိမ် သံဂါယနာတင်ရာတွင် ဓမ္မဝိနယနှစ်မျိုးအနက် ဝိနယကို ရှေးဦးစွာ သံဂါယနာတင်ခဲ့ကြ၏။ အကြောင်းကား ဝိနည်းကို စောင့်ထိန်းသော ရဟန်းသံဃာများ ရှိနေမှသာ အခြားသော ဗုဒ္ဓတရားတော်များ တည်တံ့နိုင်မည်ဖြစ်ကြောင်း တွေ့ခေါ် မြော်မြင်မိကြသောကြောင့် ဖြစ်ပေသည်။ ဝိနယကို သံဂါယနာတင်ရာတွင် ရှင်မဟာကဿပ ကိုယ်တိုင် **စိစစ်မေးမြန်းသူ** "ပုစ္ဆက"အဖြစ် ဆောင်ရွက်၍ ဝိနည်းဆောင် ဧတဒဂ်ရ ရှင်ဥပါလိ မထေရ်က ဖြေဆိုသူ "ဝိသဇ္ဇက" အဖြစ် ဆောင်ရွက်ခဲ့လေ**သည်။**

ဝိနယကိုသံဂါယနာတင်ပြီး ဓမ္မကို သံဂါယနာတင်ရန်အလှည့် ကျရောက်သောအခါ ရှင်အာနန္ဒာအား ဖြေဆိုသူ ဝိသဇ္ဇက**အ**ဖြစ် ဆောင်ရွက်ရန် ရဟန္တာအရှင်မြတ် အားလုံးက သဘောတူ ဆန္ဒပြုကြသည်။ ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာအား (၂၅)ဝါတိတ်လုံး အနီးကပ် လုပ်ကျွေးပြုစု၍ ဗုဒ္ဓဟောကြားသည့် တရားဒေသနာ မှန်သမျှကို လက်မလွှတ်တမ်း နာယူမှတ်သားခွင့် ရရှိခဲ့သဖြင့် တရားဘဏ္ဍာစိုး "ဓမ္မဘဏ္ဍာဂါရိက"ဟူသော ဘွဲ့အမည်ဖြင့် ပင် ချီးကျူး

www.dhammaransi.com



ခေါ်ဆိုခြင်း ခံရသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့်လည်း ဓမ္မကို သံဂါယနာတင်ရာတွင် ရှင်အာနန္ဒာအား ဖြေဆိုသူ "ဝိသဇ္ဇက"အဖြစ် ဆောင်ရွက်ရန် ရဟန္တာငါးရာလုံးက သဘောတူ ဆန္ဒပြုကြခြင်း ဖြစ်ပေသည်။

## ပိဋကတ်သုံးသွယ်

ဝိနယမှကြွင်းသော ဗုဒ္ဓဝစန အားလုံးကို ဓမ္မဟုခေါ်ဆိုရသဖြင့် ယင်းဓမ္မဘွင် အဘိဓမ္မာ တရားတော်များလည်း အကြုံးဝင်လျက် ရှိလေသည်။ ထို့ကြောင့် ဗုဒ္ဓဝစနများကို တနည်းအားဖြင့် ဝိနယပိဋကတ်၊ သုတ္တန္တပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ဟူ၍ သုံးချိုးခွဲခြားခြင်း ပြုကြလေသည်။ ထိုပိဋကတ်သုံးပုံတွင် ဝိနယပိဋကတ်၌ ဝိနည်းငါးကျမ်း ပါဝင်၍ အဘိဓမ္မာပိဋကတ်၌ အဘိဓမ္မာခုနစ်ကျမ်း ပါဝင်၏။ ထိုမှကြွင်းသော ဗုဒ္ဓစကားတော်များကို သုတ္တန္တပိဋကတ်၌ ထည့်သွင်းခြင်းပြုကြသည်။

## နိကာယ်ငါးရပ်

အထက်ဖော်ပြပါ အစီအစဉ်အရ ပိဋကတ်သုံးပုံမှ ဝိနယပိဋကတ်ကို ရှေးဦးစွာ သံဂါယနာတင်ပြီးနောက်သုတ္တန္တပိဋကတ်ခေါ် သုတ္တန်တရားတော်များကို သံဂါယနာတင်ကြလေသည်။ တဖန်ထိုသုတ္တန္တပိဋကတ်တွင်ပါဝင်သော တရားတော်များကို ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ်ငါးရပ် ခွဲခြား သတ်မှတ်ကြပြန်လေသည်။

"နိကာယ" နိကာယ်ဟူသော စကားမှာ "အစုအဝေး"ဟူ၍အဓိပ္ပာယ်ရှိပေရာ ရှည်လျားသော သုတ်တို့၏ အစုအဝေးကို ဒီဃနိကာယ် ဟူ၍၎င်း၊ အလယ်အလတ်သုတ်တို့၏ အစုအဝေးကို မဇ္ဈိမနိကာယ် ဟူ၍၎င်း ခေါ်ဝေါ်ခြင်း ပြုခဲ့ကြသည်။ သံယုတ္တနိကာယ်မှာ ဟောကြားသည့် အကြောင်းအရာ၊ နာကြားသည့်ပုဂ္ဂိုလ် စသည်အားဖြင့် ဆက်စပ်မှုရှိသော သုတ်များကို အခန်းကဏ္ဍအလိုက် ခွဲခြား၍ စုစည်းထားသော နိကာယ်ဖြစ်၏။ အကြောင်းအရာတခုကိုဟောကြားသောသုတ်၊ အကြောင်းအရာနှစ်ခုကို ဟောကြားသောသုတ် စသည်ဖြင့် တခုမှ ဆယ့်တစ်ခုအထိ အစဉ်အတိုင်း တို၍ စီစဉ်ထားသော သုတ်တို့၏ အစုအဝေးကို အင်္ဂုတ္တရနိကာယ် ဟု ခေါ်၏။ ဤနိကာယ်လေးရပ်တွင် မပါဝင်သော ကျမ်းများကို "ခုဒ္ဒကဂန္ထ ကျမ်းငယ်များ"ဟု ခေါ်ခဲ့ကြ

www.dhammaransi.com



သည်။ သို့ရာတွင် နောက်ပိုင်း၌ ဝိနယပိဋကတ်၊ အဘိဓမ္မ ပိဋကတ်တို့နှင့်တကွ ထိုကျမ်းငယ်များကို ခုဒ္ဒကနိကာယ်ဟူ၍သတ်မှတ်ခြင်းပြုခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓ၏ စကားတော် အားလုံးသည် ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်ရှိကြောင်း အကျဉ်းချုပ် မှတ်သားနိုင်ပေသည်။

ရှင်မဟာကဿပတို့၏ ပထမသံဂါယနာတင်ပွဲ၌ ပိဋကတ်သုံးပုံမှ ဝိနယပိဋကတ်ကို ပထမ၊ သုတ္တန္တပိဋကတ်ကို ဒုတိယ သံဂါယနာတင်ကြောင်း၊ သုတ္တန္တပိဋကတ်တွင်လည်း ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်နှင့် အင်္ဂုတ္တရနိကာယ်တို့ကို အစဉ်အတိုင်း သံဂါယနာတင်ပြီး ယင်းတို့နောက်တွင် အဘိဓမ္မပိဋကတ်ကို သံဂါယနာတင်ကြောင်း၊ နောက်ဆုံးတွင်မှ ခုဒ္ဒကကျမ်းများကို သံဂါယနာတင်ကြောင်း ဒီဃနိကာယ် အဋ္ဌကထာ၌ ဖော်ပြထားလေသည်။

## ပိဋကတ်သုံးပုံဝင် ကျမ်းများ

ပိဋကတ်သုံးပုံတွင် ဝိနယပိဋကတ်၌ဝိနည်း ၅ကျမ်း၊ အဘိဓမ္မ ပိဋကတ်တော်၌ အဘိဓမ္မာ(၇)ကျမ်း ပါဝင်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ သုတ္တန္တပိဋကတ်၌ကား ဒီဃနိကာယ် (၃)ကျမ်း၊ မဇ္ဈိမနိကာယ် (၃)ကျမ်း၊ သံယုတ္တနိကာယ် (၅)ကျမ်း၊ အင်္ဂုတ္တရနိကာယ် (၁၁)ကျမ်းနှင့် ခုဒ္ဒကကျမ်း (၁၅) ကျမ်းအားဖြင့် ကျမ်းပေါင်း (၃၇)ကျမ်း ရှိလေသည်။ ဝိနည်း(၅)ကျမ်း၊ အဘိဓမ္မာ(၇)ကျမ်းတို့နှင့် ပြန်ပေါင်းသော် ပိဋကတ်သုံးပုံဝင် ကျမ်းပေါင်း (၄၉)ကျမ်း ဖြစ်ပေသည်။

ဤတွင် အထူးမှတ်သားရန်မှာ "ကျမ်း"နှင့် "စာအုပ်" မတူခြင်းဖြစ်၏။ "ကျမ်း"မှာ အကြောင်းအရာ စသည်အလိုက် အပိုင်းကဏ္ဍ ပိုင်းခြားထားချက် ဖြစ်သည်။ ထို့ကြောင့် စာအုပ်အဖြစ် ရိုက်နှိပ်သောအခါ အချို့သော ကျမ်းများသည် သီးခြားစာတအုပ် ဖြစ်လာသော်လည်း အရွယ်ပမာဏ ကြီးသော ကျမ်းအချို့ကား စာအုပ် နှစ်အုပ်သုံးအုပ် ဖြစ်လာ၏။ အရွယ်ပမာဏ သေးငယ်သော ကျမ်းအချို့မှာကား နှစ်ကျမ်းသုံးကျမ်း စသည် ပေါင်းမှ စာအုပ်တအုပ်သာ ဖြစ်လာပေသည်။ သို့ဖြစ်၍ ပိဋကတ်သုံးပုံဝင် ကျမ်းပေါင်း (၄၉)ကျမ်းကို စာအုပ်အဖြစ် ရိုက်နှိပ်သောအခါ ဆဋ္ဌသံဂါယနာမူ စာအုပ်ပေါင်း (၄၀)အုပ် ဖြစ်လာသည်ကို တွေ့ရပေသည်။

www.dhammaransi.com



## ကရုဏာပညာ နှစ်ပါးစုံဖြင့်

အထက်ပါ ပိဋကတ်သုံးပုံတွင် ဝိနယပိဋကတ်သည် ရဟန်းတို့၏ဝိနည်း သိက္ခာပုဒ်များသာဖြစ်၍ ရဟန်းတို့နှင့်သာ ယေဘုယျအားဖြင့် သက်ဆိုင်၏။ အဘိဓမ္မပိဋကတ်သည် လောက၌ရှိသော တရားသဘော အားလုံးကို ဗုဒ္ဓ၏ ဉာဏ်တော်ဖြင့် ကျယ်ဝန်းနက်နဲစွာ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသော ဒေသနာတော်ဖြစ်၏။ ထို့ကြောင့် အခြေခံမှစ၍ စနစ်တကျ လေ့လာခြင်း မပြုဘဲ တပုဒ်ချင်းဖတ်ရှုရုံဖြင့် အဘိဓမ္မာတရားကို နားလည်သဘောပေါက်ရန် မလွယ်ချေ၊ အဆင့်မြင့်သော တရားတော်များဖြစ်၍ သီးသီးသန့်သန့် လေ့လာမှသာ နားလည်နိုင်မည့် တရားတော် ဖြစ်ပေသည်။

သုတ္တန္တပိဋကတ်မှာမူ ပုဂ္ဂိုလ်သတ္တဝါ အမျိုးမျိုးတို့၏ အသိဉာဏ် အဆင့်၊ အကျင့်စရိုက် စသည်တို့နှင့် လျော်ညီစွာ သိလွယ်၊ မြင်လွယ်သော ဥပမာ သာဓက၊ ဝေါဟာရ အသုံးအနှုန်းများဖြင့် ဟောကြားအပ်သော ဒေသနာဖြစ်၍ သာမန်လူတို့နှင့် အနီးစပ်ဆုံး တရားတော်ဖြစ်၏။ အကြောင်း အရာအားဖြင့်လည်း ထွေပြားဆန်းကြယ် မှတ်သားဖွယ်များ ပြည့်စုံကြွယ်ဝ လှပေသည်။

ဗုဒ္ဓသည် ဝိနယပိဋကတ်ကို ကရုဏာ ပြဋ္ဌာန်းချက်ဖြင့်၎င်း၊ အဘိဓမ္မ ပိဋကတ်ကို ပညာပြဋ္ဌာန်းချက်ဖြင့်၎င်း ဟောကြားခြင်းဖြစ်ပြီး သုတ္တန္တပိဋကတ် ကိုမူ ကရုဏာ၊ ပညာ နှစ်ပါးစုံ ပြဋ္ဌာန်းချက်ဖြင့် ဟောကြားခြင်းဖြစ်ကြောင်း အဋ္ဌကထာ ဆရာတို့က ဖွင့်ဆိုခဲ့ကြသည်။ ကရုဏာပညာ နှစ်ပါးတွင် ကရုဏာ သည် သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားမှုဖြစ်ပြီး ပညာကား ယင်းသို့ လိုလားသည့်အတိုင်း အကျိုးစီးပွားကို သိမြင်အောင် ညွှန်ပြနိုင်သောစွမ်းရည် သတ္တိဖြစ်ပေသည်။

ဗုဒ္ဓသည် သုတ္တန္တပိဋကတ်ကို ကရုဏာ ပညာ နှစ်ပါးစုံပြဋ္ဌာန်းချက်ဖြင့် ဟောကြားခြင်း ဖြစ်သောကြောင့် ဤသုတ္တန္တပိဋကတ်တွင်ပါဝင်သော တရား များသည် ဗုဒ္ဓ၏ ဉာဏ်စွမ်းပြတရားများမဟုတ်၊ နာယူကျင့်သုံးသည့် ပုဂ္ဂိုလ် များအတွက် အမှန်တကယ် အကျိုးစီးပွား တိုးပွားဖြစ်ထွန်းစေနိုင်သောတရား များ ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်ပေသည်။

## တာဝန်ခွဲ၍ ဆောင်ရွက်ကြခြင်း

ဤကားယင်ငါးရပ် ပိဋကတ်သုံးပုံကို သံဂါယနာ တင်ပြီးသောအခါ ယင်း တို့ကို ပပျောက်မပျက်အောင် ဆောင်ရွက် ရန်အတွက် သံဂါယနာတင်

www.dhammaransi.com



မထေရ်ကြီးတို့သည် အသီးအသီးခွဲဝေ တာဝန်ယူခဲ့ကြသည်။ ယင်းသို့ ခွဲဝေ ဆောင်ရွက်ရာတွင် ပိဋကတ် ကျမ်းတို့ကို ပေထက် ကျောက်ထက်တွင် တင်၍ ရေးသား မှတ်တမ်းတင်ခြင်းမဟုတ်ဘဲ နှုတ်ဖြင့်သာ ကျက်မှတ် ဆောင်ရွက်ခဲ့ ကြရခြင်းဖြစ်သည်။ တာဝန်ခွဲဝေရာတွင်....

ဝိနယပိဋကတ်ကို ရှင်ဥပါလိနှင့်တပည့်များ၊
အဘိဓမ္မပိဋကတ်ကို ရှင်သာရိပုတ္တရာ၏တပည့်များ၊
ဒီဃနိကာယ်ကို ရှင်အာနန္ဒာနှင့် တပည့်များ၊
မဇ္ဈိမနိကာယ်ကို ရှင်သာရိပုတ္တရာ၏ တပည့်များ၊
သံယုတ္တနိကာယ်ကို ရှင်မဟာကဿပနှင့် တပည့်များ၊
အင်္ဂုတ္တရနိကာယ်ကို ရှင်အနုရုဒ္ဓါနှင့် တပည့်များ၊

က အသီးအသီးတာဝန်ယူခဲ့ကြသည်။ ကြွင်းသော ခုဒ္ဒကကျမ်းများနှင့် ပတ် သက်၍မူ အဋ္ဌကထာတို့၌ အထူးဖော်ပြထားခြင်းမရှိချေ။

## လူသာမန်တို့နှင့် သုတ္တန်ဒေသနာ

ပိဋကတ်သုံးပုံတွင် သုတ္တန္တပိဋကတ်သည် ပုဂ္ဂိုလ် သတ္တဝါအမျိုးမျိုးတို့ ၏ အခြေအနေနှင့်ကိုက်ညီအောင် ဟောကြားခဲ့သော တရားတော်များဖြစ်၍ လူသာမန်တို့နှင့် အနီးစပ်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ သို့ရာတွင် သုတ္တန္တ ပိဋကတ်၌ လူသာမန်တို့ သိလွယ်မှတ်လွယ်သော တရားများသာ ပါဝင်သည် ကား မဟုတ်၊ ရဟန်းရှင်လူမရွေး ကျင့်ကြံအားထုတ်ရမည့် သမထဝိပဿနာ စျာန်၊ မဂ်ဖိုလ်စသော တရားကျင့်စဉ်များ၊ နိဗ္ဗာန်ပဋိစ္စသမုပ္ပါဒ်ကဲ့တို့သို့ နက် နဲသော တရားသဘောများ၊ အယူဝါဒ အမျိုးမျိုးနှင့် ပတ်သက်သော ရှင်း လင်းချက် များလည်း ပါဝင်လျက် ရှိပေသည်။ ခြုံ၍ပြောရသော် သုတ္တန္တ ပိဋကတ်ကို လေ့လာဖတ်ရှုခြင်းဖြင့် ဗုဒ္ဓဝါဒ၏ အနှစ်သာရ များကိုသာမက ဗုဒ္ဓခေတ် လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စာသားရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော အခြေအနေအရပ်ရပ်ကိုပါ သိမြင်နိုင်မည်ဖြစ်ပေသည်။

ယခုအခါ ဘာသာတရားကို လေ့လာ လိုက်စားသူများ တိုးပွားလာ သည်နှင့်အမျှ ဗုဒ္ဓစာပေကို ဖတ်ရှု လေ့လာသူများလည်း တနေ့တခြားတိုး တက်လျက်ရှိသည်ကို တွေ့ရပေသည်။ ဤသည်မှာ ကောင်းသော အလားအ လာတရပ်ပင် ဖြစ်သော်လည်း ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓစာပေကို လေ့လာရာ၌ ပင် ရင်းကျသော ဘုရားဟောကျမ်းများကို အထူးဂရုပြု၍ ဖတ်ရှု လေ့လာရန်

www.dhammaransi.com



အရေးကြီးလှပေသည်။ ဘုရားဟော ပင်ရင်းကျမ်းများကို လေ့လာ ဖတ်ရှုမှသာ ဗုဒ္ဓဝါဒ၏ အနှစ်သာရများကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြမည် ဖြစ်ပါသည်။ ပေါက်ပင်ကိုလိုက်၍ အများကြိုက်အောင် ရေးသားသော ဘာသာရေးစာပေအချို့မှာ ဗုဒ္ဓရှင်တော်မြတ်၏ အာဘော်နှင့် လွဲချော်နေတတ်ပေသည်။

## ဒီဃနိကာယ်အညွှန်း

စာရေးသူသည် အထက်ပါအချက်ကို တွေးတော စဉ်းစား မိသဖြင့် သုတ္တန္တပိဋကတ်ဝင် နိကာယ်ကြီးလေးရပ်ကိုလူများစုနှင့်နီးစပ်သော အစီအစဉ်တရပ်ဖြင့် ရေးသားရန် ကာလအတော်ကြာကပင် ကြံရွယ်ချက် ရှိခဲ့ပေသည်။ အမှန်စင်စစ် ဘုရားဟောကျမ်းများသည် အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံပြီး အပိုအလိုမရှိ ပြီးပြည့်စုံသောတရားတော်များဖြစ်၍ ဆဋ္ဌသံဂါယနာ မြန်မာပြန် မူရင်းအတိုင်း အစအဆုံး ဖတ်ရှု နိုင်ပါလျှင် အကောင်းဆုံးဖြစ်ပါသည်။ သို့သော်လည်း မိမိတို့ ဘဝရပ်တည်နိုင်ရေးအတွက် ထာဝစဉ် လုံးပန်းအားထုတ်နေကြရသော လူများစုအဖို့ ထိုမျှ အချိန်ပေးနိုင်ကြမည်မဟုတ်ပါ။ ထို့ကြောင့် နိကာယ်ကြီး လေးရပ်အနက်မှ ပထမဦးဆုံးဖြစ်သော ဒီဃနိကာယ်ကို စာတအုပ်တည်းဖြင့် ခြုံမိအောင် စတင်ရေးသားခဲ့ပါသည်။ ကျန်နိကာယ်ကြီးများကိုလည်း ဆက်လက် ရေးသားလျက် ရှိသဖြင့် ဤစာစဉ်ကို "**နိကာယ်လေးရပ် ပိဋကတ်အဖွင့်**" ဟူ၍ ခေါင်းစဉ် တပ်လိုက်ခြင်း ဖြစ်ပါသည်။

ဒီဃနိကာယ်တွင် သီလက္ခန္ဓဝဂ်၊ မဟာဝဂ်နှင့် ပါထိကဝဂ် ဟူ၍ သုံးကျမ်းရှိပြီး သုတ်ပေါင်း ( ၃၄ ) သုတ်ပါဝင်ပါသည်။ ပါဠိတော် မူရင်းမှာ စာမျက်နှာ ( ၆၆၄ ) မျက်နှာရှိပြီး မြန်မာပြန် မူရင်းအားဖြင့် ( ၈၄၃ ) မျက်နှာရှိပါသည်။ ဤစာအုပ်တွင်မူ မူရင်းအတိုင်း လုံးစေ့ပါအောင် ပြန်ဆိုခြင်းမပြုဘဲ သုတ်တသုတ်စီ၏ လိုရင်းအနှစ်သာရများ မလွတ်တမ်းပါဝင်ကာ ဖတ်ရှုသူများလည်း နားလည်သဘောပေါက်ပြီး စိတ်ဝင်စားမှုရှိနိုင်သမျှ ရှိစေရန် ခြုံငုံ၍ ပြန်ဆိုထားပါသည်။ သစ်မရမိ ဝါးဖြင့် ပေါင်းကူး သကဲ့သို့ အကြောင်း ကြောင်းကြောင့် မူရင်းမြန်မာပြန် ကျမ်းကြီးများကို မဖတ်နိုင်သူများ အတွက် အထူးရည်ရွယ်ပြုစုခြင်းဖြစ်ပါသည်။ ထို့ပြင် မူရင်း မြန်မာပြန် ကျမ်းကြီးများကို ဖတ်ရှုပြီးသူများသည် ဤစာအုပ်ကိုထပ်မံ ဖတ်ရှုခြင်းဖြင့် တရားတော်၏ အနှစ်သာရများကို ပို၍သဘောပေါက်နားလည် နိုင်ဖွယ် ရှိသ

www.dhammaransi.com




ကဲ့သို့ ဤစာအုပ်ကိုဖတ်ပြီးမှ မူရင်းမြန်မာပြန်ကျမ်းကြီးများကို ဖတ်ရှုသူများ အဖို့လည်း ပို၍လွယ်ကူမှုရှိလာလိမ့်မည်ဟု မြော်လင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံအား လူများ စုနှင့် နီးစပ်စေရန် ရည်ရွယ်၍ပုံစံတမျိုးဖြင့် ရေးသားပြုစုလိုက်သော ဤစာ အုပ်သည် ဗုဒ္ဓဝါဒ၊ ဗုဒ္ဓစာပေကို လေ့လာလိုသော စာဖတ်ပရိသတ်အတွက် တစုံတရာသော အတိုင်းအတာအထိ အကျိုးပြုနိုင်လိမ့်မည်ဟု ယုံကြည်မြော် လင့်မိပါသည်။

မောင်မောင်လေး

www.dhammaransi.com



# ၁။ သီလက္ခန္ဓဝဂ်

F-2

www.dhammaransi.com

# ၁။ ဗြဟ္မဇာလသုတ်

အယူဝါဒများကို ဉာဏ်ကွန်ရက်ဖြင့် ဖြန့်ကျက်ဟောကြားခြင်း။

## ချီးမွမ်းခြင်းနှင့်ကဲ့ရဲ့ခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် နောက်လိုက်ရဟန်း ငါးရာနှင့် အတူ ရာဇဂြိုဟ်နှင့် နာလန္ဒမြို့အကြား ခရီးရှည်ကြွသွားတော်မူ၏။ ထိုအခါ သုပ္ပိယ မည်သော ပရိဗိုဇ်သည်လည်း ဗြဟ္မဒတ် အမည်ရှိသော တပည့်လုလင်နှင့်အတူ ထိုခရီးအတိုင်းပင် လိုက်သွားလေ၏။ လမ်းခရီးတွင် သုပ္ပိယသည် ဗုဒ္ဓမြတ်စွာ နှင့်တကွ တရားသံဃာတို့၏ ကျေးဇူးမဲ့ကို အကြောင်းအမျိုးမျိုးဖြင့် ရှုတ်ချ ပြောဆို၏။ သူ့တပည့်ဗြဟ္မဒတ်လုလင်ကား အကြောင်းအမျိုးမျိုးဖြင့် ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆို၏။ ဤသို့ဖြင့် ဆရာ တပည့် နှစ် ယောက်တို့သည် အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်သော စကားကို ပြောဆို ကာ ဗုဒ္ဓနှင့်ရဟန်းသံဃာတို့၏နောက်မှ လိုက်လာကြ၏။

ဗုဒ္ဓမြတ်စွာသည် ဘုရင်များအပန်းဖြေရာ သရက်ဥယျာဉ်တခုသို့ ရောက် လျှင် ထိုဥယျာဉ်တွင် တညတာ နားနေခြင်း ပြုတော်မူ၏။ သုပ္ပိယတို့ ဆရာ တပည့်သည်လည်း ထိုဥယျာဉ်၌ပင် နားခိုခြင်းပြုကြလေသည်။ ယင်းသို့ နားခို နေချိန်တွင်လည်း ဆရာတပည့်နှစ်ဦးသည် ဆန့်ကျင်ဖက်စကားများကို ဆက် လက်ပြောဆိုနေကြသည်။

ထိုညလွန်မြောက်၍ အိပ်ယာမှထသောအခါ ရဟန်းများသည် တနေ ရာတွင် စုဝေးကြပြီး "ငါ့ရှင်တို့...ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ စိတ်ဓာတ် အမျိုးမျိုးကို ထိုးထွင်း သိမြင်တော်မူပေ၏။ သုပ္ပိယ ပရိဗိုဇ်နှင့် တပည့်ရင်း ဗြဟ္မဒတ်လုလင်တို့နှစ်ယောက်တွင် ဆရာက ရတနာသုံးပါးကို ရှုတ်ချပြောဆိုပြီး တပည့်ကမူ ရတနာသုံးပါးကို ချီးကျူးပြောဆိုနေ၏"ဟူ၍ စကားကို ဖြစ်ခစေ ကြကုန်၏။ ထိုအချိန်တွင် ဗုဒ္ဓ ကြွရောက်လာပြီး "ရဟန်းတို့.... သင်တို့သည်

www.dhammaransi.com



အဘယ်သို့သောစကားကို ပြောဆိုနေကြသနည်း''ဟု မေးမြန်းရာ ရဟန်းတို့က မိမိတို့ ပြောဆိုနေသည့် အကြောင်းအရာကို လျှောက်ထားကြသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

''ရဟန်းတို့.... ငါဘုရားကိုရင်း၊ တရား သံဃာကိုရင်း သူတပါးတို့က ကဲ့ရဲ့လျှင် သင်တို့သည် စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မကျေမနပ်ဖြစ်ခြင်း မပြုကြလင့်။ စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း စသည်ကို ပြုခဲ့သော် သင်တို့မှာသာ အနှောက်အယှက် ဖြစ်လိမ့်မည်။ သူတပါးတို့၏စကားများကိုလည်း အကောင်းအဆိုး ခွဲခြားသိနိုင်တော့မည်မဟုတ်။ ထိုကဲ့သို့ ကဲ့ရဲ့ပြစ်တင်သည့်အခါ 'ဤကဲ့ရဲ့ပြစ်တင်ခြင်းသည် မဟုတ်မမှန်ပါ၊ ငါတို့၌ ကဲ့ရဲ့ ပြစ်တင်စရာ အပြစ် မရှိပါ' ဟူ၍သာ ဖြေရှင်းရမည်။ ရဟန်းတို့.... ငါဘုရားကိုရင်း၊ တရားသံဃာတို့ကိုရင်း သူတပါးတို့က ချီးကျူးကြရာ၌လည်း သင်တို့သည် ဝမ်းမြောက်နှစ်သက်ခြင်း၊ စိတ်တက်ကြွခြင်း မပြုအပ်။ ဝမ်းမြောက်နှစ်သက်ခြင်း၊ စိတ်တက်ကြွခြင်းများ ဖြစ်ခဲ့သော် သင်တို့မှာသာ အနှောင့်အယှက် ဖြစ်လိမ့်မည်။ သူတပါးတို့၏ စကားများကိုလည်း အကောင်းအဆိုး ခွဲခြားသိနိုင်တော့မည်မဟုတ်။ ထိုကဲ့သို့ ချီးကျူးသည့်အခါ 'ဤချီးကျူးမှုသည် မှန်ကန်ပေ၏။ ငါတို့၌ ချီးကျူးသင့်သော ဂုဏ်များ အမှန်ပင် ရှိပေ၏' ဟူ၍သာ ဝန်ခံရမည်''

## စူဠသီလ

ရဟန်းတို့...ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ငါဘုရား၏ဂုဏ်ကို ချီးကျူး ပြောဆိုရာတွင် အောက်ပါအတိုင်း ချီးကျူးပြောဆိုကြရာ၏။

''ရဟန်းဂေါတမသည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏။ သနားကရုဏာနှင့် ပြည့်စုံ၏။ သတ္တဝါအားလုံး၏ အကျိုးစီးပွားကို အစဉ် စောင့်ရှောက်၏။

ရဟန်းဂေါတမသည် သူတပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ သူတပါးပေးသည့်ပစ္စည်းကိုသာ ယူ၏။ ရှာသူတို့၏အကျင့်ဖြစ်သော မေထုန်အမှုမှရှောင်ကြဉ်၍ မြတ်သောအကျင့်ကိုသာ ကျင့်သုံးလေ့ရှိ၏။ အချင်းချင်း မုန်းတီးစေမည့် ကုန်းချောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၍ ညီညွတ်မှု ဖြစ်စေသော စကားကိုသာ ဆိုလေ့ရှိ၏။ အကျိုးမရှိသော စကားကို ရှောင်ကြဉ်ပြီး အကျိုးအကြောင်းဆက်စပ်၍ မှန်ကန်သောစကားကိုသာ ဆိုလေ့ရှိ၏။ မျိုးစေ့ မြက် သစ်ပင်တို့ကို မဖျက်ဆီးတတ်။ တထပ်တည်းသာစား၍ နေလွဲညစာ

www.dhammaransi.com



စားခြင်းမှ ရှောင်ကြဉ်၏။ သီဆိုတီးမှုတ်မှုများကို နားထောင်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းနံ့သာ လိမ်းကျံခြယ်သခြင်းမှ ရှောင်ကြဉ်၏။ မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှရှောင်ကြဉ်၏။ ရွှေငွေစပါး ကျွဲနွား ဆင်မြင်းမိန်းမ ကျေးကျွန်စသည်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ လူတို့၏အစေအပါးခံခြင်း၊ ရောင်းဝယ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းနှင့်တကွ ခြေဖြတ်လက်ဖြတ် အသက်သတ်ခြင်း ဟူသော ပါးကွက်သားတို့၏အလုပ်မျိုးမှလည်း ရှောင်ကြဉ်၏။'' ဤသို့ ချီးကျူးပြောဆိုခြင်းများသည် မပြောပလောက် အနည်းငယ်သော အကျင့်သီလ ''စူဠသီလ''ဖြင့် ချီးကျူးပြောဆိုခြင်းသာဖြစ်ပေသည်။

မဇ္ဈိမသီလ

ရဟန်းတို့....''အချို့သောရဟန်း ပုဏ္ဏားတို့သည် လူတို့က သဒ္ဓါတရားဖြင့် လှူသောဆွမ်းကိုစားပြီး မျိုးစေ့ဗီဇများကို ဖျက်ဆီးကြကုန်၏။ ထမင်းအဖျော် အဝတ်အထည်စသော ပစ္စည်းများကို သိုမှီးသိမ်းဆည်း၍ သုံးဆောင်ကြ၏။ တရားကျင့်သုံးသူတို့အတွက် ဆူးငြောင့်သဖွယ် ဖြစ်သော ကပွဲ ဆိုပွဲ တီးမှုတ်ပွဲ၊ နပန်းပွဲ၊ စစ်ချီတက်ပွဲ စသည့် ပျော်ပွဲ ရှင်ပွဲများကို ကြည့်ရှုကြ၏။ မေ့လျော့မှုကို ဖြစ်စေသည့် ရှစ်ကွက်ကျား ဆယ်ကွက်ကျားစသော လောင်းကစားမှု ပြိုင်ဆိုင်မှုများကို ပြုလုပ်ကြ၏။ ပလ္လင် ကော်ဇောစသည့် ဇိမ်ခံ အိပ်ယာ နေရာများကို သုံးဆောင်ကြ၏။ ပန်းနံ့သာ လိမ်းကျံခြယ်သခြင်းစသည့် အပြေအပြစ်ပြုမှုများကို ပြုလုပ်ကြ၏။ မင်းရေး၊ စိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ ရပ်ရေး ရွာရေး အစရှိသော မဂ်ဖိုလ်နှင့် ဖီလာကန့်လန့် ဖြစ်သော စကားကို ပြောဆိုကြကုန်၏။ တရားဓမ္မနှင့်ပတ်သက်၍ ''မင်းမသိဘူး....၊ ငါသိတယ်''ဟု ငြင်းခုံ ပြောဆိုကြ၏။ အချို့ကလည်း ရာထူးဂုဏ်သိမ်ရှိသူတို့၏ အစေအခိုင်းကို ခံကြကုန်၏။ ရဟန်းဝေါတမကား ထိုကဲ့သို့သော အပြုအမူများမှ ရှောင်ကြဉ်၏။''ဤကဲ့သို့ချီးကျူးပြောဆိုခြင်းသည် အလယ်အလတ်ဖြစ်သော အကျင့်သီလ ''မဇ္ဈိမသီလ''ဖြင့် ချီးကျူး ပြောဆိုခြင်းသာ ဖြစ်၏။

မဟာသီလ

ရဟန်းတို့ ''အချို့သောရဟန်းပုဏ္ဏားတို့သည် လူတို့က သဒ္ဓါတရားဖြင့် လှူသောဆွမ်းကိုစားပြီး မဂ်ဖိုလ်နှင့် ဖီလာ ဖြစ်သည့် ဗေဒင်လက္ခဏာ ဆေးဝါး မန္တရား စသော အတတ်ပညာတို့ဖြင့် အသက်မွေးကြကုန်၏။ ပတ္တမြား၊ အဝတ်အထည်၊ လယ်ယာကျွဲနွားစသော ပစ္စည်းတို့၏ လက္ခဏာကို ဖတ်ကြား

www.dhammaransi.com



ခြင်းဖြင့် အသက်မွေးကြ၏။ မင်းတို့၏ စစ်ရေးစစ်ရာ၌ အခါပေးခြင်း၊ လကြတ် နေကြတ်၊ နက္ခတ်အပြောင်းအလဲတို့၏အကျိုးအပြစ်ကို ဟောကြားခြင်းဖြင့် အသက်မွေးကြ၏။ အစားအစာ ရှားပါးမည်၊ ဝပြောမည်ကို ကြို တင်ဟောကြားခြင်း၊ ရောဂါထူပြောမည်၊ ရောဂါနည်းမည်ကို ကြိုတင် ဟောကြားခြင်းဖြင့် အသက်မွေးကြ၏။ ဂဏန်းသင်္ချာ တွက်ချက်ခြင်း၊ ကဗျာ လင်္ကာ သီကုံးခြင်း၊ လက်ထပ်ထိမ်းမြားပေးခြင်း၊ ခတ်ရိုက်ခတ်ဆင်ပေးခြင်း စသော အတတ်ပညာဖြင့် အသက်မွေးကြ၏။ နတ်ကန္ဒား ပေးခြင်း၊ ယဇ်ပူ ဇော်ခြင်း၊ ဂြိုဟ်စာကျွေးခြင်း စသော အတတ်ပညာတို့ဖြင့်လည်း အသက် မွေးကြ၏။ ရဟန်း ဂေါတမကား ထိုကဲ့သို့ လွဲမှားသော အသက်မွေးမှုများမှ ရှောင်ကြဉ်၏။" ဤကဲ့သို့ ချီးကျူးပြောဆိုခြင်းသည် မြင့်မြတ်သော အကျင့် သီလ "မဟာသီလ" ဖြင့် ချီးကျူးပြောဆိုခြင်းဖြစ်၏။ ရဟန်းတို့၊ ထိုအကျင့် သီလ သုံးမျိုးသည် ပုထုဇဉ်တို့က ငါ့ဘုရားရှင်ဂုဏ်ကို ချီးကျူးပြောဆိုရာတွင် ချီးကျူးပြောဆိုနိုင်သည့်အနည်းငယ်သော ဂုဏ်ကျေးဇူးများသာ ဖြစ်ပေသည်။

## ရှေ့အဘိုကိုကြံဆသော အယူဝါဒ ၁၈ မျိုး

ရဟန်းတို့.... လမ်းမှန်သိမြင် ဘုရားရှင်တို့သည်ကား ထိုအကျင့်သီလ သုံး မျိုးမှတပါး ကိုယ်တိုင်သိမြင် မျက်မှောက်ပြု၍ ဟောကြားအပ်သော၊ နက်နဲလှ သဖြင့် မြင်နိုင်သိနိုင်ခဲသော၊ ငြိမ်းအေးမွန်မြတ်လှသော၊ ကြံဆ၍မသိနိုင်၊ သိမ် မွေ့သောပညာဖြင့်သာ ထိုးထွင်းသိမြင်နိုင်သော၊ အခြား တရားတို့ဖြင့်လည်း ဘုရားရှင်ဂုဏ်ကို ဟုတ်တိုင်းမှန်စွာ ချီးကျူး ပြောဆိုနိုင်ကြကုန်၏။

ရဟန်းတို့.... ရှေးအဘိုကို ကြံ ဆ စွဲ ယူ သော ရဟန်း ပုဏ္ဏား တို့သည် ရှေးအဘိုကိုအမှီပြု၍ များစွာသော မိစ္ဆာအယူပြစကားတို့ကို (၁၈)မျိုးသော အကြောင်းတို့ဖြင့် ဟောပြောကြကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် အဘယ်ကို အကြောင်းပြု၍ ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)မျိုးကို ဟောပြောကြကုန်သနည်း။

## သဿတဒိဋ္ဌိ ၄ မျိုး

ရဟန်းတို့.... မြဲ၏ဟု အယူရှိသော ရဟန်းပုဏ္ဏားတို့သည် အကြောင်း လေးမျိုးဖြင့် အတ္တကိုရင်း၊ လောကကိုရင်း မြဲ၏ဟူ၍ ပညတ်ကြကုန်၏။

ရဟန်းတို့.... မြဲ၏ဟု အယူရှိသည့် အချို့သော ရဟန်းပုဏ္ဏားတို့သည် မမေ့မလျော့ ပြင်းထန်စွာ အဖန်တလဲလဲ အားထုတ်မှုကို အကြောင်းပြု၍

www.dhammaransi.com



ညစ်ကြေးမတင် ဖြူစင်သောစိတ် ရှိလတ်သော် တဘဝမှစ၍ ဘဝရာထောင်ပေါင်းများစွာတိုင်အောင် မိမိဖြစ်ခဲ့ဘူးသော ရှေးဘဝတို့ကို ပြန်လည် နှလုံးသွင်းကြည့်သောအခါ "ငါသည် ဤမည်သော ဘဝ၌ ဤသို့ အမည် ရှိခဲ့၏။ ဤသို့ အနွယ်ရှိခဲ့၏။ ဤသို့ အဆင်း ရှိခဲ့၏။ ဤသို့သော အစားအသောက်ကို စားသောက်ခဲ့၏။ ဤသို့ ချမ်းသာဆင်းရဲကို ကြုံတွေ့ခံစားခဲ့ရ၏။ ဤမျှ အသက်အပိုင်းအခြားရှိခဲ့၏။ ထိုဘဝမှ သေလွန်သော် နောက်ဘဝသို့ ပြောင်းခဲ့သည်။ ထိုနောက်ဘဝ၌လည်း ဤသို့သော အမျိုးအနွယ် ရှိခဲ့၏" စသည်ဖြင့် ရှေးဘဝတို့ကို ပြန်လည်အောက်မေ့နိုင်၏။ ဤသို့ဖြင့် ထိုသူတို့သည် "အတ္တသည်၎င်း၊ လောကသည်၎င်း မြဲ၏။ တောင်ထွတ်တံခါးတိုင်များကဲ့သို့ ခိုင်မြဲစွာတည်၏"ဟု ပညတ်ကြကုန်၏။ (၁)

ရဟန်းတို့.... အချို့သော ရဟန်းပုဏ္ဏားတို့သည် အထက်ပါအတိုင်း ကြိုးစားအားထုတ်ကြသဖြင့် သံဝဋ္ဋကပ် တကပ်မှ ဆယ်ကပ်အထိ ပြန်လည်အောက် မေ့ နိုင် ၍ မြဲ၏ ဟူသော အယူ (သဿတဝါဒ)ကို ပညတ်ကြကုန်၏။ (၂)

ရဟန်းတို့.... အချို့သော ရဟန်း ပုဏ္ဏားတို့သည် အထက်ပါအတိုင်း ကြိုးစားအားထုတ်သဖြင့် သံဝဋ္ဋကပ် ဆယ်ကပ်မှ ကပ်ပေါင်းလေးဆယ် အထိ ပြန်လည်အောက်မေ့နိုင်၍ သဿတဝါဒကို ပညတ်ကြကုန်၏။ (၃)

ရဟန်းတို့.... အချို့သောရဟန်းပုဏ္ဏားတို့သည်ကား မည်သို့မျှ ကြိုးစားအားထုတ်ခြင်းမပြုဘဲ ထင်မြင်ကြံဆချက်ဖြင့်သာ သဿတဝါဒကို ပညတ်ကြကုန်၏။ (၄)

ရဟန်းတို့ ... သဿတဝါဒကို ပညတ်နိုင်ခြင်း၏ အကြောင်းတို့သည် ဤလေးမျိုးသာ ရှိ၏။ ထို့ထက် ပို၍ မရှိပေ။

ရဟန်းတို့.... လမ်းမှန်သိမြင်တရားရှင်သည် ဤသို့မှားယွင်းစွာ သုံးသပ်စွဲယူလျှင် ဤသို့ပင် လားရာ လဲလျောင်းရာ ရှိကြောင်း သိမြင်၏။ ထို့ထက် လွန်မြတ်သော တရားတို့ကိုလည်း သိမြင်၏။ ယင်းသို့ သိမြင်သော်လည်း မှားယွင်းစွာ မသုံးသပ်သောကြောင့် ကိုယ်တိုင် ငြိမ်းအေးမှုကို သိမြင်ခဲ့ပြီ။ ခံစားမှုတို့၏ ဖြစ်ကြောင်း ချုပ်ကြောင်းကို၎င်း၊ သာယာဖွယ်ကို၎င်း၊ အပြစ်ကို၎င်း၊ ထွက်မြောက်ကြောင်းကို၎င်း ဟုတ်မှန်စွာသိသဖြင့် စွဲလန်းမှုကင်းလျက်

www.dhammaransi.com



လွှတ်မြောက်မှုကို ရခဲ့လေပြီ။ ရဟန်းတို့.... လမ်းမှန် သိမြင် ဘုရားရှင်သည် ဤသို့ သိမ်မွေ့နက်နဲခက်ခဲသော တရားတို့ကို သိမြင်ခြင်းဂုဏ်ဖြင့်လည်း ဘုရားရှင်၏ဂုဏ်ကို ချီးကျူးပြောဆိုနိုင်ပေ၏။

**ကေစ္စသဿတဝါဒ ၄ မျိုး**

ရဟန်းတို့.... "အချို့ မြဲ၏"ဟု အယူရှိသော ရဟန်းပုဏ္ဏားတို့သည် အကြောင်း လေးမျိုးဖြင့် "အချို့သော အတ္တသည် ၎င်း၊ လောကသည်၎င်း မြဲ၏"ဟု ပညတ်ကြကုန်၏။

ရဟန်းတို့.... ဤကမ္ဘာကြီးသည် ကာလကြာသော် ပျက်စီး၍ သတ္တဝါများစွာတို့သည် အာဘဿရမည်သောဗြဟ္မာ့ဘုံ၌ ဖြစ်ကြကုန်၏။ ထို့နောက် တဖန် ကာလကြာပြန်သော် ဤကမ္ဘာကြီး ပြန်၍ ဖြစ်ပေါ်လာ၏။ ထိုအခါ ကောင်းမှုရှိန်ဟုန်ကုန်သော အာဘဿရဘုံသားတယောက်သည် ထိုဘုံမှစုတေကာ ဤကမ္ဘာ၌ ဖြစ်ပေါ်လာ၏။ ထိုပုဂ္ဂိုလ်သည် တယောက်တည်း နေရသည်ကို ငြီးငွေ့သဖြင့် အဖော်ကို တောင့်တနေခိုက် အခြားသတ္တဝါတို့သည် ဤကမ္ဘာသို့ ရောက်လာကြ၏။ ပထမဆုံးရောက်လာသောသတ္တဝါသည် မိမိက ဖန်ဆင်းလိုက်၍ အခြားသတ္တဝါများ ဖြစ်ပေါ်လာသည်ဟု မှတ်ထင်၏။ ထိုသတ္တဝါတို့ကလည်း မိမိတို့ကို ပထမသတ္တဝါက ဖန်ဆင်းသည်ဟုပင် မှတ်ထင်ကြ၏။ ပထမသတ္တဝါသည် အသက်ရှည်၏။ အဆင်းလှ၏။ တန်ခိုးကြီး၏။ နောက်ရောက်သတ္တဝါတို့ကား အသက်တို၏။ အဆင်းမလှ။ တန်ခိုးနည်း၏။ ထို့ကြောင့် ယင်းသို့မှတ်ထင်ကြခြင်းဖြစ်၏။ ထိုသူတို့သည် "ဖန်ဆင်းရှင် ဖခင်ကြီးသည် မြဲ၏။ ငါတို့ကား မမြဲ"ဟု ပညတ်ကြကုန်၏။ ဤကား ပထမကေစ္စသဿတဝါဒဖြစ်၏။

ရဟန်းတို့...."အချို့ မြဲ၏"ဟု ပညတ်ခြင်း၏ ဒုတိယ အကြောင်းကား အပျော်ကြူးတတ်သော နတ်တမျိုး ၎င်း။ ထိုနတ်တို့သည် အပျော်လွန်၍ သေဆုံးကာ ဤလူ့ဘုံသို့ ရောက်လာကြ၏။ ထိုသူတို့သည် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုပြီး တရားအားထုတ်ကြရာ သမာဓိတည်ငြိမ်မှုကိုရ၍ မိမိတို့၏အတိတ်ကို ပြန်လည်အောက်မေ့နိုင်ကြ၏။ ထိုအခါ သူတို့သည် "အပျော်မကြူးသော ဗြဟ္မာတို့သည် မြဲကုန်၏။ အပျော်ကြူးသော ငါတို့ကား မမြဲသဖြင့် သေခဲ့ကြရကုန်၏"ဟု မှတ်ထင်လျက် "အချို့ မမြဲ"ဟု ပညတ်ကြကုန်၏။ ဤကား ဒုတိယသဿတဝါဒဖြစ်၏။

www.dhammaransi.com



ရဟန်းတို့.... "အချို့ မြဲ၏"ဟု ပညတ်ခြင်း၏တတိယအကြောင်းကား ဒေါသကြီး၍ သေသော နတ်တမျိုးသည် ရှိ၏။ ထိုနတ်တို့သည် သေလွန်၍ လူဖြစ်လာကြပြီး တရား အားထုတ်သဖြင့် မိမိတို့၏ အတိတ်ဘဝကို ပြန်လည် အောက်မေ့နိုင်ကြကုန်၏။ ထိုအခါ သူတို့သည် "ဒေါသမကြီးသော ဗြဟ္မာတို့သည် မြဲကုန်၏။ ဒေါသကြီးသော ငါတို့ကား မမြဲ" ဟု ပညတ်ကြကုန်၏။ ဤကား တတိယသဿတဝါဒ ဖြစ်၏။

ရဟန်းတို့ ... "အချို့ မြဲ၏"ဟု ပညတ်ခြင်း၏ စတုတ္ထ အကြောင်းကား အချို့သော ရဟန်းပုဏ္ဏားတို့သည် ထင်ရာမြင်ရာကြံဆချက်ဖြင့် "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ရုပ်ဣန္ဒြေတို့သည် မမြဲ၊ မနဟုရင်း၊ စိတ္တဟုရင်း၊ ဝိညာဏဟုရင်း ခေါ်သော နာမ်ဣန္ဒြေကား မြဲ၏"ဟုပညတ်ကြကုန်၏။ ဤကား စတုတ္ထသဿတဝါဒ ဖြစ်၏။

## အန္တာနန္တဝါဒ ၄ မျိုး

ရဟန်းတို့.... အချို့သော ရဟန်းပုဏ္ဏားတို့သည် မမေ့မလျော့ အားထုတ်သဖြင့် မတုန်မလှုပ် ခိုင်မြဲသောစိတ်ရှိသောအခါ "ဤကမ္ဘာလောကကြီးသည် အဆုံးရှိသည်။ လုံးဝန်းသောသဏ္ဌာန်ရှိသည်"ဟု ပညတ်ကြကုန်၏။

အချို့သော ရဟန်း ပုဏ္ဏားတို့ကား တည်ကြည်သော သမာဓိစိတ်၏ အစွမ်းဖြင့်ပင် "ဤကမ္ဘာလောကကြီးသည် အဆုံးမရှိ"ဟု ပညတ်ကြကုန်၏။

အချို့သောရဟန်းပုဏ္ဏားတို့ကား "ဤကမ္ဘာလောကကြီးသည် အထက်နှင့်အောက် အဆုံးရှိ၍ ဖီလာအားဖြင့် အဆုံးမရှိ"ဟု ပညတ်ကြကုန်၏။

အချို့သော ရဟန်းပုဏ္ဏားတို့ကား "ဤကမ္ဘာလောကကြီးသည် အဆုံးရှိသည်ဟုလည်း မဆိုနိုင်၊ အဆုံးမရှိဟုလည်း မဆိုနိုင်"ဟူ၍ ပညတ်ကြကုန်၏။ ဤကား ကမ္ဘာလောကကြီး အဆုံးရှိမရှိဟူသော အန္တာနန္တဝါဒ ၄မျိုးတည်း။

## အမရာဝိက္ခေပဝါဒ ၄မျိုး

ရဟန်းတို့.... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားမသိသဖြင့် အခြားသူတို့ကမေးလျှင် လွဲမှားမည်စိုးသောကြောင့် ကုသိုလ်ဟုလည်းမဖြေ၊ အကုသိုလ်ဟုလည်းမဖြေ၊ မေးတိုင်း မေးတိုင်း "ဤသို့လည်းငါမဆို၊ ထိုသို့လည်းငါမဆို၊ အခြားတပါးဟုလည်းငါမဆို"ဤသို့

www.dhammaransi.com



စသည်ဖြင့် ဆုပ်ကိုင်၍ မရသည့် မရေမရာ စကားများကိုသာ ရှောင်လွှဲပြော ဆိုကြကုန်၏။

ယင်းသို့ ကုသိုလ် အကုသိုလ်ကို ခွဲခြားမသိသည့် အချို့သော ရဟန်း ပုဏ္ဏားတို့သည်ကား မသိဘဲလျက်နှင့်ဖြေလျှင် လိုချင်ကပ်ငြိမှု၊ ပြစ်မှားမှုများ နှင့်တကွ မှဲ့လမ်းမှုဖြစ်မည်ကိုစိုးသဖြင့် မေးသမျှကို တိတိကျကျမဖြေဘဲ လိမ်းလွှဲ ပြောဆိုကြ၏။

အချို့သော ရဟန်းပုဏ္ဏားတို့ကား ပညာရှိတို့က မေးမြန်းလျှင် ပြည့် စုံစွာ မဖြေနိုင်မည်စိုးသောကြောင့် မရေရာသော စကားများကို လိမ်းလွှဲပြော ဆိုကြ၏။

အချို့ကား ပထုထိုင်းတွေဝေ သူများဖြစ်၍ မည်သည့် ပြဿနာကိုမျှ တိကျပြတ်သားစွာ မဖြေဆိုနိုင်သောကြောင့် "ဒီလိုလဲမဟုတ်၊ ဟိုလိုလဲမဟုတ်" စသည်ဖြင့် လိမ်းလွှဲပြောဆိုကြ၏။

ဤသို့လျှင် ဆုပ်ကိုင်၍ မရအောင် မရေမရာ လိမ်းလွှဲ ပြောဆိုသော အမရာဝိက္ခေပဝါဒတို့သည် ၄မျိုးရှိကုန်၏။

အဓိစ္စသမုပ္ပန္နဝါဒ ၂ မျိုး

ရဟန်းတို့.... သိမှတ်ခြင်းသညာ ကင်းမဲ့သည့် သတ္တဝါ တမျိုးရှိ၏။ ထို သတ္တဝါကဦးသည် ထိုဘဝမှရွေ့လျော၍ လူ့ဘုံသို့ရောက်လာပြီး တရားအား ထုတ်သဖြင့် သမာဓိရင့်သန်၍ မိမိ၏အတိတ်ဘဝကို ပြန်စဉ်းစားသောအခါ သညာကင်းရာမှ သက်ဝင်လှုပ်ရှားမှု ဖြစ်ပေါ်လာပုံကို အောက်မေ့နိုင်၏။ ထိုပုဂ္ဂိုလ်သည် "ငါသည် ရှေးက မရှိခဲ့ဘဲ ယခုမှ ဖြစ်ပေါ်လာသည်" ဟု ထင် မှတ်ကာ "အတ္တသည်၎င်း၊ လောကသည်၎င်း အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ ၏" ဟု ပြောဆိုလေ၏။

ရဟန်းတို့.... အချို့သော ရဟန်းပုဏ္ဏားတို့သည်က မိမိတို့၏ ကြံဆ စိတ်ကူးမှုသက်သက်ဖြင့် "အတ္တသည်၎င်း၊ လောကသည်၎င်း အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ၏" ဟု ပြောဆိုကြကုန်၏။

ဤသို့လျှင် အကြောင်းမဲ့ ဖြစ်ပေါ်လာ၏ဟူသော အဓိစ္စသမုပ္ပန္နဝါဒ သည် ၂မျိုးရှိ၏။

ဤသို့လျှင် သဿတဝါဒ ၄မျိုး၊ ဧကစ္စသဿတဝါဒ ၄ မျိုး၊ အန္တာ နန္တဝါဒ ၄ မျိုး၊ အမရာဝိက္ခေပဝါဒ ၄ မျိုး၊ အဓိစ္စသမုပ္ပန္နဝါဒ ဝါဒ ၄မျိုး

www.dhammaransi.com



အားဖြင့် (၁၈)မျိုးသော ဝါဒတို့သည် ရှေးအဘို့ကို ကြံဆသော ပုဗ္ဗန္တကပ္ပိကဝါဒများ ဖြစ်ပေသည်။

## နောက်အဘို့ကို ကြံဆသောဝါဒ ၄၄ မျိုး

ရဟန်းတို့.... နောက်အဘို့ကို ကြံဆစွဲယူသော ရဟန်းတို့သည် နောက်အဘို့ကို အမှီပြု၍ များစွာသော မိစ္ဆာအယူပြစကားဘိုကို (၄၄ ပါးသော အကြောင်းတို့ဖြင့် ဟောပြောကြကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့သည် အဘယ်ကို အကြောင်းပြု၍ နောက်အဘို့ကိုကြံဆသော အပရန္တာနုဒိဋ္ဌိ (၄၄ မျိုးကို ဟောပြောကြကုန်သနည်း။

## သညီဝါဒ ၁၆ မျိုး

ရဟန်းတို့.... အချို့သော ရဟန်းပုဏ္ဏားတို့သည် (၁) အတ္တသည် ရုပ်ရှိ၏။ သေပြီးနောက်၌လည်း မပျက်မစီး တည်မြဲ၏ဟု ပြောဆိုကြကုန်၏။ ထို့အတူပင် အချို့ကလည်း (၂) အတ္တသည် ရုပ်မရှိ။ (၃) အတ္တသည်ရုပ်ရှိသည်လည်းဟုတ်၏၊ ရုပ်မရှိသည်လည်းဟုတ်၏။ (၄) အတ္တသည် ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်။ (၅) အတ္တသည် အဆုံးရှိ၏။ (၆) အတ္တသည် အဆုံးမရှိ။ (၇) အတ္တသည် အဆုံးရှိသည်လည်း ဟုတ်၏၊ အဆုံးမရှိသည်လည်း မဟုတ်။ (၈) အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်။ (၉) အတ္တသည် သညာ တခုသာရှိ၏။ (၁၀) အတ္တသည် သညာ အများရှိ၏။ (၁၁) အတ္တသည် သညာ သေးငယ်၏။ (၁၂) အတ္တသည် သညာကြီးမား၏။ (၁၃) အတ္တသည် စင်စစ်ချမ်းသာ၏။ (၁၄) အတ္တသည် စင်စစ်ဆင်းရဲ၏။ (၁၅) အတ္တသည် ချမ်းသာ ဆင်းရဲ ရောနေ၏။ (၁၆) အတ္တသည် ချမ်းသာလည်းမရှိ၊ ဆင်းရဲလည်းမရှိ။ သေပြီးနောက်၌လည်းမြဲ၏ဟု ပြောဆိုကြကုန်၏။ ဤသို့လျှင် "အတ္တသည် သညာရှိ၏" ဟု ပြောဆိုသော သညီဝါဒသည် (၁၆)မျိုးရှိ၏။

## အသညီဝါဒ ၈ မျိုး

ရဟန်းတို့.... အချို့သော ရဟန်း ပုဏ္ဏားတို့သည် (၁) အတ္တသည် ရုပ်ရှိ၏။ သေပြီးနောက်၌လည်း ပျက်စီး၏။ မတည်မြဲဟု ပြောဆိုကြကုန်၏။ အချို့ကလည်း (၂) အတ္တသည် ရုပ်မရှိ။ (၃) အတ္တသည် ရုပ်ရှိသည်လည်း ဟုတ်၏။ ရုပ်မရှိသည်လည်းဟုတ်၏။ (၄) အတ္တသည် ရုပ်ရှိသည်လည်းမဟုတ်

www.dhammaransi.com



ရုပ်မရှိသည်လည်းမဟုတ်။ (၅) အတ္တသည် အဆုံးရှိ၏။ (၆) အတ္တသည် အဆုံးမရှိ။ (၇) အတ္တသည် အဆုံးရှိသည်လည်း ဟုတ်၏၊ အဆုံးမရှိသည် လည်းဟုတ်၏။ (၈) အတ္တသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည် လည်းမဟုတ်၊ သေပြီးနောက်၌လည်း အမြဲမတည် ပျက်စီး၏ဟု ပြောဆိုကြ ကုန်၏။ ဤသို့လျှင် "အတ္တသည် သညာမရှိဟု" ပြောဆိုသော အသညီဝါဒ သည်(၈)မျိုးရှိ၏။

## နေဝသညီ နာသညီ ဝါဒ ၈ မျိုး

"အတ္တသည် သညာရှိသည်လည်းမဟုတ်၊သညာမရှိသည်လည်းမဟုတ်" ဟုပြောဆိုသော နေဝသညီ နာသညီ ဝါဒသည်လည်း အထက်ပါနည်းတူပင် (၈)မျိုးရှိ၏။

## ဉစ္ဆေဒဝါဒ ၇ မျိုး

ရဟန်းတို့.... အချို့သူတို့သည် အတ္တသည်ရုပ်ရှိ၏။ "မဟာဘုတ် အစု အဝေး ဖြစ်၏၊ မိဘတို့မှ ပေါက်ပွား၏၊ ခန္ဓာကိုယ် ပျက်စီးလျှင် ပြတ်စဲ၏။ သေပြီးနောက်၌ မရှိ"ဟု ပြောဆို၍ ထင်ရှားရှိသော သတ္တဝါသေလျှင် အတ္တ လုံးဝ ပြတ်စဲကြောင်းပညတ်ကြကုန်၏။ (၁)

အချို့ကမူ "ဤလူ့ဘုံမှ ခန္ဓာကိုယ် ပျက်စီးရုံမျှဖြင့် အတ္တသည်လုံးဝ မပြတ်စဲသေး။ ကာမာဝစရနတ်ဘုံ၌ ရုပ်ရှိ၍ အစာအစာကိုစားသုံးသော အတ္တရှိသေး၏။ ထိုကာမာဝစရနတ်ဘုံမှ ခန္ဓာကိုယ်ပျက်စီးမှသာ အတ္တသည် လုံးဝပြတ်စဲ၏"ဟု ပြောဆိုကြကုန်၏။ (၂)

အချို့ကမူ "ဤမျှဖြင့် အတ္တသည် မပြတ်စဲသေး၊ ဈာန်စိတ်ကြောင့် ရူပဗြဟ္မာဘုံ၌ဖြစ်သော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော အတ္တရှိသေး၏။ ထို ရူပဗြဟ္မာဘုံ၌ဖြစ်သော ခန္ဓာကိုယ် ပျက်စီးမှသာ အတ္တသည် ပြတ်စဲ၏" ဟုပြောဆိုကြကုန်၏။ (၃)

အချို့ကလည်း "ဤမျှဖြင့် အတ္တသည် မပြတ်စဲသေး၊ ရူပဈာန်နှင့် ယှဉ်သော သညာ၊ ဒွာရအာရုံ တိုက်ဆိုင်မှုကြောင့်ဖြစ်သော သညာနှင့်တကွ သညာအားလုံးကို ကျော်လွန်၍ အာကာသသည် အဆုံးမရှိဟု မှတ်သားသော အာကာသာနဉ္စာယတန ကာယပျက်စီးမှသာ အတ္တသည် ပြတ်စဲ၏"ဟု ပြော ဆိုကြကုန်၏။ (၄)

www.dhammaransi.com



အချို့ကလည်း "ထို့ထက်လွန်၍ ဝိညာဉ်ကို အဆုံးမရှိဟု မှတ်သားသော ဝိညာနဉ္စာယတန ကာယပျက်စီးမှသာ အတ္တသည် ပြတ်စဲ၏"ဟု ပြောဆိုကြကုန်၏။ (၅)

အချို့ကလည်း "ဝိညာဉ်၏ လုံးဝမရှိခြင်းကို မှတ်သားသော အာကိဉ္စညာယတန ကာယပျက်စီးမှသာ အတ္တသည် ပြတ်စဲ၏"ဟု ပြောဆိုကြကုန်၏။ (၇)

အချို့ကမူ "အလွန်သိမ်မွေ့သဖြင့် သညာရှိသည်ဟုလည်းမဆိုနိုင် မရှိတော့ဟုလည်း မဆိုနိုင်သော နေဝသညာ နာသညာယတနကာယ ပျက်စီးမှသာ အတ္တသည် လုံးဝပြတ်စဲ"ဟု ပြောဆိုကြကုန်၏။ (၇)

ဤသို့လျှင် အတ္တလုံးဝပြတ်စဲခြင်းကို ပြောဆိုသော ဥစ္ဆေဒဝါဒသည် (၇)မျိုးရှိ၏။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုး

ရဟန်းတို့.... အချို့သောရဟန်းပုဏ္ဏားတို့သည် "ဤအတ္တသည် ကာမဂုဏ် ငါးပါးဖြင့် ပြည့်စုံစွာခံစား၍ နေရသော် မှန်မြတ်သော မျက်မှောက် ငြိမ်းအေးမှုသို့ ရောက်၏"ဟု ဆို၍ မျက်မှောက် ဘဝ၌ပင် ငြိမ်းအေးခြင်း "နိဗ္ဗာန်"ကို ပညတ်ကြကုန်၏။ (၁)

အချို့သော ရဟန်းပုဏ္ဏားတို့ကား "ကာမဂုဏ်ချမ်းသာသည် ဖောက်ပြန်ပျက်စီးတတ်သဖြင့် ကိုယ်စိတ် ဆင်းရဲခြင်းနှင့် မကင်း၊ ထို့ကြောင့် ကာမချမ်းသာကို ခံစားရကာမျှဖြင့် အတ္တသည် ငြိမ်းအေးမှုသို့ရောက်သည်ဟု မဆိုနိုင်။ ကာမဂုဏ်ကိလေသာတို့ ဆိတ်သုဉ်းသော ပထမစျာန်ချမ်းသာကို ခံစားရမှသာ အတ္တသည် ငြိမ်းအေးမှုသို့ရောက်သည်"ဟု ဆိုကြ၏။ (၂)

အချို့ကလည်း "ပထမစျာန်သည် ဝိတက်ဝိစာရ ရှိနေသောကြောင့် ကြမ်းတမ်း၏။ ဝိတက် ဝိစာရ ချုပ်ငြိမ်း၍ ပီတိသုခနှင့် ပြည့်စုံသော ဒုတိယစျာန်သို့ ရောက်မှသာ အတ္တသည် ငြိမ်းအေးမှုသို့ ရောက်၏"ဟု ဆိုကြသည်။ (၃)

အချို့ကမူ "ဒုတိယစျာန်သည်လည်း ပီတိကြောင့် ဖြစ်သော စိတ်တက်ကြွမှုရှိသောကြောင့် ကြမ်းတမ်းသေး၏။ လျစ်လျူရှုကာ သတိနှင့်ပြည့်စုံလျက် သုခကို ကိုယ်ဖြင့် ခံစား၍ နေရသော တတိယစျာန်သို့ ရောက်မှသာ အတ္တသည် ငြိမ်းအေးမှုသို့ရောက်၏"ဟု ဆိုကြသည်။ (၄)

www.dhammaransi.com


အချို့ကလည်း "တတိယစျာန်သည် သုခ ရှိနေသဖြင့် ကြမ်းတမ်းသေး၏။ သုခ ဒုက္ခ နှစ်ပါးလုံးကိုစွန့်၍ ဝမ်းသာမှု ဝမ်းနည်းမှုများလည်း မရှိတော့ဘဲ လျစ်လျူရှုမှုကြောင့်ဖြစ်သော သတိ၏စင်ကြယ်ခြင်းနှင့်ပြည့်စုံသော စတုတ္ထစျာန်သို့ ရောက်မှသာ အတ္တသည် ငြိမ်းအေးမှုသို့ ရောက်၏"ဟု ဆိုကြသည်။

ဤသို့လျှင် မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးခြင်း "နိဗ္ဗာန်" သို့ ရောက်နိုင်ခြင်းကို ပြောဆိုသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒသည် (၅)မျိုး ရှိ၏။

ထိုပြဲခဲ့ပြီးသော သညီဝါဒ ၁၆ မျိုး၊ အသညီဝါဒ ၈ မျိုး၊ နေဝသညီနာသညီဝါဒ ၈ မျိုး၊ ဥစ္ဆေဒဝါဒ ၇ မျိုး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုး အားဖြင့် (၄၄)မျိုးသော အယူဝါဒတို့သည် နောက်အဘို့ကိုကြံဆစွဲယူသော အပရန္တကပ္ပိကဝါဒများ ဖြစ်ကြ၏။

ဤလောက၌ အယူဝါဒအမျိုးမျိုးကို ပညတ်သော ရဟန်း ပုဏ္ဏားတို့သည် ရှေ့အဘို့ကို ကြံဆစွဲယူသော "ပုဗ္ဗန္တကပ္ပိက"ဝါဒ ၁၈ မျိုး၊ နောက်အဘို့ကို ကြံဆစွဲယူသော "အပရန္တကပ္ပိက"ဝါဒ ၄၄ မျိုးအားဖြင့် (၆၂)မျိုးသော အချင်းအရာအားဖြင့်သာလျှင် ထိုအယူဝါဒများကို ပညတ်ကြကုန်၏။ ထို့ထက်အလွန် မရှိချေ။

ရဟန်းတို့... လမ်းမှန်သိမြင် ဘုရားရှင်သည် ဤ(၆၂)ပါးသော အယူအစွဲတို့ကို မှားယွင်းစွာ စွဲယူသုံးသပ်လျှင် ဤသို့သော လားရာ လဲလျောင်းရာ ရှိကြောင်း သိမြင်တော်မူ၏။ ထို့ထက် လွန်မြတ်သော အမှန်တရားကိုလည်း သိမြင်တော်မူ၏။ ယင်းသို့ သိတော်မူ၍ မှားယွင်းစွာ မသုံးသပ်သောကြောင့် ကိုယ်တိုင်ငြိမ်းအေးမှုကို သိခဲ့ပြီ။ ဝေဒနာတို့၏ ဖြစ်ခြင်း ချုပ်ခြင်း စသည်ကို မှန်စွာသိ၍ စွဲလန်းခြင်း ကင်းလျက် လွတ်မြောက်မှုကို ရခဲ့လေပြီ။ ဤသို့ သိမ်မွေ့နက်နဲ သိမြင်နိုင်ခဲသော တရားကို ကိုယ်တိုင်သိမြင်ဟောကြားနိုင်သော ဂုဏ်ဖြင့်လည်း ဘုရားရှင်၏ဂုဏ်ကို ချီးကျူးဟောကြားနိုင်ပေ၏။

## ကြောင်းကျိုးအဆက်ဆက်

ဤ (၆၂)ပါးသော မိစ္ဆာအယူကို စွဲယူသော ရဟန်း ပုဏ္ဏား တို့သည် မိမိအယူ၌ နှစ်ခြိုက် ဝမ်းမြောက်သော ဝေဒနာကို ခံစားကုန်လျက် ထိုအယူတို့ကို ပညတ်ကြကုန်၏။ ဝေဒနာကို ခံစားခြင်းကြောင့် ကပ်ငြိမှု ပူးဝင်သော တောင့်တမှုဖြင့် တုန်လှုပ်ကြကုန်၏။ ဝေဒနာကို ခံစားခြင်းသည်လည်း အာယ

www.dhammaransi.com



တနင်္ခြောက်ပါးတို့နှင့် တွေ့ထိမှု ဖဿ ကြောင့်သာ ဖြစ်၏။ တွေ့ထိမှုဖဿ မရှိလျှင် ဝေဒနာ ခံစားခြင်း မရှိနိုင်ပေ။ ဤသို့လျှင် ထိုရဟန်းပုဏ္ဏားတို့အား ခံစားမှုကြောင့် တပ်မက်မှုဖြစ်၏။ တပ်မက်မှုကြောင့် စွဲလန်းမှုဖြစ်၏။ စွဲလန်းမှုကြောင့် ပြုလုပ်မှုဖြစ်၏။ ပြုလုပ်မှုကြောင့်ဘဝဖြစ်၏။ ဘဝကြောင့်ဇာတိဖြစ်၏။ ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေး မြည်တမ်းခြင်း၊ ကိုယ်စိတ် ပင်ပမ်းခြင်းတို့သည် ဖြစ်ကြကုန်၏။

အာယတနခြောက်ပါးနှင့် တွေ့ထိမှု ဖဿ တို့၏ ဖြစ်ကြောင်းချုပ်ကြောင်းစသည်ကို သိမြင်သော ရဟန်းသည် ဤမိစ္ဆာအယူ အားလုံးတို့ထက် လွန်မြတ်သော တရားကို သိမြင်သည်သာ ဖြစ်၏။

## ဒေသနာကွန်ယက်

ရဟန်းတို့.... ကျွမ်းကျင်သော တံငါသည်သည် ပိုက်ကွန်ဖြင့် ရေအိုင်ကို ဖြန့်အုပ်လိုက်သောအခါ ရေအိုင် အတွင်းရှိ ရေသတ္တဝါတို့သည် ထိုပိုက်ကွန် အတွင်း၌ ဖမ်းမိကြကုန်သကဲ့သို့၊ ထို့အတူပင် မိစ္ဆာအယူ (၆၂ ပါးတို့သည် လည်း ဤဒေသနာကွန်ယက်အတွင်း၌ သက်ဝင်ကြကုန်၏။

ရဟန်းတို့.... မြတ်စွာဘုရား၏ကိုယ်ခန္ဓာသည် ဘဝတဏှာပြတ်ပြီး ဖြစ်လျက် တည်၏။ ထိုကိုယ်ခန္ဓာ တည်ရှိနေသည့် အချိန်ကာလအတွင်း၌သာလျှင် နတ်လူတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရလတံ့။ သက်တမ်း ကုန်ဆုံး၍ ထိုကိုယ်ခန္ဓာ ပျက်စီးသည့်နောက်၌ မြတ်စွာဘုရားကို ဖူးမြင်ရတော့မည် မဟုတ်။ ဥပမာအားဖြင့် သရက်ခိုင်သည် အညှာပြတ်ခဲ့သော် ထိုအညှာ၌တွယ်နေသော သရက်သီးအားလုံးတို့သည် ထိုအညှာနှင့်အတူ ပါသွားသကဲ့သို့ ဖြစ်၏။

ဤသို့ မြတ်စွာဘုရားက ဟောကြားသောအခါ ရှင်အာနန္ဒာက "အရှင်ဘုရား.... ဤ ဒေသနာတော်သည် အဘယ် အမည် ရှိပါသနည်း" ဟု မေးလျှောက်၏။ မြတ်စွာဘုရားက 'အာနန္ဒာ.... ဤဒေသနာတော်ကို မြတ်သော ကွန်ရက်(ဗြဟ္မဇာလ)ဟူ၍ မှတ်ယူလေလော" ဟု မိန့်ကြားတော်မူသည်။

ဤဒေသနာတော်ကို ရဟန်းတို့သည် ဝမ်းမြောက်နှစ်သက်စွာ နာယူမှတ်သားကြသည်။ ဒေသနာအဆုံးဝယ် တသောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်လေသည်။

www.dhammaransi.com

# ၂။ သာမညဖလသုတ်

ရဟန်းဘဝ၏ အကျိုးတရားများကို ဟောကြားခြင်း

**အဇာတသတ်မင်း ဗုဒ္ဓထံ ချဉ်းကပ်ခြင်း**

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် (၁၂၅၀)သော ရဟန်းတို့နှင့် အတူ ရာဇဂြိုဟ်ပြည် သမားတော်ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်း သုံးတော်မူ၏။ ထိုအခါ မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မိုးလေးလအဆုံး တန်ဆောင် မုန်း လပြည့်နေ့ ညဉ့်၌ မင်းအမတ်ပေါင်း ခြံရံကာ နန်းပြာသာဒ်၌ နေလျက် "အချင်းတို့ ညသည် သာယာလှပေ၏။ ကြည်နူးနှစ်သက်ဖွယ် ကောင်းလှ ပေ၏။ ဤကဲ့သို့ သာယာသော ညဝယ် အဘယ်သို့သော သူတော်သူမြတ်ကို ဆည်းကပ်လျှင် ငါ၏စိတ်သည် ကြည်လင်ပါအံ့နည်း" ဟူ၍ မြွက်ဆိုလေ၏။

ထိုအခါ ပူရဏကဿပ၏တပည့်ဖြစ်သော အမတ်တယောက်က အဇာ တသတ်မင်းအား ပူရဏကဿပထံသို့ ချဉ်းကပ်ရန်လျှောက်တင်၏။ ထို့အတူ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယပေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တ တို့၏ တပည့်ဖြစ်သော အမတ်တို့ကလည်း မိမိတို့ ဆရာများထံ ချဉ်းကပ်ရန် အသီးသီး လျှောက်တင်ကြ၏။ ဇီဝက အမတ်ကား တစုံတရာ လျှောက်တင်ခြင်းမပြုဘဲ ဆိတ်ဆိတ်သာ နေလေ၏။

အဇာတသတ်မင်းသည် မိမိတို့ဆရာများကို အသီးသီးချီးကျူးလျှောက် တင်ကြသော အမတ်တို့အား မည်သို့မျှပြန်လည်မိန့်ကြားခြင်းမပြုဘဲ ဆိတ်ဆိတ် နေသော ဇီဝကကိုသာ "အချင်းဇီဝက....သင်သည် အဘယ့်ကြောင့် ဆိတ်ဆိတ် နေဘိသနည်း၊ သင့်အားကိုးကွယ်ဆည်းကပ်သော ဆရာသမားတစုံတယောက်မျှ မရှိလေသလော" ဟု မိန့်ကြားလေသည်။ ယင်းသို့မိန့်ကြားလေသော် ဇီဝက သည် နေရာမှထ၍ ဗုဒ္ဓမြတ်စွာရှိရာအရပ်သို့ လက်အုပ်ချီကာ အဇာတသတ် မင်းအား ဤသို့လျှောက်တင်လေသည်။

www.dhammaransi.com



"အရှင်မင်းမြတ်.... ပူဇော်အထူးကိုခံထိုက်၍ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် (၁၂၅၀)သော ရဟန်းတို့နှင့်အတူ ကျွန်ုပ်၏သရက်ဥယျာဉ်၌ သီတင်းသုံးနေပါသည်။ အရှင်မင်းမြတ်သည် အရဟံ၊ သမ္မာသမ္ဗုဒ္ဓစသော ဂုဏ်တော်ကိုးပါးဖြင့် ထင်ရှားကျော်ကြားသော ထိုဗုဒ္ဓရှင်တော်မြတ်ကို ချဉ်းကပ်ပါလော၊ ယင်းသို့ချဉ်းကပ်ပါက အရှင်မင်းမြတ်၏စိတ်သည် ကြည်လင်လာပါလိမ့်မည်"

အဇာတသတ်မင်းသည် ဇီဝက၏လျှောက်တင်ချက်ကို နှစ်သက်သဖြင့် "အချင်းဇီဝက.... သို့ဖြစ်လျှင် သင့်၏ဆရာ ဗုဒ္ဓထံသို့ ယခုပင် သွားကြကုန်အံ့၊ ဆင်ယာဉ်တို့ကိုပြင်စေလော"ဟု မိန့်ကြား၏။ ဇီဝကသည် ဘုရင်မင်းမြတ်၏ စီးတော်ယာဉ်ကို ဆောလျင်စွာ ပြင်ဆင်စေပြီး မောင်းမငါးရာတို့ကိုလည်း ဆင်မငါးရာတို့၌ စီးနင်းလိုက်ပါစေရန် စီမံဆောင်ရွက်လေသည်။ ဤသို့ဖြင့် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့ညဝယ် မီးရှူးမီးတိုင်များ ထွန်းလျက် တင့်တယ်သော မင်း၏ အကျက်သရေဖြင့် ရာဇဂြိုဟ်ပြည်မှ ထွက်၍ ဇီဝက၏ သရက်ဥယျာဉ်သို့ သွားလေ၏။

သရက်ဥယျာဉ်သို့ရောက်သော် ရဟန်းတထောင်ကျော် ရှိသည်ဆိုသော အရပ်၌ ဘာသံမျှမကြားဘဲ တိတ်ဆိတ်နေသည်ကို တွေ့ရသဖြင့် အဇာတသတ်မင်းသည် ထိတ်လန့်တုန်လှုပ်သွားလေ၏၊ ထို့ကြောင့် ဇီဝကအား "အချင်းဇီဝက.... သင်သည် ငါ့အား ဖြားယောင်းလှည့်ပတ်လေသလော၊ ရဟန်းပေါင်း (၁၂၅၀)တို့ သီတင်းသုံးရာ အရပ်၌ ချောင်းဆတ်သံ၊ ချောင်းဟန့်သံမျှကိုပင် မကြားရပါကလား"ဟူ၍ မိန့်ကြားလေသည်။ ထိုအခါ ဇီဝကက မိမိသည် မင်းကြီးအား လှည့်ပတ်ဖြားယောင်း၍ ခေါ်လာခြင်းမဟုတ်၊ (၁၂၅၀)သော ရဟန်းတို့နှင့် အတူ ဗုဒ္ဓရှင်တော်မြတ်သည် သရက်ဥယျာဉ် အတွင်း၌ အမှန်ပင် ရှိကြောင်း လျှောက်တင်၍ မင်းကြီးကို ဆင်ပေါ်မှ ဆင်းသက်စေပြီး ဗုဒ္ဓရှင်တော်မြတ်ထံ ခေါ်ဆောင်သွားလေသည်။

အဇာတသတ်မင်းသည် ဗုဒ္ဓရှင်တော်မြတ်နှင့်ရဟန်းများ သီတင်းသုံးရာ တန်ဆောင်းအဝင်သို့ ရောက်လျှင် "အချင်း ဇီဝက....သင်၏ဆရာ ဗုဒ္ဓရှင်တော်မြတ်သည် အဘယ်မှာနည်း"ဟု မေး၏။

"အရှင်မင်းမြတ်... အလယ်တိုင်ကိုမှီ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ထိုင်နေသော ဤပုဂ္ဂိုလ်သည် မြတ်စွာဘုရားပင် ဖြစ်ပါသည်"

www.dhammaransi.com


ဤသို့ ဇီဝက အမတ်က လျှောက်တင်သည့် အခါ အဇာတသတ်မင်းသည် ဗုဒ္ဓရှင်တော်မြတ် အနီးသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ရပ်ပြီးလျှင် ကြည်လင်သော ရေအိုင်ကြီးကဲ့သို့ ငြိမ်သက်လှသော ရဟန်းသံဃာအပေါင်းကို အဖန်ဖန်ကြည့်ရှုလျက် နှုတ်မှ ဤသို့ မြွက်ဆိုလေ၏။

"ငါ၏ သားငယ် ဥဒယဘဒ္ဒသည် ဤ ရဟန်းသံဃာ အပေါင်း ကဲ့သို့ ငြိမ်သက်ခြင်းနှင့်ပြည့်စုံပါမူ ကောင်းလေစွ"

"မင်းမြတ်.... သင်ကား မိမိချစ်မြတ်နိုးရာသို့ စိတ်ရောက်သွားလေပြီ"

"အရှင်ဘုရား.... တပည့်တော်သည် ဥဒယဘဒ္ဒမင်းသားလေးကို ချစ်ခင်မြတ်နိုး လှပါ၏။ ထို့ကြောင့် ပင် သားတော်လေးအား ဤရဟန်း သံဃာ အပေါင်း ကဲ့သို့ ငြိမ်သက်ခြင်းနှင့် ပြည့်စုံစေရန် တောင့်တမိခြင်း ဖြစ်ပါသည် ဘုရား"

## ပြဿနာမေးလျှောက်ခြင်း

ထို့နောက် အဇာတသတ်မင်းသည် ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းသံဃာ အပေါင်းအား လက်အုပ်ချီ၍ တခုသောနေရာ၌ ထိုင်နေပြီး ဗုဒ္ဓအား ဤသို့ လျှောက်ထားလေသည်။

"အရှင်ဘုရား.... ခွင့်ပြုတော်မူပါလျှင် တခုသော အကြောင်းအရာကို တပည့်တော် မေးလျှောက်လိုပါသည် ဘုရား"

"မင်းမြတ်.... သင် မေးလိုရာကို မေးလျှောက်ပါလော"

"အရှင်ဘုရား.... ဤလောက၌ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ခါးလှံလေး မြား အတတ် စသည့် အတတ်ပညာအမျိုးမျိုး ရှိပါသည်။ ထိုအတတ်ပညာအမျိုးမျိုးကို တတ်မြောက်ကျွမ်းကျင် တို့သည် မိမိတတ်ကျွမ်းသော အတတ်ပညာဖြင့် မိမိကိုယ်တိုင် ချမ်းသာပျော်ရွှင်အောင်လည်း ဖန်တီး ပြုလုပ်နိုင်ကြပါသည်။ မိမိ၏ ဆွေမျိုးသားချင်း အပေါင်းအသင်း မိတ်ဆွေများအားလည်း ထောက်ပံ့ ကူညီခြင်း ပြုနိုင်ကြပါသည်။ ရသေ့ရဟန်းတို့အားလည်း လှူဒါန်း ထောက်ပံ့ခြင်း ပြုနိုင်ကြပါသည်။ ဤသို့ အတတ်ပညာအမျိုးမျိုး၏ အကျိုးကျေးဇူးကို လက်တွေ့မျက်မြင်ခံစားရသကဲ့သို့၊ ထို့အတူပင် လက်တွေ့မျက်မြင် ခံစားရသော ရဟန်းဘဝ၏ အကျိုးကျေးဇူးကို ထင်ရှားပြသခြင်းငှာ စွမ်းနိုင်ပါသလော"

www.dhammaransi.com



' မင်းမြတ်.... သင်သည် ဤပြဿနာကို အခြားသော သမဏ ဗြာဟ္မဏ တို့အား မေးဘူးပါသလော"

"မေးဘူးပါသည် ဘုရား"

"ဝန်မလေးလျှင် ထိုသမဏ ဗြာဟ္မဏတို့၏အဖြေကို ငါ့အား ပြန်ကြား လျှောက်ထားပါလော"

## ပူရဏကဿပ၏ ဝါဒ

ထိုအခါ အဇာတသတ်မင်းက မိမိသည် တခါက ဂိုဏ်းအရာကြီးတပါး ဖြစ်သော ပူရဏ ကဿပ ထံသို့ ချဉ်းကပ်၍ ဤပြဿနာကို ပေးလျှောက်ခဲ့ရာ ပူရဏကဿပ က အောက်ပါအတိုင်း ဖြေကြား လိုက်ကြောင်း ပြန်ကြား လျှောက်တင်သည်။

"မင်းမြတ် .. သူတပါးကိုသတ်ဖြတ်ခြင်း၊ သူတပါးပစ္စည်းကိုခိုးယူခြင်း၊ လိမ်ညာ၍ပြောခြင်းစသည့် တစုံတခုသော မကောင်းမှုကို ပြုလုပ်သော်လည်း ပြုလုပ်သည်မမည်။ ဤမြေပြင်ရှိ သတ္တဝါတို့ကို ဓါးစက်ဖြင့် အသားပုံကြီး ဖြစ်သွားစေသော်လည်း ထိုအကြောင်းကြောင့် မကောင်းမှုမဖြစ်။ လှူဒါန်း ပူဇော်ခြင်း၊ သီလကို စောင့်ထိန်းခြင်း၊ အမှန်ကို ပြောဆိုခြင်းကြောင့်လည်း ကုသိုလ် မဖြစ်။ ထိုကုသိုလ် အကုသိုလ် တို့၏ အကျိုးတရားကို ခံစားရမည် မဟုတ်"

"အရှင်ဘုရား ... ဤသို့လျှင် ပူရဏကဿပသည် သရက်သီးကို မေးရာ တွင် ပိန္နဲသီးကို ဖြေကြားဘိသကဲ့သို့ ရဟန်း ပြုခြင်း၏ လက်ငင်း အကျိုးကို မေးရာတွင် မိမိ၏ အကိရိယဝါဒကိုသာ ဖြေကြားခဲ့ပါသည်"

## မက္ခလိဂေါသာလ၏ဝါဒ

အရှင်ဘုရား.... မက္ခလိဂေါသာလ အမည်ရှိသော ဂိုဏ်းဆရာကြီးကမူ တပည့်တော်အား ဤသို့ဖြေဆိုလိုက်ပါသည်၊

"မင်းမြတ် .. သတ္တဝါတို့၌ ညစ်ညူးရန် အကြောင်းလည်းမရှိ၊ စင်ကြယ် ရန် အကြောင်းလည်းမရှိ အကြောင်းမဲ့သာလျှင် ညစ်ညူးခြင်း၊ စင်ကြယ် ခြင်း များ ဖြစ်ကြကုန်၏။ မိမိကိုယ်တိုင်ပြုလုပ်မှု သူတပါးပြုလုပ်မှုများလည်း မရှိ၊ ယောကျ်ားတို့၏ အားအစွမ်း၊ ယောကျ်ားတို့၏ အားထုတ်မှုလည်းမရှိ။

www.dhammaransi.com



အားလုံးသော သက်ရှိ သက်မဲ့ သတ္တဝါ သင်္ခါရတို့သည် အားအစွမ်း ဝီရိယ ကင်းမဲ့ကြကုန်လျက်သာလျှင် ဆုံဆည်းသည့်အတိုင်း ထိုထိုဘဝတို့၌ဖြစ်ပေါ်၍ ချမ်းသာဆင်းရဲကို ခံစားကြရကုန်၏။"

"မင်းမြတ်.... ဤလောက၌ ပဓာနဖြစ်သော ယောနိဘဝတို့သည် တသန်း လေးသိန်း ခြောက်ထောင့် ခြောက်ရာ ရှိကုန်၏။ ကံတို့သည် ငါးရာ့ ငါးမျိုးရှိကုန်၏။ ကျင့်စဉ် ၆၂ ပါးရှိ၏။ ပုရိသဘူမိ ရှစ်ပါးရှိ၏။ အာဇီဝကနှင့် ပရိဗိုဇ်တို့ကား လေးထောင့် ကိုးရာစီ ရှိ၏။ နဂါးဘုံပေါင်း လေးထောင့် ကိုးရာ၊ ဣန္ဒြေပေါင်း နှစ်ထောင်၊ ငရဲပေါင်း သုံးထောင်၊ ရဇောဓာတ်ပေါင်း သုံးဆယ့်ခြောက်ခုရှိ၏။ သညီဂဗ္ဘ၊ အသညီဂဗ္ဘနှင့် နိဂဏ္ဌဂဗ္ဘတို့ကား (၇) ပါးစီ ရှိကုန်၏။"

ထို့မှတပါး နတ် (၇) မျိုး၊ လူ (၇) မျိုး၊ မြေဘုတ်ဘီလူး (၇) မျိုးရှိ၏။ အိပ်မက်ကြီး ခုနှစ်မျိုး၊ အိပ်မက်ငယ် ခုနစ်ရာ၊ ရှစ်သန်းလေးသိန်းသော မဟာကပ်များရှိ၏။ အကျင့်စာရိတ္တ ကောင်းမွန်သော သူတော်သူမြတ်ပင် ဖြစ်စေ၊ ညစ်ညမ်းယုတ်မာသော လူမိုက်ပင်ဖြစ်စေ မဟာကပ်ပေါင်း ရှစ်သန်းလေးသိန်းသာ ဤသံသရာ၌ စုန်ချီဆန်ချီ ကျင်လည်ပြေးသွားပြီး ဘဝကုန်ဆုံးကြကုန်၏။ ထိုသို့ဘဝကုန်ဆုံးရန်အတွက် အထူးကျင့်ကြံအားထုတ်ရန်မလို။ ကောင်းမှုကို ပြုသည်ဖြစ်စေ၊ မကောင်းမှုကို ပြုသည်ဖြစ်စေ၊ ထိုနှစ်မျိုးလုံးကို မပြုဘဲ နေသည်ဖြစ်စေ၊ ထိုကာလ အပိုင်းအခြား ကုန်ဆုံးလျှင် ဘဝကုန်ဆုံး၏။

"အရှင်ဘုရား.... ဤသို့လျှင် မက္ခလိ ဂေါသာလသည် ပဟာန်းပြုခြင်း၏ အကျိုးကိုမေးမြန်းရာတွင် ပြဿနာနှင့် မသက်ဆိုင်သော မိမိဝါဒကိုသာ ဖြေကြားလိုက်ပါသည်။"

## အဇိတကေသကမ္ဗလ၏ဝါဒ

"အရှင်ဘုရား.... အဇိတကေသကမ္ဗလ အမည်ရှိသော ... ကျော်းဆရာကြီး ကမူ ဤသို့ဖြေဆိုလိုက်ပါသည်။"

"မင်းမြတ် .. ပေးလှူခြင်းသည်မရှိ၊ ယဇ်ပူဇော်ခြ... မရှိ၊ ကောင်းမှု မကောင်းမှု တို့၏ အကျိုးတရားသည် မရှိ။ ဤလောကသည်၎င်း၊ တမလွန် လောကသည်၎င်း မရှိ၊ အမိအဘမရှိ၊ သေပြီး နောက်... ...ခြင်းသူမရှိ။ ဤ လောက၌၎င်း၊ တမလွန်လောက၌၎င်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍

www.dhammaransi.com



မျက်မှောက်ပြုကာ ဟောကြားနိုင်သော သမဏ ဗြာဟ္မဏ တို့သည် မရှိ။ ဤသတ္တဝါသည် မဟာဘုတ်လေးပါးတို့၏ အစုအဝေးသာဖြစ်၏။ သေသော အခါ မြေဓာတ်သည် မြေဓာတ်အစုသို့ဆိုက်ရောက်၏။ ရေဓာတ်သည် ရေဓာတ် အစုသို့ ဆိုက်ရောက်၏။ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်ရောက်၏။ လေ ဓာတ်သည် လေဓာတ်အစုသို့ ဆိုက်ရောက်၏။ မျက်စိ၊ နား၊ နှာ စသော ဣန္ဒြေ တို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏။ ညောင်စောင်းလျှင် ငါးခုမြောက် ဖြစ်သော လူတို့သည် သူသေကောင်ကို သင်္ချိုင်းသို့ ယူဆောင် သွားကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံး ရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်၏။ သေသည်ပြီးနောက်တွင် မရှိတော့"

"အရှင်ဘုရား....ဤသို့လျှင် အဇိတကေသကမ္ဗလသည် ရဟန်းပြုခြင်း၏ အကျိုးကို မေးမြန်းရာတွင် ပြဿနာနှင့် မဆိုင်သည့် ဥစ္ဆေဒဝါဒကိုသာ ဖြေ ကြားလိုက်ပါသည်။"

## ပကုဓကစ္စာယန၏ဝါဒ

"အရှင်ဘုရား.... ပကုဓကစ္စာယန အမည်ရှိသော ဂိုဏ်းဆရာကြီးကမူ ဤသို့ ဖြေကြားလိုက်ပါသည်။"

"မင်းမြတ်....မြေအစု၊ ရေအစု၊ မီးအစု၊ လေအစု၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ အသက်ဇီဝအားဖြင့် ခုနစ်ပါးသောအစုတို့သည် ပြုလုပ်ထားသည် မဟုတ်။ ပြုလုပ်ထားစေသည် မဟုတ်။ ဖန်ဆင်းထားသည်မဟုတ်၊ ဖန်ဆင်း ထားစေသည်မဟုတ်။ မြုံကုန်၏။ တောင်ထွတ်ကဲ့သို့တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏။ မတုန်လှုပ် မဖောက်ပြန်ကုန်။ အချင်းချင်း မညှင်းဆဲ မနှိပ်စက်ကုန်။ အချင်းချင်း ချမ်းသာရန် သော်၎င်း၊ ဆင်းရဲရန် သော်၎င်း မတတ်နိုင်ကုန်။ ထိုအစုတို့သည် သတ်သူ သတ်စေသူ၊ ကြားသူ ကြားစေသူ၊ သိသူ သိစေသူမရှိကုန်။ ထက်စွာသောလက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ တဦးတယောက်က တဦးတယောက်ကို သတ်သည်မမည်။ လက်နက်သည် ခုနစ်ပါးသောအစုတို့၏ ဟင်းလင်းပြင်သို့သာ ကျရောက်၏။"

ဤကား ပကုဓကစ္စာယန၏ အဖြေဖြစ်ပါသည်။

www.dhammaransi.com



## နိဂဏ္ဌနာဋပုတ္တ၏ဝါဒ

အရှင်ဘုရား....နိဂဏ္ဌနာဋပုတ္တ၏ အဖြေကား ဤသို့ဖြစ်ပါသည်။

''မင်းမြတ်....ဤလောက၌ နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏။ နိဂဏ္ဌသည် အလုံးစုံသော ရေအေးကို တားမြစ်၏။ အလုံးစုံသော မကောင်းမှုကို တားမြစ်၏။ အလုံးစုံသော မကောင်းမှုကိုတားမြစ်ခြင်းဖြင့် ပယ်ခွာပြီးဖြစ်၏။ လွတ်မြောက်ရာကို တွေ့ပြီးဖြစ်၏။ မင်းမြတ် ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော နိဂဏ္ဌသည် အထွတ်အထိပ်သို့ ရောက်သော စိတ်ရှိသူ၊ စောင့်စည်းသော စိတ်ရှိသူ၊ တည်ကြည်သော စိတ်ရှိသူဟု ဆိုအပ်၏။''

''အရှင်ဘုရား.... ဤကား နိဂဏ္ဌနာဋပုတ္တ၏ အဖြေဖြစ်ပါသည်။''

## သဉ္စယဗေလဋ္ဌပုတ္တ၏ ဝါဒ

''အရှင်ဘုရား...သဉ္စယဗေလဋ္ဌပုတ္တ အမည်ရှိသော ဂိုဏ်းဆရာကြီးကား ရဟန်းပြုခြင်း၏ အကျိုးကို မေးမြန်းသည့်အခါ မိမိသည် 'တပါးသောလောက ရှိ၏' ဟူ၍၎င်း၊ 'မရှိ' ဟူ၍၎င်း၊ 'ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်' ဟူ၍၎င်း ပယူကြောင်းကိုသာ လှီးလွှဲဖြေကြားလိုက်ပါသည်။''

## ဗုဒ္ဓဖြေကြားသည့် ရဟန်းပြုခြင်း၏ အကျိုး

''အရှင်ဘုရား.... ဤ ပြဿနာ ကိုပင် အရှင်ဘုရားအား ထပ်မံ မေးလျှောက်ပါသည်။ မျက်မှောက်ဘဝ၌ သိမြင်ခံစားနိုင်သော ရဟန်းပြုခြင်း၏ အကျိုးကို ပြသခြင်းငှာ တတ်ကောင်းပါသလော''

''မင်းမြတ်.... တတ်ကောင်းပေ၏။ သို့ရာတွင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးအံ့။ မင်းမြတ် သင့်၌ ရှေးဦးစွာ ထ၍ နောက်မှ အိပ်လေ့ ရှိသော သင်၏အမိန့်ကို နာခံလေ့ရှိသော၊ သင်၏ စိတ်ကြိုက်ကို ပြုလေ့ရှိ၍ ချစ်ဖွယ်သော စကားကို ကြံတတ်သော၊ သင်၏မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေလေ့ ရှိသော မင်းချင်းယောကျ်ားတယောက် ရှိရာ၏။

ထိုမင်းချင်းအား ဤသို့ အကြံ ဖြစ်ရာ၏၊ ''ကုသိုလ်ကောင်းမှုတို့၏ အကျိုးကား အံ့ဩဖွယ်ကောင်းပေစွ၊ အဇာတသတ်မင်းသည်၎င်း၊ ငါသည်၎င်း လူသားများပင် ဖြစ်ကြ၏။ သို့ရာတွင် အဇာတသတ်မင်းသည် ကာမဂုဏ်

www.dhammaransi.com



ငါးပါးဖြင့် ပြည့်ဝပျော်ရွှင်စွာ ခံစားနေရ၏။ ငါမူကား သူ့ထံတွင် ခစား နေရသော ကျေးကျွန် တဦး မျှသာ ဖြစ်၏။ ငါသည် ကုသိုလ်ကောင်းမှုကို ပြုပါမူ ထိုမင်းကဲ့သို့ ဖြစ်နိုင်ပေရာ၏။ ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုး သော သင်္ကန်းဖြင့် ရဟန်းပြုရမူ ကောင်းလေစွ"

ထိုမင်းချင်းသည် ယင်းသို့သောအကြံဖြင့် ရဟန်းဘောင်သို့ဝင်၍ ကိုယ် နှုတ် နှလုံး သုံးပါးကို စောင့်စည်းလျက် အေးချမ်း ဆိတ်ငြိမ်စွာ နေရာ၏။ ထိုအကြောင်းကိုလည်း အခြားသော မင်းချင်းတို့က သင်မင်းကြီးအား လာ ရောက် လျှောက်တင် ကြရာ၏။ ထိုအခါ သင်က 'ထို ရဟန်း ပြု နေ သော မင်းချင်းကို ငါ့ထံပြန်ခေါ်ခဲ့ကြလော၊ ရှေးကကဲ့သို့ပင် အမှုထမ်းစေလော"ဟု ဆိုသင့်ပါမည်လော"

"ဤသို့ မဆိုသင့်ပါဘုရား၊ စင်စစ်အားဖြင့် တပည့်တော်ကသာ ထိုသူ အား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း ပြုရပါမည်။ ပစ္စည်းလေးပါးဖြင့် လှူဒါန်း ထောက်ပံ့ရပါမည်ဘုရား"

"မင်းမြတ်.... သင် မည်သို့ ထင်သနည်း၊ ဤသို့ဖြစ်သော် မျက်မှောက် ထင်ထင် သိမြင်ခံစားအပ်သော ရဟန်းပြုခြင်း၏အကျိုးသည် ရှိသလော မရှိ သလော"

"ဤသို့ ဖြစ်သော် မျက်မှောက် ထင်ထင် သိမြင်အပ်သော ရဟန်း ပြုခြင်း၏ အကျိုးသည် ရှိပါသည်ဘုရား"

"မင်းမြတ် ... ဤသည်ကား မျက်မှောက် ဘဝ၌ပင် သိမြင်အပ်သော ရဟန်းပြုခြင်း၏ ပထမဦးဆုံး အကျိုးပေတည်း"

ထို့နောက် ဗုဒ္ဓသည် အဇာတသတ်မင်းကို အားကျ၍ ကုသိုလ်ကောင်းမှု ပြုလိုသဖြင့် ရဟန်း ပြုသွားသော လယ်သမား ဥပမာဖြင့်လည်း ရဟန်းဘဝ၏ အကျိုးတရားကို ဟောကြားတော်မူသည်။

## သာလွန်မွန်မြတ်သော အကျိုးများ

"အရှင်ဘုရား ... ထို့ထက် သာလွန်မွန်မြတ်သည့် ရဟန်းဘဝ၏ မျက် မှောက်အကျိုးများကိုလည်း ဟောကြားခြင်းငှာ တတ်ကောင်းပါသလော"

"မင်းမြတ် ... တတ်ကောင်းပေ၏။ ဤလောက၌ တရား အားလုံးကို ကောင်းစွာသိမြင်တော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၍ ကောင်းခြင်း သုံးဖြာနှင့် ပြည့်စုံသောတရားကို ဟောကြားတော်မူ၏။ ထိုတရားကို ကြားနာ

www.dhammaransi.com


ရ၍ ယုံကြည်မှုဖြစ်ပေါ်လာသောသူကြွယ်တဦးသည် လူ့ဘောင်၌ မြတ်သော အကျင့်ကို ပြည့်စုံအောင် ကျင့်ကြံအားထုတ်နိုင်မည်မဟုတ်ဟု စဉ်းစားမိသဖြင့် ပစ္စည်းဥစ္စာနှင့် ဆွေမျိုးများကိုစွန့်၍ ရဟန်းဘောင်သို့ ဝင်ရောက်၏။

ထိုရဟန်းသည် ကောင်းသော အကျင့်သီလ၊ စင်ကြယ်သော အသက်မွေးမှု၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်းတို့နှင့် ပြည့်စုံအောင် ကျင့်သုံး နေထိုင်၏။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း စသည့် မကောင်းသော ကိုယ်မှုနှုတ်မှုများမှ ရှောင်ကြဉ်၏။ အချို့သော ရဟန်း ပုဏ္ဏားဘို့ကဲ့သို့ မျိုးစေ့သစ်ပင်တို့ကို ဖျက်ဆီးခြင်း၊ ပစ္စည်းလေးပါးကိုသိုမှီး၍ သုံးဆောင်ခြင်း စသည့် ရဟန်းတို့နှင့် မလျော်သော အမှုများကို မပြုလုပ်၊ မဂ်ဖိုလ်နှင့် ဖီလာဖြစ်သည့် ဗေဒင်လက္ခဏာ ဆေးဝါး မန္တရားစသော အတတ်ပညာတို့ဖြင့် အသက်မွေးခြင်းများကိုလည်း မပြုလုပ်။ အဆင်း၊ အသံ စသည့် အာရုံခြောက်ပါးနှင့်တွေ့ကြုံသည့် အခါ မိန်းမ ယောကျ်ား စသော ပုံသဏ္ဌာန်၊ ဟန်အမူအရာတို့ကိုစွဲယူခြင်းမပြုဘဲ ဣန္ဒြေတို့ကို စောင့်စည်း၏။ သွားခြင်း လာခြင်း စသည်တို့၌ သတိ သမ္ပဇဉ် အမြဲယှဉ်၏။ မိမိ တကိုယ်စာ အတွက် မျှတရုံမျှ ဖြစ်သော ဆွမ်း သင်္ကန်းဖြင့် ရောင့်ရဲ၏။

ထိုရဟန်းသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ငြူစူခြင်း၊ ပြစ်မှားခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ခြင်း၊ နောင်တ တဖန် ပူပန်ခြင်း၊ ယုံမှားခြင်း ဟူသော အပိတ်အပင် "နီဝရဏ"တို့မှ ပိမိစိတ်ကို ကင်းစင်အောင် အားထုတ်၏။ ထိုတရားတို့မှ ကင်းစင်သော အခါ ကြံစည်ခြင်း၊ သုံးသပ် ဆင်ခြင်ခြင်း၊ နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းတို့နှင့် ပြည့်စုံသော ပဌမစျာန်သို့ ဆိုက်ရောက်၍ နေ၏။ ထိုရဟန်း၏ တကိုယ်လုံးတွင် ချမ်းသာခြင်း၊ နှစ်သိမ့်ခြင်း တို့ဖြင့် ပျံ့နှံ့ပြည့်လျှံနေ၏။

မင်းမြတ်.... ထိုရဟန်းသည် တဖန် ကြံစည်ခြင်း၊ သုံးသပ် ဆင်ခြင်ခြင်းများ မရှိတော့ဘဲ တည်ကြည်ခြင်း သမာဓိကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းတို့နှင့် ပြည့်စုံသော ဒုတိယစျာန်သို့ရင်း၊ နှစ်သိမ့်ခြင်းကင်းသွားပြီး ချမ်းသာခြင်းသက်သက်နှင့်သာ ပြည့်စုံသော တတိယစျာန်သို့ရင်း၊ ဆင်းရဲခြင်း ချမ်းသာခြင်း ဟူ၍မင် မရှိတော့ဘဲ လျစ်လျူရှုမှုကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းနှင့်ပြည့်စုံသော စတုတ္ထစျာန်သို့ရင်း တဆင့်ပြီးတဆင့် ဆိုက်ရောက်ပြန်၏။ ထိုရဟန်း၏တကိုယ်လုံးဝယ် သန့်ရှင်း ဖြူစင်သော စိတ်ဖြင့်သာ ပျံ့နှံ့ပြည့်လျှံ၍ နေ၏။

www.dhammaransi.com



မင်းမြတ်.... ဤသို့ အဆင့်ဆင့်သော ချမ်းသာများသို့ ဆိုက်ရောက်ခြင်းသည်လည်း သာလွန်မွန်မြတ်သော ရဟန်းဘဝ၏ အကျိုးများပင် ဖြစ်၏။

**ထူးခြားသော ဉာဏ်စဉ်အဆင့်ဆင့်ကို ရရှိခြင်း**

မင်းမြတ်... ထိုရဟန်းသည် ဖြူစင်နူးညံ့ တည်တံ့သော စိတ် ဖြစ်ပေါ်လာ၍ မိမိစိတ်ကို ဝိပဿနာဉာဏ်အမြင်အလို့ငှါ ရှေးရှုညွတ်စေသော အခါ "ငါ၏ကိုယ်သည် ရုပ်မျိုး။ မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏။ မိဘတို့မှ ပေါက်ဖွား၏။ ထမင်း မုံ့ ဘိုဖြင့် ကြီးပွား၏။ မမြဲခြင်း၊ ပွတ်သပ် ဆုတ်နယ် ပေးရခြင်း၊ ပြိုကွဲပျက်စီးခြင်း သဘော ရှိ၏။ ငါ၏ ဝိညာဉ်သည်လည်း ဤကိုယ်၌ မှီတွယ်ဆက်စပ်နေ၏" ဟူ၍ သိမြင်လာ၏။ ဥပမာအားဖြင့် မျက်စိ ကောင်းသူသည် အရည်အသွေး ကောင်းမွန်၍ ကြည်လင်သော ကျောက်မျက်ရတနာ၌ ချည်ကြိုးတချောင်းကိုတပ်ထားပြီး လက်ဝါးပြင်၌တင်၍ကြည့်သော် "ဤကား ကျောက်မျက်ရတနာတည်း၊ ဤကား ချည်ကြိုးတည်း" ဟူ၍ ခွဲခြား သိမြင်သကဲ့သို့ ဖြစ်၏။

မင်းမြတ်.... တဖန် ထိုရဟန်းသည် မိမိ၏တည်ကြည်သောစိတ်ကို စိတ်ဖြင့်ပြီးသော ကိုယ်ဝန္ဓာကိုဖန်ဆင်းခြင်း၊ မနောမယိဒ္ဓိဉာဏ် အလို့ငှါ ရှေးရှုညွတ်စေလေသော် ရုပ်နှင့်စိတ် နှစ်ပါးလုံးရှိပြီး အင်္ဂါကြီးငယ်နှင့်ပြည့်စုံသော အခြားကိုယ်တခုကို ဖန်ဆင်း၏။ ဥပမာ အားဖြင့် သန်လျက်အိမ်မှ သန်လျက်ကို ထုတ်ယူသကဲ့သို့ ဖြစ်၏။

မင်းမြတ်... တဖန် ထိုရဟန်းသည် မိမိ၏တည်ကြည်သောစိတ်ကို တန်ခိုးဖန်ဆင်းခြင်း "ဣဒ္ဓိဝိဓ" ဉာဏ်အလို့ငှါ ရှေးရှုညွတ်စေ၍ တယောက်တည်းမှ အများဖြစ်စေခြင်း၊ အများမှ တယောက်တည်း ဖြစ်စေခြင်း၊ ကိုယ်ကို ကွယ်စေခြင်း၊ ကိုယ်ကို ထင်စေခြင်း၊ မြေလျှိုး မိုးပျံခြင်း စသည့် အမျိုးမျိုးသော တန်ခိုးဖန်ဆင်းမှုတို့ကို ပြုလုပ်၏။ ဥပမာအားဖြင့် ကျွမ်းကျင်သောအိုးထိန်းသည်သည် ညက်စွာနယ်ထားသောမြေဖြင့် အလိုရှိရာ အိုးခွက်အမျိုးမျိုးကို ပြုလုပ်သကဲ့သို့ ဖြစ်၏။

မင်းမြတ်... တဖန် ထိုရဟန်းသည် မိမိ၏ တည်ကြည်သောစိတ်ကို နတ်တို့၏ နားကဲ့သို့ ကြားနိုင်သည့် "ဒိဗ္ဗသောတ" ဉာဏ်အလို့ငှါ ရှေးရှုညွတ်စေပြီး နီးဝေးမဟူ နတ်လူတို့၏ အသံများကို ကြားရ၏။ ဥပမာအားဖြင့် ခရီးရှည်

www.dhammaransi.com



သွားသောယောကျ်ားသည် မြို့ရွာအနီးသို့ရောက်၍ စည်သံ၊ ခရုသင်းသံစသည်တို့ကို ကြားလျှင် "ဤကား စည်သံတည်း၊ ဤကား ခရုသင်းသံတည်း" ဟူ၍ ခွဲခြားသိသကဲ့သို့ဖြစ်၏။

မင်းမြတ်.... ထိုရဟန်းသည် တဖန် မိမိ၏ တည်ကြည်သော စိတ်ကို သူတပါးတို့၏ စိတ်ကို ပိုင်းခြား၍သိနိုင်သည့် "စေတောပရိယ" ဉာဏ်အလို့ငှာ ရှေ့ရှုညွှတ်စေပြီး တပါးသောပုဂ္ဂိုလ်တို့၏စိတ်နေစိတ်ထားအမျိုးမျိုးကို ခွဲခြားသိမြင်၏။ ဥပမာအားဖြင့် အလှအပကို မက်မောသော မိန်းမပျိုသည် ကြည်လင်သော မှန်ပြင်၌ မိမိ၏မျက်နှာရိပ်ကိုကြည့်၍ မှည့်စသော အပြောက်အစွန်း ရှိမရှိကို သိမြင်သကဲ့သို့ဖြစ်၏။

မင်းမြတ်.... ထိုရဟန်းသည် တဖန် မိမိ၏တည်ကြည်သောစိတ်ကို ရှေး၌ ဖြစ်ခဲ့ဘူးသောဘဝများကို ပြန်၍အောက်မေ့သိမြင်နိုင်သော "ပုဗ္ဗေနိဝါသာနုဿတိ" ဉာဏ်အလို့ငှာ ရှေးရှုညွှတ်စေပြီး တဘဝမှ၍ ထောင်သောင်းမက များစွာသော ဘဝတို့ကို ပြန်ပြောင်း၍ အောက်မေ့ဆင်ခြင်သိမြင်၏။ ဥပမာအားဖြင့် မိမိနေထိုင်ရာရွာမှ တပါးသောရွာများသို့ လှည့်လည်ခဲ့ပြီး မိမိရွာသို့ ပြန်ရောက်လာသော ယောကျ်ားသည် "ငါသည် ဤမည်သော ရွာသို့ သွား၍ ဤသို့ နေထိုင် ပြောဆိုခဲ့၏၊ ထိုရွာမှတဖန် ဤမည်သောရွာသို့ ဆက်သွားပြီး ထိုရွာ၌လည်း ဤသို့နေထိုင်ပြောဆိုခဲ့၏။ ထိုရွာမှတဖန် ဤရွာသို့ပြန်လာခဲ့၏" ဟူ၍ ပြန်ပြောင်းဆင်ခြင်သိမြင်သကဲ့သို့ဖြစ်၏။

မင်းမြတ်.... ထိုရဟန်းသည် တဖန် မိမိ၏ တည်ကြည်သော စိတ်ကို သတ္တဝါတို့၏ သေခြင်း၊ တဖန် ဖြစ်ပေါ်ခြင်းကို သိမြင်သော စုတူပပါတ" ဉာဏ်အလို့ငှာ ရှေးရှုညွှတ်စေပြီး ထိုဉာဏ်ဖြင့် မကောင်းမှုပြုလုပ်၍ အပါယ်ငရဲသို့ ကျရောက်သော သတ္တဝါတို့ကိုငှင်း၊ ကောင်းမှုပြုလုပ်၍ ကောင်းသော သုဂတိဘုံသို့ ရောက်သော သတ္တဝါတို့ကိုငှင်း သိမြင်၏။ ဥပမာ အားဖြင့် လမ်းဆုံလမ်းမရှိ ပြာသာဒ်ပေါ်၌ရပ်နေသည့် မျက်စိကောင်းသောယောကျ်ားသည် ထိုလမ်းတလျှောက်၌ သွားလာလှုပ်ရှားနေသူမှန်သမျှကို သိမြင်သကဲ့သို့ ဖြစ်၏။

မင်းမြတ်.... တဖန် ထိုရဟန်းသည် မိမိ၏ တည်ကြည်သော စိတ်ကို အာသဝတို့ကို ကုန်စေသော "အာသဝက္ခယ" ဉာဏ်အလို့ငှာ ရှေးရှုညွှတ်စေပြီး ဆင်းရဲခြင်း "ဒုက္ခ"၊ ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း "သမုဒယ"၊ ဆင်းရဲ

www.dhammaransi.com



ချုပ်ရာ "နိရောဓ"နှင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့် "မဂ္ဂ"တို့ကို အမှန်အတိုင်း သိမြင်၏။ ဤသို့ သိမြင်သဖြင့် ထိုရဟန်း၏ စိတ်သည် ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ ဟူသော အာသဝ လေးပါးမှ လွတ်မြောက်၍ ယင်းသို့ လွတ်မြောက်ခြင်းကို သိသော ဉာဏ်သည်လည်း တဆက်တည်း ဖြစ်ပေါ်သည်။ ဥပမာအားဖြင့် ကြည်လင်သန့်ရှင်းသော ရေအိုင်၏ ကမ်းစပ်၌ ရပ်ကြည့်နေသည့် မျက်စိကောင်းသောယောကျ်ားသည် ထိုရေအိုင်အတွင်းရှိ ခရု၊ ယောက်သွား၊ ငါး၊ လိပ် စသည်တို့ကို မြင်ရသကဲ့သို့ဖြစ်၏။

မင်းမြတ် ... ဤ ဆိုအပ်ခဲ့ပြီးသော အသိဉာဏ်တို့ကို ရရှိခြင်းသည်လည်း ရဟန်းပြုခြင်း၏ မျက်မှောက်သိမြင်အပ်သော အကျိုးများပင် ဖြစ်၏။ အာသဝက္ခယဉာဏ်ကို ရရှိခြင်းထက်သာလွန်သောအကျိုးကား မရှိတော့ချေ။

## အဇာတသတ်မင်း အမြင်မှန်ရရှိခြင်း

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားတော်မူသောအခါ အဇာတသတ်မင်းသည် မုဒ္ဓအား ဤသို့လျှောက်တင်လေ၏။

"အရှင်ဘုရား.... အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။ မှောက်ထားသည့်အိုးကို လှန်ဘိသကဲ့သို့ရင်း၊ ဖုံးထားသည့် ပစ္စည်းကို ဖွင့်လိုက်ဘိသကဲ့သို့ရင်း၊ မျက်စိလည်နေသူအား လမ်းမှန်ကို ပြဘိသကဲ့သို့ရင်း၊ မှောင်မိုက်နေချိန်တွင် ဆီမီးကို ထွန်းညှိလိုက်ဘိသကဲ့သို့ရင်း၊ ထို့အတူပင် အရှင်ဘုရားသည် အမျိုးမျိုးသော နည်းပရိယာယ်တို့ဖြင့် အမှန်တရားကို ထင်ရှား ပြအပ်ပါပေသည်"

"အရှင်ဘုရား.... တပည့်တော်သည် မြတ်စွာဘုရားနှင့် တကွ တရား သံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ယနေ့မှစ၍ အသက်ထက်ဆုံး တပည့်တော်ကို ဥပါသကာဟူ၍ မှတ်ယူတော်မူပါ။ တပည့်တော်သည် မိုက်မဲတွေဝေသည့်အလျောက် ခမည်းတော်မင်းတရားကို ပင်းစည်းစိမ်ရလိုမှုဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါသည်။ ထိုအပြစ်ကို နောင်အခါစောင့်စည်းရန် အလို့ငှာ ခွင့်လွှတ်တော်မူပါ"

"မင်းမြတ်... မိမိ၏အပြစ်ကို အပြစ်ဟုမြင်၍ ထိုအပြစ်အား လျော်စွာ ကုစားခြင်းကို ငါဘုရား လက်ခံ၏။ ယင်းသို့ ကုစားခြင်းကား သူတော်သူမြတ်တို့၏ အဆုံးအမ၌ ကြီးပွားကြောင်း စင်စစ်ဖြစ်ပေသည်"

www.dhammaransi.com



ဤသို့ ဗုဒ္ဓမြတ်စွာက မိန့်ကြားလေသော် အဇာတသတ် မင်းသည် တရားတော်ကို နှစ်သက် ဝမ်းမြောက်စွာ ခံယူ၍ ဗုဒ္ဓအား ရှိခိုး ကန်တော့ပြီး နန်းတော်သို့ ပြန်သွားလေ၏။

အဇာတသတ်မင်း ထွက်ခွာသွားသောအခါ ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူသည်။

"ရဟန်းတို့... ဤမင်းသည် မိမိကိုယ် မိမိ ဖျက်ဆီးခဲ့၏။ အကယ်၍ ဤမင်းသည် ခမည်းတော် မင်းတရားကို မသတ်ခဲ့မိပါမူ ဤနေရာ၌ပင်လျှင် ကိလေသာမှ ကင်းစင်သော တရားမျက်လုံး ဖြစ်ပေါ်ပေရာ၏"

www.dhammaransi.com

# ၃။ အမ္ဗဋ္ဌသုတ်

အမ္ဗဋ္ဌလုလင်ကို အကြောင်းပြု၍ ဟောကြားသောတရား

**ပေါက္ခရသာတိပုဏ္ဏား သတင်းကြားခြင်း**

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်း ငါးရာနှင့် အတူ ကောသလ တိုင်း၌ ခရီးလှည့်ပတ်စဉ် ဣစ္ဆာနင်္ဂလမည်သော ပုဏ္ဏားရွာသို့ရောက်၍ ထိုရွာ အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်အခါ ပေါက္ခရ သာတိ မည်သော ပုဏ္ဏားသည် ကောသလမင်းကြီးက ဆုလာဘ်အဖြစ် အပိုင် စား ပေးထားသည် ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်နေ၏။ ဥက္ကဋ္ဌမြို့ကား ဆန်ရေစပါး ပေါများ၍ စည်ကားသော မြို့တမြို့ဖြစ်၏။

ပေါက္ခရသာတိပုဏ္ဏားသည် ဣစ္ဆာနင်္ဂလတောအုပ်၌ ဗုဒ္ဓမြတ်စွာသီတင်း သုံးနေကြောင်းနှင့် ထိုဗုဒ္ဓမြတ်စွာသည် အရဟံအစရှိသော ဂုဏ်ထူး ဝိသေသ များဖြင့် ထင်ရှားကျော်ကြား၍ ဖူးမြင်ထိုက်သော ရဟန္တာတဆူဖြစ်ကြောင်း ကြားသိလျှင် မိမိ၏ တပည့်တပါးဖြစ်သော အမ္ဗဋ္ဌလုလင်ကို ခေါ်၍ ဤသို့ ပြောဆို၏။

“အချင်း အမ္ဗဋ္ဌ... သာကီဝင် မင်းမျိုးမှ ရဟန်း ပြုသည့် ရဟန်း ဂေါတမသည် ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေကြောင်း ကြားသိရ၏။ ထိုရဟန်းဂေါတမသည် အရဟံအစရှိသော ဂုဏ်ထူးဝိသေသများဖြင့် ထင်ရှား ကျော်ကြားသည့် ပုဂ္ဂိုလ်တပါးဖြစ်၏။ သူ၏ထင်ရှားကျော်ကြားမှုများသည် မှန်ကန်မှု ရှိမရှိ သိရအောင် သင်သွား၍ စုံစမ်းချေလော”

“ဆရာ... ရဟန်းဂေါတမ၏ ကျော်ကြားမှုများသည် မှန်ကန်မှုရှိမရှိကို မည်ကဲ့သို့ စုံစမ်းရပါမည်နည်း”

“အချင်း အမ္ဗဋ္ဌ... ငါတို့၏ ဝေဒကျမ်းများ၌ ယောကျ်ားမြတ်တို့၏ လက္ခဏာ (၃၂)ပါး ပါရှိ၏။ ရဟန်းဂေါတမသည် ထိုလက္ခဏာ (၃၂)ပါး နှင့် ပြည့်စုံခြင်း ရှိ မရှိ ဝေဒကျမ်း များဖြင့် တိုက်ဆိုင်စုံစမ်းလေလော”

www.dhammaransi.com

## အမ္ဗဋ္ဌလုလင် ဗုဒ္ဓထံသွားခြင်း

အမ္ဗဋ္ဌ လုလင်သည် ပေါက္ခရသာတိပုဏ္ဏား၏စကားကို "ကောင်းပါပြီ" ဟု ဝန်ခံပြီး မြည်းကသော ရထားကိုစီးကာ များစွာသော လုလင်တို့နှင့်အတူ ဣစ္ဆာနင်္ဂလ တောအုပ်သို့ ထွက်ခဲ့လေ၏။ တောအုပ်သို့ရောက်လျှင် လွင်ပြင်၌ စင်္ကြံနှင်လျှောက်နေသော ရဟန်းများကို တွေ့မြင်၍ "အရှင်ဂေါတမ ဘယ်မှာ သီတင်း သုံးနေပါသနည်း" ဟု မေးလေသည်။ ရဟန်းတို့က လက်ညှိုးညွှန်၍ "အချင်း လုလင်... ဤကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုတ်ဦး သို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန်ပြီးလျှင် တံခါးကိုခေါက်လော့၊ မြတ်စွာ ဘုရားသည် သင့်အား တံခါးဖွင့်ပေးပါလိမ့်မည်"ဟု ပြောကြားကြသည်။ အမ္ဗဋ္ဌ လုလင်သည် ရဟန်းတို့ ပြောဆိုညွှန်ကြားသည့်အတိုင်း သွား၍ တံခါးကို ခေါက်ရာ မြတ်စွာဘုရားက တံခါးဖွင့်ပေးတော်မူသည်။ အမ္ဗဋ္ဌနှင့် နောက်လိုက် လုလင်တို့သည် ကျောင်းတွင်းသို့ ဝင်၍ မြတ်စွာဘုရားနှင့် မေးမြန်းဖွယ် စကားများကို ပြောဆိုကြသည်။ ယင်းသို့ပြောဆိုရာတွင် နောက်လိုက်လုလင် များက ထိုင်၍ ပြောဆိုကြသော်လည်း အမ္ဗဋ္ဌကား လမ်းလျှောက်၍ ရင်း၊ မတ်တတ်ရပ်၍ရင်း ပြောဆိုသည်။ ထိုအခါ ဗုဒ္ဓက အမ္ဗဋ္ဌအား ဤသို့ မိန့်ကြား တော်မူသည်။

"အချင်း အမ္ဗဋ္ဌ.... သင်သည် ထိုင်နေသော ငါဘုရားအား လမ်း လျှောက်၍ရင်း၊ မတ်တတ်ရပ်၍ရင်း စကားပြောဆိုဘိ၏။ အသက်အရွယ်ကြီး သည့် သင့်ဆရာ ပုဏ္ဏားတို့နှင့် စကားပြောဆိုရာတွင်လည်း ဤသို့ပင် ပြောဆို ဘိသလော"

"ဆရာ ပုဏ္ဏားတို့နှင့် စကားပြောဆိုရာတွင်ကား ကျွန်ုပ်သည် ဤသို့ မပြောဆိုပါ၊ ရပ်နေသော ပုဏ္ဏားနှင့် ပြောလျှင် ရပ်လျက်ရင်း၊ ထိုင်နေသော ပုဏ္ဏားနှင့် ပြောလျှင် ထိုင်လျက်ရင်း ပြောဆိုပါသည်။ ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားသည့် ဇာတ်နိမ့်၍ ပည်းညစ်သော ဦးပြည်းရဟန်းတို့နှင့် စကား ပြောဆိုရာတွင်မူ အရှင်ဂေါတမနှင့် ပြောဆိုသကဲ့သို့ပင် ပြောဆိုပါသည်"

ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌအား ပိမိလာရင်းကိစ္စကိုသာ နှလုံးသွင်းရန် သတိပေးပြီး "အချင်းတို့.... အမ္ဗဋ္ဌသည် မလိမ္မာသေးဘဲလျက် မိမိ ကိုယ်ကို လိမ္မာပြီးဟု မှတ်ထင်နေ၏။ အမှန်စင်စစ် ဤသို့ ပြုမူပြောဆိုခြင်းမှာ မလိမ္မာ ခြင်းမှတပါး အခြားအကြောင်း မရှိချေ"ဟု မိန့်ပြွက်တော်မူသည်။

www.dhammaransi.com



## သာကီဝင်မင်းမျိုးကို ရှုတ်ချခြင်း

အမ္ဗဋ္ဌသည် မိမိအား ပလိမ္ဘာလေးသူဟူ၍ ပြောဆိုခြင်းခံရလျှင် အလွန် အမင်း စိတ်ဆိုးလျက် ဗုဒ္ဓအား ထိပါးပုတ်ခတ်သည့် စကားများကို ပြောဆို လေတော့သည်။

"အရှင် ဂေါတမ.... သာကီဝင်မင်းမျိုးတို့သည် ခက်ထန်ကြမ်းတမ်းသူ များ ဖြစ်ကြ၏။ စိတ်သဘောထားနှင့်ရှိ စကားပြောသူများ ဖြစ်ကြ၏။ ဇာတ် နိမ့်သူများ ဖြစ်ကြပါလျက် ဇာတ်မြင့်သော ပုဏ္ဏားတို့ကို ရိုသေလေးစားခြင်း မရှိကြပါ။ ဤသို့ ပုဏ္ဏားတို့ကို ရိုသေ လေးစားမှု မပြုခြင်းသည် မသင့် လျော်ပါ"

"အမ္ဗဋ္ဌ.... သာကီဝင်မင်းမျိုးတို့သည် သင့်အား မည်သို့ပြစ်မှားခဲ့ကြဘူး ပါသနည်း"

"အရှင် ဂေါတမ .... ကျွန်ုပ်သည် ပဓါက ဆရာပေါက္ခရသာတိပုဏ္ဏား ၏ ကိစ္စဖြင့် ကပိလဝတ်ပြည်သို့ သွားခဲ့ပါသည်။ သာကီဝင်ပင်းတို့၏ အစည်း အဝေးဆောင်သို့ ရောက်သည့် အခါ သာကီဝင် မင်းသားတို့သည် မြင့်သော နေရာ၌ ထိုင်ကုန်လျက် ခွက်ထိုးခွက်လန် ရယ်မောနေကြပါသည်။ မည်သူကမျှ လည်း ကျွန်ုပ်အား နေရာမပေးပါ။ ဤသို့ ပြုခြင်းသည် မသင့်လျော်ပါ"

"အမ္ဗဋ္ဌ.... ဘီလိုးငှက်မသည်ပင် မိမိ အသိုက်၌ အလိုရှိတိုင်း မြည်နိုင် သေး၏။ ကပိလဝတ်ပြည်ကား သာကီဝင် မင်းမျိုးတို့ ပိုင်သော ပြည် ဖြစ်ပေ ၏။ သင်သည် ဤအသေးအဖွဲ့ကိစ္စကလေးမျှဖြင့် အခဲမကြေ မဖြစ်ထိုက်ပေ"

"အရှင်ဂေါတမ.... မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ ဟူသော အမျိုးလေးပါးတို့ ၌ မင်း၊ ကုန်သည်၊ သူဆင်းရဲ ဟူသော အမျိုးသုံးပါး တို့သည် စင်စစ်အားဖြင့် ပုဏ္ဏားမျိုး၏ အလုပ်အကျွေးများသာ ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် သာကီဝင်မင်းမျိုးတို့က ပုဏ္ဏားတို့အား ရိုသေလေးစားမှု မပြု ခြင်းသည် မသင့်လျော်ပါ"

## ကျွန်မသားမှ သင်းသက်လာသူ

ဤသို့ အမ္ဗဋ္ဌ လုလင်က သာကီဝင်မင်းမျိုးတို့အား ဇာတ်နိမ့်သူဟူသော စကားဖြင့် သုံးကြိမ်တိုင်အောင် ရှုတ်ချသောအခါ ဗုဒ္ဓက "အမ္ဗဋ္ဌ.... သင်၏

www.dhammaransi.com



အနွယ်ကား အဘယ်နည်း''ဟု မေးမြန်းတော်မူသည်။ အမ္ဗဋ္ဌက "ကျွန်ုပ်၏ အနွယ်ကား ကဏှာယနအနွယ်ဖြစ်ပါသည်''ဟု ဖြေကြားလျှင် ဗုဒ္ဓသည် ကဏှာယနအနွယ်၏ ဇစ်မြစ်ကို ဖွင့်လှစ်မိန့်ကြားတော်မူသည်။

"အမ္ဗဋ္ဌ.... သာကီဝင်မင်းတို့သည် ဥက္ကာကမင်းကို အဘိုးအရာ၌ထား ကြကုန်၏။ ဥက္ကာကမင်းသည် တခါက မိမိချစ်ခင်မြတ်နိုးသော မိဖုယား၏ သားတော်အား မင်းအဖြစ်ကို ပေးလိုသဖြင့် သားတော်ကြီး လေးယောက် တို့ကို တိုင်းပြည်မှ နှင်ထုတ်ခဲ့၏။ ထိုသားတော်ကြီးများသည် ဟိမဝန္တာ တောစပ်ရှိ ကျွန်းတောကြီးတခု၌ နေထိုင်ကြသည်။ အမျိုးပျက်မည်စိုးသဖြင့် မိမိတို့နှမတော်များနှင့် အိမ်ထောင်ပြုကြသည်။ ထိုအကြောင်းကို ခမည်းတော် ဥက္ကာကမင်းကြီးကြားသိလျှင် "ငါ့သားတော်တို့သည် မိမိအမျိုးကို စောင့် ထိန်းရန် စွမ်းနိုင်ကြပါပေကုန်စွ''ဟူ၍ ဝမ်းမြောက် စကား ကို မြွက်ဆို၏။ ထိုစကားကိုအစွဲပြု၍ သာကီဝင်မင်းမျိုးတို့သည် "သကျ'' ဟူ၍ ထင်ရှားလာ ကြခြင်းဖြစ်၏။ ("သကျ''မှာ စွမ်းရည်သတ္တိရှိသူဟု အဓိပ္ပါယ်ထွက်သည်)

"အမ္ဗဋ္ဌ.... ဥက္ကာကမင်းကြီးအား ဒိသာမည်သော ကျွန်မတယောက် ရှိ၏။ ဒိသာသည် ကဏှမည်သော သားကို ဖွားမြင်၏။ ကဏှသည် မွေးဖွားခါစ အချိန်မှာပင် "ငါ့ကိုဆေးကြောပေးကြပါ၊ ငါ့ကို ရေချိုးပေးကြပါ၊ သင်တို့ အကျိုးကို ဆောင်ရွက်နိုင်သူ ဖြစ်ပါလိမ့်မည်''ဟု စကားပြောဆိုသည်။ ဤသို့ မွေးဖွားခါစအချိန်တွင် စကားပြောဆိုသဖြင့် ထိုကလေးငယ် ကဏှ ကို မြေဖုတ် ဘီလူးဟု ထင်မှတ်ခဲ့ကြသည်။ ထိုကလေးငယ် ကဏှသည် ကဏှာယနအနွယ်ဝင် တို့၏ ပထမဦးဆုံးပုဂ္ဂိုလ်ဖြစ်၏။ ကဏှာယနအနွယ်ဝင်တို့သည် ထိုကျွန်မသား ကဏှမှ ဆင်းသက်လာသူများ ဖြစ်၏''

"အမ္ဗဋ္ဌ.... ဤသို့လျှင် မိဘမျိုးရိုးကိုလိုက်၍ စိစစ်သော် သာကီဝင်မင်း တို့သည် အရှင်သခင်၏သားများ ဖြစ်ကြ၏။ သင်ကား သာကီဝင် မင်းတို့၏ ကျွန်မသား ဖြစ်၏''

ဤသို့ အမ္ဗဋ္ဌလုလင်သည် ကျွန်မသားဖြစ်ကြောင်း ဗုဒ္ဓက ထုတ်ဖော် မိန့်ကြားလိုက်သောအခါ အမ္ဗဋ္ဌ၏ နောက်လိုက် လုလင်များသည် ဗုဒ္ဓအား ဤသို့ လျှောက်တင်ကြလေ၏။

www.dhammaransi.com



"အရှင်ဂေါတမသည် အမ္ဗဋ္ဌကို ကျွန်မသားဟူသော စကားဖြင့် မဖိနှိပ်ပါလင့်။ အမ္ဗဋ္ဌသည် ကောင်းသောဇာတ်ရှိသော အမျိုးကောင်းသားဖြစ်ပါသည်။ ပညာဗဟုသုတနှင့်ပြည့်စုံ၍ ချေငံသော စကားရှိသူလည်း ဖြစ်ပါသည်။ အရှင်ဂေါတမနှင့် ယှဉ်ပြိုင်ဆွေးနွေးနိုင်သူလည်း ဖြစ်ပါသည်"

"လုလင်တို့.... အမ္ဗဋ္ဌသည် ငါနှင့်ယှဉ်ပြိုင်ဆွေးနွေးနိုင်သူ ဖြစ်သည်ဟု သင်တို့ထင်လျှင် သင်တို့ ဆိတ်ဆိတ်နေကြလော့၊ အမ္ဗဋ္ဌသည်သာ ဆက်လက်ပြောဆိုပါစေ"

ဗုဒ္ဓ၏ စကားကြောင့် လုလင်တို့ နှုတ်ဆိတ်သွားသောအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌကို ဆက်လက်မေးမြန်းတော်မူသည်။

"အမ္ဗဋ္ဌ.... အကြောင်း ခိုင်လုံသော မေးခွန်းတရပ်ကို ဖြေဆိုရန် သင့်အပေါ်မှာ တာဝန်ကျရောက်လာ၏။ ထိုမေးခွန်းကို မဖြေဘဲ ရှောင်လွှဲနေခဲ့သော် ဤနေရာ၌ပင် သင့်ဦးခေါင်းသည် ခုနစ်စိတ် ကွဲလိမ့်မည်။ ဆရာ့ဆရာဖြစ်သော ပုဏ္ဏားတို့ဇာမှ သင် မည်သို့ကြားဘူးသနည်း။ ကဏှာယနအနွယ်ဝင်တို့သည် အဘယ်မှ စ၍ ဖြစ်ပေါ်လာသနည်း။ ကဏှာယန အနွယ်ဝင် တို့၏ လက်ဦးပထမပုဂ္ဂိုလ်သည် မည်သူ ဖြစ်သနည်း"

"အမ္ဗဋ္ဌသည် ဗုဒ္ဓ၏ အမေးကို မည်သို့မျှ ပြန်၍မဖြေ။ သုံးကြိမ်တိုင်အောင် ထပ်၍မေးသော်လည်း နှုတ်ပိတ်၍နေ၏။ ထိုအခါ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် အလျှံတပြောင်ပြောင်တောက်သောသံတူကြီးကို စွဲကိုင်လျက် အမ္ဗဋ္ဌ၏ အထက်ကောင်းကင်၌ ရပ်လေသည်။ ထိုသိကြားမင်းကို ဗုဒ္ဓနှင့် အမ္ဗဋ္ဌတို့သာ မြင်ကြရ၏။ အမ္ဗဋ္ဌသည် သိကြားမင်းကိုမြင်လျှင် ထိတ်လန့်ကြောက်ရွံ့ကာ "ကဏှာယနအနွယ်ဝင်တို့၏ လက်ဦးပထမပုဂ္ဂိုလ်မှာ ဗုဒ္ဓမိန့်ကြားသည့်အတိုင်း ကျွန်မသား ကဏှ ပင် ဖြစ်သည်"ဟု မိမိကြားသိရပါကြောင်း ဝန်ခံဖြေကြားရလေတော့သည်။

## ကျွန်မသား တန်ခိုးကြီးခဲ့ပုံ

ထိုအခါ လုလင်တို့သည် "အချင်းတို့.... အမ္ဗဋ္ဌသည် ကျွန်မသား ဖြစ်သတဲ့၊ သာကီဝင်မင်းတို့သည် အမ္ဗဋ္ဌလုလင်၏ အရှင်သခင့် သားများ ဖြစ်သတဲ့"ဟူ၍ ကျယ်လောင်စွာ အော်ဟစ် ပြောဆိုကြသည်။ ဗုဒ္ဓသည် အမ္ဗဋ္ဌ

www.dhammaransi.com

အား လုလင်တို့၏ ဖိနှိပ်ပြောဆိုမှုမှ လွတ်မြောက်စေရန် ကျွန်မသား ကဏှ၏ တန်ခိုးကြီးသော ရသေ့တပါးဖြစ်လာပုံကို ဆက်လက်မိန့်ကြားတော်မူသည်။

"လုလင်တို့.... သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသား ဟူသော စကားဖြင့် မဖိနှိပ်ကြကုန်လင့်။ ထိုကျွန်မသား ကဏှသည် အရှယ်ရောက်သော အခါ တန်ခိုးကြီးသောရသေ့ ဖြစ်လာပြီး ဒက္ခိဏဇနပုဒ်သို့သွား၍ မြတ်သော မန္တာန်ကို သင်ယူ တတ်မြောက် ခဲ့၏။ ထို့နောက် သူသည် ဥက္ကာကမင်းထံ ချဉ်းကပ်၍ မဒ္ဒရူပီ မည်သော သမီးတော်ကို တောင်းလေ၏။ ဥက္ကာကမင်းသည် ပိတ်ဆိုး၍ ရသေ့ကိုပစ်သတ်ရန် လေး၌ မြားကိုတင်လေ၏။ သို့သော် ထိုမင်းသည် မြားကို ပစ်၍လည်း မရ၊ ရုပ်၍လည်း မရ ဖြစ်နေသဖြင့် မှူးမတ်တို့က ကဏှရသေ့ထံ သွားရောက်တောင်းပန်ကြ၏။ ရသေ့က "မြားကို အောက်သို့ လွှတ်လျှင် နိုင်ငံတဝှန်းလုံး၌ မြေကြီးသည် ကြေမွပျက်စီးလိမ့်မည်၊ အထက်သို့ လွှတ်လျှင် မိုးခုနစ်နှစ် ခေါင်လိမ့်မည်၊ မင်းသည် မိမိ၏ သားတော်ကြီး အပေါ်၌ မြားကို လွှတ်ပါမူကား အန္တရာယ် မရှိမူ၍ ချမ်းသာလိမ့်မည်" ဟု မိန့်ကြားလိုက်၏။

မှူးမတ်တို့သည် ထိုအကြောင်းကို ဥက္ကာကမင်းကြီးအား လျှောက်တင်ကြရာ မင်းကြီးသည် ရသေ့စကား အတိုင်း ဆောင်ရွက်ပြီး ထိတ်လန့်ကြောက်ရွံ့သဖြင့် သမီးတော် မဒ္ဒရူပီကို ကဏှရသေ့အား ပေးလိုက်ရလေ၏။

"လုလင်တို့.... သင်တို့သည် အမ္ဗဋ္ဌကို ကျွန်မသားဟူသော စကားဖြင့် မဖိနှိပ်ကြကုန်လင့်၊ ကျွန်မသား ကဏှသည် တန်ခိုးကြီးသော ရသေ့တပါး ဖြစ်ခဲ့ပေ၏"

## မင်းမျိုးသာလျှင် မြင့်မြတ်ကြောင်း

ထို့နောက် ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်အား အမျိုး လေးပါး တို့တွင် မင်းမျိုးက ပုဏ္ဏားမျိုးထက် သာလွန်မြင့်မြတ်ပုံကို ဆက်လက် မိန့်ကြားတော်မူသည်။

"အမ္ဗဋ္ဌ.... သင့်အား ငါတခုမေးအံ့။ ဤလောက၌ မင်းမျိုးသတို့သား တယောက်သည် ပုဏ္ဏားမျိုး သတို့သမီးတယောက်နှင့် အိမ်ထောင်ပြု၍ သား တယောက် ရခဲ့သော် ထိုသားသည် ပုဏ္ဏားတို့ ထံ၌ နေရာ ပေးခြင်း၊ အစား

www.dhammaransi.com



အစာကျွေးခြင်း၊ ဝေဒကျမ်းကို သင်ကြားပေးခြင်းစသော အခွင့်အရေးများကိုရင်း၊ ပုဏ္ဏားမတဦးနှင့် လက်ထပ်ခွင့်ကိုရင်း ရနိုင်ပါသလော”

“ရနိုင်ပါသည် အရှင်ဂေါတမ”

“ထိုသားသည် မင်းမျိုးတို့၏ အဘိသိက်သွန်းလောင်းမှုကို ခံယူနိုင်ခွင့် ရရှိပါမည်လော”

“မရရှိနိုင်ပါ အရှင်ဂေါတမ၊ အဘယ့်ကြောင့်ဆိုသော် ထိုသားသည် မိခင်ဖက်မှ မင်းမျိုးမဟုတ်သောကြောင့် ဖြစ်ပါသည်”

“အမ္ဗဋ္ဌ.... သင့်အား ငါနောက်တခု မေးဦးအံ့၊ ပုဏ္ဏားမျိုးသတို့သားတယောက်သည် မင်းမျိုး သတို့သမီး တယောက်နှင့် အိမ်ထောင်ပြု၍ သားတယောက်ရခဲ့သော် ထိုသားသည် ပုဏ္ဏားတို့ထံ၌ အထက်ပါအခွင့်အရေးများကို ရနိုင်ပါသလော”

“ရနိုင်ပါသည် အရှင်ဂေါတမ”

“ထိုသားသည် မင်းမျိုးတို့၏ အဘိသိက်သွန်းလောင်းမှုကိုလည်း ခံယူနိုင်ခွင့် ရရှိပါမည်လော”

“မရရှိနိုင်ပါ အရှင်ဂေါတမ၊ အကြောင်းကား ထိုသားသည် ဘခင်ဖက်မှ မင်းမျိုးမဟုတ်သောကြောင့် ဖြစ်ပါသည်”

“အမ္ဗဋ္ဌ.... ဤသို့လျှင် မိန်းမချင်း နှိုင်းယှဉ်သည် ဖြစ်စေ၊ ယောကျ်ားချင်းနှိုင်းယှဉ်သည်ဖြစ်စေ မင်းမျိုးသည်သာမြတ်၏၊ ပုဏ္ဏားမျိုးသည် ယုတ်၏”

“အမ္ဗဋ္ဌ.... နောက်တခု သင့်ကို ငါမေးဦးအံ့၊ ပုဏ္ဏားတို့က အပြစ်တစုံတရာကြောင့် ခေါင်းကို ကတုံးရိတ်၍ ပြာဖြူးပြီး နှင်ထုတ်ခြင်းခံရသော ပုဏ္ဏားတဦးသည် ပုဏ္ဏားတို့ထံ၌ နေရာပေးခြင်း၊ စားသောက်ဖွယ်ကျွေးမွေးခြင်း စသော အခွင့်အရေးများကို ရနိုင်ပါမည်လော”

“မရနိုင်ပါ အရှင်ဂေါတမ”

“မင်းမျိုးတို့က အထက်ပါနည်းအတိုင်း နှင်ထုတ်ခြင်းခံရသော မင်းမျိုးဖြစ်သူတဦးသည် ပုဏ္ဏားတို့ထံ၌ ဆိုခဲ့သော အခွင့်အရေးများကို ရနိုင်ပါမည်လော”

“ရနိုင်ပါသည် အရှင်ဂေါတမ”

www.dhammaransi.com



"အမ္ဗဋ္ဌ... မင်းမျိုး တို့က အပြစ်ကြောင့် နှင်ထုတ်လိုက်သူသည်ပင် ပုဏ္ဏားမျိုးတို့ထံ၌ တန်းတူရည်တူ ဆက်ဆံခွင့်ရခဲ့သော် မင်းမျိုးသည်သာ စင်စစ်အားဖြင့် မြတ်၏၊ ပုဏ္ဏားမျိုးသည် ယုတ်နိမ့်၏"

"အမ္ဗဋ္ဌ.... သနင်္ကုမာရ ဗြဟ္မာ က ဤအကြောင်းကို ဂါထာဖြင့် ဖွဲ့ဆိုထားရာ ထိုဂါထာကို ငါဘုရားကလည်း ထပ်ဆင့်ထောက်ခံလိုက်ပေ၏"

"လူအပေါင်း၌ အကြင် သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏။ ထိုသူတို့တွင် မင်းမျိုးသည် မြတ်၏။ နတ် လူ အပေါင်း၌ အကြင်သူသည် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏။

## ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ

ဤသို့ ဗုဒ္ဓက မိန့်ကြားသောအခါ အမ္ဗဋ္ဌ လုလင်က "အရှင်ဂေါတမ.... အကျင့် 'စရဏ' ဟူသည် အဘယ်ပါနည်း။ အသိဉာဏ် 'ဝိဇ္ဇာ' ဟူသည် အဘယ်ပါနည်း" ဟု မေးလျှောက်သဖြင့် ဗုဒ္ဓသည် ဝိဇ္ဇာစရဏတို့၏ သဘောသရုပ်ကို ဆက်လက် ဟောကြားတော်မူသည်။

"အမ္ဗဋ္ဌ....အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၌ 'သင်သည် ငါနှင့်တန်၏၊ သင်သည် ငါနှင့်မတန်' စသည်ဖြင့် ဇာတ်ကိုစွဲ၍ ဖြစ်သောစကား၊ အနွယ်ကိုစွဲ၍ဖြစ်သောစကား၊ မာန်ကိုစွဲ၍ဖြစ်သော စကားများကို မဆိုသင့်။ ထိုစကားများကို သမီးပေးခြင်း၊ သမီးယူခြင်းစသော လူမှုကိစ္စများ၌သာဆိုသင့်၏။ ဇာတ် အနွယ် စသည်ကို၌ စွဲလမ်းသူတို့သည် အတုမရှိသော ဝိဇ္ဇာစရဏမှ ဝေးကုန်၏။ ထိုအစွဲအလမ်းများကို ပယ်နိုင်သူသည်သာလျှင် အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်ပေ၏။"

"အမ္ဗဋ္ဌ....ဤလောက၌ မြတ်စွာဘုရား၏ တရား၌ သက်ဝင်ယုံကြည်၍ ရဟန်းအဘောင်သို့ဝင်ပြီး အကျင့်သီလနှင့် ပြည့်စုံအောင် ကျင့်သုံးနေထိုင်၍ ဣန္ဒြေတို့ကို လုံခြုံအောင် ထိန်းသိမ်းသော အမျိုးကောင်းသားသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကိုဖြစ်စေသဖြင့် ကိလေသာကာမဂုဏ်တို့မှ ဆိတ်သုဉ်းသော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို တဆင့်ပြီးတဆင့် ဝင်စား၍နေ၏။ ဤသို့ အဆင့်ဆင့်သော ဈာန်တို့ကို ဝင်စား၍နေခြင်းသည် အကျင့် 'စရဏ' နှင့် ပြည့်စုံမှုပင်ဖြစ်၏။"

www.dhammaransi.com



အမ္ဗဋ္ဌ....တဖန် ဟိုရဟန်းသည် မိမိ၏တည်ကြည်သောစိတ်ကို ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ် စသည်တို့ အလို့ငှာ ရှေ့ရှုညွတ်စေပြီး ရုပ်နာမ်တို့ကို ခွဲခြားသိမြင်ခြင်း၊ စိတ်ဖြင့်ပြီးသည့် ရုပ်ခန္ဓာကိုဖန်ဆင်းခြင်း အစရှိသော တန်ခိုး အမျိုးမျိုးကို ပြီးမြောက်စေ၏။ အာသဝတို့၏ ကုန်ကြောင်းဖြစ်သော 'အာသဝက္ခယ' ဉာဏ်အလို့ငှာ စိတ်ကို ရှေ့ရှုညွတ်စေပြီး အာသဝတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ဤသို့ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်စသည်တို့ကို ရရှိခြင်းသည် အသိဉာဏ် 'ဝိဇ္ဇာ' နှင့် ပြည့်စုံမှုပင်ဖြစ်၏။ ဆိုခဲ့ပြီးသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' တို့ထက် လွန်ကဲသော ဝိဇ္ဇာစရဏကား မရှိတော့ချေ။

## ပျက်စီးကြောင်းလေးပါး

အမ္ဗဋ္ဌ....အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်းတို့သည် လေးပါးရှိ၏။ ထိုလေးပါးကား—

(၁) ဝိဇ္ဇာစရဏနှင့် ပြည့်စုံအောင် မစွမ်းနိုင်သဖြင့် တောထဲသို့ဝင်၍ ရသေ့ဝတ်ကာ ကြွေကျသော သစ်သီးများကိုသာ စားသုံးနေခြင်း။

(၂) တောထဲသို့ဝင်၍ ရသေ့ဝတ်ပြီး ပေါက်ပြားနှင့် ခြင်းတောင်းကို ကိုင်စွဲလျက် သစ်ဥ သစ်မြစ် သစ်သီးများကိုသာ စားသုံးနေခြင်း။

(၃) ရွာနိဂုံးတို့၏ အနီး၌ မီးပူဇော်ရန် အိမ်ကို ဆောက်လုပ်ပြီး မီးလုပ်ကျွေးနေခြင်း။

(၄) အရပ်လေးမျက်နှာတို့မှ လာသော ရသေ့ ရဟန်းတို့ကို စွမ်းအားရှိသလောက် ပူဇော်မည်" ဟူသော ရည်ရွယ်ချက်ဖြင့် လမ်းလေးခွဆုံ၌ တံခါးပေါက် လေးခုရှိသောအိမ်ကို ဆောက်လုပ်နေခြင်းတို့ဖြစ်၏။

"အမ္ဗဋ္ဌ... သင့်ဆရာ ပေါက္ခရသာတိ ပုဏ္ဏားနှင့်တကွ သင်သည်အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုကို ရပါ၏လော"

"မရပါ အရှင်ဂေါတမ"

www.dhammaransi.com


"အမ္ဗဋ္ဌ....သို့ဖြစ်လျှင် သင့်ဆရာ ပေါက္ခရသာတိ ပုဏ္ဏားနှင့်တကွ သင်သည် ကြွေကျသော သစ်သီးကိုသာစားခြင်း၊ သစ်ဖု သစ်သီး သစ်မြစ်များကို ရှာဖွေစားသောက်ခြင်းစသော အကျင့်များကို ကျင့်သုံးပါ၏လော"

"မကျင့်သုံးပါ အရှင်ဂေါတမ"

"အမ္ဗဋ္ဌ၊ သို့ဖြစ်လျှင် သင့်ဆရာ ပေါက္ခရသာတိ ပုဏ္ဏားနှင့်တကွ သင်သည် အကုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုမှလည်း ယုတ်လျော့၏။ ထိုဝိဇ္ဇာစရဏဘို့၏ ပျက်စီးကြောင်း လေးပါးမှလည်း ယုတ်လျော့၏။ သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားသည် ပျက်စီးကြောင်းတရားကိုပင် ကိုယ်တိုင်ဖြည့်စွမ်းနိုင်ခြင်း မရှိပါဘဲလျက် "ဂြိဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွား၍ ဇာတ်နိမ့်သော ရဟန်းဦးပြည်းတို့နှင့် ပြောဆိုဆွေးနွေးခြင်း မပြုနိုင်" ဟူ၍ ဆိုခြင်းမှာ ချွတ်ယွင်းချက် တရပ်ပင်ဖြစ်ပေ၏"

"အမ္ဗဋ္ဌ၊ ထို့ပြင်လည်း သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလမင်းပေးသော စည်းစိမ်ကို ခံစားနေရသူ ဖြစ်ပါလျက် ထိုမင်းနှင့် မျက်နှာချင်းဆိုင်ခွင့်ကိုပင် မရခြင်းမှာလည်း သင့်ဆရာ၏ ချွတ်ယွင်းချက်ပင် ဖြစ်၏။"

## ဝေဒသင်ရုံဖြင့် ရသေ့မဟုတ်

"အမ္ဗဋ္ဌ... သင့်အား ငါမေးအံ့၊ ပသေနဒီကောသလမင်းသည် ဆင်ပေါ်၌ဖြစ်စေ၊ မြင်းပေါ်၌ ... လျက် မှူးမတ်တို့နှင့် တစုံတခု ... တိုင်ပင်ဆွေးနွေးမှုကိုပြုရာ၏။ တိုင်ပင် ... နွေးခြင်း ကိစ္စပြီးစီး၍ ကောသလမင်း ထွက်ခွာ သွား သော အခါ ... ဆင်းရဲသားသည် ကောသလမင်း ထိုင်ခဲ့သည့်နေရာ၌ ထိုင်လျက် ... သပင်း တိုင်ပင်ဆွေးနွေးခဲ့သည့်စကားများကိုပင် ပြောဆိုဆွေးနွေးရ... သို့ ပြောဆိုဆွေးနွေးရုံမျှဖြင့် ထိုဆင်း... သားသည် မင်းဖြစ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါ အရှင်ဂေါတမ"

"အမ္ဗဋ္ဌ.... ထို့အတူပင် ပုဏ္ဏားတို့၏လက်ဦးဆရာများဖြစ်သည့် အဋ္ဌက ဝါမက အစရှိသော ရသေ့တို့ စီရင်... ချခဲ့သော ဝေဒကျမ်းများကို သင်ယူပို့ချရုံမျှဖြင့် သင်သည် ရသေ့သော်...၊ ရသေ့ဖြစ်ရန် ကျင့်ကြံသူသော်...ပင်ဖြစ်နိုင်ရန်အကြောင်းမရှိပေ"

www.dhammaransi.com



"အမ္ဗဋ္ဌ.... သင့်ကို ငါဆက်၍မေးဦးအံ့၊ ပုဏ္ဏားတို့၏ လက်ဦးဆရာများ ဖြစ်ကြ၍ ဝေဒကျမ်းများကို စီရင်ပြုစုခဲ့သော ထိုရသေ့တို့သည် သင်တို့ကဲ့သို့ပင် ကောင်းမွန်သော အဝတ်အစား ရထား ယာဉ်သာ စသည်တို့ကို သုံးဆောင် ခံစား ပျော်ပါးနေကြကုန်၏ဟူ၍ သင်ကြားဘူးပါသလော"

"မကြားဘူးပါ အရှင်ဂေါတမ"

"အမ္ဗဋ္ဌ.... ဤသို့လျှင် သင့်ဆရာနှင့်တကွ သင်သည် ရသေ့လည်း မဟုတ်၊ ရသေ့ဖြစ်ရန် ကျင့်သူလည်းမဟုတ်ပေ။ အမ္ဗဋ္ဌ၊ ငါဘုရား၌ ယုံမှားတွေးတောခြင်းရှိသူသည် ငါဘုရားကို မေးမြန်းခြင်းဖြင့် ကိုယ်ယုံမှားတွေးတောခြင်းကို သုတ်သင်နိုင်၏။ ငါဘုရားကလည်း ထိုအမေးကို ဖြေကြားခြင်းဖြင့် ယုံမှားတွေးတောခြင်းကို သုတ်သင်ပေအံ့"

## လက္ခဏာ (၃၂)ပါးကို စုံစမ်းလေ့လာခြင်း

ဗုဒ္ဓမြတ်စွာသည် ဤသို့မိန့်ကြားတော်မူပြီး ကျောင်းပြင်သို့ထွက်ကာ စင်္ကြံကြွတော်မူ၏။ အမ္ဗဋ္ဌသည်လည်း ဗုဒ္ဓ၏နောက်မှလိုက်၍ စင်္ကြံလျှောက်ရင်း ဗုဒ္ဓ၏ကိုယ်တော်၌ ယောကျ်ားမြတ်တို့၏ လက္ခဏာ(၃၂)ပါး ပြည့်စုံခြင်း ရှိ မရှိကို လေ့လာစုံစမ်းခြင်း ပြုလေသည်။ ယင်းသို့ လေ့လာ စုံစမ်းခြင်း ပြုလေသော် ကြွင်းသော လက္ခဏာသုံးဆယ်တို့ကို တွေ့မြင်သော်လည်း အိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း၊ ရှည်ပြန့်သော လျှာရှိခြင်းဟူသော လက္ခဏာနှစ်ပါးနှင့် ပတ်သက်၍မူ မဝေမခွဲနိုင် ဖြစ်နေလေ၏။ ဤသို့ အမ္ဗဋ္ဌ၏ စိတ်၌ မဝေခွဲနိုင် ဖြစ်နေသည်ကို ဗုဒ္ဓရှင်တော်မြတ် သိမြင်တော်မူလျှင် အိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ကို အမ္ဗဋ္ဌမြင်စေရန် တန်ခိုးဖန်ဆင်း၍ ပြတော်မူသည်။ ရှည်ပြန့်သောလျှာနှင့် ပြည့်စုံကြောင်း သိမြင်စေရန် လျှာကို ထုတ်၍ နားပေါက်နှစ်ခုနှင့် နှာခေါင်းပေါက် နှစ်ခုတို့ကို အပြန်အလှန်သုံးသပ်၍ရင်း၊ နဖူးပြင်တခုလုံးကို ဖုံးအုပ်၍ရင်း ပြသတော်မူသည်။ ထိုအခါ အမ္ဗဋ္ဌသည် "ရဟန်းဂေါတမကား ယောကျ်ားမြတ်တို့၏ လက္ခဏာ (၃၂) ပါးနှင့် ကြွင်းချက်မရှိ ပြည့်စုံပေ၏"ဟု ယုံကြည်ကျေနပ်လျက် ဗုဒ္ဓအား ပန်ကြားကာ ဥက္ကဋ္ဌမြို့သို့ ပြန်ခဲ့လေ၏။


## ပေါက္ခရသာတိပုဏ္ဏား ဗုဒ္ဓထံ ချဉ်းကပ်ခြင်း

ဥက္ကဋ္ဌမြို့သို့ အမ္ဗဋ္ဌလုလင်ပြန်ရောက်ချိန်တွင် ပေါက္ခရသာတိပုဏ္ဏားသည် များစွာသော ပုဏ္ဏားတို့နှင့်အတူ မြို့မှထွက်၍ မြို့ပြင်ရှိ ဥယျာဉ်တဲ၌ ... ပြန်

www.dhammaransi.com


အလာကို စောင့်မျှော်နေသည်။ အမ္ဗဋ္ဌသည် ပေါက္ခရသာတိပုဏ္ဏားကြီးထံ ချဉ်းကပ်ပြီး ဗုဒ္ဓ မြတ်စွာနှင့် မိမိ တွေ့ဆုံ ပြောဆို ခဲ့ပုံများကို၎င်း၊ ဗုဒ္ဓ၏ ယောကျ်ားမြတ်လက္ခဏာ(၃၂)ပါးနှင့် ပြည့်စုံပုံကို၎င်း၊ မချင် မချန် ပြန်ကြား တင်ပြလေသည်။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓအား ထိပါးပြောဆို ခဲ့ခြင်းအတွက် အမ္ဗဋ္ဌလုလင်ကို ပြင်းထန်စွာ ပြစ်တင် ကြိမ်းမောင်းရုံသာမက ခြေဖြင့်လည်း ကန်ကျောက်ပစ်လေသည်။

ထို့နောက် ပေါက္ခရသာတိပုဏ္ဏားသည် မိမိနေအိမ်၌ ဗွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို စီမံချက်ပြုတ်စေ၍ ယာဉ်ဖြင့် တင်ဆောင်ကာ ဗုဒ္ဓထံသို့ သွားလေသည်။ ဗုဒ္ဓထံသို့ရောက်သော် အမ္ဗဋ္ဌလုလင်၏ မိုက်မဲမှုကို ခွင့်လွှတ်ရန် တောင်းပန်ပြီး ရဟန်းသံဃာ အပေါင်းနှင့်တကွ ဗုဒ္ဓမြတ်စွာအား ဆွမ်းလုပ် ကျွေးခြင်း ပြုလေသည်။ ဆွမ်းကိစ္စ ပြီးစီးသော အခါ ဗုဒ္ဓမြတ်စွာ သည် ပေါက္ခရသာတိပုဏ္ဏားအား ဒါန သီလ စသည်တို့နှင့် စပ်လျဉ်းသော တရား စကားကို အစဉ်အတိုင်း ဟောကြားတော်မူသည်။ ပေါက္ခရသာတိပုဏ္ဏားသည် တရားအဆုံးတွင် ကိလေသာမှုကင်းစင်သော သောတာပတ္တိမဂ်ဉာဏ်ကို မျက် မှောက်ပြုပြီး ရတနာသုံးပါးအား အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သူ ဥပါသကာ၏ အဖြစ်ကို ခံယူသွားလေတော့သည်။



www.dhammaransi.com

# ၄။ သောဏဒဏ္ဍသုတ်

သောဏဒဏ္ဍပုဏ္ဏားအား ဟောကြားသော တရား

## စမ္ပာမြို့သို့ ဗုဒ္ဓ ကြွရောက်ခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်း ငါးရာနှင့် အတူ အင်္ဂတိုင်း၌ ခရီးလှည့်လည်စဉ် စမ္ပာမြို့သို့ ဆိုက်ရောက်၍ ထိုမြို့အနီး ဂဂ္ဂရာ မည်သော ရေကမ်းဘေး၌ သီတင်းသုံးနေတော်မူသည်။ ထိုအခါက သောဏဒဏ္ဍ မည်သော ပုဏ္ဏားသည် မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရ၏အပိုင်စားပေးချက်အရ စမ္ပာမြို့ကို အုပ်ချုပ်နေသည်။ စမ္ပာ မြို့သူမြို့သားတို့သည် ဗုဒ္ဓ မြတ်စွာ ကြွ ရောက် လာကြောင်း သတင်းကြားသိလျှင် ဗုဒ္ဓမြတ်စွာထံ သွားရောက်ဖူးမြော်ရန်အတွက် မြို့မှ အုပ်စုလိုက် ထွက်လာကြသည်။ သောဏဒဏ္ဍ ပုဏ္ဏားသည် မိမိ နေအိမ်ပြာသာဒ်ထက်မှနေ၍ ထိုသူတို့ကိုလှမ်းမြင်ကာ ဗုဒ္ဓမြတ်စွာထံ သွားကြခြင်းဖြစ်ကြောင်းသိရှိလျှင် မိမိလည်း လိုက်ပါလိုသဖြင့် ခေတ္တမျှစောင့်ဆိုင်းကြရန် မြို့သူမြို့သားတို့အား ပြောကြားစေသည်။

## သောဏဒဏ္ဍပုဏ္ဏား ဗုဒ္ဓထံ ချဉ်းကပ်ခြင်း

ထိုအချိန်က တိုင်းတပါးမှ ပုဏ္ဏားငါးရာတို့သည် ကိစ္စတခုဖြင့် စမ္ပာမြို့သို့ ရောက်ရှိနေကြသည်။ ထို ပုဏ္ဏား တို့ သည် ဗုဒ္ဓထံသို့ သောဏဒဏ္ဍ ပုဏ္ဏား သွားမည် ဟူသော သတင်းကို ကြားသိကြလျှင် သောဏဒဏ္ဍထံသို့အရေးတကြီး ရောက်လာကြပြီး ဗုဒ္ဓထံမသွားရန် ကန့်ကွက်ပြောဆိုကြသည်။

"အရှင်သောဏဒဏ္ဍ.... သင်သည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်စင်ကြယ်၍ စည်းစိမ် ဥစ္စာ ချမ်းသာ ကြွယ်ဝသူ ဖြစ်ပါသည်။ ဝေဒကျမ်းတို့၌ တတ်ကျွမ်းလိမ္မာ၍ ဝေဒကျမ်းများကို လုလင်သုံးရာတို့အား သင်ကြားပေးနေသူ ဖြစ်ပါသည်။ အသက်အရွယ် ကြီးရင့်၍ ဗိမ္ဗိသာရ မင်းကြီး၏ ပူဇော်

www.dhammaransi.com



ကျိုးမြဲ ကြွက်ခြင်းကို ခံလျက် စပ္ပာမြို့ကို အုပ်ချုပ်နေသူလည်း ဖြစ်ပါသည်။ ထို့ကြောင့် သင်သည် ရဟန်းဂေါတမထံ ချဉ်းကပ်ရန် မသင့်ပါ။ ရဟန်းဂေါတမကသာ သင့်ထံချဉ်းကပ်ရန် သင့်ပါသည်”

ဤသို့ ပုဏ္ဏားငါးရာတို့က ဗုဒ္ဓထံ မသွားသင့်ကြောင်း ကန့်ကွက်ပြောဆိုသောအခါ သောဏဒဏ္ဍပုဏ္ဏားသည် ထိုပုဏ္ဏားတို့အား ဤသို့ ပြန်ကြားပြောဆိုလေ၏။

“အချင်းတို့.... ရဟန်းဂေါတမသည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်စင်ကြယ်သူ ဖြစ်ရုံသာမက ငယ်ငယ်ရွယ်ရွယ်ဖြင့် များပြားသော စည်းစိမ်ဥစ္စာကြွင်နာချစ်ခင်သော မိဘဆွေမျိုးတို့ကို စွန့်ပယ်၍ ရဟန်းပြုခဲ့သူ ဖြစ်ပါသည်။ ရဟန်းဂေါတမသည် ဗိမ္ဗိသာရမင်း၊ ပသေနဒီကောသလမင်း၊ ပေါက္ခရသာတိပုဏ္ဏားတို့နှင့်တကွ များစွာသော နတ်လူတို့၏ မြတ်နိုး ကော်ရော် ပူဇော်ကိုးကွယ်ခြင်းကို ခံရသူ ဖြစ်ပါသည်။ ထို့ပြင် ရဟန်းဂေါတမသည် စပ္ပာမြို့သို့ တခါတရံမှသာ ရောက်လာသည့် ကျွန်ုပ်တို့၏ဧည့်သည် တဦးလည်း ဖြစ်ပါသည်။ ဤအကြောင်းများကြောင့် ရဟန်းဂေါတမသည် ကျွန်ုပ်ထံသို့ ချဉ်းကပ်ရန် မသင့်ပါ။ ကျွန်ုပ်တို့ကသာ ရဟန်းဂေါတမ ထံသို့ ချဉ်းကပ်ရန် သင့်ပါသည်”

ဤသို့ သောဏဒဏ္ဍက ဗုဒ္ဓ၏ဂုဏ်များကို ချီးကျူးပြောဆိုလိုက်သောအခါ ထိုပုဏ္ဏား ငါးရာတို့သည် “အရှင်သောဏဒဏ္ဍ... ဤသို့ဆိုလျှင် ရဟန်းဂေါတမသည် ပူဇနာတရာဝေးသော အရပ်၌ပင် ရှိစေကာမူ ကျွန်ုပ်တို့ သွားရောက် ဖူးမြော်သင့်လှပါသည်”ဟု ဆိုကာ သောဏဒဏ္ဍနှင့်အတူ ဗုဒ္ဓထံ လိုက်ပါရန် ပြင်ဆင်ကြလေသည်။

## သောဏဒဏ္ဍပုဏ္ဏား ဗုဒ္ဓထံ ချဉ်းကပ်ခြင်း

များစွာသောပုဏ္ဏားပရိသတ်နှင့်အတူ ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ ဂဂ္ဂရာရေကန်သို့ ထွက်ခွာခဲ့သော သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓထံသို့မရောက်မီ လမ်းခရီးအကြား၌ ‘ငါသည် ရဟန်းဂေါတမကို ပြဿနာ မေးသဖြင့် ရဟန်းဂေါတမက ‘ဤသို့ မမေးသင့်’ဟု မိန့်ကြားခဲ့လျှင်၎င်း၊ ရဟန်း ဂေါတမက မေးသည့် ပြဿနာကို ငါက ကောင်းစွာ မဖြေနိုင်ခဲ့လျှင်၎င်း ပရိသတ်သည် ငါ့ကို ကဲ့ရဲ့ရာ၏”ဟု စိုးရိမ်စား တွေးတောမိသဖြင့် ဆုတ် ဆိုင်းဆိုင်း ဖြစ်နေ

www.dhammaransi.com



လေ၏။ သို့သော်လည်း ဗုဒ္ဓထံ သွားမည်ဟု လူသိရှင်ကြား ပြောဆို၍ ထွက်လာပြီးမှ မသွားတော့ဘဲ နောက်ပြန်ဆုတ်လျှင်လည်း အကဲ့ရဲ့လွတ်တော့မည် မဟုတ်ကြောင်း စဉ်းစားမိပြန်သောကြောင့် စိတ်ခနိုးစနောင့်ဖြင့် ခရီးဆက်ခဲ့ရလေသည်။

## ပုဏ္ဏားဟု ခေါ်ထိုက်သူ

ဗုဒ္ဓမြတ်စွာသည် မိမိထံမှောက်သို့ ဆိုက်ရောက်လာသည့် သောဏဒဏ္ဍနှင့်နောက်လိုက်များအား ထိုက်သင့်သော လောကဝတ်စကားဖြင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်လက်ခံတော်မူသည်။ သောဏဒဏ္ဍကား လမ်းခရီးတွင်ဖြစ်ပေါ်ခဲ့သော စိုးရိမ်ကြောင့်ကြမှုများက ဆက်လက် လွှမ်းမိုးနေသောကြောင့် ဗုဒ္ဓရှေ့မှောက်တွင်လည်း စိတ်မသက်မသာဖြစ်လျက်သာ ရှိလေ၏။ သတ္တဝါတို့၏ စိတ်အခြေအနေကို ကောင်းစွာသိမြင်သော ဗုဒ္ဓမြတ်စွာသည် သောဏဒဏ္ဍအား သူကျွမ်းကျင်နိုင်နင်းသော ဗေဒင်သုံးပုံနှင့် ပတ်သက်သည့် ပြဿနာတရပ်ကို စတင်မေးမြန်းတော်မူရာ သောဏဒဏ္ဍသည် ဝမ်းမြောက်အားတက်စွာ ဖြေကြားခြင်း ပြုလေသည်။

"အချင်းသောဏဒဏ္ဍ.... အဘယ်မျှသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ခေါ်ဆိုပါသနည်း"

"အရှင်ဂေါတမ ... ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ခေါ်ဆိုပါသည်။ ထိုအင်္ဂါငါးပါးကား မျိုးရိုး သန့်စင်ခြင်း၊ ဗေဒင်သုံးပုံနှင့်တကွ အဘိဓာန်၊ ဆန်း၊ အလင်္ကာကျမ်းတို့၌ တတ်မြောက်ကျွမ်းကျင်ခြင်း၊ ရုပ်အဆင်း တင့်တယ်ခန့်ညားခြင်း၊ အကျင့်သီလနှင့်ပြည့်စုံခြင်း၊ ဉာဏ်ပညာ ပြည့်ဝခြင်းတို့ ဖြစ်ပါသည်"

"အချင်း သောဏဒဏ္ဍ ... ဤအင်္ဂါငါးပါးတို့တွင် အင်္ဂါတပါးကို ချန်ထားပြီး အင်္ဂါ လေးပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆို နိုင်ပါသလော"

"အရှင်ဂေါတမ.... ဤအင်္ဂါငါးပါးတို့တွင် ရုပ်အဆင်းတင့်တယ် ခန့်ညားခြင်းကို ချန်ထားပြီး ကျန်အင်္ဂါလေးပါးနှင့်ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသည်"

www.dhammaransi.com

"အချင်း သောဏဒဏ္ဍ.... ထိုအင်္ဂါလေးပါးတို့တွင် တပါးကို ချန်ထား၍ ကျန် အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသလော"

"အရှင် ဂေါတမ.... ဤအင်္ဂါလေးပါးတို့တွင် ဗေဒင် သုံးပုံ၌ ကျွမ်းကျင် တတ်မြောက်ခြင်းကို ချန်ထားပြီး ကျန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသည်"

"အချင်း သောဏဒဏ္ဍ.... ထိုအင်္ဂါသုံးပါးတို့တွင် တပါးကို ချန်ထားပြီး ကျန် အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသလော"

"အရှင် ဂေါတမ.... မျိုးရိုးသန့်စင်ခြင်းကို ချန်ထားပြီး အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ဉာဏ်ပညာ ပြည့်ဝခြင်း ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသည်"

## ပုဏ္ဏားငါးရာတို့က ကန့်ကွက်ခြင်း

ဤသို့ သောဏဒဏ္ဍက ဖြေကြားသောအခါ သူ့နောက်မှ လိုက်ပါလာသော ပုဏ္ဏားတို့သည် မခံမရပ်နိုင် ဖြစ်လာကြပြီး "အရှင် သောဏဒဏ္ဍ.... ဤသို့ မဆိုပါလင့်၊ အရှင်သည် ရုပ်အဆင်း၊ ဗေဒင်သုံးပုံနှင့် အမျိုးဇာတ်တို့ကို ပစ်ပယ်ပြီး ရဟန်း ဂေါတမ၏ ဝါဒသို့သာ လိုက်ပါသွားပါတော့သည်"ဟူ၍ ပြောဆိုကြလေသည်။ ထိုပုဏ္ဏားတို့အား ဗုဒ္ဓက "အချင်းတို့.... သောဏဒဏ္ဍသည် ငါနှင့်ပြောဆိုဆွေးနွေးရန် စွမ်းနိုင်သည်ဟု ထင်ပါက သင်တို့ ဆိတ်ဆိတ်နေကြပါ။ သောဏဒဏ္ဍသည်သာ ငါနှင့် ပြောဆိုဆွေးနွေးပါစေ"ဟု မိန့်ကြားတော်မူသည်။ ထိုအခါ သောဏဒဏ္ဍက "အရှင် ဂေါတမ.... ဆိတ်ဆိတ်နေတော်မူပါ။ ဤပုဏ္ဏားတို့အား ကျွန်ုပ်ကိုယ်တိုင် ချေပပြောဆိုပါမည်"ဟု ဆို၍ အောက်ပါအတိုင်း ချေပပြောဆိုလေသည်။

"အချင်းတို့.. ကျွန်ုပ်သည် အဆင်းကိုလည်း ပယ်ပစ်သည် မဟုတ်ပါ၊ ဗေဒင်သုံးပုံကိုလည်း ပယ်ပစ်သည် မဟုတ်ပါ၊ ဇာတ်ကိုလည်း ပယ်ပစ်သည် မဟုတ်ပါ။ အချင်းတို့.... ကျွန်ုပ်၏ တူဖြစ်သော ဤ အင်္ဂက လုလင်ကို ကြည့်ကြပါလော။ သူသည် ရုပ်အဆင်းအားဖြင့်လည်း တင့်တယ်ခန့်ညား၏၊ ဝေဒ ကျမ်းချား၌လည်း ကျွမ်းကျင် တတ်မြောက်၏။ အမျိုးဇာတ် အားဖြင့်လည်း

www.dhammaransi.com


မြင့်မြတ်စင်ကြယ်ပါ၏။ သို့ရာတွင် သူသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း စသော မကောင်းမှု အကုသိုလ်တို့ကို ပြုလုပ်ခဲ့ပါမူ ထို ရုပ်အဆင်း၊ ဝေဒကျမ်းများနှင့် အမျိုးဇာတ်တို့သည် အဘယ်မှုတော့ပါအံ့နည်း"

"အချင်းတို့.... ထို့ကြောင့် အကျင့်သီလရှိခြင်း၊ ဉာဏ်ပညာ ထက်မြက် ခြင်း ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူကိုသည်း ပုဏ္ဏား ဟူ၍ ခေါ် ဆိုထိုက် ပါသည်"

## သီလနှင့်ပညာသော အမြတ်ဆုံး

သောဏဒဏ္ဍ ပုဏ္ဏားက ယင်းသို့ ချေပ ပြောဆိုလျှင် ထိုပုဏ္ဏားများ နှုတ်ဆိတ်သွားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် သောဏဒဏ္ဍအား ဤသို့ ဆက်လက်မိန့်ကြားတော်မူသည်။

"အချင်း သောဏဒဏ္ဍ ... အကျင့်သီလ ရှိခြင်း၊ ဉာဏ်ပညာ ထက်မြက် ခြင်း ဟူသော ဤအင်္ဂါနှစ်ပါးတွင် တပါးပါးကို ချန်ထားပြီး ကျန် အင်္ဂါ တပါးနှင့်သာ ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ် ဆိုနိုင်ပါသလော"

"မခေါ် ဆိုနိုင်ပါ အရှင်ဂေါတမ ... စင်စစ် ပညာကို သီလဖြင့် ဆေး ကြောရပါ၏၊ သီလကိုလည်း ပညာဖြင့် ဆေးကြောရပါ၏။ သီလရှိသောသူ အား ပညာရှိပါ၏၊ ပညာရှိသောသူအား သီလရှိပါ၏။ လောက၌ သီလနှင့် ပညာကို အမြတ်ဆုံးဟု ဆိုအပ်ပါ၏။ ဥပမာအားဖြင့် လက်တဖက်ဖြင့် ကျန် လက်တဖက်ကို ဆေးကြောနိုင်သကဲ့သို့ရင်း၊ ခြေတဖက်နှင့် ကျန် ခြေတဖက်ကို ဆေးကြောနိုင်သကဲ့သို့ရင်း ဖြစ်ပါ၏"

"အချင်း သောဏဒဏ္ဍ.... သီလ ဟူသည် အဘယ်ပါနည်း။ ပညာ ဟူ သည် အဘယ်ပါနည်း"

"အရှင်ဂေါတမ.... ကျွန်ုပ်ကား ဤမျှသာ သိပါ၏။ ထို သီလ ပညာ တို့၏ အနက်သဘောကို အရှင်ဂေါတမပင် ဟောကြားတော်မူပါလော"

## သီလ ပညာ တို့၏ အနက်သဘော

ဤသို့ သောဏဒဏ္ဍ က တောင်းပန် လျှောက်ထားသော အခါ ဗုဒ္ဓ မြတ်စွာသည် သီလ ပညာတို့၏ အနက် သဘောကို သာမညဖလသုတ်၌ ဟော ကြားတော်မူခဲ့သည့် နည်းအတိုင်း အကျယ် ချဲ့၍ ဟောကြားတော်မူသည်။

www.dhammaransi.com



သောဏဒဏ္ဍသည် ထိုတရားတော်ကို အလွန်ကျေနပ်နှစ်သက်လှသဖြင့် ရတနာသုံးပါးအား အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သူ "ဥပါသကာ" အဖြစ် ခံယူလေသည်။ ထို့နောက် ရဟန်းသံဃာအပေါင်းနှင့် တကွ ဗုဒ္ဓမြတ်စွာအား နောက်တနေ့တွင် မိမိ၏ဆွမ်းကို ခံယူရန် ပင့်ဖိတ်ပြီး အိမ်သို့ ပြန်ခဲ့လေ၏။

နောက်တနေ့ နံနက်တွင် ဗုဒ္ဓ မြတ်စွာသည် ရဟန်းသံဃာနှင့် အတူ သောဏဒဏ္ဍ၏နေအိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူသည်။ သောဏဒဏ္ဍသည် ဘုရား အမှူးရှိသော သံဃာအား ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလုပ်ကျွေးပြီး တနေရာ၌ထိုင်ကာ ဤသို့ လျှောက်ကြားလေ၏။

"အရှင်ဂေါတမ.... ကျွန်ုပ်သည် ပရိသတ်ထဲ၌ ရောက်နေစဉ် အရှင်ဂေါတမကို မြင်သဖြင့် နေရာမှထ၍ ရှိခိုးခဲ့လျှင် ပရိသတ်၏ ကဲ့ရဲ့ခြင်းကို ခံရဖွယ် ရှိပါသည်။ ထို့ကြောင့် ပရိသတ်ထဲမှနေ၍ ကျွန်ုပ် လက်အုပ်ချီခြင်းကို ထိုင်ရာမှထ၍ ရှိခိုးခြင်းကဲ့သို့ မှတ်ယူတော်မူပါ။ ဦးရစ်ချွတ်ခြင်းကိုလည်း ဦးခေါင်းဖြင့် ရှိခိုးခြင်းကဲ့သို့ မှတ်ယူတော်မူပါ။ ယာဉ်ထက်၌ ရောက်နေစဉ် နှင်တံကို မြှောက်ခြင်းကိုလည်း ယာဉ်မှဆင်းသက်ခြင်းကဲ့သို့ မှတ်ယူတော်မူပါ။ ယာဉ်ထက်၌နေ၍ ထီးကို ဖယ်ခြင်းကိုလည်း ဦးခေါင်းဖြင့် ရှိခိုးခြင်းကဲ့သို့ မှတ်ယူတော်မူပါ"

ဗုဒ္ဓမြတ်စွာသည် သောဏဒဏ္ဍအား ထိုက်သင့်သောတရားစကား ဟောကြားပြီး ကျောင်းတော်သို့ ပြန်ကြွတော် မူလေသည်။

———— ◦◦◦ ————

www.dhammaransi.com

# ၅။ ကူဋဒန္တသုတ်

ကူဋဒန္တပုဏ္ဏားအား ဟောကြားသော တရား

## ခါဏုမတ်ရွာသို့ ဗုဒ္ဓ ကြွရောက်ခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်း ငါးရာနှင့်အတူ မဂဓတိုင်း၌ ခရီး လှည့်လည်စဉ် ခါဏုမတ မည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်၍ ထိုရွာ အနီးရှိ အမ္ဗလဋ္ဌိကာ ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်က မဂဓ တိုင်းရှင် ဘုရင်ဗိမ္ဗိသာရ၏ အပိုင်စား ပေးချက်အရ ဆန်ရေစပါး ပေါများ ကြွယ်ဝသည့် ခါဏုမတ ရွာကို အုပ်ချုပ်နေသော ကူဋဒန္တ ပုဏ္ဏားသည် ယဇ် ကြီး ပူဇော်ပွဲ ကျင်းပရန် အတွက် နွားလားခုနစ်ရာ၊ နွားထီးငယ် ခုနစ်ရာ၊ နွားမငယ် ခုနစ်ရာ၊ ဆိတ် ခုနစ်ရာနှင့် သိုး ခုနစ်ရာတို့ကို ယဇ်တိုင် အနီးသို့ ပို့ဆောင်ထားလေသည်။

ခါဏုမတ ရွာသားတို့သည် ဗုဒ္ဓမြတ်စွာ ကြွရောက်လာကြောင်း သတင်း ကြားသိလျှင် ဗုဒ္ဓမြတ်စွာထံ သွားရောက်ဖူးမြော်ရန်အတွက် ရွာမှ အုပ်စုလိုက် ထွက်လာကြသည်။ ကူဋဒန္တ ပုဏ္ဏားသည် မိမိနေအိမ် ပြာသာဒ်ထက်မှ နေ၍ ထိုရွာသားတို့ကို လှမ်းမြင်ကာ ဗုဒ္ဓမြတ်စွာထံ သွားကြခြင်း ဖြစ်ကြောင်း သိရှိလျှင် မိမိလည်း လိုက်ပါလိုသဖြင့် ခေတ္တမျှစောင့်ဆိုင်းကြရန် ရွာသားတို့အား ပြောဆိုစေသည်။

## ကူဋဒန္တပုဏ္ဏား ဗုဒ္ဓထံ ချဉ်းကပ်ခြင်း

ထိုအချိန်က ရာပေါင်းများစွာသော ပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏား၏ ယဇ်ပူဇော်မှုကို ခံယူရန်အတွက် ခါဏုမတ ရွာသို့ ဆိုက်ရောက်နေကြ၏။ ထို ပုဏ္ဏားတို့သည် "ဗုဒ္ဓထံသို့ ကူဋဒန္တ ပုဏ္ဏား သွားမည်" ဟူသော သတင်းကို ကြားသိလျှင် ကူဋဒန္တ ထံသို့ အရေးတကြီး ရောက်လာကြပြီး ကူဋဒန္တ အား

www.dhammaransi.com


ဗုဒ္ဓထံ မသွားရန် ကန့်ကွက် ပြောဆိုကြ သည်။ ကူဋဒန္တကလည်း မိမိ ကြား၊ သိထားသော ဗုဒ္ဓ၏ ဂုဏ်များကို ချီးကျူးပြောဆိုပြီး ဗုဒ္ဓထံ သွားသင့်ကြောင်း ချေပပြောဆိုသည်။ ထိုအခါ ထိုပုဏ္ဏားများက မိမိ တို့လည်း လိုက်ပါရန် သဘောတူကြသဖြင့် ကူဋဒန္တ သည် များစွာသော ပုဏ္ဏားတို့နှင့် အတူ ဗုဒ္ဓ သီတင်းသုံးရာ အမ္ဗလဋ္ဌိကာဥယျာဉ်သို့ ထွက်ခွာခဲ့လေ၏။

## မဟာဝိဇိတမင်း၏ ယဇ်ပူဇော်ပွဲ

အမ္ဗလဋ္ဌိကာဥယျာဉ်သို့ ရောက်၍ ဗုဒ္ဓထံပါး၌ ထိုင်ပြီးသောအခါ ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓအား ဤသို့ လျှောက်ထား တောင်းပန်လေ၏။

"အရှင်ဂေါတမ.... အရှင်သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတား ရှိသည့် ပြည့်စုံသော ယဇ်ကို သိ၏ဟု ကျွန်ုပ်ကြားဘူးပါ၏။ ကျွန်ုပ်ကား ထိုကဲ့သို့သော ယဇ်ကို မသိပါ အရှင်ဂေါတမ။ ကျွန်ုပ် တောင်းပန်ပါ၏၊ ထိုယဇ်အကြောင်းကို ဟောကြားပါလော့"

"အချင်း ကူဋဒန္တ ... သို့ဖြစ်လျှင် နာကြားလော၊ ငါဟောပေအံ့။ ရှေးအခါက များစွာသော စည်းစိမ်ဥစ္စာတို့ဖြင့် ချမ်းသာကြွယ်ဝသည့် မဟာဝိဇိတ မည်သော မင်းသည် ရှိ၏။ ထိုမင်းသည် အခါတပါး၌ ယဇ်ကြီး ပူဇော်ရန်အကြံ ဖြစ်ပေါ်လာသဖြင့် ပုရောဟိတ်ပုဏ္ဏားကို ခေါ်ပြီး မိမိအား ယဇ်ပူဇော်ပုံ အစီအစဉ်များကို ညွှန်ကြားရန် ပြောဆို၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ဤသို့ လျှောက်တင်လေ၏"

"အရှင်မင်းမြတ်.... အရှင်မင်းမြတ်၏ နိုင်ငံတွင် ခိုးသားဓားပြတို့၏ နှောင့်ယှက်ဖျက်ဆီးမှုများ ရှိနေသဖြင့် အခွန်အတုပ် ကောက်ခံရန် မသင့်ပါ။ ထိုခိုးသားဓားပြတို့၏ ရန်ကိုလည်း ခြေပြစ်ဒဏ် စီရင်ချမှတ်ခြင်းဖြင့် အကြွင်းမဲ့ ဖယ်ရှားရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် အရှင်မင်းကြီးသည် မိမိနိုင်ငံတွင်း၌ လယ်ယာ လုပ်ခြင်း၊ နွားမွေးခြင်း ပြုသူတို့အား မျိုးစေ့ ရိက္ခာ ထောက်ပံ့ပေးကမ်းပါလော့။ ကုန်သွယ်မှုပြုသူတို့အား အရင်းအနှီးကို ထောက်ပံ့ပေးကမ်းပါလော့။ မင်းမှုထမ်းတို့အားလည်း လခ ရိက္ခာကို စီမံ ပေးပါလော့။ ယင်းသို့ ပြုခဲ့သော် နိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့ အလုပ်အကိုင်ကို အားထုတ်နေကြရသဖြင့် နိုင်ငံကိုနှောင့်ယှက်ဖျက်ဆီးခြင်း ပြုနိုင်ကြတော့မည် မဟုတ်ပါ။ အရှင်မင်းမြတ်အားလည်း ဥစ္စာစပါး တိုးပွားပါလိမ့်မည်။ နိုင်ငံသူ နိုင်ငံသား များမှာလည်း ချမ်းပျော်ရွှင်စွာ နေကြရပါလိမ့်မည်"

www.dhammaransi.com



မဟာဝိဇိတမင်းသည် ပုရောဟိတ်ပုဏ္ဏားလျှောက်တင်သည့်အတိုင်းနိုင်ငံသူ နိုင်ငံသားတို့အား မိမိတို့ လုပ်ငန်းအလိုက် ထိုက်တန်သော ပေးကမ်း ချီးမြှောက်မှုများကို ပြုလုပ်လေ၏။ ထိုအခါ ခိုးသား ဓားပြတို့၏ နှောင့်ယှက် ဖျက်ဆီးခြင်းများ ကင်းရှင်းကာ နိုင်ငံသူ နိုင်ငံသားများ အေးချမ်းပျော်ရွှင်စွာ နေကြရလေသည်။ မဟာဝိဇိတမင်းသည် ပုရောဟိတ် ပုဏ္ဏားကို ခေါ်ပြီး နိုင်ငံ၌ ခိုးသားဓားပြရန် ကင်းရှင်ပြီ ဖြစ်၍ မိမိသည် ယဇ်ကြီး ပူဇော်ခြင်းကို ပြုလုပ်လိုကြောင်း၊ ယဇ်ပူဇော်ရန် အစီအစဉ်များကို မိမိအား ညွှန်ကြားစေလိုကြောင်း မိန့်ကြားပြန်၏။ ထိုအခါ ပုရောဟိတ်က မဟာဝိဇိတမင်းအား နိဂုံးဇနပုဒ်နေ အရာ မင်း၊ မှူးမတ်၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့နှင့် တိုင်ပင်ရန် ညွှန်ကြား၏။ ထိုသို့ညွှန်ကြားသည့်အတိုင်း မဟာဝိဇိတမင်းက တိုင်ပင်သည့်အခါ နိဂုံးဇနပုဒ်နေ အရာမင်း၊ မှူးမတ် စသူ တို့က ယဇ်ပူဇော်ခြင်းကို မိမိတို့ သဘောတူညီကြောင်း လျှောက်တင်ကြသည်။ ဤသို့ဖြင့် ယဇ်ပူဇော်ရန် သဘောတူသော ဤအသင်းအပင်းလေးမျိုးတို့သည် ယဇ်၏ အရံအတားများ ဖြစ်ကြလေ၏။

## မဟာဝိဇိတမင်း၏ အင်္ဂါရှစ်ပါး

မဟာဝိဇိတ မင်းသည် (၁) အမျိုးဇာတ် မြင့်မြတ် စင်ကြယ်ခြင်း။ (၂) ရုပ်အဆင်း တင့်တယ်ခြင်း။ (၃) ပစ္စည်းဥစ္စာကြွယ်ဝခြင်း။ (၄) စစ်သည် ဗိုလ်ပါနှင့် ပြည့်စုံခြင်း။ (၅) သဒ္ဓါတရား ရှိခြင်း။ (၆) ဗဟုသုတ ရှိခြင်း။ (၇) ထိုထိုစကား၏ အနက်အဓိပ္ပာယ်ကို သိခြင်း။ (၈) ပညာဉာဏ် ထက်သန်ခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။ ဤအင်္ဂါရှစ်ပါးသည်လည်း ယဇ်၏ အရံအတားများဖြစ်၏။

## ပုရောဟိတ်၏ အင်္ဂါလေးပါး

မင်း၏ ပုရောဟိတ်ပုဏ္ဏားသည် (၁) အမျိုးဇာတ် မြင့်မြတ် စင်ကြယ်ခြင်း။ (၂) အဘိဓာန်၊ဆန်း၊ အလင်္ကာကျမ်းများနှင့်တကွ ဝေဒကျမ်းများ၌ တတ်ကျွမ်းလိမ်မာခြင်း။ (၃) အကျင့်သီလရှိခြင်း။ (၄) ဉာဏ်ပညာထက်မြက်ခြင်း ဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံ၏။ ဤအင်္ဂါလေးပါးသည်လည်း ယဇ်၏အရံအတားများ ဖြစ်၏။

www.dhammaransi.com


သုံးပါးသောစိတ်ထား

ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ယဇ်ပူဇော်ရာတွင် သုံးပါးသောစိတ်ထားနှင့် ပြည့်စုံရန်လည်း ညွှန်ကြားဆုံးမ၏။ သုံးပါးသော စိတ်ထားဟူသည်....

(၁) ယဇ်ပူဇော်ရန် ကြံစည်နေဆဲ၌ "ငါ၏ စည်းစိမ် ဥစ္စာများ ကုန်ခန်းတော့မည်"ဟူ၍ နှလုံးမသာယာမှု မဖြစ်စေခြင်း။

(၂) ယဇ်ပူဇော်နေဆဲ၌လည်း "ငါ၏စည်းစိမ်ဥစ္စာများ ကုန်ခန်း၏" ဟူ၍ နှလုံးမသာယာမှု မဖြစ်စေခြင်း။

(၃) ယဇ် ပူဇော်ပြီးသည့် အခါ၌လည်း "ငါ၏ စည်းစိမ် ဥစ္စာများ ကုန်ခန်းလေပြီ"ဟူ၍ နှလုံး မသာယာမှု မဖြစ်စေခြင်းတို့ ဖြစ်၏။

ဆယ်ပါးသော အချင်းအရာ

ထို့နောက် ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အလှူခံ ပုဂ္ဂိုလ်တို့အပေါ်၌ ဖြစ်တတ်သော နှလုံးမသာမှုကို မယ်ဖျောက်ရန်လည်း ညွှန်ကြားဆုံးမ၏။

ဆယ်ပါးသော အခြင်းအရာတို့ကား....

(၁) ယဇ်ပူဇော်ပွဲသို့ သူ့အသက် သတ်လေ့ရှိသူ တို့သည်ရင်း၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သူ တို့သည်ရင်း လာကြရာတွင် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သူများ ကိုသာ အာရုံပြု၍ ဝမ်းမြောက်ရွှင်လန်းစွာ ပေးလှူပူဇော်ခြင်း။

(၂) သူတပါး ပစ္စည်းကို ခိုးယူလေ့ရှိသူ၊ သူတပါး ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူ။

(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူ၊ ထိုသို့ ကျင့်ခြင်းမှ ရှောင်ကြဉ်သူ။

(၄) မုသားပြောလေ့ရှိသူ၊ မုသားပြောခြင်းမှ ရှောင်ကြဉ်သူ။

(၅) ကုံးချောစကားပြောလေ့ရှိသူ၊ ကုံးချောစကားပြောခြင်းမှ ရှောင်ကြဉ်သူ။

(၆) ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောလေ့ရှိသူ၊ ရုန့်ရင်းကြမ်းတမ်းသောစကား ပြောခြင်းမှ ရှောင်ကြဉ်သူ

www.dhammaransi.com



(၇) ပြိန်ဖျင်းသောစကားကိုပြောလေ့ရှိသူ၊ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်သူ။
(၈) လိုချင် တတ်မက်မှု "အဘိဇ္ဈာ" အားကြီးသူ၊ အဘိဇ္ဈာ နည်းပါးသူ။
(၉) ပျက်စီးစေလိုမှု "ဗျာပါဒ" အားကြီးသူ၊ ဗျာပါဒနည်းသူ။
(၁၀) မှားသောအယူရှိသူ၊ မှန်သောအယူရှိသူတို့ လာကြရာတွင်လည်း မှန်သောအယူရှိသူတို့ကိုသာ အာရုံပြု၍ ဝမ်းမြောက်ရွှင်လန်းစွာ ပေးလှူပူဇော်ခြင်းတို့ ဖြစ်၏။

## တဆယ့်ခြောက်ပါးသောအကြောင်း

ထို့နောက် တဖန် ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတ မင်းအား တဆယ့်ခြောက်ပါးသော အကြောင်းများကိုပြ၍ ယဇ်ပူဇော်မှု၌ စိတ်ရွှင်လန်း ထက်သန်မှုရှိစေရန် တိုက်တွန်းအားပေးခြင်း ပြုလေသည်။ တဆယ့်ခြောက်ပါးသော အကြောင်းဟူသည် နိဂုံးဇနပုဒ်နေ အရံမင်း၊ ပုံမှုမတ်၊ ပုဏ္ဏား သူဌေး သူကြွယ်တို့နှင့် တိုင်ပင်ခြင်း ဟူသော အကြောင်းလေးပါး၊ ယဇ်ပူဇော်သော မဟာဝိဇိတမင်း၏အမျိုးဇာတ်မြင့်မြတ်စင်ကြယ်ခြင်း၊ ရုပ်အဆင်းတင့်တယ်ခြင်း စသော အင်္ဂါရှစ်ပါး၊ ယဇ်ကိုစီရင်ညွှန်ကြားသော ပုရောဟိတ်ပုဏ္ဏား၏အမျိုးဇာတ် မြင့်မြတ်စင်ကြယ်ခြင်း၊ ဝေဒကျမ်းတို့၌ တတ်ကျွမ်းလိမ္မာခြင်း စသော အင်္ဂါလေးပါးတို့ ဖြစ်၏။

## သတ်ဖြတ်ခြင်းကင်းသောယဇ်ပူဇော်ပွဲ

ထိုယဇ်ပူဇော်ပွဲ၌ နွားဆိတ်သိုးတို့ကို သတ်ဖြတ်ခြင်းမပြု၊ ကြက်ဝက် စသော သတ္တဝါ အမျိုးမျိုးကိုလည်း သတ်ဖြတ်ခြင်းမပြု၊ ယဇ်တိုင်လုပ်ရန် အတွက် သစ်ပင်တို့ကိုလည်း ခုတ်ဖြတ်ခြင်းမပြု၊ ယဇ်ပွဲတွင် ခင်းရန်အတွက် သမန်းမြက်တို့ကိုလည်း ရိတ်ဖြတ်ခြင်းမပြု၊ ကျေးကျွန် အမှုထမ်းတို့အားလည်း တုတ် ဓား လက်နက်တို့ဖြင့် ချိမ်းချောက်၍ အဓမ္မ စေခိုင်းခြင်းမပြု၊ ယဇ်ပူဇော်ပွဲသည် ထောပတ်၊ ဆီ၊ ဆီဦ၊ နို့ဓမ်းပျားရည်၊ တင်လဲ တို့ဖြင့်သာ ပြီးဆုံးခြင်းသို့ရောက်၏။

ဤသို့ မဟာဝိဇိတ မင်းသည် ယဇ်ပူဇော်ပွဲကြီးကို ကျင်းပ ပြုလုပ် နေစဉ် နိဂုံးဇနပုဒ်နေ အရံမင်း၊ မင်းမှုထမ်းစသော သူတို့သည် များစွာသော

www.dhammaransi.com



ပုဏ္ဏားငည်းဥစ္စာတို့ကို ယူဆောင်လျက် မဟာဝိဇိတမင်းထံ ချဉ်းကပ်ပြီး "အရှင်မင်းမြတ်၊ ကျွန်ုပ်တို့သည် အရှင်မင်းမြတ်ကို ရည်ရွယ်၍ ဤပစ္စည်း ဥစ္စာများ ကို ယူဆောင်ခဲ့ပါသည်၊ အရှင်မင်းမြတ်သည် ဤပစ္စည်း ဥစ္စာများကို ခံယူတော်မူပါ" ဟု လျှောက်တင်ကြသည်။

"အချင်းတို့.... ငါ့အလိုမရှိ၊ ငါ၌ တရားသော အခွန် အတုပ်ဖြင့် စုဆောင်းထားသည့် ပစ္စည်းဥစ္စာ များစွာရှိ၏။ ထိုပစ္စည်းဥစ္စာမှလည်း သင်တို့ အလိုရှိသလောက် ယူသွားကြကုန်လော့"

ဤသို့ မဟာဝိဇိတမင်းက ငြင်းပယ် လိုက်သောအခါ ထိုသူတို့သည် မိမိတို့ပစ္စည်းဥစ္စာများကို အိမ်သို့ပြန်၍ ယူဆောင်သွားခြင်းမပြုတော့ဘဲ မဟာဝိဇိတမင်းကဲ့သို့ပင် ယဇ်ပူဇော်ပွဲပြုလုပ်ရန် ညှိနှိုင်းတိုင်ပင်ကြသည်။ ထို့နောက် နိဂုံးဇနပုဒ်နေ အရံမင်းတို့သည် မဟာဝိဇိတမင်းပြုလုပ်သည့် ယဇ်ပွဲ၏ အရှေ့ဖက်၌ရင်း၊ မှူးမတ် တို့သည် တောင်ဖက်၌ရင်း၊ ပုဏ္ဏား သူဌေး တို့သည် အနောက်ဖက်၌ရင်း၊ သူကြွယ် တို့သည် မြောက်ဖက်၌ရင်း၊ ယဇ်ပူဇော်ပွဲများကို အသီးသီးပြုလုပ်ကြသည်။ ထိုယဇ်ပူဇော်ပွဲများ၌လည်း သတ္တဝါ တို့ကို ညှင်းဆဲ နှိပ်စက်ခြင်း မရှိဘဲ ထောပတ် ဆီဦ စသည်ဘို့ဖြင့်သာ ပြီးဆုံးလေသည်။

ဤသို့သဘောတူအသင်း အပင်းလေးပါး၊ ယဇ်ပူဇော်သော မဟာဝိဇိတမင်း၏ အင်္ဂါရှစ်ပါး၊ ယဇ်ကို စီရင်သော ပုရောဟိတ်ပုဏ္ဏား၏ အင်္ဂါလေးပါးနှင့် သုံးပါးသောစိတ်ထားတို့ ပါဝင်သောယဇ်ကို "သုံးပါးသောစိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိ၍ ပြည့်စုံသောယဇ်" ဟု ဆိုအပ်ပေ၏။

ဤသို့ဗုဒ္ဓမြတ်စွာက မဟာဝိဇိတမင်း၏ ယဇ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူလျှင် ပုဏ္ဏားတို့သည် "အံ့ဩဖွယ်ကောင်းသော ယဇ်ပွဲပါပေတည်း" ဟူ၍ တအံ့တဩချီးကျူး ပြောဆိုကြသည်။ ကူဋဒန္တ ပုဏ္ဏားကား မည်သို့မျှမပြောဘဲ ဆိတ်ဆိတ်သာနေ၏။ ပုဏ္ဏားတို့က "အဘယ့်ကြောင့် ဆိတ်ဆိတ် နေပါသနည်း" ဟု မေးမြန်းရာ ကူဋဒန္တက "ရဟန်းဂေါတမသည် ထိုအခါက မဟာဝိဇိတမင်းသော်ရင်း၊ ပုရောဟိတ် ပုဏ္ဏားသော်ရင်း၊ ဖြစ်ခဲ့တန်ရာ၏" ဟု စဉ်းစားနေသောကြောင့် ဆိတ်ဆိတ်နေခြင်းဖြစ်ကြောင်း ပြန်ကြားပြောဆို၏။ ထို့နောက် ကူဋဒန္တ၏ မေးလျှောက်ချက်အရ ဗုဒ္ဓမြတ်

www.dhammaransi.com



စွာက မိမိသည် ထိုအခါက ယင်ပူဇော်ပွဲကို စီစဉ် ညွှန်ကြားသည့် ပုရောဟိတ်ပုဏ္ဏားဖြစ်ခဲ့ကြောင်း ထုတ်ဖော်မိန့်ကြားတော်မူသည်။

## ပို၍အကျိုးများသောယင်

တဖန်ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာအား ယင်ပူဇော်ခြင်းနှင့် ပတ်သက်၍ ထပ်မံမေးလျှောက်ပြန်၏။

"အရှင်ဂေါတမ.... သုံးပါးသော စိတ်ထားနှင့် တဆယ့် ခြောက်ပါးသော အရံအတားရှိ၍ ပြည့်စုံသော ဤယင်ထက် အားထုတ် လုပ်ဆောင်ဖွယ် နည်းပါးပြီး အကျိုးအာနိသင် ပို၍ကြီးသော အခြားယင်တမျိုး ရှိပါသေးသလော"

'ရှိပေ၏ကူဋဒန္တ၊ သီလရှိသောရဟန်းတို့အား ရည်ညွှန်း၍ အမြဲတမ်း လှူနေသော မျိုးရိုးစဉ်ဆက်အလှူသည် အားထုတ်လုပ်ဆောင်ဖွယ် နည်းပါးပြီး အကျိုးအာနိသင်လည်း ပို၍ကြီးမားပေ၏။ အဘယ့်ကြောင့် ဆိုသော် ဤအလှူ၌ညှင်းဆဲနှိပ်စက်ခြင်းကင်း၍ ရဟန္တာများ၊ ရဟန္တာဖြစ်ရန် ကျင့်ကြံနေသူများလာရောက် ကြသောကြောင့် ဖြစ်ပေ၏။"

"အရှင်ဂေါတမ.... ထိုမျိုးရိုး စဉ်ဆက် အလှူထက် အားထုတ်လုပ်ဆောင်ဖွယ်နည်းပါးပြီး အကျိုးအာနိသင် ပို၍ကြီးမားသော အခြားယင်တမျိုးရှိပါသေးသလော"။

"ရှိပေ၏ ကူဋဒန္တ.... အရပ်လေးမျက်နှာ၌ရှိသော သံဃာကိုရည်ညွှန်း၍ ကျောင်းဆောက်လုပ်လှူဒါန်းခြင်းသည် မျိုးရိုးစဉ်ဆက် အလှူထက် အားထုတ် လုပ် ဆောင် ဖွယ် နည်းပါးပြီး အကျိုး အာနိသင်လည်း ပို၍ကြီးမားပေ၏"။

"အရှင်ဂေါတမ. ဤကျောင်း အလှူထက် အားထုတ် လုပ်ဆောင်ဖွယ်နည်းပါးပြီး အကျိုးအာနိသင်ပို၍ကြီးသော အခြားယင်တမျိုးရှိပါသေးသလော"

"ရှိပေ၏ကူဋဒန္တ ... ယုံကြည်သောစိတ်ဖြင့် ဘုရား တရား သံဃာ တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကျောင်းအလှူထက် အားထုတ်လုပ်ဆောင်ဖွယ် နည်းပါးပြီး အကျိုးအာနိသင်လည်း ပို၍ကြီးမားပေ၏။"

www.dhammaransi.com



"အရှင် ဂေါတမ.... ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းထက် အားထုတ်ဆောင်ရွက်ဖွယ် နည်းပါးပြီး အကျိုးအာနိသင် ပို၍ ကြီးမားသော အခြားယဇ်တမျိုး ရှိပါသေးသလော"

"ရှိပေ၏ ကူဋဒန္တ.... သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း စသော ကံငါးပါးမှ ရှောင်ကြဉ်ခြင်းသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း ထက် အားထုတ် လုပ်ဆောင်ဖွယ် နည်းပါးပြီး အကျိုးအာနိသင်လည်း ပို၍ ကြီးမားပေ၏"

"အရှင် ဂေါတမ.... ဤကံငါးပါးမှ ရှောင်ကြဉ်ခြင်းထက် အားထုတ် လုပ်ဆောင်ဖွယ် နည်းပါးပြီး အကျိုးအာနိသင် ပို၍ ကြီးမားသော အခြား ယဇ်တမျိုး ရှိပါသေးသလော"

ဤသို့ မေးလျှောက်သောအခါ ဗုဒ္ဓမြတ်စွာသည် သာမညဖလသုတ်၌ ဟောကြားခဲ့သည့် စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ ဟူသော သီလသုံးပါး၊ ပဌမစျာန်၊ ဒုတိယစျာန် စသော စျာန် လေးပါး၊ ဝိပဿနာဉာဏ်၊ မနော မယိဒ္ဓိဉာဏ် စသော ဉာဏ်ရှစ်ပါးသည် အားထုတ် လုပ်ဆောင်ဖွယ် နည်းပါး ပြီး အကျိုးအာနိသင်လည်း ပို၍ကြီးမားသော ယဇ်များဖြစ်ကြောင်း၊ အာသ ဝက္ခယဉာဏ်ထက် သာလွန်သည့်ယဇ်ကား မရှိတော့ပြီဖြစ်ကြောင်း ဟောကြား တော်မူသည်။

## ကူဋဒန္တပုဏ္ဏား ဥပါသကာအဖြစ် ခံယူခြင်း

ယင်းသို့ ဟောကြားတော် မူသောအခါ ကူဋဒန္တပုဏ္ဏားသည် တရား တော်ကို အလွန်နှစ်သက်လှသဖြင့် မိမိသည် ထိုနေ့မှစ၍ ရတနာသုံးပါးအား အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ "ဥပါသကာ"အဖြစ် ခံယူပါကြောင်း ဖွင့်ဟလျှောက်တင်သည်။ ယဇ် ပူဇော်ရန် အတွက် ဖမ်းဆီးထားသည့် နွား၊ ဆိတ်၊ သိုး စသော သတ္တဝါများကိုလည်း ဘေးမဲ့လွှတ်ရန် ချက်ခြင်း ညွှန် ကြားလေသည်။


ထို့နောက် ဗုဒ္ဓမြတ်စွာသည် ကူဋဒန္တပုဏ္ဏားအား ဒါနကထာ၊ သီလ ကထာ စသော တရားစကားများကို အစဉ်အတိုင်း ဟောကြားတော်မူသည်။ ကူဋဒန္တ၏စိတ်သည် နူးညံ့တက်ကြွ၍ ကြည်လင်လာသောအခါ မြတ်စွာဘုရား သည် ကိုယ်တိုင်ဖော်ထုတ်သိမြင်အပ်သော "သာမုက္ကံသိက"တရားဒေသနာကို

www.dhammaransi.com



ဟောကြားလျက် သစ္စာလေးပါးကို ထင်ရှားပြသတော်မူသည်။ ထိုအခါ ဖြူစင်သောအဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ကူဋဒန္တပုဏ္ဏားအား ထိုနေရာ၌ပင် မြူအညစ်အကြေး ကင်းစင်သော တရားမျက်စိ ထင်ရှား ဖြစ်ပေါ်လာ၏။

တရားကို သိမြင်ပြီး၍ ယုံမှားခြင်းကင်းကာ ရဲရင့်ခြင်းသို့ ရောက်လာသော ကူဋဒန္တပုဏ္ဏားသည် ရဟန်းသံဃာအပေါင်းနှင့်တကွ ဗုဒ္ဓမြတ်စွာအား နောက်တနေ့တွင် မိမိအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူခြင်း ပြုသည်။ ဗုဒ္ဓမြတ်စွာသည် ဆွမ်းကိစ္စပြီးစီးသောအခါ ကူဋဒန္တ အမှူးရှိသော ပရိသတ်အား ထိုက်သင့်သော တရားစကားများကို ထပ်မံ ဟောကြားတော်မူပြန်လေသည်။



www.dhammaransi.com

# ၆။ မဟာလိသုတ်

မဟာလိမင်းသားအား ဟောကြားသော တရား

**မဟာလိ ဗုဒ္ဓထံ ချဉ်းကပ်ခြင်း**

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်အနီး မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။ ထိုအချိန်တွင် မဂဓတိုင်းနှင့် ကောသလတိုင်းတို့မှ များစွာသော ပုဏ္ဏားတို့သည် ပြုဖွယ်ကိစ္စ တခုဖြင့် ဝေသာလီပြည်သို့ ဆိုက်ရောက်နေကြ၏။ ထိုပုဏ္ဏားတို့သည် ကူဋာဂါရ ကျောင်းတိုက်၌ ဗုဒ္ဓမြတ်စွာ သီတင်း သုံးနေကြောင်း ကြားသိကြလျှင် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်သို့ သွား၍ ဗုဒ္ဓမြတ်စွာ၏ အလုပ်အကျွေး ဖြစ်သော ရှင်နာဂိတ ထံ ချဉ်းကပ်ကာ ဗုဒ္ဓမြတ်စွာအား ဖူးမြော်လိုကြောင်း လျှောက်ထားကြသည်။ ရှင်နာဂိတ က ဗုဒ္ဓမြတ်စွာသည် တပါးတည်း ကိန်းအောင်း နေချိန်ဖြစ်၍ ဖူးမြော်ရန်မသင့်သေးကြောင်း ပြန်လည်မိန့်ကြားသည်။ ထိုအခါ ပုဏ္ဏားတို့သည် "ရှင်ဂေါတမကို ဖူးမြော်ပြီးမှသာ ငါတို့ပြန်ကြအံ့" ဟူသော အကြံဖြင့် တနေရာ၌ စောင့်ဆိုင်းနေကြသည်။

ထိုအချိန်မှာပင် မဟာလိ မည်သော လိစ္ဆဝီမင်းသားသည်လည်း မိမိ၏ ပရိသတ်နှင့်အတူ ရှင်နာဂိတ ထံရောက်လာပြီး ဗုဒ္ဓမြတ်အားဖူးမြော်လိုကြောင်း လျှောက်ကြားသည်။ ရှင်နာဂိတ က ရှေးနည်းတူ ပြောကြားလိုက် သဖြင့် မဟာလိသည်လည်း တနေရာ၌စောင့်ဆိုင်းနေသည်။ ထိုအခါ သီဟ မည်သော သာမဏေသည် ရှင်နာဂိတထံချဉ်းကပ်၍ စောင့်ဆိုင်းနေသူတို့အား ဗုဒ္ဓမြတ်စွာ ကို ဖူးမြော်ခွင့် ရရှိစေသင့်ကြောင်း လျှောက်ကြားသည်။ "သို့ဖြစ်က သင်ပင် သွား၍ ဗုဒ္ဓအား လျှောက်ကြားလော" ဟု ရှင်နာဂိတ က စေခိုင်းသဖြင့် သီဟ သာမဏေသည် ဗုဒ္ဓထံ ချဉ်းကပ်ကာ လျှောက်ကြားလေသည်။

သီဟ သာမဏေ၏ လျှောက်ကြားချက်အရ ဗုဒ္ဓမြတ်စွာသည် ကျောင်း တွင်းမှ ထွက်လာပြီး ကျောင်းရိပ်တွင်ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်

www.dhammaransi.com



မှုသည်။ တိုင်းတပါးသား ပုဏ္ဏားတို့သည်၎င်း၊ လိစ္ဆဝီမင်းသား မဟာလိနှင့် ပရိသတ်သည်၎င်း ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ဝမ်းမြောက်ဖွယ် လောကဝတ် စကားများကို ပြောဆိုတာ အသီးသီးထိုင်နေကြသည်။

## တဖက်သတ် ပွားများအပ်သော သမာဓိ

ထိုအခါ လိစ္ဆဝီမင်းသား မဟာလိသည် ဗုဒ္ဓမြတ်စွာအားရှိခိုး၍ ဤသို့ မေးလျှောက်လေ၏။

"အရှင်ဘုရား.... လိစ္ဆဝီမင်းသား သုနက္ခတ္တသည် တခါက မြတ်စွာ ဘုရားကို အမှီပြု၍ သုံးနှစ်မျှနေခဲ့ရာ နတ်လောကမှ အဆင်းရူပါရုံတို့ကို မြင် ခဲ့ရကြောင်း၊ နတ်လောကမှ အသံတို့ကိုမူ မကြားခဲ့ရကြောင်း တပည့်တော် အား ပြောကြားဘူးပါသည်။ အရှင်ဘုရား.... သုနက္ခတ္တသည် နတ်လောကမှ အသံတို့ကို ထင်ရှားရှိလျက်ပင် မကြားခြင်း ဖြစ်ပါသလော။ သို့တည်းမဟုတ် ထင်ရှားမရှိ၍ မကြားခြင်းဖြစ်ပါသလော"

"မဟာလိ.... သုနက္ခတ္တသည် နတ်လောကမှအသံတို့ကို ရှိလျက် မကြား ခြင်း ဖြစ်၏။ မရှိ၍ မကြားခြင်းမဟုတ်"

"အရှင်ဘုရား.... သုနက္ခတ္တသည် နတ်လောကမှ အသံတို့ကို ထင်ရှား ရှိပါလျက် အဘယ့်ကြောင့် မကြားပါသနည်း"

"မဟာလိ.... ဤသာသနာတော်၌ အကြင်ရဟန်းသည် ချစ်နှစ်သက် ဖွယ်၊ မက်မောဖွယ်ဖြစ်သည့် နတ်လောကမှအဆင်းရူပါရုံတို့ကို မြင်ရန်အတွက် သာ တည်ကြည်မှုသမာဓိကို ပွားများ၏။ အသံတို့ကို ကြားရန်အတွက်ကား သမာဓိကို မပွားများ။ ထိုရဟန်းသည် နတ်လောကမှ အဆင်းရူပါရုံတို့ကိုသာ မြင်ရ၏။ အသံတို့ကိုမူ မကြားရပေ။ အကြောင်းကား အဆင်းရူပါရုံတို့ကို မြင်ရန်အတွက်သာ သမာဓိကို ပွားများခြင်းကြောင့်ဖြစ်၏"

"အရှင်ဘုရား.... ရဟန်းတို့သည် ထိုပွားများအပ်သော တည်ကြည်မှု သမာဓိတရားတို့ကို မျက်မှောက်ပြုလိုသောကြောင့် မြတ်စွာဘုရားထံ၌ မြတ် သောအကျင့်ကို ကျင့်သုံးကြခြင်း ဖြစ်ပါသလော"

"မဟာလိ.... ရဟန်းတို့သည် ထိုသမာဓိတရားတို့ကို မျက်မှောက်ပြုလို သောကြောင့်သာ ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးကြသည် မဟုတ်။ သမာဓိတရားထက် သာလွန် မြင့်မြတ်သည့် အခြား တပါးသော တရားများ

www.dhammaransi.com



လည်း ရှိကြသေး၏။ ထိုတရားတို့ကို မျက်မှောက်ပြုလိုသောကြောင့်သာလျှင် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးကြခြင်း ဖြစ်၏"

**သမာဓိထက် သာလွန်သော တရား**

"အရှင်ဘုရား.... သမာဓိထက် သာလွန်သော တရားတို့ကား အဘယ်ပါနည်း"

"မဟာလိ.... ဤသာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်း သဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက်မဂ်သုံးပါးလျှင် လားရာ ရှိသော သောတာပန် ဖြစ်၏။ ဤသို့ သောတာပန်ဖြစ်ခြင်းသည်လည်း သမာဓိထက် သာလွန်မြင့်မြတ်သောတရား ဖြစ်၏"

"မဟာလိ.... ထို့ပြင်လည်း ရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်၎င်း၊ တတ်မက်ခြင်း ရာဂ၊ ပြစ်မှားခြင်း ဒေါသ၊ တွေဝေခြင်း မောဟ တို့၏ ခေါင်းပါးခြင်းကြောင့်၎င်း၊ ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုမည့် သကဒါဂါမ် ဖြစ်၏။ ဤသို့ သကဒါဂါမ် ဖြစ်ခြင်းသည်လည်း သမာဓိထက် သာလွန် မြင့်မြတ်သောတရား ဖြစ်၏။

"မဟာလိ.... ထို့ပြင်လည်း ရဟန်းသည် အောက်ဘုံ၌ ပဋိသန္ဓေနေခြင်း အဘို့ရှိသည့် သံယောဇဉ်အနှောင်အဖွဲ့ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြု၏။ ထိုဘုံမှ ပြန်လာခြင်းသဘော မရှိသော အနာဂါမ်ဖြစ်၏။ ဤသို့ အနာဂါမ်ဖြစ်ခြင်းသည်လည်း သမာဓိထက် သာလွန်မြင့်မြတ်သောတရားဖြစ်၏"

"မဟာလိ....ထို့ပြင်လည်း ရဟန်းသည် အာသဝတို့၏ကုန်ခြင်းကြောင့် အာသဝကင်း၍ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်လျက်နေ၏။ ဤသို့ ရဟန္တာ ဖြစ်ခြင်းသည်လည်း သမာဓိထက် သာလွန်မြင့်မြတ်သောတရား ဖြစ်၏"

"မဟာလိ.... ရဟန်းတို့သည် ငါ့ထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးကြခြင်းမှာ ဤတရားတို့ကို မျက်မှောက်ပြုလိုကြသောကြောင့်ပင် ဖြစ်ပေ၏"

www.dhammaransi.com




## အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်

“အရှင်ဘုရား... ထိုတရားတို့ကို မျက်မှောက် ပြုရန် အကျင့် လမ်းစဉ်ကား အဘယ်ပါနည်း”

“မဟာလိ.... ထိုတရားတို့ကို မျက်မှောက်ပြုရန် အကျင့်လမ်းစဉ်ကား သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အရိယမဂ် ပင်တည်း”

ဤသို့ မိန့်ကြားသောအခါ လိစ္ဆဝီမင်းသား မဟာလိသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ဝမ်းမြောက် နှစ်သက်စွာ ခံယူလေသည်။



www.dhammaransi.com

# ၇။ ဇာလိယသုတ်

ဇာလိယပရိဗိုဇ်အား ဟောကြားသောတရား

## ကိုယ်သည်ပင်အသက်လော

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မုဏ္ဍိယမည်သော ပရိဗိုဇ်နှင့် ဇာလိယမည်သော ပရိဗိုဇ်တို့သည် ဗုဒ္ဓမြတ်စွာထံ ဆိုက်ရောက်လာကြပြီး ဝမ်းမြောက်ဖွယ်လောကဝတ်စကားများကို ပြောဆိုကြသည်။ ထို့နောက်ဇာလိယပရိဗိုဇ်သည် ဗုဒ္ဓမြတ်စွာအား "ငါ့ရှင်ဂေါတမ၊ ကိုယ်သည်ပင် အသက်၊ အသက်သည်ပင် ကိုယ်ဖြစ်ပါသလော။ သို့တည်းမဟုတ် ကိုယ်နှင့် အသက်တို့သည် တခြားစီဖြစ်ပါသလော" ဟူ၍မေးလျှောက်လေ၏။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဇာလိယပရိဗိုဇ်၏ အမေးကို အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

"ငါ့ရှင်တို့.... ဤလောက၌ အလုံးစုံသော တရားတို့ကို မဖောက်မပြန် မှန်ကန်စွာသိမြင်သော မြတ်စွာဘုရားသည် ပွင့်တော်မူလာ၍ ထိုမြတ်စွာဘုရား ဟောကြားသည့်တရားကို ကြားနာရသော အမျိုးကောင်းသား တယောက်သည် ရဟန်းဘောင်သို့ဝင်ကာ သီလကိုစောင့်ထိန်း၏။ အယုတ်အလတ်အမြတ်အားဖြင့် သုံးပါးသော သီလတို့နှင့်တကွ ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်သော ထိုရဟန်းသည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကိုဖြစ်စေလျက် နေထိုင် လတ်သည်ရှိသော် နီဝရဏတို့မှကင်းစင်သော စိတ်ရှိသည်ဖြစ်၍ ပဌမဈာန်မှ စတုတ္ထဈာန်အထိ အဆင့်ဆင့်သော ဈာန်တို့ကို အစဉ်အတိုင်းရရှိ၏။ ထို့နောက် ကြံ့ခိုင်တည်တန့် နူးညံ့စင်ကြယ်သောစိတ်ကို မိမိလိုရာသို့ ရှေးရှုညွတ်စေသဖြင့် ရုပ်နာမ် နှစ်ပါးကို ခွဲခြားသိမြင်သည့် ဝိပဿနာဉာဏ်ကိုရင်း၊ တန်ခိုးအမျိုးမျိုးကို

www.dhammaransi.com




ဖန်ဆင်းနိုင်သည့် အဘိညာဉ်တို့ကိုရင်း ပေါက်ရောက်ရရှိ၏။ နောက်ဆုံးကွင်ကား ဆင်းရဲခြင်းဒုက္ခ၊ ဆင်းရဲဖြစ်ပေါ်မှု၏ အကြောင်းသမုဒယ၊ ဆင်းရဲချုပ်ရာနိရောဓ၊ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း အကျင့်မဂ္ဂတို့ကို ထိုးထွင်းသိမြင်၍ အာသဝလေးပါးတို့၏ ကုန်ခန်းမှုကို ဖြစ်စေသော အာသဝက္ခယဉာဏ်ကိုမျက်မှောက်ပြုလေ၏"။

"ငါ့ရှင်တို့.... ဤသို့သိမြင်သော ရဟန်းအား "ကိုယ်သည်ပင်အသက်၊ အသက်သည်ပင်ကိုယ်" ဟူ၍ရင်း၊ "ကိုယ်နှင့်အသက်သည် တခြားစီ" ဟူ၍ရင်း ဆိုရန်သင့်လျော်ပါမည်လော"

"အရှင်ဂေါတမ.... ဤသို့သိမြင်သော ရဟန်းအား "ကိုယ်သည်ပင် အသက်၊ အသက်သည်ပင်ကိုယ်" ဟူ၍ရင်း၊ "ကိုယ်နှင့် အသက်သည်တခြားစီ" ဟူ၍ရင်း ဆိုရန်မသင့်လျော်ပါ"

"ငါ့ရှင်တို့.... ငါသည် ဤသို့ သိပြီးဖြစ်၏၊ ဤသို့မြင်ပြီးဖြစ်၏။ ထို့ကြောင့်ပင် "ကိုယ်သည်ပင်အသက် အသက်သည်ပင်ကိုယ်" ဟူ၍ရင်း၊ 'ကိုယ်နှင့်အသက်သည် တခြားစီ' ဟူ၍ရင်းမဆိုပေ"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားတော်မူသောအခါ မုဏ္ဍိယပရိဗိုဇ်နှင့် ဇာလိယပရိဗိုဇ်တို့သည် တရားတော်ကို ဝမ်းမြောက်စွာ ခံယူကြလေ၏။



www.dhammaransi.com

# ၈။ မဟာသီဟနာဒသုတ်

ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို မြွက်ကြားခြင်း

## ခြိုးခြံမှုကို ပယ်သလော

ဥရုညမြို့အနီး ကဏ္ဏကထလ မည်သော တောမဲ့တော၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် **အဝတ်မဲ့ဝတ်သည့်** ကဿပအမည်ရှိသော တက္ကတွန်းသည် ဗုဒ္ဓမြတ်စွာထံချဉ်းကပ်၍ ဤသို့မေးလျှောက်လေသည်။

"အရှင်ဂေါတမ.... သင်သည် ခြိုးခြံသောအကျင့်အားလုံးကိုကဲ့ရဲ့၏၊ ခေါင်းပါးစွာအသက်မွေး၍ ခြိုးခြံစွာကျင့်သူအားလုံးကို တဖက်သတ် ပြက်ရယ်ပြု၏၊ ရှုတ်ချ၏ ဟု ကျွန်ုပ်ကြားဘူးပါသည်။ ထိုစကားသည် မှန်ပါသလော။"

"ကဿပ.... သင်ကြားဘူးသောစကားသည် လုံးဝမမှန်ပေ၊ ကဿပ ဤလောက၌ ခေါင်းပါးစွာအသက်မွေး၍ ခြိုးခြံစွာကျင့်သူများတွင် အချို့မှာသေပြီး အပါယ်ငရဲသို့ကျရောက်၍ အချို့မှာမူ သေပြီး နတ်ပြည်သို့ရောက်သွားကြသည်ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ငါသိမြင်၏။ ထို့ပြင်ဆင်းရဲနည်းစွာနေ၍ ခြိုးခြံစွာ ကျင့်သူများတွင်လည်း အချို့မှာသေပြီး ငရဲသို့ကျရောက်၍ အချို့မှာမူ သေပြီး နတ်ပြည်သို့ ရောက်သွားကြသည်ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ငါသိမြင်၏။ ကဿပ ယင်းသို့သိမြင်သောငါသည် ခြိုးခြံသောအကျင့်အားလုံးကို အဘယ့်ကြောင့် ကဲ့ရဲ့အံ့နည်း။ ခေါင်းပါးစွာ အသက်မွေး၍ ခြိုးခြံစွာ ကျင့်သူအားလုံးကို အဘယ့်ကြောင့် ရှုတ်ချပါအံ့နည်း။"

## နှိုင်းယှဉ်၍ စိစစ်သော်

"ကဿပ.... ဤလောက၌ သိမ်မွေ့သော ဉာဏ်ပညာနှင့် ပြည့်စုံ၍ တပါးသူ၏ အယူဝါဒများကို ချေဖျက်နိုင်စွမ်းရှိသော ရဟန်း ပုဏ္ဏားတို့သည်

www.dhammaransi.com



ရှိကြကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့အယူဝါဒနှင့် ငါ၏အယူဝါဒသည် အချို့နေရာ၌တူညီသော်လည်း အချို့နေရာ၌ကား မတူညီပေ။ ထိုသူတို့က ကောင်း၏ဟု ဆိုသကဲ့သို့ ငါကလည်း ကောင်း၏ဟုပင် ဆိုသည့်အရာများ ရှိ၏။ တဖန် ထိုသူတို့က ကောင်း၏ဟု ဆိုသော်လည်း ငါက မကောင်းဟုဆိုသော အရာများလည်းရှိ၏"

"ကဿပ.... ယင်းသို့ တူညီသောအရာ၊ မတူညီသောအရာ နှစ်မျိုးတွင် မတူညီသောအရာကို ထားဘိဦး၊ တူညီသောအရာ၌ပင် နှစ်ဦးနှစ်ဖက်လုံးက မကောင်းဟုဆိုသောအရာကို ငါနှင့် ငါ့တပည့်များကသာ အကြွင်းမဲ့ ပယ်၍ ကျင့်ကြံပြီး တပါးသော ဂိုဏ်းဆရာများနှင့် ထိုဂိုဏ်းဆရာတို့၏ တပည့်များ ကမူ အနည်းငယ်သာပယ်၍ ကျင့်ကြံကြောင်း စိစစ်တွေ့ရှိရမည်ဖြစ်၏။ ထို့အတူပင် နှစ်ဦးနှစ်ဖက်လုံးက ကောင်း၏ဟုဆိုသော အရာကိုလည်း ငါနှင့် ငါ့တပည့်များကသာ အကြွင်းမဲ့ ဆောက်တည်၍ ကျင့်ကြံပြီး တပါးသောဂိုဏ်းဆရာများနှင့် ထိုဂိုဏ်းဆရာတို့၏ တပည့်များကမူ အနည်းငယ်သာ ဆောက်တည်၍ ကျင့်ကြံကြောင်း စိစစ်တွေ့ရှိရမည်ဖြစ်၏။ ကဿပ ဖြောင့်မှန်သော အမြင်၊ ဖြောင့်မှန်သော ကြံစည်ခြင်း စသည့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ကို ကျင့်ကြံသူသည် ငါ၏စကား မှန်ကန်ကြောင်းကို သိမြင်ပေလိမ့်မည်။"

## ရဟန်းပုဏ္ဏားတို့၏ အလုပ်များ

"အရှင်ဂေါတမ.... ထိုရဟန်းပုဏ္ဏားတို့က သမဏအလုပ်ဟူ၍ရင်း၊ ဗြာဟ္မဏ အလုပ်ဟူ၍ရင်း ဆိုသည့် ခြိုးခြံသောအကျင့်ကို အားထုတ်မှုတို့သည်လည်း ရှိပါကုန်သေး၏။ ထိုအားထုတ်မှုများမှာ အဝတ်မဝတ်ဘဲနေခြင်း၊ လွတ်လပ်စွာ ကျင့်ခြင်း၊ လက်ဖြင့် မစင်ကိုသုတ်ခြင်း၊ လာပါလော ရပ်ပါလောဟူ၍ ဆိုသူ၏ ဆွမ်းကိုပယ်ခြင်း၊ မိမိအားရည်စူး၍ မစီမံချက်ပြုတ်သော ဆွမ်းကိုမခံခြင်း၊ ခုနစ်ရက်တကြိမ်၊ ဆယ့်ငါးရက်တကြိမ်သာ အစာစားခြင်း၊ ဟင်းရွက်စိမ်း၊ ပြောင်းဆန်၊ ကျိတ်သီးဆန်၊ တောသစ်မြစ်၊ သစ်သီး စသည်တို့ကိုသာ စား၍နေခြင်း၊ ပိုက်ဆံလျှော်အဝတ်၊ သူသေကောင်မှုအဝတ်၊ ပံသုကူအဝတ် စသည်တို့ကိုသာ ဝတ်ဆင်ခြင်း၊ ဆူးအခင်းပေါ်၌အိပ်ခြင်း နံပါးတဖက်ဖြင့် အိပ်ခြင်း၊ ရေမသောက်ဘဲနေခြင်း၊ တနေ့သုံးကြိမ် ရေစိမ်ခြင်း စသည် ဘို့ဖြစ်ပါသည်။"

www.dhammaransi.com


"ကဿပ...အဝတ်မဝတ်ဘဲနေခြင်း၊ ရက်ခြား၍အစာစားခြင်း၊ ပိုက်ဆံလျှော် အဝတ်ကိုသာ ဝတ်ဆင်ခြင်းစသော အကျင့်များကို ကျင့်ကြံအားထုတ်နေစေကာမူ သီလ၏ပြည့်စုံခြင်း၊ သမာဓိ၏ပြည့်စုံခြင်း၊ ပညာ၏ပြည့်စုံခြင်းကို မပွားများရသေးပါမူ သမဏအလုပ်၊ ဗြာဟ္မဏအလုပ်မှ ဝေးသည်သာဖြစ်၏။ ကဿပ အကြင်ရဟန်းသည် ရန်လိုခြင်းကင်း၍ ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွားများ၏။ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းစင်၍ လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သောပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ဤရဟန်းကိုသာ သမဏဟူ၍၎င်း၊ ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။"

## ခဲယဉ်းသောအလုပ်

"အရှင်ဂေါတမ.... သမဏ အလုပ်သည် ခဲယဉ်းလှပါ၏။ ဗြာဟ္မဏ အလုပ်သည် ခဲယဉ်းလှပါ၏။"

"ကဿပ.... သမဏအလုပ်သည် ခဲယဉ်းလှ၏။ ဗြာဟ္မဏ အလုပ်သည် ခဲယဉ်းလှ၏ဟူသော ဤစကားသည် လောက၌ ဆိုရိုးတံထွာပင်ဖြစ်၏။ သို့သော်လည်း အဝတ်မဝတ်ဘဲနေခြင်း၊ ရက်ခြား၍ အစာစားခြင်း၊ ပိုက်ဆံလျှော် အဝတ်ကိုသာ ဝတ်ဆင်ခြင်းစသော ဒုက္ကရကျင့်မျှဖြင့်ကား ထိုကဲ့သို့ဆိုရန်မသင့်ပေ။ ထိုကဲ့သို့သော အကျင့်များကို အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မသည်ပင် ကျင့်ရန်စွမ်းနိုင်၏။ ကဿပ အကြင်ရဟန်းသည် ရန်လိုခြင်းကင်း၍ ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွားများ၏။ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းစင်၍ လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သော ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ဤရဟန်းကိုသာ သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။"

## သိနိုင်ခဲသောအလုပ်

"အရှင်ဂေါတမ.... သမဏ ဟူသည်ကို သိနိုင်ခဲလှပါ၏၊ ဗြာဟ္မဏဟူသည်ကို သိနိုင်ခဲလှပါ၏။"

"ကဿပ အဝတ်မဝတ်ဘဲနေခြင်း၊ ရက်ခြား၍ အစာစားခြင်း၊ ပိုက်ဆံလျှော် အဝတ်ကိုသာ ဝတ်ဆင်ခြင်းစသော အကျင့်မျှဖြင့် သမဏကိုသိနိုင်

www.dhammaransi.com



ခဲ့၏။ ဗြာဟ္မဏကို သိနိုင်ခဲ့၏ဟူ၍ ဆိုရန်မဲသင့်။ ထိုကဲ့သို့ ကျင့်ကြံသူများကို အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မသည်ပင် သိစွမ်းနိုင်ပေ၏။ ကဿပ အကြင် ရဟန်းသည် ရန်လိုခြင်းကင်း၍ ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကိုပွားများ ၏။ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်း၊စင်၍ လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သောပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ဤရဟန်းကိုသာ သမဏဟူ၍၎င်း၊ ဗြာဟ္မဏ ဟူ၍၎င်း ဆိုအပ်ပေ၏။"

**သီလ သမာဓိ ပညာနှင့် ပြည့်စုံခြင်း**

"အရှင်ဂေါတမ.... သီလ၏ပြည့်စုံခြင်း၊ သမာဓိ၏ပြည့်စုံခြင်း၊ ပညာ၏ ပြည့်စုံခြင်းဟူသည် အဘယ်ပါနည်း။"

"ကဿပ.... ဤလောက၌ အလုံးစုံသော တရားတို့ကို မဖောက်မပြန် မှန်ကန်စွာ သိမြင်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၍ ထိုမြတ်စွာဘုရား၏ တရားကို ကြားနာရသော အမျိုးကောင်းသားသည် လူ့ဘောင်မှထွက်ခွာ၍ ရဟန်းပြု၏။ ထိုရဟန်းသည် ကောင်းသော အသက်မွေးခြင်း၊ ဣန္ဒြေတို့ကို စောင့်ထိန်းခြင်းတို့နှင့် ပြည့်စုံလျက် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုး ခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်၏။ လူတို့က သဒ္ဓါတရားဖြင့် လှူ ဒါန်းသည့် ဆွမ်းကို သုံးဆောင်ပြီး မျိုးစေ့သစ်ပင်တို့ကို ဖျက်ဆီးခြင်း၊ ဆွမ်း အဝတ်အထည်စသော ပစ္စည်းများကို သိုမှီးခြင်း၊ ကခြင်း ဆိုခြင်း တီးမှုတ် ခြင်းများကို ကြည့်ရှုနားထောင်ခြင်း စသည့် ရဟန်းတို့နှင့် မလျော်သော အမှုအကျင့်တို့မှလည်း ရှောင်ကြဉ်၏။ ရဟန်းတို့၏ အလုပ်နှင့် ဖီလာဖြစ်သည့် ဗေဒင်၊ဆေးဝါး၊ မန္တယားစသော အတတ်ပညာတို့ဖြင့် အသက်မွေးခြင်းများ မှလည်း ရှောင်ကြဉ်၏၊ ဤသို့ ရှောင်ကြဉ်ခြင်း များသည် သီလ၏ပြည့်စုံခြင်း ဖြစ်၏။ ရန်သူတို့ကို အောင်နိုင်ပြီးသော ပြည့်ရှင်မင်းသည် တစုံတခုသော ဘေးအန္တရာယ်နှင့်မျှ မတွေ့ကြုံရသကဲ့သို့ ဆိုခဲ့ပြီးသော သီလတို့နှင့် ပြည့်စုံ သော ရဟန်းသည်လည်း ဘေးအန္တရာယ်ဘိုကို မမြင်မတွေ့ရသည်ဖြစ်၍ အပြစ် ကင်းသော ချမ်းသာသုခကို ခံစား၍နေရ၏။

ထိုသို့ သီလနှင့်ပြည့်စုံ၍ သတိသမ္ပဇဉ်နှင့်လည်း အမြဲယှဉ်သော ရဟန်း သည် ဆိတ်ငြိမ်ရာ အရပ်သို့ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကို ဖြစ်စေ လတ်သော် သူ၏ စိတ်သည် အဘိဇ္ဈာ ဗျာပါဒကင်းစင်၍ ထိနမိဒ္ဓစသော နီဝ

www.dhammaransi.com



ရဏတို့မှလည်း ကင်းကွာသော ဈာန်အဆင့်ဆင့်သို့ ဆိုက်ရောက်လေ၏။ဤသို့ ဈာန်အဆင့်ဆင့်ကို ရရှိခြင်းသည် သမာဓိ၏ ပြည့်စုံခြင်းဖြစ်၏။

ဤသို့ ဈာန်အဆင့်ဆင့်ကို ရရှိ၍ တည်ကြည်သော စိတ်ရှိသောရဟန်းသည် ဖြူစင်နူးညံ့ တည်တန့်ခိုင်သော စိတ်ကို မိမိအလိုရှိရာသို့ရှေ့ရှုညွှတ်စေလတ်သည်ရှိသော် ရုပ်နာမ်နှစ်ပါးကို ခွဲခြားသိမြင်သော ဝိပဿနာဉာဏ်၊ တန်ခိုးဣဒ္ဓိအမျိုးမျိုးကို ပြီးမြောက်စေနိုင်သော အဘိဉာဏ်တို့နှင့်တကွ နောက်ဆုံးပယ် အာသဝတို့ကို ကုန်ခန်းစေသော အာသဝက္ခယ ဉာဏ်တိုင်အောင် ပေါက်ရောက်သိမြင်လေ၏။ ဤဆိုခဲ့ပြီးသော အသိဉာဏ်တို့ကို ပေါက်ရောက်သိမြင်ခြင်းသည် ပညာ၏ ပြည့်စုံခြင်းပေတည်း။

ကဿပ၊ ဤဆိုခဲ့ပြီးသော သီလ၊ သမာဓိ၊ ပညာတို့၏ ပြည့်စုံခြင်းထက် သာလွန်မွန်မြတ်သော ပြည့်စုံခြင်းကား မရှိတော့ပေ။"

## ရဲရင့်သောစကားကို မြွက်ဆိုခြင်း

"ကဿပ.... သီလ၏ဂုဏ်ကျေးဇူး၊ အားထုတ်လုံ့လဖြင့် မကောင်းမှုကို ပယ်ခြင်း၏ ဂုဏ်ကျေးဇူး၊ ပညာ၏ဂုဏ်ကျေးဇူး၊ ကိလေသာတို့မှ လွတ်မြောက်မှု၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုသော ရဟန်း ပုဏ္ဏားတို့တွင် ထို သီလစသော အရာတို့၌ ငါ့ထက်သာလွန်သူကို မဆိုထားဘိ၊ ငါနှင့်တူမျှသူကို မမြင်ချေ။ လွန်မြတ်သော သီလ၊ လွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုကိုပယ်ခြင်း၊ လွန်မြတ်သော ပညာ၊ လွန်မြတ်သော ကိလေသာတို့မှ လွတ်မြောက်ခြင်းတို့၌ ငါသည်သာ အသာလွန်ဆုံး ဖြစ်ပေ၏"

"ကဿပ.... တပါးသော အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် 'ရဟန်းဂေါတမသည် ရဲရင့်သော စကားကို မြွက်ဆို၏။ သို့သော်လည်း ထိုစကားကို ဆိတ်ကွယ်ရာ၌သာ မြွက်ဆို၏။ ပရိသတ်အလယ်၌ မမြွက်ဆို'ဟူ၍ ဆိုကြဖွယ်ရာ ရှိ၏။ ကဿပ.... ထိုပရိဗိုဇ်တို့ကို 'ဤသို့ မဆိုကြပါလင့်'ဟု တားမြစ်အပ်၏။ ထို့နောက် ဤသို့လည်း ဖြေရှင်းပြောဆိုအပ်၏"

"ငါ့ရှင်တို့ ... ရဟန်းဂေါတမသည် ရဲရင့်သော စကားကိုလည်း မြွက်ဆို၏။ ပရိသတ်အလယ်၌လည်း မြွက်ဆို၏။ မကြောက်မရွံ့လည်း မြွက်ဆို၏။ ရဟန်းဂေါတမကို ပြဿနာလည်း မေးကြကုန်၏။ ရဟန်းဂေါတမကလည်း ထိုပြဿနာတို့ကို ဖြေကြား၏။ ပြဿနာဖြေခြင်းဖြင့် မေးသူတို့၏စိတ်ကိုလည်း နှစ်သက်စေ၏။ ပြဿနာမေးသူတို့သည် ရဟန်းဂေါတမ၏ စကားကို နာကြား

www.dhammaransi.com



ထိုက်၏ ဟူ၍လည်း မှတ်ယူကြကုန်၏။ ထိုစကားကိုနာကြားရ၍ ကြည်ညိုလည်း ကြည်ညိုကြကုန်၏။ ကြည်ညိုသူတို့ ပြုသင့်သည့်ပူဇော်မှုကိုလည်း ပြုကြကုန်၏။ ရဟန်းဂေါတမ ဟောကြားသည့်အတိုင်း ဖြစ်ရန်လည်း ကျင့်ကြကုန်၏။ ထိုသို့ ကျင့်သူတို့သည်လည်း ရဟန်းဂေါတမ၏ စိတ်ကို နှစ်သက်စေနိုင်ပါကုန်၏"

"ကဿပ.... အခါတပါး၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ငါသီတင်းသုံးနေစဉ် ခြိုးခြံမှု အကျင့်မြတ်ကို ကျင့်လေ့ရှိသော နိဂြောဓ ပရိဗိုဇ်သည် လွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုကို ပယ်ခြင်း အရာ၌ ငါ့အား ပြဿနာ မေးဘူး၏။ ထိုပြဿနာကို ငါဖြေကြားသောအခါ နိဂြောဓ သည် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ပေသည်"

## ကဿပတက္ကတွန်း ရဟန္တာဖြစ်ခြင်း

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူသောအခါ ကဿပတက္ကတွန်းသည် တရားတော်ကို အလွန်နှစ်သက်လှသဖြင့် ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ အဖြစ် ခံယူရုံသာမက မိမိအား ရဟန်းပြုပေးရန်လည်း လျှောက်ထားတောင်းပန်လေ၏။ ဗုဒ္ဓက တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသူအား ဤသာသနာတော်၌ ရဟန်း ပြုလိုလျှင် လေးလပတ်လုံး အစမ်း ကျင့်သုံးမှုကို ပြုစေပြီး ကျေနပ်မှု ရှိမှသာ ရဟန်းပြုပေးကြောင်း၊ သို့သော် လည်း ဤအရာတွင် ပုဂ္ဂိုလ်ချင်း ကွဲပြားခြားနားမှုကိုမူ သိရှိကြောင်း မိန့်ကြားတော်မူသည်။ ကဿပတက္ကတွန်းက ပိမိသည် လေးလ မဆိုထားဘိ လေးနှစ် အထိပင် ကျင့်နိုင်ပါကြောင်း လျှောက်ထားရာ ဗုဒ္ဓက သူ့အား ချက်ခြင်းပင် ရဟန်းပြုပေးတော်မူလိုက်သည်။

ရဟန်း အဖြစ်ကို ရပြီးသော အရှင်ကဿပ သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ထက်သန်ပြင်းပြသော လုံ့လဝီရိယဖြင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာ မကြာမီ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသည်။

www.dhammaransi.com

# ၉။ ပေါဋ္ဌပါဒသုတ်

ပေါဋ္ဌပါဒ ပရိဗိုဇ်အား ဟောကြားသော တရား

## ပရိဗိုဇ်တို့၏ ကျောင်းသခ်မ်းသို့

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအချိန်တွင် ပေါဋ္ဌပါဒ မည်သော ပရိဗိုဇ်သည်လည်း ပရိဗိုဇ် သုံးရာတို့နှင့် အတူ ဧကသာလက မည်သော ကျောင်းသခ်မ်း၌ နေထိုင်လျက်ရှိ၏။ တနေ့သ၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်ရန် ထွက်လာစဉ် အချိန်စောသေးသဖြင့် ပေါဋ္ဌပါဒပရိဗိုဇ်နေထိုင်ရာ ဧကသာလက မည်သော ကျောင်းသခ်မ်းသို့ ဝင်ရောက်တော်မူလေသည်။ ပေါဋ္ဌပါဒပရိဗိုဇ်ကား ထိုအချိန်တွင် များစွာသောပရိဗိုဇ်ပရိသတ်နှင့်အတူ ရဟန်းတို့၏အလုပ်နှင့် ဖီလာဖြစ်သောစကားများကို ကျယ်လောင်စွာ ပြောဆိုလျက်ရှိ၏။ ယင်းသို့ ပြောဆိုနေစဉ် ဗုဒ္ဓမြတ်စွာ ကြွလာသည်ကို မြင်သော် မိမိ၏ ပရိသတ်အား တိတ်ဆိတ်ငြိမ်သက်စွာနေကြရန်သတိပေးပြီး ဗုဒ္ဓမြတ်စွာအား ခရီးဦးကြိုခြင်း ပြုလေသည်။

## သညာ ပြဿနာ

ဗုဒ္ဓမြတ်စွာသည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီး "ပေါဋ္ဌပါဒ... ယခု သင်တို့သည် မည်သို့သော စကားကို ပြောဆိုနေကြသနည်း"ဟု မေးမြန်းတော်မူသည်။ ပေါဋ္ဌပါဒက "အရှင်ဘုရား.... ကျွန်ုပ်တို့ပြောဆိုနေကြသည့် စကားမှာ ကြားရခဲသော စကား မဟုတ်၍ ရှိပါစေ။ ပြဿနာတရပ်ကိုသာ မေးလျှောက်ပါရစေ"ဟု ဆိုပြီး အောက်ပါ ပြဿနာကို မေးလျှောက်လေသည်။

"အရှင်ဘုရား.... ယခင်ယခင်နေ့များက အယူဝါဒ အမျိုးမျိုးရှိသော ရဟန်းပုဏ္ဏားတို့၏ ဆွေးနွေးပွဲ၌ 'သညာ၏ချုပ်ခြင်းသည် မည်သို့ဖြစ်သနည်း'

www.dhammaransi.com



ဟူ၍ သညာချုပ်ခြင်းနှင့် စပ်လျဉ်းသော စကားတရပ် ဖြစ်ပေါ်ခဲ့ပါသည်။ အချို့သော ရဟန်း ပုဏ္ဏားတို့က 'သညာသည် အကြောင်းမရှိဘဲ ဖြစ်ပေါ်ပြီး အကြောင်း မရှိဘဲပင် ချုပ်သည်'ဟု ဆိုကြပါသည်။ အချို့ကလည်း 'သညာသည် အတ္တပင်ဖြစ်၍ ကပ်တုံခွာတုံပြုသည်'ဟု ဆိုကြပါသည်။ အချို့ကမူ 'သညာသည် တန်ခိုးကြီးသော ရဟန်းပုဏ္ဏားများနှင့် နတ်တို့၏အစွမ်းအားဖြင့် သတ္တဝါတို့၏ ကိုယ်ခန္ဓာသို့ ဝင်ခြင်း ထွက်ခြင်း ပြုသည်'ဟု ဆိုကြပါသည်။ အရှင်ဘုရား.... မြတ်စွာဘုရားသည် သညာချုပ်ခြင်း၌ ကျွမ်းကျင်တော် မူပါ၏။ သညာချုပ်ခြင်းသည် အဘယ်သို့ ဖြစ်ပါသနည်း"

## သညာသည် အကြောင်းရှိ၍သာ ဖြစ်ပုံ၊ချုပ်ပုံ၊

ပေါဋ္ဌပါဒ "သတ္တဝါတို့၏ သညာသည် အကြောင်းမရှိဘဲ ဖြစ်၏ ချုပ်၏" ဟု ဆိုသောစကားသည် မှားယွင်း၏။ စင်စစ်သတ္တဝါတို့၏ သညာသည် အကြောင်းရှိ၍သာ ဖြစ်လည်းဖြစ်၏။ ချုပ်လည်းချုပ်၏။ အချို့သညာသည် အကျင့်သိက္ခာကြောင့်ဖြစ်၏။ အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်၏။

"ပေါဋ္ဌပါဒ.... အကျင့်သိက္ခာဟူသည် အဘယ်နည်းဟုသော် ဤလောက၌ အလုံးစုံသော တရားတို့ကို မဖောက်မပြန်မှန်ကန်စွာ သိမြင်သော မြတ်စွာဘုရားသည် ပွင့်တော်မူလာ၍ ထိုမြတ်စွာဘုရားဟောကြားသည့် တရားကို ကြားနာရသော အမျိုးကောင်းသားတယောက်သည် ရဟန်းဘောင်သို့ဝင်ကာ သီလကိုစောင့်ထိန်း၏။ အယုတ် အလတ် အမြတ်အားဖြင့် သုံးပါးသောသီလတို့နှင့်တကွ ဣန္ဒြေစောက်ပါးကို လုံခြုံအောင် ထိမ်းသိမ်း စောင့်ရှောက်သော ထိုရဟန်းသည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကို ဖြစ်စေလျက် နေထိုင်လတ်သည်ရှိသော် နီဝရဏ ငါးပါးတို့သည် ကင်း ကွာကုန်၏။ မိမိ၌နီဝရဏငါးပါးကင်းကွာပြီးဖြစ်သည်ကို ကောင်းစွာသိမြင်သော ရဟန်းအား ဝမ်းမြောက်ခြင်း သောမနဿ သည် ဖြစ်ပေါ်လာ၏။ ဝမ်းမြောက်သောရဟန်းအား နှစ်သိမ့်ခြင်း ပီတိ သည် ဖြစ်ပေါ်လာ၏။ နှစ်သိမ့်သောစိတ်ရှိသောရဟန်း၏ ကိုယ်သည်ငြိမ်း၏။ ငြိမ်းသောကိုယ်ရှိသော ရဟန်းသည် ချမ်းသာကိုခံစားရ၏။ ချမ်းသာသော စိတ်ရှိသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ထိုရဟန်းသည် ကာမဂုဏ်တို့မှ ရှင်း၊ အကုသိုလ်တို့မှ ရှင်း ကင်းဆိတ်၍ ကြံစည်ခြင်းဝိတက် သုံးသပ်ဆင်ခြင်ခြင်း ဝိစာရတို့နှင့်တကွဖြစ်သော နီဝရဏ

www.dhammaransi.com



တို့မှကင်းဆိတ်ခြင်းကြောင့်ဖြစ်သည့်နှစ်သိမ့်ခြင်းပီတိ၊ ချမ်းသာခြင်းသုခရှိသော ပဌမဈာန်သို့ရောက်၍နေ၏။ ထိုရဟန်းအား ဈာန်မရမီ ရှေ့အဘို့၌ဖြစ်သော ကာမသညာသည်ချုပ်၏။ သိမ်မွေ့သော သညာသည်ဖြစ်၏။ ဤသို့လျှင်အချို့ သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပေါ်၍ အချို့သညာသည် အကျင့် သိက္ခာကြောင့်ချုပ်၏။ ဤသည်မှာလည်းအကျင့်သိက္ခာပင်ဖြစ်၏။

ထိုရဟန်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သည့် သမာဓိကို ဖြစ်စေတတ်သော ဝိတက်ဝိစာရ မရှိတော့ဘဲ သမာဓိကြောင့် ဖြစ်သည့် ပီတိသုခသော ရှိတော့သော ဒုတိယဈာန်သို့ရောက်၍ နေ၏၊ ထိုရဟန်းအား ဒုတိယဈာန် မရမီ ရှေ့အဘို့၌ ဖြစ်သော ဝိဝေကကင်း ခြင်းကြောင့်ဖြစ်သည့် ပီတိသုခရှိသော သညာသည်ချုပ်၏။သမာဓိကြောင့်ဖြစ် သည့် ပီတိသုခရှိသော သညာသည်ဖြစ်၏။ဤသို့လည်းအချို့သညာသည်အကျင့် သိက္ခာကြောင့် ဖြစ်ပေါ်၍ အချို့သညာသည် အကျင့်သိက္ခာကြောင့်ချုပ်၏။

တဖန်ထိုရဟန်းသည် နှစ်သိမ့်ခြင်းပီတိကို တတ်မက်ခြင်းမရှိဘဲ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏။ ချမ်းသာသုခကိုလည်း ကိုယ်ဖြင့်ခံစား၏။ လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာ နေလေ့ရှိသူ ဟူ၍ အရိယာတို့ ချီးကျူးပြောဆိုအပ်သည့် တတိယဈာန်သို့ ရောက်၍နေ၏။ ထို ရဟန်းအား တတိယဈာန်မရမီ ရှေ့အဘို့၌ဖြစ်သော သမာဓိကြောင့်ဖြစ်သည့် ပီတိသုခရှိသော သညာသည်ချုပ်၏။လျစ်လျူရှုခြင်း ဥပေက္ခာ ချမ်းသာခြင်း သုခရှိသော သညာသည်ဖြစ်ပေါ်၏။ ဤသို့လည်းအချို့သညာသည် အကျင့် သိက္ခာကြောင့်ဖြစ်ပေါ်၍ အချို့သညာသည်အကျင့်သိက္ခာကြောင့်ချုပ်၏။

တဖန် ထိုရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း၊ ရှေးဦး ကပင် ဝမ်းမြောက်ခြင်းနှလုံး မသာယာခြင်းတို့၏ ချုပ်ပြီးဖြစ်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိတော့ဘဲ လျစ်လျူရှုမှု ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏စင် ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏။ ထိုရဟန်းအား စတုတ္ထဈာန် မရမီ ရှေ့အဘို့၌ဖြစ်သော လျစ်လျူရှုခြင်းဥပေက္ခာ၊ ချမ်းသာခြင်းသုခရှိသော သညာသည်ချုပ်၏။ဆင်းရဲချမ်းသာ မရှိသော သိမ်မွေ့သော သညာသည်ဖြစ် ပေါ်၏။ ဤသို့လည်းအချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပေါ်၍ အချို့သညာသည်အကျင့်သိက္ခာကြောင့်ချုပ်၏။

ထို့နောက်တဖန် ရူပသညာတို့ကိုလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝ ချုပ်သည့်ပြင် နာနတ္တသညာတို့ကိုလည်း နှလုံးမသွင်းမူ၍ "ကောင်းကင်သည်

www.dhammaransi.com



အဆုံးမရှိ” ဟူ၍ နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေသောရဟန်းအား ထိုစျာန်မရမီ ရှေ့အဘို့၌ ဖြစ်သော သညာသည်ချုပ်၍ ထိုစျာန်နှင့်ယှဉ်သော သညာသည်ဖြစ်ပေါ်၏။

အာကာသာနဉ္စာယတန စျာန်ကို လုံးဝလွန်မြောက်၍ “ဝိညာဉ်သည် အဆုံးမရှိ”ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေသော ရဟန်းအားလည်း ထိုစျာန်မရမီ ရှေးအဘို့၌ ဖြစ်သော သညာသည် ချုပ်၍ ထိုစျာန်နှင့် ယှဉ်သော သညာသည် ဖြစ်ပေါ်၏။

ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ‘ဘာမျှမရှိ’ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေသော ရဟန်းအားလည်း ထိုစျာန်မရမီ ရှေ့အဘို့၌ဖြစ်သော သညာသည် ချုပ်၍ ထိုစျာန်နှင့် ယှဉ်သော သညာသည် ဖြစ်ပေါ်၏။ ဤသို့လည်း အချို့ သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပေါ်၍ အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်၏။ ဤသည်မှာလည်း အကျင့်သိက္ခာပင် ဖြစ်ပေ၏။

ပထမစျာန်သညာမှစ၍ အစဉ်အတိုင်း တိုးတက်ကာ အာကိဉ္စညာယတနစျာန်သညာသို့ ရောက်၍နေသော ရဟန်းသည် စေ့ဆော်အားထုတ်ခြင်း မပြုလတ်သည်ရှိသော် ထိုစျာန်နှင့်ယှဉ်သောသညာတို့သည် ချုပ်ကုန်၏။ ကြမ်းတမ်းထင်ရှားသော အခြားသညာတို့သည်လည်း မဖြစ်ပေါ်ကုန်။ ထိုရဟန်းသည် သညာဝေဒနာချုပ်ခြင်းသို့ ရောက်၏။ ဤသို့လျှင် အသိနှင့် ယှဉ်လျက် အစဉ်အတိုင်း သညာချုပ်ရာ သမာပတ်သည် ဖြစ်ပေါ်လာပေ၏။

## အမြတ်ဆုံး သညာ

ဤသို့ ဗုဒ္ဓမြတ်စွာက သညာချုပ်ရာ သမာပတ်၏ ဖြစ်ပေါ်လာပုံကို ဟောကြားသောအခါ ပေါဋ္ဌပါဒ ပရိဗိုဇ်သည် သညာနှင့် ပတ်သက်သော အခြားပြဿနာတို့ကို ဆက်လက် မေးလျှောက်ပြန်၏။

“အရှင်ဘုရား.... မြတ်စွာဘုရားသည် အမြတ်ဆုံး သညာ တပါးတည်းကိုသာ ပညတ်ပါသလော၊ သို့မဟုတ် အမြတ်ဆုံးသညာ များစွာတို့ကိုလည်း ပညတ်ပါသလော”

“ပေါဋ္ဌပါဒ....ငါသည် အမြတ်ဆုံးသညာတပါးတည်းကိုလည်း ပညတ်၏။ အမြတ်ဆုံးသညာ များစွာတို့ကိုလည်း ပညတ်၏။ ပေါဋ္ဌပါဒ.... အကြင်

www.dhammaransi.com



အကြွင်အခြင်းအရာဖြင့် ချုပ်ခြင်းသို့ ရောက်၏။ ထိုထို အခြင်းအရာဖြင့် ငါသည် အမြတ်ဆုံး သညာကို ပညတ်၏။ ပေါဋ္ဌပါဒ... ဤသို့လျှင် ငါသည် အမြတ်ဆုံးသညာ တပါးတည်းကိုလည်း ပညတ်၏။ အမြတ်ဆုံးသညာများစွာကိုလည်း ပညတ်၏"

သညာနှင့်ပညာ

"အရှင်ဘုရား.... သညာသည် ရှေးဦးဖြစ်၍ ဉာဏ်သည်နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် ဉာဏ်သည် ရှေးဦးဖြစ်၍ သညာသည် နောက်မှဖြစ်ပါသလော။ သို့မဟုတ် သညာနှင့်ပညာတို့သည် မရှေးမနှောင်း ဖြစ်ပါကုန်သလော"

"ပေါဋ္ဌပါဒ.... သညာသည် ရှေးဦးဖြစ်ပေ၏။ ဉာဏ်သည်နောက်မှ ဖြစ်ပေ၏။ သညာ ဖြစ်ပေါ်ခြင်းကြောင့် သာလျှင် ဉာဏ်သည် ဖြစ်ပေါ်လာရ၏"

သညာသည် အတ္တလော

"အရှင်ဘုရား.... သညာသည် သတ္တဝါတို့၏ အတ္တလော၊ သို့မဟုတ် သညာတခြား အတ္တတခြားပါလော"

"ပေါဋ္ဌပါဒ.... သင်သည် အဘယ်သို့သောအတ္တကို ယုံကြည်သနည်း"

"အရှင်ဘုရား....ကျွန်ုပ်သည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော၊ အစာအာဟာရ စားသောက်သော၊ ရုပ်ရှိ၍ ကြမ်းတမ်းထင်ရှားသော အတ္တကို ယုံကြည်ပါ၏"

"ပေါဋ္ဌပါဒ.... အတ္တသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာအာဟာရစားသောက်သော၊ ရုပ်ရှိ၍ ကြမ်းတမ်းထင်ရှားသောအရာ ဖြစ်ခဲ့သော် သညာတခြား အတ္တတခြား ဖြစ်ရာ၏။ အဘယ့်ကြောင့် ဆိုသော် ထိုမဟာဘုတ်လေးပါးအစုအဝေးဖြစ်သော အတ္တသည် တည်မြဲနေသည်သာဖြစ်ပါလျက် ဤသတ္တဝါအား အခြားသညာတို့သည် ဖြစ်လည်းဖြစ်ပေါ်၍ ချုပ်လည်း ချုပ်ကုန်သောကြောင့်ဖြစ်၏"

"အရှင်ဘုရား.... ကျွန်ုပ်သည် အင်္ဂါကြီးငယ်အားလုံးရှိ၍ ဣန္ဒြေ မချို့တဲ့သော စျာန်စိတ်ဖြင့်ပြီးသည့် အတ္တကို ယုံကြည်ပါ၏"

www.dhammaransi.com



"ပေါဋ္ဌပါဒ.... အတ္တသည် အင်္ဂါကြီးငယ်အားလုံးရှိ၍ ဣန္ဒြေမချို့တဲ့သော ဈာန်စိတ်ဖြင့်ပြီးသည့်အရာ ဖြစ်ခဲ့သော် သညာတခြား အတ္တတခြားပင် ဖြစ်ရာ၏။ အဘယ့်ကြောင့်ဆိုသော် ထိုဈာန်စိတ်ဖြင့်ပြီးသည့်အတ္တသည် တည်မြဲနေသည်သာဖြစ်ပါလျက် ဤသတ္တဝါအား အခြားသညာတို့သည် ဖြစ်လည်းဖြစ်ပေါ်၍ ချုပ်လည်း ချုပ်ကုန်သောကြောင့် ဖြစ်၏"

"အရှင်ဘုရား.... ကျွန်ုပ်သည် ရုပ်မရှိသော သညာဖြင့်ပြီးသော အတ္တကို ယုံကြည်ပါ၏"

"ပေါဋ္ဌပါဒ.... အတ္တသည် ရုပ်မရှိသော သညာဖြင့် ပြီးသော အရာဖြစ်ခဲ့သော် သညာ တခြား အတ္တတခြားပင် ဖြစ်ရာ၏။ အဘယ့်ကြောင့် ဆိုသော် ထိုရုပ်မရှိသော သညာဖြင့်ပြီးသော အတ္တသည် တည်မြဲနေပါလျက် ဤသတ္တဝါအား အခြားသညာတို့သည် ဖြစ်လည်းဖြစ်ပေါ်၍ ချုပ်လည်း ချုပ်ကုန်သောကြောင့် ဖြစ်၏"

## မဖြေသည့်မေးခွန်းများ

"အရှင်ဘုရား.... သညာသည် သတ္တဝါ၏အတ္တဖြစ်ကြောင်း၊ သို့မဟုတ် သညာတခြား အတ္တတခြားဖြစ်ကြောင်းကို ကျွန်ုပ် သိနိုင်ပါမည်လော"

"ပေါဋ္ဌပါဒ.... အယူကွဲပြားသော သင်သည် ထိုအကြောင်းကို သိရန် မလွယ်ပေ"

"အရှင်ဘုရား.... သို့ဖြစ်သော် လောကသည် မြဲပါသလော၊ လောကသည် မြဲ၏ဟူသော ဤအယူသည်သာမှန်၍ တပါးသော အယူသည် မှားပါသလော"

"ပေါဋ္ဌပါဒ.... လောကသည် မြဲ၏ ဟူသော ဤအယူသည်သာ မှန်၍ တပါးသောအယူသည် မှား၏ ဟူ၍ ငါမဖြေကြားပေ"

"လောကသည် မမြဲပါသလော၊ လောကသည် အဆုံးရှိပါသလော၊ လောကသည် အဆုံးမရှိပါသလော၊ ကိုယ်သည်ပင်အသက်၊ အသက်သည်ပင် ကိုယ် ဖြစ်ပါသလော။ ကိုယ်တခြား အသက်တခြားဖြစ်ပါသလော၊ သတ္တဝါသည် သေပြီးနောက်၌ ရှိပါသလော။ သတ္တဝါသည် သေပြီးနောက်၌ မရှိပါသလော။ သတ္တဝါသည် သေပြီးနောက်၌ရှိသည်လည်း ဟုတ်၊ မရှိသည်လည်း ဟုတ်ပါသလော။ သတ္တဝါသည် သေပြီးနောက်၌ ရှိသည်လည်း မဟုတ်၊ မရှိ

www.dhammaransi.com



သည်လည်း မဟုတ်ပါသလောဟူသော” မေးခွန်းများကိုလည်း ဗုဒ္ဓမြတ်စွာက အထက်ပါနည်းအတိုင်း “ငါ မဖြေကြား” ဟူ၍သာ ပြန်ကြားတော်မူသည်။

“အရှင်ဘုရား.... မြတ်စွာဘုရားသည် အဘယ့်ကြောင့် ထိုအရာများကို မဖြေကြားပါသနည်း”

“ပေါဋ္ဌပါဒ.... ထိုအရာများသည် အကျိုးစီးပွားနှင့်မစပ်၊ တရားနှင့် မစပ်၊ အကျင့်မြတ်၏ အစမျှပင် မဟုတ်။ ငြီးငွေ့ရန်၊ တပ်မက်ခြင်း ကင်းရန် ဆင်းရဲချုပ်ငြိမ်းရန်၊ ကိလေသာ ငြိမ်းအေးရန်၊ ထူးသောဉာဏ်ဖြင့်သိရန်၊ သစ္စာလေးပါးကို သိမြင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ မဖြစ်။ ထို့ကြောင့် ထိုအရာများကို ငါ မဖြေကြားခြင်းဖြစ်၏”

“အရှင်ဘုရား... မြတ်စွာ ဘုရားသည် ဘယ်အရာကို ဖြေကြားပါသနည်း”

“ပေါဋ္ဌပါဒ... ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ရာတည်း၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်တည်းဟု ငါ ဖြေကြား၏။ အဘယ့်ကြောင့်ဆိုသော် ထိုအရာများသည် အကျိုးစီးပွားနှင့်စပ်၏။ တရားနှင့် စပ်၏။ အကျင့်မြတ်၏ အစဖြစ်၏။ ငြီးငွေ့ရန်၊ တပ်မက်ခြင်း ကင်းရန်၊ ဆင်းရဲချုပ်ငြိမ်းရန်၊ ကိလေသာ ငြိမ်းအေးရန်၊ ထူးသောဉာဏ်ဖြင့် သိမြင်ရန်၊ သစ္စာလေးပါးကို သိမြင်ရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။ ထို့ကြောင့် ထိုအရာများကို ငါ ဖြေကြားခြင်း ဖြစ်၏”

ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ကြားသောအခါ ပေါဋ္ဌပါဒပရိဗိုဇ်သည် ဗုဒ္ဓ၏ စကားကို ကျေနပ်နှစ်သက်စွာ ခံယူလေ၏။ ဗုဒ္ဓသည်လည်း ပရိဗိုဇ်တို့၏ ကျောင်းသခမ်းမှ ထွက်ခွာခဲ့လေသည်။

ဗုဒ္ဓမြတ်စွာ ထွက်ခွာသွားသောအခါ ပရိဗိုဇ်တို့သည် ပေါဋ္ဌပါဒပရိဗိုဇ်အား ဝိုင်း၍ အပြစ်ဆိုကြကုန်၏။

“ငါ့ရှင် ပေါဋ္ဌပါဒ... သင်သည် ရဟန်းဂေါတမ ပြောသမျှ စကားကို ‘ဟုတ်ပါသည်၊ မှန်ပါသည်’ ဟူ၍သာ ချီးကျူး ထောက်ခံခဲ့၏။ သို့ရာတွင် လောကသည် မြဲ မမြဲစသော အကြောင်းအရာများနှင့် ပတ်သက်၍မူ ဘာကိုမျှ တေန်ကေ ကျွန်ုပ်တို့ မသိကြရပါ။”

www.dhammaransi.com



"အချင်းတို့...ထိုအကြောင်းအရာများနှင့် ပတ်သက်၍ ငါသည်လည်း ဘာကိုမျှ ကေန်ကေမသိရပေ။ သို့သော်လည်း ရဟန်းဂေါတမသည် ဟုတ်မှန်သော တရားသဘောကိုသာ ပြောဆိုခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်လည်း သူ့စကားကို ငါချီးကျူးထောက်ခံခဲ့ခြင်း ဖြစ်ပေ၏။"

## နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောကြားခြင်း

ထို့နောက် နှစ်ရက် သုံးရက် လွန်သောအခါ ပေါဋ္ဌပါဒပရိဗိုဇ်သည် ဆင်ဆရာ့သား စိတ္တနှင့်အတူ မြတ်စွာဘုရားထံ ချဉ်းကပ်၍ ပရိဗိုဇ်တို့က မိမိအား အပြစ်ဆိုကြပုံကို လျှောက်ထားလေ၏။ဗုဒ္ဓမြတ်စွာက ထိုပရိဗိုဇ် အားလုံးသည် ပညာမျက်စိ ကန်းသူများဖြစ်ကြကြောင်း မိန့်ကြား၍ အောက်ပါ အတိုင်း ဆက်လက်ဟောကြားတော်မူပြန်သည်။

"ပေါဋ္ဌပါဒ.... ငါသည် ကေန်နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော တရားတို့ကိုလည်း ဟောကြား၏။ ကေန်နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သော တရားတို့ကိုလည်း ဟောကြား၏။ လောကသည် 'မြဲ၏၊ လောကသည် မမြဲ' စသော အကြောင်းအရာတို့သည် ကေန်နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သော တရားများဖြစ်၏။ 'ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ခြင်း၏ အကြောင်းတည်း' စသော အကြောင်းအရာတို့သည် ကေန်နိဗ္ဗာန်ရောက်ကြောင်း တရားများဖြစ်ကုန်၏။"

## အခြေအမြစ်မရှိသောစကား

"ပေါဋ္ဌပါဒ... ငါသည် တခါက 'အတ္တသည် စင်စစ်ချမ်းသာ၏၊သေပြီးနောက်၌ ပျက်စီးခြင်းမရှိ'ဟု အယူရှိသော ရဟန်းပုဏ္ဏားတို့ထံ ချဉ်းကပ်၍ 'အရှင်တို့၊ သင်တို့သည် စင်စစ်ချမ်းသာသော လောကကိုမြင်၍ နေကုန်သလော' ဟူ၍မေးမြန်းခဲ့ရာ ထိုသူတို့က 'သိမြင်၍မနေပါ'ဟူ၍ ဖြေကြားကြ၏။ 'သို့ဖြစ်လျှင် သင်တို့လည်း တနေ့ဖြစ်စေ၊ တညဖြစ်စေ စင်စစ်ချမ်းသာသော အတ္တကို ကိုယ်တိုင်တွေ့သိ၍နေပါကုန်သလော'ဟူ၍ မေးသည့်အခါတွင်လည်း 'ကိုယ်တိုင်တွေ့သိ၍ မနေပါကုန်'ဟု ဖြေကြားကြပြန်၏။ 'စင်စစ်ချမ်းသာသော လောကသို့ ရောက်နေသော နတ်တို့၏ ပြောသံ ဆိုသံကို သင်တို့ကြားဘူးပါကုန်သလော'ဟူ၍ မေးပြန်ရာတွင်လည်း 'မကြားဘူးပါ' ဟူ၍သာ ဖြေကြားကြ၏။ ပေါဋ္ဌပါဒ၊ 'ဤနိုင်ငံ၌ အလှဆုံး မိန်းမပျိုကို ငါလိုချင်၏'

www.dhammaransi.com



ဟု ပြောဆိုသော လုလင်ပျိုအား 'ထိုမိန်းမပျို၏ နေရပ်၊ အမျိုးအမည်စသည်တို့ကို သင်သိပါသလော'ဟု မေးသော် 'ကျွန်ုပ် မသိပါ'ဟု ဖြေကြား သကဲ့သို့ရင်း။ ပြာသာဒ်ဆောင်သို့တက်ရန် လှေကားကြီးတခုကို ပြုလုပ်နေသူအား 'သင့်လှေကား တပ်ဆင်မည့် ပြာသာဒ်ဆောင်သည် ဘယ်မှာရှိသနည်း၊ ဘယ်မျှ မြင့်သနည်း'ဟူ၍ မေးမြန်းသော် 'မသိပါ' ဟူ၍ ဖြေကြားသကဲ့သို့ရင်း၊ ထို့ အတူပင် ထိုရဟန်းပုဏ္ဏားတို့၏ စကားသည်လည်း အခြေအမြစ် မရှိသည် သာဖြစ်၏။"

## အတ္တဘောကိုရခြင်းသုံးမျိုး

"ပေါဋ္ဌပါဒ.... အတ္တဘောကို ရခြင်းတို့သည် ကြမ်းတမ်းထင်ရှားသော အတ္တဘောကိုရခြင်း၊ ချာန်စိတ်ဖြင့်ပြီးသော အတ္တဘောကိုရခြင်း၊ ရုပ်မရှိသော အတ္တဘောကိုရခြင်းဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ကြမ်းတမ်း ထင်ရှားသော အတ္တဘောဟူသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာအာဟာရ စားသောက်သော ရုပ်ရှိသော အတ္တဘောပင်ဖြစ်၏။ ချာန် စိတ်ဖြင့်ပြီးသော အတ္တဘောဟူသည် အင်္ဂါကြီးငယ် အားလုံးရှိ ဣန္ဒြေမချို့ တဲ့သော ချာန်စိတ်ဖြင့်ပြီး၍ ရုပ်ရှိသော အတ္တဘောဖြစ်၏။ ရုပ်မရှိသော အတ္တဘောဟူသည် ရုပ်မရှိဘဲ သညာဖြင့်ပြီးသော အတ္တဘောဖြစ်၏။"

## အတ္တဘောကိုပယ်ရန် ဟောကြားခြင်း

"ပေါဋ္ဌပါဒ.... ထိုသုံးမျိုးသော အတ္တဘောကို ရခြင်းကိုပယ်ရန် ငါသည် တရားကိုဟော၏။ ငါဟောသည့်အတိုင်း ကျင့်သော် သင်တို့အား ညစ်ညူးစေတတ်သော တရားများကင်းစင်၍ ဖြူစင်စေတတ်သော တရားများ တိုးပွားလိမ့်မည်။ ပညာ၏ပြည့်စုံခြင်း၊ ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလိမ့်မည်။ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ၊ နှစ်သိမ့်ခြင်း ပီတိ၊ ငြိမ်းအေးခြင်း ပဿဒ္ဓိ၊ အောက်မေ့ခြင်း သတိ၊ ဆင်ခြင်ခြင်း သမ္ပဇဉ်၊ ချမ်းသာခြင်း သုခတို့သည်လည်း ဖြစ်ပေါ်လာလိမ့်မည်။"

"ပေါဋ္ဌပါဒ.... 'ကြမ်းထမ်းထင်ရှားသော အတ္တဘောကိုရခြင်းဟူသည် အဘယ်နည်း။ ချာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်းဟူသည် အဘယ်နည်း။ ရုပ်မရှိသော အတ္တဘောကို ရခြင်းဟူသည် အဘယ်နည်း။' ဟူ၍ သူ

www.dhammaransi.com



တပါးတို့က မေးခဲ့သည်ရှိသော် 'ထိုအတ္တဘောကို ရခြင်းတို့သည် ဤသည်၊ ဤသည်ပင်တည်း' ဟူ၍ ငါဖြေကြားနိုင်ပေ၏။ ပေါဋ္ဌပါဒ၊ အဘယ်သို့နည်း ယင်းသို့ဖြစ်သော် ငါ၏စကားသည် အခြေအမြစ်ရှိသော စကား မဟုတ်ပါလော။"

"အရှင်ဘုရား.... ဤသို့ဖြစ်သည်ရှိသော် မြတ်စွာဘုရား၏ စကားသည် အခြေအမြစ်ရှိသော စကားပင်ဖြစ်ပါသည်။"

ထို့နောက် ဗုဒ္ဓမြတ်စွာသည် သင်ဆရာ့သား စိတ္တ၏ လျှောက်ထားချက်အရ အတ္တဘောသုံးမျိုးနှင့် ပတ်သက်၍ အောက်ပါအတိုင်းထပ်မံဟောကြားတော်မူပြန်သည်။

"စိတ္တ... ကြမ်းတမ်းထင်ရှားသော အတ္တဘောကိုရသောအခါ စျာန်စိတ်ဖြင့် ပြီးသော အတ္တဘောကိုရ၏ဟု မခေါ်ဆိုအပ်။ ရုပ်မရှိသော အတ္တဘောကို ရ၏ဟုလည်း မခေါ်ဆိုအပ်။ ထိုအခါ ကြမ်းတမ်း ထင်ရှားသော အတ္တဘောကိုရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။"

"စိတ္တ.... စျာန်စိတ်ဖြင့်ပြီးသော အတ္တဘောကိုရသောအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ဟုမခေါ်ဆိုအပ်။ ရုပ်မရှိသော အတ္တဘောကိုရ၏ဟုလည်း မခေါ်ဆိုအပ်။ ထိုအခါ စျာန်စိတ်ဖြင့်ပြီးသော အတ္တဘောကိုရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။"

"စိတ္တ.... ရုပ်မရှိသော အတ္တဘောကို ရသောအခါ ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရ၏ဟုမဆိုအပ်။ စျာန်စိတ်ဖြင့်ပြီးသောအတ္တဘောကိုရ၏ဟုလည်း မခေါ်ဆိုအပ်။ ထိုအခါ ရုပ်မရှိသော အတ္တဘောကို ရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။ ဥပမာအားဖြင့် နို့ရည်မှ နို့ခမ်း၊ နို့ခမ်းမှ ဆိဥ စသည်ဖြစ်ရာတွင် နို့ရည်ဖြစ်သောအခါ နို့ခမ်း ဆိဥ စသည်ဖြင့် မခေါ်အပ်။ နို့ခမ်းစသည် ဖြစ်သောအခါတို့၌လည်း နို့ရည်၊ ဆိဥစသည်ဖြင့် မခေါ်အပ် သကဲ့သို့ပေတည်း။"

ဤသို့ ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်ကို ကြားနာရသောအခါ ပေါဋ္ဌပါဒ ပရိဗ္ဗာဇ်သည် တရားတော်ကို လွန်စွာနှစ်သက်သဖြင့် ဗုဒ္ဓနှင့်တကွ ရတနာသုံးပါးအား ဘဝတည်းကင်းသူ ဥပါသကာ၏အဖြစ်ကို ခံယူလေ၏။ သင်ဆရာ့သား စိတ္တကား ရဟန်းအဖြစ်ကို ခံယူ၍ တရားကို အားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွားလေ၏။

www.dhammaransi.com

# ၁၀။ သုဘသုတ်

သုဘလုလင်အား ဟောကြားသောတရား

## ရှင်အာနန္ဒာအား သုဘလုလင် ဖိတ်ကြားခြင်း

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီး၍ မကြာမြင့်လှသေးသော အချိန်၌ ရှင်အာနန္ဒာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူ၏။ ထိုအခါကိစ္စတခုဖြင့် သာဝတ္ထိပြည်သို့ခေတ္တဆိုက်ရောက်နေသော တောဒေယျပုဏ္ဏားဏ်သား သုဘလုလင်သည် တပည့်တယောက်ကိုစေလွှတ်၍ ရှင်အာနန္ဒာအား မိမိတည်းခိုရာ အိမ်သို့ ကြွရောက်ရန်ဖိတ်ကြားစေသည်။ ယင်းသို့ဖိတ်ကြားချက်အရ ရှင်အာနန္ဒာသည် နောက်တနေ့ နံနက်တွင် သုဘလုလင်တည်းခိုရာ အိမ်သို့ စေတကမည်သော နောက်ပါရဟန်းတပါးနှင့်အတူ ကြွရောက်လေ၏။ ထိုအခါ သုဘလုလင်သည် ရှင်အာနန္ဒာအား၍သို့လျှောက်ထားလေသည်။

"အရှင်အာနန္ဒာ....အရှင်သည် အရှင်ဂေါတမ ထံပါး၌ ကာလကြာမြင့်စွာနေ၍ လုပ်ကျွေးပြုစုခဲ့သူဖြစ်ပါသည်။ လူအပေါင်းတို့အား အရှင်ဂေါတမ ဟောကြား ဆုံးမသည့် တရားများကို အရှင်အာနန္ဒာ သိတန်ရာပါသည်။ အရှင်ဂေါတမသည် လူအပေါင်းတို့အား မည်သည့်တရားများဖြင့် ဟောကြားဆုံးမတော်မူပါသနည်း"

"အချင်းလုလင်.... မြတ်စွာဘုရားသည် သုံးပါးသောတရားအစုတို့ကို ချီး ကျူးတော်မူ လေ့ရှိ၏။ သုံးပါးသော တရားအစုတို့၌ လူအပေါင်းကို ဆောက်တည်သက်ဝင်စေတော်မူ၏။ ထိုသုံးပါးသော တရားအစုတို့ကား သီလအစု၊ သမာဓိအစု၊ ပညာအစု တို့ဖြစ်ပေသည်။"

## သီလအစုကိုဟောကြားခြင်း

"အရှင်အာနန္ဒာ....ထိုသုံးပါးသော တရားအစုတို့တွင် အကြင် သီလအစုကို အရှင်ဂေါတမသည် ချီးကျူးလေ့ရှိ၏။ အကြင်သီလ အစု၌ လူအ

www.dhammaransi.com



ပေါင်းကို ဆောက်တည် သက်ဝင်စေ၏။ ထိုသီလအစုဟူသည် အဘယ်ပါနည်း”

“အချင်းလုလင်.... ဤလောက၌ ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို မဖောက်မပြန် မှန်ကန်စွာသိမြင်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၍ ထိုမြတ်စွာဘုရား၏ တရားကို ကြားနာရသော အမျိုးကောင်းသားသည် လူ့ဘောင်မှထွက်၍ ရဟန်းပြု၏။ ထိုရဟန်းသည်ကောင်းသော အသက်မွေးခြင်းဟူ၍ တို့ကို စောင့်ထိန်းခြင်းဟူနှင့်ပြည့်စုံလျက် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြဉ်၏။ လူတို့ကသဒ္ဓါတရားဖြင့် လှူဒါန်းသည့် ဆွမ်းကိုသုံးဆောင်ပြီး မျိုးစေ့ သစ်ပင်တို့ကိုဖျက်ဆီးခြင်း၊ ဆွမ်းအဝတ်အထည်စသောပစ္စည်းများကိုသိုမှီးခြင်း၊ ကပွဲဆိုပွဲ တီးမှုတ်ပွဲများကိုကြည့်ရှုနားထောင်ခြင်း စသည့် ရဟန်းတို့နှင့် မလျော်သောအမူအကျင့်တို့မှလည်း ရှောင်ကြဉ်၏။ ရဟန်းတို့၏အလုပ်နှင့် ဖီလာဖြစ်သည့် ဗေဒင် ဆေးဝါး မန္တရားစသောအတတ်ပညာတို့ဖြင့် အသက်မွေးခြင်းမှလည်းရှောင်ကြဉ်၏။ ဤသို့ရှောင်ကြဉ်ခြင်းများသည် မြတ်စွာဘုရားချီးကျူးတော်မူအပ်သော သီလအစုပင်ဖြစ်ပေသည်။ သို့ရာတွင် ဤသာသနာတော်၌ ဤသီလအစုထက် သာလွန်သော ပြုဖွယ်ကိစ္စကားရှိသေးသည်သာဖြစ်၏။”

## သမာဓိအစုကိုဟောကြားခြင်း

“အရှင်အာနန္ဒာ.... အကြင်သမာဓိအစုကိုအရှင်ဂေါတမသည် ချီးကျူးလေ့ရှိ၏။ အကြင်သမာဓိအစု၌ လူအပေါင်းကို ဆောက်တည် သက်ဝင်စေ၏၊ ထိုသမာဓိအစုဟူသည် အဘယ်ပါနည်း။”

“အချင်းလုလင်.... သီလနှင့်ပြည့်စုံ၍ သတိသမ္ပဇဉ်နှင့်လည်း အပြည့်ရှိသောရဟန်းသည် ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသတိကို ဖြစ်စေလတ်သော် သူ၏စိတ်သည် အဘိဇ္ဈာဗျာပါဒကင်းစင်၍ ထိနမိဒ္ဓစသော နီဝရဏတို့မှလည်း ကင်းကွာသော စျာန်အဆင့်ဆင့်သို့ ဆိုက်ရောက် လေ၏။ ဤသို့စျာန်အဆင့်ဆင့်ကို ရရှိခြင်းသည် မြတ်စွာဘုရား ချီးကျူးတော်မူအပ်သော သမာဓိအစုပင်ဖြစ်ပေသည်။ သို့ရာတွင် ဤသာသနာတော်၌ ဤသမာဓိအစုထက် သာလွန်သောပြုဖွယ်ကိစ္စကား ရှိသေးသည်သာဖြစ်၏။”

www.dhammaransi.com



**ပညာအစုကိုဟောကြားခြင်း**

"အရှင်အာနန္ဒာ.... အကြင်ပညာအစုကို အရှင်ဂေါတမသည် ချီးကျူးလေ့ရှိ၏။ အကြင်ပညာအစု၌ လူအပေါင်းကို ဆောက်တည်သက်ဝင်စေ၏။ ထိုပညာအစုဟူသည်အဘယ်ပါနည်း။"

"အချင်းလုလင်.... ဈာန်အဆင့်ဆင့်ကိုရရှိ၍ တည်ကြည်သော စိတ်ရှိသော ရဟန်းသည် ဖြူစင်နူးညံ့ကြံ့ခိုင်သောစိတ်ကို မိမိအလိုရှိရာသို့ ရှေ့ရှုညွှတ်စေလတ်သည်ရှိသော် ရုပ်နာမ်နှစ်ပါးကို ခွဲခြားသိမြင်သော ဝိပဿနာဉာဏ်၊ တန်ခိုးဣဒ္ဓိအမျိုးမျိုးကိုပြု ဖြောက်စေနိုင်သော အဘိဉာဏ်တို့နှင့်တကွ နောက်ဆုံးဝယ် အာသဝတို့ကို ကုန်ခန်းစေသော အာသဝက္ခယဉာဏ်တိုင်အောင် ပေါက်ရောက်သိမြင်လေ၏။ ဤသို့သော အသိဉာဏ်တို့ကိုပေါက်ရောက်သိမြင်ခြင်းသည် မြတ်စွာဘုရားချီးကျူးတော်မူအပ်သော ပညာအစုပင်ဖြစ်ပေသည်။ ဤသာသနာတော်၌ ဤပညာအစုထက် သာလွန်သော ပြုဖွယ်ကိစ္စကား မရှိတော့ပေ။"

"အရှင်အာနန္ဒာ ... အံ့ဖွယ်ရှိပါပေသည်၊ ဤမျှပြည့်စုံမြင့်မြတ်သော ပညာအစုကိုတပါးသော ရဟန်းပုဏ္ဏားတို့ထံ၌ ကျွန်ုပ်မတွေ့မမြင်ရပါ။ ဤပညာအစုထက်သာလွန်သော ပြုဖွယ်ကိစ္စသည်လည်း မရှိနိုင်တော့ပါ။"

သုဘလုလင်သည် ရှင်အာနန္ဒာအား ဤသို့လျှောက်ကြားပြီး ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ၏ အဖြစ်ကိုလည်း ခံယူလိုက်လေသည်။

www.dhammaransi.com

# ၁၁။ ကေဝဋ္ဋသုတ်

ကေဝဋ္ဋသူကြွယ်သားအား ဟောကြားသော တရား

## တန်ခိုးပြာဋိဟာပြရန် တောင်းပန်ခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် နာလန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကေဝဋ္ဋအမည်ရှိသော သူကြွယ်သားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဘုရား.... ဤ နာလန္ဒမြို့သည် ပြည့်စုံ ကြွယ်ဝပါ၏။ လူဦးရေများပြားပါ၏။ လူအသွားအလာ ထူထပ်ပါ၏။ မြတ်စွာဘုရား၌လည်း အလွန်ကြည်ညိုပါ၏။ အရှင်ဘုရား.... တပည့်တော် တောင်းပန်ပါသည်။ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ်တရားထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတပါးအား အမိန့်ပေးထားတော်မူပါ။ ယင်းသို့ပြုသည် ရှိသော် ဤနာလန္ဒမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက် အလွန် ကြည်ညိုပါလိမ့်မည်"

ဤသို့လျှောက်ကြားသောအခါ ဗုဒ္ဓမြတ်စွာက ကေဝဋ္ဋအား "အချင်းကေဝဋ္ဋ.... ငါသည် လူတို့အား တန်ခိုးပြာဋိဟာကိုပြရန် ရဟန်းတို့အား တရားမဟောပေ"ဟူ၍ ပြန်လည် မိန့်ကြားတော်မူသည်။ ကေဝဋ္ဋက ဒုတိယအကြိမ် ထပ်မံ လျှောက်ကြားသည့် အခါ၌လည်း ဗုဒ္ဓက ရှေးနည်းတူပင် ပြန်လည်မိန့်ကြားတော်မူပြီး တတိယအကြိမ်ထပ်မံလျှောက်ကြားသည့်အခါတွင်မူ ပြာဋိဟာသုံးပါးကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။

## ပြာဋိဟာသုံးပါး

"ကေဝဋ္ဋ.... ငါသည် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ဟောကြားအပ်သော ပြာဋိဟာတို့သည် တန်ခိုးပြာဋိဟာ၊ အတတ်ဟောခြင်းပြာဋိဟာ၊ ဆုံးမခြင်း ပြာဋိဟာ ဟူ၍ သုံးပါးရှိ၏"

www.dhammaransi.com



**တန်ခိုးပြာဋိဟာ**

"ကေဝဍ္ဍ.... ထိုသုံးပါးသော ပြာဋိဟာ တို့တွင် တယောက်တည်းမှ အများဖြစ်စေခြင်း၊ အများမှ တယောက်တည်း ဖြစ်စေခြင်း၊ ကိုယ်ထင်ရှား ဖြစ်စေခြင်း၊ ကိုယ်ပျောက်စေခြင်း၊ နံရံ တံတိုင်း စသည့် အကာအဆီးများကို မထိမငြိဘဲ ကျော်လွှား သွားခြင်း၊ မြေ၌ ငုပ်ခြင်း ပေါ်ခြင်း၊ ရေထဲ၌ မကျွံ မနစ်ဘဲ သွားခြင်း၊ ကောင်းကင်၌ ငှက်ကဲ့သို့ပျံသွားခြင်း၊ လ နေ တို့ကို လက်ဖြင့် သုံးသပ်ဆုပ်ကိုင်ခြင်း၊ ဗြဟ္မာ့ပြည် တိုင်အောင် ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေခြင်း စသော တန်ခိုး ဖန်ဆင်း အမျိုးမျိုးကို ပြီးမြောက် စေခြင်းသည် တန်ခိုးပြာဋိဟာ မည်၏"

"ကေဝဍ္ဍ.... သဒ္ဓါတရားရှိ၍ ကြည်ညိုသော လူတယောက်သည် ထို တန်ခိုးဖန်ဆင်းခြင်း အမျိုးမျိုးကို ပြီးမြောက်စေသော ရဟန်းကို တွေ့မြင်၍ သဒ္ဓါတရားမရှိသော လူတယောက်အား ထိုအကြောင်းကို တဆင့် ပြောကြား သောအခါ ထိုလူက တန်ခိုးဖန်ဆင်းခြင်း အမျိုးမျိုးကို ပြီးမြောက်စေခြင်းမှာ ဂန္ဓာရီ အတတ်ပညာ၏ အစွမ်းသတ္တိသာ ဖြစ်ကြောင်း ပြန် ကြား ပြော ဆို ရာ၏။ ဤသို့သောအပြစ်ကိုမြင်သဖြင့် ငါသည် တန်ခိုးပြာဋိဟာကို ပြရန် ဝန် လေး စက်ဆုပ်တော်မူ၏"

**အတတ်ဟောခြင်းပြာဋိဟာ**

"ကေဝဍ္ဍ.... အတတ်ဟောခြင်းပြာဋိဟာဟူသည် အဘယ်နည်း ဆိုသော် ဤသာသနာတော်၌ တပါးသောရဟန်းသည် 'သင်၏စိတ်သည် ဤသို့သဘော ရှိ၏။ ဤသို့သော အခြင်းအရာ ရှိ၏။ သင်၏ စိတ်အကြံသည် ဤသို့ဖြစ်၏'ဟု တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို အတတ် ဟော၏။ စိတ်၌ ဖြစ်သည်ကိုလည်း အတတ် ဟော၏။ ကြံစည်သည်ကိုလည်း အတတ် ဟော၏။ ဆင်ခြင်သည်ကို လည်း အတတ်ဟော၏"

"သဒ္ဓါတရား ရှိ၍ ကြည်ညိုသော လူတယောက်သည် ထို ရဟန်း၏ အတတ်ဟောခြင်းကို တွေ့မြင်၍ သဒ္ဓါတရား မရှိသော အခြား လူတယောက် အား ထိုအကြောင်းကိုတဆင့်ပြောကြား၏။ ထိုအခါ ထိုလူက ယင်းသို့ အတတ် ဟောခြင်းသည် စိန္တာမဏိ အတတ်ပညာ၏ အစွမ်းသတ္တိသာ ဖြစ်ကြောင်း ပြန် ကြား ပြောဆိုရာ၏။ ဤသို့သောအပြစ်ကို မြင်သဖြင့် ငါသည် အတတ်ဟော ခြင်း ပြာဋိဟာကို ပြရန် ဝန်လေးစက်ဆုပ်တော်မူ၏"

www.dhammaransi.com



**ဆုံးမခြင်း ပြာဋိဟာ**

"ကေဝဋ္ဋ... ဆုံးမခြင်း ပြာဋိဟာ ဟူသည် အဘယ်နည်း ဆိုသော် ဤ သာသနာတော်၌ ရဟန်းသည် 'ဤသို့ ကြံလော၊ ဤသို့ မကြံလင့်။ ဤသို့ နှလုံးသွင်းလော၊ ဤသို့ နှလုံးမသွင်းလင့်။ ဤတရားကို ပယ်လော၊ ဤတရားကို ဝင်စား၍နေလော' ဟူ၍ဆုံးမ၏။ ဤသို့ ဆုံးမခြင်းကို ဆုံးမခြင်းပြာဋိဟာ ဟု ဆိုအပ်၏"

ထို့ပြင် သီလသမာဓိတို့နှင့် ပြည့်စုံ၍ ဈာန်အဆင့်ဆင့်ကို ရရှိအောင် ဟောကြားဆုံးမခြင်း၊ ဝိပဿနာဉာဏ်၊ အဘိဉာဏ်တို့နှင့်တကွ အာသဝက္ခယ ဉာဏ်တိုင်အောင် ပေါက်ရောက် သိမြင်ရန် ဟောကြား ဆုံးမခြင်းကိုလည်း ဆုံးမခြင်း ပြာဋိဟာ ဟူ၍ ပင် ဆိုအပ်ကြောင်း အကျယ် ဟော ကြားတော်မူသည်။

**မဟာဘုတ်လေးပါး ချုပ်ရာကို ရှာဖွေခြင်း**

ကေဝဋ္ဋ.... တခါက ရဟန်း တပါးသည် "ဤ ပထဝီ အာပေါ တေဇော ဝါယော ဟူသော မဟာဘုတ်လေးပါးသည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပါလိမ့်မည်နည်း" ဟု အကြံ ဖြစ်ပေါ်လာသဖြင့် ထိုအကြောင်းကို မေးမြန်းစုံစမ်းရန်အတွက် အဘိဉာဏ်တန်ခိုးဖြင့် စတုမဟာရာဇ်နတ်တို့ထံ ချဉ်းကပ်လေ၏။ "အချင်းတို့... ပထဝီ အာပေါ စသော ဤမဟာဘုတ်လေးပါးတို့သည် ဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပါသနည်း" ဟူ၍ ထိုရဟန်းက မေးရာ စတုမဟာရာဇ်နတ်တို့က "ကျွန်ုပ်တို့ မသိပါ၊ ကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်သော နတ်မင်းကြီးလေးယောက် ရှိပါသည်။ ထိုနတ်မင်းကြီးတို့ကား သိကောင်းသိပါလိမ့်မည်" ဟူ၍ ဖြေကြားကြသည်။

ထိုရဟန်းသည် နတ်မင်းကြီးလေးယောက်ထံသို့ ချဉ်းကပ်၍ မေးမြန်းရာ ထိုနတ်မင်းကြီးတို့က မိမိတို့လည်း မသိကြောင်းပြော၍ အထက်နတ်များကို အဆင့်ဆင့် ညွှန်ကြားသဖြင့် နောက်ဆုံးတွင် ထိုရဟန်းသည် နတ်ပြည် ခြောက်ထပ်ကို ကျော်လွန်၍ ဗြဟ္မာပြည်မှ မဟာဗြဟ္မာကြီးထံ ဆိုက်ရောက်သွားလေ၏။ ထိုရဟန်းသည် မဟာဗြဟ္မာကြီးအားလည်း မိမိသိလိုသော မေးခွန်းကို မေးမြန်းပြန်လေ၏။

www.dhammaransi.com


"အရှင်း ဗြဟ္မာကြီး.... ပထဝီ အာပေါ စသော ဤမဟာဘုတ် လေးပါးသည် ဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပါသနည်း"

ထိုအခါ မဟာဗြဟ္မာကြီးသည် ထိုရဟန်းအား ဤသို့ ပြန်ကြားပြောဆိုလေ၏။

"အရှင်ရဟန်း.... ကျွန်ုပ်သည် မိမိကသာ လွှမ်းမိုးနိုင်ပြီး မိမိကို မည်သူကမျှ မလွှမ်းမိုးနိုင်သော မဟာဗြဟ္မာကြီး ဖြစ်ပါ၏။ အလုံးစုံကို သိမြင်အစိုးရ၍ မိမိအလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်ပါ၏။ အလုံးစုံကို အစိုးရ၍ ပြုပြင်စီမံဖန်တီးနိုင်သော သတ္တဝါတို့၏ ဖခင်လည်း ဖြစ်ပါ၏"

"အရှင်း ဗြဟ္မာကြီး.... ကျွန်ုပ်သည် သင် အလုံးစုံကို သိမြင် ဖန်တီးနိုင်သည့် သတ္တဝါတို့၏ ဖခင် ဟုတ်မဟုတ်ကို မေးသည် မဟုတ်ပါ။ မဟာဘုတ်လေးပါးတို့၏ အကြွင်းမဲ့ ချုပ်ရာ ဌာနကိုသာ မေးမြန်းခြင်း ဖြစ်ပါသည်။ မဟာဘုတ်လေးပါးသည် ဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပါသနည်း"

ရဟန်းက ဤသို့ ပြောဆိုသော်လည်း မဟာဗြဟ္မာကြီးကား ရှေးနည်းအတိုင်း ဆက်မံဖြေကြားလေ၏။ တတိယအကြိမ် ထပ်မံမေးမြန်းသည့်အခါတွင်မူ မဟာဗြဟ္မာကြီးသည် ထိုရဟန်း၏လက်ကို ကိုင်၍ တနေရာသို့ ခေါ်သွားပြီး ဤသို့ ပြောကြားလေသည်။

"အရှင်ရဟန်း.... ဤဗြဟ္မာ့ပြည်မှ ဗြဟ္မာအပေါင်းတို့သည် ကျွန်ုပ်အား အလုံးစုံကို သိမြင်သော မဟာဗြဟ္မာကြီးဟူ၍ အသိအမှတ် ပြုထားကြပါသည်။ ထို့ကြောင့် သင်၏မေးခွန်းကို ဗြဟ္မာတို့၏ အလယ်၌ ကျွန်ုပ် မဖြေကြားခြင်း ဖြစ်ပါသည်။ စင်စစ် မဟာဘုတ် လေးပါး၏ ချုပ်ရာ အရပ်ကို ကျွန်ုပ်လည်း မသိပါ။ သို့ရာတွင် ဤလောက၌ မြတ်စွာဘုရားကိုကျော်လွန်ပြီး တပါးသော အရပ်များသို့ လှည့်လည်၍ ဤပြဿနာ၏အဖြေကိုရှာခြင်းသည် သင်၏ အပြစ်သာ ဖြစ်ပါသည်။ သင်၏ပြဿနာကို မြတ်စွာဘုရားထံသို့သာသွား၍ မေးမြန်းပါလော့"

### ကမ်းမမြင်သော ငှက်ပမာ

ဗြဟ္မာကြီးက ဤသို့ပြောကြားသောအခါ ထိုရဟန်းသည် အဘိညာဉ်တန်ခိုးဖြင့် ဗြဟ္မာ့ပြည်မှ ဆင်းလာ၍ ငါဘုရား ရှေ့မှောက်သို့ ရောက်လာပြီး ငါဘုရားအား ထိုပြဿနာကို မေးမြန်းလေ၏။ ထိုအခါ ငါဘုရားသည် ထိုရဟန်းအား ဤသို့မိန့်ကြားခဲ့၏။

www.dhammaransi.com


"ရဟန်း.... ရှေးအခါက ပင်လယ်ပြင်ကို သင်္ဘောဖြင့်ဖြတ်သန်းသော ကုန်သည်တို့သည် ကမ်းကြည့်ငှက်တကောင်ကို ယူဆောင်သွားကြ၏။ ပင်လယ်ပြင်သို့ ရောက်၍ ကမ်းကိုမမြင်သောအခါ ကမ်းကိုရှာရန် ထိုငှက်ကို လွှတ်ဖိုက်ကြ၏။ ထိုငှက်သည် အရှေ့အနောက်စသော အရပ်လေးမျက်နှာသို့ ပျံသန်း၍ ကမ်းကိုရှာသော်လည်း မတွေ့သဖြင့် သင်္ဘောသို့သာ ပြန်လာလေ၏။ ထို့အတူပင် သင်သည်လည်း ဗြဟ္မာ့ပြည် တိုင်အောင် လှည့်လည်၍ ပြဿနာ၏ အဖြေကို ရှာဖွေသော်လည်း မရသဖြင့် ငါ့ထံသို့ပြန်လာဘိ၏။ သို့သော်လည်း "မဟာဘုတ်လေးပါးသည် ဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပါသနည်း"ဟူ၍ကား ပြဿနာကို မမေးအပ်။ 'ဘယ်အရပ်၌ ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်လေးပါးသည် မတည်ပါသနည်း။ ဘယ်အရပ်၌ အရှည်အတို၊ အငယ်အကြီး၊ အကောင်းအဆိုးတို့သည် မရှိပါသနည်း။ ဘယ်အရပ်၌ နာမ် ရုပ်သည် အကြွင်းမဲ့ချုပ်ပါသနည်း' ဤသို့သာပြဿနာကို မေးမြန်းအပ်၏"

ထိုပြဿနာ၏အဖြေကား ဤသို့ဖြစ်၏။ 'မျက်စိဖြင့် မမြင်နိုင်၊ ဥပါဒ် ဌီဘင် အပိုင်းအခြားလည်း မရှိဘဲ ထက်ဝန်းကျင်မှ သက်ဝင်ရာ ဆိပ်ကမ်းရှိသော၊ ဉာဏ်အထူးဖြင့်သာ သိအပ်သော နိဗ္ဗာန်သည် ရှိ၏။ ဤနိဗ္ဗာန်၌ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်တို့သည် မတည်ကုန်၊ အရှည်အတို၊ အငယ်အကြီး၊ အကောင်းအဆိုးတို့သည်လည်း မရှိကုန်၊ နာမ်နှင့် ရုပ်တို့သည်လည်း အကြွင်းမဲ့ ချုပ်ကုန်၏။"

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူသောအခါ ကေဝဋ္ဋ မည်သော သူကြွယ်သားသည် တရားတော်ကို ဝမ်းမြောက် နှစ်သက်စွာ ခံယူလေသည်။

www.dhammaransi.com

# ၁၂။ လောဟိစ္စသုတ်

လောဟိစ္စပုဏ္ဏားအား ဟောကြားသောတရား

**သာလဝတိကာရွာသို့ ဗုဒ္ဓ ကြွရောက်ခြင်း**

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းငါးရာနှင့်အတူ ကောသလတိုင်းအတွင်း၌ ခရီး လှည့်လည်စဉ် သာလဝတိကာ မည်သော ရွာသို့ ဆိုက်ရောက်တော်မူလေ၏။ ထိုအချိန်တွင် သာလဝတိကာရွာကို ပသေနဒီကောသလမင်း၏ အပိုင်စားပေးချက်အရ လောဟိစ္စ မည်သော ပုဏ္ဏားသည် အုပ်ချုပ်နေ၏။ လောဟိစ္စ ပုဏ္ဏားကား 'လောက၌ မည်သူမဆို ကုသိုလ် တရားကို ရနိုင်၏။ သို့ရာတွင် ထိုကုသိုလ်တရားကို သူတပါးတို့အား ဟောပြောခြင်းကား မပြုသင့်။ သူတပါး တို့ အား ဟော ပြော ခြင်း သည် အနှောင်အဖွဲ့ ဟောင်းကို ဖြတ်၍ အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့် တူ၏' ဟူ၍ အယူရှိသူဖြစ်၏။

လောဟိစ္စ ပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာ ကြွရောက်လာကြောင်းကို ကြားသိလျှင် ဆွမ်းဖိတ်ရန်အတွက် ရောသိကာ မည်ဟော ဆတ္တာသည်ကို ဗုဒ္ဓထံသို့ စေလွှတ်လိုက်၏။ ဗုဒ္ဓမြတ်စွာသည် ရောသိကာ၏ ပင့်ဖိတ်ချက်ကို လက်ခံတော်မူပြီး နောက်တနေ့နံနက်တွင် ရောသိကာနှင့်အတူပင် လောဟိစ္စပုဏ္ဏား၏အိမ်သို့ ကြွတော်မူလေသည်။ ရောသိကာသည် ဗုဒ္ဓမြတ်စွာ အနောက်မှ လိုက်ပါလာပြီး လောဟိစ္စ၏ အယူမှားကို ချေချွတ်ရန် ဗုဒ္ဓမြတ်စွာအား လျှောက်ထားတောင်းပန်သည်။ လောဟိစ္စ၏ အိမ်သို့ရောက်၍ ဆွမ်းဘုဉ်း ပေးပြီးသောအခါ ဗုဒ္ဓမြတ်စွာသည် လောဟိစ္စအား ဤသို့ မေးမြန်းတော်မူသည်။

"လောဟိစ္စ.... သင်သည် 'လောက၌ မည်သူမဆို ကုသိုလ် တရားကို ရနိုင်၏။ သို့ရာတွင် ထိုကုသိုလ်တရားကို သူတပါးတို့အား ဟောပြောခြင်းကား မပြုသင့်။ သူတပါးတို့အား ဟောပြောခြင်းသည် အနှောင်အဖွဲ့ ဟောင်းကို ဖြတ်၍ အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့်တူ၏' ဟူ၍ အယူရှိကြောင်း ကြားသိရ၏။ ကြားသည့်အတိုင်း မှန်ပါသလော"

www.dhammaransi.com



"မှန်ပါသည် အရှင်ဂေါတမ"

"လောဟိစ္စ.... သင်သည် သာလဝတီကာ ရွာကို အုပ်ချုပ်နေ သည့်အတွက် ထိုရွာမှထွက်သောအခွန်အတုတ်အားလုံးကို သင့်တယောက်တည်းသာ ခံစားစေ၊ အခြားသူတို့အား မပေးစေလင့်ဟု ဆိုခဲ့သော် သင့်ကိုမှီ၍ အသက်မွေးနေသူတို့၏ လာဘ်ကို အဟန့်အတား မဖြစ်ပေလော"

"အဟန့်အတားဖြစ်ပါသည် အရှင်ဂေါတမ"

"ယင်းသို့ အဟန့်အတား ဖြစ်ခဲ့သော် ထိုသူတို့၏ **အကျိုးစီးပွားကို** လိုလားသူ ဖြစ်သလော၊ မလိုလားသူ ဖြစ်သလော"

"အကျိုးစီးပွားကို မလိုလားသူ ဖြစ်ပါသည် အရှင်ဂေါတမ"

"အကျိုးစီးပွားကို မလိုလားသူအား ထိုသူတို့အပေါ်၌ **မေတ္တာစိတ်** ဖြစ်သလော၊ ရန်သူစိတ် ဖြစ်သလော"

"ရန်သူစိတ်ဖြစ်ပါသည် အရှင်ဂေါတမ"

"ရန်သူစိတ်ဖြစ်ခဲ့သော် အမြင်မှားခြင်း **မိစ္ဆာဒိဋ္ဌိဖြစ်သလော**၊ အမြင်မှန်ခြင်း သမ္မာဒိဋ္ဌိ ဖြစ်သလော"

"အမြင်မှားခြင်း မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသည် အရှင်ဂေါတမ"

"လောဟိစ္စ.... အမြင်မှားခြင်း မိစ္ဆာအယူ ရှိသူအား ငရဲနှင့်တိရိစ္ဆာန်နှစ်ပါးတို့တွင် တပါးပါးသော လားရာ ရှိ၏ဟု ငါ ဟောကြား၏"

"လောဟိစ္စ....ပသေနဒီကောသလမင်းသည် ကာသိတိုင်းနှင့် ကောသလတိုင်းကို အုပ်ချုပ်နေသည့်အတွက် ထိုတိုင်းတို့မှထွက်သော အခွန်အတုတ် အားလုံးကို သူသာခံစားစေ၊ အခြား သူတို့အား မပေးစေလင့် ဟူ၍ ဆိုခဲ့သော် ကောသလမင်းကို မှီ၍ အသက်မွေး နေသူတို့၏ လာဘ်ကို အဟန့် အတား မဖြစ်ပေလော"

"အဟန့်အတား ဖြစ်ပါသည် အရှင်ဂေါတမ"

"ယင်းသို့ အဟန့်အတားဖြစ်ခဲ့သော် ထိုသူတို့၏ အကျိုးစီးပွားကို လိုလားသူ ဖြစ်သလော၊ မလိုလားသူ ဖြစ်သလော"

"အကျိုးစီးပွားလို မလိုလားသူဖြစ်ပါသည် အရှင်ဂေါတမ"

www.dhammaransi.com



"အကျိုးစီးပွားကို မလိုလားသူအား ထိုသူတို့အပေါ်၌ မေတ္တာစိတ် ဖြစ်သလော၊ ရန်သူစိတ် ဖြစ်သလော"

"ရန်သူစိတ်ဖြစ်ပါသည် အရှင်ဂေါတမ"

"ရန်သူစိတ် ဖြစ်ခဲ့သော် အမြင်မှားခြင်း မိစ္ဆာဒိဋ္ဌိဖြစ်သလော၊ အမြင်မှန်ခြင်း သမ္မာဒိဋ္ဌိ ဖြစ်သလော"

"အမြင်မှားခြင်း မိစ္ဆာဒိဋ္ဌိဖြစ်ပါသည် အရှင်ဂေါတမ"

"လောဟိစ္စ.... အမြင်မှားခြင်းမိစ္ဆာဒိဋ္ဌိရှိသူအား ငရဲနှင့်တိရစ္ဆာန် နှစ်ပါးတို့တွင် တပါးပါးသော လားရာဂတိရှိ၏ဟု ငါဟောကြား၏"

"လောဟိစ္စ ... ထို့အတူပင် 'လောက၌ မည်သူမဆို ကုသိုလ်တရားတို့ကိုရနိုင်၏။ သို့ရာတွင် ထိုကုသိုလ်တရားတို့ကို သူတပါးတို့အား ဟောပြောခြင်းကား မပြုသင့်၊ သူတပါးတို့အား ဟောပြောခြင်းသည် အနှောင် အဖွဲ့ဟောင်းကိုဖြတ်၍ အနှောင်အဖွဲ့သစ်ကိုပြုသည်နှင့်တူ၏' ဟုဆိုသော သူသည်လည်း မြတ်စွာဘုရားဟောကြားသော ဓမ္မဝိနယကို အကြောင်းပြု၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုလျက် တရားထူးကို ရကုန်အံ့သော အမျိုးကောင်း သားတို့၏၎င်း၊ နတ်ဘဝ ခန္ဓာတို့ကို ဖြစ်ပေါ်စေရန် နတ်ပြည်မျိုးစေ့ ကောင်းမှုတို့ကို ရင့်ကျက်စေကုန်အံ့သော အမျိုးကောင်းသားတို့၏၎င်း လာဘ်ကိုအဟန့် အတားပြုသူဖြစ်၏။ လာဘ်ကိုအဟန့်အတားပြုခြင်းကြောင့် အကျိုးစီးပွားကို မလိုလားသူဖြစ်၏။ အကျိုးစီးပွားကိုမလိုလားသူအား ရန်သူစိတ်ဖြစ်ပေါ်၏ ရန်သူစိတ် ဖြစ်ပေါ်သဖြင့် အမြင်မှားခြင်း မိစ္ဆာဒိဋ္ဌိဖြစ်၏။ အမြင် မှားခြင်း မိစ္ဆာဒိဋ္ဌိရှိသူအား ငရဲနှင့်တိရစ္ဆာန်နှစ်ပါးတို့တွင် တပါးပါးသော လားရာရှိ၏ဟု ငါဟောကြား၏။"

## အပြစ်တင်ထိုက်သောဆရာသုံးဦး

"လောဟိစ္စ ... ဤလောက၌ အပြစ်တင်ထိုက်သော ဆရာသုံးဦးရှိ၏။ ထိုသုံးဦးတို့တွင် အချို့သောဆရာသည် အကြင်အကျိုးကို ရည်ရွယ်၍ရဟန်းပြု၏၊ ထိုအကျိုးကိုမိမိကိုယ်တိုင် မရရှိသေးဘဲလျက် တပည့်တို့အား တရားကို ဟော၏။ သို့သော်လည်း တပည့်တို့ကား သူ့တရားကို နာယူ ကျင့်ကြံခြင်း မပြုကြ။ ထိုဆရာသည် မိမိကိုမနှစ်သက်၍ မျက်နှာလွှဲသွားသော မိန်းမပျိုအား နောက်မှလိုက်၍ ပွေ့ဖက်သောလုလင်ပျိုနှင့်တူ၍ အပြစ်တင်ထိုက်သော ဆရာဖြစ်၏။"

www.dhammaransi.com



အချို့သောဆရာသည် အကြင်အကျိုးကို ရည်ရွယ်၍ရဟန်းပြု၏၊ ထိုအကျိုးကို မိမိကိုယ်တိုင်မရရှိသေးဘဲလျက် တပည့်တို့အား တရားကိုဟော၏။ တပည့်တို့ကလည်း သူ့တရားကို နာယူကျင့်ကြံကုန်၏။ ထိုဆရာသည် မိမိလယ်ကိုစွန့်၍ သူတပါးလယ်ကို ပေါင်းသင်သူနှင့်တူ၍ အပြစ်တင်ထိုက်သော ဆရာဖြစ်၏။

အချို့သော ဆရာတား အကြင်အကျိုးကို ရည်ရွယ်၍ရဟန်းပြု၏၊ ထိုအကျိုးကို မိမိကိုယ်တိုင် ရပြီးသည်ဖြစ်၍ တပည့်တို့အား တရားကို ဟော၏။ သို့သော်လည်းတပည့်တို့ကား သူ့တရားကိုနာယူကျင့်ကြံခြင်းမပြုကြ။ ထိုဆရာသည်လည်း အနှောင်အဖွဲ့ဟောင်းကိုဖြတ်၍ အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့်တူသောကြောင့်အပြစ်တင်ထိုက်သော ဆရာပင်ဖြစ်၏။

**အပြစ်မတင်ထိုက်သောဆရာများ**

"အရှင်ဂေါတမ.... လောကဥ္စအပြစ်တင်ခြင်းငှာ မထိုက်သည့် တစုံတယောက်သောဆရာသည် ရှိပါသလော"

"လောဟိစ္စ.... လောကဥ္စ အပြစ်တင်ခြင်းငှာ မထိုက်သောဆရာသည် ရှိပေ၏။"

"အရှင်ဂေါတမ.... လောကဥ္စ အပြစ်တင်ခြင်းငှာ မထိုက်သောဆရာသည် အဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း"

"လောဟိစ္စ.... ဤလောကဥ္စ ပွင့်တော်အထူးကို ခံထိုက်၍ အလုံးစုံသောတရားတို့ကို မဖောက်မပြန်မှန်ကန်စွာ သိမြင်သောမြတ်စွာဘုရားသည် ပွင့်တော်မူ၍ ထိုမြတ်စွာဘုရား၏တရားကို ကြားနာရသော အမျိုးကောင်းသားသည် လူ့ဘောင်မှထွက်ခွာ၍ ရဟန်းပြု၏။ ထိုရဟန်းသည်ကောင်းသောအသက်မွေးခြင်းဝတ္တရားတို့ကို စောင့်ထိန်းခြင်းတို့နှင့် ပြည့်စုံလျက် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်းစသော မကောင်းမှုတို့မှရှောင်ကြဉ်၏။ လူတို့က သဒ္ဓါတရားဖြင့် လှူဒါန်းသည့်ဆွမ်းကို သုံးဆောင်ပြီး မျိုးစေ့သစ်ပင်တို့ကို ဖျက်ဆီးခြင်း၊ ဆွမ်းအဝတ်အထည်စသော ပစ္စည်းများကို သိုမှီးခြင်း၊ ကခြင်း ဆိုခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းစသည့် ရဟန်းတို့နှင့် မလျော်သော အမှုအကျင့်တို့မှလည်း ရှောင်ကြဉ်၏။ ရဟန်းတို့၏အလုပ်နှင့် ဗီလာဖြစ်သည့် ဗေဒင် ဆေးဝါး မန္တရားစသောအတတ်ပညာတို့ဖြင့် အသက်မွေးခြင်းမှလည်း ရှောင်ကြဉ်၏။"


www.dhammaransi.com



"ဤသို့သီလနှင့်ပြည့်စုံ၍ သတိသမ္ပဇဉ်နှင့်လည်း အမြဲယှဉ်သော ရဟန်းသည် ဘိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကိုဖြစ်စေလတ်သော် သူ၏စိတ်သည် အဘိဇ္ဈာဗျာပါဒ ကင်းစင်၍ တိနမိဒ္ဓစသော နီဝရဏတို့မှလည်း ကင်းကွာသော ဈာန်အဆင့်ဆင့်သို့ဆိုက်ရောက်လေ၏။ လောဟိစ္စ အကြင်ဆရာ့ထံ၌ တပည့်သည် ဤသို့သဘောရှိသော မြတ်သောတရားထူးကို ရရှိ၏၊ ထိုဆရာသည်လောက၌ အပြစ်တင်ခြင်းငှာမထိုက်သော ဆရာဖြစ်၏။"

"လောဟိစ္စ.... ဤသို့ဈာန်အဆင့်ဆင့်ကိုရရှိ၍ တည်ကြည်သော စိတ်ရှိသည့်ရဟန်းသည် ဖြူစင် နူးညံ့ ကြံ့ခိုင်သောစိတ်ကို မိမိအလိုရှိရာသို့ ရှေ့ရှုညွှတ်စေလတ်သည်ရှိသော် ရုပ် နာမ် နှစ်ပါးကို ခွဲခြားသိမြင်သော ဝိပဿနာဉာဏ်၊ တန်ခိုးဣဒ္ဓိအမျိုးမျိုးကို ပြီးမြောက်စေနိုင်သော အဘိညာဉ်တို့နှင့်တကွ နောက်ဆုံးဝယ် အာသဝတို့ကို ကုန်ခန်းစေသော အာသဝက္ခယဉာဏ် တိုင်အောင် ပေါက်ရောက်သိမြင်လေ၏။ လောဟိစ္စ.... အကြင်ဆရာ့ထံ၌ တပည့်သည် ဤသို့သဘောရှိသော မြတ်သောတရားထူးကိုရ၏၊ ဤဆရာသည်လည်း လောက၌ အပြစ်တင်ခြင်းငှာမထိုက်သော ဆရာပင်ဖြစ်ပေသည်။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားတော်မူသောအခါ လောဟိစ္စပုဏ္ဏားသည် တရားတော်ကိုလွန်စွာ ကျေနပ်နှစ်သက်သဖြင့် ရတနာ သုံးပါးအား အသက် ထက်ဆုံး ကိုးကွယ် ဆည်းကပ်သူ "ဥပါသကာ" အဖြစ် ခံယူလိုက်လေသည်။



www.dhammaransi.com

# ၁၃။ တေဝိဇ္ဇသုတ်

ဝိဇ္ဇာသုံးပါးကို ဟောကြားခြင်း

## လုလင်နှစ်ယောက် အငြင်းပွားခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းငါးရာနှင့်အတူ ကောသလတိုင်းအတွင်း၌ ခရီးလှည့်လည်စဉ် မနသာကဋမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်တော်မူလေ၏။ စင်္ကီပုဏ္ဏား၊ တာရုက္ခပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား အစရှိသည့် အလွန်ထင်ရှား ကျော်စောသော ပုဏ္ဏားသူဌေး များစွာတို့သည် လည်း မနသာကဋ ပုဏ္ဏားရွာ၌ တည်းခိုနေကြ၏။ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇ အမည်ရှိသော ပုဏ္ဏားလုလင် နှစ်ယောက်တို့သည် အညောင်းပြေ လမ်းလျှောက်နေကြစဉ် တယောက်က ပေါက္ခရသာတိ ပုဏ္ဏား၏ လမ်းစဉ်သည်သာ ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် ဖြောင့်တန်းသော လမ်းစဉ်ဖြစ်ကြောင်းပြော၍ တယောက်ကမူ တာရုက္ခပုဏ္ဏား၏ လမ်းစဉ်သည်သာ ဗြဟ္မာ၏ အပေါင်းအဖေါ်ဖြစ်ရန် ဖြောင့်တန်းသော လမ်းစဉ်ဖြစ်ကြောင်းပြောဆိုကာ အငြင်းပွားနေကြလေသည်။

## ဗုဒ္ဓထံ၌ အဆုံးအဖြတ် ခံယူခြင်း

ယင်းသို့ အငြင်းပွားကာ တယောက်စကားကို တယောက်က လက်မခံနိုင် ဖြစ်နေကြသဖြင့် နောက်ဆုံးတွင် ထိုလုလင် နှစ်ဦးတို့သည် နှစ်ဦးသဘောတူ ညှိနှိုင်းပြီး ဗုဒ္ဓ မြတ်စွာထံသို့ အဆုံးအဖြတ် ခံယူရန် သွားရောက်ကြလေသည်။ ဗုဒ္ဓထံသို့ ရောက်သည့်အခါ မိမိတို့နှစ်ဦး အငြင်းပွားခဲ့ကြပုံကို ဖွင့်ဟလျှောက်ထားပြီး ထိုအငြင်းပွားမှုကို ဖြေရှင်းဆုံးဖြတ်ပေးရန် လျှောက်ထား တောင်းပန် ကြလေသည်။ မြို့ရွာတခုအနီး၌ လမ်းပေါင်း များစွာရှိရာတွင် ထိုလမ်းအားလုံးတို့သည် ထိုမြို့ရွာ၌ ပေါင်းဆုံမိကြသကဲ့သို့ ထို့အတူပင် ပုဏ္ဏားတို့၏ လမ်းစဉ် အားလုံးသည်လည်း ဗြဟ္မာ၏

www.dhammaransi.com



အပေါင်းအဖော် အဖြစ်သို့ရောက်ရန် ပို့ဆောင်ပေးသော လမ်းစဉ်များသာ ဖြစ်ကြောင်း။ သို့ရာတွင် မည်သူ၏ လမ်းစဉ်သည် ဖြောင့်တန်းသော လမ်းစဉ် ဖြစ်သည်ဟူသော အချက်နှင့် ပတ်သက်၍သာ မိမိတို့ အငြင်းပွား နေကြခြင်း ဖြစ်ကြောင်း ဝါသေဋ္ဌက ထပ်မံလျှောက်ထားလေသည်။

ဗြဟ္မာကို မြင်ဘူးသူ ရှိသလော

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဝါသေဋ္ဌအား ဤသို့မေးမြန်း စိစစ်တော်မူသည်။

"ဝါသေဋ္ဌ.... ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့တွင် ဗြဟ္မာကို မျက်ဝါး ထင်ထင် မြင်ဘူးသူ တစုံတယောက် ရှိပါသလော။"

"မရှိပါ အရှင်ဂေါတမ"

"ဝါသေဋ္ဌ ...ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာအဆက်ဆက်တို့တွင်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဘူးသူ တစုံတယောက် ရှိပါသလော။"

"မရှိပါ အရှင်ဂေါတမ"

"ဝါသေဋ္ဌ.. ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်သည့် ဝေဒကျမ်းများကို စီရင်ပြုစုခဲ့သော ရသေ့တို့က 'ငါတို့သည် ဗြဟ္မာနေရာ ဘုံ၊ ဗြဟ္မာလာရာလမ်း၊ ဗြဟ္မာသွားရာအရပ်တို့ကို သိကုန် မြင်ကုန်၏' ဟူ၍ ပြောဆိုခဲ့ကြပါသလော။"

"ဤသို့လည်း မပြောဆိုခဲ့ကြပါ အရှင်ဂေါတမ"

"ဝါသေဋ္ဌ ... သို့ဖြစ်သော် 'ဤလမ်းသည် ဗြဟ္မာ၏ အပေါင်း အဖော် အဖြစ်သို့ရောက်ရန် ဖြောင့်တန်းသော လမ်းဖြစ်၏' ဟူ၍ ပြောဆိုသော ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသော စကားသာဖြစ်ချေ၏။ ဝါသေဋ္ဌ၊ အချင်းချင်း ဆွဲကိုင်ဆက်စပ်နေသော သူကန်းတို့၏ အစဉ်အတန်းတွင် ရှေ့ဆုံးသူသည်လည်း မမြင်၊ အလယ်သူသည်လည်း မမြင်၊ နောက်ဆုံးသူသည်လည်း မမြင်သကဲ့သို့ ပုဏ္ဏားတို့သည်လည်း ထို့အတူသာ ဖြစ်ချေ၏။"

"ဝါသေဋ္ဌ.... ပုဏ္ဏားတို့သည်ရင်း၊ အခြားလူများစွာတို့သည်ရင်း လနှင့် နေတို့ကို မြင်ကြသည် မဟုတ်ပါလော။"

"မြင်ကြပါသည် အရှင်ဂေါတမ"

www.dhammaransi.com



"ဝါသေဋ္ဌ.... ဤသို့ လနှင့်နေတို့ကို မြင်ကြသည့်အတွက် ပုဏ္ဏားတို့သည် လနှင့်နေတို့၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားခြင်းငှာ စွမ်းနိုင်ကြပါ ကုန်သလော။"

"မစွမ်းနိုင်ကြပါ အရှင်ဂေါတမ။"

"ဝါသေဋ္ဌ....မိမိတို့မြင်တွေ့ရသော လနှင့်နေတို့၏ အပေါင်းအဖော်ဖြစ်ရန်လမ်းကိုပင် ဟောကြားခြင်းငှါ မစွမ်းနိုင်ခဲ့သော် မိမိတို့ မမြင်မတွေ့ရသော ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန်လမ်းကို ဟောကြားခြင်းငှာ စွမ်းနိုင်သည်ဆိုသော ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်ရှိသောစကား ဟုတ်ပါ၏လော။"

"အခြေအမြစ်ရှိသောစကား မဟုတ်ပါ အရှင်ဂေါတမ"

"ဝါသေဋ္ဌ.... 'ဤနိုင်ငံ၌ အလှဆုံးမိန်းမပျိုကို ငါလိုချင်၏'ဟု ပြောဆိုသော လုလင်ပျိုအား 'ထိုမိန်းမပျို၏ နေရပ်၊ အမျိုးအမည် စသည်တို့ကို သင်သိပါသလော'ဟု မေးသော် 'ကျွန်ုပ် မသိပါ'ဟု ဖြေကြားသကဲ့သို့ ၎င်း၊ ပြာသာဒ်ဆောင်သို့တက်ရန်လှေကားကြီးတခုကို ပြုလုပ်နေသူအား 'သင့်လှေကား ဘယ်ဆင်မည့် ပြာသာဒ်ဆောင်သည် ဘယ်မှာ ရှိသနည်း၊ ဘယ်မျှ မြင့်သနည်း' ဟူ၍ မေးမြန်းသော် 'မသိပါ'ဟူ၍ ဖြေကြားသကဲ့သို့၎င်း၊ ထို့အတူပင် ဗြဟ္မာကို မမြင်ဘူးပါဘဲလျက် ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် လမ်းကို ဟောကြားခြင်းငှာ စွမ်းနိုင်သည်ဆိုသော ပုဏ္ဏားတို့၏စကားသည် အခြေအမြစ် မရှိသည်သာ ဖြစ်၏"

"ဝါသေဋ္ဌ.... ရေပြည့်လျှံနေသော ဤ အစိရဝတီမြစ်၏ ဤမှာဖက်ကမ်းမှ ဟိုမှာဖက်ကမ်းသို့ သွားလိုသော ယောကျ်ားသည် 'ယေ ...ဟိုမှာဖက်ကမ်း၊ သင်သည် ငါ့ထံသို့အမြန်လာခဲ့သော'ဟု လှမ်း၍ခေါ်သော် ဟိုမှ ဖက်ကမ်းသည် သူ့ထံသို့ ရောက်လာပါမည်လော"

"ရောက်မလာနိုင်ပါ အရှင်ဂေါတမ"

"ဝါသေဋ္ဌ.... ထို့အတူပင် ပုဏ္ဏားတို့သည် ဗြဟ္မာ ဖြစ်စေ နိုင်သော တရားတို့ကို မကျင့်ဘဲ ဣန္ဒနတ်၊ သောမနတ် အစရှိသောနတ်တို့ကို ပင့်ခေါ်တောင်းပန်ရုံဖြင့် ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်နိုင်သော အကြောင်းသည် မရှိချေ"

www.dhammaransi.com



"ဝါသေဋ္ဌ.... **အစိရဝတီမြစ်၏** ဟိုမှာဖက်ကမ်း၌ ခိုင်ခန့်သော နှောင် **ကြိုးဖြင့်** မြဲမြံစွာ တုတ်နှောင်ထားခြင်း ခံရသော ယောကျ်ားသည် ဟိုမှာဖက် **ကမ်းသို့** ရောက်နိုင်ရန် အကြောင်း**မရှိဘိ** သကဲ့သို့ ကာမဂုဏ်ငါးပါးကို **မက် မက်မောမောသုံးဆောင်ခံစားနေသောပုဏ္ဏားတို့သည်လည်း** ဗြဟ္မာ၏အပေါင်း **အဖော်**ဖြစ်ရန် အကြောင်းသည် မရှိချေ"

"**ဝါသေဋ္ဌ** ... ဤ **အစိရဝတီမြစ်၏** ဟိုမှာဖက်ကမ်း၌ ခေါင်းမြီးခြုံ၍ **အိပ်နေသော** ယောကျ်ားသည် ဟိုမှာဖက်ကမ်းသို့ ရောက်နိုင်ရန် အကြောင်း **မရှိ**သကဲ့သို့ နီဝရဏငါးပါးတို့ဖြင့် ဖုံးလွှမ်း ပိတ်ကာနေသော ပုဏ္ဏားတို့သည် **လည်း** ဗြဟ္မာ၏ **အပေါင်းအဖော်** ဖြစ်ရန် **အကြောင်းသည်** မရှိချေ"

"ဝါသေဋ္ဌ ... ပုဏ္ဏားတို့သည် သားမယားကို သိမ်းဆည်းခြင်း ရှိကုန် **၏။** ရန်လိုမှုနှင့် ယှဉ်သောစိတ် ရှိကုန်၏။ **မခံ့**ကျန်းသောစိတ် ရှိကုန်၏။ ညစ် **နွမ်းသော**စိတ် ရှိကုန်၏။ **စိတ်ကို** မိမိတို့ လိုအတိုင်း မဖြစ်စေနိုင်ကုန်။ ဗြဟ္မာ **သည်ကား** သားမယားကို သိမ်းဆည်းခြင်းမရှိ။ **ရန်လိုမှုနှင့်**ယှဉ်သောစိတ် မရှိ။ ခံ့ကျန်းသောစိတ် ရှိ၏။ မညစ်**နွမ်းသော**စိတ် **ရှိ၏။** စိတ်ကို မိမိအလိုအတိုင်း **ဖြစ်စေနိုင်၏။** ဤသို့ဆန့်ကျင်ဖက်သဘောရှိခြင်း**ကြောင့်လည်း** ပုဏ္ဏားတို့သည် ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်**အ**ကြောင်းသည် မရှိချေ"

## ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်လမ်း

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြား**တော်မူသော**အခါ ဝါသေဋ္ဌလုလင် **သည်** ဗြဟ္မာ၏အပေါင်း**အဖော်**ဖြစ်ရန် လမ်းကို ဟောကြားညွှန်ပြပေးရန် ဗုဒ္ဓ **အား** လျှောက်ထားတောင်းပန်၏။ ယင်းသို့ လျှောက်ထား တောင်းပန်ချက် **အရ** ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဝါသေဋ္ဌ ... ဤလောက၌ ပူဇော်အထူးကိုခံထိုက်၍ အလုံးစုံသောတရား တို့ကို မဖောက်မပြန် မှန်ကန်စွာသိမြင်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၍ ထိုမြတ်စွာဘုရား၏ တရားကို ကြားနာရသော အမျိုးကောင်းသားသည် လူ့ ဘောင်မှ ထွက်ခွာ၍ ရဟန်းပြု၏။ ထိုရဟန်းသည် အကျင့်သီလနှင့် ပြည့်စုံ လျက် သတိသမ္ပဇဉ်နှင့်လည်းအမြဲယှဉ်ကာ ဆိတ်ငြိမ်ရာသို့ချဉ်းကပ်၍ ကမ္မဋ္ဌာန်း သို့ ရှေ့ရှုသတိကို ဖြစ်စေလတ်သော် ငြူစူခြင်း အဘိဇ္ဈာ၊ ပျက်စီးစေလိုခြင်း ဗျာပါဒတို့မှ ကင်းရှင်းသောစိတ် ရှိသည် ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏

www.dhammaransi.com




အစီးအပွားကို လိုလားလျက် နေ၏။ လေးလုံ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တ တဖန်ပူပန်ခြင်း ကုက္ကုစ္စ၊ ယုံမှားခြင်း ဝိစိကိစ္ဆာ တို့မှလည်း စိတ်ကို စင်ကြယ်စေ၏။

မိမိ၌ အပိတ်အပင် နီဝရဏ တရား ငါးပါး ပယ်ပြီးဖြစ်သည်ကို ကောင်းစွာမြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းပီတိသည် ဖြစ်၏။ နှစ်သိမ့်သောစိတ် ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏။ ငြိမ်းအေးသောကိုယ် ရှိသူသည် ချမ်းသာကို ခံစား၏။ ချမ်းသာသူ၏စိတ်သည် တည်ကြည်၏။ ထိုသူသည် ချမ်းသာစေလိုခြင်း မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် အရပ်မျက်နှာတို့ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူပြုခြင်း ဥပေက္ခာနှင့် ယှဉ်သောစိတ်များဖြင့်လည်း အရပ်မျက်နှာတို့ကို ပြန့်နှံ့စေ၍နေ၏။

ယင်းသို့နေသော ရဟန်းသည် နီဝရဏတို့မှ ကင်းစင်သဖြင့် သားမယားကို သိမ်းဆည်းခြင်းမရှိ။ ရန်လိုမှုနှင့်ယှဉ်သောစိတ်လည်းမရှိ။ မခန့်ကျန်းသောစိတ်လည်း မရှိ။ ညစ်နွမ်းသောစိတ်လည်း မရှိ။ မိမိ၏ စိတ်အလိုအတိုင်းလည်း ဖြစ်စေနိုင်၏။ ထို့ကြောင့် ထိုရဟန်းသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဗြဟ္မာ၏အပေါင်းအဖော် အဖြစ်သို့ ရောက်နိုင်ရန် အကြောင်းသည် ရှိပေ၏။

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူသောအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇ တို့သည် လွန်စွာ ကျေနပ်နှစ်သက်ကြကုန်သဖြင့် ရတနာသုံးပါးအား အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သူ ဥပါသကာ အဖြစ် ခံယူလိုက်ကြလေသည်။

www.dhammaransi.com



# ၂။ မဟာဝဂ်

www.dhammaransi.com

# ၁၄။ မဟာပဒါနသုတ်

ရှေးဘုရား ခုနစ်ဆူတို့ အကြောင်းကို ဟောကြားခြင်း

## ရှေးဘဝဖြစ်စဉ် ဆင်ခြင်အောက်မေ့

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေစဉ် တနေ့သ၌ ရဟန်းတို့သည် ဆွမ်းစားပြီးချိန်တွင် ရေခံတက်ပင် တန်ဆောင်း၌ စုဝေး၍ ရှေးဘဝဖြစ်စဉ်ကို ဆင်ခြင်အောက်မေ့နိုင်သည့်'ပုဗ္ဗေနိဝါသ'ဉာဏ်နှင့်စပ်ဆိုင်သောစကားကို ဆွေးနွေးပြောဆိုနေကြသည်။ ယင်းသို့ပြောဆိုနေကြသည်ကို ဗုဒ္ဓမြတ်စွာသည် ဒိဗ္ဗသောတဉာဏ်ဖြင့် ကြားသိတော်မူ၍ ရဟန်းတို့ထံကြွလာပြီး ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် မည်သို့သော စကားကို ဆွေးနွေးပြောဆိုနေကြကြောင်း၊ ရဟန်းတို့အားမေးမြန်းတော်မူသည်။ ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်ဆိုင်သောစကားကို ဆွေးနွေး ပြောဆို နေကြကြောင်း လျှောက်တင်သောအခါ "ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်ဆိုင်သော တရားစကားကို သင်တို့နာကြား လိုကြကုန်သလော" ဟု မေးမြန်းတော်မူပြီး ရဟန်းတို့က နာကြားလိုကြောင်း လျှောက်တင်ကြသဖြင့် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

## ဘုရားခုနစ်ဆူတို့၏ဖြစ်စဉ်အကျဉ်း

"ရဟန်းတို့.... ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ အလုံးစုံသော တရားတို့ကို မဖောက်မပြန် မှန်ကန်စွာ သိမြင်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် လောက၌ဖြစ်ပေါ်ခဲ့၏။ ထိုဝိပဿီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုး၊ အနွယ်အားဖြင့် ကောဏ္ဍညဖြစ်၍ သက်တမ်း ပမာဏ [illegible] နှစ်ပေါင်းရှစ်သောင်းဖြစ်၏။ သခွတ်ပင်ရင်း၌ သစ္စာလေးပါးကို သိမြင်ခဲ့၏။ ဝိပဿီမြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးမှာ ခဏ္ဍမထေရ်နှင့် တိဿမထေရ်တို့ဖြစ်၏။ ဝိပဿီမြတ်စွာဘုရားလက်ထက်၌ သာဝကအစည်းအဝေးသုံးကြိမ်

www.dhammaransi.com


ဖြစ်ပြောက်ခဲ့ရာ ပထမ အစည်းအဝေး၌ ရဟန်း တသိန်း ခြောက်သောင်း ရှစ်ထောင်၊ ဒုတိယအစည်းအဝေး၌ ရဟန်း တသိန်း၊ တတိယအစည်းအဝေး၌ ရဟန်းရှစ်သောင်း ပါဝင်ခဲ့သည်။ ဝိပဿီမြတ်စွာဘုရား၏ အမြဲတမ်းအလုပ် အကြွေးရဟန်းသည် အသောကမထေရ်ဖြစ်၏။ မယ်တော်ခမည်းတော်တို့ကား ဗန္ဓုမတီပြည့်ရှင် ဗန္ဓုမာမင်းကြီးနှင့် ဗန္ဓုမတီ မိဖုရားကြီးတို့ဖြစ်ကြ၏။"

"ရဟန်းတို့ ... ဤကမ္ဘာမှ သုံးဆယ့်တစ် ကမ္ဘာထက်၌ သိခီအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ဖြစ်ပေါ်ခဲ့၏။ ထိုသိခီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုး၊ အနွယ်အားဖြင့်ကောဏ္ဍညဖြစ်၍ သက်တမ်းပမာဏမှာ နှစ်ပေါင်း ခုနစ်သောင်းဖြစ်၏။ သရက်ဖြူပင်ရင်း၌ သစ္စာ လေး ပါး ကို သိမြင်ခဲ့၏။ သိခီမြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးမှာ အဘိဘူမထေရ်နှင့် သမ္ဘဝမထေရ် တို့ဖြစ်၏။ သိခီမြတ်စွာဘုရား လက်ထက်၌ သာဝက အစည်းအဝေး သုံးကြိမ် ဖြစ်ပြောက်ခဲ့ရာ ပထမ အစည်းအဝေး၌ ရဟန်း တသိန်း၊ ဒုတိယအစည်းအဝေး၌ ရဟန်းရှစ်သောင်း၊ တတိယအစည်းအဝေး၌ ရဟန်း ခုနစ်သောင်းပါဝင်ခဲ့၏။ သိခီမြတ်စွာဘုရား၏ အမြဲတမ်း အလုပ် အကြွေး ရဟန်းသည် ခေမင်္ကရမထေရ်ဖြစ်၏။ မယ်တော် ခမည်းတော်တို့ကား အရုဏဝတီပြည့်ရှင် အရုဏမင်းကြီးနှင့် အရုဏဝတီမိဖုရားကြီးတို့ဖြစ်ကြ၏။"

"ရဟန်းတို့.... ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာ၌ပင် ဝေဿဘူ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ဖြစ်ပေါ်ခဲ့၏။ ထိုဝေဿဘူ မြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုး၊ အနွယ်အားဖြင့် ကောဏ္ဍညဖြစ်၍ သက်တမ်း ပမာဏမှာ နှစ်ပေါင်းခြောက်သောင်းဖြစ်၏။ အင်ကြင်းပင်ရင်း၌သစ္စာလေးပါးကို သိမြင်ခဲ့၏။ ဝေဿဘူမြတ်စွာဘုရား၏ အဂ္ဂသာဝက နှစ်ပါးမှာ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ဖြစ်သည်။ ဝေဿဘူမြတ်စွာဘုရား လက်ထက်၌ သာဝက အစည်းအဝေး သုံးကြိမ်ဖြစ်ပြောက်ခဲ့ရာ ပထမ အစည်းအဝေး၌ ရဟန်း ရှစ်သောင်း၊ ဒုတိယအစည်းအဝေး၌ ရဟန်း ခုနစ်သောင်း၊ တတိယအစည်းအဝေး၌ ရဟန်းခြောက်သောင်းပါဝင်ခဲ့၏။ ဝေဿဘူမြတ်စွာဘုရား၏ အမြဲတမ်း အလုပ်အကြွေး ရဟန်းသည် ဥပသန္တမထေရ် ဖြစ်သည်။ မယ်တော် ခမည်းတော်တို့ကား အနောမပြည်ရှင် သုပ္ပတိတမင်းကြီးနှင့် ပဘာဝတီမိဖုရားကြီးတို့ဖြစ်ကြ၏။"

"ရဟန်းတို့ ... ဤဘဒ္ဒကမ္ဘာ၌ပင် ကကုသန် အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ဖြစ်ပေါ်ခဲ့၏။ ထိုကကုသန် မြတ်စွာဘုရားသည် အမျိုး

www.dhammaransi.com



အားဖြင့် ပုဏ္ဏားမျိုး၊ အနွယ်အားဖြင့် ကဿပဖြစ်၍ သက်တမ်း ပမာဏမှာ နှစ်ပေါင်းလေးသောင်းဖြစ်၏။ ကုတ်ကိုပင်ရင်း၌ သစ္စာလေးပါးကိုသိမြင်ခဲ့၏။ ကကုသန်မြတ်စွာဘုရား၏ အဂ္ဂသာဝက နှစ်ပါးမှာ ဝိဓုရမထေရ်နှင့် သဉ္ဇိဝ မထေရ်တို့ဖြစ်သည်။ ကကုသန် မြတ်စွာဘုရား လက်ထက်၌ သာဝကအစည်း အဝေး တကြိမ်သာ ဖြစ်မြောက်ခဲ့ရာ ရဟန်းပေါင်း လေးသောင်း ပါဝင်ခဲ့၏။ ကကုသန် မြတ်စွာဘုရား၏ အမြဲတမ်းအလုပ်အကြွေးရဟန်းသည် ဗုဒ္ဓိဇမထေရ် ဖြစ်သည်။ မယ်တော် ခမည်းတော်တို့ကား ခေမဝတီပြည်မှ အဂ္ဂိဒတ္တပုဏ္ဏားနှင့် ဝိသာခါပုဏ္ဏေးမတို့ ဖြစ်ကြ၏။”

ရဟန်းတို့.... ဤဘဒ္ဒကမ္ဘာ၌ပင်၊ ကောဏာဂုံ မြတ် စွာ ဘုရား သည် လောက၌ဖြစ်ပေါ်ခဲ့၏။ ထိုကောဏာဂုံ မြတ်စွာဘုရားသည် အမျိုး အားဖြင့် ပုဏ္ဏားမျိုး၊ အနွယ်အားဖြင့် ကဿပဖြစ်၍ သက်တမ်းပမာဏမှာ နှစ်ပေါင်း သုံးသောင်းဖြစ်၏။ ရေသဖန်းပင်ရင်း၌ သစ္စာလေးပါးကို သိမြင်ခဲ့၏။ ကောဏာဂုံ မြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးမှာ ဘိယျောသမထေရ်နှင့်၊ ဥတ္တရ မထေရ်တို့ဖြစ်သည်။ ကောဏာဂုံ မြတ်စွာဘုရားလက်ထက်၌ သာဝကအစည်း အဝေး တကြိမ်သာဖြစ်မြောက်ခဲ့ရာ ရဟန်းသုံးသောင်း ပါဝင်ခဲ့၏။ ကောဏာဂုံမြတ်စွာဘုရား၏ အမြဲတမ်းအလုပ်အကြွေးရဟန်းသည် သောတ္ထိဇမထေရ် ဖြစ်၏။ မယ်တော် ခမည်းတော်တို့ကား သောဘဝတီပြည်မှ ယညဒတ္တပုဏ္ဏား နှင့် ဥတ္တရာပုဏ္ဏေးမတို့ဖြစ်၏။

“ရဟန်းတို့.... ဤဘဒ္ဒကမ္ဘာ၌ပင် ကဿပအမည်ရှိသော မြတ်စွာဘုရား သည် လောက၌ ဖြစ်ပေါ်ခဲ့၏။ ထိုကဿပ မြတ်စွာဘုရားသည် အမျိုးအား ဖြင့် ပုဏ္ဏားမျိုး၊ အနွယ်အားဖြင့် ကဿပ အနွယ်ပင်ဖြစ်၍ သက်တမ်းပမာ ဏမှာ နှစ်ပေါင်း နှစ်သောင်းဖြစ်၏။ ပညောင်ပင်ရင်း၌ သစ္စာလေးပါးကို သိမြင်ခဲ့၏။ ကဿပမြတ်စွာဘုရား၏ အဂ္ဂသာဝက ၂ ပါးမှာ တိဿမထေရ် နှင့် ဘာရဒွါဇ မထေရ်တို့ဖြစ်သည်။ ကဿပမြတ်စွာဘုရား လက်ထက်၌ သာဝကအစည်းအဝေး တကြိမ်သာဖြစ်မြောက်ခဲ့ရာ ရဟန်းပေါင်း ၂သောင်း ပါဝင်ခဲ့၏။ ကဿပမြတ်စွာဘုရား၏ အမြဲတမ်း အလုပ်အကျွေး ရဟန်းသည် သဗ္ဗမိတ္တ မထေရ်ဖြစ်၏။ မယ်တော် ခမည်းတော်တို့ကား ဗာရာဏသီ ပြည်မှ ဗြဟ္မဒတ္တပုဏ္ဏားနှင့် ဓနဝတီပုဏ္ဏေးမတို့ ဖြစ်ကြ၏။”

“ရဟန်းတို့.... ဤဘဒ္ဒကမ္ဘာ၌ပင် ယခုအခါ အလုံးစုံသောတရားတို့ကို မဖောက်မပြန် မှန်ကန်စွာသိမြင်သော ငါဘုရားသည် လောက၌ဖြစ်ပေါ်လာ

www.dhammaransi.com



၏။ ငါဘုရားသည် အမျိုးအားဖြင့် မင်းမျိုး၊ အနွယ်အားဖြင့် ဂေါတမ အနွယ်ဖြစ်၍ သက်တမ်းပမာဏမှာ တိုတောင်းလှ၏။ နှစ်ပေါင်းတရာ၊ သို့မဟုတ် တရာထက် အနည်းငယ်သာပို၏။ ညောင်ဗုဒ္ဓဟေပင်ရင်း၌ သစ္စာလေးပါးကို သိမြင်ခဲ့၏။ ငါဘုရား၏ အဂ္ဂသာဝကနှစ်ပါးမှာ သာရိပုတ္တရာမထေရ်နှင့် မောဂ္ဂလ္လာန်မထေရ်တို့ ဖြစ်ကြ၏။ ငါဘုရား၏ လက်ထက်၌ သာဝက အစည်းအဝေး တကြိမ်သာ ဖြစ်မြောက်ခဲ့၍ ရဟန်းပေါင်း တထောင့်နှစ်ရာငါးဆယ် ပါဝင်ခဲ့၏။ ငါဘုရား၏ အမြဲတမ်း အလုပ်အကျွေး ရဟန်းသည် အာနန္ဒာမထေရ် ဖြစ်၏။ မယ်တော် ခမည်းတော်တို့ကား က လဝတ္ထုပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးနှင့် မာယာမိဖုရားကြီးတို့ ဖြစ်ကြ၏။”

## နတ်တို့က လျှောက်ကြားကြ၍လော

ဗုဒ္ဓမြတ်စွာသည် အထက်ပါအတိုင်း ဟောကြားတော်မူပြီး ကျောင်းတော်တွင်းသို့ ပြန်ကြွတော် မူသည်။ ဗုဒ္ဓ ကြွတော်မူပြီးနောက် မကြာမီပင် ရဟန်းများသည် ဤသို့ပြောဆိုနေကြပြန်၏။

“ငါ့ရှင်တို့...ဗုဒ္ဓမြတ်စွာ၏ တန်ခိုးအာနုဘော်ကား အံ့ဩဖွယ်ကောင်းပေစွ။ ဗုဒ္ဓမြတ်စွာသည် လွန်လေပြီးသော ရှေးဘုရားရှင်တို့ကို ဇာတ်အားဖြင့်ရင်း၊ အမျိုးအမည် စသည်အားဖြင့်ရင်း အောက်မေ့ဆင်ခြင် သိမြင်နိုင်တော်မူပေ၏။ ယင်းသို့ သိမြင်နိုင်ခြင်းသည် ကိုယ်တော်တိုင်ပင် ထိုးထွင်းသိမြင်၍လော၊ သို့တည်းမဟုတ် နတ်ပြဟ္မာတို့က လျှောက်ကြားကြ၍လော။”

ညနေချမ်း အချိန်ရောက်၍ ကျောင်းတော်တွင်းမှ ထွက်လာသော ဗုဒ္ဓမြတ်စွာသည် တဖန် ရဟန်းတို့ ဆွေးနွေး ပြောဆိုရာသို့ ကြွရောက်လာပြန်၏။ ဗုဒ္ဓက မေးမြန်းသဖြင့် ရဟန်းတို့သည် မိမိတို့ နောက်ထပ် ပြောဆိုနေသည့် အကြောင်းအရာကို ဗုဒ္ဓအား လျှောက်တင်ကြသည်။ ထိုအခါ ဗုဒ္ဓက “ရဟန်းတို့....ရှေးဘုရားရှင်တို့ကို ဇာတ်အားဖြင့်ရင်း၊ အမျိုးအမည် စသည်အားဖြင့်ရင်း ငါဘုရား ဆင်ခြင်အောက်မေ့နိုင်ခြင်းမှာ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်ခြင်းကြောင့်လည်းဖြစ်၏။ နတ်ပြဟ္မာတို့က လျှောက်ကြား ကြသောကြောင့်လည်း ဖြစ်၏။” ဟူ၍ ရှင်းလင်းမိန့်ကြားတော်မူသည်။ ထို့နောက် ရဟန်းတို့က လျှောက်ထားတောင်းပန်ကြသဖြင့် ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်ဆိုင်သောတရားစကားကို အကျယ်တဝင့် ထပ်ဆင့်ဟောကြားတော် မူပြန်လေသည်။

www.dhammaransi.com



## ဝိပဿီ ဗုဒ္ဓဝင်

ဤကမ္ဘာမှ ကိုးဆယ့်တစ် ကမ္ဘာထက်၌ ဝိပဿီအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ဖြစ်ပေါ်ခဲ့၏။ ဝိပဿီမြတ်စွာဘုရား၏ ခမည်းတော် မယ်တော်တို့ကား ဗန္ဓုမတီပြည့်ရှင် ဗန္ဓုမာမင်းကြီးနှင့် ဗန္ဓုမတီ မိဖုရားကြီးတို့ဖြစ်၏။ ဝိပဿီ ဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေ၍ မယ်တော့် ဝမ်းသို့ သက်ဝင်သောအခါ သတိသမ္ပဇဉ် မကင်းမကွာ မူ၍သာလျှင် သက်ဝင်၏။ နတ်တို့၏ အလင်းရောင်ထက်ပင် သာလွန်သော အလင်းရောင်ကြီးတမျိုးသည်လည်း ဤကမ္ဘာလောက၌ ဖြစ်ပေါ်လာ၏။ နေလတို့၏ အရောင်များပင် မထွန်းလင်းနိုင်သည့် လောကန္တရိက် ငရဲမှ သတ္တဝါများသည်ပင် ထိုအလင်းရောင်ကြီး၏ အစွမ်းအားဖြင့် အချင်းချင်း တွေ့မြင်ကြရကုန်၏။ တသောင်းသော ဤလောကဓာတ် သည်လည်း ပြင်းသန်စွာ တုန်လှုပ်၏။

မယ်တော့် ဝမ်းသို့ ဘုရားလောင်း သက်ဝင်သည့် အချိန်မှစ၍ နတ်သား လေးယောက်တို့သည် အရပ်လေးမျက်နှာမှ လာရောက် စောင့်ရှောက်နေကြ၏၊ မယ်တော်သည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော ကံငါးပါးကို လုံးဝမကျူးလွန်ဘဲ သီလကို လုံခြုံအောင် စောင့်ထိန်း၏။ မယ်တော့်အား ယောကျ်ားတို့အပေါ်၌ ကာမဂုဏ်နှင့်ယှဉ်သော စိတ်မဖြစ်ပေါ်သကဲ့သို့ တစုံတယောက်သော ယောကျ်ားမျှလည်း မယ်တော့်အား တတ်မက်သောစိတ်ဖြင့် ပြစ်မှားခြင်းမပြုနိုင်။ ဘုရားလောင်း မယ်တော့် ဝမ်းသို့ သက်ဝင်သည့် အချိန်မှစ၍ မယ်တော့်အား နှစ်သက်ဖွယ် အာရုံ ငါးပါးတို့သည် လိုလေသေးမရှိ ပြည့်စုံကုံလုံ၍သာနေ၏။ မယ်တော်သည် ရောဂါတစုံတရာမရှိဘဲ မပင်မပန်း ချမ်းချမ်းသာသာ နေရ၏။ မယ်တော်သည် အင်္ဂါကြီးငယ် ပြည့်စုံစွာဖြင့် ဝမ်းထဲ၌တည်နေသော ဘုရားလောင်းကို ကောင်းစွာမြင်ရ၏။ ဥပမာအားဖြင့် အလွန် အရည်အသွေး ကောင်းမွန်၍ ကြည်လင်တောက်ပသော ကျောက်မျက်ရတနာ တခု၌ ချည်ကြိုး တချောင်းကို တပ်ထားလျှင် ထိုချည်ကြိုးကို ကောင်းစွာ မြင်ရသကဲ့သို့ဖြစ်၏။

ဘုရားလောင်းဖွားမြင်၍ ခုနစ်ရက်မြောက်သော် မယ်တော်သည် ကွယ်လွန်၍ တုသိတာ နတ်ပြည်သို့ ရောက်၏။ တပါးသော မိန်းမတို့သည် ကိုးလဖြင့် ဖြစ်စေ၊ ဆယ်လဖြင့်ဖြစ်စေ ဖွားမြင်ကြသော်လည်း ဘုရားလောင်း၏မယ်တော်

www.dhammaransi.com



ကား ဆယ်လပြည့်မှသာ ဘုရားလောင်းကို ဖွားမြင်၏။ တပါးသောမိန်းမတို့သည် ထိုင်လျက် ဖြစ်စေ၊ ရပ်လျက် ဖြစ်စေ ဖွားမြင်ကြသော်လည်း ဘုရားလောင်း၏ မယ်တော်ကား ဘုရားလောင်းကို ရပ်လျက်ဖြင့်သာ ဖွားမြင်၏။ မယ်တော့်ဝမ်းမှထွက်လာသော ဘုရားလောင်းကို နတ်တို့က ရှေးဦးစွာ ခံယူကြပြီး လူတို့က နောက်မှ ခံယူကြရကုန်၏။ မယ်တော့်ဝမ်းမှ ထွက်လာသော ဘုရားလောင်းအား မြေပေါ်သို့မရောက်မီ နတ်သားလေးယောက်တို့က ခံယူပြီး "အရှင်မိဖုယား ဝမ်းမြောက်ပါလော၊ အရှင်မိဖုယားအား ဘုန်းတန်ခိုးကြီးသော သားတော် ထွန်းကားလာပါသည်"ဟုဆို၍ မယ်တော့်ရှေ့၌ ထားကြကုန်၏။ ဘုရားလောင်းသည် မယ်တော့်ဝမ်းမှထွက်လာသောအခါ အညစ်အကြေး တစုံတရာဖြင့် မလိမ်းမကပ်ဘဲ သန့်ရှင်း စင်ကြယ်စွာ ထွက်လာ၏။ ဥပမာအားဖြင့် ကာသိတိုင်းဖြစ် အဝတ်ပေါ်၌ ချထားအပ်သော ပတ္တမြားရတနာသည် ထိုအဝတ်၌ မငြိမကပ်သကဲ့သို့ ဖြစ်၏။ မယ်တော့်ဝမ်းမှ ထွက်လာသော ဘုရားလောင်းအား ကောင်းကင်မှ အေးသောရေအယဉ်နှင့် နွေးသော ရေအယဉ် နှစ်ခုတို့ ဖြစ်ပေါ်လာပြီး သန့်စင်ဆေးကြောခြင်းကိစ္စကို ပြုကြကုန်၏။

မယ်တော့်ဝမ်းမှ ဖွားမြင်စဖြစ်သော ဘုရားလောင်းသည် ညီညာသော ခြေတို့ဖြင့် မတ်တတ်ရပ်၍ မြောက်အရပ်သို့ မျက်နှာမူကာ ခုနစ်ဘဝါး လှမ်းကြွ၏။ "ငါသည် လောက၌ အမြင့်ဆုံး၊ အကြီးဆုံး၊ အမြတ်ဆုံးဖြစ်၏။ ဤဘဝသည် နောက်ဆုံးဘည်း။ နောက်ထပ်ဖြစ်ရန် ဘဝ မရှိတော့ပြီ"ဟု ခန့်ညားသော စကားကို မြွက်ဆို၏။ ဘုရားလောင်း ဖွားမြင်သည်နှင့်တပြိုင်နက် ဤကမ္ဘာလောက၌ ထူးခြားသော အသင်းရောင်ကြီး တမျိုး ဖြစ်ပေါ်လာပြီး တသောင်းသော ဤလောကဓာတ်သည်လည်း ပြင်းထန်စွာတုန်လှုပ်၏။ ဘုရားလောင်း မယ်တော့်ဝမ်းသို့ သက်ဝင်ချိန်၊ မယ်တော့်ဝမ်းမှ ဖွားမြင်ချိန်တို့၌ ဤကဲ့သို့ ထူးခြားသော အချင်းအရာများ ဖြစ်ပေါ်ခြင်း သည် ဓမ္မတာပင် ဖြစ်၏။

## ယောကျ်ားမြတ်တို့၏ လက္ခဏာများ

ဝိပဿီမင်းသား ဖွားမြင်သောအခါ ခမည်းတော် ဗန္ဓုမာမင်းကြီးသည် လက္ခဏာ ဆရာ ဖြစ်သော ပုဏ္ဏားတို့ကို ခေါ်၍ သားတော်၏ နိမိတ်လက္ခဏာကို ကြည့်ရှုဖတ်ကြားစေ၏။ ပုဏ္ဏားတို့က "အရှင်မင်းမြတ်၏ သားတော်သည် ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံသူ ဖြစ်

www.dhammaransi.com



ပါသည်။ သို့ဖြစ်၍ လူ့ဘောင်၌နေလျှင် လေးကျွန်းလုံးကိုအစိုးရသော စကြာမင်း ဖြစ်ပါလိမ့်မည်၊ တောထွက်၍ရဟန်းပြုလျှင်လည်း အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မဖောက်မပြန် မှန်ကန်စွာသိမြင်သော ဘုရား ဖြစ်ပါလိမ့်မည်" ဟု ဖတ်ကြားလျှောက်တင်ကြသည်။

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် တို့၏ လက္ခဏာတို့ကား (၁) ညီညာသော ခြေဘဝါးရှိခြင်း။ (၂) ခြေဘဝါး အပြင်တို့၌ အကန့်တထောင်၊ အကွပ်ပုံ တောင်းတို့နှင့်ပြည့်စုံသော စက်ဝန်းရှိခြင်း။ (၃) ရှည်သောဖနောင့်ရှိခြင်း။ (၄) ရှည်သော လက်ချောင်း ခြေချောင်း ရှိခြင်း။ (၅) နူးညံ့သော လက်ဖဝါး ခြေဖဝါးရှိခြင်း။ (၆) ကွန်ရက်ပမာ ညီညာသော လက်ခြေ ရှိခြင်း။ (၇) မြင့်သောဖမျက်ရှိခြင်း။ (၈) ဈေးမည်သောသားကောင်ကဲ့သို့ ပြေပြစ်သော မြင်းခေါင်း ရှိခြင်း။ (၉) မကိုင်းမညွတ်ပဲ ရပ်လျက်ပင် လက်ဖဝါးနှစ်ဖက်ဖြင့် ပုဆစ် ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်ခြင်း။ (၁၀) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ် ရှိခြင်း။ (၁၁) ရွှေ အဆင်း ရှိသော အသားအရေနှင့် ပြည့်စုံခြင်း။ (၁၂) ချောမွေ့၍အညစ်အကြေးမကပ်ငြိနိုင်သော အရေ ရှိခြင်း။ (၁၃) တပင်ချင်း ပေါက်သော မွေးညှင်း ရှိခြင်း။ (၁၄) အထက်သို့ ကော့သော မွေးညှင်း ရှိခြင်း။ (၁၅) ဗြဟ္မာမင်း ကဲ့သို့ ဖြောင့်စင်းသောကိုယ် ရှိခြင်း။ (၁၆) လက်ဖမိုး ခြေဖမိုး၊ ပုခုံးနှစ်ဖက် လည်ကုပ်တို့၌ ဖြိုးမောက်သောအသားရှိခြင်း။ (၁၇) ခြင်္သေ့၏ ရှေ့ပိုင်းကိုယ်နှင့်တူသောကိုယ် ရှိခြင်း။ (၁၈) လက်ပြင် နှစ်ဖက် ကြား၌ ကြောရိုးကြောင်းမထင်သောကြောပြင်ရှိခြင်း။ (၁၉) ကိုယ်လုံးနှင့်အရပ်လိုက်ဖက်၍ပညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသောကိုယ် ရှိခြင်း။ (၂၀) ညီညွတ်လုံးဝန်းသောလည်တိုင်ရှိခြင်း။ (၂၁) အလွန်ကောင်းမွန်သော အကြော ရှိခြင်း။ (၂၂) ခြင်္သေ့မေးနှင့်တူသောမေးရှိခြင်း။ (၂၃) လေးဆယ်သောသွားရှိခြင်း။ (၂၄) ညီညွတ်သောသွားရှိခြင်း။ (၂၅) မကျဲသောသွားရှိခြင်း။ (၂၆) ဖြူစင်သော အစွယ်လေးချောင်းရှိခြင်း။ (၂၇) နူးညံ့ရှည်လျားကြီးမားသောလျှာရှိခြင်း။ (၂၈) ဗြဟ္မာမင်း၏ အသံ ကရဝိက်ငှက်၏ အသံနှင့် တူသော အသံ ရှိခြင်း။ (၂၉) အလွန်ညိုသော မျက်လုံး ရှိခြင်း။ (၃၀) နွားငယ်၏ မျက်တောင်နှင့်တူသောမျက်တောင်ရှိခြင်း။ (၃၁) မျက်မှောင်နှစ်ခုကြား၌ လဲဝါဂွမ်းကဲ့သို့ နူးညံ့ဖြူစင်သော ဥဏ္ဏာလုံမွေးရှင် ပေါက်သျှက် ရှိခြင်း။ (၃၂) ဦးခေါင်း၌ သင်းကျစ်တပ်ဆင်ထားသကဲ့သို့ ဖြစ်နေခြင်းတို့ ပေတည်း။

www.dhammaransi.com


## ဝိပဿီအမည် မှည့်ခြင်း

ဗန္ဓုမာမင်းကြီးသည် လက္ခဏာဖတ်ပုဏ္ဏားတို့အား အဝတ်ပုဆိုး၊ စားဖွယ် သောက်ဖွယ် စသည်တို့ဖြင့် ပူဇော် ချီးမြှောက်ပြီး ဝိပဿီမင်းသားလေးအား အထိန်းတော်တို့ဖြင့် ကောင်းစွာ ကျွေးမွေးပြုစု၏။ ဝိပဿီမင်းသားလေးသည် ဗြဟ္မာမင်း၏အသံ၊ ကရဝိက်ငှက်၏ အသံကဲ့သို့ သာယာညှင်းပျောင်းချိုအေး၍ နှစ်သက်ဖွယ်ကောင်းသောအသံနှင့် ပြည့်စုံ၏. နေ့ရောညပါ တယူဇနာပတ်ဝန်းကျင်ကို မြင်နိုင်သည့် နတ်မျက်စိနှင့်တူသော မျက်စိ ရှိ၏။ တာဝတိံသာ နတ်တို့ကဲ့သို့ မျက်တောင် မခတ်ပဲ ကြည့်ရှု၏။ ထို့ကြောင့် ထိုမင်းသားအား "ဝိပဿီ" ဟု အမည်မှည့်ခြင်းဖြစ်၏။ ဗန္ဓုမာမင်းသည် တရားစီရင်ရာ၌ ဝိပဿီမင်းသားကို ရင်ခွင်၌ ထိုင်စေ၍ တရား စီရင်၏။ ဝိပဿီမင်းသားသည် ခမည်းတော်၏ရင်ခွင်၌ထိုင်လျက် အမှု၏အမှားအမှန်ကို စိစစ် ဆုံးဖြတ်ပေး၏။ ထို့ကြောင့်လည်း ဝိပဿီဟူသော အမည်သည် ပို၍ထင်ရှားခဲ့၏။ ဗန္ဓုမာမင်းသည် ဝိပဿီမင်းသားအား ဥတုသုံးပါးအားလျော်စွာ ခံစားနေထိုင်ရန် နန်းပြာသာဒ် သုံးဆောင်ကို ဆောက်လုပ်စေပြီး ကာမဂုဏ် ငါးပါးတို့ကို လိုလေသေး မရှိအောင် စီမံဖန်တီးပေး၏။

## နိမိတ်လေးပါး တွေ့မြင်ခြင်း

ကာမဂုဏ် ငါးပါးတို့ကို နှစ်သက်စွာ ခံစားနေသော ဝိပဿီမင်းသားသည် နှစ်ပေါင်းများစွာကြာသောအခါ သာယာသော ရှုခင်းများကို ရှုစားလိုသဖြင့် ကောင်းမွန်သော ယာဉ်ရထားများဖြင့် ဥယျာဉ်သို့ ထွက်လေသည်။ လမ်းခရီးတွင် မင်းသားသည် တောင်ဝှေးကိုအားပြုလျက် ကတုန်ကရီသွားလာနေသော သူအိုတယောက်ကိုမြင်၍ "ဤသူသည် မည်သူနည်း" ဟု ရထားထိန်းကို မေး၏။ ရထားထိန်းက သူအိုဖြစ်ကြောင်းပြောကြားလျှင် "ငါသည်လည်း ဤ သူကဲ့သို့ပင် အိုရဦးမည်လော" ဟု မေးပြန်၏။ ရထားထိန်းက "အရှင်မင်းသားနှင့်တကွ ကျွန်ုပ်တို့အားလုံး မလွဲမသွေ အိုရမည်သာ ဖြစ်ပါသည်" ဟု လျှောက်တင်သောအခါ မင်းသားသည် စိတ်နှလုံးမသာမယာဖြစ်ကာ ဥယျာဉ်သို့ပင် မသွားတော့ဘဲ နန်းတော်သို့ လှည့်ပြန်လေသည်။ ဤအကြောင်းကို ဗန္ဓုမာ မင်းကြီး ကြားသိလျှင် သားတော် တောမထွက်စေရန် မင်းသားအတွက် နှစ်သက်မက်မောဖွယ်ရာ ကာမဂုဏ် ငါးပါးတို့ကို တိုး၍ စီမံ ဖန်တီးပေးလေသည်။

www.dhammaransi.com



ကာမဂုဏ်ငါးပါးကို စိတ်တိုင်းကျခံစားနေသော ဝိပဿီမင်းသားသည် နှစ်ပေါင်း များစွာ ကြာသောအခါ ဥယျာဉ်သို့ တဖန် ထွက်ပြန်ရာ လမ်းတွင် လဲကျနေသော သူနာ တယောက်ကို တွေ့မြင်လေ၏။ ရထားထိန်းအား ရှေး နည်းတူ မေးမြန်း၍ မိမိလည်း နာခြင်းတရားနှင့် မကင်းနိုင်ကြောင်း သိရှိရ သောအခါ မင်းသားသည် စိတ်မချမ်းမသာဖြင့် နန်းတော်သို့ ပြန်လာခဲ့၏။ ဤအကြောင်းကို ဗန္ဓုမာမင်းကြီး ကြားသိလျှင် သားတော် တောမထွက်နိုင် စေရန် ကာမဂုဏ်ငါးပါးကို ရှေးကထက်ဘိုး၍ စီမံဖန်တီးပေးပြန်သည်။

ထို့နောက် နှစ်ပေါင်း များစွာ ကြာ၍ တဘိယအကြိမ် ဥယျာဉ်သို့ ထွက်သောအခါ မင်းသားသည် လမ်းတွင် သူသေကောင်တယောက်ကို တွေ့မြင်လေ သည်။ မိမိသည်လည်း ဤသူသေကဲ့သို့ပင် တနေ့နေ့၌ ချစ်စွာသော မိဘဆွေမျိုး များနှင့်ခွဲခွာ၍ သေရဦးမည်ဖြစ်ကြောင်း တွေးတောဆင်ခြင်မိသဖြင့် မင်းသား သည် စိတ်မသက်မသာဖြင့် နန်းတော်သို့ပြန်လာ၏။ ဤအကြောင်းကို ဗန္ဓုမာ မင်းကြီး ကြားသိလျှင် မင်းသား နှစ်သက်မော်မောမည့် အာရုံငါးပါးကို တိုး၍ စီမံဖန်တီးပေးပြန်သည်။

ထို့နောက် နှစ်ပေါင်းများစွာကြာ၍ စတုတ္ထအကြိမ်ဥယျာဉ်သို့ထွက် ရာတွင်ကား မင်းသားသည် ဖန်ရေဆိုးသောအဝတ်ကို ဝတ်ရုံထားသည့် ရဟန်း တပါးကို တွေ့မြင်သည်။ ရဟန်းဟူသည် သတ္တဝါတို့အပေါ် အစဉ် သနား ကြင်နာလျက် ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ တရားကျင့်နေသူ ဖြစ်ကြောင်း သိရှိရလျှင် မင်းသားသည်နှစ်သက်၍ ထိုအရပ်မှပင် ရထားထိန်းကို နန်းတော် သို့ ပြန်လွှတ်လိုက်ပြီး မိမိတပါးတည်း ဖန်ရေဆိုးသောအဝတ်ကို ဝတ်ဆင်ကာ ရဟန်းပြုလိုက်လေသည်။

ဝိပဿီမင်းသား ရဟန်းပြုကြောင်း ကြားသိလျှင် ဗန္ဓုမတီ နေပြည် တော်မှ ရှစ်သောင်း လေးထောင်သော လူ အပေါင်းတို့သည် ဝိပဿီ မင်း သားနောက်သို့ လိုက်၍ ရဟန်းပြုကြ၏။ ဝိပဿီမင်းသားသည် ထိုပရိသတ် ဖြင့်ခြံရံလျက် မြို့ရွာများသို့ လှည့်လည်နေ၏။ တရံရောအခါ ဝိပဿီမင်းသား အား "လူတို့နှင့်ရောနှောနေခြင်းသည်မသင့်" ဟု အကြံဖြစ်ပေါ် လာသဖြင့် ပရိသတ်မှခွဲထွက်ပြီး တပါးတည်း ကျင့်သုံးနေထိုင်လေ၏။

## အဖြစ်အပျက်ကိုဆင်ခြင်ခြင်း

ဤသို့တပါးတည်းနေစဉ် ဝိပဿီမင်းသားသည် "အိုခြင်း သေခြင်း တို့နှင့်မကင်းနိုင်သော ဤလောကသည် ဆင်းရဲလှ၏၊ အဘယ်တရားရှိ၍ ဤ

www.dhammaransi.com



အိုခြင်း သေခြင်းများသည် ဖြစ်ရသနည်း” ဟု ဆင်ခြင် စဉ်းစားမိ၏။ နည်းလမ်းမှန်ကန်စွာဆက်၍ ဆင်ခြင်စဉ်းစားသောအခါ မွေးဖွားခြင်းရှိ၍ အိုခြင်း သေခြင်းဖြစ်ရကြောင်း ပညာဖြင့်ထိုးထွင်းသိမြင်လာ၏။ ဤနည်းတူဆက်လက် စဉ်းစားပြန်ရာ မွေးဖွားခြင်းသည် ဘဝရှိ၍၊ ဘဝသည်စွဲလမ်းခြင်းရှိ၍၊ စွဲလမ်းခြင်းသည် တတ်မက်ခြင်းရှိ၍၊ တတ်မက်ခြင်းသည် ခံစားခြင်းရှိ၍၊ ခံစားခြင်းသည် တွေ့ထိခြင်းရှိ၍၊ တွေ့ထိခြင်းသည် အာယတနခြောက်ပါးရှိ၍၊ အာယတန ခြောက်ပါးသည် နာမ်ရုပ်ရှိ၍၊ နာမ် ရုပ်သည် ဝိညာဉ်ရှိ၍၊ ဝိညာဉ်သည်လည်း တဖန် နာမ်ရုပ်ရှိ၍ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း အကြောင်း အကျိုး အဆက်ဆက်ကို ပညာဖြင့်ထိုးထွင်းသိမြင်လာ၏။

ထို့နောက် ဝိပဿီမင်းသားအား “ဤဝိညာဉ်သည် တပါးသော အကြောင်းဆီသို့မသွားဘဲ နာမ်ရုပ်သို့ပင်ပြန်လှည့်လာ၏။ ဤမျှသောအကြောင်းဆက်ဖြင့် မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်း၊ အဖန်ဖန် စုတေခြင်း တို့ သည် ဖြစ်ပေါ် ကြရကုန်၏။ နာမ် ရုပ် ကြောင့် ဝိညာဉ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် အာယတန ခြောက်ပါး၊ အာယတန ခြောက်ပါး ကြောင့် တွေ့ထိခြင်း၊ တွေ့ထိခြင်းကြောင့် ခံစားခြင်း၊ ခံစားခြင်းကြောင့် တတ် မက်ခြင်း၊ တတ်မက်ခြင်းကြောင့် စွဲလမ်းခြင်း၊ စွဲလမ်းခြင်းကြောင့် ဘဝ၊ ဘဝကြောင့် မွေးဖွားခြင်း၊ မွေးဖွားခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့ ဖြစ်ကြရကုန်၏။ ဤနည်းဖြင့် ချမ်းသာခြင်းလုံးဝမဖက်သော ဆင်းရဲဒုက္ခ အစုအဝေးကြီးသည် ဖြစ်ပေါ်နေ၏” ဟူ၍ ဆင်ခြင်စဉ်းစားမိလေ၏။ ဤသို့ဖြင့်ဝိပဿီမင်းသားအား ရှေးကမကြားဘူးသေးသော တရားတို့၌ဖြစ်ပေါ်မှုကို သိမြင်သောဉာဏ်ပညာ အလင်းရောင်သည် ထင်ရှားစွာဖြစ်ပေါ်လာလေသည်။

ထို့နောက်တဖန် ဝိပဿီမင်းသားသည် “ဘယ်တရားမရှိသော် အိုခြင်း သေခြင်းမဖြစ်သနည်း၊ ဘယ်တရားချုပ်ငြိမ်းလျှင် အိုခြင်း သေခြင်း ချုပ်ငြိမ်းသနည်း” ဟု အကြံဖြစ်ပေါ်လာသဖြင့် နည်းလမ်းမှန်ကန်စွာ ဆက်၍ဆင်ခြင်သုံးသပ်ရာ မွေးဖွားခြင်းမရှိလျှင် အိုခြင်း သေခြင်းမရှိ၊ ဘဝမရှိလျှင်မွေးဖွားခြင်းမရှိ၊ စွဲလမ်းခြင်းမရှိလျှင်ဘဝမရှိ၊ တတ်မက်ခြင်းမရှိလျှင်စွဲလမ်းခြင်းမရှိ၊ ခံစားခြင်းမရှိလျှင် တတ်မက်ခြင်းမရှိ၊ တွေ့ထိခြင်း မရှိလျှင် ခံစား ခြင်းမရှိ၊ အာယတနခြောက်ပါးမရှိလျှင် တွေ့ထိခြင်းမရှိ၊ နာမ်ရုပ်မရှိလျှင် အာယတန ခြောက်ပါးမရှိ၊ ဝိညာဉ်မရှိလျှင် နာမ်ရုပ်မရှိ၊ တဖန် နာမ်ရုပ် မရှိလျှင်လည်း

www.dhammaransi.com



ဝိညာဉ်မရှိကြောင်း ချုပ်ငြိမ်းမှု၏အကြောင်းအကျိုး အဆက်ဆက်ကို ပညာဖြင့် ထိုးထွင်းသိမြင်ပြန်လေသည်။

ထိုအခါ ဝိပဿီမင်းသားအား ဤသို့အကြံဖြစ်၏။

"သစ္စာလေးပါးကို ကောင်းစွာသိရန် လမ်းစဉ်ကို ငါရပြီ။ နာမ် ရုပ် ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏၊ ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ နာမ်ရုပ်ချုပ်ခြင်းကြောင့် အာယတနခြောက်ပါးချုပ်၏။ အာယတန ခြောက်ပါးချုပ်ခြင်းကြောင့် တွေ့ထိခြင်းချုပ်၏။ တွေ့ထိခြင်းချုပ်ခြင်းကြောင့် ခံစားခြင်းချုပ်၏။ ခံစားခြင်း ချုပ်ခြင်းကြောင့် တတ်မက်ခြင်း ချုပ်၏။ တတ် မက်ခြင်း ချုပ်ခြင်းကြောင့် စွဲလမ်းခြင်းချုပ်၏။ စွဲလမ်းခြင်း ချုပ် ခြင်း ကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် မွေးဖွားခြင်းချုပ်၏။ မွေးဖွားခြင်းချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်စိတ်ဆင်းရဲခြင်း မြင့်စွာပူပန်ခြင်းတို့ချုပ်ကုန်၏။ ဤနည်းဖြင့် ချမ်းသာခြင်း လုံးဝမဖက်သော ဆင်းရဲဒုက္ခအစုအဝေးကြီးသည် ချုပ်ငြိမ်းရလေ၏။"

ဤသို့ဖြင့် ဝိပဿီမင်းသားအား ရှေးကမကြားဘူးသေးသော တရားတို့၌ ချုပ်ငြိမ်းမှုကို သိမြင်သောဉာဏ်ပညာ အလင်းရောင်သည် ထင်ရှားစွာဖြစ်ပေါ်လာလေ၏။

ထို့နောက်ဝိပဿီမင်းသားသည် "ဤကားရုပ်၊ ဤကားရုပ်၏ဖြစ်ခြင်းတည်း၊ ဤကားရုပ်၏ချုပ်ငြိမ်းခြင်းတည်း" စသည်ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကိုရှုလျက် နေ၏။ ယင်းသို့ရှုနေ၍ မကြာမီအချိန် အတွင်းမှာပင် မင်းသား၏စိတ်သည် စွဲလမ်းခြင်းမရှိဘဲ အာသဝေါတရားတို့မှ လွတ်မြောက်လေသည်။

## တရားဟောရန်ပြဟ္မာတောင်းပန်ခြင်း

အလုံးစုံသောတရားတို့ကို သိမြင်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် မိမိသိမြင်အပ်သောတရားကို သတ္တဝါတို့အားဟောကြားလိုသော ဆန္ဒဖြစ်ပေါ်လာသော်လည်း 'နက်နဲသောတရားကို ကိလေသာဖုံးလွှမ်းနေသော သတ္တဝါများ သိမြင်နိုင်မည်မဟုတ်' ဟု ဆင်ခြင်မိသဖြင့်တရားမဟောဘဲ ကြောင့်ကြမဲ့နေရန် စိတ်ညွတ်တော်မူ၏။ ထိုအခါ ပြဟ္မာကြီး တဦးသည် ဝိပဿီမြတ်စွာဘုရား၏ရှေ့၌ ထင်ရှားပေါ်လာပြီး "အရှင်ဘုရား.... တရားဟောတော်မူပါ၊

www.dhammaransi.com



ပညာမျက်စိ၌ကိလေသာမြူဖုံးလွှမ်းမှုနည်းပါးသော သတ္တဝါများရှိကြပါသည်။ ထိုသူတို့သည် တရားကိုသိမြင်ကြပါလိမ့်မည်'' ဟု လျှောက်ထား တောင်းပန်လေ၏။

ဝိပဿီ မြတ်စွာဘုရားသည် ဗြဟ္မာ၏ တောင်းပန်ခြင်းနှင့် သတ္တဝါတို့အပေါ် သနားကြင်နာခြင်းကို အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူသည်၊ ထိုအခါ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးသော သတ္တဝါတို့ကိုလည်း၊ ပညာမျက်စိ၌ ကိလေသာမြူ များပြားသော သတ္တဝါတို့ကိုလည်း မြင်တော်မူသည်။ ဥပမာအားဖြင့် ရေထဲ၌ ပေါက်ရောက် နေသော ကြာပင်တို့တွင် အချို့ကြာပင်တို့သည် ရေထဲ၌ မြုပ်နေကုန်၏။ အချို့ကြာပင်တို့သည် ရေနှင့်အညီ တည်ကုန်၏။ အချို့ကြာပင်တို့သည် ရေပေါ်သို့ ပေါ်တက်၍ တည်ကုန်၏။ ဤနည်းတူပင် ဝိပဿီ မြတ်စွာဘုရားသည် အမျိုးမျိုးသော အခြင်းအရာရှိသော သတ္တဝါတို့ကို မြင်တော်မူသည်။

ဗြဟ္မာကြီးသည် ဝိပဿီ မြတ်စွာဘုရား၏ စိတ်အကြံကို သိ၍ အိုခြင်း နာခြင်းတို့ဖြင့် နှိပ်စက်ခံနေရသဖြင့် ဆင်းရဲဒုက္ခ ရောက်နေသော သတ္တဝါ အပေါင်းအား တရားဟောရန် ထပ်မံတောင်းပန်သည်။ မြတ်စွာဘုရားက နိဗ္ဗာန်တံခါးကို ဖွင့်ထားပြီဖြစ်ကြောင်း မိန့်ကြားလိုက်သောအခါ ဗြဟ္မာကြီးသည် မြတ်စွာဘုရားအား ရှိခိုးပြီး နေရာမှ ပျောက်ကွယ်သွားလေ၏။

## တရားဦးဟောကြားခြင်း

ဝိပဿီ မြတ်စွာဘုရားသည် မည်သူ့အား ရှေးဦးစွာ တရားဟောရမည်ကို စဉ်းစားဆင်ခြင်သောအခါ ဗန္ဓုမတီ နေပြည်တော်မှ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့ကို မြင်တော်မူသည်။ ထိုအခါ မြတ်စွာဘုရားသည် ကျေးဇူးတော်ကြီးသော ဗောဓိပင်ကို ဆန္ဒကန်းဘိ သကဲ့သို့ ဗောဓိပင်ရင်းမှ ကွယ်ခဲ့ပြီး နေပြည်တော်၏အနီး ခေမ မည်သော မိဂဒါဝုန်တော၌ ထင်ရှားဖြစ်တော်မူသည်။ ဝိပဿီ မြတ်စွာဘုရားသည် ဟောစောင့်အား စေလွှတ်၍ ခဏ္ဍနှင့်တိဿ တို့ကို ခေါ်စေရာ ထိုသူနှစ်ဦးတို့သည် မကြာမီ ဆိုက်ရောက်လာကြပြီး မြတ်စွာဘုရားအား ရှိခိုးပြီး သင့်လျော်သော နေရာ၌ ထိုင်နေကြသည်။

မြတ်စွာဘုရားသည် ထိုသူတို့အား ဒါန ကထာစသော တရားစကားကို အစဉ်အတိုင်း ဟောကြားပြီး ကာမဂုဏ်တို့၏ အပြစ်ကိုလည်း ပြသတော်မူ

www.dhammaransi.com



သည်။ ထိုသူတို့၏ စိတ်များ ကိလေသာ အပိတ်အဆီး ကင်းကွာ၍ နူးညံ့ တက်ကြွမှုရှိလာကြောင်း သိရှိသောအခါ သစ္စာလေးပါးကို ထင်ရှားပြတော် မူသည်။ ဖြူစင်သော အဝတ်သည် ဆိုးရေကို ကောင်းစွာ ခံယူသကဲ့သို့ ဓဏ္ဍ နှင့် တိဿ တို့အား ထိုနေရာ၌ပင် "ဖြစ်ခြင်းသဘောရှိသော တရားတိုင်းသည် ချုပ်ခြင်းသဘောရှိ၏။" ဟူသော တရားအမြင်သည် ထင်ရှား ဖြစ်ပေါ်လာ လေ၏။

တရားကို ကိုယ်တိုင်သိမြင်၍ ယုံမှားခြင်းကင်းပြီးသော ခဏ္ဍနှင့် တိဿ တို့သည် ဝိပဿီမြတ်စွာဘုရားထံ၌ ခွင့်ပန်၍ ရဟန်းအဖြစ်ကို ခံယူကြသည်။ ဝိပဿီမြတ်စွာဘုရားက ဆက်လက်တရားပြသဖြင့် ထိုသူနှစ်ဦးတို့၏စိတ်များသည် မကြာမီ အာသဝေါတရားတို့မှ လွတ်မြောက်သွားကြလေသည်။

## လူအပေါင်းတို့ ရဟန်းပြုကြခြင်း

ဗန္ဓုမတီနေပြည်တော်သို့ ဝိပဿီမြတ်စွာဘုရားကြွလာ၍ ခဏ္ဍမင်းသား နှင့် ပုရောဟိတ်သား တိဿတို့ ရဟန်းပြုသွားကြသည့်သတင်းကို မြို့သူမြို့သား များ ကြားသိကြသည်။ ထိုအခါ ရှစ်သောင်းလေးထောင်သော လူအပေါင်း တို့သည် မြတ်စွာဘုရားထံချဉ်းကပ်၍ တရားကို နာယူကြသည်။ ထိုသူတို့သည် တထိုင်တည်းဖြင့်ပင် တရားအမြင်ပေါက်၍ မြတ်စွာဘုရားထံ၌ ရဟန်းပြုကြပြီး မကြာမီ အာသဝေါတရားကင်းစင်သော ရဟန္တာများ ဖြစ်သွားကြသည်။

ဝိပဿီဘုရားလောင်း တောထွက်စဉ်က အတူလိုက်၍ ရဟန်းပြုခဲ့ကြ သည့် ရှစ်သောင်းလေးထောင်သော ရဟန်းတို့သည်လည်း ဝိပဿီမြတ်စွာဘုရား သည် ဗန္ဓုမတီပြည်ခေမ မည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေကြောင်း ကြားသိကြသဖြင့် မြတ်စွာဘုရားထံသို့ ဆိုက်ရောက်လာကြသည်။ ထိုသူတို့သည် လည်း ရှေးနည်းတူပင် တရား အမြင် ပေါက်၍ ရဟန္တာ ဖြစ်သွားကြပြန်ရာ ရဟန္တာပေါင်း တသိန်းခြောက်သောင်းရှစ်ထောင် ရှိသွားလေသည်။

## ဒေသစာရီ လှည့်လည်ရန် ခွင့်ပြုခြင်း

ဤသို့ ဗန္ဓုမတီနေပြည်တော်၌ ရဟန္တာပေါင်း တသိန်းခြောက်သောင်း ရှစ်ထောင် ရှိလာသော အခါ ဝိပဿီ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ဒေသစာရီ လှည့်လည်၍ လူတို့အား တရားဟောစေရန် အကြံဖြစ်တော်မူသည်။ တဦးသော ဗြဟ္မာကလည်း ရဟန်းတို့အား တရားဟောစေလွှတ်ရန် လာရောက်

www.dhammaransi.com



တောင်းပန်သည်။ ထို့ဖြစ်၍ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ "ရဟန်းတို့.... သင်တို့သည် လူတို့၏စီးပွားချမ်းသာအလို့ငှာ ဒေသစာရီ လှည့်လည်ကြကုန်လော၊ ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသော တရားကို ဟောကြားကြကုန်လော။ တလမ်းတည်း နှစ်ပါးမသွားကြကုန်လင့်။ ခြောက်နှစ်လွန်သောအခါ၌ကား ပါတိမောက်ရွတ်ဆိုခြင်းကို ကြားနာရန် ဗန္ဓုမတီပြည်သို့ ပြန်ခဲ့ကြကုန်လော"ဟူ၍ မိန့်ကြားတော်မူသည်။

ထိုစဉ်အခါ ဇမ္ဗူဒိပ်ကျွန်း၌ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်ရှိ၏။ တနှစ်လွန်သောအခါ နတ်တို့သည် "အရှင်တို့ ယခု တနှစ်လွန်၍ ငါးနှစ်သာ ကျန်ပါတော့သည်။ နောက်ထပ် ငါးနှစ်လွန်သောအခါ ပါတိမောက်ရွတ်ဆိုခြင်းကို ကြားနာရန် ဗန္ဓုမတီပြည်သို့ ချဉ်းကပ်ရပါလိမ့်မည်"ဟု သတိပေး ကြွေးကြော်ကြသည်။ နှစ်နှစ် သုံးနှစ် စသည် လွန်သော အခါတို့၌လည်း အလားတူ ကြွေးကြော်ကြပြီး ခြောက်နှစ်လွန်သောအခါ၌ကား အချို့သော ရဟန်းတို့သည် မိမိတို့ တန်ခိုးဖြင့်၎င်း၊ အချို့သော ရဟန်းတို့သည် နတ်တို့၏ တန်ခိုးဖြင့်၎င်း ဗန္ဓုမတီပြည်သို့ ချဉ်းကပ်လာကြသည်။ ထိုအခါ ဝိပဿီမြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ပါတိမောက်ကို ဤသို့ရွတ်ဆိုတော်မူသည်။

"သည်းခံခြင်းသည် မြတ်သော အကျင့် ဖြစ်၏။ မြတ်စွာဘုရားတို့သည် နိဗ္ဗာန်ကို အမြတ်ဆုံးဟုမိန့်ဆိုကြကုန်၏။ ရဟန်း မည်သည် သူတပါးကို မညှင်းဆဲ၊ သူတပါးကို ညှင်းဆဲသူသည်လည်း ရဟန်းမဟုတ်။ မကောင်းမှုဟူသမျှကို မပြုခြင်း၊ ကုသိုလ်ကောင်းမှုများကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်းများသည် ဘုရားရှင်တို့၏ အဆုံးအမ ဖြစ်၏"

"မစွပ်စွဲခြင်း၊ မညှင်းဆဲခြင်း၊ ပါတိမောက်သီလကို စောင့်စည်းခြင်း၊ အစားအစာ၌ အတိုင်းအရှည်ကို သိခြင်း၊ လူသူ မနီးသော တောကျောင်း၌ နေခြင်း၊ လွန်မြတ်သော စိတ်တည်ငြိမ်မှု လုပ်ငန်း၌ အားထုတ်ခြင်းများသည်လည်း ဘုရားရှင်တို့၏ အဆုံးအမ ဖြစ်၏"

ဗုဒ္ဓမြတ်စွာသည် ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်ဆိုင်သော စကားကို ဤသို့ အကျယ်တဝင့် ဟောကြားတော်မူသည်။

## ဖြဗ္ဗာတို့က လျှောက်ထားခြင်း

"ရဟန်းတို့.. အခါတပါး၌ ငါဘုရားသည် ဥက္ကဋ္ဌမြို့အနီး သုဘဂတော၌ သီတင်းသုံးနေစဉ် 'ရှည်လျားသော သံသရာတလျှောက်၌ သုဒ္ဓါဝါသ ဖြဟ္မာ

www.dhammaransi.com



ဘုံမှတပါး ငါမဖြစ်ဘူးသောဘုံ မရှိ။ ငါသည် သုဒ္ဓါဝါသပြဟ္မာ့ဘုံသို့ ချဉ်းကပ်ရမှု ကောင်းလေစွ ဟု အကြံဖြစ်ပေါ်လာသဖြင့် သုဘဂတော၌ ကွယ်ခဲ့ပြီး အဝိဟာပြဟ္မာ့ဘုံ၌ ထင်ရှား ဖြစ်ခဲ့၏။ ထိုအခါ များစွာသော ပြဟ္မာတို့သည် ငါဘုရားထံ လာရောက် ရှိခိုးကြပြီး ကိုးဆယ့်ဘစ်ကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား ဖြစ်ပေါ်ခဲ့ပုံနှင့် မိမိတို့သည် ထို မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးခဲ့ကြသဖြင့် ပြဟ္မာ့ပြည်သို့ ရောက်လာကြရပုံကို လျှောက်ကြားကြသည်။ ထို့အတူပင် သိခီ၊ ဝေဿဘူ အစရှိသော မြတ်စွာဘုရားတို့၏ တပည့်ဖြစ်ခဲ့သော ပြဟ္မာတို့ကလည်း အသီးသီး လာရောက် လျှောက်ထားကြသည်။

"ရဟန်းတို့.... ထို့နောက် ငါဘုရားသည် အဝိဟာ ပြဟ္မာတို့နှင့် အတူ အတပ္ပါပြဟ္မာတို့ထံသို့ရင်း၊ ထိုမှတဖန် သုဒဿာပြဟ္မာ၊ သုဒဿီပြဟ္မာ၊ အကနိဋ္ဌ ပြဟ္မာတို့ ထံသို့ရင်း အသီးသီး ချဉ်းကပ်ခဲ့၏။ ထိုသို့ ချဉ်းကပ်သည့်အခါတွင်လည်း ဝိပဿီ အစရှိသော မြတ်စွာဘုရားတို့ ထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးခဲ့ကြသော ပြဟ္မာတို့သည် ထိုဘုရားရှင်တို့၏အကြောင်းများကို အသီးအသီး ငါဘုရားအား လျှောက်ထားကြကုန်၏"

"ရဟန်းတို့.... ဤသို့လျှင် ငါဘုရားသည် ကိုယ်တိုင်ထိုးထွင်း၍ သိခြင်းကြောင့်လည်း ရှေးဘုရားရှင်တို့ကို ဇာတ်အားဖြင့်ရင်း၊ အမျိုးအမည် စသည်အားဖြင့်ရင်း အောက်မေ့နိုင်ခြင်း ဖြစ်၏။ နတ်ပြဟ္မာတို့က လျှောက် ထားကြခြင်းကြောင့်လည်း ယင်းသို့ အောက်မေ့နိုင်ခြင်းဖြစ်၏"

ဗုဒ္ဓမြတ်စွာက ဤတရားကို ဟောကြားသော အခါ ရဟန်းတို့သည် နှစ်သက်ဝမ်းမြောက်စွာ ခံယူကြလေသည်။

www.dhammaransi.com

# ၁၅။ မဟာနိဒါနသုတ်

ကြောင်းကျိုးဆက်တရားများ ဟောကြားခြင်း

ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံး၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ရှင်အာနန္ဒာသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား.... အံ့ဩဖွယ်ရှိပါပေစွ၊ အလွန်နက်နဲ၍ နက်နဲသော အသွင်လည်းရှိသော ပဋိစ္စသမုပ္ပါဒ် တရားတော်သည် တပည့်တော်၏ ဉာဏ်၌ တိမ်တိမ်ကလေးကဲ့သို့ ထင်၍နေပါလည်း" ဟု လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓက "အာနန္ဒာ.... ဤသို့မဆိုလင့်၊ ပဋိစ္စသမုပ္ပါဒ်တရားသည် နက်လည်းနက်နဲ၏၊ နက်နဲသောအသွင်လည်းရှိ၏။ ဤပဋိစ္စသမုပ္ပါဒ်တရားကို ထိုးထွင်းမသိခြင်းကြောင့်ပင် သတ္တဝါအပေါင်းသည် ချည်ခင်ထွေး၊ စာပေါင်းသိုက်၊ မြူဆံမြက်၊ ပြိတ်မြက် တို့ကဲ့သို့ဖြစ်၍ အပါယ်ဘုံကိုရင်း၊ သံသရာကိုရင်း မလွန်မြောက်နိုင်ပဲ ရှိချေသည်"ဟု မိန့်ကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓက ဤသို့ ဆက်လက် ဟောကြားတော်မူသည်။

"အာနန္ဒာ.... အိုခြင်း သေခြင်းတို့၏ အကြောင်းသည် ရှိသလောဟု မေးလျှင် ရှိ၏ဟု ဖြေဆိုအပ်၏။ အဘယ်အကြောင်းကြောင့် အိုခြင်းသေခြင်းသည် ဖြစ်သနည်းဟုမေးလျှင် ပဋိသန္ဓေနေခြင်းကြောင့် အိုခြင်းသေခြင်းသည် ဖြစ်၏ဟု ဖြေဆိုအပ်၏။"

ထို့အတူပင် ပဋိသန္ဓေ နေခြင်းသည် ဘဝကြောင့်ဖြစ်ပုံ၊ ဘဝသည် စွဲလမ်းခြင်းကြောင့်ဖြစ်ပုံ၊ စွဲလမ်းခြင်းသည် တတ်မက်ခြင်းကြောင့်ဖြစ်ပုံ၊ တတ်မက်ခြင်းသည် ခံစားခြင်းကြောင့်ဖြစ်ပုံ၊ ခံစားခြင်းသည် တွေ့ထိခြင်းကြောင့် ဖြစ်ပုံ၊ တွေ့ထိခြင်းသည် နာမ်ရုပ်ကြောင့်ဖြစ်ပုံ၊ နာမ်ရုပ်သည် ဝိညာဉ်ကြောင့် ဖြစ်ပုံ၊ ဝိညာဉ်သည်လည်း တဖန် နာမ်ရုပ်ကြောင့်ပင် ဖြစ်ပုံတို့ကို ဆက်လက် ဟောကြားတော်မူသည်။

www.dhammaransi.com



"အာနန္ဒာ.... ဤသို့လျှင် နာမ်ရုပ်ကြောင့် ဝိညာဉ်သည်ဖြစ်၏။ ဝိညာဉ်ကြောင့်လည်း တဖန် နာမ်ရုပ်သည် ဖြစ်ပြန်၏။ နာမ်ရုပ်ကြောင့် တွေ့ထိခြင်း၊ တွေ့ထိခြင်းကြောင့် ခံစားခြင်း၊ ခံစားခြင်းကြောင့် တတ်မက်ခြင်း၊ တတ်မက်ခြင်းကြောင့် စွဲလမ်းခြင်း၊ စွဲလမ်းခြင်းကြောင့် ဘဝ၊ ဘဝကြောင့် ပဋိသန္ဓေနေခြင်း၊ ပဋိသန္ဓေ နေခြင်းကြောင့် အိုခြင်း သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်း တို့သည် ဖြစ်ကုန်၏။ ဤနည်းဖြင့် ချမ်းသာခြင်း ရောဝမဖက်သော ဆင်းရဲခြင်း အစုအဝေးကြီးသည် ဖြစ်ပေါ်နေ၏။"

## ပဋိသန္ဓေနေခြင်းကြောင့် အိုခြင်း နာခြင်းဖြစ်ပုံ

"အာနန္ဒာ ... ပဋိသန္ဓေနေခြင်းကြောင့် အိုခြင်း နာခြင်းဖြစ်ပုံကို ဤဆိုလတံ့သော အကြောင်းဖြင့်လည်း သိနိုင်ပေ၏။"

"အာနန္ဒာ ...နတ်တို့အား နတ်ဖြစ်ရန် ပဋိသန္ဓေနေခြင်းသည်ဧင်း၊ လူတို့အား လူဖြစ်ရန် ပဋိသန္ဓေ နေခြင်းသည်ဧင်း၊ တိရိစ္ဆာန်တို့အား တိရိစ္ဆာန်ဖြစ်ရန် ပဋိသန္ဓေနေခြင်းသည်ဧင်း အကယ်၍အချင်းခပ်သိမ်းမရှိခဲ့သော် အိုခြင်း သေခြင်းတို့သည် ထင်ရှားနိုင်ပါမည်လော"

"မထင်ရှားနိုင်ပါ ဘုရား"

"အာနန္ဒာ... ထို့ကြောင့် ဤပဋိသန္ဓေ နေခြင်းသည်သာလျှင် အိုခြင်း သေခြင်းတို့၏ အကြောင်းတရားဖြစ်၏၊ အထောက်အပံ့ဖြစ်၏။"

## ဘဝကြောင့်ပဋိသန္ဓေနေခြင်းစသည်ဖြစ်ပုံ

ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟူသော ဘာသုံးပါးကြောင့် ပဋိသန္ဓေနေခြင်းဖြစ်ပုံ။ ကာမဂုဏ်၌စွဲလမ်းခြင်း၊ အယူ၌စွဲလမ်းခြင်း၊ အလေ့အကျင့်၌ စွဲလမ်းခြင်း၊ အတ္တဝါဒစွဲလမ်းခြင်းဟူသော စွဲလမ်းခြင်း လေးပါးကြောင့်ဘဝဖြစ်ပုံ။ အဆင်း၌တတ်မက်မှု၊ အသံ၌တတ်မက်မှုစသော တတ်မက်မှု ခြောက်ပါးကြောင့် စွဲလမ်းခြင်းဖြစ်ပုံ၊ အာရုံခြောက်ပါးကိုခံစားမှုကြောင့် တတ်မက်မှုဖြစ်ပွားပုံတို့ကိုလည်း အထက်ပါနည်းအတိုင်းပင်သိအပ်၏။

"အာနန္ဒာ.... ဤသို့လျှင်ခံစားခြင်းကိုစွဲ၍ တတ်မက်ခြင်းဖြစ်၏။ တတ်မက်ခြင်းကိုစွဲ၍ ရှာမှီးခြင်းဖြစ်၏။ ရှာမှီးခြင်းကိုစွဲ၍ ရခြင်းဖြစ်၏။ ရခြင်းကို

www.dhammaransi.com



စွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းဖြစ်၏။ စိတ်ပိုင်းဖြတ်ခြင်းကိုစွဲ၍ နှစ်သက်တပ်စွန်းခြင်းဖြစ်၏။ နှစ်သက်တပ်စွန်းခြင်းကိုစွဲ၍ ငါ့ဟာဟုမြဲမြံနစ်စွာ ဆုံးဖြတ်ခြင်းဖြစ်၏။ မြဲမြံနစ်စွာဆုံးဖြတ်ခြင်းကိုစွဲ၍ သိမ်းပိုက်ခြင်းဖြစ်၏။ သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်းဖြစ်၏။ ဝန်တိုခြင်းကိုစွဲ၍ စောင့်ရှောက်ခြင်းဖြစ်၏။ စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ဒုတ်ဓား လက်နက်ဆောင်ရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ဖက်ပြုခြင်း၊ ငြင်းခုံခြင်း၊ မခံသာအောင် ပြောဆိုခြင်း၊ ဂုံးတိုက်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်းစသော မကောင်းမှု အကုသိုလ်တို့သည် ဖြစ်ကုန်၏။

## တွေ့ထိမှုကြောင့် ခံစားခြင်းဖြစ်ပုံ

"အာနန္ဒာ.... တွေ့ထိမှုကြောင့် ခံစားခြင်းဖြစ်ပုံကို ဤဆိုလတ္တံ့သော အကြောင်းဖြင့်သိအပ်၏။"

"အာနန္ဒာ ... တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား မျက်စိအတွေ့၊ နားအတွေ့စသော တွေ့ထိမှုသည် အချင်းခပ်သိမ်း မရှိခဲ့သော် ခံစားခြင်းသည် ထင်ရှားနိုင်ပါမည်လော"

"မထင်ရှားနိုင်ပါဘုရား"

"အာနန္ဒာ.... ထို့ကြောင့် ဤတွေ့ထိမှုသည် သာလျှင် ခံစားခြင်း၏ အကြောင်းတရားဖြစ်၏။ အထောက်အပံ့ဖြစ်၏။"

## နာမ်ရုပ်ကြောင့်တွေ့ထိမှုဖြစ်ပုံ

"အာနန္ဒာ.... နာမ်ရုပ်ကြောင့် တွေ့ထိမှုဖြစ်ပုံကို ဤဆိုလတ္တံ့သော အကြောင်းဖြင့်သိအပ်၏။"

"အာနန္ဒာ.... အကြင်အခြင်းအရာတို့ကြောင့် နာမ်ရုပ်ဟူ၍ ခေါ်ဝေါ်ပညတ်၏၊ ထိုအခြင်းအရာများမရှိခဲ့သော် တွေ့ထိမှုသည် ထင်ရှား နိုင်ပါမည်လော"

"မထင်ရှား နိုင်ပါဘုရား"

"အာနန္ဒာ... ထို့ကြောင့် ဤနာမ်ရုပ်သည် သာလျှင် တွေ့ထိမှု၏ အကြောင်းတရားဖြစ်၏၊ အထောက်အပံ့ဖြစ်၏။"

www.dhammaransi.com



## ဝိညာဉ်ကြောင့်နာမ်ရုပ်

"အာနန္ဒာ.... ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို ဤဆိုလတ္တံ့သော အကြောင်းဖြင့်သိအပ်၏။

"အာနန္ဒာ.... အကယ်၍ဝိညာဉ်သည် အမိဝမ်း၌ မသက်ရောက်ခဲ့သော် နာမ်ရုပ်သည် အမိဝမ်း၌ ပေါင်းစည်းဖြစ်ပေါ်နိုင်ပါမည်လော"

"မဖြစ်ပေါ်နိုင်ပါ ဘုရား"

"အာနန္ဒာ ... အကယ်၍ဝိညာဉ်သည် အမိဝမ်း၌သက်ရောက်ပြီးနောက် ချုပ်ငြိမ်း သွားခဲ့လျှင် နာမ်ရုပ်သည် ဤခန္ဓာကိုယ်ကို ဖြစ် ပေါ် စေနိုင်ပါမည်လော"

"မဖြစ်ပေါ်စေနိုင်ပါ ဘုရား"

"အာနန္ဒာ.... အကယ်၍ သူငယ်သို့မဟုတ် သူငယ်မ၏ ဝိညာဉ်သည် ငယ်စဉ်က ချုပ်ငြိမ်းသွားခဲ့လျှင် နာမ်ရုပ်သည် စည်ပင်ဖွံ့ဖြိုးခြင်းသို့ ရောက်နိုင်ပါမည်လော"

"မရောက်နိုင်ပါ ဘုရား"

"အာနန္ဒာ.... ထို့ကြောင့် ဤဝိညာဉ်သည် သာလျှင် နာမ်ရုပ်၏ အကြောင်းတရားဖြစ်၏၊ အထောက်အပံ့ဖြစ်၏။"

## နာမ်ရုပ်ကြောင့်ဝိညာဉ်

"အာနန္ဒာ.... နာမ်ရုပ်ကြောင့် ဝိညာဉ်ဖြစ်ပုံကို ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိအပ်၏။"

"အာနန္ဒာ.... အကယ်၍ ဝိညာဉ်သည် နာမ်ရုပ်၌မှီရာကို မရခဲ့သော် နောင်အခါ၌ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းတို့နှင့်တကွ ဆင်းရဲဒုက္ခ အပေါင်းသည် ထင်ရှားနိုင်ပါမည်လော"

"မထင်ရှားနိုင်ပါ ဘုရား"

"အာနန္ဒာ.... ထို့ကြောင့် ဤနာမ်ရုပ်သည် သာလျှင် ဝိညာဉ်၏ အကြောင်းတရားဖြစ်၏၊ အထောက်အပံ့ဖြစ်၏။"

"အာနန္ဒာ.... ဤသို့အချင်းချင်း အပြန်အလှန်ကျေးဇူးပြုသော ဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့်ပင် ပဋိသန္ဓေနေခြင်းသည်၎င်း၊ အိုခြင်း သေခြင်းစသည်တို့

www.dhammaransi.com



သည်ရှင်း ဖြစ်ပေါ်ကုန်၏၊ အမည်ပညတ်တို့သည် ဖြစ်ပေါ်ကုန်၏၊ ဝဋ္ဋသုံးပါးသည် လည်၍နေ၏။ ခန္ဓာငါးပါးသည်ထင်ရှား၏။''

အတ္တကိုပညတ်သူ

''အာနန္ဒာ.... အတ္တကိုပညတ်သူသည် အချို့က 'ငါ၏အတ္တသည်ရုပ်ရှိ၍ သေးငယ်၏' ဟု ပညတ်၏။ အချို့က 'ငါ၏အတ္တသည် ရုပ်ရှိ၍ အပိုင်းအခြားမရှိ' ဟု ပညတ်၏။ အချို့က 'ငါ၏အတ္တသည် ရုပ်မရှိ သေးငယ်၏'ဟု ပညတ်၏။ အချို့က 'ငါ၏အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားလည်းမရှိ' ဟု ပညတ်၏။ ထိုသူလေးယောက်တို့တွင် ''ငါ၏အတ္တသည်ရုပ်ရှိ၍ သေးငယ်၏'ဟု ပညတ်သူသည် ယခုပစ္စုပ္ပန် ဘဝ၌ဖြစ်သော အတ္တကိုဖြစ်စေ နောက်တမလွန်ဘဝ၌ဖြစ်သော အတ္တကိုဖြစ်စေ ယင်းသို့ပညတ်ခြင်းပြု၏။ ထိုသူအား 'မဟုတ်မမှန်ဖြစ်နေသည်ကိုအဟုတ်အမှန်ဖြစ်အောင်ပြုအံ့'ဟူ၍လည်း စိတ်အကြံဖြစ်၏။ ထိုသို့ဖြစ်၍ ထိုသူ့သန္တာန်၌ ရုပ်ရှိ၍သေးငယ်သော အတ္တစွဲအယူ ကိန်းနေသည်ဟုဆိုနိုင်၏။ ကျန်ပုဂ္ဂိုလ်သုံးယောက် တို့၌လည်းထို့အတူပင်သိအပ်၏။

အတ္တကိုမပညတ်သူ

''အာနန္ဒာ.... အတ္တကို မပညတ်သူသည် အချို့က 'ငါ၏ အတ္တသည် ရုပ်ရှိ၍သေးငယ်၏' ဟု မပညတ်။ အချို့က 'ငါ၏အတ္တသည် ရုပ်ရှိ၍ အပိုင်းအခြားမရှိ' ဟု မပညတ်။ အချို့က 'ငါ၏အတ္တသည် ရုပ်မရှိ သေးငယ်၏'ဟု မပညတ်။ အချို့က 'ငါ၏အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားလည်းမရှိ' ဟု မပညတ်။ ထိုသူလေးယောက်တို့တွင် ''ငါ၏အတ္တသည်ရုပ်ရှိ၍သေးငယ်၏''ဟု မပညတ်သူသည် ယခုပစ္စုပ္ပန် ဘဝ၌ဖြစ်သော အတ္တကိုဖြစ်စေ၊ နောင်တမလွန်ဘဝ၌ ဖြစ်သော အတ္တကိုဖြစ်စေ ယင်းသို့ မပညတ်ခြင်းဖြစ်၏။ ထိုသူ့အား 'မဟုတ်မမှန် ဖြစ်နေသည်ကို အဟုတ်အမှန်ဖြစ်အောင်ပြုအံ့' ဟူ၍လည်းစိတ်အကြံမဖြစ်။ ကျန်ပုဂ္ဂိုလ်သုံးယောက်တို့၌လည်း ထို့အတူပင်သိအပ်၏။

အတ္တကို ရှုသူ

''အာနန္ဒာ.... အတ္တကိုရှုသူသည်အချို့က 'ခံစားခြင်းသည် ငါ၏အတ္တ' ဟုရှု၏။ အချို့က'ခံစားခြင်းသည် ငါ၏အတ္တမဟုတ်၊ ငါ၏အတ္တသည် မခံစားတတ်'ဟု ရှု၏။ အချို့ကမူ 'ငါ၏အတ္တသည်ခံစားခြင်းမဟုတ်၊ မခံစားတတ်

www.dhammaransi.com



သည်လည်း မဟုတ်၊ ငါ၏အတ္တသည် ခံစားတတ်၏၊ ခံစားခြင်းသဘောရှိ၏'ဟု ရှု၏"

"အာနန္ဒာ.... ထိုသူသုံးယောက်တို့တွင် 'ခံစားခြင်းသည်ပင် ငါ၏အတ္တ' ဟု ရှုသူကို 'ငါ့ရှင်.... ခံစားခြင်းသည် ချမ်းသာသော ခံစားခြင်း၊ ဆင်းရဲသော ခံစားခြင်း၊ ချမ်းသာ ဆင်းရဲ မဟုတ်သော ခံစားခြင်းဟူ၍ သုံးမျိုး ရှိ၏။ ထို သုံးမျိုးတို့တွင် သင်သည် အဘယ် ခံစားခြင်းကို အတ္တဟု ရှုသနည်း'ဟု မေး အပ်၏"

"အာနန္ဒာ.... ချမ်းသာသောဝေဒနာကို ခံစားနေချိန်တွင် ဆင်းရဲသော ဝေဒနာကိုသော်၎င်း၊ ချမ်းသာဆင်းရဲမဟုတ်သော ဝေဒနာကိုသော်၎င်း မခံ စားနိုင်။ ကျန် ဝေဒနာ နှစ်ပါးကို ခံစားနေချိန်၌လည်း ထို့အတူပင်ဖြစ်၏"

"အာနန္ဒာ.... ချမ်းသာသောဝေဒနာသည် မမြဲ၊ ပြုပြင်ရသော တရား ဖြစ်၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်း ပျက်ခြင်းသဘောရှိ၏၊ ချုပ်ငြိမ်း ခြင်း၊ ပျက်ပြယ်သွားခြင်းသဘောရှိ၏။ ကျန်ဝေဒနာနှစ်ပါးသည်လည်း ထို့ အတူပင် ဖြစ်၏"

"ခံစားခြင်းသည် ငါ၏ အတ္တ"ဟု ဆိုသော သူအား ချမ်းသာသော ဝေဒနာကို ခံစားစဉ်၌ "ဤချမ်းသာသော ဝေဒနာသည် ငါ၏အတ္တ"ဟု ယူ ဆခြင်းဖြစ်၏။ ထိုချမ်းသာသော ဝေဒနာ ချုပ်သွားသောအခါ "ငါ၏အတ္တ သည် ပျက်စီးလေပြီ"ဟု ဆိုဖွယ်ဖြစ်၏။ ကျန် ဝေဒနာ နှစ်ပါးကို ခံစားစဉ်၌ လည်း ထို့အတူပင်ဖြစ်၏။ သို့ဖြစ်၍ "ခံစားခြင်းသည်ပင် ငါ၏အတ္တ"ဟု ဆို သောသူသည် စင်စစ်အားဖြင့် မျက်မှောက်ဘဝ၌ပင် "အတ္တသည် မမြဲ၊ ချမ်း သာ ဆင်းရဲတို့နှင့် ရောယှက်၏၊ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိ၏"ဟု ရှုရာ ရောက်ပေသည်"

"အာနန္ဒာ....ထို့ကြောင့် "ခံစားခြင်းသည် ငါ၏အတ္တတည်း"ဟုရှုခြင်း သည် မသင့်ချေ"

"အာနန္ဒာ.... 'ခံစားခြင်းသည် ငါ၏အတ္တ မဟုတ်၊ ငါ၏ အတ္တသည် မခံစားတတ်'ဟု ရှုသူကို 'ငါ့ရှင်.... ခံစားခြင်းလုံးဝမရှိသော ရုပ်တရားသက် သက်၌ 'ဤကား ငါပင်တည်း'ဟု ရှုခြင်းသည် ဖြစ်နိုင်ပါမည်လော'ဟု မေး အပ်၏။ ယင်းသို့ မေးလျှင် 'မဖြစ်နိုင်ပါ' ဟူ၍သာ ဖြေဆိုရမည် ဖြစ်၏။ အာနန္ဒာ ... ထို့ကြောင့် 'ခံစားခြင်းသည် ငါ၏အတ္တမဟုတ်၊ ငါ၏အတ္တသည် မခံစားတတ်' ဟူ၍ ရှုခြင်းသည် မသင့်ချေ"

www.dhammaransi.com



"အာနန္ဒာ.... 'ခံစားခြင်းသည် ငါ၏အတ္တ မဟုတ်၊ ငါ၏အတ္တသည် မခံစားတတ်သည်လည်း မဟုတ်၊ ခံစားတတ်၏။ ခံစားခြင်း သဘော ရှိ၏' ဟု ဆိုသူကို 'ငါ့ရှင်... ခံစားခြင်းလုံးဝမရှိခဲ့သော် ငါဟူ၍ ရှုခြင်းသည် ဖြစ်နိုင်ပါမည်လော'ဟူ၍ မေးအပ်၏။ ယင်းသို့ မေးလျှင် 'မဖြစ်နိုင်ပါ' ဟူ၍သာ ဖြေဆိုရမည် ဖြစ်၏။ အာနန္ဒာ.... ထို့ကြောင့် 'ခံစားခြင်းသည် ငါ၏ အတ္တ မဟုတ်၊ ငါ၏အတ္တသည် မခံစားတတ်သည်လည်းမဟုတ်၊ ခံစားတတ်၏။ ခံစားခြင်းသဘောရှိ၏'ဟူ၍ ရှုခြင်းသည်လည်း မသင့်ချေ"

"အာနန္ဒာ.... အကြင်ရဟန်းသည် 'ခံစားခြင်းသည်ပင် အတ္တ' ဟူ၍မရှု၊ 'အတ္တသည် မခံစားတတ်' ဟူ၍လည်း မရှု၊ 'ငါ၏ အတ္တသည် ခံစားတတ်၏၊ ခံစားခြင်းသဘော ရှိ၏' ဟူ၍ လည်း မရှု။ ယင်းသို့ မရှုသော ရဟန်းသည် လောက၌ တစုံတခုကိုမျှ မစွဲလမ်း၊ မစွဲလမ်း သော ကြောင့် မတောင့်တ၊ မတောင့်တသောကြောင့် ကိုယ်တိုင်ပင်လျှင် ကိလေသာတို့မှ အပြီးတိုင် ငြိမ်းလတ်၏။ 'ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ် ကိစ္စဟူသမျှကိုပြုပြီးပြီ၊ တပါးသောပြုဘွယ်ကိစ္စမရှိတော့'ဟူ၍ သိမြင်လတ်၏။ ဤသို့ လွတ်မြောက်သောစိတ်ရှိသော ရဟန်းကို 'မသိမမြင်"ဟူ၍ရင်း၊ 'ဤသို့သော အယူရှိ၏'ဟူ၍ရင်း ဆိုခြင်း မသင့်တော့ပေ"

**ဝိညာဉ်၏ တည်ရာ ခုနစ်ပါး**

"အာနန္ဒာ.... ဝိညာဉ်၏တည်ရာတို့သည် ခုနစ်ပါး ရှိကုန်၏။ နေရာတို့သည် နှစ်ပါးရှိကုန်၏။ ဝိညာဉ်၏ တည်ရာခုနစ်ပါးကား....

(၁) ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်းကွဲပြားသည့် အချို့သောနတ်၊ အချို့သော ဝိနိပါတိကနှင့်လူများ။

(၂) ကိုယ်သဏ္ဌာန်ချင်း ကွဲပြားသော်လည်း ပဋိသန္ဓေ သညာချင်း တူသည့် ပထမဈာန်ဗြဟ္မာများ။

(၃) ကိုယ်သဏ္ဌာန်ချင်းတူသော်လည်း ပဋိသန္ဓေသညာချင်း ကွဲပြားသည့် အာဘဿရာဗြဟ္မာများ။

(၄) ကိုယ်သဏ္ဌာန်ချင်းလည်း တူ၊ ပဋိသန္ဓေ သညာချင်းလည်း တူသည့် သုဘကိဏှာဗြဟ္မာများ။

(၅) အာကာသာနဉ္စာယတန ဘုံမှ ဗြဟ္မာများ။

www.dhammaransi.com



( ၆ ) ဝိညာဏဉ္စာယတနဘုံမှ ဖြဟ္မာများ။
( ၇ ) အာကိဉ္စညာယတနဘုံမှ ဗြဟ္မာများ ဖြစ်၏။

နေရာနှစ်ပါးကား သညာမရှိသောသတ္တဝါတို့၏နေရာနှင့် ကြမ်းတမ်းသော သညာမရှိမူ၍ သိမ်မွေ့သောသညာလည်း မကင်းသေးသော သတ္တဝါတို့၏ နေရာများ ဖြစ်သည်။

"အာနန္ဒာ.... အကြင်သူသည် ဝိညာဉ်၏တည်ရာခုနစ်ပါး၊ နေရာ နှစ်ပါးတို့ကို သိ၏၊ ယင်းတို့၏ ဖြစ်ခြင်း ချုပ်ခြင်း များကိုလည်း သိ၏။ သာယာဖွယ်၊ ငြီးငွေ့ဖွယ်နှင့် ထွက်မြောက်ရာတို့ကိုလည်းသိ၏။ ထိုသူသည် ထိုဝိညာဉ်၏ တည်ရာခုနစ်ပါး၊ နေရာနှစ်ပါးတို့၌ နှစ်သက်ခြင်းငှာ သင့်ပါမည်လော"၊

"မသင့်ပါဘုရား"

"အာနန္ဒာ....ဤသို့ ဝိညာဉ်၏တည်ရာခုနစ်ပါး၊ နေရာနှစ်ပါးတို့ကိုရင်း၊ ယင်းတို့၏ ဖြစ်ခြင်း ချုပ်ခြင်း စသည်တို့ကိုရင်း ဟုတ်တိုင်းမှန်စွာသိ၍ မစွဲလမ်းဘဲ ကိလေသာတို့မှ လွတ်မြောက်သောရဟန်းကို ပညာဖြင့် လွတ်မြောက်သော "ပညာဝိမုတ္တ"ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

**လွတ်လပ်ခြင်းရှစ်ပါး**

"အာနန္ဒာ....လွတ်လပ်ခြင်း "ဝိမောက္ခ"တို့သည် ရှစ်ပါး အပြား ရှိ၏။ ထိုရှစ်ပါးတို့ကား....


( ၁ ) ရူပဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ရုပ်တို့ကို ရှုခြင်း။
( ၂ ) မိမိသန္တာန်၌ ရုပ်ကို အမှတ်မပြုမူ၍ ပြင်ပ၌ ရုပ်တို့ကို ရှုခြင်း။
( ၃ ) တင့်တယ်၏ဟူ၍သာ သျှင် နှလုံးသွင်းခြင်း။
( ၄ ) အာကာသာနဉ္စာယတနဈာန်ကို ဝင်စားခြင်း။
( ၅ ) ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားခြင်း။
( ၆ ) အာကိဉ္စညာယတနဈာန်ကို ဝင်စားခြင်း။
( ၇ ) နေဝသညာနာသညာယတနဈာန်ကို ဝင်စားခြင်း။
( ၈ ) သညာဝေဒနာတို့၏ ချုပ်ရာနိရောဓသမာပတ်ကို ဝင်စားခြင်း တို့ ဖြစ်၏။

www.dhammaransi.com



"အာနန္ဒာ....အကြင်ရဟန်းသည် ဤရှစ်ပါးသောဝိမောက္ခတို့ကို အနုလုံ ပဋိလုံအားဖြင့် ဝင်စား၏၊ အလိုရှိသလိုဝင်စား၍ အလိုရှိသလိုထ၏၊ အာသဝ တို့ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သော ပညာကို ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ဆိုက်ရောက်နေ၏။ ထို ရဟန်းကို နှစ်ပါးသောအဖို့အားဖြင့် ကိလေသာမှ လွတ်မြောက်သော "ဥဘ တောဘာဂဝိမုတ္တ" ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။ ဤနှစ်ပါးသော အဖို့အားဖြင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ထက် ထူးကဲသာလွန် မွန်မြတ် သော အခြားတရားကား မရှိတော့ချေ။"

ဗုဒ္ဓမြတ်စွာက ဤဒေသနာကို ဟောကြားသော အခါ ရှင်အာနန္ဒာ သည် နှစ်သက်ဝမ်းမြောက်စွာ နာယူမှတ်သားလေသည်။



www.dhammaransi.com

# ၁၆။ မဟာပရိနိဗ္ဗာနသုတ်

ဗုဒ္ဓ ပရိနိဗ္ဗာန်စံခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ

## မင်းတို့၏ မဆုတ်ယုတ်ကြောင်းတရား

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေစဉ် မဂဓ တိုင်းရှင် ဘုရင်အဇာတသတ်သည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့ကို မျိုးပြုတ်အောင် ဖျက်ဆီးပစ်ရန် ကြုံးဝါးလျက်ရှိ၏။ ထိုအခါ ဘုရင် အဇာတသတ်သည် မိမိ၏အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားကို ဗုဒ္ဓထံသို့ စေလွှတ်လိုက်၏။ ဝဇ္ဇီမင်းတို့အား နှိမ်နင်းရန် မိမိကြံရွယ်နေသည့် အကြောင်းကို ဗုဒ္ဓအား လျှောက်ကြားရန်လည်း မှာကြားလိုက်၏။

ဝဿကာရ အမတ်ကြီးသည် ဘုရင့်အမိန့်အတိုင်း ဗုဒ္ဓထံ ချဉ်းကပ်၍ အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် ကြုံးဝါးလျက် ရှိကြောင်း ဗုဒ္ဓအား လျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓက ဝဿကာရ အမတ်ကြီးအား မည်သို့မျှ ပြန်လည်မိန့်ကြားခြင်း မပြုသေးဘဲ အနီး၌ရှိသော ရှင်အာနန္ဒာကိုသာ ဝဇ္ဇီမင်းတို့သည် မကြာခဏစည်းဝေးခြင်း၊ အညီအညွတ်ဆောင်ရွက်ခြင်းစသည့် မဆုတ်ယုတ်ကြောင်း "အပရိဟာနိယ" တရားခုနစ်ပါးကို ကောင်းစွာကျင့်သုံးခြင်း ရှိမရှိ မေးမြန်းတော်မူသည်။ ရှင်အာနန္ဒာကလည်း ဝဇ္ဇီမင်းတို့သည် အပရိဟာနိယ တရားခုနစ်ပါးကို ကောင်းစွာ ကျင့်သုံးကြသည်ဟု ကြားသိရကြောင်း ပြန်ကြားလျှောက်တင်သည်။

ထို့နောက် ဗုဒ္ဓက ဝဿကာရ အမတ်ကြီးအား မိမိသည် တခါက ဝဇ္ဇီမင်းတို့အား မကြာခဏ စည်းဝေးခြင်း၊ အညီအညွတ် စည်းဝေးဆုံးဖြတ်၍ ဆောင်ရွက်ခြင်း၊ ရှေးက မပညတ်ခဲ့သည့် အရာကို မပညတ်ဘဲ ပညတ်ထားသည့်အရာကိုလည်း မပယ်ဖျက်ခြင်း၊ အသက်ကြီးသော မင်းတို့ကို လေးစားမြတ်နိုးခြင်း၊ အမျိုးသမီးများကို အဓမ္မ မသိမ်းပိုက်ခြင်း၊ မြို့တွင်း၊ မြို့ပြင်ရှိ

www.dhammaransi.com



နတ်ကွန်းတို့ကို ရိုသေခြင်း၊ မိမိတို့ တိုင်းပြည်သို့ကြွလာသော ရဟန္တာတို့အား စောင့်ရှောက် ကာကွယ်ပေးခြင်းဟူသော အပရိဟာနိယ တရားခုနှစ်ပါးကို ဟောကြားခဲ့ကြောင်း။ ဝဇ္ဇီမင်းတို့သည် ဤတရားခုနှစ်ပါးကို ကောင်းစွာ ကျင့်သုံးနေသမျှ ကာလပတ်လုံး ဆုတ်ယုတ်ရန်အကြောင်းမရှိ၊ ကြီးပွားရန်သာ ရှိကြောင်း မိန့်ကြားတော်မူသည်။

ထိုအခါ ဝဿကာရ အမတ်ကြီးသည် "အရှင်ဂေါတမ....ဤတရား ခုနှစ်ပါးလုံးကို မဆိုထားဘိ၊ တပါးပါးနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့သည် ဆုတ်ယုတ်ရန်မရှိ၊ ကြီးပွားရန်သာရှိပါသည်။ အဇာတသတ်မင်းသည် ဖြား ယောင်းမှုကိုဖြစ်စေ၊ အချင်းချင်း စိတ်ဝမ်းကွဲစေမှုကိုဖြစ်စေ မပြုမူ၍ စစ်ဆို ကာမျှဖြင့် ဝဇ္ဇီတိုင်းကို သိမ်းပိုက်နိုင်ဖွယ် မရှိပါ"ဟူ၍ လျှောက်တင်ပြီး ဗုဒ္ဓ အား ရှိခိုး၍ နေရာမှ ထသွားလေသည်။

## ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်းတရား

ဝဿကာရ အမတ်ကြီး ပြန်သွားပြီးနောက် မကြာမီမှာပင် ဗုဒ္ဓရှင် တော်မြတ်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍နေသော ရဟန်းအားလုံးကို ဓမ္မာ ရုံ၌ စုဝေးစေရန် ရှင်အာနန္ဒာအား စေခိုင်းတော်မူသည်။ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏အမိန့်အတိုင်း မဆိုင်းမတွ ဆောင်ရွက်၍ ဓမ္မာရုံ၌ ရဟန်းများ စုဝေးနေ ကြပြီဖြစ်ကြောင်း ဗုဒ္ဓအားလျှောက်ကြားသည်။ ဗုဒ္ဓသည် ဓမ္မာရုံသို့ကြွလာပြီး ရဟန်းတို့အား အပရိဟာနိယတရား (၇)ပါးကို ဟောကြားတော် မူသည်။

"ရဟန်းတို့.... ရဟန်းတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး—

(၁) မကြာ မကြာ စည်းဝေးကြကုန်၏၊ အကြိမ်များစွာစည်းဝေး ကြကုန်၏။

(၂) အညီအညွတ် စည်းဝေးလျက်၊ အညီအညွတ် အစည်းအဝေးမှ ထလျက် သံဃကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကြကုန်၏။

(၃) မပညတ်သော အရာကို မပညတ်ဘဲ၊ ပညတ်ပြီးသော အရာ ကိုလည်း မပယ်ဖျက်ဘဲ သိက္ခာပုဒ်တို့ကို ကောင်းစွာ စောင့် ထိန်းကြကုန်၏။

(၄) ထေရ်ကြီး ဝါကြီး ရဟန်းတို့ကို ရိုသေလေးစား ကြကုန်၏။

www.dhammaransi.com



(၅) တဖန် ဘဝသစ်ကိုဖြစ်စေတတ်သော တဏှာ၏အလိုသို့ မလိုက်ကြကုန်။
(၆) တောကျောင်းတို့၌ လိုလားသော စိတ်ရှိကြကုန်၏။
(၇) မလာသေးသည့် သီလကို မြတ်နိုးသော ရဟန်းများ လာစေခြင်းငှာလည်းကောင်း၊ လာရောက်ပြီးသည့် သီလကိုမြတ်နိုးသောရဟန်းများ ချမ်းသာစွာနေရခြင်းငှာလည်းကောင်း ကိုယ်စီကိုယ်ငှ သတိပြုနေကြကုန်၏။

ထိုမျှလောက်သော ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏။ ဆုတ်ယုတ်ရန်မရှိပေ။"

ထို့အတူပင်–

(၁) ကိစ္စကြီးငယ်၌ ပျော်ပိုက်မနေခြင်း။
(၂) စကားပြောဆိုမှု၌ ပျော်ပိုက်မနေခြင်း။
(၃) အိပ်စက်မှု၌ ပျော်ပိုက်မနေခြင်း။
(၄) အပေါင်းအဖော်တို့၌ ပျော်ပိုက်မနေခြင်း။
(၅) အလိုဆိုးများ ဆွဲဆောင်ရာသို့ လိုက်ပါမနေခြင်း။
(၆) ယုတ်ညံ့သော အဆွေခင်ပွန်းတို့၌ စိတ်မညွတ်ခြင်း။
(၇) အနည်းငယ်သော တရားထူးကို ရရုံမျှဖြင့် ရပ်တန့် မနေခြင်း ဟူသော ဒုတိယ အပရိဟာနိယ တရား ခုနစ်ပါးကိုလည်း ဟောကြားတော်မူသည်။

ထို့အတူပင်–

(၁) ယုံကြည်မှု "သဒ္ဓါ" နှင့် ပြည့်စုံခြင်း။
(၂) မကောင်းမှုမှ ရှက်ခြင်း "ဟိရီ"နှင့် ပြည့်စုံခြင်း။
(၃) မကောင်းမှုမှ ကြောက်ခြင်း "ဩတ္တပ္ပ"နှင့် ပြည့်စုံခြင်း။
(၄) အကြားအမြင် "ဗဟုသုတ" များခြင်း။
(၅) လုံ့လ ဝီရိယ ရှိခြင်း။
(၆) စွဲမြဲသောသတိနှင့် ပြည့်စုံခြင်း။
(၇) ဝိပဿနာပညာနှင့် ပြည့်စုံခြင်း ဟူသော တတိယ အပရိဟာနိယ တရား(၇)ပါးကိုလည်း ဟောကြားတော်မူသည်။

ထို့အတူပင်–
(၁) သတိသမ္ဗောဇ္ဈင်။
(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်။
(၃) ဝီရိယ သမ္ဗောဇ္ဈင်။
(၄) ပီတိ သမ္ဗောဇ္ဈင်။
(၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင်။
(၆) သမာဓိ သမ္ဗောဇ္ဈင်။
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများခြင်းသည်လည်း အပရိဟာနိယ တရားများဖြစ်ကြောင်း ဟောကြားတော်မူသည်။

ထို့အတူပင်–
(၁) အနိစ္စသညာ။
(၂) အနတ္တသညာ။
(၃) အသုဘသညာ။
(၄) အာဒီနဝသညာ။
(၅) ပဟာနသညာ။
(၆) ဝိရာဂသညာ။
(၇) နိရောဓသညာတို့ကို ပွားများခြင်းသည်လည်း အပရိဟာနိယ တရားများဖြစ်ကြောင်း ဟောကြားတော်မူသည်။

ထို့ပြင်–သီတင်းသုံးဖော် အချင်းချင်း....
(၁) မေတ္တာ ကာယကံ ထားခြင်း။
(၂) မေတ္တာ ဝစီကံ ထားခြင်း။
(၃) မေတ္တာ မနောကံ ထားခြင်း။
(၄) တရားသဖြင့် ရသောပစ္စည်းကို ဝေမျှ၍ သုံးဆောင်ခြင်း။
(၅) တူမျှသော အကျင့်သီလကို ကျင့်သုံးနေထိုင်ခြင်း။
(၆) တူမျှသော အရိယပညာကို ကျင့်သုံးနေထိုင်ခြင်းဟူသောတရား (၆)ပါးသည်လည်း ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်းတရား များမင်ဖြစ်ကြောင်း ဟောကြားတော်မူသည်။

**နာလန္ဒာသို့ ကြွတော်မူခြင်း**

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်၌ အလိုရှိသမျှ နေတော်မူပြီး ရာဇဂြိုဟ်ပြည်မှထွက်ခွာ၍ အမ္ဗလဋ္ဌိကာ ဥယျာဉ်သို့ကြွတော်မူသည်။ ရာဇဂြိုဟ်

www.dhammaransi.com



ပြည့်၌နေစဉ်ရှင်း၊ အမ္ဗလဋ္ဌိကာ ဥယျာဉ်၌နေစဉ်ရှင်း ဗုဒ္ဓသည် ရဟန်းတို့အား သီလ၊သမာဓိ၊ပညာတို့၏ အကျိုးအာနိသင် ကြီးမားပုံများကိုထပ်ပြန်တလဲလဲ ဟောကြားတော်မူသည်။ ထို့နောက် နာလန္ဒမြို့သို့ ဆက်လက် ကြွချီတော်မူပြီး နာလန္ဒမြို့သို့ရောက်လျှင် ပါဝါရိက သူဋ္ဌေး၏သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

ရှင်သာရိပုတ္တရာ၏ရဲရင့်သောစကား

ထိုအခါ ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ရှိခိုးပြီး ဤသို့လျှောက်ထားလေသည်။

"အရှင်ဘုရား ... သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်သော ပုဂ္ဂိုလ်သည် ရှေးကလည်းမရှိခဲ့၊ နောက်တွင်လည်း ရှိမည်မဟုတ်၊ ယခုလည်း မရှိဟု တပည့်တော်ယုံကြည်ပါသည်ဘုရား"

"သာရိပုတ္တရာ ... သင်သည်ကြီးကျယ်ခန့်ညားလှသောစကားကိုဆိုဘိ၏၊ ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်လှသော စကားကိုဆိုဘိ၏။ အသို့နည်း သင်သည် ရှေးအခါက ပွင့်ခဲ့သောမြတ်စွာဘုရားတို့ကိုရှင်း၊ နောင်အခါတွင် ပွင့်မည့် မြတ်စွာဘုရားတို့ကိုရှင်း၊ ယခုပွင့်ဆဲဖြစ်သော ငါဘုရားကိုရှင်း 'ဤသို့သော သီလ သမာဓိပညာနှင့် ပြည့်စုံကုန်၏' ဟူ၍ သင့်စိတ်ဖြင့်ပိုင်းခြား၍သိမြင်ပါသလော။"

"အရှင်ဘုရား.... တပည့်တော်သည် ဤသို့ကားပိုင်းခြား၍ မသိပါ"

"သာရိပုတ္တရာ.... ယင်းသို့ မသိပါဘဲလျက် အဘယ့်ကြောင့် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်လှသော စကားကိုသင်မြွက်ဆိုဘိသနည်း"

"အရှင်ဘုရား.... တပည့်တော်သည်ဘုရားရှင်တို့ကို မိမိစိတ်ဖြင့်ပိုင်းခြား၍ မသိသော်လည်း မျက်မြင်နှင့်ဆက်စပ်၍ မှန်းဆသိမြင် နိုင်သော အနုမာန ဉာဏ်ကိုမူရရှိထားပါသည်။"

"အရှင်ဘုရား ... ဥပမာ အားဖြင့် တောင့်တင်းခိုင်ပာသော မြို့ရိုးတံတိုင်းနှင့် တံခါးတပေါက်တည်းသာရှိသောမြို့၌ လိမ်မာသောတံခါးစောင့် တယောက် ရှိသည်ဆိုပါဆို့၊ ထိုတံခါးစောင့်သည် မြို့၏အရပ်လေးမျက်နှာကို လှည့်ပတ် ကြည့်ရှု၍ အယုတ်ဆုံးအားဖြင့် ကြောင်ထွက်နိုင် လောက်သော

www.dhammaransi.com



အပေါက်ကိုပင် မတွေ့ရှိသောအခါ 'ဤမြို့ကိုဝင်သူထွက်သူ မှန်သမျှတို့သည် ဤတံခါးတပေါက်တည်းမှသာ ဝင်ကြထွက်ကြကုန်၏' ဟူ၍ ဆင်ခြင်မှန်းဆနိုင်ရာပါသည်။"

"အရှင်ဘုရား.... ထို့အတူပင် တပည့်တော်သည်လည်း ရှေး က ပွင့်တော်မူခဲ့သော ဘုရားရှင်တို့သည်၎င်း၊ နောင်တွင်ပွင့်တော်မူမည့် ဘုရားရှင်တို့သည်၎င်း၊ ယခုပွင့်တော်မူဆဲဖြစ်သော ဘုရားရှင်သည်၎င်း နီဝရဏငါးပါးကို ပယ်၍ သတိပဋ္ဌာန်လေးပါး၌ကောင်းစွာတည်လျက် ဗောဇ္ဈင်ခုနစ်ပါးကို ပွားများကာ သမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်တော်မူကြကြောင်း မှန်းဆဆင်ခြင်သိမြင်ခဲ့ပါသည်။"

## ပါဋလိရွာသို့ ကြွတော်မူခြင်း

ဗုဒ္ဓရှင်တော်မြတ်သည် နာလန္ဒမြို့၌ နေစဉ်တွင်လည်း သီလ၊ သမာဓိ၊ ပညာတို့၏ အကျိုး အာနိသင်များကို အကြိမ်များစွာ ဟောကြားတော်မူပြီး ထိုမှတဆင့် ပါဋလိရွာသို့ကြွတော်မူသည်။ ပါဋလိရွာသားဥပါသကာတို့သည် ဗုဒ္ဓကြွရောက်လာကြောင်း ကြားသိကြလျှင် ဗုဒ္ဓထံသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့ ဆောက်လုပ်ထားသည့် ဧည့်ရိပ်သာသို့ ကြွရောက်သီတင်းသုံးရန် ဖိတ်ကြားလျှောက်တင်ကြသည်။ ဗုဒ္ဓက ဆိတ်ဆိတ် နေခြင်းဖြင့် လက်ခံတော်မူကြောင်း သိရှိကြလျှင် ဧည့်ရိပ်သာသို့ သွား၍ နေရာထိုင်ခင်းများ ခင်းကျင်းစီစဉ်ခြင်း၊ သောက်ရေ သုံးရေများတည်ထားခြင်း၊ ဆီမီးညှိထွန်းခြင်း စသည်တို့ကို ပြု၍ ဗုဒ္ဓအား ဧည့်ရိပ်သာသို့ကြွရန် လျှောက်ကြားကြသည်။ ဗုဒ္ဓသည် ရဟန်းသံဃာနှင့်အတူ ဧည့်ရိပ်သာသို့ကြွရောက်သီတင်းသုံးတော်မူသည်။ ပါဋလိရွာသား ဥပါသကာတို့သည်လည်း ဗုဒ္ဓအား ရှိခိုးကာ ထိုင်နေကြလေသည်။

ထိုအခါ ဗုဒ္ဓသည် ပါဋလိ ရွာသား ဥပါသကာတို့အား သီလ ပျက်ခြင်း၏ အပြစ်ငါးပါးနှင့် သီလနှင့်ပြည့်စုံခြင်း၏ အကျိုးငါးပါးတို့ကို ဟောကြားတော်မူသည်။ သီလပျက်ခြင်း၏ အပြစ် ငါးပါးကား စည်းစိမ်ဉစ္စာ ဆုံးရှုံးခြင်း၊ မကောင်းသတင်းကျော်စောခြင်း၊ ပရိသတ် အလယ်သို့ ရောက်လျှင် ကြောက်ရွံ့ခြင်း၊ တွေတွေဝေဝေ ဖြစ်လျက် သေရခြင်း၊ သေပြီးနောက်တွင်လည်း ငရဲသို့ ကျရောက်ရခြင်းများ ဖြစ်၏။

သီလနှင့်ပြည့်စုံခြင်း၏အကျိုးငါးပါးကား များစွာသောစည်းစိမ်ကို ရရှိခြင်း၊ ကောင်းသောသတင်းကျော်စောခြင်း၊ ပရိသတ်အလယ်သို့ရောက်လျှင်

www.dhammaransi.com



မကြောက်မရွံ့ ရဲရင့်ခြင်း၊ မတွေဝေဘဲ သေရခြင်း၊ သေပြီးနောက်တွင်လည်း နတ်ပြည်သို့ ရောက်ရခြင်းတို့ ဖြစ်၏။

ထိုအခါ မဂဓတိုင်း၏အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့၏ရန်ကို တားဆီးကာကွယ်ရန်အတွက် ပါဋလိရွာကို မြို့အဖြစ် တည်ဆောက်လျက်ရှိကြသည်။ ယင်းသို့တည်ဆောက်ရာတွင် တန်ခိုးကြီးသောနတ်တို့ သိမ်းပိုက်သောရပ်ကွက်၌ တန်ခိုးကြီးသောမင်းနှင့်အမတ်တို့သည် အိမ်ယာ တည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏။ ထို့အတူပင် တန်ခိုးအလတ်စားနတ်တို့သိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စားမင်းနှင့်အမတ်တို့သည်၎င်း၊ တန်ခိုးနည်းသောနတ်တို့ သိမ်းပိုက်သောရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့်အမတ်တို့သည်၎င်း အိမ်ယာ တည်ဆောက်ရန် စိတ်ညွတ်ကြကုန်၏။ ထို အချင်းအရာကို ဗုဒ္ဓမြတ်စွာသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူ၍ ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူသည်။

"အာနန္ဒာ... မဂဓတိုင်း၏ အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရတို့သည် ပါဋလိရွာ၌၊ မြို့တည်ဆောက်နေကြသည်မှာတာဝတိံသာနတ်တို့နှင့် တိုင်ပင်၍တည်ဆောက်သကဲ့သို့ ရှိချေ၏။ ထောင်ပေါင်းများစွာသော နတ်တို့သည် ပါဋလိရွာ၌ နေရာကို သိမ်းပိုက်ကြကုန်၏။ အာနန္ဒာ....ဤပါဋလိပုတ်မြို့သစ်သည် အရိယာန်လူမျိုးတို့၏စုဝေးနေထိုင်ရာ ကုန်သည်းရောင်းဝယ်ရာ မြို့တို့တွင် အကြီးဆုံးမြို့ဖြစ်လတ္တံ့၊ အာနန္ဒာ ...ပါဋလိပုတ်မြို့၌ မီး၊ ရေ၊အချင်းချင်း ကွဲပြားမှုအားဖြင့် အန္တရာယ်သုံးပါး ဖြစ်ပေါ်လတံ့"

သုနိဓနှင့် ဝဿကာရ အမတ်ကြီးတို့သည် မြို့တည်ဆောက်မှု လုပ်ငန်းများကို စီမံဆောင်ရွက်ပြီးနောက် ဗုဒ္ဓထံသို့ ဆိုက်ရောက်လာကြပြီး ဗုဒ္ဓအား မိမိတို့၏ဆွမ်းကို ခံယူရန် ဖိတ်ကြားကြသည်။ ဗုဒ္ဓသည် ယင်းဖိတ်ကြားချက်ကို လက်ခံတော်မူ၍ ရဟန်းသံဃာအပေါင်းနှင့်အတူ အမတ်ကြီးနှစ်ဦးတို့၏နေအိမ်သို့ ကြွရောက်၍ ဆွမ်း ဘုဉ်းပေးတော် မူသည်။ ဆွမ်း ဘုဉ်းပေးပြီးသောအခါ အမတ်ကြီးနှစ်ဦးတို့အား ဆွမ်းအနုမောဒနာ ပြုတော်မူ၏။

"ပညာရှိတို့သည် မိမိတို့အိမ်ယာဆောက်လုပ်နေထိုင်သောအရပ်၌ သီလနှင့်ပြည့်စုံသော သူတော်သူမြတ်တို့အား ပင့်ဖိတ် ဆွမ်းကျွေးပြီး ထိုအရပ်၌ရှိသော နတ်တို့အား အမျှပေးဝေရာ၏။ ယင်းသို့ အမျှပေးဝေသူသည် နတ်တို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံယူရသဖြင့် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာတို့ကိုသာ တွေ့မြင်ရလေသည်"

www.dhammaransi.com



ဗုဒ္ဓသည် ဤသို့ ဆုမ်းအနုမောဒနာ ပြုတော်မူပြီး ပါဋလိရွာမှ ထွက်ခွာတော်မူသည်။ ထိုအခါ အမတ်ကြီးနှစ်ဦးသည် ဗုဒ္ဓနောက်မှ လိုက်ပါလာကြပြီး ဗုဒ္ဓထွက်တော်မူသည့်တံခါးကို ဂေါတမတံခါးဟု အမည်တပ်ကြလေသည်။ ဗုဒ္ဓသည် ဂင်္ဂါမြစ်ကမ်းသို့ ဆိုက်ရောက်သည့် အခါ ရေပြည့်လျှံနေသော မြစ်ကို လှေဖောင်တို့ဖြင့် ဖြတ်ကူးခြင်းမပြုဘဲ ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့ရင်း၊ ဆန့်သောလက်ကို ကွေးဘိသကဲ့သို့ရင်း ရဟန်းသံဃာအပေါင်းနှင့်အတူ ဟိုမှာဖက်ကမ်း၌ ရုတ်တရက် ထင်ရှားဖြစ်တော်မူလေသည်။

## ကောဋိရွာ၌ သစ္စာလေးပါးကိုဟောကြားခြင်း

ဗုဒ္ဓမြတ်စွာသည် ပါဋလိရွာမှတဆင့် ကောဋိရွာသို့ ကြွတော်မူသည်။ ကောဋိရွာ၌သီတင်းသုံးနေစဉ် ဗုဒ္ဓသည်ရဟန်းတို့အား သစ္စာလေးပါးကို မသိမြင်ခြင်းကြောင့် သံသရာ၌ရှည်လျားစွာ ကျင်လည်ခဲ့ရပုံကို ဟောကြားတော်မူသည်။ သီလသမာဓိပညာတို့၏ အကျိုးအာနိသင်များကိုလည်း အကြိမ်များစွာ ထပ်မံဟောကြားတော်မူသည်။

## ကြေးမုံပြင်နှင့်တူသောတရား

ဗုဒ္ဓမြတ်စွာသည် ကောဋိရွာ၌အလိုရှိသမျှ နေတော်မူပြီး နာတိကရွာသို့ ကြွတော်မူသည်။ နာတိကရွာ၌ သီတင်းသုံးနေစဉ် ရှင်အာနန္ဒာသည် ဗုဒ္ဓအား နာတိကရွာ၌မကြာမီက ကွယ်လွန်သွားခဲ့ကြသည့် ရဟန်းရှင်လူ များစွာတို့၏လားရာဂတိကိုမေးလျှောက်သည်။ ဗုဒ္ဓကလည်း ထိုပုဂ္ဂိုလ်တို့၏လားရာဂတိများကို အသီးအသီးဖြေကြားတော်မူသည်။ ထို့နောက် "အာနန္ဒာ... လူသေတိုင်း သေတိုင်း ထိုသူတို့၏လားရာဂတိကို မေးမြန်းနေလျှင် ပင်ပန်းရုံသာရှိ၏။ ထို့ကြောင့် သေသူတို့၏လားရာဂတိကို သိမြင်နိုင်၍ ကြေးမုံပြင်နှင့် တူသောတရားကို ငါဟောကြားပေအံ့" ဟု မိန့်ကြားတော်မူပြီး အောက်ပါတရားကို ဆက်လက်ဟောကြားတော်မူသည်။

"အာနန္ဒာ.... အကြင်အရိယာ၏ တပည့်သည် မြတ်စွာဘုရား၌စွဲမြဲစွာ သက်ဝင်ယုံကြည်၏၊ တရားတော်၌လည်း စွဲမြဲစွာသက်ဝင်ယုံကြည်၏၊ သံဃာတော်၌လည်း စွဲမြဲစွာသက်ဝင်ယုံကြည်၏၊ သမာဓိကိုဖြစ်စေနိုင်သည့် အကျိုးမပေါက် မပြောက် မကျားသော သီလတို့နှင့်လည်းပြည့်စုံ၏။ ထိုအရိယာ၏ တပည့်သည် 'ငါ့အား ငရဲ၌ ဖြစ်ရန်မရှိတော့၊ တိရစ္ဆာန်ဘုံ၌ ဖြစ်ရန်မရှိတော့၊

www.dhammaransi.com



ပြိတ္တာဘုံ၌ ဖြစ်ရန်မရှိတော့၊ အပါယ်ဒုဂ္ဂတိသို့ပျက်စီး၍ ကျရောက်ရန်မရှိတော့၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ကိန်းသေမြဲပြီ၊ အထက်မဂ်သုံးပါးသာလျှင် လားရာ ရှိတော့၏'' ဟူ၍ မိမိကိုယ်တိုင် ထုတ်ဖော် ပြောကြားလိုက ပြောကြား နိုင်ပေ၏။ ဤကား ကြေးမုံပြင်နှင့်တူသော တရားပေတည်း။

## ဝေသာလီသို့ဆိုက်ရောက်ခြင်း

ဗုဒ္ဓမြတ်စွာသည် နာတိကရွာ၌ သီတင်းသုံးနေစဉ်လည်း သီလ၊သမာဓိ၊ ပညာတို့၏ အကျိုးအာနိသင်များကို အကြိမ်များစွာ ထပ်ပံဟောကြားတော် မူပြီး တိုမှတဆင့် ဝေသာလီပြည်သို့ ကြွချီတော်မူသည်။ ဝေသာလီပြည်သို့ ရောက်သော် အမ္ဗပါလီ အမည်ရှိသော ပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌ သီတင်း သုံးနေတော်မူ၏။ ယင်းသို့သီတင်းသုံးနေစဉ် ဗုဒ္ဓသည် ရဟန်းတို့အား သတိပဋ္ဌာန်လေးပါးကို ပွားများရှုမှတ်ခြင်းဖြင့် အစဉ်သတိရှိလျက်ရင်း၊ သွား ခြင်း ရပ်ခြင်းစသော နေထိုင်လှုပ်ရှားမှုမှန်သမျှတို့၌ သတိသမ္ပဇဉ်စွဲမြဲစွာထား လျက်ရင်း နေထိုင်ကြရန် တိုက်တွန်းဆုံးမတော်မူသည်။

အမ္ဗပါလီပြည့်တန်ဆာမသည် ဝေသာလီပြည်သို့ ဗုဒ္ဓကြွရောက်လာပြီး မိမိဥယျာဉ်၌ သီတင်းသုံးနေကြောင်း ကြားသိလျှင် ကောင်းမွန်သော ယာဉ် ရထားကိုစီး၍ ဗုဒ္ဓထံသို့ချဉ်းကပ်လေ၏။ ဗုဒ္ဓက သင့်လျော်လျောက်ပတ်သော တရားစကားကို ဟောကြားသောအခါ အမ္ဗပါလီသည် ရှင်လန်းဝမ်းမြောက် လျက် ရဟန်းသံဃာ အပေါင်းနှင့်တကွ ဗုဒ္ဓရှင်တော်မြတ်အား နောက်တနေ့ နံက်တွင် မိမိအိမ်သို့ ဆွမ်းခံကြွရန်ပင့်ဖိတ်လေသည်။ ယင်း ပင့်ဖိတ်၍ အိမ်သို့ပြန် ခဲ့သော အမ္ဗပါလီသည် ဗုဒ္ဓအားဖူးမြင်ရန် မြို့မှထွက်လာကြသော လိစ္ဆဝီမင်း သားတို့နှင့် လမ်းတွင်ဆုံမိလေသည်။ ထိုအခါ အမ္ဗပါလီသည် မိမိ၏ရထားကို ကြီးသော လိစ္ဆဝီမင်းသားတို့၏ရထားများအတွက်သာ လွတ်အောင်လမ်းဖယ် ပေးစေပြီး ငယ်သော လိစ္ဆဝီမင်းသားတို့၏ ရထားများကိုမူ လွတ်အောင်လမ်း ဖယ်မပေးဘဲ ရထားစွန်းခြင်းတိုက်ကာ မောင်းနှင်စေသည်။

ထိုအခြင်းအရာကို မြင်သော လိစ္ဆဝီမင်းသားတို့က ''ဟယ် အမ္ဗပါလီ သင်သည် အဘယ့်ကြောင့် ငယ်သော လိစ္ဆဝီမင်းသားတို့၏ ရထား များ ကို သင့်ရထားဖြင့် တိုက်သွား ဘိသနည်း'' ဟု ဆိုကြလေသော် အမ္ဗပါလီက ''အရှင့်သားတို့.... ကျွန်ုပ်သည် ရဟန်းသံဃာအပေါင်းနှင့်တကွ ဗုဒ္ဓမြတ်စွာကို နက်ဖြန် ဆွမ်းကျွေးရန်အခွင့်ရခဲ့သောကြောင့် မင်းသားတို့၏ ရထားများကိုပင်

www.dhammaransi.com



မရှောင်ရှားနိုင်ခြင်းဖြစ်ပါသည်” ဟု ပြန်ကြားပြောဆိုလေ၏။ ထိုဆွမ်းကျွေးခွင့်ကို အသပြာတသိန်းဖြင့် မိမိတို့အားပေးရန် မင်းသားတို့ကတောင်းဆိုလျှင် အမ္ဗပါလီက ဝေသာလီတပြည်လုံးနှင့်ပင် မလဲနိုင်ကြောင်း ပြန်ပြောလေ၏၊ ထိုအခါ လိစ္ဆဝီမင်းသားတို့သည် “မိန်းမကပင် ငါတို့ကို အနိုင်ရသွားလေပြီ” ဟုဆိုကာ လက်ဖျောက်ကြလေ၏။”

အချို့ကတကိုယ်လုံး အညိုရောင် အဝတ်တန်ဆာ တို့ကို ဝတ်ဆင်လျက်ငင်း၊ အချို့က အနီရောင် အဝါရောင်စသော အဝတ်တန်ဆာ တို့ကို ဝတ်ဆင်လျက်ငင်း သရက်ဥယျာဉ်တွင်းသို့ဝင်လာသော လိစ္ဆဝီမင်းသားများကို ဗုဒ္ဓမြတ်စွာလှမ်း၍မြင်လျှင် ရဟန်းတို့အား “ရဟန်းတို့... တာဝတိံသာနတ်ပြည်ကိုမမြင်ဘူးသော ရဟန်းတို့သည် ဤလိစ္ဆဝီမင်းသားတို့ကို ကြည့်ကြကုန်လော။ ဤလိစ္ဆဝီမင်းသားတို့သည် တာဝတိံသာနတ်တို့တမျှ တင့်တယ်လှပကုန်၏” ဟူ၍မိန့်ကြားတော်မူလေသည်။

ထို့နောက် ဗုဒ္ဓသည် မိမိအား လာရောက် ဖူးမြော်ကြသော လိစ္ဆဝီမင်းသားတို့အား သင့်လျော်လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူသည်။ တရားစကားဖြင့် ရွှင်လန်းထက်သန်သောစိတ်ရှိသော လိစ္ဆဝီမင်းသားတို့သည် ဗုဒ္ဓအား နောက်တနေ့ နံနက်တွင် မိမိတို့၏ ဆွမ်းကို ခံယူရန် လျှောက်ထားကြသည်။ ဗုဒ္ဓက အမ္ဗပါလီ၏ပင့်ဖိတ်ချက်ကို ရှေးဦးစွာ လက်ခံပြီးဖြစ်၍ လိစ္ဆဝီတို့၏ ပင့်ဖိတ်ချက်ကို လက်မခံဘဲ ငြင်းပယ်တော်မူသည်။

နောက်တနေ့ နံနက်တွင် ဗုဒ္ဓသည် ရဟန်း သံဃာ အပေါင်းနှင့် အတူ အမ္ဗပါလီ၏အိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူသည်။ အမ္ဗပါလီသည် ဆွမ်းလုပ်ကျွေးပြီးသောအခါ မိမိ၏သရက်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာအား ရေစက်သွန်းချ၍ လှူဒါန်းသည်။ ဗုဒ္ဓသည် အမ္ဗပါလီအား ဆွမ်းအနုမောဒနာ တရား ဟောကြားတော်မူ ပြီး သရက် ဥယျာဉ်သို့ ပြန်ကြွတော်မူသည်။

## ဝေဠုဝရွာ၌ ဝါဆိုခြင်း

ဗုဒ္ဓသည် ဝေသာလီပြည် အမ္ဗပါလီ၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ်လည်း သီလ သမာဓိ ပညာ တို့၏ အကျိုး အာနိသင်များကို အကြိမ်များစွာ ဟောကြားတော်မူပြီး ထိုမှတဆင့် ဝေဠုဝရွာသို့ ကြွတော်မူသည်။ ဝေဠုဝရွာသို့ ရောက်သည့်အခါ ရဟန်းတို့အား ဝေသာလီပြည်၏ အနီးပတ်

www.dhammaransi.com



ဝန်းကျင်ဝယ် မိတ်ဆွေအသိအကျွမ်းရှိရာ အရပ်အသီးသီး၌ ဝါဆိုကြရန် ညွှန်ကြားပြီး ဗုဒ္ဓမြတ်စွာကား နောက်ပါရဟန်းအနည်းငယ်နှင့်အတူ ဝေဠုဝရွာ၌ပင် ဝါဆိုတော်မူသည်။

ယင်းသို့ ဝေဠုဝရွာ၌ ဝါဆိုစဉ် ဗုဒ္ဓရှင်တော်မြတ်အား ကြမ်းတမ်းသောရောဂါကပ်ရောက်၍ ပြင်းထန်သောဝေဒနာဖြစ်ပေါ်၏။ သို့သော်လည်း ဗုဒ္ဓသည် ထိုဝေဒနာကို သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်လျက် ပင်ပန်းသည်ဟု မှတ်ယူခြင်းမပြုဘဲ သည်းခံတော်မူသည်။ "ငါသည် တပည့်သာဝကတို့အား အသိမပေးဘဲ ပရိနိဗ္ဗာန်ပြုရန် မသင့်"ဟု ဆင်ခြင်စဉ်းစား၍ ရောဂါကို ဝီရိယဖြင့် ပယ်ခွာပြီး အသက်ရှည်စေနိုင်သော သမာပတ်ကိုဝင်စားနေရာ ရောဂါသည် ငြိမ်းအေးလေ၏။

ရောဂါ ပျောက်ငြိမ်း၍ မကြာမီ ဗုဒ္ဓသည် ကျောင်းတွင်းမှ ထွက်၍ ကျောင်းရိပ်တွင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူသည်။ ထိုအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ဤသို့လျှောက်တင်လေ၏။

"အရှင်ဘုရား.... တပည့်တော်သည် ယခု မြတ်စွာဘုရား၏ ကျန်းမာချမ်းသာခြင်းကို တွေ့မြင်ရပါပြီ။ မြတ်စွာဘုရား မကျန်းမမာတော်မူသည့်အတွက် တပည့်တော်၏ခန္ဓာကိုယ်သည် လေးလံတောင့်တင်းသကဲ့သို့ ဖြစ်ခဲ့ရပါသည်။ တပည့်တော်အား အရပ် လေးမျက်နှာတို့သည်လည်း ပကွဲပပြားဖြစ်ခဲ့ပါသည်။ သို့သော်လည်း မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်စပ်လျဉ်း၍ တစုံတရာ မိန့်မှာခြင်း မပြုသေးသမျှ ပရိနိဗ္ဗာန် စံတော်မူမည် မဟုတ် ဟူ၍ ဆင်ခြင်စဉ်းစားမိသောကြောင့် တပည့်တော်မှာ အနည်းငယ် သက်သာခွင့်ရခဲ့ပါသည်ဘုရား"

ယင်းသို့ ရှင်အာနန္ဒာက လျှောက်တင်သောအခါ ဗုဒ္ဓသည် ရှင်အာနန္ဒာအား ဤသို့ ပြန်လည်မိန့်ကြားတော်မူလေသည်။

"အာနန္ဒာ ... ရဟန်းသံဃာသည် ငါဘုရားထံမှ ဘာကို မျှော်လင့်နေသနည်း။ ငါသည် အတွင်းအပြင်မထားဘဲ တရားကို ဟောခဲ့၏။ သရော့လက်ဆုပ်ပြုထားသော လျှို့ဝှက်ချက်မရှိ"

"အာနန္ဒာ.... 'ရဟန်း သံဃာကို ငါသာလျှင် သိမ်းယူထားအံ့။ ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးခြင်း ရှိနေကြစေ'ဟူ၍ လိုလားသူသည်သာလျှင် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ မှာကြားခြင်း ပြုရာ၏။ ငါ

www.dhammaransi.com



ဘုရားသည်ကား ယင်းသို့သော လိုလားခြင်းမရှိ။ ထို့ကြောင့် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ မှာကြားရန်လည်း မရှိပေ”

“အာနန္ဒာ.... ယခုအခါ ငါဘုရားသည် အိုမင်းကြီးရင့်လှပြီ၊ အသက်ရှစ်ဆယ် ရှိနေပြီ။ လှည်းအိုသည် ဖွဲ့စည်းတုတ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း ဖွဲ့စည်း တုတ်နှောင် ခြင်း ဖြင့် တည်တံ့နေ၏”

“အာနန္ဒာ.... အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ အချို့သောဝေဒနာတို့၏ ချုပ်ခြင်းကြောင့် သဗ္ဗနိမိတ်ကို အာရုံမပြုသော သမာဓိသို့ ရောက်၍ နေ၏။ ထိုအခါ၌ ငါဘုရား၏ ခန္ဓာကိုယ်သည် သာလွန်၍ ချမ်းသာပေ၏”

“အာနန္ဒာ ...သင်တို့သည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ နေကြကုန်လော။ တရားကိုသာ မှီခိုရာပြု၍၊ တရားကိုသာ ကိုးကွယ်ရာပြု၍ နေကြကုန်လော”

“အာနန္ဒာ.... ယခုအခါ၌ ဖြစ်စေ၊ ငါဘုရား ကွယ်လွန်သော အခါ၌ ဖြစ်စေ၊ တရားကိုသာ ကိုးကွယ်ရာပြု၍နေသော ရဟန်းသည် အကျင့်သိက္ခာကို လိုလားသော ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံး ဖြစ်လတ့်”

## ရှင်အာနန္ဒာအား အရိပ်နိမိတ်ပြခြင်း

တခုသောနံနက်ခင်း၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့တွင်းတွင် ဆွမ်းခံ၍ ဆွမ်းကိစ္စပြီးသောအခါ ရှင်အာနန္ဒာနှင့်အတူ စာပါလစေတီသို့ နေ့သန့်စင်ရန် ကြွသွားတော်မူသည်။ စာပါလစေတီအနီး ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူပြီးသောအခါ ဗုဒ္ဓသည် ရှင်အာနန္ဒာအား ဝေသာလီပြည်နှင့်တကွ ပတ်ဝန်းကျင်ရှိ ဥဒေနစေတီ၊ ဂေါတမကစေတီ စသည်တို့၏ မွေ့လျော်ဖွယ် ရှိပုံကို ချီးကျူး ပြောဆိုတော်မူပြီး ဤသို့ ဆက်လက် မိန့်ကြားတော်မူသည်။

“အာနန္ဒာ.... ဣဒ္ဓိပါဒ်လေးပါးကို စွဲမြဲစွာ လေ့ကျင့်ပွားများထားသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏။ အာနန္ဒာ.... ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို စွဲမြဲစွာ လေ့ကျင့်ပွားများထားပြီး ဖြစ်၏။ ထို့ကြောင့် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏”

www.dhammaransi.com



**အာယုသင်္ခါရ လွှတ်ခြင်း**

ဤသို့ ဗုဒ္ဓက နိမိတ်ပြ စကားကို သုံးကြိမ်တိုင် မိန့်ကြားသော်လည်း ရှင်အာနန္ဒာကား မာရ်နတ်၏ နှောင့်ယှက်ခြင်းခံရသဖြင့် ဗုဒ္ဓအား အာယုကပ် ပတ်လုံးတည်ရန် တောင်းပန်ခြင်း မပြုမိချေ။

ထို့နောက် ရှင်အာနန္ဒာ ဖဲ့သွား၍ ဗုဒ္ဓရှင်တော်မြတ် တပါးတည်း ရှိနေချိန်တွင် ယုတ်မာသောမာရ်နတ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့လျှောက် လေသည်။

"အရှင်ဘုရား.... မြတ်စွာဘုရားသည် တခါက တပည့်တော်အား 'ငါ ဘုရား၏ တပည့်သာဝကများ တတ်သိလိမ္မာခြင်း မရှိသေးမီ၊ ငါဘုရား၏ သာသနာ စည်ပင်ပြန့်ပွားခြင်းသို့ မရောက်သေးပီ၊ ငါဘုရား ပရိနိဗ္ဗာန်ပြုတော် မူမည်မဟုတ်'ဟူ၍ မိန့်ကြားခဲ့ဘူးပါသည်။ ယခုအခါ မြတ်စွာဘုရား၏တပည့် သာဝကများသည် တတ်သိလိမ္မာခြင်းသို့ ရောက်နေကြပါပြီ၊ မြတ်စွာဘုရား ၏ သာသနာသည်လည်း စည်ပင်ပြန့်ပွားခြင်းသို့ ရောက်နေပါပြီ။ သို့ဖြစ်၍ ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ၊ ပရိနိဗ္ဗာန် ပြုတော်မူပါလော"

ဗုဒ္ဓက မာရ်နတ်အား "အချင်း မာရ်နတ်.... မကြောင့်ကြလင့်။ ဤနေ့မှ သုံးလမြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူမည်"ဟု မိန့်ကြား တော်မူလိုက်သဖြင့် မာရ်နတ်သည် ကျေနပ်စွာ ပြန်သွားလေ၏။ မာရ်နတ်ပြန် သွားပြီး၍ မကြာမီပင် ဗုဒ္ဓသည် သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို စွန့်လွှတ်တော်မူသည်။ ယင်းသို့ အာယုသင်္ခါရကို စွန့်လွှတ်တော်မူလိုက်သည်နှင့် တပြိုင်နက် မြေလျှင်လှုပ်ခြင်း၊ တော်လဲခြင်း များ ကြီးစွာဖြစ်ပေါ်လေ၏။ ထိုအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓထံချဉ်းကပ်၍ မည်သည့်အကြောင်းကြောင့် ယင်းသို့ အံ့ဘွယ်သရဲ ထူးကဲသော ဒေါင်းအရာ များ ဖြစ်ပေါ်ကြောင်း မေးလျှောက်သည်။ ဗုဒ္ဓက ...

(၁) မြေထု၏တည်ရာ ရေထုလေထုတို့၏ လှုပ်ခြင်း။
(၂) တန်ခိုးနှင့်ပြည့်စုံသော ရဟန်း ပုဏ္ဏားတို့၏ အဓိဋ္ဌာန်ခြင်း။
(၃) ဘုရားလောင်း မယ်တော်ဝမ်းသို့ သက်ဝင်ခြင်း။
(၄) ဘုရားလောင်း ဖွားမြင်ခြင်း။
(၅) မြတ်စွာဘုရား သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိခြင်း။
(၆) မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားခြင်း။

www.dhammaransi.com



(၇) မြတ်စွာဘုရား အာယုသင်္ခါရလွှတ်ခြင်း။

(၈) မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခြင်း။

ဟူသော အကြောင်းရှစ်ပါးတို့တွင် တပါးပါးသောအကြောင်းကြောင့် ဤမြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်တတ်ကြောင်း ဖြေကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓက မိမိသည် မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်စသော ပရိသတ်ရှစ်ပါးသို့ ထိုမင်းပုဏ္ဏားစသည်တို့၏ အသွင်အပြင်ဖြင့် တက်ရောက် ပြောဆိုဆွေးနွေးခဲ့ဘူးပုံကိုရင်း၊ ဆန့်ကျင်ဖက်တရားနှင့် အာရုံတို့ကိုလွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန' ရှစ်ပါး၊ လွတ်လပ်ခြင်း 'ဝိမောက္ခ' ရှစ်ပါးတို့ကိုရင်း အကျယ်ဟောကြားတော်မူပြီး မာရ်နတ်က လာရောက်တောင်းပန်သဖြင့် အသက်ရှည်ရန် ပြုပြင်မှု "အာယုသင်္ခါရ"ကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။

### ရှင်အာနန္ဒာ တောင်းပန်ခြင်း

ယင်းသို့ မိန့်ကြားသောအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓရှင်တော်မြတ်အား နတ်လူတို့၏ အကျိုးစီးပွားအတွက် အာယုကပ်ပတ်လုံးတည်ရန် တောင်းပန်သည်။ ဗုဒ္ဓက တောင်းပန်ရန် အချိန်အခါ မဟုတ်တော့ပြီ ဖြစ်ကြောင်း မိန့်ကြား၍ ရှင်အာနန္ဒာ၏ တောင်းပန်မှုကို ငြင်းပယ်တော်မူသည်။ ရှင်အာနန္ဒာက သုံးကြိမ်တိုင်အောင် ထပ်မံတောင်းပန်သောအခါ ဤသို့ ဆက်လက်မိန့်ကြားတော်မူပြန်သည်။

"အာနန္ဒာ.... ငါဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်လျှင် သုံးကြိမ်တိုင်အောင် တောင်းပန်ရန် အကြောင်းမရှိ။ ငါဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး တည်နိုင်ကြောင်း နိမိတ်ပြစကားများကို သင့်အား ကြိမ်ဖန်များစွာ မိန့်ကြားခဲ့၏။ သို့ပါလျက် ထိုစဉ်က သင်မတောင်းပန်ခြင်းမှာ သင်၏ အပြစ်ပင်ဖြစ်၏။"

"အာနန္ဒာ.... ချစ်ခင်မြတ်နိုးသူတို့နှင့် ရှင်ကွဲ သေကွဲ ကွဲပြားရခြင်းကို ရှေးမဆွကပင် ငါဘုရား ဟောကြားခဲ့ပြီးဖြစ်၏။ အသစ်ဖြစ်ပေါ်လာခြင်း၊ ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီးပါစေနှင့်ဟူ၍ တောင့်တ၍ ရနိုင်မည်မဟုတ်။"

www.dhammaransi.com



"အာနန္ဒာ.... ငါဘုရားသည် အသက်ရှည်ရန်ပြုပြင်မှု 'အာယုသင်္ခါရကို စွန့်လွှတ်လိုက်ပြီ။ ဤနေ့မှ သုံးလမြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန်ပြုလိမ့်မည်။ စွန့်လွှတ်လိုက်ပြီးသော အာယုသင်္ခါရကို တဖန်ပြန်၍ ဖြစ်စေရန် အကြောင်းမရှိတော့ချေ။"

## သာသနာ တည်တံ့ရေးတရား (၃၇)ပါး

ဗုဒ္ဓသည် ရှင်အာနန္ဒာအား အထက်ပါအတိုင်း မိန့်ကြားတော်မူပြီး ရှင်အာနန္ဒာနှင့်အတူပင် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်သို့ ကြွတော်မူသည်။ ကူဋာဂါရ ကျောင်းတိုက်သို့ ရောက်သည့်အခါ ဝေသာလီပြည်ကို အမှီပြု၍နေထိုင်သော ရဟန်းအားလုံးကို ဓမ္မာရုံ၌ စုဝေးစေရန် ရှင်အာနန္ဒာအား စေခိုင်းတော်မူသည်။ ရဟန်းအားလုံး ဓမ္မာရုံ၌ စုဝေးရောက်ရှိလာကြသောအခါ ဗုဒ္ဓသည် ဓမ္မာရုံသို့ကြွလာပြီး ရဟန်းတို့အား သာသနာတည်တံ့ကြောင်းတရားကို ဟောကြားတော်မူသည်။

"ရဟန်းတို့.... ငါဘုရားသည် ထူးသောဉာဏ်ဖြင့်သိမြင်၍ ဟောကြားအပ်သော တရားတို့ကို သင်တို့သည် ကောင်းစွာသင်ယူ၍ မှီဝဲအပ်၏၊ ပွားများအပ်၏၊ အဖန်ဖန်လေ့ကျင့်အပ်၏၊ ယင်းသို့ မှီဝဲပွားများလေ့ကျင့်မှသာ ဤသာသနာသည် အရှည်တည်တံ့လျက် နတ်လူတို့၏ အကျိုးစီးပွားကို တိုးပွားစေနိုင်မည် ဖြစ်သည်။ ထိုတရားတို့ကား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးနှင့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တို့ဖြစ်၏။"

ထို့နောက်တဖန်ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့ထပ်မံ မိန့်ကြားတော်မူပြန်၏။

"ရဟန်းတို့... သင်တို့အား ယခုငါမိန့်မှာဦးအံ့၊ ပြုပြင် အပ် သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ သင်တို့သည် မမေ့သော သတိတရားဖြင့် ကိစ္စပြီးစီးအောင် အားထုတ်ကြကုန်လော့။ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ပကြာမီပင် ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလမြောက်သော အခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလိမ့်မည်။"

## ဝေသာလီပြည်ကိုနောက်ဆုံးကြည့်ရှုခြင်း

ဝေသာလီပြည် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် တခုသောနံနက်ခင်းဝယ် ဝေသာလီမြို့တွင်း၌ ဆွမ်းခံလှည့်

www.dhammaransi.com



လည်၍ ဆွမ်းကိစ္စပြီးစီးသဖြင့် မြို့တွင်းမှထွက်ခွာလာသောအခါ ဝေသာလီ ပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ပါပြန်လှည့်လျက် ကြည့်ရှုတော်မူသည်။ 'အာနန္ဒာ ဤယခုကြည့်ရှုခြင်းသည် ဝေသာလီပြည်ကို ငါဘုရား၏ နောက်ဆုံးကြည့်ရှုခြင်းပေတည်း' ဟူ၍လည်း ရှင်အာနန္ဒာအားထုတ်ဖော် မိန့်ကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် များစွာသော ရဟန်း သံဃာနှင့် အတူ ဘဏ္ဍုရွာသို့ကြွတော်မူသည်။ ထိုဘဏ္ဍုရွာ၌ သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓသည် ရဟန်းတို့အား သီလ၊ သမာဓိ၊ ပညာတို့၏အကျိုးအာနိသင်များကို ကြိမ်ဖန်များစွာ ထပ်မံဟောကြားတော်မူပြီး အောက်ပါစကားကိုလည်း မြွက်ကြားတော်မူသည်။

"ရဟန်းတို့.... ငါဘုရားသည်၎င်း၊ သင်တို့သည်၎င်း မြတ်သောအရိယ သီလ၊ မြတ်သောအရိယသမာဓိ၊ မြတ်သောအရိယပညာ၊ မြတ်သော လွတ်မြောက်မှု 'အရိယဝိမုတ္တိ' တို့ကို လျှော်ကန်စွာမသိခြင်း၊ ထိုးထွင်း၍မသိခြင်းကြောင့် ကာလရှည်လျားစွာ သံသရာ၌ ကျင်လည်ပြေးသွားခဲ့ကြရခြင်းဖြစ်၏။ ရဟန်းတို့ ယခုအခါ ငါဘုရားသည် ထိုတရားလေးပါးကို လျှော်ကန်စွာ၎င်း၊ ထိုးထွင်း၍၎င်း သိခဲ့ပြီးဖြစ်၏၊ ဘဝတဏှာကိုလည်းဖြတ်ပြီးဖြစ်၏၊ နောက်ထပ် ဘဝသစ်၌ ဖြစ်ရန်မရှိတော့ချေ။"

**မဟာပဒေသတရားလေးပါး**

ဗုဒ္ဓမြတ်စွာသည် ဘဏ္ဍုရွာ၌ အလိုရှိသမျှ နေတော်မူပြီး ဟတ္ထိရွာ၊ အမ္ဗရွာနှင့် ဇမ္ဗုရွာတို့မှတဆင့် ဘောဂမြို့သို့ကြွတော်မူသည်။ ဘောဂရွာ၌သီတင်းသုံးနေစဉ်လည်း ဗုဒ္ဓသည် ရဟန်းတို့အား သီလ၊ သမာဓိ၊ ပညာတို့၏ အကျိုးအာနိသင်များနှင့်တကွ မဟာပဒေသ တရားလေးပါးကို ဟော ကြားတော်မူသည်။ မဟာပဒေသ တရားလေးပါးဟူသည်—

(၁) တပါးသော ရဟန်းက 'တပည့်တော်သည် မြတ်စွာဘုရား၏ မျက်မှောက်မှ ဤသို့ကြားနာခဲ့ရပါသည်' ဟု ပြောဆိုပါက ထိုရဟန်း၏စကားကို မစူးမစမ်းလက်ခံခြင်းမပြုဘဲ သုတ်ဝိနည်းတို့နှင့် ညီ မညီ နှိုးနှောကြည့်ပြီး သုတ် ဝိနည်း တို့နှင့်မညီလျှင် ပယ်ရှား၍ ညီမှသာလက်ခံရခြင်း။

www.dhammaransi.com



(၂) 'တပည့်တော်သည် ဤမည်သော ကျောင်းတိုက်၌ နေသည့် အကြီးအကဲဖြစ်သော မထေရ်နှင့်တကွ ရဟန်းသံဃာတို့ထံမှ ဤသို့ကြားနာခဲ့ရပါသည်' ဟူ၍ရင်း။

(၃) 'တပည့်တော်သည် ဤမည်သောကျောင်းတိုက်၌ နေထိုင်သည့် ပညာဗဟုသုတနှင့် ပြည့်စုံသော ရဟန်းများစွာတို့ထံမှ ဤသို့ ကြားနာခဲ့ရပါသည်' ဟူ၍ရင်း။

(၄) 'တပည့်တော်သည် ဤမည်သော ကျောင်းတိုက်၌နေထိုင်သည့် ပညာဗဟုသုတနှင့် ပြည့်စုံသော မထေရ်တပါးထံမှ ဤသို့ ကြားနာခဲ့ရပါသည်' ဟူ၍ရင်း ပြောဆိုရာ၌လည်း အထက်ပါနည်းအတိုင်းပင် သုတ် ဝိနည်းတို့နှင့် ညီညွတ်မှသာ လက်ခံခြင်းတို့ဖြစ်သည်။

## ပန်းထိမ်သည်စုန္ဒ ဆွမ်းကပ်ခြင်း

ဗုဒ္ဓသည် ဘောဂမြို့မှတဖန် ပါဝါမြို့သို့ ဆက်လက် ကြွချီတော်မူပြီး ပါဝါမြို့အနီး ပန်းထိမ်သည့်သား စုန္ဒ၏သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူသည်။ ထိုအခါ စုန္ဒသည် ဗုဒ္ဓအားလာရောက် ဖူးမျှော်ပြီး နောက်တနေ့တွင် ရဟန်းသံဃာအပေါင်းနှင့်တကွ မိမိနေအိမ်သို့ဆွမ်းခံကြွရန် ဖိတ်ကြားသည်။ ယင်းဖိတ်ကြားချက်အရ ကြွရောက်လာသည့် ဘုရားအမှူးရှိသော သံဃာအား စုန္ဒသည် မွန်မြတ်သော ဆွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးသည်။ ဗုဒ္ဓမြတ်စွာကိုမူ အထူးစီမံချက်ပြုတ်ထားသည့် အလွန်နူးညံ့သော ဝက်သားပြွမ်း ဆွမ်းကိုဆက်ကပ်သည်။

ဆွမ်းဘုန်းပေးပြီးသောအခါ ဗုဒ္ဓသည် စုန္ဒအား ပိုလျှံသောဝက်သားပြွမ်းဆွမ်းကို တွင်းတူး၍မြှုပ်ပစ်ရန် မိန့်ကြားတော်မူသည်။ အကြောင်းမှာ ထိုဆွမ်းကို ဘုရားမှတပါး အခြားပုဂ္ဂိုလ်တို့စားသုံးလျှင် အစာကြေညက် စေနိုင်မည် မဟုတ်သောကြောင့် ဖြစ်ပေသည်။

ထို့နောက် ဗုဒ္ဓသည် စုန္ဒအား ဆွမ်းအနုမောဒနာတရား ဟောကြားပြီး သရက်ဥယျာဉ်သို့ ပြန်ကြွတော်မူသည်။ ထိုသရက်ဥယျာဉ်သို့ ရောက်၍ ပကြာမီမှာပင် ဗုဒ္ဓအား ဝမ်းသွေးသွန်ခြင်းရောဂါ ပြင်းပြစွာ ဖြစ်ပေါ်လာ

www.dhammaransi.com



၏။ ဗုဒ္ဓသည် ပြင်းပြသော ဝေဒနာကို ပင်ပန်းသည်ဟု မှတ်ယူခြင်းမပြုဘဲ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်လျက် မညည်းမညူ သည်းခံတော်မူသည်။

## ပါဝါမြို့မှ ထွက်ခွာခြင်း

ဗုဒ္ဓရှင်တော်မြတ်သည် ဝမ်းသွေးသွန်ခြင်း ရောဂါကို ခံစားနေရသည့်ကြားမှပင် ကုသိနာရုံပြည်သို့ အရောက် ကြွချီရန်အတွက် ပါဝါမြို့မှ ခရီးထွက်တော်မူသည်။ လမ်းခရီးအကြားဝယ် ချောင်းငယ်တခုအနီးသို့ ရောက်သောအခါ သစ်ပင်ရိပ်တခု၌ နားနေတော်မူပြီး ရှင်အာနန္ဒာအား သောက်ရေခပ်ရန် စေခိုင်းတော်မူသည်။ ရှင်အာနန္ဒာက မကြာမီကပင် လှည်းငါးရာတို့ ဖြတ်ကူးသွားသောကြောင့် ချောင်းငယ်မှ ရေမျာ: နောက်ကျုနေကြောင်း၊ ရှေ့သို့ အနည်းငယ်ဆက်သွားလျှင် တွေ့ရှိရမည့် ကကုဓာမြစ်သို့ရောက်မှသာ သောက်ရေ သုံးဆောင် သင့်ကြောင်း လျှောက်တင်သည်။ သို့သော်လည်း ဗုဒ္ဓက သောက်ရေခပ်ပေးရန် သုံးကြိမ်တိုင်အောင် ထပ်မံမိန့်ကြားတော်မူသဖြင့် ရှင်အာနန္ဒာသည် သပိတ်တလုံးဖြင့် သောက်ရေ ခပ်ရန် ထွက်ခွာ သွား ရ တော့သည်။

ချောင်းငယ်အနီးသို့ ရောက်သည့်အခါတွင်မူ ရှင်အာနန္ဒာ၏စိတ်ဝယ် အံ့ဩခြင်း၊ ဝမ်းမြောက်ခြင်းများဖြင့် ပြည့်လျှံသွားလေ၏။ အကြောင်းကား မကြာမီအချိန်အတွင်းကပင် လှည်းငါးရာဖြတ်ကူးသွားပြီး အနည်ငယ်မျှသာရှိသော ချောင်းရေမှာ မယုံကြည်နိုင်လောက်အောင်ပင် ကြည်လင် သန့်ရှင်းလျက် ရှိသည်ကို တွေ့မြင်ရသောကြောင့်ဖြစ်၏။ ဤသို့ဖြင့် ရှင်အာနန္ဒာသည် သောက်ရေကို ဝမ်းမြောက်စွာခပ်ယူသွားပြီး ဗုဒ္ဓအားဆက်ကပ်လေ၏။

## မလ္လာမင်းသား ပုက္ကုသနှင့် တွေ့ဆုံခြင်း

ထိုအခါ ကုသိနာရုံမှ ပါဝါမြို့သို့ ခရီးသွားနေသော မလ္လာမင်းသား ပုက္ကုသသည် လမ်းဘေးသစ်ပင်ရိပ်၌ ထိုင်နေသော ဗုဒ္ဓရှင်တော်မြတ်ကို တွေ့မြင်လျှင် လာရောက်ရှိခိုးသည်။ ထို့နောက် သူသည် မိမိဆရာဖြစ်သော ကာလာမ အနွယ်ဝင် အာဠာရ ရသေ့၏ အကြောင်းကို ထုတ်ဖော် ပြောကြားလိုသဖြင့် ဗုဒ္ဓအား ဤသို့လျှောက်တင်လေသည်။

"အရှင်ဘုရား....ရဟန်းတို့၏ သမာပတ်ဖြင့် ငြိမ်သက်စွာ နေခြင်းသည် အံ့ဩဖွယ်ရှိပါပေသည်။ တခါက ကာလာမ အနွယ်ဝင် အာဠာရ ရသေ့သည်

www.dhammaransi.com



ခရီးသွားစဉ် လမ်းမှဖဲ၍ လမ်းဘေးသစ်ပင်ရိပ်တခု၌ထိုင်နေပါသည်။ ထိုအခါ ငါးရာမျှသော လှည်းတို့သည် အာဠာရရသေ့၏ အနီးမှ ဖြတ်သန်းသွားကြပါသည်။ ထိုလှည်းငါးရာနောက်မှ လိုက်ပါလာသော ယောကျ်ားတယောက်သည် ရသေ့ထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်ပါသည်။ 'အရှင် ရသေ့ ... ဤလမ်းမှ ဖြတ်သန်းသွားသော လှည်းငါးရာတို့ကို မြင်လိုက်ပါသလော'

"ဒါယကာ.... ငါမမြင်လိုက်ပေ"

"အရှင်ရသေ့.... အသံကိုမူ ကြားလိုက်ပါသလော"

"ဒါယကာ . အသံကိုလည်း မကြားလိုက်ပေ"

"အရှင်ရသေ့.... အိပ်ပျော်နေပါသလော"

"ဒါယကာ.... ငါအိပ်ပျော်နေသည်လည်း မဟုတ်ပေ"

"အရှင်ရသေ့.... အသို့ပါနည်း၊ အသိစိတ်ရှိနေပါ၏လော'

"ဒါယကာ.... အသိစိတ်လည်း ရှိနေပေ၏"

"အရှင်သည် လှည်း ငါးရာတို့ ဖြတ်သန်း သွားသည်ကို ပမြင်လိုက်၊ မကြားလိုက်ဟုဆိုသော်လည်း အရှင်၏သင်္ကန်း၌မူ မြူအလိမ်းလိမ်းကပ်နေသည် မဟုတ်ပါလော"

"ဒါယကာ.... ဟုတ်ပေ၏"

ရသေ့က ဤသို့ ပြန်ကြား ပြောဆိုသော အခါ ထိုယောကျ်ားသည် 'အော် ... ရသေ့ ရဟန်း တို့ကား အလွန် အံ့သြဖွယ် ရှိပေစွ၊ ငါတို့၏ ငြိမ်သက် သမာပတ်ဖြင့် အေးချမ်း တည်ငြိမ်စွာ နေကြပေကုန်၏'ဟု ကြံစည် စဉ်းစား လျက် ထို အာဠာရရသေ့ အပေါ်၌ အတိုင်းထက် အလွန် ကြည်ညိုခြင်း ဖြစ်ခဲ့ပါသည်။

ဤသို့ ပုက္ကုသ မင်းသားက လျှောက်ထားသော အခါ ဗုဒ္ဓ ရှင်တော် မြတ်သည် ပုက္ကုသအား ဤသို့ ပြန်ကြားတော် မူလေသည်။

"အချင်း ပုက္ကုသ... သင်မည်သို့ထင်သနည်း။ တဦးသောသူသည် အနီးမှကပ်၍ ဖြတ်သန်းသွားသော လှည်းငါးရာတို့ကို ရိုးကြားနေပါလျက် မြင်လည်းမမြင်၊ အသံကိုလည်း မကြားရာ။ အခြားတဦးသောသူကား မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းသည်ကိုရင်း၊ လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သည်ကိုရင်း မြင်လည်း မမြင်၊ ကြားလည်း မကြားရာ။ ထိုသူ နှစ်ဦးတို့တွင် အဘယ်သူ၏ အမှုသည် ပို၍ခဲယဉ်းသနည်း"

www.dhammaransi.com



"အရှင်ဘုရား.... ထိုသူနှစ်ဦးတို့တွင် ဒုတိယပုဂ္ဂိုလ်၏ အမှုသည် ဖို၍ ခဲယဉ်းပါသည်"

"အချင်း ပုက္ကုသ.... အခါတပါး၌ ငါဘုရားသည် အာတုမမြို့အနီး ကောက်ရိုးတဲ၌နေစဉ် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းကာ လျှပ်စစ်များလည်း တလက်လက်ပြက်ကြကုန်၏။ မိုးကြိုးပစ်သဖြင့် ကောက်ရိုးတဲအနီး၌ နွားလား လေးကောင်နှင့် လယ်သမားညီနောင် နှစ်ယောက်တို့လည်း သေဆုံးကြကုန်၏။ ထိုသူတို့ သေရာအရပ်သို့ အာတုမမြို့မှ လူအများ စုဝေးရောက်ရှိလာကြသည်။ ထိုအခါ ကောက်ရိုးတဲပြင်၌စင်္ကြံသွားနေသော ငါဘုရားထံသို့ လူတယောက် ရောက်ရှိလာသဖြင့် ငါဘုရားက ထိုသူအား ဤသို့ မေးမြန်းခဲ့သည်။

"ဒါယကာ.... ဤ လူအများသည် အဘယ့်ကြောင့် စုဝေးနေကြ သနည်း"

"အရှင်ဘုရား.... မိုးကြိုးပစ်၍ နွားလေးကောင်နှင့် လယ်သမား နှစ်ယောက် သေဆုံးသွားသောကြောင့် စုဝေး နေကြခြင်း ဖြစ်ပါသည်။ အရှင်ဘုရားကား ထိုစဉ်က ဘယ်အရပ်မှာ ရှိနေခဲ့ပါသနည်း"

"ဒါယကာ.... ငါသည် ဒီနေရာမှာပင် ရှိနေခဲ့ပေ၏"

"အရှင်ဘုရား.... လျှပ်စစ်များ တလက်လက်ပြက်၍ မိုးကြီးစွာရွာသည် ကိုရင်း၊ တချုန်းချုန်း မိုးခြိမ်း၍ မိုး[illegible]းပစ်သည်ကိုရင်း မမြင်လိုက် မကြား လိုက်ပါသလော"

"ဒါယကာ.... ငါ မမြင်လိုက် မကြားလိုက်မိပေ"

"အရှင်ဘုရား အိပ်ပျော်နေပါသလော"

"ဒါယကာ.... ငါ အိပ်နေသည်လည်း မဟုတ်ပေ"

"အရှင်ဘုရား.... အသို့ပါနည်း။ အသိစိတ်ရှိနေပါ၏လော"

"ဒါယကာ.... အသိစိတ်လည်း ရှိနေပေ၏"

"အချင်းပုက္ကုသ.... ဤသို့ ငါဘုရားက မိန့်ကြားသောအခါ ထိုလူသည် 'အော်.... ရသေ့ ရဟန်းတို့ကား အံ့ဩဖွယ် ကောင်းလှပေကုန်စွ။ မိုး သည်း ထန်စွာရွာ၍ မိုးကြိုးပစ်သည်ကိုပင် မသိဘဲ သမာပတ်ဖြင့် အေးချမ်းငြိမ်သက် စွာ နေကြပေကုန်၏'ဟု ကြံစည် စဉ်းစားလျက် ငါဘုရားအပေါ်၌ အတိုင်း မသိ လေးစား ကြည်ညိုခြင်း ဖြစ်သွားခဲ့ပေသည်"

www.dhammaransi.com



ဗုဒ္ဓရှင်တော်မြတ်က ဤသို့ မိန့်ကြားလေသော် မလ္လာမင်းသားပုက္ကုသသည် ဗုဒ္ဓအပေါ်၌ မိမိဆရာ အာဠာရ ရသေ့ထက် အဆပေါင်းများစွာပို၍ ကြည်ညိုခြင်း ဖြစ်ပေါ်လာပြီး ရွှေအဆင်းရှိသော ပွဲထိုင်အဝတ်ချောတစုံကို လှူဒါန်းလေသည်။ ဗုဒ္ဓက အဝတ်တထည်ကိုသာ မိမိခံယူ၍ ကျန်တထည်ကို ရှင်အာနန္ဒာအား လှူဒါန်းစေသည်။

ပုက္ကုသ ထွက်ခွာသွားသောအခါ ရှင်အာနန္ဒာသည် ပုက္ကုသ လှူဒါန်းသည့် အဝတ်ချောတစုံလုံးကိုပင် မြတ်စွာဘုရား၏ ကိုယ်တော်၌ လွှမ်းခြုံပေးလေသည်။ ပြိုးပြိုးပြက်တောက်ပသော မြတ်စွာဘုရား၏ ကိုယ်တော်၌ လွှမ်းထားလိုက်သောအခါ ထိုအဝတ်အစုံသည် အရောင်အဝါကင်းသကဲ့သို့ ဖြစ်သွားလေ၏။ ထို့ကြောင့် ရှင်အာနန္ဒာက အံ့ဩဝမ်းမြောက်စွာဖြင့် ထိုအကြောင်းကို ဖွင့်ဟလျှောက်တင်သောအခါ ဗုဒ္ဓက ဤသို့ ပြန်လည်မိန့်ကြားတော်မူသည်။

"အာနန္ဒာ.... နှစ်ပါးသောအခါတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် အလွန်စင်ကြယ်၏၊ အရေအဆင်းသည် အလွန်တောက်ပ၏။ ထိုနှစ်ပါးသောအခါတို့ကား သမ္မာသမ္ဗောဓိဉာဏ်ကို ရသောညနှင့် ပရိနိဗ္ဗာန် ပြုမည့် ညတို့ဖြစ်၏။ အာနန္ဒာ.... ယနေ့ည ပစ္ဆိမယာမ်ဝယ် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။"

ရှင်အာနန္ဒာအား အထက်ပါအတိုင်း မိန့်ကြားတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာသည် ကကုဓာမြစ်သို့ အရောက် ကြွတော်မူသည်။ ကကုဓာမြစ်သို့ ရောက်သောအခါ မြစ်တွင်းသို့ ကိုယ်တော်တိုင် ဆင်း၍ ရေချိုးခြင်း ပြုတော်မူသည်။ ထို့နောက် မြစ်မှတက်၍ အနီးရှိ သရက်တောသို့ ကြွတော်မူကာ ရှင်အာနန္ဒာအား ဒုကုဋ်သင်္ကန်းကြီးကိုခေါက်၍ခင်းစေပြီး ထိုခင်းထက်ဝယ် လျောင်းစက်နားနေတော်မူသည်။ ရှင်အာနန္ဒာမှာ ရေသနုပ်သင်္ကန်းကိုညှစ်၍ ကျန်ရစ်သဖြင့် ထိုအချိန်တွင် ရှင်စုန္ဒ သာလျှင် ဗုဒ္ဓမြတ်စွာ၏ ထံပါး၌ ရှိလေသည်။

ထို့နောက် မကြာမီ ရှင်အာနန္ဒာ ရောက်ရှိလာသဖြင့် ဗုဒ္ဓသည် ရှင်အာနန္ဒာအား ဤသို့ မိန့်မှာတော်မူသည်။

"အာနန္ဒာ.... ရွှေပန်းတိမ်သည်သား စုန္ဒအား 'မြတ်စွာဘုရားသည် ငါ၏ ဆွမ်းကိုဘုဉ်းပေးသဖြင့် ပရိနိဗ္ဗာန်ပြုရချေသည်' ဟူ၍ စိတ်နှလုံးမသာမယာ

www.dhammaransi.com



ခြင်း ဖြစ်ရာ၏။ ယင်းသို့ဖြစ်ခဲ့သော် ဘုရားဖြစ်မည့်နေ့တွင် လှူသောဆွမ်းနှင့် ပရိနိဗ္ဗာန်ပြုမည့်နေ့တွင် လှူသောဆွမ်းတို့သည် အခြားဆွမ်းတို့ထက် အကျိုးကြီးမားသည်’ဟူ၍ ငါဘုရား ဟောကြားခဲ့ကြောင်း ပြောကြားကာ စုန္ဒ၏ စိတ်နှလုံးမသာယာခြင်းကို ဖြေဖျောက်လေလော”

## ကုသိနာရုံသို့ ဆိုက်ရောက်ခြင်း

ပါဝါမြို့မှ ဆွမ်းဘုဉ်းပေးပြီးအချိန်တွင် ထွက်ခွာခဲ့သော ဗုဒ္ဓမြတ်စွာသည် လမ်းတွင် အကြိမ်များစွာ အပန်းဖြေ နားနေတော်မူခဲ့ရပြီး ညနေချမ်းအချိန်တွင်မှ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဆိုက်ရောက်တော်မူသည်။ အင်ကြင်းဥယျာဉ်သို့ ဆိုက်ရောက်သည့်အခါ ပင်ပန်းတော်မူလှသဖြင့် အင်ကြင်းပင်နှစ်ပင်တို့ကြားဝယ် မြောက်ဖက်သို့ ခေါင်းပြု၍ ခင်းအပ်သော ညောင်စောင်းထက်၌ လျောင်းစက်တော်မူသည်။

ထိုအခါ အင်ကြင်းပင် တို့သည် အချိန်အခါ မဟုတ်ဘဲ ပင်လုံးကျွတ် ဖူးပွင့်ကြကုန်လျက် မြတ်စွာဘုရား၏ကိုယ်ပေါ်၌ ပန်းတို့ကို ကြဲဖြန့်ကြကုန်၏။ မန္ဒာရဝ မည်သော နတ်ပန်း၊ နတ်၌ဖြစ်သော စန္ဒကူး နံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။, နတ်တူရိယာ၊ နတ်သီချင်းသံ တို့သည်လည်း ကောင်းကင်၌ဖြစ်ပေါ်ကုန်၏။ ထိုအခြင်းအရာတို့ကိုမြင်လျှင် ဗုဒ္ဓမြတ်စွာသည် ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူသည်။

“အာနန္ဒာ.... ယခုအခါ ဤအင်ကြင်းပင်တို့နှင့် တကွ နတ်ဗြဟ္မာ အပေါင်းတို့သည် ငါဘုရားအား အမျိုးမျိုးသော ပူဇော်ခြင်းဖြင့် ပူဇော်ကြကုန်၏။ အာနန္ဒာ.... သို့သော်လည်း ဤမျှသော ပူဇော်ခြင်းဖြင့် ငါဘုရားကို အမှန်တကယ် အရိုအသေ၊ အလေးအမြတ် ပြုသည်မမည်ပေ။ အာနန္ဒာ... စင်စစ်သော်ကား တရားနှင့်လျော်သော အကျင့်ကို ကျင့်ကြံအားထုတ်ခြင်းသည်သာလျှင် ငါဘုရားကို အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်သည် မည်ပေ၏။”

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် မိမိ၏ရှေ့တည့်တည့်မှ ရပ်လျက် ယပ်ခတ်ပေးနေသော ရှင်ဥပဝါဏ မထေရ်အား ‘ရဟန်းဖဲသွားလော၊ ငါ့ရှေ့၌ ရပ်မနေလင့်’ဟု မိန့်ကြားတော် မူသည်။ ရှင်အာနန္ဒာက အဘယ့်ကြောင့် ယင်းသို့ မိန့်ကြားကြောင်း မေးလျှောက်ရာ ဗုဒ္ဓက အကြောင်းရင်းကို ရှင်း ၊ဂ၇ မိန့်ကြားတော်မူသည်။

www.dhammaransi.com



"အာနန္ဒာ.... တသောင်းသော လောကဓာတ်မှ နတ်အပေါင်းတို့သည် ငါဘုရားကို ဖူးမြော်ရန် ရောက်ရှိနေကြ၏။ ထိုနတ်တို့သည် တန်ခိုးကြီးသော ဥပဝါဏရဟန်းက ငါဘုရား၏ရှေ့မှကွယ်၍ ရပ်နေသဖြင့် ငါဘုရားကို ဖူးမြော်ခွင့်မရသောကြောင့် မကျေမနပ် ဖြစ်နေကြကုန်၏။ထို့ကြောင့် ဥပဝါဏကို ငါဘုရား ဖယ်ရှားစေခြင်းဖြစ်၏။"

**သံဝေဂရစေနိုင်သော ဌာန ၄ ပါး**

ထို့နောက် ရှင်အာနန္ဒာက 'အရှင်ဘုရား.... နတ်တို့သည် ယခုအခါ မည်ကဲ့သို့ဖြစ်နေကြပါသနည်း'ဟု မေးလျှောက်ရာ ဗုဒ္ဓက နတ်တို့ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေကြပုံကို မိန့်ကြားတော်မူသည်။ တဖန် မြတ်စွာဘုရား ကွယ်လွန်ပြီးနောက်တွင် မြတ်စွာဘုရားဖွားမြင်တော်မူရာဌာန၊ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိရာဌာန၊ ဓမ္မစကြာဟရား ဟောရာဌာနနှင့် ပရိနိဗ္ဗာန်ပြုရာဌာန အားဖြင့် လေးပါးသော ဌာနတို့သည် နောင်လာ နောက်သားတို့ အတွက် သံဝေဂရစေသော ဖူးမြော်ရာဌာနများဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

ရှင်အာနန္ဒာသည် မာတုဂါမများနှင့် ဆက်ဆံရေး၊ ဗုဒ္ဓအလောင်းတော်ကို ပူဇော်ရေးတို့နှင့် ပတ်သက်သော မေးခွန်းများကိုလည်း ဗုဒ္ဓအား မေးလျှောက်ခဲ့သည်။

"အရှင်ဘုရား.... တပည့်တော်တို့သည် မာတုဂါမများနှင့် ပတ်သက်၍ မည်သို့ ကျင့်သုံးရပါမည်နည်း။"

"အာနန္ဒာ.... မတွေ့မြင်ရအောင် ကျင့်သုံးရပါမည်။"

"အရှင်ဘုရား.... တွေ့မြင်ခဲ့သော် မည်သို့ ကျင့်သုံးရပါမည်နည်း။"

"အာနန္ဒာ.... စကားမပြောဘဲ နေရမည်။"

"အရှင်ဘုရား.... မလွှဲသာ၍ စကားပြောရသော် မည်သို့ကျင့်သုံးရပါမည်နည်း။"

"အာနန္ဒာ.... အမိရင်းကဲ့သို့ အမှတ်ပြု၍ ပြောဆိုရမည်။"

"အရှင်ဘုရား.... တပည့်တော်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်နှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်ရပါမည်နည်း။"

"အာနန္ဒာ.... မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ သင်တို့ ကြောင့်ကြမစိုက်ကြကုန်လင့်၊ မြတ်သောအကျင့်၌သာ အားထုတ်ကြကုန်လော့။

www.dhammaransi.com



မြတ်စွာဘုရားကို ကြည်ညိုသော အမျိုးလေးပါးတို့သည် အလောင်းတော် အား ပူဇော်မှုကို ပြုကြလိမ့်မည်။"

"အရှင်ဘုရား.... မြတ်စွာဘုရား၏ အလောင်းတော်၌ မည်သို့ဆောင် ရွက်အပ်ပါသနည်း။"

"အာနန္ဒာ.... စကြာဝတေးမင်း၏ အလောင်း၌ ဆောင်ရွက် သကဲ့သို့ ဆောင်ရွက်အပ်ပေ၏။"

"အရှင်ဘုရား.... စကြာဝတေးမင်း၏ အလောင်း၌ မည်သို့ဆောင်ရွက် ကြပါသနည်း။"

"အာနန္ဒာ.... စကြာဝတေးမင်း၏အလောင်းကို ပုဆိုးအစုံငါးရာတို့ဖြင့် ထပ်ကာ ထပ်ကာ ရစ်ပတ်၍ ရွှေတလား၌ ထည့်သွင်းပြီး နံ့သာထင်းတို့ဖြင့် မီးသင်္ဂြိုဟ်ကုန်၏။ လမ်းမလေးခွဆုံရာ အရပ်၌ စကြာဝတေးမင်း၏ စေတီကို တည်ထားကုန်၏။"

"အာနန္ဒာ— မြတ်စွာဘုရား၏ အလောင်းကိုလည်း စကြာဝတေး မင်း၏ အလောင်းကဲ့သို့ပင် ဆောင်ရွက်၍ လမ်းမလေးခွ ဆုံရာအရပ်၌ စေတီ တည်ထားအပ်၏။ ယင်းသို့တည်ထားခြင်းဖြင့် ထိုစေတီ၌ ကြည်ညိုခြင်း၊ ရှိခိုး ပူဇော်ခြင်း ပြုသူတို့အား ချမ်းသာစီးပွား တိုးပွားပေလိမ့်မည်။"

"အာနန္ဒာ.... မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရား၏ တပည့် သာဝကနှင့် စကြာဝတေးမင်းအားဖြင့် လေးပါးသော ပုဂ္ဂိုလ်တို့ကို စေတီ တည်ထိုက်ကုန်၏။ ထိုစေတီတို့၌ ကြည်ညိုစိတ် ဖြစ်ပေါ်စေသူများသည် သေ သောအခါ ကောင်းရာသုဂတိသို့ ရောက်နိုင်ကုန်၏။"

## ရှင်အာနန္ဒာ ငိုကြွေးခြင်း

ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာ၏ အထက်ပါ မိန့်မှာချက်များကို ကြား နာပြီးနောက် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကိုမှီလျက် 'ငါသည် သေက္ခ ပုဂ္ဂိုလ်မျှသာဖြစ်၍ အထက်မဂ်အလို့ငှာ ပြုဖွယ်ကိစ္စရှိသေး၏၊ ငါ့အား အစဉ် သနားတော်မူသော မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုချေတော့မည်' ဟု တွေးတော စဉ်းစားကာ ငိုကြွေးနေလေ၏။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာ ကြားသိလျှင် ရဟန်းတပါးကို စေလွှတ်၍ ရှင်အာနန္ဒာကို ခေါ်စေပြီး ဖြောင်းဖြနှစ်သိမ့်စကား မိန့်ကြားတော်မူသည်။

www.dhammaransi.com



"အာနန္ဒာ.... မငိုကြွေးလင့်၊ ချစ်ခင် မြတ်နိုးသူတို့နှင့် ရှင်ကွဲ သေကွဲ ကွဲကွာရမည် ဖြစ်ကြောင်းကို ရှေးမဆွကပင် ငါဘုရား ကြိုတင် ဟောကြားပြီး ဖြစ်၏၊ မြတ်စွာဘုရား၏ ကိုယ်တော်ပင်ဖြစ်သော်လည်း မပျက်စီးစေရန်စောင့် တ၍မရနိုင်။"

"အာနန္ဒာ... သင်သည်အတိုင်းမသိ များပြားသော မေတ္တာဖြင့် မြတ်စွာဘုရားကို ကြာမြင့်စွာ လုပ်ကျွေးခဲ့၏၊ ကုသိုလ်ကောင်းမှုကို များစွာပြုလုပ်ခဲ့သူဖြစ်၏။ ကမ္မဋ္ဌာန်းအားထုတ်လျှင် လျှင်မြန်စွာရဟန္တာဖြစ်လိမ့်မည်။"

ဗုဒ္ဓရှင်တော်မြတ်က ဆက်လက်၍ ရှင်အာနန္ဒာသည် ကျွမ်းကျင်လိမ္မာသော အလုပ်အကျွေးရဟန်းဖြစ်ကြောင်း၊ ရဟန်း၊ ရဟန်းမိန်းမ ဥပါသကာ၊ ဥပါသိကာ ဟူသော ပရိသတ်လေးပါး၏ ကျေနပ်နှစ်သက်မှုကိုအစဉ်ဖြည့်စွမ်း နိုင်သော ဂုဏ်နှင့်လည်းပြည့်စုံကြောင်း ရဟန်းတို့အား ထုတ်ဖော် မိန့်ကြားတော်မူသည်။

## မဟာသုဒဿနသုတ်ကိုဟောကြားခြင်း

ထို့နောက် ရှင်အာနန္ဒာသည် ဗုဒ္ဓအား မြို့သိမ်မြို့ငယ်များသာဖြစ်သော ကုသိနာရုံ၌ ပရိနိဗ္ဗာန်မပြုဘဲ စမ္ပာ၊ ရာဇဂြိုဟ်၊ သာဝတ္ထိစသော မြို့ကြီးတမြို့မြို့၌သာ ပရိနိဗ္ဗာန်ပြုသင့်ကြောင်း လျှောက်ထားပြန်၏။ ထိုအခါဗုဒ္ဓက ကုသိနာရုံမြို့ကို မြို့သိမ်မြို့ငယ်ဟုမဆိုသင့်၊ ရှေးအခါက ဤမြို့သည် မဟာသုဒဿန စကြာဝတေးမင်း၏ခံရာ ကုသာဝတီ မည်သော မင်းနေပြည်ကြီး ဖြစ်ခဲ့ဘူးကြောင်း မိန့်ကြား၍ မဟာသုဒဿနသုတ်ကို ဟောကြားတော်မူသည်။

ထို့နောက် ရှင်အာနန္ဒာသည် ဗုဒ္ဓအမိန့်ဖြင့် ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လာမင်းတို့အား ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော့မည့် အကြောင်းကို ပြောကြားလေသည်။ မလ္လာမင်းတို့သည် မိမိတို့၏ သားသမီး အခြွေအရံတို့နှင့်တကွ ငိုကြွေး မြည်တမ်းကာ အင်ကြင်းဥယျာဉ်သို့ ရောက်လာကြပြီး ဗုဒ္ဓအားရှိခိုးကန်တော့ ကြသည်။ ရှင်အာနန္ဒာသည် ထိုမလ္လာမင်းတို့ကို မိသားစုအလိုက် တစုစီခွဲ၍ ကန်တော့စေရာ ညဦးယံ၌ပင်လျှင် ကန်တော့ခြင်းပြီးဆုံးလေသည်။

## သုဘဒ္ဒပရိဗိုဇ်အားတရားဟောခြင်း

ထိုအခါ ကုသိနာရုံမြို့၌ ခေတ္တရောက်ရှိနေသည့် သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော့မည်ဟူသော သတင်းကို ကြားသိ

www.dhammaransi.com



လျှင် အဲင်ကြင်းဥယျာဉ်သို့ အရေးတကြီး ရောက်ရှိလာပြီး ရှင်အာနန္ဒာအား ဤသို့လျှောက်လေသည်။

"အရှင်အာနန္ဒာ.... ဤလောက၌ မြတ်စွာဘုရားတို့သည် တရံတခါမှသာ ပွင့်တော်မူကြကုန်၏ ဟု ကျွန်ုပ်ကြားဘူးပါသည်။ ယနေ့ညမိုးသောက်ယံ၌ပင် ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လိမ့်မည်ဟု ဆိုပါသည်။ ကျွန်ုပ်၌ယုံမှား သံသယတခုရှိနေရာ ထိုသံသယကို အရှင်ဂေါတမ ပယ်ဖျောက်နိုင်လိမ့်မည်ဟုလည်း ကျွန်ုပ်ယုံကြည်ပါသည်။ အရှင်အာနန္ဒာ ကျွန်ုပ်တောင်းပန်ပါ၏၊ ရဟန်းဂေါတမကို ကျွန်ုပ်ဖူးမျှော်ပါရစေ"

ဤသို့လျှောက်သော် ရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို 'ငါ့ရှင်သုဘဒ္ဒ ခွင့်မပြုနိုင်ပါ။ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလျက်ရှိ၏၊ မြတ်စွာဘုရားကို မညှင်းဆဲပါလင့်' ဟု ပြန်ကြား၏။ သုဘဒ္ဒက သုံးကြိမ်တိုင်ထပ်မံတောင်းပန်သော်လည်း ရှင်အာနန္ဒာက လက်မခံချေ။ ဗုဒ္ဓမြတ်စွာသည်ရှင်အာနန္ဒာနှင့် သုဘဒ္ဒပရိဗိုဇ်တို့ အပြန်အလှန် ပြောဆိုနေကြသည်ကို လျောင်းစက် နေရာမှ လှမ်း၍ကြားသိတော်မူသဖြင့် သုဘဒ္ဒပရိဗိုဇ်ကို တားဆီးခြင်းမပြုရန် ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။ သုဘဒ္ဒပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ မိမိ၏ သံသယကိုမေးလျှောက်လေ၏။

"အရှင်ဂေါတမ.... ဤလောက၌ ဂိုဏ်းဆရာဖြစ်၍ ထင်ရှားကျော်ကြားနေကြသည့် ပူရဏကဿပ၊ မက္ခလိဂေါသာလစသော ပုဂ္ဂိုလ်ခြောက်ယောက်တို့သည် မိမိတို့ဝန်ခံသည့်အတိုင်း အလုံးစုံသော တရားကို သိမြင် ပါကုန်သလော၊ သို့မဟုတ် မသိမြင်ပါကုန်သလော"

သုဘဒ္ဒက ဤသို့မေးလျှောက်သောအခါ ဗုဒ္ဓသည် 'အချင်း သုဘဒ္ဒ သင့်အမေးကို ထားဘိလော။ သင့်အား ငါတရား ဟောအံ့' ဟု မိန့်ကြားတော်မူပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူသည်။

"သုဘဒ္ဒ အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် မရှိ၊ ထိုသာသနာ၌ သောတာပန်ရဟန်းသည်မရှိ၊ သကဒါဂါမ်၊ အနာဂါမ် နှင့် ရဟန္တာများလည်းမရှိ။"

"သုဘဒ္ဒ.... အကြင်သာသနာ၌ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်သည် ရှိ၏၊ ထိုသာသနာ၌ သောတာပန်ရဟန်းသည်ရှိ၏၊ သကဒါဂါမ်၊ အနာဂါမ် နှင့် ရဟန္တာများလည်းရှိ၏။"

www.dhammaransi.com



"သုဘဒ္ဒ.... ဤငါဘုရား၏ သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ရှိ၏။ ဤသာသနာ၌သာလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာများရှိ၏။ တပါးသောအယူဝါဒတို့သည် တရားကို သိမြင်သော ရဟန်းမြတ်တို့မှ ဆိတ်သုဉ်းကုန်၏။ ဤရဟန်းမြတ်တို့ ကောင်းမွန်စွာ နေကြပါမူ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းသည်သာ ဖြစ်ပေရာ၏။"

ဗုဒ္ဓ၏ဟောကြားချက်ကိုကြားနာရသောအခါ သုဘဒ္ဒပရိဗိုဇ်သည် လွန်စွာကျေနပ်နှစ်သက်လျက် မိမိအား ရဟန်းပြုပေးရန် တောင်းပန်၏။ ဗုဒ္ဓသည် ရှင်အာနန္ဒာအား သုဘဒ္ဒကို ချက်ချင်းရဟန်းပြုပေးရန် ညွှန်ကြားတော်မူသည်။ ရဟန်း အဖြစ်ကို ရရှိပြီးသော ရှင်သုဘဒ္ဒသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ တမင့ဌာန်းကို အားထုတ်ရာ မကြာမီ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုလေ၏။ ရှင်သုဘဒ္ဒသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံးမျက်မှောက်တပည့် ဖြစ်လေ၏။

## နောက်ဆုံးအမှာစကား

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူ၏။

"အာနန္ဒာ.... ငါဘုရား ကွယ်လွန်သောအခါ သာသနာတော်သည် ဆရာမှ ကင်းကွာလေပြီဟူ၍ သင်တို့ မထင်မှတ်ကြကုန်လင့်။ ငါဘုရား ဟောကြားအပ်သော တရားတော်နှင့် ပညတ်အပ်သော ဝိနည်းသိက္ခာပုဒ်များသည် သင့်တို့၏ ဆရာပင် ဖြစ်၏"

"အာနန္ဒာ.... ယခုအခါ ရဟန်းတို့သည် 'ငါ့ရှင်' ဟူသော စကားဖြင့် ကြီးငယ်မရွေး ခေါ်နေကြကုန်၏။ ငါဘုရား ကွယ်လွန် သော အခါ၌ကား ဤသို့မခေါ်အပ်၊ ဝါကြီးသောရဟန်းသည် ဝါငယ်သောရဟန်းကို အမည်ဖြင့်ဖြစ်စေ၊ အနွယ်ဖြင့်ဖြစ်စေ၊ 'ငါ့ရှင်' ဟူသောစကားဖြင့်ဖြစ်စေ ခေါ်အပ်၏။ ဝါငယ်သောရဟန်းသည်ကား ဝါကြီးသောရဟန်းကို 'အရှင်ဘုရား' သို့မဟုတ် 'အရှင်' ဟူ၍သာ ခေါ်အပ်၏"

"အာနန္ဒာ.... သံဃာသည် ငါကွယ်လွန်သော အခါ သေးနုပ်သော သိက္ခာပုဒ်တို့ကို နုတ်ပယ်လိုလျှင် နုတ်ပယ်လေလော၊ ဆန္နရဟန်းအားလည်း ဗြဟ္မဒဏ် ပေးလေလော"

www.dhammaransi.com



"ပြဟ္မဒဏ်ဟူသည် အဘယ်ပါနည်း"ဟု ရှင်အာနန္ဒာက မေးလျှောက်ရာ သူ့အား မည်သည့် ရဟန်းကမျှ ပြောဆိုဆုံးမခြင်း မပြုဘဲ သူပြောလိုရာ ပြောဆိုစေရန် ပစ်ပယ်ထားခြင်းပင် ဖြစ်ကြောင်း ဖြေကြားတော်မူသည်။

ထို့နောက် တဖန် ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ဘုရား တရား စသည်နှင့် ပတ်သက်၍ ယုံမှားသံသယ တစုံတရာ ရှိလျှင် မေးမြန်း ကြရန် ဖိတ်ခေါ်တော်မူသည်။ ယင်းသို့ သုံးကြိမ်တိုင် ဖိတ်ခေါ်သော်လည်း ရဟန်း ငါးရာတို့သည် ဆိတ်ဆိတ်သာနေကြကုန်၏။

ရှင်အာနန္ဒာက ရဟန်းငါးရာတို့တွင် တပါးသော ရဟန်းမှာမျှ ဘုရား တရား စသည်တို့နှင့် ပတ်သက်၍ ယုံမှားသံသယ တစုံတရာမရှိဟု မိမိယုံကြည် ကြောင်း လျှောက်ဘင်သည်။ ဗုဒ္ဓမြတ်စွာကလည်း ယင်းသို့ မရှိခြင်းကို သိမြင် ပြီးဖြစ်ကြောင်း ဖွင့်ဟ မိန့်ကြားတော်မူသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား နောက်ဆုံးစကားကို မှာကြားတော်မူသည်။

"ရဟန်းတို့.... သင်တို့အား ယခု ငါ မိန့်မှာခဲ့ပေအံ့။ ပြုပြင်အပ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ သင်တို့သည် မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့"

ဤသို့ ရဟန်းတို့အား နောက်ဆုံးစကားကို မှာကြားတော်မူပြီးသော အခါ ဗုဒ္ဓမြတ်စွာသည် ပထမဈာန်မှစ၍ နေဝသညာ နာသညာ ယတနဈာန် တိုင်အောင် အစဉ်အတိုင်း ဝင်စားတော် မူပြီးနောက် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူသည်။ တဖန် နိရောဓသမာပတ်မှ ထပြီး နေဝသညာနာသညာယတနဈာန်မှ စ၍ ပထမဈာန်အထိ အဆင့်ဆင့် အောက်သို့စုန်ကာ ဝင်စားတော်မူပြန်သည်။ ထို့နောက် တဖန် ပထမဈာန်မှ စတုတ္ထဈာန်အထိ ပြန်တက်ဝင်စားကာ စတုတ္ထဈာန်၏ အဆုံးတွင် ပရိနိဗ္ဗာန် ပြုတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ပြုသည်နှင့် တပြိုင်နက် ကြီးစွာသော မြေလျှင် လှုပ်ခြင်း၊ တော်လဲခြင်းများ ဖြစ်ပေါ်၏။ သဟမ္ပတိဗြဟ္မာ၊ သိကြားမင်းနှင့် ရှင်အနုရုဒ္ဓါ၊ ရှင်အာနန္ဒာမထေရ်တို့ကလည်း သံဝေဂ ဂါထာများကို အသီး အသီး မြွက်ဆိုကြသည်။ ရာဂမကင်းသေးသော ရဟန်းတို့နှင့်တကွ နတ်တို့သည် သည်းထန်စွာ ငိုကြွေးကြသည်။ နံနက် မိုးထင်းသောအခါ ရှင်အနုရုဒ္ဓါသည် ရှင်အာနန္ဒာအား ကုသိနာရုံ မြို့တွင်းသို့ဝင်၍ မလ္လာမင်းမျိုးတို့အား မြတ်စွာ

www.dhammaransi.com



ဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီ ဖြစ်ကြောင်း ပြောကြားရန် စေလွှတ်လိုက်သည်။ မလ္လာမင်းမျိုးတို့သည် ထိုသတင်းကို ကြားသိရသောအခါ သားသမီးဆွေမျိုးများနှင့်အတူ စုဝေးရောက်ရှိလာကြပြီး သည်းထန်စွာ ငိုကြွေးကြသည်။

## အလောင်းတော်ကို ပူဇော်ခြင်း

ထို့နောက် မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ဖြင့်၎င်း၊ ပန်းနံ့သာတို့ဖြင့်၎င်း ပူဇော်ကြသည်၊ အလောင်းတော်၏ အထက်၌ အဝတ်မျက်နှာကျက်နှင့် တန်ဆောင်းမဏ္ဍပ်များကိုလည်း ဆောက်လုပ်ကြသည်။ ခြောက်ရက်တိုင်အောင် ပူဇော်ပြီးနောက် ခုနစ်ရက်မြောက်သော နေ့တွင် မြို့တောင်ဖက်သို့ သယ်ဆောင်၍ မီးသဂြိုဟ်ရန်အတွက် အကြီးအကဲ ဖြစ်သော မလ္လာမင်းသား ရှစ်ယောက်တို့သည် ဦးခေါင်းလျှော်ပြီး သစ်လွင်သောအဝတ်များကို ဝတ်ဆင်ကာ အလောင်းတော်ကို မ,ချီရန် ကြိုးစားကြသည်။ သို့သော်လည်း အလောင်းတော်ကား အနည်းငယ်မျှမကြွချေ။ ထိုအကြောင်းကို ရှင်အနုရုဒ္ဓါအား မေးလျှောက်ရာ ရှင်အနုရုဒ္ဓါက နတ်တို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်နေသောကြောင့် အလောင်းတော် မကြွခြင်း ဖြစ်ကြောင်း။ နတ်တို့သည် အလောင်းတော်ကို မြို့တွင်းမှတဆင့် မြို့၏အရှေ့ဖက်ရှိ မကုဋဗန္ဓနမည်သော စေတီသို့ သယ်ဆောင်၍ မီးသဂြိုဟ် စေလိုကြကြောင်း မိန့်ကြားတော်မူသည်။

ထိုအခါ မလ္လာမင်းတို့သည် နတ်တို့၏ အလိုဆန္ဒနှင့်အညီ အလောင်းတော်ကို မြို့၏မြောက်ဖက်တံခါးဖြင့် မြို့တွင်းသို့သွင်း၍ မြို့လယ်လမ်းအတိုင်း သယ်ဆောင်သွားပြီး အရှေ့တံခါးမှ ထွက်ကာ မြို့အရှေ့ဖက်ရှိ မကုဋဗန္ဓနစေတီအနီး၌ချထားကြသည်။ ထို့နောက်မလ္လာမင်းတို့သည် အလောင်းတော်ကို ဝါဂွမ်းနုများကြားညှပ်၍ အသစ်စက်စက် အဝတ်ငါးရာတို့ဖြင့် ထပ်ကာထပ်ကာ ရစ်ပတ်ပြီး ဆီပြည့်သောရွှေတလား၌ထည့်သွင်းကြသည်။ ထိုရွှေတလားကို အပေါ်မှ အခြားရွှေတလားတခုဖြင့် ဖုံးအုပ်ပြီး နံ့သာထင်းပုံပေါ်သို့တင်ကြသည်။ ထို့နောက် အကြီးအကဲဖြစ်သော မလ္လာမင်းသား လေးယောက်တို့က နံ့သာထင်းပုံကို မီးတိုက်ကြရာ မီးစွဲလောင်စေရန် မစွမ်းနိုင်ဘဲရှိကြသည်။

မီးမစွဲခြင်း၏အကြောင်းကို ရှင်အနုရုဒ္ဓါအား မေးလျှောက်ကြသောအခါ ရှင်မဟာကဿပမထေရ်ကြီး မရောက်လာသေး၍ နတ်တို့က ထင်းပုံကို မီးမစွဲစေရန် အဓိဋ္ဌာန်ထားခြင်းကြောင့်ဖြစ်ကြောင်း ရှင်အနုရုဒ္ဓါက်ဖြေကြား

www.dhammaransi.com


သည်။ သို့ဖြစ်၍ မလ္လာမင်းတို့သည် ရှင်မဟာကဿပမထေရ်ကို စောင့်ဆိုင်းနေကြရသည်။

## ရှင်မဟာကဿပမထေရ် ကြွရောက်လာခြင်း

ထိုအချိန်တွင် ရှင်မဟာကဿပသည် ရဟန်းငါးရာတို့နှင့်အတူ ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ကြွလာလျက်ရှိ၏။ ရှင်မဟာကဿပသည် လမ်းခရီးအကြား သစ်ပင်ရိပ်ဘခုဌ် နားနေစဉ် မန္ဒာရဝနတ်ပန်းတို့ကိုယူဆောင်၍ ကုသိနာရုံပြိုဖက်မှလာသော တက္ကတွန်းတယောက်ကို တွေ့မြင်၍ 'ငါ့ရှင်... သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လော' ဟု မေးလေသည်။ ထိုတက္ကတွန်းက 'ငါ့ရှင် သိပါ၏။ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ခုနစ်ရက်ရှိပါပြီ၊ ထိုပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤမန္ဒာရဝနတ်ပန်းတို့ကို ယူခဲ့ခြင်းဖြစ်ပါသည်။' ဟု ပြန်ပြော၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုကြောင်း ကြားသိရသောအခါ ရဟန်းငါးရာတို့အနက် ကိလေသာရာဂမကင်းသောရဟန်းတို့သည် သည်းထန်စွာ ငိုကြွေးကြလေ၏။ ထိုပရိသတ်ထဲမှ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးကမူ ရဟန်းတို့အား 'ငါ့ရှင်တို့ မငိုကြလင့်၊ ငါတို့သည် ထိုရဟန်းကြီးလက်မှ ကောင်းစွာ လွတ်မြောက်ကြပေပြီ။ ထိုရဟန်းကြီးသည် ငါတို့အား 'ဒီဟာအပ်တယ်၊ ဟိုဟာမအပ်ဘူး' စသည်ဖြင့် အမျိုးမျိုး ချုပ်ချယ်ခဲ့၏၊ ယခုအခါ ငါတို့လုပ်ချင်ရာကို လုပ်ရပေတော့မည်' ဟု ပြောဆိုလေသည်။

ရှင်မဟာကဿပသည် ငိုကြွေးသောရဟန်းတို့အား တရားပြ ဆုံးမပြီး ခရီးဆက်လေရာ ညနေချမ်းအချိန်တွင် ကုသိနာရုံသို့ဆိုက်ရောက်လေ၏။ ဆိုက်ရောက်သည်နှင့် တပြိုင်နက်ပင် ရဟန်းငါးရာနှင့်အတူ နံ့သာထင်းပုံကိုလက်ျာရစ် သုံးပတ်လှည့်ပြီး မြတ်စွာဘုရား၏ အလောင်းတော်ကို ရှိခိုး ဦးခိုက်လေသည်။ ရှင်မဟာကဿပနှင့် ရဟန်းငါးရာတို့ ရှိခိုး ဦးခိုက်ပြီးသည်နှင့်တပြိုင်နက်မှာပင် နံ့သာထင်းပုံသည် အလိုအလျောက် မီးတောက်လောင်လေ၏။

## အလောင်းတော်ကို မီးသင်္ဂြိုဟ်လောင်ခြင်း

မီးတောက်လောင်သော မြတ်စွာဘုရား၏ အလောင်းတော်မှ အရေပါး၊ အရေထူ၊ အသား အကြော အစေးတို့၏ပြာသည်၎င်း၊ မှိုင်းသည်၎င်း မထင်၊ သရီရဓာတ်တော်တို့သည်သာလျှင် ကြွင်းကျန်ကုန်၏။ ဥပမာအားဖြင့် မီးတောက်လောင်သော ထောပတ်ဆီတို့၏ပြာသည်၎င်း၊ မှိုင်းသည်၎င်း မထင်

www.dhammaransi.com



သကဲ့သို့ဖြစ်၏။ အလောင်းတော်ကို ရစ်ပတ်ထားသည့် ဖဲဆိုးငါးရာ တို့အနက် အတွင်းအကျဆုံး ပုဆိုးနှင့် အပြင်အကျဆုံးပုဆိုးတို့သည် မီးမလောင်ဘဲ ကြွင်းကျန်နေကုန်၏။ အလောင်းတော်ကို မီးလောင်ပြီးသော် ကောင်းကင်မှရင်း၊ အင်ကြင်းပင်တို့မှရင်း၊ ရေအယဉ်များဖြစ်ပေါ်လာ၍ နံ့သာထင်းပုံကို မီးငြိမ်းစေကုန်၏။ မလ္လာမင်းတို့ကလည်း နံ့သာရေများဖြင့် နံ့သာထင်းပုံကို မီးငြိမ်းစေကြကုန်၏။ ထို့နောက် မလ္လာမင်းတို့တည်း မြတ်စွာဘုရား၏ သဒ္ဓိရဓာတ်တော်တို့ကို မင်းကွန်း၌ထားလျက် လှံချိုင်းဖြင့် ကာရံ၍ လေးသည်တော်တပ်ဖြင့် ခြံရံစေပြီးလျှင် ခုနစ်ရက်ပတ်လုံး ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ဖြင့်ရင်း၊ ပန်းနံ့သာတို့ဖြင့်ရင်း ပူဇော်ကြလေသည်။

## ခုနစ်ပြည်ထောင် မင်းတို့က ဓာတ်တော်တောင်းဆိုခြင်း

မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းသည် ကုသိနာရုံပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုကြောင်းကြားသိလျှင် "မြတ်စွာဘုရားသည် မင်းမျိုးဖြစ်၏၊ ငါသည်လည်း မင်းမျိုးဖြစ်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဝေစုရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်အံ့"ဟု ကုသိနာရုံပြည် မလ္လာမင်းတို့ထံ သံတမန် စေလွှတ်၏။

ဝေသာလီပြည်မှ လိစ္ဆဝီမင်း၊ ကပိလဝတ်ပြည်မှ သာကီဝင်မင်း၊ အလ္လကပ္ပပြည်မှဗုလိမင်း၊ ရာမရွာမှကောလိယမင်း၊ ဝေဌဒီပတိုင်းမှပုဏ္ဏားများ၊ ပါဝါမြို့မှ မလ္လာမင်းတို့ကလည်း ထိုနည်းတူပင် သံတမန် စေလွှတ်ကြ၏။ ထိုသံတမန်တို့အား မလ္လာမင်းတို့က ဓာတ်တော်များကို မပေးနိုင်ကြောင်း ပြန်ကြား ပြောဆိုကြသည်။

ထိုအခါ ဒေါဏအမည်ရှိသော ပုဏ္ဏားသည် ခုနစ်ပြည်ထောင်မှ သံတမန်တို့နှင့်တကွ မလ္လာမင်းတို့အား ဤသို့ ဖြန်ဖြေပြောဆိုလေ၏။

"အရှင်တို့... ကျွန်ုပ်တို့ မြတ်စွာဘုရားသည် သည်းခံရေးဝါဒရှိပါသည်။ ဓာတ်တော်တို့ကို အကြောင်းပြု၍ စစ်ဖြစ်ရန် မသင့်ပါ။ ဓာတ်တော်တို့ကို ရှစ်ပုံခွဲ၍ ယူကြပါလော။"


ထိုစကားကိုကြားလျှင် ရှစ်ပြည်ထောင် မင်းတို့သည် ဒေါဏပုဏ္ဏားအားပင် ဓာတ်တော်ဝေရန် တာဝန်ပေးကြသည်။ ဒေါဏပုဏ္ဏားသည် ဓာတ်

www.dhammaransi.com



တော်ဟိုကို ရှစ်ပုံအညီအမျှ ခွဲဝေပေးပြီး ဓာတ်တော်ခြင်သော ပြည်တောင်းကိုမူ မိမိအဖွက် တောင်းယူထားလေ၏။ ယင်းသို့ ဓာတ်တော် ခွဲဝေပြီးမှ ရောက်လာသည့် ပိပ္ပလိဝနတိုင်းမှ မောရိယမင်းတို့၏ သံတမန်များမှာမူ မီးသင်္ဂြိုဟ်သည့်နေရာမှ မီးသွေးများကိုသာ ရရှိသွားကြလေသည်။

ဒေါဏပုဏ္ဏားနှင့်တကွ ကိုးပြည်ထောင် မင်းတို့သည် မိမိတို့ရရှိသော ဓာတ်တော် ဝေစုများကို အသီးသီး စေတီပုထိုး တည်ထား ပူဇော်ကြသဖြင့် စေတီပုထိုးတော် ဆယ်ဆူ ဖြစ်ပေါ်လာလေသတည်း။



www.dhammaransi.com

# ၁၇။ မဟာသုဒဿနသုတ်

မဟာသုဒဿန စကြာမင်းအကြောင်း

## ကုသာဝတီ မင်းနေပြည်

ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း၌ ဗုဒ္ဓမြတ်စွာ သိတင်းသုံးနေစဉ် ရှင်အာနန္ဒာသည် ဗုဒ္ဓအား "ဤမြို့သိမ်မြို့ငယ်ကလေး၌ ပရိနိဗ္ဗာန် မပြုသင့်ပါ။ စမ္ပာ၊ ရာဇဂြိုဟ်စသည့် မြို့ကြီးတမြို့မြို့၌သာ ပရိနိဗ္ဗာန် ပြုသင့်ပါသည်"ဟု လျှောက်ထားသည်။ ဗုဒ္ဓက "အာနန္ဒာ.... ဤကုသိနာရုံမြို့ကို မြို့သိမ် မြို့ငယ်ဟု မဆိုလင့်" ဟုမိန့်ကြားတော်မူပြီး ဤမဟာသုဒဿနသုတ်ကို ဟောကြားတော်မူသည်။

ရှေးအခါက သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော မဟာသုဒဿန မည်သော စကြာဝတေးမင်းသည် ရှိခဲ့၏။ ဤကုသိနာရုံမြို့သည် မဟာသုဒဿနမင်း၏စံရာ ကုသာဝတီမည်သော နေပြည်တော်ဖြစ်ခဲ့၏။ အလျား တဆယ့် နှစ်ယူဇနာ၊ အနံ ခုနစ်ယူဇနာ ရှိခဲ့၏။ စည်ပင်ဝပြော၍ လူဦးရေ များပြားပြီး လူမျိုးစုံတို့ဖြင့် ရောပြွမ်း၏။ အာဠက မန္ဒာမည်သော နတ်မြို့တော်နှင့် အလားသဏ္ဍာန်တူ၏။

ကုသာဝတီ နေပြည်တော်သည် ဆင်သံ၊ မြင်းသံ၊ ရထားသံ စသော အသံဆယ်မျိုးဖြင့် နေ့ညမပြတ် ဖြစ်ခဲ့၏။ ရွှေတန်တိုင်း၊ ငွေတန်တိုင်း အစရှိသော တံတိုင်း ခုနစ်ထပ်ဖြင့် ခြံရံလျက်ရှိ၏။ ရွှေတံခါး၊ ငွေတံခါး၊ ကြောင်မျက်ရွဲတံခါး၊ ဖန်တံခါးအားဖြင့် တံခါးလေးခုရှိ၏။ တခု တခုသောတံခါး၌ လုံးပတ် တဆယ့်ငါးတောင်၊ မြေဝင် တဆယ့်ငါးတောင်၊ မြေပေါ် အမြင့် အတောင် ခြောက်ဆယ် ရှိသော တံခါးတိုင် ခုနစ်တိုင်စီ စိုက်ထူထား၏။ ထိုတိုင် ခုနစ်လုံး တို့သည်လည်း ရွှေငွေ စသော ရတနာ ခုနစ်ပါးဖြင့် ပြီးကုန်၏။

www.dhammaransi.com



ကုသာဝတီ နေပြည်တော်သည် အသီးသီး ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲ၊ ဖလ်၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်နှင့် ရတနာမျိုးစုံတို့ဖြင့် ပြီးသော ထန်းပင် တန်း ခုနစ်တန်း ကာရံလျက်ရှိ၏။ ရွှေထန်းပင်၏ ပင်စည်သည် ရွှေဖြင့်ပြီး၍ အရွက်အသီးသီးတို့သည် ငွေဖြင့်ပြီးကုန်၏။ ငွေထန်းပင်၏ ပင်စည်သည် ငွေ ဖြင့်ပြီး၍ အရွက် အသီးတို့သည် ရွှေဖြင့်ပြီးကုန်၏။ ကျန်သော ထန်းပင်တို့ မှာလည်း ထိုနည်းနှင်နှင် ဖြစ်ကုန်၏။ လေတိုက်ခတ်၍ ထိုထန်းပင်တို့မှ ထွက် ပေါ်လာသော အသံသည် တူရိယာငါးပါး၏ အသံကဲ့သို့ သာယာ၏။

**စကြာမင်း၏ ရတနာခုနစ်ပါး**

မဟာသုဒဿနမင်းသည် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုယားရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာ ဟူသော ရတနာ ခုနစ်ပါးနှင့် ပြည့်စုံ၏။ မဟာသုဒဿနမင်းသည် လပြည့် ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာ ပြုပြီး ဥပုသ်ဆောက်တည်လျက် မြတ်သော ပြာသာဒ် ထက်၌နေစဉ် အကန့်တထောင်ရှိပြီး နတ်တန်ခိုးနှင့်ပြည့်စုံသော စကြာရတနာ သည် ဖြစ်ပေါ်လာ၏။ ထိုစကြာ ရတနာသည် မဟာသုဒဿနမင်းက ရွှေ ကရားဖြင့် ရေသွန်းဖြန်း၍ လည်စေရန် အမိန့်ပြုလိုက်သောအခါ အရှေ့ အရပ်သို့ လည်သွားလေ၏။ စစ်အင်္ဂါလေးပါးနှင့်တကွ မင်းသည် စကြာရတနာ နှင့်အတူ ပါသွားလေ၏။ အရှေ့အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြာ ရတနာ ရပ်တန့်၍ မဟာသုဒဿနမင်း စခန်းချ နေရာအရပ်သို့ ဆိုက်ရောက် လာကြပြီး မိမိတို့နိုင်ငံကို အပ်နှင်းကြသည်။ မဟာသုဒဿနမင်းသည် ထို ထီး ပြိုင်မင်းတို့အား သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှု များမှ ရှောင်ရှားကြရန် ညွှန်ကြားဆုံးမပြီး စကြာရတနာကို တောင်အရပ် သို့ လည်စေပြန်၏။ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်တို့၌လည်း အလားတူ ညွှန်ကြားဆုံးမခဲ့ပြီး စကြာရတနာဖြင့် ကုသာဝတီနေပြည်တော်ကို ပြန်လည်ခဲ့လေသည်။

မဟာသုဒဿနမင်းအား တကိုယ်လုံး ဖြူ၍ ကောင်းကင်၌ ပျံနိုင်သော ဥပေါသထဆင်မျိုးဖြစ်သော ဆင်ရတနာသည် ဖြစ်ပေါ်လာ၏။ မဟာ သုဒ ဿနမင်းသည် ထိုဆင်ရတနာဖြင့် သမုဒ္ဒရာ လေးစင်း အပိုင်းအခြား ရှိသော မြေပြင်အားလုံးကို လှည့်လည်၍ ကုသဝတီနေပြည်တော်သို့ နံနက်ပွဲတော်စာမှီ ပြန်လာနိုင်၏။

www.dhammaransi.com



မဟာသုဒဿနမင်းအား ဝလာဟကဲ မြင်းမျိုး ဖြစ်သော မြင်းရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုမြင်းရတနာသည် ကိုယ်လုံးဖြူ၍ ဦးခေါင်းညို၏၊ ဖြူဆံမြက်ကဲ့သို့သော ထိပ်ဆံရှိ၏၊ ကောင်းကင်သို့ ပျံတက်နိုင်၏၊ မဟာသုဒဿနမင်းသည် ထိုမြင်းရတနာကိုစီးလျက် သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော မြေပြင် အားလုံးကို လှည့်လည် ပြီးလျှင် ကုသဝတီ နေပြည်တော်သို့ နံနက်ပွဲတော်စာအမီ ပြန်လာနိုင်၏။

မဟာသုဒဿနမင်းအား အလွန်တောက်ပ၍ ရှစ်မြှောင့်ရှိသော ကြောင်မျက်ရွဲရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုကြောင်မျက်ရွဲသည် အရည်အသွေးကောင်းမွန်၍ အလွန် ကြည်လင်၏၊ ထက်ဝန်းကျင် တယူဇနာ တိုင်အောင် အရောင်တောက်ပ၏၊ တခါက မဟာသုဒဿနမင်းသည် စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် ကြောင်မျက်ရွဲရတနာကို တံခွန်ဖျား၌ တင်ပြီးလျှင် ညသန်ကောင်ယံ မှောင်မိုက်နေစဉ်ဝယ်ခရီးထွက်ခဲ့ရာ ပတ်ဝန်းကျင်အရပ်မှ ရွာသားတို့သည် ထိုကြောင်မျက်ရွဲရတနာ၏ အရောင်ဖြင့် မိုးလင်းပြီဟု မှတ်ထင်လျက် အမှုကိစ္စတို့ကို ပြုလုပ်ကြလေသည်။

မဟာသုဒဿနမင်းအား အလွန်အဆင်းလှ၍ရှုချင်ဘွယ်ရှိသော မိဖုယားရတနာသည် ဖြစ်ပေါ်လာ၏။ ထို မိဖုယားရတနာသည် နိမ့်လွန်းခြင်း၊ မြင့်လွန်းခြင်းစသော အပြစ်ငါးပါးမှ ကင်းစင်၍ နတ်သမီးတမျှလှပတင့်တယ်၏၊ ထိုမိဖုယားရတနာ၏ ကိုယ်အတွေ့သည် လဲမှို့အစုကဲ့သို့၎င်း၊ ဝါဂွမ်းအစုကဲ့သို့၎င်း ညက်ညော၏။ ကိုယ်ငွေ့သည် အေးသောအခါ၌ ပူ၍ ပူသောအခါ၌ အေး၏။ သူမ၏ကိုယ်မှစန္ဒကူးနံ့သင်း၍ ခံတွင်းမှကြာညိုနံ့ထွက်၏၊ မိဖုယားရတနာသည် ရှေးဦးစွာ အိပ်ယာမှထ၍ နောက်မှ အိပ်လေ့ရှိခြင်း၊ ချစ်ဖွယ်သောစကားကို ဆိုခြင်း စသော ကျင့်ဝတ်သိက္ခာနှင့်လည်း ပြည့်စုံ၏။

မဟာသုဒဿနမင်းအား ကံကြောင့် ဖြစ်သော နတ်မျက်စိနှင့် ပြည့်စုံသည့် သူဌေးရတနာသည်လည်း ဖြစ်ပေါ်လာ၏။ ထိုသူဌေးရတနာသည် အရှင်ရှိ၊ အရှင်မဲ့ ဖြစ်သော မြှုပ်နှံထားသည့်ရတနာအိုးများကို မြင်နိုင်၏။ တခါက မဟာသုဒဿနမင်းသည် လှေဖြင့် မြစ်အလယ်၌ ခရီး သွားနေစဉ် ထိုသူဌေး၊ အား ရွှေငွေများကို အလိုရှိကြောင်း မိန့်ကြားရာ သူဌေးရတနာသည် လက်နှစ်ဖက်တို့ဖြင့် ရေကိုယက်၍ ရွှေငွေဖြင့်ပြည့်သောအိုးကို ထုတ်ဖော်ပေးခဲ့လေသည်။

www.dhammaransi.com



မဟာသုဒဿနမင်းအား ထက်မြက်လိမ်မာ၍ ပညာရှိသော သားကြီးရတနာသည်လည်း ဖြစ်ပေါ်လာ၏၊ ထိုသားကြီး ရတနာသည် မဟာသုဒဿနမင်းအား ကြောင့်ကြမဲ့နေစေပြီး ပင်း၏ကိုယ်စား စီမံခန့်ခွဲမှုများကို တာဝန်ယူ၍ စီမံဆောင်ရွက်လေသည်။

**စကြာပင်း၏ တန်ခိုးလေးပါး**

ထို့ပြင် မဟာသုဒဿနမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အဆင်းလှခြင်း၊ လွန်ကဲ၍ အသက်ရှည်ခြင်း၊ လွန်ကဲ၍ အနာရောဂါကင်းခြင်း၊ ပုဏ္ဏား သူကြွယ်တို့၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း ဟူသော တန်ခိုး လေးပါးနှင့်လည်း ပြည့်စုံ၏။

**ဝမ္မပြသာဒ်နှင့် ဝမ္မရေကန်**

မဟာ သုဒဿနမင်းသည် ထန်းပင်တန်းတို့၏ ကြား၌ ကုလလေးတာ တရာစီကျယ်ပြန့်သောရေကန်တို့ကို စီမံဖန်တီးထား၏။ ရေကန်တို့ကို ရွှေ ငွေ ကြောင်မျက်ရှဲ ဖလ်ဟူ၍ အရောင်လေးမျိုးရှိသော အုတ်တို့ဖြင့် စီထား၏၊ ထို့ အတူပင် အရောင်လေးမျိုးရှိသော စောင်းတန်းလေးခုကိုလည်း ဆောက်လုပ်ထား၏။ ရွှေငွေတို့ဖြင့်ပြီးသည့် အရံအတား နှစ်ခုစီဖြင့်လည်း ကာရံထား၏။ မဟာသုဒဿနမင်းကြီးသည် ထိုရေကန်တို့၌ ဥတုသုံးပါးလုံး ပွင့်၍ လူအများသုံးနိုင်ခွင့်ရှိသော ကြာမျိုး ငါးပါးကို စိုက်ပျိုးစေသည်။ ရောက်လာသမျှ လူအပေါင်းအား ရေချိုးပေးရန်အတွက် ရေချိုးပေးသူများကို ခန့်ထားသည်။ ရောက်လာသူတို့အား ထမင်း၊ အဖျော်၊ အဝတ်အထည် စသည့် ပစ္စည်းများကိုလည်း အလိုရှိသမျှ လှူဒါန်းစေသည်။

တခါရောအခါ ပုဏ္ဏား သူကြွယ်တို့သည် များစွာသောပစ္စည်းဥစ္စာတို့ကို ယူဆောင်လာပြီး မဟာသုဒဿနမင်းအား ဆက်သကြသည်။ မဟာသုဒဿနမင်းက အလိုမရှိကြောင်း ငြင်းပယ်သဖြင့် ပုဏ္ဏား သူကြွယ်တို့သည် ထိုပစ္စည်းဥစ္စာတို့ဖြင့် မဟာသုဒဿနမင်းအတွက် နန်းတော်တည်ဆောက်ပေးရန် အကြံဖြစ်ကြသည်။ ထိုအခါ ဝိသုကြုံနတ်သားသည် သိကြားမင်း၏ညွှန်ကြားချက်အရ မဟာသုဒဿနမင်းအား အလျား တယူဇနာ၊ အနံ ယူဇနာဝက်ရှိသည့် ဓမ္မ မည်သော နန်းပြာသာဒ်ကို လာရောက် တည်ဆောက်ပေးလေ၏။ ထိုနန်း [illegible] ဒ်၏ အောက်ခံခုံသည် အမြင့် တဆယ့်ငါးတောင်ရှိ၏။ ယင်းခုံကို ရွှေ၊ ငွေ ကြောင်မျက်ရှဲ၊ ဖလ်ဟူ၍ အရောင်လေးမျိုးရှိသောအုတ်တို့ဖြင့် စီထား၏။

www.dhammaransi.com



ဓမ္မမည်သော နန်းပြာသာဒ်၌ အရောင် လေးမျိုးရှိသော တိုင်ပေါင်း ရှစ်သောင်းလေးထောင်၊ စောင်းတန်းပေါင်းနှစ်ဆယ့်လေးသွယ်နှင့် ပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင်ရှိ၏။ ထိုနန်းပြာသာဒ်သည် ရွှေ ငွေ တို့ဖြင့်ပြီးသော အရံအတားနှစ်ခုနှင့် ကွန်ရက်နှစ်ခုတို့ဖြင့် ကာရံလျက် ရှိ၏။ ထိုနန်းပြာသာဒ်၏ရှေ့၌ အလျားတယူဇနာ၊ အနံ ယူဇနာဝက်ရှိသည့် ဓမ္မ မည်သော ရေကန်ကိုလည်း ဖန်ဆင်းထား၏။ ထိုရေကန်ကို အရောင် လေးမျိုးရှိရှိသော အုတ်တို့ဖြင့် စီထား၏။ အရံအတားနှစ်ခု၊ ကွန်ရက်နှစ်ခုနှင့် ရတနာထန်းပင်တန်း ခုနစ်သွယ်တို့ဖြင့် ကာရံလျက်ရှိ၏။ စောင်းတန်း နှစ်ဆယ့်လေးသွယ် ရှိ၏။ မဟာသုဒဿနမင်းသည် ဓမ္မမည်သော နန်းပြာသာဒ်နှင့် ဓမ္မမည်သော ရေကန် ပြီးစီးသောအခါ ရဟန်းပုဏ္ဏားတို့အား အလိုရှိရာ ပစ္စည်းဝတ္ထု မျိုးစုံကို အလိုရှိသလောက် ပေးလှူပြီး ထိုနန်းပြာသာဒ်သို့ တက်လေ၏။

## စျာန်ရရှိခြင်း

အခါတပါး၌ မဟာသုဒဿနမင်းသည် "ငါ့အား ဤသို့တန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်းသည် အဘယ်ကံ၏ အကျိုးပေနည်း" ဟု စဉ်းစားဆင်ခြင်သော် ပေးကမ်းခြင်း၊ မိမိကိုယ်ကိုဆုံးမခြင်း၊ ကိုယ်နှုတ်စောင့်စည်းခြင်းတို့၏ အကျိုးဖြစ်ကြောင်း သိမြင်လေ၏။ ထိုအခါ မဟာသုဒဿန မင်းသည် မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်သို့ဝင်၍ ရွှေပလ္လင်ထက်၌ ထိုင်လျက် ကာမဂုဏ် ကိလေသာတို့ကို ဆိတ်သုဉ်းစေပြီး ဝိတက်ဝိစာရ အစရှိသော စျာန်အင်္ဂါ ငါးပါးနှင့်ပြည့်စုံသည့် ပထမစျာန်ကို ဝင်စားနေလေ၏။ ထို့နည်းတူပင် ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် တို့ကိုလည်း အဆင့်ဆင့် ဝင်စားပြန်၏။

ထို့နောက် မဟာသုဒဿနမင်းသည် မဟာဝိယူဟမည်သောပြာသာဒ်ဆောင်မှထွက်ပြီး ရွှေဖြင့်ပြီးသော ပြာသာဒ်ဆောင်သို့ဝင်၍ ငွေပလ္လင်ထက်၌ ထိုင်နေလျက် ချမ်းသာစေလိုခြင်း မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် အရပ်လေးမျက်နှာနှင့် အထက်အောက် အရပ်တို့ကို ပြန့်နှံ့စေ၍နေ၏။ အရပ် မျက်နှာအားလုံး၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပိုင်းခြား ကန့်သတ်မှုမထားသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၏။

ထို့အတူပင် သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူရှုခြင်း ဥပေက္ခာနှင့်ယှဉ်သောစိတ်တို့ဖြင့်လည်းပြန့်နှံ့စေ၍နေ၏။

www.dhammaransi.com



## မြို့ပေါင်းရှစ်သောင်းလေးထောင်

မဟာသုဒဿနမင်းအား ကုသာဝတီနေပြည်တော်လျှင် အချုပ်အခြာရှိသော မြို့ပေါင်း ရှစ်သောင်းလေးထောင်ရှိ၏။ ထို့အတူပင်ပြာသာဒ်ပေါင်း၊ ပြာသာဒ်ဆောင်ပေါင်း၊ ပလ္လင်ပေါင်း၊ ဆင်မြင်း ရထားပေါင်း၊ ပတ္တမြားပေါင်း၊ မိဖုရားပေါင်း၊ သူဌေးပေါင်း၊ ဩဇာခံ မင်းပေါင်း၊ နို့ညှစ်နွားမပေါင်း ရှစ်သောင်းလေးထောင်စီရှိ၏။ အဝတ်ပုဆိုးပေါင်းကုဋေရှစ်သောင်းလေးထောင်၊ ညတိုင်း နံနက်တိုင်း တင်ဆက်သော ပွဲတော်စာ ထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင်ရှိ၏။

ရှေးဦးပတမဦ ရှစ်သောင်းလေးထောင်သောဆင်တို့သည် မဟာသုဒဿနမင်းအား ညတိုင်း နံနက်တိုင်း လာရောက်ခစားကုန်၏၊ နောက်ကာလဝယ် မဟာသုဒဿနမင်းသည် နှစ်တရာ၊နှစ်တရာလွန်မှ တကြိမ်တကြိမ်သာလျှင် လေးသောင်းနှစ်ထောင်၊ လေးသောင်းနှစ်ထောင်သော ဆင်တို့ကိုလာရောက်ခစားစေရန် သားကြီးရတနာအားညွှန်ကြား၏၊ ထိုအခါမှစ၍သားကြီးရတနာသည် ဆင်တို့ကို ခမည်းတော်၏အမိန့်အတိုင်း ခစားစေလေသည်။

## သုဘဒ္ဒါမိဖုရားကြီးခစားခြင်း

နှစ်ကာလ ထောင်ပေါင်းများစွာ လွန်သောအခါ သုဘဒ္ဒါမိဖုရားကြီးသည် မဟာသုဒဿနမင်းအား မတွေ့မြင်ရသည်မှာ ကြာပြီဖြစ်၍ သွားရောက်ဖူးမြင်ရန်အကြံဖြစ်၏။ ထို့ကြောင့် သားကြီးရတနာအား စစ်အင်္ဂါလေးပါးနှင့်ပြည့်စုံသောစစ်တပ်ကို ခင်းကျင်းပြင်ဆင်စေပြီး မောင်းမအပေါင်းနှင့်အတူ ဓမ္မမည်သောနန်းပြာသာဒ်သို့တက်၍ မဟာဗိယူဟမည်သော ပြာသာဒ်ဆောင်သို့ ဝင်ပြီးလျှင် တံခါးဘောင်ကိုမှီလျက် ရပ်နေလေ၏။ ထိုအခါ မဟာသုဒဿနမင်းသည် လူသံများကို ကြားသဖြင့် ပြာသာဒ်ဆောင်မှထွက်လာပြီး မိဖုရားကို မြင်လျှင် အတွင်းသို့မဝင်ရန်တားလေ၏။ ထို့နောက်မင်းကြီးသည် မင်းချင်းယောကျ်ား တယောက်အား ပြာသာဒ်ဆောင်တွင်းမှ ရွှေသလွန် တခုကို ယူဆောင်၍ ရွှေအတီပြီးသော ထန်းတောဩခင်းရန် ညွှန်ကြားပြီး ထိုသလွန်ထက်ဝယ် လျှောင်းစက်ခြင်းပြုလေသည်။

ထိုအခါ သုဘဒ္ဒါ မိဖုရားကြီးသည် "မင်းကြီး၏ ဣန္ဒြေတို့သည် အထူးကြည်လင်ကုန်၏၊ အရေအဆင်းသည် သန့်ရှင်းစင်ကြယ်၏၊ ဝင်းပြောင်တောက်ပ၏၊ မင်းကြီးသည်နတ်ရွာမစံပါစေလင့်" ဟု ကြံစည် တောင့်တပြီး

www.dhammaransi.com



လျှင် မင်းကြီးအား ဤသို့လျှောက်တင်လေ၏၊ "အရှင်မင်းမြတ် ကုသာဝတီ နေပြည်တော်လျှင် အချုပ်အခြာရှိသော ဤမြို့ပေါင်း ရှစ်သောင်းလေးထောင် တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ်သည် ဤမြို့တို့၌ တွယ်တာခြင်းထားတော်မူပါ၊ ငဲ့ကွက်ခြင်းပြုတော်မူပါ။"

ထိုနည်းတူပင် မိဖုယားကြီးသည် ပြာသာဒ်ပေါင်း ရှစ်သောင်းလေး ထောင်၊ ပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင် စသည်တို့၌လည်း တွယ်တာမှုပြုရန် မင်းကြီးအား ဆက်လက် လျှောက်တင်လေ၏။ ထိုအခါ မင်းကြီးသည် သုဘဒ္ဒါမိဖုယားအား "မိဖုယား ... သင်သည် ငါ့အား ကာလ ကြာမြင့်စွာ ချစ်ခင်နှစ်သက်ဖွယ် စကားတို့ဖြင့်သာ ပြောဆိုခဲ့ပါလျက် ယခု နောက်ဆုံးအချိန်ကျမှ အဘယ့်ကြောင့် မချစ်ခင် မနှစ်သက်ဖွယ် စကားတို့ဖြင့် ပြောဆိုဘိသနည်း" ဟု မိန့်ဆိုသည်။

"အရှင်မင်းမြတ်....ချစ်ခင်နှစ်သက်ဖွယ်ဖြစ်အောင် အဘယ်သို့ လျှောက် တင်ရပါမည်နည်း"

"မိဖုယား.... သင်သည် ငါ့အား စည်းစိမ်ဥစ္စာတို့၌ တွယ်တာခြင်းကို စွန့်ပယ်ရန်၊ အသက်၌ ငဲ့ကွက်တွယ်တာခြင်း မပြုရန် လျှောက်တင်လော"

မင်းကြီး၏ စကားကို ကြားလျှင် သုဘဒ္ဒါ မိဖုယားသည် ဂျက်ရည် တွေတွေကျဆင်းလျက် မင်းကြီးအား ဤသို့ လျှောက်တင်လေ၏။

"အရှင်မင်းမြတ်.... ချစ်ခင် မြတ်နိုးသူတို့နှင့် ရှင်ကွဲ သေကွဲ ကွဲကွာရ ခြင်းသည် ဖြစ်မြဲဓမ္မတာပါတည်း၊ အရှင်မင်းမြတ်သည် ငဲ့ကွက်ခြင်းရှိလျက် စုတေတော်မမူပါလင့်၊ ငဲ့ကွက်ခြင်းရှိလျက် စုတေခြင်းသည် ဆင်းရဲပါ၏၊ ကဲ့ရဲ့စရာလည်း ဖြစ်ပါ၏၊ အရှင်မင်းမြတ်သည် ကုသာဝတီ နေပြည်တော် လျှင် အချုပ်အခြာရှိသော မြို့ပေါင်း ရှစ်သောင်းလေးထောင်တို့၌ တွယ်တာ ခြင်းကို စွန့်ပယ်တော်မူပါလော၊ ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊ ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင် စသည်တို့၌လည်း တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော။"

### မဟာသုဒဿနမင်း နတ်ရွာစံခြင်း

သုဘဒ္ဒါမိဖုယား လျှောက်တင်သော စကားများကို ကြားနာပြီး နောက် မကြာမီပင် မဟာသုဒဿနမင်းသည် စုတေ၍ ဗြဟ္မာပြည်သို့ရောက်

www.dhammaransi.com



လေ၏၊ မဟာသုဒဿနမင်းအား သေဘိုရန်ဖြစ်ပေါ်လာသော ဝေဒနာသည် ဥပမာအားဖြင့် သူကြွယ်အားဖြစ်စေ၊ သူကြွယ်သားအားဖြစ်စေ ထမင်းဆိ ရစ်သဒ္ဒလောက်မျှသာ ဖြစ်ပေ၏။

မဟာသုဒဿနမင်းသည် နှစ်ပေါင်း ရှစ်သောင်း လေးထောင်ပတ်လုံး သူငယ်တို့၏ ကစားခြင်းဖြင့် ကစားခဲ့၏၊ အိမ်ရှေ့မင်းအဖြစ် စကြာဝတေး မင်းတို့၏ အဖြစ်ဖြင့်လည်း နှစ်ပေါင်း ရှစ်သောင်းလေးထောင်စီ ခံစားခဲ့၏။ လူဝတ်နှင့်ပင် ဓမ္မနန်း ပြာသာဒ်၌ မြတ်သောအကျင့် ကျင့်သုံးခြင်းကိုလည်း နှစ်ပေါင်း ရှစ်သောင်းလေးထောင်ပတ်လုံး ပြုလုပ်ခဲ့၏။

သင်္ခါရတရားသဘော

"အာနန္ဒာ.... ထိုစဉ်အခါက မဟာသုဒဿနမင်းသည် အခြားသူမဟုတ်၊ ငါဘုရားပင် ဖြစ်၏၊ မြို့ပေါင်း ရှစ်သောင်း လေးထောင်၊ ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင် စသည် တို့သည်လည်း ငါ၏ ပစ္စည်းများ ဖြစ်၏။ အာနန္ဒာ.... မြို့ပေါင်း ရှစ်သောင်းလေးထောင် တို့တွင် ငါနေသော မြို့သည် ကုသဝတီ နေပြည်တော် တမြို့တည်း သာလျှင် ဖြစ်၏၊ ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်စသည်တို့၌လည်း ငါနေသော ပြာသာဒ်သည် တဆောင် တည်းသာ ဖြစ်၏၊ ပိဖုယားပေါင်း ရှစ်သောင်းလေးထောင်တို့တွင်လည်း ငါ့ အား အပြုလုပ်ကျွေးသော ပိဖုယားသည် တပါးတည်းသာ ဖြစ်၏၊ ထမင်း အိုးပေါင်းရှစ်သောင်းလေးထောင်တို့တွင်လည်း ငါစားသော ပွဲတော်စာသည် ထမင်းအိုး တလုံးချက်မျှသာ ဖြစ်ပေ၏"

"အာနန္ဒာ.... ရှုလော၊ ထိုအလုံးစုံသော သင်္ခါရ တရားတို့သည် ကွယ် လွန်ချုပ်ပျောက်သွားကြလေပြီ၊ သင်္ခါရတရားမှန်သမျှတို့သည် ဤနည်းနှင်နှင် မမြဲကြသည်သာ ဖြစ်၏၊ မကည်တံ့ကြသည်သာဖြစ်၏၊ အားမကိုးလောက် ကြသည်သာဖြစ်၏"

"အာနန္ဒာ... အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း၊ စွဲမက်မှု ကင်းခြင်းငှာ သင့်လှပေ၏၊ အာနန္ဒာ... ငါသည် ကုသာဝတီ နေပြည်တော် အရပ်၌ လေးကျွန်းလုံးကိုအစိုးရသော စကြာဝတေးမင်း အဖြစ်ဖြင့် ခြောက် ကြိမ်တိုင်တိုင် ကိုယ်ကောင်ကို စွန့်ပစ်ခဲ့ရဘူး၏၊ ယခုတကြိမ် ကိုယ်ကောင်ကို


www.dhammaransi.com



စွန့်ပစ်ရခြင်းသည် ခုနစ်ကြိမ်မြောက် ဖြစ်၏၊ ရှစ်ကြိမ်မြောက် ကိုယ်ကောင်ကို စွန့်ပစ်ရန် အရပ်ကိုမူ ဤလောက၌ ငါဘုရား မမြင်တော့ချေ။"

မုဒ္ဒမြတ်စွာသည် အထက်ပါ တရားတော်ကို ဟောကြားတော်မူပြီး နောက်ဝယ် ဤဂါထာကို ထပ်မံ မိန့်မြွက်တော် မူပြန်လေ၏။

"ပြုပြင်အပ်သော သင်္ခါရတရားတို့သည် ဖြစ်ခြင်းပျက်ခြင်း သဘော ရှိ၍ စင်စစ် မမြဲကုန်၊ ဖြစ်ပေါ်ပြီး၍ ချုပ်ပျောက်တတ်ကုန်၏၊ ထိုသင်္ခါရတရား တို့၏ ချုပ်ငြိမ်းရာသည်သာလျှင် စင်စစ် ချမ်းသာပေ၏။"



www.dhammaransi.com

# ၁၈။ ဇနဝသဘသုတ်

ဇနဝသဘနတ်သားအကြောင်းကို ဟောကြားခြင်း

## နာတိကရွာသားတို့၏ သွားရာဂတိ

ဗုဒ္ဓမြတ်စွာသည် နာတိကရွာ အုတ်တိုက်ကျောင်း၌ သီတင်းသုံးနေစဉ် ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လတိုင်း၊ စေတိယတိုင်း၊ ဝံသတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ မစ္ဆတိုင်း၊ သုရသေနတိုင်း အစရှိသည့် ပတ်ဝန်းကျင်ဇနပုဒ်တို့မှ ကွယ်လွန်သွားကြသည့် အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို သက်ဆိုင်သူတို့၏ မေးလျှောက်ချက်အရ ဖြေဆို ဟောကြားတော်မူ၏၊ ယင်းသို့ဟောကြားရာတွင် နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးကျိပ်ကျော်တို့သည် ဗြဟ္မာ့ဘုံသို့ရောက်၍ ထိုဘုံ၌ပင် ပရိနိဗ္ဗာန် ပြုမည့်သူများဖြစ်ကြောင်း၊ နာတိကရွာသား ကိုးကျိပ်ကျော်တို့သည် လူ့ပြည်သို့ တကြိမ်သာ ပြန်လာပြီး ဘဝဆင်းရဲကုန်ဆုံးမည့်သူများဖြစ်ကြောင်း၊ နာတိကရွာသား ငါးရာကျော်တို့သည် အပါယ်သို့ ကျရန် မရှိတော့ဘဲ သုဂတိဘုံတို့၌သာ ကျင်လည်ရန် ကျိန်းသေပြီးသူများဖြစ်ကြောင်း ကြားသိကြရသဖြင့် နာတိက ရွာသားတို့သည် နှစ်ခြိုက်ရွှင်ပြလျက် ရှိကြ၏။

## ရှင်အာနန္ဒာ၏ လျှောက်ထားချက်

ထိုအကြောင်းကို ရှင်အာနန္ဒာကြားသိလျှင် "ဗုဒ္ဓမြတ်စွာသည် မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရနှင့် တကွ အင်္ဂတိုင်း၊ မဂဓတိုင်းတို့မှ ကွယ်လွန်သွားကြသော အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာ ဘဝကိုလည်း ဟောကြားပါမူ ကောင်းလေစွ" ဟူ၍ အကြံဖြစ်လေ၏။ ထို့နောက် အရှင်အာနန္ဒာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိ အကြံ ဖြစ်ပုံများကို ဖွင့်ဟ လျှောက်တင်လေ၏။ ဗုဒ္ဓမြတ်စွာသည် မဂဓတိုင်း၌ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူခဲ့ခြင်း ဖြစ်၍

www.dhammaransi.com



မဂဓတိုင်းမှ ကွယ်လွန်သွားကြသော ဥပါသကာတို့၏ ဖြစ်ရာဘ၀ကို မဟော ကြားဘဲနေလျှင် မဂဓတိုင်းသားဥပါသကာတို့ စိတ်အားငယ်ဖွယ်ရာရှိကြောင်း ကိုလည်း ထည့်သွင်း လျှောက်ထား၏။

ယင်းသို့ လျှောက်ထားပြီး၍ ရှင်အာနန္ဒာထွက်ခွာ သွားသော အခါ ဗုဒ္ဓမြတ်စွာသည် သပိတ် သင်္ကန်းပြင်၍ နာတိကရွာသို့ ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းကိစ္စပြီး၍ အုတ်တိုက်ကျောင်းသို့ပြန်ရောက်သော် မဂဓတိုင်းသား ဥပါ သကာတို့၏ ရောက်ရာဘ၀ကိုသိမြင်ရန် ဆင်ခြင်စဉ်းစားလျက် တပါးတည်း သီတင်းသုံးနေတော်မူ၏၊ ထို့နောက်ဗုဒ္ဓမြတ်စွာသည် ညနေချမ်း အချိန်ဝယ် တပါးတည်းသီတင်းသုံးနေရာမှ ထွက်လာပြီး ကျောင်းရိပ်တွင် ခင်းထားအပ် သော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာထံသို့ ချဉ်းကပ်လာပြီး "အရှင် ဘုရား မြတ်စွာဘုရားသည် အထူးပင် ငြိမ်သက်သော အသွင်အပြင်ရှိနေပါ၏၊ မျက်နှာတော်သည်လည်း အလွန်ပင် တင့်တယ်လှပါ၏၊ ယနေ့ မြတ်စွာဘုရား သည် ငြိမ်သက်သောသမာပတ်ဖြင့် နေတော်မူ၏ဟု ထင်ပါသည်" ဟူ၍ လျှောက်တင်လေ၏။ ဗုဒ္ဓမြတ်စွာသည် ကျောင်းအတွင်း၌ တပါး တည်း သီတင်းသုံး၍ မဂဓတိုင်းသား ဥပါသကာတို့၏ လားရာဂတိကိုသိမြင်ရန် ဆင် ခြင်စဉ်းစားခဲ့ပုံကို ဖွင့်ဟမိန့်ကြားတော်မူပြီး "အာနန္ဒာ တဦးသောနတ်သည် ငါဘုရားအပါးသို့လာ၍ ကိုယ်ထင်ရှားမပြဘဲ ဇနဝသဘဟူသော မိမိအမည်ကို ကြွေးကြော်၏၊ ထိုဇနဝသဘဟူသော အမည်ကို သင်ကြားဘူး ပါ၏လော" ဟူ၍ မေးမြန်းတော်မူသည်။ ရှင်အာနန္ဒာက မကြားဘူးကြောင်း ပြန်ကြား ဖြေဆိုသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက ဇနဝသဘနတ်သား ကိုယ်ထင်ရှားပေါ်လာပြီး မိမိသည် မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်း ဖြစ်ကြောင်း ထုတ်ဖော် မြွက်ဟပုံနှင့် ထိုနတ်သား လျှောက်ကြားခဲ့သည့်စကားများကို ရှင်အာနန္ဒာအား တဆင့်ပြန်၍ ဟောပြတော်မူလေသည်။

## ဇနဝသဘနတ်သား၏လျှောက်ထားချက်

"အရှင်ဘုရား.... တပည့်တော်သည် ဝေဿဝဏ် နတ်မင်း၏ အပေါင်း အဖော် ဖြစ်ရသည့်မှာ ဤအကြိမ်သည် ခုနစ်ကြိမ်မြောက်ဖြစ်ပါသည်။ တပည့် တော်သည် နတ်မင်းဖြစ်ခြင်းငှာ စွမ်းနိုင်ပါ၏။ သို့သော်လည်း ဤနတ်ပြည်မှ

www.dhammaransi.com



ခုနစ်ဘဝ၊ လူ့ပြည်မှ ခုနစ်ဘဝအားဖြင့် တဆယ့်လေးဘဝတိုင်တိုင် တပည့်တော် နေခဲ့ဘူးသည့် ဌာနကိုသတိရလျက်ရှိပါသည်။''

''အရှင်ဘုရား.... တပည့်တော်သည် အပါယ်သို့ ကျခြင်း မရှိသော သောတာပန် ဖြစ်နေပါသည်။ သို့ရာတွင် တပည့်တော်၏ အလိုအာသာကား သကဒါဂါမိဖြစ်ရန် ထက်သန်လျက် ရှိနေပါသည်။''

''အရှင်ဘုရား.... တပည့်တော်သည် ဤမြင့်မြတ်သော တရားထူးကို အရှင်ဘုရား၏ အဆုံးအမနှင့်ကင်း၍ ရခဲ့သည်မဟုတ်ပါ၊ အရှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၌ အကြွင်းမဲ့ ယုံကြည်ခြင်းသို့ ရောက်သည့်အခါမှ စ၍ အပါယ်သို့ကျခြင်းမရှိတော့ပါ။''

''အရှင်ဘုရား.... တပည့်တော်သည် ဝေဿဝဏ် နတ်မင်းကြီးက ဝိရူဠှက နတ်မင်းကြီးထံသို့ ကိစ္စတခုဖြင့် စေလွှတ်လိုက်၍ လာခဲ့ရာ လမ်းခရီး အကြားဝယ် မြတ်စွာဘုရားသည် မဂဓတိုင်းသား ဥပါသကာတို့၏ လားရာဂတိကို ဆင်ခြင်စဉ်းစားနေသည်ကို တွေ့မြင်ရပါသည်။ အရှင်ဘုရား အလွန် အံ့သြဖွယ်ရာအကြောင်း တိုက်ဆိုင်သည်မှာ ဝေဿဝဏ် နတ်မင်းကြီးသည် ထိုမဂဓတိုင်းသား ဥပါသကာတို့၏ လားရာဂတိကို နတ်ပရိသတ်၌ ဖွင့်ဟ ပြောကြားသည်ကို တပည့်တော်ကိုယ်တိုင် ကြားနာခဲ့ရပါသည်။ တပည့်တော်သည် မြတ်စွာဘုရားကိုလည်းဖူးမြော်၍ ထိုအကြောင်းကိုလည်းလျှောက်ကြားရန် အကြံဖြင့် လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။''

## နတ်သဘင် အစည်းအဝေး

''အရှင်ဘုရား.... တခုသော ဝါဆိုလပြည့် ဥပုသ်နေ့ညဉ့်၌ သုဓမ္မာ နတ်သဘင်ဝယ် တာဝတိံသာနတ်တို့ စည်းဝေးကြပါသည်။ ယင်းသို့ စည်းဝေးရာ၌ နတ်မင်းကြီး လေးယောက်တို့သည် အရပ်လေးမျက်နှာတို့၌ အသီးသီး ထိုင်နေကြပြီး ကျွန်ုပ်တို့ကား ထိုနတ်မင်းကြီးတို့၏ နောက်၌ ထိုင်ရပါသည်။ ထိုအစည်းအဝေး၌ မြတ်စွာဘုရား၏ သာသနာ၌ မြတ်သောအကျင့်ကို ကျင့်သုံးခဲ့သော နတ်အသစ်တို့သည် အခြားသော နတ်တို့ထက် အဆင်းအားဖြင့်ရင်း၊ အခြံအရံအားဖြင့်ရင်း သာလွန်၍ တင့်တယ်ကြပါသည်။ ထိုအခြင်းအရာကို မြင်ကြရသော သိကြားမင်းနှင့်တကွ နတ်တို့သည် မိမိတို့ တာဝတိံသာနတ်ပြည် တိုးတက်စည်ကားလာသည့်အတွက် အထူးပင် ပျော်ရွှင်နှစ်ခြိုက်

www.dhammaransi.com



ခဲ့ကြပါသည်။ မြတ်စွာဘုရားအား ဦးညွှတ်ပူဇော်၍ တရားတော်ကိုလည်း ချီးကျူးဂုဏ်ပြုကြပါသည်။"

## သနင်္ကုမာရ ဗြဟ္မာပေါ်လာခြင်း

"အရှင်ဘုရား.... ထိုနတ်သဘင် အစည်းအဝေး၌ ဆွေးနွေးရန်ကိစ္စများ ပြီးစီး၍ နတ်မင်းကြီး လေးယောက်တို့က သိကြားမင်း၏ ညွှန်ကြားချက်များကို နာယူနေကြစဉ် ကြီးမားသော အလင်းရောင်ကြီးတခု ထွက်ပေါ်လာပါသည်။ ထိုအလင်းရောင်သည် ဗြဟ္မာကြီးထင်ရှားပေါ်လာရန် ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း သိကြားမင်းက မိန့်ကြားသဖြင့် နတ်တို့သည် ဗြဟ္မာကြီးအား တွေ့မြင်ရန် စောင့်မျှော်နေကြပါသည်။ ထို့နောက် မကြာမီ သနင်္ကုမာရမည်သော ဗြဟ္မာသည် ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်းလျက် တာဝတိံသာ နတ်တို့၏ မျက်မှောက်၌ ထင်ရှား ပေါ်လာပါသည်။ ဤသို့ ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်း၍ ပေါ်လာရခြင်းမှာ ဗြဟ္မာ၏ ပကတိအဆင်းသဏ္ဌာန်ကို နတ်တို့၏မျက်စိဖြင့် မမြင်နိုင်သောကြောင့် ဖြစ်ပါသည်။"

"အရှင်ဘုရား.... တာဝတိံသာနတ်တို့၏ မျက်မှောက်၌ ထင်ရှားပေါ်လာသော သနင်္ကုမာရ ဗြဟ္မာသည် နတ်တို့ထက် အဆင်းအားဖြင့်ရင်း၊ အရှိန်အဝါအားဖြင့်ရင်း သာလွန်၍ တင့်တယ်ပါသည်။ ဥပမာအားဖြင့် ရွှေစင်ရုပ်သည် လူ၏ကိုယ်ထက် သာလွန် တင့်တယ်သကဲ့သို့ ဖြစ်ပါသည်။ အရှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဦးစွန်းငါးခုရှိသော သတို့သားအသွင်ဖြင့် ကောင်းကင်သို့ပျံတက်၍ ကောင်းကင်ပြင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီး မြတ်စွာဘုရားအားရင်း၊ တရားတော်အားရင်း ချီးကျူးဂုဏ်ပြုသော စကားကို မြွက်ဆိုပါသည်။"

"အရှင်ဘုရား.... သနင်္ကုမာရ ဗြဟ္မာ၏အသံသည် သန့်ရှင်းခြင်း၊ ပြတ်သားခြင်း၊ သာယာခြင်း၊ နားဝင်ချိုခြင်း၊ အသံလုံခြင်း၊ မကွဲအက်ခြင်း၊ အသံအောင်ခြင်း၊ မြည်ဟိန်းခြင်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါသည်။ ပရိသတ်၏ ပြင်ပသို့လည်း မထွက်ပါ။"

"အရှင်ဘုရား... ထို့နောက် သနင်္ကုမာရ ဗြဟ္မာသည် သုံးဆယ့်သုံးခုသော အတ္တဘောတို့ကိုဖန်ဆင်း၍ သုံးကျိပ်သုံးယောက်သော တာဝတိံသာနတ်တို့၏ ပလ္လင်တို့၌ အသီးသီးထိုင်နေပြီး မြတ်စွာဘုရားနှင့် တရားတော်၏

www.dhammaransi.com



ဂုဏ်ကျေးဇူးများကို ချီးကျူးပြောဆိုပါသည်။ ဤသို့ပြောဆိုရာတွင် နတ်တို့သည်' 'ငါ၏ပလ္လင်၌ ထိုင်နေသော ဗြဟ္မာတဦးတည်းကသာ ပြောဆိုသည်'ဟု မှတ်ထင်ကြရပါသည်။"

"အရှင်ဘုရား.... ထို့နောက် သနင်္ကုမာရ ဗြဟ္မာသည် မိမိကိုယ်ကို တဦးတည်းအဖြစ်သို့ ပြန်၍ဆောင်ပြီး တာဝတိံသာနတ်တို့အား ဤသို့ဟော ပြောပါသည်။"

## ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်း

"အချင်းတို့....သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် တန်ခိုး ဖန်ဆင်းခြင်း၌စွမ်းနိုင်စေခြင်းငှာ ပြီးမြောက်ခြင်း၏အခြေခံဖြစ်သော ဣဒ္ဓိပါဒ် လေးပါးကို ကောင်းစွာ ဟောကြားအပ်ပေ၏၊ ထိုဣဒ္ဓိပါဒ် လေးပါးကား....

(၁) ဆန္ဒလွန်ကဲသော သမာဓိ၊ အားထုတ်ပြုပြင်မှုတို့နှင့်ပြည့်စုံသည့် ပြီးမြောက်ခြင်း၏ အခြေခံတရား။

(၂) ဝီရိယ လွန်ကဲသော သမာဓိ၊ အားထုတ်ပြုပြင်မှုတို့နှင့် ပြည့်စုံသည့် ပြီးမြောက်ခြင်း၏ အခြေခံတရား။

(၃) စိတ်လွန်ကဲသော သမာဓိ၊ အားထုတ်ပြုပြင်မှုတို့နှင့်ပြည့်စုံသည့် ပြီးမြောက်ခြင်း၏ အခြေခံတရား။

(၄) ပညာ လွန်ကဲသော သမာဓိ၊ အားထုတ်ပြုပြင်မှုတို့နှင့် ပြည့်စုံသည့် ပြီးမြောက်ခြင်း၏အခြေခံတရားတို့ဖြစ်၏။

"အချင်းတို့.... အတိတ်ကာလ၌ ဖြစ်စေ၊ အနာဂတ်ကာလ၌ ဖြစ်စေ၊ ယခု ပစ္စုပ္ပန်ကာလ၌ပင်ဖြစ်စေ တန်ခိုးဖန်ဆင်းခြင်း အမျိုးမျိုးကို ပြီးမြောက် စေသော ရသေ့ ရဟန်းတို့သည် ပြီးမြောက်ခြင်း၏ အခြေခံ ဖြစ်သော ဤ ဣဒ္ဓိပါဒ်လေးပါးကို ပွားများ လေ့လာခြင်းကြောင့်သာလျှင် ထိုတန်ခိုး ဖန် ဆင်းခြင်းအမျိုးမျိုးကို ပြီးမြောက်စေနိုင်ကြခြင်း ဖြစ်၏၊ အချင်းတို့... ငါသည် လည်း ဤဣဒ္ဓိပါဒ် လေးပါးကို ပွားများ လေ့လာခြင်းကြောင့် သာလျှင် တန်ခိုးအာနုဘော်ကြီးခြင်းဖြစ်ပေ၏"

## အခွင့်အခါကောင်းရခြင်းသုံးပါး

"အချင်းတို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ချမ်း သာသုခကိုရရန် အခွင့်အခါကောင်းသုံးပါးကို အထူး သိမြင်တော်မူ၏။ ထို

www.dhammaransi.com



အခွင့်အခါကောင်းသုံးပါးကား ကာမဂုဏ် အကုသိုလ်တို့နှင့် ရောယှက်နေသူသည် အခါတပါး၌ မြတ်သောတရားကို ကြားနာရ၍ မှန်ကန်စွာ နှလုံးသွင်းပြီး တရားနှင့် လျော်သော အကျင့်ကို ကျင့်သဖြင့် ကာမဂုဏ် အကုသိုလ်တို့နှင့် မရောယှက်တော့ဘဲ ချမ်းသာစွာနေရ၏၊ ဤသို့ ချမ်းသာစွာ နေရခြင်းသည် ပထမဦးဆုံး အခွင့်အခါကောင်းကို ရခြင်းဖြစ်၏''

ရုန့်ရင်းသော ထွက်သက် ဝင်သက်၊ ရုန့်ရင်းသော ကြံစည် စဉ်းစားမှု၊ ရုန့်ရင်းသော ခံစား မှတ်သားမှုတို့ဖြင့် မငြိမ်းအေးနိုင်သော ပုဂ္ဂိုလ်တဦးသည် အခါတပါး၌ မြတ်သော တရားကို ကြားနာရ၍ မှန်ကန်စွာ နှလုံးသွင်းပြီး တရားနှင့်လျော်သော အကျင့်ကို ကျင့်သဖြင့် ရုန့်ရင်းသော ထွက်သက်ဝင်သက်၊ ကြံစည်စဉ်းစားမှု၊ ခံစားမှတ်သားမှုတို့မှ ငြိမ်းအေးကာ ချမ်းသာစွာ နေရ၏၊ ဤသို့ ချမ်း သာ စွာ နေရခြင်းသည် ဒုတိယမြောက် အခွင့်အခါကောင်းကို ရခြင်းဖြစ်၏''

''ကုသိုလ်၊ အကုသိုလ်ကိုခွဲခြား၍ မသိသူ တဦးသည် အခါတပါး၌ မြတ်သောတရားကို ကြားနာရ၍ မှန်ကန်စွာ နှလုံး သွင်းပြီး တရားနှင့်လျော်သော အကျင့်ကို ကျင့်သဖြင့် ကုသိုလ်၊ အကုသိုလ်ကို ခွဲခြား သိမြင်လာ၏၊ မသိမှုအဝိဇ္ဇာပျောက်၍ သိမှု ဝိဇ္ဇာ ဖြစ်ပေါ်လာသဖြင့် ချမ်းသာစွာ နေရ၏၊ ဤသို့ ချမ်းသာစွာ နေရခြင်းသည် တတိယမြောက် အခွင့်အခါကောင်းကို ရခြင်းဖြစ်၏''

### သတိပဋ္ဌာန်လေးပါး

''အချင်းတို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားလေးပါးကို ကောင်းစွာ ဟောကြားတော်မူအပ်၏၊ ထိုသတိပဋ္ဌာန်တရားလေးပါးကား ပိမိ၏ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ ငြူစူခြင်း၊ နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍နေခြင်း၊ ပိမိ၏ ခံစားမှု ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက် လောက၌ ငြူစူခြင်း၊ နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍နေခြင်း၊ မိမိ၏စိတ်၌ စိတ်ဟု အဖန်ဖန် ရှုလျက် လောက၌ ငြူစူခြင်း၊ နှလုံး မသာယာခြင်းကို ပယ်ဖျောက်၍ နေခြင်း၊ မိမိ၏ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက် လောက၌ ငြူစူခြင်း၊ နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍နေခြင်းတို့ဖြစ်၏''

www.dhammaransi.com



**သမာဓိ၏ အခြံအရံ ခုနစ်ပါး**

"အချင်းတို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် သမ္မာသမာဓိ ပြည့်စုံရန်အတွက် အခြံအရံဖြစ်သော တရား ခုနစ်ပါးတို့ကို ကောင်းစွာ ဟောကြားတော်မူအပ်၏။ ထိုတရားခုနစ်ပါးတို့ကား မှန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိ၊ မှန်စွာ ကြံခြင်း သမ္မာသင်္ကပ္ပ၊ မှန်စွာ ပြောဆိုခြင်း သမ္မာဝါစာ၊ မှန်စွာ ပြုလုပ်ခြင်း သမ္မာကမ္မန္တ၊ မှန်စွာအသက်မွေးခြင်း သမ္မာအာဇီဝ၊ မှန်စွာ အားထုတ်ခြင်း သမ္မာဝါယာမ၊ မှန်စွာအောက်မေ့ခြင်း သမ္မာသတိ တို့ဖြစ်၏"

"အချင်းတို့.... မှန်စွာသိမြင်ခြင်းရှိသူအား မှန်စွာကြံခြင်းသည်ဖြစ်၏၊ မှန်စွာ ကြံခြင်းရှိသူအား မှန်စွာပြောဆိုခြင်းသည်ဖြစ်၏၊ မှန်စွာပြောဆိုခြင်းရှိသူအား မှန်စွာပြုလုပ်ခြင်းသည်ဖြစ်၏၊ မှန်စွာပြုလုပ်ခြင်းရှိသူအား မှန်စွာအသက်မွေးခြင်းသည်ဖြစ်၏၊ မှန်စွာအသက်မွေးခြင်းရှိသူအား မှန်စွာ အားထုတ်ခြင်းသည်ဖြစ်၏၊ မှန်စွာအားထုတ်ခြင်းရှိသူအား မှန်စွာအောက်မေ့ခြင်းသည်ဖြစ်၏၊ မှန်စွာအောက်မေ့ခြင်းရှိသူအား မှန်စွာတည်ကြည်ခြင်းသည် ဖြစ်၏၊ မှန်စွာတည်ကြည်ခြင်းရှိသူအား မှန်စွာသိခြင်းသည်ဖြစ်၏၊ မှန်စွာသိခြင်းရှိသူအား မှန်စွာလွတ်မြောက်ခြင်းသည်ဖြစ်၏။"

"အချင်းတို့.... ဤသမ္မာဒိဋ္ဌိအစရှိသော တရားတော်သည် ကောင်းစွာဟောအပ်သော တရားတော်ဖြစ်၏၊ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ဖြစ်၏၊ အခါမလင့် အကျိုးပေးတတ်သောတရားတော်ဖြစ်၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ဖြစ်၏၊ မိမိတို့ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ထားထိုက်သော တရားတော်ဖြစ်၏၊ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ဖြစ်၏၊ ဖွင့်လှစ်ထားသော အမြိုက်တံခါးကြီးလည်းဖြစ်ပေ၏။"


"အချင်းတို့... လူ့ပြည်မှစုတေ၍ နတ်ပြည်၌ ဖြစ်လာကြသော မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာ နှစ်သန်း လေးသိန်းကျော် တို့သည် အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်များတွင် သကဒါဂါမ်ပုဂ္ဂိုလ်များလည်းပါဝင်၏၊ အနာဂါမ်ပုဂ္ဂိုလ်များလည်းရှိ၏၊ သို့သော်လည်း လွဲမှားမည်စိုးသဖြင့် အရေအတွက် အတိအကျကိုကား ဖော်ပြရန်မစွမ်းနိုင်ပါချေ။"

သနင်္ကုမာရဗြဟ္မာသည် တာဝတိံသာနတ်တို့အား ဤသို့ ဟောပြောခဲ့ပါသည်။ ထိုဟောပြောချက်ကို ဝေဿဝဏ် နတ်မင်းကြီးသည် ကိုယ် တိုင်

www.dhammaransi.com



ကြားနာခံယူခဲ့ပြီး မိမိပရိသတ်အား တဆင့်ဟောပြောပါသည်။ ဝေဿဝဏ် နတ်မင်းကြီး ဟောပြောသည့် အကြောင်းအရာကို ဇနဝသဘ နတ်သားသည် နာယူမှတ်သားခဲ့ပြီး မြတ်စွာဘုရားအားလျှောက်ကြား၏။ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို ဇနဝသဘနတ်သားထံမှ ကြားသိရသည့်ပြင် ကိုယ်တိုင်လည်း ထူးသောဉာဏ်ဖြင့် သိမြင်၍ ရှင်အာနန္ဒာအား ဟောကြားတော်မူလေသည်။



www.dhammaransi.com

# ၁၉။ မဟာဂေါဝိန္ဒသုတ်

မဟာဂေါဝိန္ဒပုဏ္ဏား အကြောင်းကို ဟောကြားခြင်း

### ပဉ္စသိခနတ်သား လာရောက်လျှောက်ထားခြင်း

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေစဉ် ဂန္ဓဗ္ဗနတ်မျိုးဖြစ်သော ပဉ္စသိခ နတ်သားသည် သန်ကောင်ယံ အချိန်တွင် ဂိဇ္ဈကုဋ်တတောင်လုံးကို မိမိကိုယ်ရောင်ဖြင့် ထိန်လင်းစေပြီး ဗုဒ္ဓမြတ်စွာထံသို့ ချဉ်းကပ်လာ၏၊ ပဉ္စသိခ နတ်သားသည် ဗုဒ္ဓမြတ်စွာအား ရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီး "အရှင်ဘုရား.... တပည့်တော်သည် တာဝတိံသာ နတ်တို့ထံမှ ကြားနာမှတ်သားခဲ့ရသော အကြောင်းအရာကို အရှင်ဘုရားအား လျှောက်ကြားပါအံ့" ဟု လျှောက်တင်လေ၏။ ဗုဒ္ဓမြတ်စွာကလည်း "ပဉ္စသိခ.... လျှောက်ကြားလော့" ဟု မိန့်တော်မူသဖြင့် ပဉ္စသိခနတ်သားသည် အောက်ပါအကြောင်းအရာတို့ကို လျှောက်ကြားလေသည်။

### နတ်သဘင် အစည်းအဝေး

"အရှင်ဘုရား.... တခါက တန်ဆောင်မုန်းလပြည့်နေ့ည သုဓမ္မာ နတ်သဘင် အစည်းအဝေး၌ နတ်မင်းကြီး လေးယောက်နှင့်တကွ တာဝတိံသာနတ်တို့သည် အားလုံးလိုလိုပင် တက်ရောက်လျက် ရှိကြပါသည်။ ထိုအစည်းအဝေး၌ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရား၏သာသနာ၌ မြတ်သောအကျင့်ကို ကျင့်သုံးခဲ့ကြ၍ အခြားသောနတ်တို့ထက် အဆင်းသွင်ပြင်အားဖြင့်၎င်း၊ အရှိန်အဝါအားဖြင့်၎င်း သာလွန်သော နတ်သားအသစ်တို့ကို တွေ့မြင်ကြရသဖြင့် အလွန်ပင် ပျော်ရွှင်နှစ်ခြိုက်လျက် ရှိပါသည်။ ထိုအခါ သိကြားနတ်မင်းသည် မြတ်စွာဘုရားနှင့် တရားတော်ကို ချီးကျူး ပြောဆိုပြီး မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးကိုတည်း ဤသို့ ဆက်လက်ဟောကြားပါသည်"

www.dhammaransi.com



## မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါး

"အရှင်းတို့.... လူအများ၏ စီးပွား ချမ်းသာ အလို့ငှာ၊ လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်လူတို့ အတွက် အကျိုးစီးပွား များစေခြင်း ငှာ ကျင့်ကြံအားထုတ်ရာ၌ မြတ်စွာဘုရားနှင့်တူသော ဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ခဲ့ရ၊ ယခုလည်း ငါတို့ မတွေ့မြင်ကြရကုန်" (၁)

"မြတ်စွာဘုရား၏တရားတော်သည် ကောင်းစွာ ဟောကြားအပ်သော တရားတော်ဖြစ်၏၊ အခါမလင့် အကျိုးပေးသော တရားတော် ဖြစ်၏၊ လာ လှည့် ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်သော တရားတော်ဖြစ်၏၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ဖြစ်၏၊ ပညာရှိတို့ ကိုယ်စီကိုယ်ငှ သိ မြင် ခံစားနိုင်သော တရားတော် ဖြစ်၏၊ ဤသို့သော တရားတော်ကို ဟော ကြားရာ၌ မြတ်စွာဘုရားနှင့်တူသောဆရာကို ရှေးကဖြစ်စေ၊ ယခုမျက်မှောက်၌ ဖြစ်စေ ငါတို့ မတွေ့မြင်ကြရပေ" (၂)

"မြတ်စွာဘုရားသည် ကုသိုလ်တရား၊ အကုသိုလ်တရား၊ အပြစ်ရှိသော တရား၊ အပြစ်မရှိသော တရား၊ မှီဝဲအပ်သော တရား၊ မမှီဝဲအပ်သော တရား စသည်တို့ကို ကောင်းစွာခွဲခြား၍ ဟောပြတော်မူသည်။ ဤသို့ ဟောပြရာတွင် မြတ်စွာဘုရားနှင့်တူသည့်ဆရာကို ရှေးကဖြစ်စေ၊ ယခု မျက်မှောက်၌ ဖြစ်စေ ငါတို့ မမြင်မတွေ့ရကုန်" (၃)

"မြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ကောင်းစွာ ဟောပြတော်မူသည်။ ဂင်္ဂါမြစ်ရေသည် ယမုနာမြစ်ရေနှင့် တသား တည်း ပေါင်းစပ်သကဲ့သို့ နိဗ္ဗာန်နှင့်အကျင့်သည် နီးနှော ပေါင်းစပ်လျက် ရှိ ပေ၏၊ ဤသို့ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဟောပြရာ၌ မြတ်စွာဘုရား နှင့်တူသောဆရာကို ရှေးက ဖြစ်စေ၊ ယခု မျက်မှောက်၌ ဖြစ်စေ ငါတို့ မမြင် မတွေ့ရကုန်" (၄)

"မြတ်စွာဘုရားသည် လွန်ကဲသော လာဘ်လာဘနှင့် ပြည့်စုံခြားသော်လည်း မာန်ယစ်ခြင်းကင်းလျက် အစာအဟာရကို သုံးဆောင်တော်မူ၏၊ ဤသို့ မာန်ယစ်ခြင်း ကင်းလျက် အစာအဟာရကို သုံးဆောင်ရာတွင် မြတ်စွာ ဘုရားနှင့် တူသည့်ဆရာကို ရှေးက ဖြစ်စေ၊ ယခု မျက်မှောက်၌ဖြစ်စေ ငါတို့ မတွေ့မြင်ရကုန်" (၅)

www.dhammaransi.com



"အပေါင်း အဖော်များကို စွန့်ခွာ၍ တပါးတည်း မွေ့လျော်မှု၌ မြတ်စွာဘုရားနှင့် တူသည့်ဆရာကို ရှေးကဖြစ်စေ၊ ယခုမျက်မှောက်၌ဖြစ်စေ ငါတို့ မတွေ့မြင်ရကုန်" (၆)

"မြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်၍ ပြုကျင့်သည့်အတိုင်းလည်း ဟောပြောလေ့ ရှိပေ၏၊ ဤသို့ ဟောပြောသည့် အတိုင်း ပြုကျင့်၍ ပြုကျင့်သည့် အတိုင်းလည်း ဟောပြောရာတွင် မြတ်စွာဘုရားနှင့် တူသော ဆရာကို ရှေးက ဖြစ်စေ၊ ယခု မျက်မှောက်၌ ဖြစ်စေ ငါတို့ မတွေ့မြင်ရကုန်" (၇)

"မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့၌ ယုံမှားခြင်းကို လွန်မြောက်ပြီးဖြစ်၏၊ သို့လော သို့လော တွေးတောခြင်းကင်းပြီးဖြစ်၏၊ အလုံးစုံပြီးမြောက်သော နှလုံး အလို ရှိ၏၊ ဤအရာ၌လည်း မြတ်စွာဘုရားနှင့် တူသည့် ဆရာကို ရှေးက ဖြစ်စေ၊ ယခု မျက်မှောက်၌ဖြစ်စေ ငါတို့ မတွေ့မြင်ရကုန်" (၈)

"တာဝတိံသာနတ်တို့သည် သိကြားမင်း ဟောပြောသည့် မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သောဂုဏ်ရှစ်ပါးကို ကြားနာရလျှင် အတိုင်းထက် အလွန် ပျော်ရွှင် နှစ်ခြိုက်ကြလေ၏၊ ထိုအခါ အချို့သော နတ်တို့က 'လောက၌ ဘုရားတဆူသာမကဘဲ သုံးဆူလေးဆူ တပ်ပြိုင်နက် ပွင့်တော်မူလျှင် ကောင်းလေစွ'ဟူ၍ တောင့်တပြောဆိုကြသည်။ ထိုနတ်တို့အား သိကြားမင်းက တခုသော လောကဓာတ်၌ ဘုရား နှစ်ဆူ သုံးဆူ တပြိုင်နက် ဖြစ်ပေါ်လာရန် အကြောင်းမရှိကြောင်း ရှင်းလင်းမိန့်ကြားပါသည်"

'အရှင်ဘုရား.... ထိုနတ်သဘင်၌ အစည်းအဝေးကိစ္စပြီးစီး၍ နတ်မင်းကြီးလေးယောက်တို့က သိကြားမင်းထံမှ နောက်ထပ်ညွှန်ကြားချက်ကို စောင့်ဆိုင်း နေကြစဉ် ကြီးမားသော အလင်းရောင် တခု ပေါ်ပေါက် လာသဖြင့် သနင်္ကုမာရဗြဟ္မာ ဆိုက်ရောက်လာမည့် အကြောင်းကို နတ်များ သိရှိကြပါသည်။ ထို့နောက် သနင်္ကုမာရဗြဟ္မာသည် ကိုယ်ထင်ရှား မပြသေးဘဲ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံဖြင့် မြတ်စွာဘုရားနှင့် တရားတော်၏ ဂုဏ်တို့ကို ချီးကျူးပြောဆိုပါသည်။ သနင်္ကုမာရဗြဟ္မာသည် သိကြားမင်းအား မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သောဂုဏ်ရှစ်ပါးကို မိမိအား ထပ်မံ ဟော

www.dhammaransi.com



ကြားရန် တောင်းပန်ပြီး သိကြားမင်းထံမှ ထိုဂုဏ်ရှစ်ပါးကို နာယူမှတ်သား ပါသည်''

''အရှင်ဘုရား.... ထို့နောက် သနင်္ကုမာရဗြဟ္မာသည် ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်းလျက် ဦးစွန်း ငါးခု ရှိသော သတို့သား အသွင်ဖြင့် တာဝတိံသာနတ်တို့၏မျက်မှောက်၌ ထင်ရှား ပေါ်လာပါသည်။ ထိုဗြဟ္မာသည် ကောင်းကင်သို့ပျံတက်၍ ဟင်းလင်းအပြင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေကာ တာဝတိံသာနတ်တို့အား ဤသို့ပြောဆိုပါသည်''

## မဟာဂေါဝိန္ဒပုဏ္ဏား

''အချင်းတို့.... ရှေးအခါက ဒိသမ္ပတိ မည်သော မင်းသည် ရှိ၏၊ ထိုမင်း၏ ပုရောဟိတ် ပုဏ္ဏားသည် ဂေါဝိန္ဒ မည်၏၊ ဒိသမ္ပတိမင်းအား ရေဏု မည်သော သားတော်ရှိ၍ ဂေါဝိန္ဒပုဏ္ဏားအားလည်း ဇောတိပါလ မည်သော သားတယောက်ရှိ၏၊ ရေဏုမင်းသား၊ ဇောတိပါလလုလင်နှင့် အခြားမင်းသား ခြောက်ဦးတို့သည် အပေါင်းအဖော်များဖြစ်ကြ၏၊ ကာလကြာမြင့်သောအခါ ဂေါဝိန္ဒပုဏ္ဏားကြီး သေလွန်၍ ဒိသမ္ပတိမင်းသည် ငိုကြွေးလေ၏၊ ထိုအခါ ရေဏုမင်းသားက ဂေါဝိန္ဒပုဏ္ဏား၏သား ဇောတိပါလလုလင်သည် သူ့ဖခင်ထက်ပင် ပို၍ ပညာရှိသူဖြစ်ကြောင်း လျှောက်ကြားသဖြင့် ဒိသမ္ပတိမင်းသည် ဇောတိပါလလုလင်ကိုခေါ်၍ ပုရောဟိတ်ရာထူး၌ ခန့်ထားလေ၏၊ ပုရောဟိတ်ရာထူးကို ရရှိသော ဇောတိပါလလုလင်သည် မိမိဖခင်ညွှန်ကြားဆုံးဖြတ်ခြင်း မပြုနိုင်သော အမှုကိစ္စတို့ကိုပင် ညွှန်ကြား ဆုံးဖြတ်ခြင်း ပြုလေသည်။ ဤသို့ဖခင် ဂေါဝိန္ဒပုဏ္ဏားထက် သာလွန်သဖြင့် လူအများသည် ဇောတိပါလအား မဟာဂေါဝိန္ဒဟု ခေါ်ဆိုခြင်း ပြုကြလေသည်''

## မင်းစည်းစိမ်ခွဲဝေပေးခြင်း

နောက်ကာလ၌ မဟာဂေါဝိန္ဒသည် မိမိ၏အပေါင်းအဖော်ဖြစ်သော မင်းသားခြောက်ယောက်တို့ထံသွား၍ ဒိသမ္ပတိမင်းကြီး ကွယ်လွန်လျှင် ရေဏုမင်းသားအား မင်းမြှောက်ကြရန်ရှိကြောင်း၊ ရေဏုမင်းသား မင်းဖြစ်သည့်အခါ မင်းစည်းစိမ်ကို မိမိတို့အား ခွဲဝေပေးရန် ကြိုတင်တောင်းဆိုထားသင့်ကြောင်း အကြံပေးစကား ပြောကြားလေသည်။ မဟာဂေါဝိန္ဒ အကြံပေးသည့်အတိုင်း မင်းသားခြောက်ယောက်တို့က သွားရောက် တောင်းဆိုသည့်အခါ ရေဏုမင်းသားကလည်း အလွယ်တကူပင် သဘောတူလက်ခံလေ၏။

www.dhammaransi.com



အချိန်ကာလကြာမြင့်၍ ဒီသမ္မတိမင်းကြီး ကွယ်လွန်သောအခါ ရေဏုမင်းသားကိုမင်းအဖြစ်တင်မြှောက်ကြသည်။ ထိုအခါမင်းသား ခြောက်ယောက်တို့သည် မဟာဂေါဝိန္ဒ အကြံပေးသည့်အတိုင်း ရေဏုမင်းသားထံသွား၍ မိမိတို့အား မင်းစည်းစိမ်ကို ခွဲဝေပေးရန် တောင်းဆိုကြသည်။ ရေဏုမင်းသည် နိုင်ငံတော်ကို ခုနစ်ပိုင်း အညီအမျှခွဲဝေပေးရန် မဟာဂေါဝိန္ဒအား တောင်းပန်သည်။ မဟာဂေါဝိန္ဒသည် မြောက်အရပ်၌ ကျယ်ပြန့်၍ တောင်အရပ်၌ လှည်းဦးကင်သဏ္ဌာန်ရှိသော နိုင်ငံတော်ကို ခုနစ်ပိုင်း အညီအမျှ ခွဲဝေပေးလေသည်။ ထိုသို့ခွဲဝေပေးသော နယ်မြေခုနစ်ခုမှာလည်း အားလုံး လှည်းဦးကင်းသဏ္ဌာန်ရှိသည်သာဖြစ်ကုန်၏။ ထိုမင်းခုနစ်ပါးတို့သည် မဟာဂေါဝိန္ဒကိုသာလျှင် ပုရောဟိတ်အရာ၌ ထားကြသည်၊ ဤသို့အားဖြင့် မဟာဂေါဝိန္ဒသည် မင်းခုနစ်ပါးတို့အား မင်း ကျင့်တရားဖြင့် ညွှန်ကြားဆုံးမ၍ ပုဏ္ဏား သူဌေး ခုနစ်ယောက်တို့အားရင်း၊ သန့်စင်ပြီးသောပုဏ္ဏားလုလင်ခုနစ်ရာ တို့အားရင်း၊ ဗေဒင်ကျမ်းများကို သင်ကြားပေးလေသည်။

## ဗြဟ္မာနှင့်တွေ့ရန်အားထုတ်ခြင်း

တရံရောအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာကို မျက်မှောက်တွေ့မြင်၍ တိုင်ပင်ဆွေးနွေးမှုပြုရကြောင်း သတင်းများ ထွက်ပေါ်လာ၏။ ထိုအခါ မဟာဂေါဝိန္ဒအား "ငါသည်ဗြဟ္မာကို မတွေ့မြင်ရပါဘဲလျက် တွေ့မြင်ရသည်ဟု သတင်းထွက်ပေါ်နေ၏။ ဗြဟ္မာကိုတွေ့မြင်နိုင်ရန် ကျင့်ကြံအားထုတ်ရသော် ကောင်းလေစွ" ဟူ၍ အကြံဖြစ်ပေါ်လာ၏။ ထို့နောက် မဟာဂေါဝိန္ဒသည် မင်းခုနစ်ပါးနှင့် မယားလေးဆယ်တို့အား ပန်ကြားပြီး မြို့၏အရှေ့ဖက်၌ မင်းကွန်းတဆောင်ကို ဆောက်လုပ်စေ၍ မိုးလေးလ ပတ်လုံး တယောက်တည်းနေလျက် ကရုဏာစျာန်ကို ပွားများဝင်စားလေသည်။ ထမင်းပို့သူတယောက်မှတပါး မည်သူမျှ သူ့ထံသို့ ချဉ်းကပ်ခွင့်မရချေ။

ယင်းသို့ ကရုဏာစျာန်ကို ပွားများနေသော မဟာဂေါဝိန္ဒပုဏ္ဏားသည် မိုးလေးလလွန်သော်လည်း ဗြဟ္မာကိုမတွေ့မြင်ရသဖြင့် စိတ်အား လျော့ကာ ဗြဟ္မာကို တမ်းတခြင်းပြုမိလေသည်။ ထိုအခါ သနင်္ကုမာရဗြဟ္မာသည် မဟာဂေါဝိန္ဒပုဏ္ဏား၏ ရှေ့မှောက်၌ ထင်ရှားပေါ်လာပြီး မျက်မှောက် အကျိုးစီးပွားနှင့် ပတ်သက်၍ဖြစ်စေ၊ တမလွန် အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်စေ၊ အလိုရှိရာကို မိမိအားမေးမြန်းနိုင်ကြောင်း ပြောပြလေသည်။ မဟာဂေါဝိန္ဒ

www.dhammaransi.com



ပုဏ္ဏားသည် "ငါကား မျက်မှောက် အကျိုးစီးပွား၌ ကျွမ်းကျင်၏၊ တမလွန် အကျိုးစီးပွားကိုသာ မေးမြန်းအံ့" ဟုကြံ၍ "အရှင်ဗြဟ္မာမင်း အဘယ်တရား ကို ကျင့်သောသူသည် သေခြင်း ကင်း သော ဗြဟ္မာ့ပြည်သို့ ရောက် နိုင်ပါ သနည်း" ဟုမေးလေသည်။ ထိုအမေးကို သနင်္ကုမာရဗြဟ္မာက အောက်ပါ အတိုင်းဖြေကြားလေသည်။

"အချင်းဂေါဝိန္ဒ.... လူ့လောက၌ ငါ့ဥစ္စာဟုတွယ်တာခြင်းကို ဖယ်၍ မေထုန်အကျင့်မှရှောင်ကြဉ်သော၊ တယောက်တည်းနေလျက် ကရုဏာစျာန်ကို ပွားများပြီး စိမ်းညှိသောအနံ့မှ ကင်းစင်သောသူသည် ဗြဟ္မာ့ပြည်သို့ရောက် နိုင်ပေ၏။"

"အရှင်ဗြဟ္မာမင်း.... 'စိမ်းညှိသောအနံ့' ဟူသည်ကို ကျွန်ုပ် နားမ လည်ပါ။ ဘယ်အရာတို့သည် စိမ်းညှိသော အနံ့များဖြစ်ပါသနည်း။"

"အချင်းဂေါဝိန္ဒ.... အမျက်ထွက်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားခြင်း၊ စေးနဲခြင်း၊ အလွန်မာန်ပူခြင်း၊ ငြူစူခြင်း၊ လိုချင်ခြင်း၊ ဝန်တိုခြင်း၊ သူတပါးကို ညှင်းဆဲခြင်း၊ တတ်မက်ခြင်း၊ စိတ်ဆိုး ခြင်း၊ မာန်ယစ်ခြင်း၊ တွေဝေခြင်းဟူသော ဤတရား တဆယ့်လေးပါးတို့ ယှဉ်တွဲနေသော သတ္တဝါသည် စိမ်းညှိသောအနံ့ရှိ၏၊ အပါယ်သို့ လားရ၏။ ဗြဟ္မာ့ပြည်လမ်းပိတ်လျက်ရှိ၏။"

## ရဟန်းပြုရန်ပန်ကြားခြင်း

သနင်္ကုမာရဗြဟ္မာ၏အဖြေကိုကြားနာရသော မဟာဂေါဝိန္ဒပုဏ္ဏားသည် လူ့ဘောင်၌နေလျှင် ထိုစိမ်းညှိသောအနံ့တို့မှ ကင်းရှင်းရန် မဖြစ်နိုင်ကြောင်း သဘောပေါက်သဖြင့် ရဟန်းပြုရန် ကြံလေသည်။ ထို့နောက်သူသည် ရေဏု မင်းထံသို့ချဉ်းကပ်၍ မိမိရဟန်းပြုတော့မည်ဖြစ်၍ ပုရောဟိတ်အသစ် တယောက် ရှာဖွေခန့်ထားရန် ပြောကြားလေသည်။ ရေဏုမင်းသည် မဟာဂေါဝိန္ဒအား အလိုမပြည့်ဝမှု တစုံတရာရှိလျှင် ဖြည့်တင်းပေးမည်ဖြစ်ကြောင်း ပြောကြား၍ ရဟန်းမပြုရန် တောင်းပန်သည်။ တောင်းပန်၍မရသောအခါ မိမိပါလိုက်၍ ရဟန်းပြုပါတော့မည်ဟု ဝန်ခံခြင်းပြုလေသည်။

မဟာဂေါဝိန္ဒသည် ကြွင်းသောမင်း ခြောက်ပါးတို့အားလည်း အလား တူ ပြောကြားရာ ထိုမင်းတို့က ပစ္စည်းဥစ္စာ၊ မိန်းမတို့ဖြင့် ဖြားယောင်းသွေး ဆောင်၍ ရဟန်းမပြုရန် တောင်းပန်ကြသည်။ တောင်းပန်၍ မရသောအခါ

www.dhammaransi.com



"ကျွန်ုပ်တို့လည်း ဆရာ့နောက်သို့လိုက်၍ ရဟန်းပြုပါမည်၊ ခုနစ်နှစ်ခန့် ဆိုင်းငံ့ပါ"ဟု ဆိုကြသည်။ မဟာဂောဝိန္ဒက "ခုနစ်နှစ်ကား ကြာလွန်းပါသည်" ဟုဆို၍ တဆင့်ပြီးတဆင့် လျှော့ချစေရာ နောက်ဆုံးတွင် ခုနစ်ရက်စောင့်ဆိုင်းရန် သဘောတူလိုက်လေသည်။

ထို့နောက် မဟာဂောဝိန္ဒသည် မိမိဗေဒင် သင်ကြား ပေးနေသည့် ပုဏ္ဏားသူငွေး ခုနစ်ယောက်နှင့် ပုဏ္ဏားလုလင် ခုနစ်ရာတို့အားၗင်း၊ မယားလေးဆယ်တို့အားၗင်း ပန်ကြားပြောဆိုရာ ထိုသူအားလုံးတို့ကလည်း သူ့နောက်သို့လိုက်၍ ရဟန်းပြုကြရန် ဝန်ခံကြလေသည်။

## မဟာဂောဝိန္ဒ ရဟန်းပြုခြင်း

ခုနစ်ရက်လွန်သောအခါ မဟာဂောဝိန္ဒ ပုဏ္ဏားသည် မင်းခုနစ်ပါး၊ မယားလေးဆယ်တို့နှင့်တကွ ထောင်ပေါင်းများစွာသော နောက်လိုက်ပရိသတ်နှင့်အတူ ရဟန်းပြုလေ၏၊ မဟာဂောဝိန္ဒပုဏ္ဏားသည် ပရိသတ်များစွာ ခြံရံလျက် မြို့ရွာအသီးသီးသို့ လှည့်လည်ရာ ရောက်လေရာ အရပ်တိုင်း၌ စကြာမင်းကဲ့သို့ တင့်တယ်လှပေသည်။ လူတို့သည် ချေဆတ်သည့်အခါ၊ ချော်လဲသည့်အခါတို့၌ပင် "မဟာဂောဝိန္ဒ ပုဏ္ဏားအား ရှိခိုးပါ၏၊ မင်းခုနစ်ပါးတို့၏ ပုရောဟိတ်အား ရှိခိုးပါ၏" ဟူ၍ ဆိုကြလေသည်။

မဟာဂောဝိန္ဒပုဏ္ဏားသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားလေးပါးကို မိမိကိုယ်တိုင် အစဉ်မပြတ်ပွားများပြီး တပည့်တို့အားလည်း ပွားများရန် ညွှန်ကြားဆုံးမ၏၊ သူ၏အဆုံးအမကို အကြွင်းမဲ့ သိမြင်သော တပည့်တို့သည် ကွယ်လွန်သည့်အခါ ဗြဟ္မာပြည်သို့ရောက်ကြ၏၊ သူ၏အဆုံးအမကို အကြွင်းမဲ့မသိသော တပည့်တို့သည်ကား နတ်ပြည် ခြောက်ထပ်သို့ အသီး အသီး ရောက်ကြလေ၏။

## မတူသောလမ်းစဉ်

ပဉ္စသိခနတ်သားသည် သနင်္ကုမာရဗြဟ္မာ ဟောပြောခဲ့သည့် အထက်ပါ အကြောင်းအရာကို ဗုဒ္ဓအား ထပ်ဆင့်လျှောက်ကြားပြီး "အရှင်ဘုရား.... ထိုအကြောင်းအရာကို သတိရပါ၏လော"ဟု မေးလျှောက်လေ၏၊ ဗုဒ္ဓက သတိရကြောင်း ဖြေဆိုပြီး ဤသို့ ဆက်လက်ဟောကြားတော်မူပြန်လေသည်။

www.dhammaransi.com



"အချင်း ပဉ္စသိခ....ငါသည် ထိုအခါက မဟာဂေါဝိန္ဒ ပုဏ္ဏားဖြစ်ခဲ့၏၊ ငါသည် တပည့်တို့အား ဗြဟ္မာဖြစ်ရန် လမ်းစဉ်ကို ဟောကြားခဲ့၏၊ ငါ ဟောကြားခဲ့သော ထိုလမ်းစဉ်သည် စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တတ် မက်မှုကင်းခြင်း၊ ငြိမ်းအေးခြင်း၊ သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အလို့ငှာ မဖြစ်ပေ၊ ဗြဟ္မာဘုံသို့ ရောက်ရုံသာဖြစ်၏။"

"အချင်း ပဉ္စသိခ.... ယခု ငါဟောကြားအပ်သော အကျင့်မြတ်သည် ကား ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တတ်မက်မှုကင်းခြင်း၊ ငြိမ်းအေးခြင်း၊ သိမြင် ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အလို့ငှာ ဖြစ်ပေ၏၊ ထိုအကျင့်မြတ် ဟူသည် မှန်စွာသိမြင်ခြင်း၊ မှန်စွာကြံခြင်း အစရှိသော အင်္ဂါရှစ်ပါးနှင့်ပြည့် စုံသည့် အရိယမဂ်ပင် ဖြစ်ပေ၏။"

"အချင်း ပဉ္စသိခ.... ငါ၏အဆုံးအမကို အကြွင်းမဲ့ သိသော တပည့်တို့ သည် အာသဝေါကုန်၍ လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သော ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ပြုကာ နေကြရကုန်၏။ ငါ၏အဆုံးအမကို အကြွင်းမဲ့ မသိသော တပည့် အချို့တို့သည် အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကုန်၍ ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေနေပြီး ထိုဘုံမှ ပြန်လာခြင်း သဘောမရှိသော အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ရကုန်၏၊ ငါ၏အဆုံးအမကို အကြွင်းမဲ့မသိသော တပည့်အချို့တို့သည် သံယောဇဉ်သုံးပါး အကြွင်းမဲ့ကုန်၍ ရာဂ၊ ဒေါသ၊ မောဟ ခေါင်းပါး ခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ ကုန်ဆုံးမှုကို ပြုမည့် သကဒါဂါမ် ပုဂ္ဂိုလ်များ ဖြစ်ရကုန်၏၊ ငါ၏အဆုံးအမကို အကြွင်းမဲ့ မသိ သော တပည့်အချို့တို့သည် သံယောဇဉ်သုံးပါး အကြွင်းမဲ့ကုန်၍ အပါယ် သို့ကျခြင်းမရှိတော့ဘဲ အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ပုဂ္ဂိုလ်များ ဖြစ်ရကုန်၏။"

"အချင်း ပဉ္စသိခ.... ဤသို့လျှင် ဤအမျိုးသား အားလုံးတို့၏ ရဟန်း ပြုခြင်းသည် အချည်းနှီးမဖြစ်၊ အကျိုးစီးပွား ရှိသည်သာဖြစ်၏။"

ဤသို့ မြတ်စွာဘုရားက ဟောကြားတော်မူသောအခါ ဂန္ဓဗ္ဗနတ်မျိုး ဖြစ်သော ပဉ္စသိခနတ်သားသည် တရားတော်ကို အလွန်နှစ်သက်စွာ ခံယူ၍ မြတ်စွာဘုရားအား ရှိခိုးပြီး ထိုအရပ်၌ပင် ပျောက်ကွယ်သွားလေ၏။

www.dhammaransi.com

# ၂၀။ မဟာသမယသုတ်

များစွာသော နတ်ဗြဟ္မာတို့ စည်းဝေးကြပုံကို ဟောကြားခြင်း

## သုဒ္ဓါဝါသဗြဟ္မာလေးဦးလျှောက်ထားခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သက္ကတိုင်း ကပိလဝတ်ပြည်မဟာဝုန်တော၌ ရဟန္တာဖြစ်ပြီးစ ရဟန်းငါးရာနှင့်အတူ သီတင်းသုံး နေတော်မူ၏။ စကြာဝဠာ တထောင်စီရှိသော လောကဓာတ်ဆယ်ခုမှ များစွာသော နတ်ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားနှင့် ရဟန်းသံဃာအပေါင်းကို ဖူးမျှော်ရန် စည်းဝေးလာရောက်ကြသည်။ ထိုအခါ သုဒ္ဓါဝါသဘုံမှ ဗြဟ္မာလေးဦးတို့သည် ဗုဒ္ဓမြတ်စွာ၏ ရှေ့၌ ရုတ်တရက် ထင်ရှားပေါ်လာကြပြီး ဗုဒ္ဓအား ဂါထာတပုဒ်စီဖြင့် အသီးအသီးလျှောက်တင်ကြသည်။

(ပထမဗြဟ္မာ)။ "အရှင်ဘုရား.... မဟာဝုန်တော၌ နတ်ဗြဟ္မာ အပေါင်းတို့ စုဝေးလာရောက် ကြသဖြင့် အစည်းအဝေးကြီး ဖြစ်နေပါသည်။ ကျွန်ုပ်တို့သည်လည်း ကိလေသာရန်ကိုအောင်ပြီးသော သံဃာတော်အား ဖူးမြော်ခြင်းငှာ ဤတရားသဘင်အစည်းအဝေးသို့ လာရောက်ကြပါသည်။"

(ဒုတိယဗြဟ္မာ)။ "အရှင်ဘုရား.... ထိုအစည်းအဝေး၌ရဟန်းတို့သည် မိမိစိတ်ကိုတည်ကြည်စေလျက် ဖြောင့်မတ်စွာပြုထားကြပါသည်။ ရထားထိန်းသည် မြင်းဇက်ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိရဟန်းတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းကြပါသည်။"

(တတိယဗြဟ္မာ)။ "အရှင်ဘုရား.... ကောင်းစွာ ဆုံးမ အပ်ပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် ရာဂဒေါသစသော ခလုတ်တံသင်းနှင့် တံခါးကျည် မင်းတုပ်ကိုဖြုတ်ပြီး ထိုတံခါးတိုင်ကို နှုတ်၍လှည့်လည်နေကြပါသည်။"

www.dhammaransi.com



(စတုတ္ထပြဟ္မာ)။ "အရှင်ဘုရား.... မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူအားလုံးတို့သည် အပါယ်ဘုံသို့ ရောက်ကြမည်မဟုတ်၊ လူ့ခန္ဓာကိုယ်ကို စွန့်လျှင် နတ်ပြည်၌သာ ဖြစ်ကြပါလိမ့်မည်။"

## နတ်ပြဟ္မာတို့စည်းဝေးကြခြင်း

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်း တို့အား ဤသို့ မိန့် ကြားတော်မူလေသည်။

"ရဟန်းတို့.... စကြာဝဠာ တသောင်းစီရှိသော လောကဓာတ်ဆယ်ခုတို့မှ များစွာသော နတ်ပြဟ္မာ တို့သည် မြတ်စွာဘုရားနှင့် ရဟန်း သံဃာ အပေါင်းကို ဖူးမြော်ရန် စည်းဝေးရောက်လာကြကုန်၏။ အတိတ်ကာလ၌ ပွင့်တော်မူသော မြတ်စွာဘုရားတို့၏လက်ထက် ၌လည်း ဤမျှအတိုင်း အရှည်ရှိသော နတ်ပြဟ္မာတို့သည် စည်းဝေး ခဲ့ကြကုန်၏။ အနာဂတ်ကာလ၌ ပွင့်တော်မူမည့် မြတ်စွာဘုရားတို့၏လက်ထက်၌လည်း ဤမျှအတိုင်း အရှည်ရှိသော နတ်ပြဟ္မာတို့သည် စည်းဝေးကြလိမ့်မည်။"

"ရဟန်းတို့.... ယခု စည်းဝေး လာရောက် ကြသော နတ် ပြဟ္မာတို့၏ အမည်များကို ဟောကြားပေအံ့၊ သင်တို့ ကောင်းစွာ နာယူ မှတ်သားကြကုန်လော"

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရဟန်း ငါးရာတို့အား နတ်ပြဟ္မာတို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်အောင် အားထုတ်ကြရန် တိုက်တွန်းတော် မူသည်။ ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာ တိုက်တွန်းသည့် အတိုင်း အားထုတ်ကြရာ နတ်ပြဟ္မာတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ် ထင်ရှားဖြစ်ပေါ်လာသည်။ ထိုအခါ အချို့သော ရဟန်းတို့သည် နတ်ပြဟ္မာ တရာကိုရင်း၊ အချို့သော ရဟန်းတို့သည် နတ် ပြဟ္မာ တထောင်ကို ရင်း၊ အချို့သော ရဟန်းတို့သည် တသောင်းကိုရင်း မြင်ကြသည်။ အချို့သောရဟန်းတို့ကား နတ် ပြဟ္မာအနန္တကိုပင် မြင်ကြလေသည်။

## နတ်ဘို့၏အမည်များ

ဗုဒ္ဓမြတ်စွာသည် ထိုရဟန်းတို့၏ အသီးအသီးသိမြင်ကြပုံကို ဉာဏ်ဖြင့် ပိုင်းခြား ဆင်ခြင်တော်မူပြီး မဟာဝုန်တော၌ လာရောက် စည်းဝေးကြသော

www.dhammaransi.com



နတ်ပြဟ္မာတို့၏ အမျိုးအမည်များကို ရဟန်းတို့အား ဟောကြားတော်မူလေသည်။

"ရဟန်းတို့.... ကပိလဝတ်ပြည်ကို မှီ၍နေသည့် ဘုမ္မစိုးနတ်ခုနစ်ထောင်တို့သည် ဤမဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏၊ ထိုနတ်တို့သည် တန်ခိုး အာနုဘော် ကြီးမားကုန်၏၊ အဆင်းလှ၍ အခြံအရံလည်း များကုန်၏"

"ဟိမဝန္တာတောင်၌နေသည့် ခြောက်ထောင်သော နတ်၊ သာတာဂိရိတောင်၌နေသည့် သုံးထောင်သောနတ်၊ ဝေသာမိတ္တတောင်၌နေသည့် ငါးရာသော နတ်တို့သည်လည်း ဤအစည်းအဝေးသို့လာရောက်ကြကုန်၏၊ ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌နေသည့် ကုမ္ဘီရနတ်သည်လည်း ဤအစည်းအဝေးသို့ လာရောက်၏"

"အရှေ့အရပ်ကို အုပ်စိုးသော ဂန္ဓဗ္ဗနတ်တို့၏ အရှင် ဓတရဋ္ဌနတ်မင်း၊ တောင်အရပ်ကို အုပ်စိုးသော ကုမ္ဘဏ်တို့၏အရှင် ဝိရူဠ္ဍကနတ်မင်း၊ အနောက်အရပ်ကို အုပ်စိုးသော နဂါးတို့၏ အရှင် ဝိရူပက္ခနတ်မင်း၊ မြောက်အရပ်ကို အုပ်စိုးသော နတ်ဘီလူးတို့၏အရှင် ကုဝေရနတ်မင်းတို့သည်လည်း တန်ခိုးခွန်အားနှင့် ပြည့်စုံသည့် မိမိတို့၏ သားတော်များနှင့်အတူ ဤအစည်းအဝေးသို့ လာကြကုန်၏"

"ထိုနတ်မင်းကြီးတို့၏ကျွန်ယုံတော်ဖြစ်သည့် ပရိယာယ်မာယာ များ၍ လှည့်စား တတ်ကုန်သော မာယာနတ်၊ ကုဋ္ဌေဏ္ဍုနတ်၊ ဝိဋ္ဌေဏ္ဍုနတ်၊ ဝိဋ္စုစ္စနတ်၊ ဝိဋ္ဌုဋ္ဌနတ် တို့နှင့် တကွ စန္ဒနနတ်၊ ကာမသေဋ္ဌနတ်၊ ကိန္နိဃဏ္ဍုနတ်၊ နိဃဏ္ဍုနတ်၊ ပနာဒနတ်၊ ဩပမညနတ်၊ ရထားထိန်း မာတလိနတ်၊ စိတ္တမည်သော ဂန္ဓဗ္ဗနတ်၊ သေနမည်သော ဂန္ဓဗ္ဗနတ်၊ စိတ္တသေနမည်သော ဂန္ဓဗ္ဗနတ်၊ နဠရာဇာနတ်၊ ဇနဝသဘနတ်၊ ပဉ္စသိခနတ်၊ တိမ္ဗရုနတ်၊ သူရိယဝစ္စသာ နတ်သမီးတို့သည်လည်း ဤအစည်းအဝေးသို့ လာရောက်ကုန်၏"

နဂါး ဂဠုန်များ

"ထို့မှ ဟပါး နာဂသအိုင်၌ နေသော နဂါး၊ ဝေသာလီ၌ နေသော နဂါး၊ ကမ္ဗလမည်သော နဂါး၊ အဿတရမည်သော နဂါး၊ ပယာဂဆိပ်၌ နေသော နဂါး၊ ယမုနာမြစ်၌ နေသော နဂါး၊ ဧတရဋ္ဌ အမျိုး၌ဖြစ်သော

www.dhammaransi.com



နဂါးတို့သည်လည်း နဂါးပရိသတ်နှင့်အတူလာရောက်ကုန်၏၊ နတ်ကဲ့သို့ အာနုဘော်ရှိ၍ နဂါးတို့ကို အနိုင်အထက် ဖမ်းယူနိုင်သော ဂဠုန်တို့သည်လည်း ကောင်းကင်ခရီးဖြင့် ဤတောအုပ်သို့ လာရောက်ကုန်၏၊ မြတ်စွာဘုရားသည် နဂါးတို့အား ဂဠုန်ဘေးမှကင်းဝေးအောင် ပြုတော်မူသဖြင့် နဂါးနှင့်ဂဠုန်တို့သည် သိမ်မွေ့သောစကားတို့ဖြင့် ဝေါဝေါ ပြောဆိုကာ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။"

"သိကြားမင်းကို စစ်ရှုံးသဖြင့် သမုဒ္ဒရာ၌ နေရသော အသုရာများ၊ ကာလကဉ္စအသုရာ၊ ဒါနဝေဃသ မည်သော အသုရာ၊ ဝေပစိတ္တိ အသုရာ၊ သုစိတ္တိ အသုရာ၊ ပဟာရာဒ အသုရာ တို့သည်လည်း မာရ်နတ်သားနှင့် တကွ လာကြကုန်၏၊ ဝေရောစ အမည်ရှိသော ဗလိအသူရာကြီး၏သား တရာတို့သည် ဗလိအသူရာ စစ်တပ်ကို လက်နက်တပ်ဆင်ပြီး ရာဟု အသူရိန်ကြီးကိုခေါ်ကာ ဤအစည်းအဝေးသို့ လာကြကုန်၏။"

"ထိုမှတပါး အာပေါနတ်၊ ပထဝီနတ်၊ တေဇောနတ်၊ ဝါယောနတ်၊ ဝရုဏနတ်၊ ဝါရုဏနတ်၊ သောမနတ်၊ ယသနတ် တို့နှင့်တကွ အခြံအရံ များသော မေတ္တာနတ်၊ ကရုဏာနတ် တို့ သည် လည်း ဤ တောအုပ်သို့ လာကြကုန်၏။"

ဝေဏ္ဍုနတ်၊ သဟလိနတ်၊ အသမနတ်၊ ယမနတ်တို့နှင့်တကွ လ၏အခြံအရံဖြစ်သော နတ်တို့သည် လ နတ်မင်းကို ရှေ့ထား၍လာကြကုန်၏၊ ထို့အတူပင် နေ၏ အခြံအရံ ဖြစ်သော နတ်တို့သည် နေ နတ်မင်းကို ရှေ့ထား၍ငင်း၊ ကြယ်တို့၏အခြံအရံဖြစ်သောနတ်တို့သည် ကြယ်နတ်မင်းတို့ကို ရှေ့ထား၍ငင်း၊ လာကြကုန်၏၊ မန္ဒဝလာဟကနတ်၊ နတ်တို့၏အကြီးအမှူးဖြစ်သော သိကြားမင်း၊ မီးလျှံကဲ့သို့ တောက်ပသော သဟဘူနတ်၊ အောက်မည်ပွင့်အဆင်း ရှိသော အရိဋ္ဌနတ်၊ ရောဇနတ်တို့သည်ငင်း၊ ဝရုဏနတ်၊ သဟဓမ္မနတ်၊ အစ္စုတနတ်၊ အနေကဇနတ်၊ သုလေယျနတ်၊ ရုစိရနတ်၊ ဝါသဝနေသီ အမည်ရှိသော နတ်တို့သည်ငင်း ဤအစည်းအဝေးသို့ လာရောက်ကြကုန်၏။

"ထိုမှတပါး သမာနနတ်၊ မဟာသမာနနတ်၊ မာနုသနတ်၊ မာနုသုတ္တမနတ်၊ ခိဍ္ဍာပဒေါသိကနတ်၊ မနောပဒေါသိကနတ်၊ ဟရိနတ်၊ လောဟိတဝါသီနတ်၊ ပါရဂနတ်၊ မဟာပါရဂနတ်တို့သည်လည်း ဤအစည်းအဝေးသို့ လာကြကုန်၏၊ သုက္ကနတ်၊ ကရမ္ဘနတ်၊ အရုဏနတ်၊ ဝေဃနသနတ်၊

www.dhammaransi.com



သြဒါတဂယှ်နတ်၊ ပါပေါက္ခနတ်၊ ဝိစက္ခဏနတ်၊ သဒါပတ္တနတ်၊ ဟာရဂဇနတ်၊ မိဿကနတ်တို့နှင့် တကွ အရပ်လေးမျက်နှာတို့၌ မိုးရွာသွန်းစေနိုင်သော ပဇ္ဇုန္နနတ်သည်လည်း ဤအစည်းအဝေးသို့ လာရောက်၏။”

“ခေမိယနတ်၊ တုသိတာနတ်၊ ယာမာနတ်၊ ကဋ္ဌကနတ်၊ လမ္ဘိတကနတ်၊ လာမသေဋ္ဌနတ်။ ဇောတိမည်သောနတ်၊ အာသဝနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တိ နတ်တို့သည်လည်း ဤအစည်းအဝေးသို့ လာကြကုန်၏။”

“အမျိုးမျိုးသောအဆင်းအရောင်ရှိပြီး တန်ခိုးအာနုဘော်ကြီး၍ အခြံအရံလည်း များကုန်သော ထိုနတ်တို့သည် အမည်အနွယ်အလိုက် စုဝေးကာ ပဋိသန္ဓေနေခြင်း ကင်းပြီးသော ရာဂ ဒေါသ စသည့် ခလုတ်ကန်သင်းမရှိသော သြဃလေးဖြာမှ ကူးမြောက် ပြီး၍ အာသဝေါတရားလည်း ကင်းစင်သော အရိယသံဃာတော်ကိုရင်း၊ ညစ်ညူးခြင်း ကင်း၍ လမင်း သဖွယ် တင့်တယ်တော်မူသော မြတ်စွာဘုရားကိုရင်း ဖူးမြော်ရန် လာကြကုန်၏။”

## ဗြဟ္မာတို့၏အမည်များ

တန်ခိုးကြီးသော မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်သည့် သုဗြဟ္မာမည်သော ဗြဟ္မာနှင့် ပရမတ္တ မည်သော ဗြဟ္မာတို့သည်ရင်း၊ သနင်္ကုမာရဗြဟ္မာနှင့် တိဿဗြဟ္မာတို့သည်ရင်း ဤမဟာဝုန်တောသို့ လာရောက်ကြကုန်၏၊ လက်တချောင်းဖြင့် စကြာဝဠာ တထောင်၊ လက် ဆယ်ချောင်းဖြင့် စကြာဝဠာ တသောင်းတိုင်အောင် အရောင်အဝါ ပြန့်နှံ့စေနိုင်သော ဗြဟ္မာ တထောင်တို့သည်လည်း ဤ အစည်းအဝေးသို့ လာကြကုန်၏၊ ထို ဗြဟ္မာ တထောင်စီကို အစိုးရသော မဟာဗြဟ္မာဆယ်ဦးတို့သည်လည်း ဤအစည်းအဝေးသို့ လာကြကုန်၏၊ ထိုမဟာဗြဟ္မာတို့တွင် ဟာရိတ မည်သော မဟာဗြဟ္မာကား ဗြဟ္မာ တသိန်း ခြံရံလျက်လာ၏။”

“ရဟန်းတို့.... မာရ်နတ်၏မိုက်မဲပုံကို ရှုကြကုန်လော၊ သိကြား၊ မဟာဗြဟ္မာတို့နှင့်တကွ ဤအစည်းအဝေးသို့ ရှေးရှု လာသော နတ်ဗြဟ္မာတို့ထံသို့ မာရ်နတ်၏ စစ်သည်တို့သည် ရှေးရှုချီတက်လာကြကုန်၏၊ စစ်သည် များစွာရှိသော မာရ်နတ်သည် ‘လာကြလော၊ ဖမ်းကြလော၊ နှောင်ကြလော၊ ဝိုင်းကားကြလော၊ တယောက်မျှ မလွတ်စေလင့်’ ဟု ဆိုလျက် မြေပြင်ကို လက်ဖြင့်


www.dhammaransi.com



ပုတ်ခတ်၍ လျပ်စစ်လက်ကာ မိုးကြိုးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ်အသံကို ပြုလျက် ဤအစည်းအဝေးသို့ မိမိ၏ စစ်သည်တို့ကို စေလွှတ်၏၊ ယင်းသို့ စေလွှတ်သော်လည်း မိမိအလိုအတိုင်း မဖြစ်သဖြင့် မာရ်နတ်မင်းသည် ပြင်းစွာ အမျက်ထွက်လေ၏။"

"စကျငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ထိုအလုံးစုံသော အခြင်းအရာကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိမြင်၍ သာသနာတော်၌ မွေ့လျော်သော တပည့်သာဝကတို့အား မာရ်နတ်၏ စစ်သည်တို့ကို သိမြင်အောင် ကြိုးစားအားထုတ်ရန် သတိပေးစကား မိန့်ကြားတော်မူသည်။ ရဟန်းတို့က လည်း မြတ်စွာဘုရား၏မိန့်ကြားချက်အတိုင်း အားထုတ်ကြကုန်၏၊ မာရ်နတ်၏ စစ်သည်တို့သည် ထိုရဟန္တာတို့၏မွေးညှင်းမျှကိုပင် လှုပ်ရှားစေရန် မစွမ်းနိုင်ကြ သဖြင့် ထိုနေရာမှ ရှောင်ရှားသွားကြလေ၏။"

"စစ်ပွဲကို အောင်မြင်ပြီး၍ ကြောက်ရွံ့ခြင်းကင်းကုန်သော ကျော်စော ခြင်းရှိ၍ လူအပေါင်း၌ ထင်ရှားကုန်သော ထို သာဝက အားလုံးတို့သည် အရိယာတို့နှင့်အတူ ဝမ်းမြောက်ကြလေကုန်၏။"



www.dhammaransi.com

# ၂၁။ သက္ကပဉှသုတ်

## သိကြားမင်း၏ ပြဿနာကို ဖြေကြားခြင်း

### သိကြားမင်း ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ်၊ အမ္ဗသဏ္ဍမည်သော ပုဏ္ဏားရွာ၏ မြောက်ဖက် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ၊ နတ်တို့၏အရှင် သိကြားမင်းသည် ဗုဒ္ဓမြတ်စွာအား ဖူးမြော်ရန် ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာသဖြင့် "ဗုဒ္ဓမြတ်စွာသည် ဘယ်မှာ သီတင်းသုံးနေသနည်း" ဟူ၍ ကြည့်ရှုဆင်ခြင်လျှင် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ သီတင်းသုံးနေကြောင်း သိမြင်လေ၏၊ ထို့နောက် သိကြားမင်းသည် များစွာသော တာဝတိံသာနတ်တို့ဖြင့်ခြံရံ၍ ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြုကာ ရာဇဂြိုဟ်ပြည် ဝေဒိယကတောင်၌ ထင်ရှားပေါ်လာ၏။

ထိုအခါ ဝေဒိယကတောင်နှင့် အမ္ဗသဏ္ဍ ပုဏ္ဏားရွာသည် နတ်တို့၏ အရောင်ဖြင့် လွန်စွာတောက်ပလေ၏၊ ပတ်ဝန်းကျင် ရွာတို့၌နေသော လူများကလည်း "အချင်းတို့....ယနေ့ ဝေဒိယကတောင်သည် မီးတောက်မီးလျှံကဲ့သို့ လွန်စွာတောက်ပ၏၊ အကြောင်းမည်သို့ ရှိလေသနည်း" ဟူ၍ ပြောဆိုကာ ကြောက်ရွံ့ထိတ်လန့် နေကြသည်။

### ပဉ္စသိခနတ်သား၏ သီချင်းဂါထာများ

သိကြားမင်းသည် ဝေဒိယကတောင်သို့ ရောက်သည့်အခါ "ဈာန်ဝင်စားကာ တပါးတည်း ကိန်းအောင်းနေလေ့ရှိသော ဗုဒ္ဓမြတ်စွာထံသို့ ခွင့်မပန်ဘဲ ချဉ်းကပ်၍မသင့်" ဟု စဉ်းစားမိသောကြောင့် ဗုဒ္ဓမြတ်စွာအား ခွင့်ပန်ရန် ပဉ္စသိခနတ်သားကို ရှေးဦးစွာ စေလွှတ်လိုက်၏၊ ပဉ္စသိခနတ်သာ

www.dhammaransi.com



သည် ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ ဣန္ဒသာလဂူအနီး၌ ရပ်တည်လျက် ဥသျှစ်သီးမှည့်ကဲ့သို့ အဝါရောင် အဆင်းရှိသည့် ဗေလုဝပဏ္ဍုမည်သော စောင်းကို တီးလေဘည်။ ဘုရား၊ တရား၊ သံဃာတို့နှင့် စပ်ဆိုင်သော အကြောင်းအရာများ၊ ကာမဂုဏ်နှင့် စပ်ဆိုင်သော အကြောင်းအရာများကို ဖွဲ့ဆိုထားသည့် သီချင်းဂါထာတို့ကိုလည်း သီဆိုလေသည်။

"ချစ်နှမ သူရိယဝစ္စသာ.... ကောင်းခြင်းငါးဖြာ လက္ခဏာနှင့်ပြည့်စုံ၍ ငါ့အား နှစ်သက်မြတ်နိုးမှုကို သင်ဖြစ်စေနိုင်ခြင်းသည် သင့်ဖခင် တိမ္ဗရုနတ်မင်းကြောင့်သာဖြစ်၏၊ ထို့ကြောင့် ထိုတိမ္ဗရုနတ်မင်းကို ငါရှိခိုးပါ၏။"

"ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော ချစ်နှမ၊ ပူအိုက်လှသဖြင့် ချွေးတဒီးဒီး ယိုစီးနေသူတို့သည် လေအေးကို နှစ်သက်သကဲ့သို့၎င်း၊ ရေငတ်နေသူတို့သည် အေးမြကြည်လင်သော သောက်ရေကို နှစ်သက်သကဲ့သို့၎င်း၊ ရဟန္တာတို့သည် တရားကို နှစ်သက်သကဲ့သို့၎င်း၊ ထို့အတူပင် ငါသည် သင့်ကိုချစ်ခင်နှစ်သက်လျက်ရှိပါသည်။"

"ချစ်နှမ.... ဆေးသည် လူနာ၏ ရောဂါကို ငြိမ်းစေသကဲ့သို့၎င်း၊ အစာသည် ငတ်မွတ်နေသူ၏ ဆာလောင်ခြင်းကို ငြိမ်းစေသကဲ့သို့၎င်း၊ ရေသည် တောက်လောင်နေသော မီးကို ငြိမ်းစေသကဲ့သို့၎င်း၊ ထို့အတူပင် သင်သည် ငါ၏အချစ်မီးကို ငြိမ်းစေပါလော။"

"ချစ်နှမ ...နွေဥတု၏အပူဒဏ်ကို ခံစားနေရသော ဆင်ပြောင်ကြီးသည် ကြာဝတ်မှုန်များပြွမ်းလျက် အေးမြသောရေရှိသည့် ရေကန်ထဲသို့ သက်ဆင်းသကဲ့သို့၊ ထို့အတူ ငါသည် သင်၏ ရင်ခွင်ထဲသို့ သက်ဆင်းလိုပါ၏။"

"ချစ်နှမ.... ချွန်းအုပ်မရအောင် အဟုန်ကျနေသောဆင်သည် နင်တံနှင့် လှံမကို ငါနိုင်ပြီဟု ထင်မှတ်သကဲ့သို့၊ ထို့အတူ လှပညိုသော ပေါင်တံလက္ခဏာနှင့်ပြည့်စုံသော သင့်ကိုယ်၌ စွဲမက်ယစ်မူးနေသဖြင့် ငါသည် ဘာကိုမျှ မသိမမြင်တော့ပါ။"

"ချစ်နှမ.... ငါ၏စိတ်သည် သင့်အပေါ်၌ တဖက်သတ် တိမ်းညွတ်လျက် စွဲမက်နေပါ၏၊ ငါးများချိတ်ကို မြိုမိသော ငါးကဲ့သို့ ငါ၏စိတ်ကို နောက်ဆုတ်စေရန် မစွမ်းနိုင်တော့ပါ။"

"တင့်တယ်သော ပေါင်ရှိသော ချစ်နှမ....ငါ့ကို ပွေ့ဖက်လှည့်ပါလော၊ မခို့တရို့ ကြည့်တတ်သော ချစ်နှမ၊ ငါ့ကို ပွေ့ဖက်လှည့်ပါလော၊ ကောင်း

www.dhammaransi.com



ခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ၊ ငါ့ကို ပွေ့ဖက်လှည့်ပါလော၊ သင်၏ ပွေ့ဖက်ခြင်းကို ငါသည် အလွန်တောင့်တလျက်ရှိပါ၏။"

"ချစ်နှမ.... ငါ၏ ချစ်ခင်တတ်မက်မှုသည် မူလက အနည်းငယ်မျှသာ ဖြစ်ခဲ့သော်လည်း ဆံပင်တွန့်ကောက်သော သင်နှမအပေါ်၌ ချစ်ခင်တတ်မက်ခြင်းသည်ကား ရဟန္တာ၌လှူသော ဒါနကုသိုလ်ကဲ့သို့ တနေ့တခြား တိုးပွား၍လာပါသည်။"

"ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ၊ မယိမ်းမယိုင် ကြံ့ခိုင်သောဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့၌ ငါပြုထားသော ကောင်းမှုဟူသမျှသည် သင်နှင့်အတူ အကျိုးပေးပါစေသော၊ ချစ်နှမ သူရိယဝစ္ဆသာ သာကီဝင်မင်းသား ဘုရားအလောင်းတော်ဖြစ်သော ရဟန်းသည် စျာန်စိတ်ဖြင့် တခုတည်းသော အာရုံရှိလျက် သတိပညာနှင့်ယှဉ်ကာ အမြိုက်နိဗ္ဗာန်ကို ရှာသကဲ့သို့ ငါသည် သင့်ကိုရှာ၍ နေပါသည်။"

"ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ၊ ဘုရားအလောင်း ရဟန်းမြတ်သည် မြတ်သော ဗောဓိဉာဏ်သို့ရောက်၍ ဝမ်းမြောက်တော်မူသကဲ့သို့ ငါသည်လည်း သင်နှင့် ပေါင်းသင်းရသည်ဖြစ်၍ ဝမ်းမြောက်လိုပါ၏။"

"ချစ်နှမ သူရိယဝစ္ဆသာ.... တာဝတိံသာ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် ငါ့အား လိုရာဆုကိုပေးခဲ့လျှင် ငါသည် သင်နှမကိုသာ တောင်းယူပါအံ့။"

"လိမ်မာရေးခြား ရှိလှပေသော ချစ်နှမ.... ဤသို့ ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသည့် သမီးရတနာရှိသော၊ ပွင့်သစ်စ အင်ကြင်းပင်သဖွယ် တင့်တယ်သော သင့်ဖခင် တိမ္ဗရုနတ်မင်းကို ငါ ဦးညွှတ်ရှိခိုးပါ၏။"

## သူရိယဝစ္ဆသာအားချစ်အားပိုခဲ့ပုံ

ဤသို့ပဉ္စသိခနတ်သားက စောင်းတီး၍ သီချင်းဂါထာများကို သီဆိုသည့်အခါ ဗုဒ္ဓမြတ်စွာက "အချင်းပဉ္စသိခ၊ သင်၏စောင်းသံနှင့် သီချင်းသံကား လိုက်ဖက်လှပေ၏။ သင်သည် ဤသီချင်း ဂါထာတို့ကို ဘယ်အခါက စီကုံးဖွဲ့ဆိုခဲ့ပါသနည်း" ဟု မေးမြန်းတော်မူသည်။ ပဉ္စသိခ နတ်သားကလည်း မိမိသည် တိမ္ဗရုကသနတ်မင်းကြီး၏သမီး သူရိယဝစ္ဆသာ နတ်သမီးကို

www.dhammaransi.com



အလွန်စွဲလမ်း ချစ်ကြိုက်ကြောင်း၊ သို့သော်လည်း သူရိယဝစ္စသာကမူ မိမိအား ချစ်တုန့်မပြန်ဘဲ မာတလိ နတ်မင်း၏သား သိခဏ္ဍီနတ်သားနှင့် ချစ်ကြိုက်နေသဖြင့် ထိုသီချင်းဂါထာတို့ကို သီဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသိုသီဆိုသဖြင့် သူရိယဝစ္စသာနှင့် တရက်မျှ ပေါင်းသင်းခွင့် ရခဲ့ကြောင်းများကို ပြန်ပြောင်း လျှောက်တင်လေသည်။

ပဉ္စသိခနတ်သားနှင့် ဗုဒ္ဓမြတ်စွာတို့ ရင်းနှီးစွာ စကားပြောဆို နေကြသည်ကို မြင်လျှင် သိကြားမင်းသည် ပဉ္စသိခနတ်သားအား ဗုဒ္ဓမြတ်စွာထံ၌ ခွင့်ပန်ရန် ထပ်မံသတိပေးသည်၊ ထိုအခါ ပဉ္စသိခသည် "အရှင်ဘုရား နတ်တို့၏ အရှင်သိကြားမင်းသည် ခြွေရံပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခိုက်ရှိခိုးနေပါသည်" ဟု လျှောက်ကြားသည်။ ဗုဒ္ဓမြတ်စွာကလည်း "နတ်တို့အရှင် သိကြားမင်းသည် ခြွေရံပရိသတ်နှင့်တကွ ချမ်းသာပါစေ" ဟု မိန့်ကြားတော်မူသည်။ ဗုဒ္ဓမြတ်စွာသည် တန်ခိုးကြီးသောနတ်တို့ကို ဤသို့ပင် ဆုပေးတော် မူလေ့ရှိပေသည်။

ယင်းသို့မိန့်ကြားသည်နှင့် တပြိုင်နက် သိကြားမင်းသည် ခြွေရံပရိသတ်နှင့်တကွ ဣန္ဒသာလဂူသို့ဝင်၍ ဗုဒ္ဓအားရှိခိုးပြီး တခုသောနေရာ၌ ရပ်တည်လေ၏။ "နတ်တို့အရှင် သိကြားမင်းသည် ပုဂ္ဂိုလ်ကိစ္စများပြားလှသည့်ကြားမှ ငါ့ထံသို့လာနိုင်ခြင်းမှာ အံ့ဩထိုက်ပါပေသည်" ဟူ၍ ဗုဒ္ဓက စတင် မိန့်ကြားလျှင် သိကြားမင်းသည် မိမိတခါက ဗုဒ္ဓထံသာရောက်ခဲ့သော်လည်း ဗုဒ္ဓမြတ်စွာ ဖလသမာပတ် ဝင်စားနေခိုက်ဖြစ်၍ ဖူးမြင်ခွင့် မရခဲ့ကြောင်း၊ ဗုဒ္ဓမြတ်စွာ၏ ထံပါး၌ ဝတ်ပြုနေသည့် ဘုဇထိနတ်သမီးကိုသာ တဆင့်စကားမှာကြားကာ ရှိခိုးကန်တော့ခဲ့ရကြောင်းများကို ပြန်ပြောင်းလျှောက်ကြားသည်။

## ပြဿနာမေးခွင့်တောင်းခြင်း

ထို့နောက်တဖန် သိကြားမင်းသည် ဗုဒ္ဓအား ဤသို့လျှောက်ကြားပြန်သည်။ "အရှင်ဘုရား ... မြတ်စွာဘုရား ပွင့်တော်မူသည့် အချိန်မှစ၍ တပည့်တော်တို့ နတ်ပြည်၌ နတ်များတိုးတက်လာသည်ကို တွေ့မြင်ရပါသည်။"

"အရှင်ဘုရား....တခါက ကပိလဝတ်ပြည်မှ ရှာကျ်သုံးပါး၌ကြည်ညို၍ အကျင့်သီလနှင့် ပြည့်စုံသည့် ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည် ယူ့ပြည်မှစုတေ၍ တာဝတိံသနတ်ပြည်ဝယ် 'ဂေါပက' ဟူသောအမည်ဖြင့် နတ်သားဖြစ်လာပါသည်။ ရဟန်းဘဝမှ စုတေလာသည့် အခြားပုဂ္ဂိုလ် သုံးဦး

www.dhammaransi.com



ကား ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ နတ်သားများဖြစ်လာကြပါသည်၊ ကျွန်ုပ်အား ဖျော်ဖြေရန် သုဓမ္မာနတ်သဘင်သို့ လာကြသော ထိုဂန္ဓဗ္ဗနတ်သားသုံးယောက်ကို ဂေါပကနတ်သားမြင်လျှင် "သင်တို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုခဲ့ကြသူများဖြစ်ပါလျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗ နတ်မျိုး၌ ဖြစ်လာကြရသည်မှာ မသင့်လျော်ပါ" ဟူ၍ သတိပေးစကား ပြောကြားပါသည်။ ဂေါပကနတ်သား၏သတိပေးစကားကို ကြားကြရသည့်အခါ ထိုဂန္ဓဗ္ဗနတ်သားသုံးယောက်အနက် နတ်သား နှစ်ယောက်တို့သည် သတိသံဝေဂရ၍ တရားကိုဆင်ခြင်ပွားများကြရာ အနာဂါမိဖိုလ်ကိုမျက်မှောက်ပြုကာ ဗြဟ္မာပြည်သို့ ကူးပြောင်းသွားကြပါသည်။ တယောက်သော ဂန္ဓဗ္ဗနတ်သားသည် သာ ၍ကာမဘုံ၌ ကျန်ရစ်ခဲ့ပါသည်။"

"အရှင်ဘုရား.... ကျွန်ုပ်တို့သည် ထိုဂန္ဓဗ္ဗ နတ်သား နှစ်ယောက်ကဲ့သို့ တရားထူးကိုရရှိရန်အတွက် ဤအရပ်သို့လာရောက်ကြခြင်းဖြစ်ပါသည်။ အရှင်ဘုရား ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ်ပြဿနာကိုမေးလိုပါသည်။"

"သိကြားမင်း.... သင် မေး လို သည့် ပြဿနာကို မေးလျှောက်လော့၊ သံသယကင်းအောင် ငါဖြေကြားပေအံ့"

## သိကြားမင်း ပြဿနာ မေးလျှောက်ခြင်း

ဗုဒ္ဓမြတ်စွာက ခွင့်ပြုတော်မူလိုက်လျှင် သိကြားမင်းသည် အောက်ပါ ပြဿနာတို့ကို မေးလျှောက်လေ၏။

"အရှင်ဘုရား လူနတ် ဗြဟ္မာ သတ္တဝါအများတို့သည် ရန်ငြိုးထားခြင်း၊ အပြစ်ဒဏ်ခတ်ခြင်း ကင်းလျက်၊ ရန်သူကင်းလျက်၊ စိတ်ဆင်းရဲခြင်း အမျက်ထွက်ခြင်းကင်းလျက် နေနိုင်ရန် လိုလားတောင့်တ ကြပါသော်လည်း မိမိတို့လိုလားတောင့်တသည့်အတိုင်း မနေကြရပါ၊ ဤသို့မိမိတို့လိုလားတောင့်တသည့်အတိုင်း မနေကြရခြင်းသည် အဘယ်သို့သော သံယောဇဉ်နှောင်ကြိုးရှိနေခြင်းကြောင့်ဖြစ်ပါသနည်း။"

"သိကြားမင်း.... ဤသို့ မိမိတို့လိုလားတောင့်တသည့်အတိုင်း မနေကြရခြင်းသည် ငြူစူခြင်းဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယဟူသော သံယောဇဉ်နှောင်ကြိုးရှိနေခြင်းကြောင့် ဖြစ်ပေ၏။"

"အရှင်ဘုရား.... ဤငြူစူခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယတို့၏ အကြောင်းဇစ်မြစ်ကား အဘယ်ပါနည်း။ အဘယ်တရားရှိသဖြင့် ဣဿာမစ္ဆရိယတို့သည် ပေါ်ပေါက်လာရပါသနည်း။"

www.dhammaransi.com



"သိကြားမင်း.... ငြူစူခြင်း ကြွန်းဝန်တိုခြင်းမစ္ဆရိယတို့၏ အကြောင်း ဇစ်မြစ်ကား ချစ်စရာ မုန်းစရာတို့ဖြစ်၏၊ ချစ်စရာ မုန်းစရာ ရှိသဖြင့် ငြူစူခြင်း ဝန်တိုခြင်းတို့သည် ပေါ်ပေါက်လာရကုန်၏။"

"အရှင်ဘုရား.... ချစ်စရာမုန်းစရာတို့၏အကြောင်းဇစ်မြစ်ကား အဘယ် ပါနည်း၊ အဘယ်တရားရှိသဖြင့် ချစ်ခြင်း မုန်းခြင်းတို့သည် ဖြစ်ပေါ်လာရပါ ကုန်သနည်း"

"သိကြားမင်း... ချစ်စရာ မုန်းစရာတို့၏ အကြောင်း ဇစ်မြစ်ကား လို ချင်ခြင်းဆန္ဒဖြစ်၏၊ လိုချင်ခြင်း ဆန္ဒ ရှိသဖြင့် ချစ်စရာ မုန်းစရာတို့သည် ဖြစ် ပေါ်လာကြကုန်၏။"

"အရှင်ဘုရား.... လိုချင်ခြင်းဆန္ဒ၏ အကြောင်းဇစ်မြစ်ကား အဘယ် ပါနည်း၊ အဘယ်တရား ရှိသဖြင့် လိုချင်ခြင်း ဆန္ဒသည် ဖြစ်ပေါ်လာရပါ သနည်း"

"သိကြားမင်း.... လိုချင်ခြင်းဆန္ဒ၏ အကြောင်းဇစ်မြစ်ကား ကြံစည် ဆုံးဖြတ်မှုဖြစ်၏၊ ကြံစည်ဆုံးဖြတ်မှုရှိသဖြင့် လိုချင်ခြင်း ဆန္ဒသည် ဖြစ်ပေါ် လာရ၏။"

"အရှင်ဘုရား.... ကြံစည်ဆုံးဖြတ်မှု၏ အကြောင်းဇစ်မြစ်ကား အဘယ် ပါနည်း၊ အဘယ်တရား ရှိသဖြင့် ကြံစည် ဆုံးဖြတ်မှုသည် ဖြစ်ပေါ်လာရပါ သနည်း"

"သိကြားမင်း.... ကြံစည်ဆုံးဖြတ်မှု၏ အကြောင်းဇစ်မြစ်ကား ချဲ့ထွင် မှတ်သားသော တရားအစုဖြစ်၏၊ ချဲ့ထွင် မှတ်သားသော တရားအစုရှိသဖြင့် ကြံစည်ဆုံးဖြတ်မှုသည် ဖြစ်ပေါ်လာရ၏။"

"အရှင်ဘုရား.... အဘယ်သို့ကျင့်သော ရဟန်းသည် ချဲ့ထွင် မှတ်သား သော တရားအစု၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည် ပါသနည်း"

"သိကြားမင်း.... ဝမ်းမြောက်မှု သောမနဿသည် မှီဝဲသင့်သော ဝမ်း မြောက်မှု၊ မမှီဝဲသင့်သော ဝမ်းမြောက်မှုဟူ၍ နှစ်မျိုး ရှိ၏၊ နှလုံးမသာမှု ဒေါမနဿ၊ လျစ်လျူရှုမှု ဥပေက္ခာတို့သည်လည်း ထို့အတူပင် နှစ်ပါးစီ ရှိ ကုန်၏။"

www.dhammaransi.com



"သိကြားမင်း....အကြင်ဝမ်းမြောက်မှုကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်ကုန်၏၊ ထို ဝမ်းမြောက်မှုကို မမှီဝဲသင့်"

"အကြင် ဝမ်းမြောက်မှုကို မှီဝဲသူအား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏ ထိုဝမ်းမြောက်မှုကို မှီဝဲသင့်၏။"

"ထိုမှီဝဲသင့်သော ဝမ်းမြောက်မှုတွင်လည်း ကြံစည်ခြင်းဝိတက်၊ သုံးသပ်ခြင်း ဝိစာရ မရှိသော ဝမ်းမြောက်မှုသည် သာလွန်၍ မွန်မြတ်၏။"

(နှလုံးမသာမှု ဒေါမနဿ၊ လျစ်လျူရှုမှု ဥပေက္ခာ တို့ကိုလည်း ထို့အတူပင် ခွဲခြား၍ ဟောတော်မူသည်)

"သိကြားမင်း.... ဤသို့ကျင့်သောရဟန်းသည် ချွတ်ခြင်း မှတ်သားတတ်သော ဘုရားစု၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ကျင့်သည် မည်ပေ၏."

**ပါတိမောက္ခသံဝရသီလ**

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားသောအခါ သိကြားမင်းသည် ထိုဟောကြားချက်ကို ဝမ်းမြောက်စွာ ခံယူပြီး နောက်ထပ် ပြဿနာ တရပ်ကို ထပ်မံမေးလျှောက်ပြန်၏။

"အရှင်ဘုရား.... မည်သို့ ကျင့်သော ရဟန်းသည် ပါတိမောက်သီလကို ကျင့်သည် မည်ပါသနည်း"

"သိကြားမင်း....ကိုယ်အမူအရာ 'ကာယသမာစာရ' သည် မှီဝဲသင့်သော ကိုယ်အမူအရာ၊ မမှီဝဲသင့်သော ကိုယ်အမူအရာဟူ၍ နှစ်ပါးရှိ၏၊ ထို့အတူပင် နှုတ်အမူအရာ 'ဝစီသမာစာရ'၊ ရှာမှီးခြင်း 'ပရိယေသနာ' တို့သည်လည်း နှစ်ပါးစီ ရှိကြ၏။"

"သိကြားမင်း.... အကြင် ကိုယ်အမူအရာကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ် ကုန်၏၊ ထို ကိုယ်အမူအရာကို မမှီဝဲသင့်ပေ၊ အကြင် ကိုယ်အမူအရာကိုမှီဝဲသူအား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏၊ ထို ကိုယ်အမူအရာကို မှီဝဲသင့်၏။"

www.dhammaransi.com



"နှုတ်အမူအရာ 'ဝစီသမာရ'၊ ရှာမှီးခြင်း 'ပရိယေသနာ' တို့ကိုလည်း ထို့တူပင် ခွဲခြား၍ သိအပ်၏။"

"သိကြားမင်း.... ဤသို့ကျင့်သော ရဟန်းသည် ပါတိမောက်သီလကို ကျင့်သည် မည်ပေ၏။"

## ဣန္ဒြိယသံဝရသီလ

သိကြားမင်းသည် ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်ကို ဝမ်းမြောက်စွာ စွာ ခံယူပြီး နောက်ထပ်ပြဿနာတရပ်ကို ထပ်မံ မေးလျှောက်ပြန်၏။

"အရှင်ဘုရား.... မည်သို့ကျင့်သော ရဟန်းသည် ဣန္ဒြေတို့ကို စောင့် စည်းရန်အလို့ငှာ ကျင့်သည်မည်ပါသနည်း"

"သိကြားမင်း.... မျက်စိဖြင့်မြင်သိအပ်သော ရူပါရုံသည် မှီဝဲသင့်သော ရူပါရုံ၊ မမှီဝဲသင့်သောရူပါရုံ ဟူ၍ နှစ်ပါးရှိ၏၊ ထို့အတူပင် နားဖြင့် ကြား သိအပ်သော သဒ္ဒါရုံ၊ နှာခေါင်းဖြင့် နံသိအပ်သော ဂန္ဓာရုံ၊ လျှာဖြင့်စားသိ အပ်သော ရသာရုံ၊ ကိုယ်ဖြင့် တွေ့သိအပ်သောဖောဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့် တွေးသိ အပ်သော ဓမ္မာရုံတို့သည်လည်း နှစ်ပါးစီ ရှိကြကုန်၏။"

"သိကြားမင်း.... အကြင် ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ် တရားများ ဆုတ်ယုတ်ကုန်၏၊ ထိုရူပါရုံကို မမှီဝဲသင့်၊ အကြင်ရူပါရုံကို မှီဝဲသူအား အကုသိုလ် တရားများ ဆုတ်ယုတ်၍ ကုသိုလ် တရားများ တိုးပွားကုန်၏၊ ထိုရူပါရုံကို မှီဝဲသင့်ပေ၏။"

သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့ကိုလည်း ထိုနည်းတူပင် ခွဲခြား၍သိ အပ်၏။

"သိကြားမင်း.... ဤသို့ကျင့်သောရဟန်းသည် ဣန္ဒြေတို့ကို စောင့်စည်း ရန်အလို့ငှာ ကျင့်သည်မည်ပေ၏။"

## အယူဝါဒ မတူမျှခြင်း

သိကြားမင်းသည် ထိုဟောကြားချက်ကိုလည်း ဝမ်းမြောက်စွာ ခံယူပြီး နောက်ထပ် ပြဿနာတရပ်ကို ထပ်မံမေးလျှောက်ပြန်၏။

"အရှင်ဘုရား.... သူတော်သူမြတ်အားလုံးတို့သည် တူသောအဆုံးအမ၊ တူသောအကျင့်၊ တူသောအယူ၊ တူသောဘဝပန်းတိုင် ရှိပါကုန်သလော။"

www.dhammaransi.com



"သိကြားမင်း... သူတော်သူမြတ်အားလုံးတို့သည် တူသောအဆုံးအမ၊ တူသောအကျင့်၊ တူသောအယူ၊ တူသောဘာဝပန်းတိုင် မရှိကြပေ။"

"အရှင်ဘုရား.... သူတော်သူမြတ် အားလုံးတို့သည် အဘယ့်ကြောင့် တူသောအဆုံးအမ၊ တူသောအကျင့်၊ တူသောအယူ၊ တူသောဘာဝပန်းတိုင် မရှိကြပါသနည်း။"

"သိကြားမင်း ... လောကသည် ထူးထွေများပြားသော ဓာတ်သဘော ရှိ၏၊ သတ္တဝါတို့သည် မိမိတို့စွဲလမ်းသော ဓာတ်သဘာဝကိုသာ မြဲမြံစွာဆုပ်ကိုင်၍ 'ငါ့အယူသာမှန်၏၊ တပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်း' ဟု ပြောဆိုတတ်ကြကုန်၏၊ ထို့ကြောင့် သူတော်သူမြတ် အားလုံးတို့သည် တူသောအဆုံးအမ၊ တူသောအကျင့်၊ တူသောအယူ၊ တူသောဘာဝပန်းတိုင် မရှိကြခြင်းဖြစ်၏။"

"အရှင်ဘုရား....သူတော်သူမြတ် အားလုံးတို့သည် စင်စစ် အပြီးအဆုံး ရှိပါကုန်သလော၊ စင်စစ်ယောဂကုန်ရာ ရှိပါကုန်သလော၊ စင်စစ်မြတ်သော အကျင့်ရှိပါကုန်သလော၊ စင်စစ်အဆုံးသတ်တရား ရှိပါကုန်သလော။"

"သိကြားမင်း.... သူတော်သူမြတ် အားလုံးတို့သည် စင်စစ်အပြီးအဆုံး မရှိကုန်၊ စင်စစ်ယောဂကုန်ရာ မရှိကုန်၊ စင်စစ် မြတ်သောအကျင့် မရှိကုန်၊ စင်စစ် အဆုံးသတ်တရား မရှိကုန်၊ တဏှာ ကုန်ခန်းခြင်းဖြင့် ကိလေသာမှ လွတ်သော ရဟန်းတို့သည်သာ စင်စစ်အပြီးအဆုံး ရှိကုန်၏၊ စင်စစ် ယောဂကုန်ရာရှိကုန်၏၊ စင်စစ် မြတ်သောအကျင့် ရှိကုန်၏၊ စင်စစ် အဆုံးသတ်တရား ရှိကုန်၏။"

"အရှင်ဘုရား.... ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ အရှင်ဘုရား၏အဖြေကိုကြားနာရသဖြင့် ကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လော သို့လော တွေးတောခြင်းမှ ကင်းပါပြီ။"

"အရှင်ဘုရား.... လှုပ်ရှား တတ်မက်တတ်သော တဏှာသည် ရောဂါဆိုးနှင့်တူပါ၏၊ အနာဆိုးနှင့်တူပါ၏၊ ဆူးငြောင့်နှင့်တူပါ၏၊ လှုပ်ရှားတတ် မက်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို ထိုထိုဘဝ၌ဖြစ်စေရန် ဆွဲငင်နေပါ၏။ ထို့ကြောင့်ပင် ကျွန်ုပ်သတ္တဝါ အပေါင်းသည် ဘဝကြီးငယ်သို့ ရောက်ကြရခြင်း ဖြစ်ပါ၏။"

www.dhammaransi.com



''သိကြားမင်း.... သင်သည် ဤပြဿနာတို့ကို အခြားသော သူတော်သူမြတ်တို့အား မေးလျှောက်ဘူးပါသလော။''

''မေးလျှောက်ဘူးပါသည် ဘုရား''

''ထိုသူတော်သူမြတ်တို့က သင့်အား မည်သို့ဖြေကြားလိုက်ကြသနည်း၊ ဝန်မလေးလျှင် ငါ့အား ပြန်ကြားလျှောက်တင်ပါလော''

''အရှင်ဘုရား....မြတ်စွာဘုရား ကဲ့သို့သော ပုဂ္ဂိုလ်၏ ရှေ့မှောက်၌ ပြန်ကြား လျှောက်တင်ရန် ကျွန်ုပ် ဝန်မလေးပါ။ အရှင်ဘုရား ကျွန်ုပ်သည် ယခါက ဆိတ်ငြိမ်သော တောကျောင်း၌ နေသည့် သူတော် သူမြတ်တို့ထံ ချဉ်းကပ်၍ ဤပြဿနာတို့ကို မေးလျှောက် ခဲ့ဘူးပါ၏၊ သို့သော်လည်း ထို သူတော်သူမြတ်တို့သည် ကျွန်ုပ်၏ ပြဿနာတို့ကို ဖြေဆိုရန် မစွမ်းနိုင်ကြဘဲ ကျွန်ုပ်ကိုသာ 'သင်မည်သူပါနည်း' ဟူ၍ ပြန်၍မေးကြပါသည်။''

''ကျွန်ုပ် သိကြားမင်းဖြစ်ပါသည်ဟု ဖြေကြားသည့်အခါ ထိုသူတော် သူမြတ်တို့က 'အရှင်သည် မည်သို့သော ကောင်းမှုကို ပြုလုပ်ခဲ့သဖြင့် သိကြား မင်းအဖြစ်ကို ရရှိပါသနည်း' ဟု မေးမြန်းကြပြန်ပါသည်။ ကျွန်ုပ်က မိမိပြု လုပ်ခဲ့သော ကုသိုလ်ကောင်းမှုတို့ကို ပြောကြားလိုက်ရာ ထိုသူတော် သူမြတ် တို့သည် 'ငါတို့ကား သိကြားမင်းကို တွေ့မြင်ကြရ၏၊ သိကြားမင်းနှင့်လည်း စကားပြောဆိုကြရပေ၏' ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပါသည်။ စင်စစ် ကျွန်ုပ်က ထိုသူတော်သူမြတ်တို့၏ တပည့်မဖြစ်ဘဲ ထိုသူတော်သူမြတ် တို့ကသာ ကျွန်ုပ်၏တပည့် ဖြစ်သွားကြပါသည်။''

''အရှင်ဘုရား.... ကျွန်ုပ်ကား အပါယ်လေးပါးသို့ ကျရောက်ခြင်းမရှိ တော့ဘဲ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော မြတ်စွာ ဘုရား၏တပည့် သောတာပန် ဖြစ်ပါ၏။''

## မတူသောဝမ်းမြောက်မှု

''သိကြားမင်း... သင်သည် ရှေးအခါက ဤသို့သောဝမ်းမြောက်မှုကို ရဘူးပါ၏လော''

''အရှင်ဘုရား.... ရှေးအခါက နတ်နှင့်အသူရာတို့ စစ်ပွဲဖြစ်ပွားရာ နတ် တို့က အောင်နိုင်ရသဖြင့် စစ်နိုင်သော ကျွန်ုပ်အား ဝမ်းမြောက်မှု ဖြစ်ပေါ် ခဲ့ပါ

www.dhammaransi.com



သည်။ သို့သော်လည်း ထိုနှစ်သက်ဝမ်းမြောက်မှုကို ရခြင်းမှာ တုတ် ဓား လက်နက်ကိုင်ဆောင်ရသော ချမ်းသာမျိုးသာဖြစ်ပါသည်၊ အမှန်တရားကိုသိမြင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်သော ချမ်းသာမျိုး မဟုတ်ပါ။ အရှင်ဘုရား၊ မြတ်စွာဘုရား၏ တရားတော်ကိုကြားနာရသဖြင့် ရရှိသော နှစ်သက်ဝမ်းမြောက်မှုသည်ကား တုတ် ဓား လက်နက် မကိုင်ဆောင်ရသော ချမ်းသာဖြစ်ပါသည်။ အမှန်တရားကို သိမြင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလိုလို့ငှာဖြစ်သော ချမ်းသာဖြစ်ပါသည်။''

''သိကြားမင်း... သင်သည် မည်သို့သော အကျိုးထူးကို သိမြင် ရ၍ ဤသို့သဘောရှိသော နှစ်သက်ဝမ်းမြောက်မှု ရရှိခြင်းကို ချီးကျူးပြောဆိုဘိ သနည်း။''

''အရှင်ဘုရား... ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာ၏ ရှေ့မှောက်၌ တည်နေလျက်ပင် ယခုသိကြားမင်းဘဝမှ စုတေ၍နောက်ထပ် သိကြားမင်း ဘဝကို ရခဲ့ပါသည်။ ထိုသိကြားမင်းသစ်ဘဝမှ စုတေသော် လူ့ပြည်၌ မိမိနှစ်သက်ရာ မိခင်ဝမ်းတွင် ပဋိသန္ဓေနေရပါလိမ့်မည်။ လူဖြစ်သော ကျွန်ုပ်သည် မြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ နေထိုင်သဖြင့် သကဒါဂါမိမဂ်ကို ရရှိပါလိမ့်မည်။ ထိုလူ့ဘုံမှစုတေသော် သိကြားမင်းတကြိမ် ဖြစ်ရပါဦးမည်။ နောက်ဆုံး ဘဝတွင်မူ အကနိဋ္ဌဗြဟ္မာဘုံသို့ ရောက်ရပါလိမ့်မည်၊ ဤခြောက်ပါးသော အကျိုးထူးကို သိမြင်ရသဖြင့် ကျွန်ုပ်သည် ဤသို့သဘောရှိသော နှစ်သက်ဝမ်းမြောက်မှု ရခြင်းကို ချီးကျူးပြောဆိုခြင်း ဖြစ်ပါသည်ဘုရား။''

(မှတ်ချက်။ သိကြားမင်းသည် တရားနာနေဆဲ အချိန်အတွင်း မှာပင် စုတေ၍ နောက်ထပ် သိကြားမင်းသစ် အဖြစ်ကိုရရှိသည်။ ထို့ကြောင့် ယင်းသို့လျှောက်ခြင်းဖြစ်သည်။)


### ပဉ္စသိခနတ်သား ဆုလာဒ်ရရှိခြင်း

သိကြားမင်းသည် ဗုဒ္ဓမြတ်စွာအား ယင်းသို့ လျှောက်ထားပြီးနောက် ပဉ္စသိခနတ်သားအား ''အမောင် ပဉ္စသိခ၊ ဗုဒ္ဓမြတ်စွာအား ဖူးမြော်ခွင့်ရရန် ခွင့်ပန်ပေးသောသင်သည် ငါ့အားကျေးဇူးများလှပေ၏။ ထို့ကြောင့်ငါသည် သင့်အား သင့်ဘခင် ဂန္ဓဗ္ဗနတ်မင်း၏ ရာထူးကိုပေးအံ့၊ သင်အလွန်တောင့်တနေသော သူရိယဝစ္ဆသာ နတ်သမီးကိုလည်းပေးအံ့'' ဟု မိန့်ကြားလေ၏၊ ထို့

www.dhammaransi.com


**နောက်** သိကြားမင်းသည် လက်ဖြင့် မြေကြီးကိုပုတ်၍ "**နမောတဿ ဘဂဝတော အရဟတော** သမ္မာ သမ္ဗုဒ္ဓဿ" ဟု သုံးကြိမ်ဥဒါန်းကျူးရင့်၏။

ဤတရားဒေသနာကို ကြားနာရသဖြင့် သိကြားမင်းနှင့်တကွ ရှစ်သောင်းသော နတ်တို့အား ကိလေသာမှုကင်းစင်သော သောတာပတ္တိမဂ်ဉာဏ် ထင်ရှား ဖြစ်ပေါ်လာ၏။ နတ်တို့၏အရှင် သိကြားမင်း မေးလျှောက် သည့် ပြဿနာတို့ကို ဖြေကြားခြင်းဖြစ်သောကြောင့် ဤဒေသနာသည်လည်း သက္ကပဉှဟု အမည်တွင်လေသည်။



www.dhammaransi.com

# ၂၂။ မဟာသတိပဋ္ဌာနသုတ်

သတိပဋ္ဌာန်လေးပါးကို အကျယ်ဟောကြားခြင်း

## တကြောင်းတည်းသောခရီး

ဗုဒ္ဓမြတ်စွာသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သော နိဂုံး(ရွာကြီး)၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤမဟာသတိပဋ္ဌာနသုတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့....သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတို့ကို လွန်မြောက်နိုင်ရန်၊ ကိုယ်စိတ်ဆင်းရဲခြင်းများ ချုပ်ငြိမ်းရန်၊ နည်းမှန် လမ်းမှန်ကို ရရှိရန်၊ ဆင်းရဲ ငြိမ်းအေးမှုကို မျက်မှောက် ပြုရန်အတွက် တကြောင်းတည်းသောခရီးလမ်းကား ဤ သတိပဋ္ဌာန်လေးပါးတို့ပင် ဖြစ်၏၊ သတိပဋ္ဌာန်လေးပါးဟူသည်....

(၁) ပြင်းစွာ လုံ့လစိုက်လျက် သတိသမ္ပဇဉ်နှင့် ယှဉ်ကာ လောကသားတို့အပေါ်၌ ငြူစူခြင်း၊ ပြစ်မှားခြင်းတို့ကို ပယ်ဖျောက်ပြီး ကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ ရှု၍နေခြင်း။

(၂) ခံစားမှု ဝေဒနာတို့၌ ခံစားမှု ဝေဒနာဟု အဖန်တလဲလဲ ရှု၍နေခြင်း။

(၃) စိတ်၌ စိတ်ဟု အဖန်တလဲလဲ ရှု၍နေခြင်း။

(၄) တရားသဘောတို့၌ တရားသဘောဟု အဖန်တလဲလဲ ရှု၍ နေခြင်းတို့ ဖြစ်ကုန်သည်။

### ကိုယ်၌ ရှုဆင်ခြင်ခြင်း

**ထွက်သက်ဝင်သက်ကိုရှုပုံ**

ကိုယ်၌ ကိုယ်ဟု ရှုဆင်ခြင်ပုံကား.... ရဟန်းတပါးသည် တော၊တောင်၊ သစ်ပင်ရင်း စသော ဆိတ်ငြိမ်ရာ အရပ် တခုခုသို့ ချဉ်းကပ်၍ တင်ပြင်ခွေ

www.dhammaransi.com



ထိုင်ပြီး ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ် ထား၏၊ သတိကိုလည်း ကမ္မဋ္ဌာန်း အာရုံသို့ ရှေ့ရှုတည်စေ၏၊ ယင်းသို့ တည်စေပြီးနောက် ထိုရဟန်းသည် သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူသွင်း၏၊ သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှူထုတ်၏၊ ရှည်ရှည် ရှူသွင်းလျှင် "ရှည်ရှည်ရှူသွင်းသည်"ဟုသိ၏၊ "ရှည်ရှည်ရှူထုတ်လျှင် ရှည်ရှည် ရှူထုတ်သည်"ဟု သိ၏၊ တိုတိုရှူသွင်းလျှင် တိုတိုရှူသွင်းသည်ဟု သိ၏၊ တိုတိုရှူထုတ်လျှင်လည်း "တိုတိုရှူထုတ်သည်"ဟု သိ၏၊ ဝင်သက်လေ၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ရှူသွင်းမည် ဟူ၍ လေ့ကျင့် အားထုတ်၏၊ ထွက်သက်လေ၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ရှူထုတ်မည်ဟူ၍ လေ့ကျင့်အားထုတ်၏၊ ရုန့်ရင်းပြင်းထန်သော ဝင်သက်ကို ငြိမ်းအေးစေလျက် ရှူသွင်းမည်ဟူ၍ လေ့ကျင့် အားထုတ်၏၊ ရုန့်ရင်း ပြင်းထန်သော ထွက်သက်ကို ငြိမ်း အေး စေလျက် ရှူထုတ်မည်ဟူ၍ လေ့ကျင့်အားထုတ်၏၊ ဥပမာအားဖြင့် ကျွမ်းကျင်သော ပွတ်သမားသည် ပွတ်ကြိုးကို ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲသည် ဟူ၍ရင်း၊ တိုတိုဆွဲလျှင် တိုတိုဆွဲသည်ဟူ၍ရင်း သိသကဲ့သို့ ဖြစ်၏။

## ဣရိယာပုတ်ကိုရှုပုံ

ရဟန်းတပါးသည်ကား သွားလျှင် သွားသည်ဟု သိ၏၊ ရပ်လျှင် ရပ်သည်ဟု သိ၏၊ ထိုင်လျှင် ထိုင်သည်ဟု သိ၏၊ အိပ်လျှင် အိပ်သည်ဟု သိ၏၊ တည်ရှိ နေတိုင်းသော အချင်းအရာအားဖြင့် ကိုယ်၏ လှုပ်ရှား တည်နေပုံကို သိ၏။

## သမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပုံ

တဖန် ထိုရဟန်းသည် ရှေ့သို့တိုးခြင်း၊ နောက်သို့ဆုတ်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ တည့်တည့်ကြည့်ခြင်း၊ စောင်း၍ ကြည့်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ ကွေးခြင်း ဆန့်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ သပိတ်၊ သင်္ကန်းတို့ကို ကိုင်တွယ်ဝတ်ဆင်ခြင်း၊ စားခြင်း၊ သောက်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ စကားပြောခြင်း၊ ဆိတ်ဆိတ်နေခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

www.dhammaransi.com



### စက်ဆုပ်ဖွယ်ဟုရှုပုံ

တဖန် ထိုရဟန်းသည် အောက်ခြေဖဝါးပြင်မှစ၍ အထက်ဆံပင်ဖျားအထိ အရေဖျားဖြင့် ပိုင်းခြားအပ်သော ဤကိုယ်ကို မစင်ကြွယ်သော အရာဝတ္ထုအမျိုးမျိုးဖြင့် ပြည့်နှက်နေသည်ဟူ၍ ရှုဆင်ခြင်၏၊ "ဤကိုယ်၌....

ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊
အသား၊ အကြော၊ အရိုး၊ ချဉ်ဆီ၊ အညှို့၊
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊
အူမ အူသိမ် အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊
အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊

အစေး၊ ကျင်ငယ်ဟု ခေါ်သည့် (၃၂) ပါးသော အစုအဝေးများသာ ရှိ၏" ဟူ၍ ရှုဆင်ခြင်၏၊ ဥပမာအားဖြင့် မျက်စိ အမြင် ကောင်းသော ယောကျ်ားသည် ကောက်ပဲသီးနှံအမျိုးမျိုးဖြင့် ပြည့်နေသော အိတ်ကို ဖွင့်၍ "ဤကား စပါးတည်း၊ ဤကား ပဲနောက်တည်း၊ ဤကား ပဲကြီးတည်း" စသည်ဖြင့် ခွဲခြားသိမြင်သကဲ့သို့ဖြစ်၏။

### ဓာတ်သဘောကို ဆင်ခြင်ပုံ

တဖန် ထိုရဟန်းသည် တည်နေတိုင်း ထားရှိတိုင်းသော ဤကိုယ်ကို ဓာတ်သဘောအားဖြင့် ဆင်ခြင်၏၊ "ဤကိုယ်၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် ဟူသော ဓာတ်လေးပါးသာ ရှိ၏" ဟူ၍ ဆင်ခြင်၏၊ ဥပမာအားဖြင့် ကျွမ်းကျင်သော နွားသတ်သမားသည် နွားကို သတ်ပြီး လမ်းလေးခွ၌ အသားတို့ကို လေးစု လေးပုံပြုကာ ထိုင်နေသကဲ့သို့ ဖြစ်၏။

### သုသာန်၌ သေကောင်ကိုးမျိုးကို ဆင်ခြင်ပုံ

တဖန် ထိုရဟန်းသည် သုသာန်၌ စွန့်ပစ်ထားသော သူသေကောင် အမျိုးမျိုးကိုရှု၍ မိမိကိုယ်ကို ဆင်ခြင်၏။

(၁) သေပြီး နှစ်ရက် သုံးရက်ကြာသဖြင့် ဖူးယောင် ပုပ်ပွနေသော သူသေကောင်။

(၂) ကျီး ငှက် တိရိစ္ဆာန်တို့ ထိုးဆွကိုက်ဆွဲထားသော သူသေကောင်၊

www.dhammaransi.com



(၃) အသားအသွေးတို့နှင့်တကွ အကြောဖြင့် ဖွဲ့စပ်၍ အရိုးစု ဖြစ်နေသော သူသေကောင်။

(၄) အသားကင်းပြီး အသွေးဖြင့်သာ လိမ်းကျံလျက် အကြောဖြင့် ဖွဲ့စပ်၍ အရိုးစုဖြစ်နေသော သူသေကောင်။

(၅) အသားရော အသွေးပါ ကင်းပြီး အကြောဖြင့်သာ ဖွဲ့စည်းလျက် အရိုးစု ဖြစ်နေသော သူသေကောင်။

(၆) အဆက်အစပ်မရှိတော့ဘဲ ခြေရိုးတခြား လက်ရိုးတခြား စသည်ဖြင့် ပြန့်ကျဲနေသော သူသေကောင်။

(၇) ခရုသင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစု ဖြစ်နေသည့် သူသေကောင်။

(၈) နှစ်လွန်၍ နေပူမိုးစိုဖြစ်နေသော အရိုးစု သူသေကောင်။

(၉) အမှုန့် ဖြစ်၍ ပုပ်ဆွေးနေသော အရိုးစု သူသေကောင် တို့ကို ရှု၍ "ငါ၏ကိုယ်သည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့ပင် ဖြစ်တတ်၏၊ ဤသို့သော အဖြစ်မျိုးကို မလွန်ဆန်နိုင်ပေ" ဟူ၍ နှိုင်းရှုဆင်ခြင်၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိကိုယ်၌ဖြစ်စေ၊ သူတပါးတို့၏ကိုယ်၌ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ဖြစ်စေ ကိုယ်ဟု၍အဖန်ဖန်ရှု၍နေ၏၊ ကိုယ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန်ရှု၍နေ၏၊ အသိဉာဏ်ဖြစ်ရန်၊ တဖန် သတိရရန်အတွက်သာလျှင် 'ကိုယ်ရှိ၏' ဟူ၍ သတိကို ထင်စွာထား၏၊ ထိုရဟန်းသည် တဏှာဒိဋ္ဌိ ဟူသော အမှီအတွယ် မရှိမူ၍ နေ၏၊ လောက၌ တစုံတခုကိုမျှလည်း စွဲလမ်းခြင်း မရှိချေ။ ဤသို့လျှင် ထိုရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှု၍ နေ၏။

## ဝေဒနာတို့၌ ရှုဆင်ခြင်ခြင်း

ခံစားမှုဝေဒနာတို့၌ ဝေဒနာဟု ရှုဆင်ခြင်ပုံကား သာသနာ့ဝန်ထမ်း ရဟန်းတပါးသည် ချမ်းသာမှုကိုခံစားလျှင် "ချမ်းသာမှုကိုခံစား၏" ဟုသိ၏၊ ဆင်းရဲမှုကိုခံစားလျှင် "ဆင်းရဲမှုကို ခံစား၏" ဟု သိ၏၊ ဆင်းရဲ သည်လည်းမဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော ခံစားမှုကို ခံစားလျှင်လည်း "ဆင်းရဲသည်လည်းမဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော ခံစားမှုကိုခံစား၏" ဟု သိ၏။ တွယ်တာဖွယ်နှင့်ယှဉ်သော ချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု၊ တွယ်တာဖွယ်နှင့်မယှဉ်သော ချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှုတို့ကိုလည်း ထိုနည်းတူပင် သိမှတ် ဆင်ခြင်၏။

www.dhammaransi.com



ဤသို့အားဖြင့် ထိုရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ခံစားမှုတို့၌ ဖြစ်စေ သူတပါးတို့၏ သန္တာန်၌ဖြစ်သော ခံစားမှုတို့ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ ဖြစ်စေ၊ ခံစားမှုဟု အဖန်ဖန်ရှု၍နေ၏။ ခံစားမှုတို့၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန်ရှု၍နေ၏။ အသိဉာဏ် ဖြစ်ရန်၊ တဖန်သတိရရန်အတွက်သာလျှင် "ခံစားမှုသည်ရှိ၏" ဟူ၍ သတိကိုထင်စွာထား၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော အမှီအတွယ်မရှိ မှု၍နေ၏။ လောက၌ တစုံတခုကိုမျှလည်း စွဲလမ်းခြင်းမရှိချေ၊ ဤသို့လျှင်ထိုရဟန်းသည် ခံစားမှု ဝေဒနာတို့၌ ခံစားမှုဟုအဖန်ဖန်ရှု၍နေ၏။

## စိတ်၌ရှုဆင်ခြင်ခြင်း

စိတ်၌ စိတ်ဟု ရှုဆင်ခြင်ပုံကား– သာသနာ့ဝန်ထမ်း ရဟန်းတပါးသည် စွဲငြိမှုရှိသောစိတ်ကို "စွဲငြိမှုရှိသောစိတ်" ဟု သိ၏။ စွဲငြိမှုမရှိသော စိတ်ကို "စွဲငြိမှုမရှိသောစိတ်" ဟု သိ၏။ ပြစ်မှားမှုရှိသောစိတ်၊ ပြစ်မှားမှုကင်းသော စိတ်၊ တွေဝေမှုရှိသောစိတ်၊ တွေဝေမှုကင်းသောစိတ်၊ ကျဉ်းကျုံ့သောစိတ်၊ ပျံ့လွင့်သောစိတ်၊ မြင့်မြတ်သောစိတ်၊ မမြင့်မြတ်သောစိတ်၊ အလွန်ရှိစိတ်၊ အလွန်မဲ့စိတ်၊ တည်တန့်ကြံ့ခိုင်မှုရှိသောစိတ်၊ တည်တန့်ကြံ့ခိုင်မှုမရှိသောစိတ်၊ လွတ်မြောက်သောစိတ်၊ မလွတ်မြောက်သောစိတ် တို့ကိုလည်း ထို့အတူပင် ခွဲခြားသိမြင်၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိစိတ်၌ဖြစ်စေ၊ သူတပါးတို့၏စိတ်၌ ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ဖြစ်စေ၊ စိတ်ဟု အဖန်ဖန်ရှု၍နေ၏၊ စိတ်၌ဖြစ်ခြင်း သဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောများကို အဖန်ဖန်ရှု၍နေ၏။ အသိဉာဏ်ဖြစ်ရန်၊ တဖန်သတိရရန်အတွက်သာလျှင် "စိတ်သည်ရှိ၏" ဟူ၍ သတိကို ထင်စွာထား၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော အမှီအတွယ်မရှိ မှု၍နေ၏။ လောက၌ တစုံတခုကိုမျှလည်း စွဲလမ်းခြင်းမရှိချေ၊ ဤသို့လျှင်ထို ရဟန်းသည် စိတ်၌စိတ်ဟု အဖန်ဖန်ရှု၍နေ၏။

## တရားသဘောတို့၌ ရှုဆင်ခြင်ခြင်း

### နီဝရဏငါးပါးကိုရှုပုံ

တရားသဘောတို့၌ တရားသဘောဟု ရှုဆင်ခြင်ပုံကား- သာသနာ့ဝန်ထမ်း ရဟန်းတပါးသည် စိတ်ကိုပိတ်ထို့တားဆီးတတ်သော နီဝရဏတရားတို့၌

www.dhammaransi.com



တရားသဘောဟု အဖန်ဖန်ရှုရှုနေ၏။ မိမိသန္တာန်၌ ကာမအလိုရှိလျှင် "ငါ၏ အတွင်းသန္တာန်၌ ကာမအလိုရှိ၏" ဟုသိ၏။ မိမိသန္တာန်၌ ကာမအလိုမရှိလျှင် "ငါ၏အတွင်းသန္တာန်၌ ကာမအလိုမရှိ" ဟုသိ၏၊ မဖြစ်သေးသော ကာမအလို ဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်လာသော ကာမအလိုအားပယ်ခြင်း၊ ပယ်ပြီးသော ကာမအလို၏ နောက်ထပ်ဖြစ်ပေါ်မလာခြင်းတို့ကိုလည်း ထင်ရှားစွာ သိမြင်၏၊ ပြစ်မှားစိတ်ဆိုးခြင်း၊ ထိုင်းမှိုင်းတွေဝေခြင်း၊ ပျံ့လွင့်ပူပန်ခြင်း၊ တွေးတောယုံမှားခြင်းဟူသော နီဝရဏတရားများကိုလည်း ထို့အတူပင်သိမြင်၏။

## ခန္ဓာငါးပါးကိုရှုပုံ

တဖန်ထိုရဟန်းသည် စွဲလမ်းအပ်သော ခန္ဓာငါးပါးတို့၌ တရားသဘောဟု အဖန်ဖန်ရှုရှုနေ၏။ "ဤကားရုပ်တည်း၊ ဤကားရုပ်၏ဖြစ်ပေါ်ခြင်းတည်း၊ ဤကားရုပ်၏ ချုပ်ပျောက်ခြင်းတည်း" ဟု အဖန်ဖန်ရှုရှုနေ၏။ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်အားထုတ်မှုသင်္ခါရနှင့် စိတ်ဝိညာဏ်တို့၌လည်း ထို့အတူပင် ခွဲခြားသိမြင် ရှုဆင်ခြင်ရှုနေ၏။

## အာယတနတဆယ့်နှစ်ပါးကိုရှုပုံ

တဖန်ထိုရဟန်းသည် အသိစိတ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းဖြစ်သော အတွင်းအာယတနခြောက်ပါး၊ အပြင် အာယတနခြောက်ပါးတို့၌ တရားသဘောဟု အဖန်ဖန် ရှုရှုနေ၏။ ထိုရဟန်းသည် မျက်စိကိုလည်းသိ၏၊ အဆင်းရူပါရုံကိုလည်းသိ၏၊ ယင်းနှစ်ပါးစုံကိုအစွဲပြု၍ တတ်မက်ခြင်းစိတ်ဆိုးခြင်းစသော သံယောဇဉ်နှောင်ကြိုး ဖြစ်ပေါ်လာပုံကိုလည်းသိ၏။ မဖြစ်သေးသော သံယောဇဉ် ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်လာသော သံယောဇဉ်အား ပယ်ခြင်း၊ ပယ်ပြီးသော သံယောဇဉ်၏ နောက်ထပ် ဖြစ်ပေါ်မလာခြင်းတို့ကိုလည်းသိ၏။ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့် အတွေ့အထိ၊ မနောဝိညာဉ်နှင့် ဓမ္မာရုံတို့ကိုလည်း ထို့အတူပင်သိမြင်၏။

## ဗောဇ္ဈင်ခုနစ်ပါးကိုရှုပုံ

တဖန်ထိုရဟန်းသည် ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်း ဖြစ်သော တရားခုနစ်ပါးတို့၌ တရားသဘောဟုအဖန်ဖန်ရှုရှုနေ၏။ မိမိသန္တာန်၌ဗောဓိ

www.dhammaransi.com



ဥာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော သတိရှိလျှင် "ရှိ၏"ဟုသိ၏။ မရှိလျှင်လည်း "မ ရှိ"ဟုသိ၏။ မဖြစ်သေးသောသတိ ဖြစ်ပေါ်လာပုံ ဖြစ်ပေါ်လာသောသတိ၏ တိုးပွားပြည့်စုံလာပုံတို့ကိုလည်း သိမြင်၏။ ဗောဓိဥာဏ်၏အင်္ဂါအစိတ်အပိုင်းဖြစ်သော တရားသဘောကို စိစစ်မှုဥာဏ်၊ အားထုတ်မှု ဝီရိယ၊ နှစ်သက်မှုပီတိ၊ ငြိမ်းအေးမှုပဿဒ္ဓိ၊ တည်ငြိမ်မှုသမာဓိ၊ လျစ်လျူရှုမှုဥပေက္ခာတို့ကိုလည်း ထို့အတူပင် သိမြင်၏။

## သစ္စာလေးပါးကိုရှုပုံ

တဖန် ထိုရဟန်းသည် အရိယ သစ္စာ လေးပါးတို့၌ တရားသဘောဟု အဖန်ဖန်ရှုရှုနေ၏။ "ဤကား ဆင်းရဲတည်း၊ ဤကားဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကားဆင်းရဲငြိမ်းရာတည်း၊ ဤကား ဆင်းရဲငြိမ်းရာသို့ ရောက်စေတတ်သော အကျင့်တည်း"ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်၏။

ဆင်းရဲခြင်းအမှန်တရားဟူသည်- ပဋိသန္ဓေနေရခြင်း၊ အိုရသေရခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ကိုယ်စိတ် ဆင်းရဲရခြင်း၊ ပြင်းစွာပူပန်ရခြင်းတို့သည် ဆင်းရဲခြင်းများဖြစ်၏။ မချစ်မနှစ်လိုဖွယ်တို့နှင့်တွေ့ဆုံပေါင်းသင်းရခြင်း၊ ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကေ့ကွင်းရခြင်း၊ လိုချင်သည်ကို မရခြင်းများသည်လည်း ဆင်းရဲခြင်းပင်ဖြစ်၏။ အချုပ်အားဖြင့်ကား စွဲလမ်း အပ်သော ခန္ဓာငါးပါးသည် ဆင်းရဲခြင်းဖြစ်ပေသည်။

ဆင်းရဲဖြစ်ကြောင်း အမှန်တရား ဟူသည်.... နောက်ထပ် ဘဝသစ်ကို ဖြစ်ပေါ်စေတတ်သော၊ နှစ်သက်စွဲငြိခြင်းနှင့်တကွ ဖြစ်သော၊ ထိုထိုဘဝ အာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တတ်မက်မှုပင် ဖြစ်၏၊ ယင်းတတ်မက်မှုသည် ကာမဂုဏ်၌ တတ်မက်မှု၊ ဘဝ၌ တတ်မက်မှု၊ ဘဝပြတ်စဲခြင်း၌ တတ်မက်မှု ဟူ၍ သုံးမျိုးရှိ၏။

ဆင်းရဲငြိမ်းရာ အမှန်တရားဟူသည်.... အဆိုပါတတ်မက်မှု၏ အကြွင်းမဲ့ ကင်းစင် ချုပ်ငြိမ်းခြင်း၊ စွန့်ခွာ လွတ်မြောက်ခြင်း၊ ငြိမ်းအေးခြင်းပင် ဖြစ်သည်။

ဆင်းရဲငြိမ်းရာ အမှန်တရား ဟူသည် .. မှန်သော အမြင်၊ မှန်သော အကြံ၊ မှန်သောစကား၊ မှန်သောအလုပ်၊ မှန်သောအသက်မွေးခြင်း၊ မှန်သော အားထုတ်ခြင်း၊ မှန်သော သတိ၊ မှန်သော တည်ကြည်ခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ဤအရိယမဂ်လမ်းစဉ်ပင် ဖြစ်ပေသည်။

www.dhammaransi.com



ဤသို့အားဖြင့် ထိုရဟန်းသည် မိမိသဏ္ဍာန်၌သော်၎င်း၊ သူတပါးတို့၏ သဏ္ဍာန်သော်၎င်း၊ မိမိ သူတပါး နှစ်ဦးသားလုံးတို့၏ သဏ္ဍာန်၌သော်၎င်း တည်ရှိသော တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏၊ ထို တရားသဘောတို့၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘော တို့ကို အဖန်ဖန်ရှု၍နေ၏၊ အသိဉာဏ်ဖြစ်ရန်၊ တဖန် သတိရရန်အတွက်သာ လျှင် "တရားသဘောများသည် ရှိကုန်၏" ဟူ၍ သတိကို ထင်စွာ ထား၏၊ ထိုရဟန်းသည် တဏှာဒိဋ္ဌိ ဟူသော အမှီအတွယ် မရှိမူ၍ နေ၏၊ လောက၌ တစုံတခုကိုမျှလည်း စွဲလမ်းခြင်း မပြုပေ။ ဤသို့လျှင် ထိုရဟန်းသည် တရား သဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှု၍နေ၏။

## သတိပဋ္ဌာန်ပွားများခြင်း၏အကျိုး

"ရဟန်းတို့ ... အကြင် တစုံတယောက်သောပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန် လေးပါးကို ငါဘုရား ဟောကြားသည့်နည်းအတိုင်း ခုနစ်နှစ်ပတ်လုံး ပွားများ ငြားအံ့၊ ထိုပုဂ္ဂိုလ်သည် ယခု မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကိုဖြစ်စေ၊ စွဲလမ်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမ်ဖိုလ်ကိုဖြစ်စေ မုချရမည်ဟု မြော် လင့်အပ်၏။"

"ရဟန်းတို့.... ခုနစ်နှစ်ကို ထားဘိဦး၊ အကြင် တစုံတယောက်သော ပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို ငါဘုရား ဟောကြားသည့်နည်းအတိုင်း ခုနစ်ရက်မျှ ပွားများငြားအံ့၊ ထိုပုဂ္ဂိုလ်သည် ယခုမျက်မှောက်ဘဝ၌ပင် အရ ဟတ္တဖိုလ်ကိုဖြစ်စေ၊ စွဲလန်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ် စေ မုချ ရမည်ဟု မြော်လင့်အပ်၏။"

"ရဟန်းတို့ ... သတ္တဝါတို့၏ စိတ် စင်ကြယ်ရန်၊ စိုးရိမ် ပူဆွေး ငိုကြွေး ရခြင်းများကို လွန်မြောက်နိုင်ရန်၊ ကိုယ်စိတ်ဆင်းရဲမှုများချုပ်ငြိမ်းရန်၊ နည်း မှန် လမ်းမှန်သို့ ဆိုက်ရောက်ရန်၊ ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အတွက် တကြောင်းတည်းသော ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင် ဖြစ်ပေသည်"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားတော်မူသောအခါ ရဟန်းတို့သည် ဝမ်းမြောက်စွာ နာယူမှတ်သားကြလေသည်။

www.dhammaransi.com

# ၂၃။ ပါယာသိသုတ်

ပါယာသိမြို့စားအား ဟောကြားသောတရား

## အယူမှားသောမြို့စား

အခါတပါး၌ အရှင်ကုမာရကဿပသည် ရဟန်းငါးရာနှင့်အတူ ကောသလတိုင်း၌ ခရီးလှည့်လည်စဉ် သေတဗျမြို့သို့ ဆိုက်ရောက်၍ သေတဗျမြို့၏ မြောက်ဖက် ယင်းတိုက်တော၌ သီတင်းသုံးနေ၏၊ သေတဗျမြို့ကား ဆန် ရေ စပါး ပေါများပြည့်စုံ၍ စည်ကားသော ကောသလတိုင်း၏ မြို့တမြို့ ဖြစ်၏၊ ထိုမြို့ကို ကောသလတိုင်းရှင် ဘုရင်ပသေနဒီကောသလမင်း၏ အပိုင်စားပေးချက်အရ ပါယာသိမည်သော မြို့စားက အုပ်ချုပ်နေ၏၊ မြို့စားကြီးပါယာသိကား "တပါးသော လောကမရှိ၊ သေပြီးပြန်ဖြစ်သော သတ္တဝါမရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးမရှိ"ဟု အယူရှိနေသူ ဖြစ်၏။

သေတဗျမြို့သူမြို့သားတို့သည် ဆန်းကြယ်သော တရားစကားကို ဟောကြားတတ်ပြီး ရဟန္တာတပါးအဖြစ်ဖြင့်လည်း ကျော်ကြားနေသည့် ရှင်ကုမာရကဿပ မိမိတို့မြို့သို့ ဆိုက်ရောက်လာကြောင်း ကြားသိကြလျှင် ရှင်ကုမာရကဿပအား သွားရောက်ဖူးမြော်ရန်အတွက် မြို့တွင်းမှ အုပ်စုလိုက် ထွက်လာကြသည်။ ထိုသူတို့ကို မိမိ၏ စံနန်းပြာသာဒ်ဆောင်ပေါ်မှနေ၍ မြို့စားကြီး ပါယာသိ မြင်၍ အမတ်တယောက်ကို မေးမြန်းလျှင် ရှင်ကုမာရကဿပအား ဖူးမြော်ရန် သွားကြခြင်းဖြစ်ကြောင်း သိရှိလေ၏။

## နေနှင့်လ ဥပမာ

ထိုအခါ မြို့စားကြီး ပါယာသိသည် မြို့သူမြို့သားတို့အား ခေတ္တမျှ စောင့်ဆိုင်းစေပြီး သူကိုယ်တိုင် ထိုသူတို့နှင့်အတူ လိုက်ပါခဲ့လေ၏၊ ရှင်ကုမာရကဿပ ထံ ရောက်၍ ဝမ်းမြောက်ဖွယ်ရာ လောကဝတ်စကားများ ပြောကြား

www.dhammaransi.com



ပြီးနောက် မြို့စားကြီး ပါယာသိသည် ရှင်ကုမာရကဿပအား မိမိသည် "တပါးသော လောက မရှိ၊ သေပြီး ပြန်ဖြစ်သော သတ္တဝါ မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးမရှိ"ဟု အယူရှိကြောင်း ထုတ်ဖော်လျှောက်ကြားလေသည်။ ယင်းသို့ လျှောက်ကြားလျှင် ရှင်ကုမာရကဿပက မြို့စားကြီးအား ဤသို့ ပြန်လည် မိန့်ကြားလေသည်။

"မြို့စားကြီး ... သို့ဖြစ်လျှင် သင့်ကို ငါ တခု မေးအံ့၊ ဤနေနှင့်လတို့သည် ဤလောကမှ ဖြစ်သလော၊ တပါးသောလောကမှ ဖြစ်သလော၊ လူတွေလော၊ နတ်တွေလော။"

"အရှင်ကဿပ.... ဤနေနှင့်လတို့သည် ဤလောကမှမဟုတ်ပါ တပါးသော လောကမှ ဖြစ်ပါသည်၊ လူတွေမဟုတ်ပါ၊ နတ်တွေသာ ဖြစ်ပါသည်။"

"မြို့စားကြီး ... သို့ဖြစ်လျှင် သင်၏အယူကို စွန့်ပါလော။"

"အရှင်ကဿပ.... သို့ဖြစ်သော်လည်း ကျွန်ုပ်၏အယူကို မစွန့်နိုင်ပါ။"

"မြို့စားကြီး....အဘယ့်ကြောင့် သင်၏အယူကို မစွန့်နိုင်ပါသနည်း။"

"အရှင်ကဿပ ... ကျွန်ုပ်သည် မိမိ၏ ဆွေမျိုးသားချင်းများထဲမှ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှုဒုစရိုက် ပြုလေ့ရှိသူများ သေခါနီး ဖြစ်နေသည့်အခါ ထိုသူတို့ထံ ချဉ်းကပ်၍ 'သင်တို့ သေ၍ အပါယ်ငရဲကျရောက်လျှင် ငါ့ထံလာ၍ ပြောကြပါ' မှာကြားခဲ့ပါသည်။ ထိုသူတို့ကလည်း 'ကောင်းပါပြီ'ဟု ဝန်ခံသွားကြပါသည်။ သို့သော်လည်း ယနေ့အထိ တစုံတယောက်မျှ 'ကျွန်ုပ် အပါယ်ငရဲ၌ကျရောက်နေပါသည်'ဟု လာ၍ မပြောပါ၊ ထို့ကြောင့် ကျွန်ုပ်၏အယူကို မစွန့်နိုင်ခြင်း ဖြစ်ပါသည်"။

## ခိုးသူဥပမာ

"မြို့စားကြီး ... သို့ဖြစ်လျှင် သင့်ကိုငါ တခုမေးအံ့၊ မင်းချင်းယောကျ်ားတို့က ဖမ်းဆီး ခေါ်ဆောင်လာပြီး သင့်အား ပြသသော ခိုးသူတယောက်ကို သင်က သုသာန်သို့ပို့ဆောင်၍ သေဒဏ်ပေးရန် အမိန့်ချမှတ်လိုက်သည် ဆိုပါစို့၊ ထိုခိုးသူက သူသတ် ယောကျ်ားတို့အား 'ကျွန်ုပ်၏ သားမယားများထံ ခေတ္တပြန်၍ မှာကြားစရာရှိသည်ကို မှာကြားပါရစေ' ဟု ခွင့်တောင်းလျှင် ခွင့်ပြုပါမည်လော။"

"ခွင့်ပြုမည်မဟုတ်ပါ အရှင်ကဿပ"

www.dhammaransi.com



"မြို့စားကြီး.... လူသားဖြစ်သော ခိုးသူကိုပင် လူသားဖြစ်သော သူသတ်သမားတို့က သားမယားများထံ ပြန်ပြောရန် ခွင့်မပြုခဲ့လျှင် ငရဲသို့ ကျရောက်သွားသည့် သင့်ဆွေမျိုးများအား သင့်ထံပြန်ပြောရန် ငရဲထိန်းတို့က ဘယ်မှာခွင့်ပြုပါအံ့နည်း၊ သင့်အယူကို စွန့်ပယ်လော"

"အရှင်ကဿပ.... ကျွန်ုပ်၏အယူကို မစွန့်နိုင်ပါ"

"အဘယ့်ကြောင့် မစွန့်နိုင်ပါသနည်း မြို့စားကြီး"

"အရှင်ကဿပ.... ကျွန်ုပ်သည် မိမိ၏ ဆွေမျိုးသားချင်းများထဲမှ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသည့် မကောင်းမှုဒုစရိုက်တို့မှ ရှောင်ကြဉ်လေ့ ရှိသူများ သေခါနီးဖြစ်နေသည့်အခါ ထိုသူတို့ထံ ချဉ်းကပ်၍ 'သင်တို့သေ၍ နတ်ပြည်သို့ရောက်လျှင် ငါ့ထံလာ၍ ပြောကြပါ'ဟု မှာကြားခဲ့ပါသည်၊ ထိုသူတို့ကလည်း 'ကောင်းပါပြီ'ဟု ဝန်ခံသွားကြပါသည်၊ သို့သော်လည်း ယနေ့အထိ တစုံတယောက်မျှ 'ကျွန်ုပ် နတ်ပြည်သို့ ရောက်နေပါသည်'ဟု လာ၍ မပြောပါ၊ ထို့ကြောင့်လည်း ကျွန်ုပ်၏ အယူကို မစွန့်နိုင်ခြင်း ဖြစ်ပါသည်"

## မစင်တွင်း၌နစ်မြုပ်သူ ဥပမာ

"မြို့စားကြီး— သို့ဖြစ်လျှင်သင့်အား ငါဥပမာတခုပြောအံ့၊ ဤလောက၌ အချို့သောပညာရှိတို့သည် ဥပမာဖြင့်ပြောသောစကား၏ အဓိပ္ပါယ်ကို သိမြင်နားလည်တတ်ကြကုန်၏။ သင်သည် မစင်တွင်း၌ နစ်မြုပ်နေသူတဦးကို တွေ့မြင်၍ မင်းချင်းယောကျ်ားတို့အား ထိုသူကိုမစင်တွင်းမှ ထုတ်စေပြီး မစင်များ သန့်ရှင်းစင်ကြယ်အောင် ဆေးကြော သုတ်သင်ခြင်း ပြုစေရာ၏၊ ထို့နောက်ထိုသူကို အဖိုးထိုက်တန်သော အဝတ်တန်ဆာ ပန်းနံ့သာများလိမ်းကျံ ဝတ်ဆင်စေပြီး ပြာသာဒ်ထက်သို့တင်၍ ကာမဂုဏ် ငါးပါးဖြင့် ပျော်ပါးစွာနေထိုင်စေရာ၏။ဤသို့ကာမဂုဏ်ငါးပါးဖြင့် ပျော်ပါးစွာနေရသောထိုသူအား မစင်တွင်း၌ကဖန်နစ်မြုပ်လိုသော ဆန္ဒဖြစ်ပါဦးမည်လော"

"မဖြစ်နိုင်တော့ပါ အရှင်ကဿပ၊ အဘယ့်ကြောင့်ဆိုသော် မစင်တွင်းဟူသည် အလွန်ညစ်ပတ်နံစော်၍ ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှသောကြောင့်ဖြစ်ပါသည်။"

"မြို့စားကြီး.... ထို့အတူပင် နတ်ဘို့အဖို့ လူတို့သည် ညစ်ပတ်နံစော်၍ ရွံရှာ စက်ဆုပ်ဖွယ် ကောင်းလှပေ၏၊ လူတို့၏အနံ့သည် ယူဇနာ တရာမှပင်

www.dhammaransi.com



နတ်တို့ကိုနှိပ်စက်ကုန်၏။ ထို့ကြောင့် သေလွန်၍ နတ်ပြည်သို့ ရောက်သွားကြသော သင်၏ဆွေမျိုးတို့သည် သင့်ထံလာ၍ပြောကြမည်မဟုတ်။''

'မြို့စားကြီး.... ထို့ပြင်လည်းလူ့ပြည်၌ နှစ်ပေါင်းတရာသည် တာဝတိံသာနတ်တို့၏ တရက်သာဖြစ်၏။ ထိုသို့သော ရက်ပေါင်း သုံးဆယ်သည် တလ၊ ထိုသို့သော တဆယ့်နှစ်လသည် တနှစ်ပင်ဖြစ်၏။ ထိုသို့သော နှစ်ဖြင့် နှစ်ပေါင်းတထောင်သည် တာဝတိံသာနတ်တို့၏ သက်တန်းဖြစ်၏။ မြို့စားကြီး သေလွန်၍ တာဝတိံသာနတ်ပြည်သို့ ရောက်သွားကြသောသင့်ဆွေမျိုးတို့အား 'ငါတို့သည် နတ်စည်းစိမ်ကို နှစ်ရက် သုံးရက်ခံစားပြီးမှ ပါယာသိမြို့စားထံ သွား၍ ပြောကြကုန်အံ့' ဟုအကြံဖြစ်ခဲ့သော် ထိုသူတို့သည် သင့်ထံ လာ၍ ပြောနိုင်ကြပါမည်လော။''

''လာပြောနိုင်ကြမည်မဟုတ်ပါ အရှင်ကဿပ၊ လာ၍ ပြောလျှင်လည်း ကျွန်ုပ်သေပြီး၍ နှစ်ပေါင်းများစွာကြာမှသာ လာနိုင်ကြမည်ဖြစ်ပါသည်။ သို့ရာတွင် တာဝတိံသာနတ်တို့ ရှိသည်ဟူ၍၎င်း၊ တာဝတိံသာနတ်တို့သည် ဤမျှအသက်ရှည်ကုန်၏ဟူ၍၎င်း အရှင်ကဿပအား မည်သူကပြောပါသနည်း၊ ကျွန်ုပ်ကား ဤအကြောင်းကိုမယုံပါ။''

## ဝမ်းတွင်းကန်းသူ ဥပမာ

''မြို့စားကြီး.... ဥပမာဆိုသော် မိခင် ဝမ်းမှ မွေးဖွားချိန်မှစ၍ လုံးဝမျက်စိမမြင်ခဲ့သူတဦးက 'လောက၌ အမြူအမဲစသော အရောင် အဆင်းများသည်မရှိ၊ ကြယ်တာရာ၊ လ၊ နေတို့သည်မရှိ၊ ထိုအရာတို့ကိုမြင်နိုင်သူများလည်းမရှိ၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာများကို ကျွန်ုပ်မမြင် ရသောကြောင့်ဖြစ်၏' ဟူ၍ ပြောဆိုခဲ့လျှင် ထိုသူကန်း၏ စကားသည် မှန်ကန်ပါမည်လော။''

''မမှန်ကန်ပါ အရှင်ကဿပ၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာများသည်၎င်း၊ ထိုအရာတို့ကို မြင်နိုင်သူများသည်၎င်း အမှန်တကယ် ရှိနေသောကြောင့်ဖြစ်ပါသည်။''

''မြို့စားကြီး ... သို့ဖြစ်လျှင် တာဝတိံသာ နတ်တို့ရှိခြင်းကိုမယုံကြည်သော သင်သည်လည်း ဝမ်းတွင်းကန်းသူနှင့်တူနေပေ၏ ။မြို့စားကြီး၊ လူတို့၏ ပကတိမံသစက္ခုဖြင့် တပါးသောလောကကို မမြင်နိုင်ပေ။ ဆိတ်ငြိမ်သော တောကျောင်းသို့ ချဉ်းကပ်၍ မပေ့မလျော့ ပြင်းထန်စွာ အားထုတ် သော

www.dhammaransi.com



ရဟန်း ပုဏ္ဏားတို့သည် လူတို့၏ အမြင်ထက်သာလွန်၍ နတ်မျက်စိကဲ့သို့မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိကြကုန်၏၊ ထိုဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဤမျက်မှောက်လောကကိုရင်း၊ တပါးသော လောကကိုရင်း၊ သေ၍တဖန် ပြန်ဖြစ်သော သတ္တဝါတို့ကိုရင်း မြင်နိုင်ပေ၏။”

## ကိုယ်ဝန်ဆောင်ပုဏ္ဏေးမဥပမာ

“အရှင်ကဿပ.... ဤသို့ပင်ဆိုသော်လည်း ကျွန်ုပ်အား တပါးသော လောကသည်မရှိ၊ သေ၍ပြန်ဖြစ်သော သတ္တဝါသည်မရှိ၊ ကောင်းမှုမကောင်းမှုတို့၏အကျိုးသည်မရှိ’ ဟူ၍သာ ယုံကြည်နေပါ၏။ အကြောင်းမှာ ဤလောကဌ် သီလနှင့်ပြည့်စုံ၍ ကောင်းသော အကျင့်ရှိသော ရဟန်းပုဏ္ဏားတို့သည်လည်း အသက်ရှည်စွာ နေလိုကြသည်ကိုသာ တွေ့မြင်ရပါသည်။ အကယ်၍ ထိုရဟန်း ပုဏ္ဏားတို့သည် “ငါတို့သေလျှင် ဤလောကထက် မွန်မြတ်သော လောကသို့ ရောက်လတံ့’ ဟူ၍သိခဲ့လျှင် အဆိပ်စား၍ဖြစ်စေ၊ ဆွဲကြိုးချ၍ဖြစ်စေ သေကြောင်းကြံစည်ခြင်း ပြုကြဖွယ်ရာရှိပါသည်။ သို့သော်လည်း ထိုရဟန်း ပုဏ္ဏားတို့သည် ဤကဲ့သို့ ပြုကြသည်ကို မတွေ့ရပါ။ အရှင်ဂေါတမ၊ ဤအကြောင်းကြောင့်လည်း ကျွန်ုပ်၏အယူကို မစွန့်နိုင်ခြင်းဖြစ်ပါသည်။”

“မြို့စားကြီး.... သို့ဖြစ်လျှင် သင့်အားငါဥပမာ တခုပြောအံ့။ မယားနှစ်ယောက်ရှိသော ပုဏ္ဏားတယောက် သေလွန်သွားရာ မယားကြီးသည် သားတယောက်ဖြင့်ရင်း၊ မယားငယ်သည် ကိုယ်ဝန်အရင့်အမာဖြင့်ရင်း ကျန်ရစ်ခဲ့သည် ဆိုပါစို့။ ထိုအခါ ပုဏ္ဏား၏ သားငယ်သည် သူ့မိထွေးထံ သွားပြီး ‘မိခင် ကျွန်ုပ်၏ဖခင်မှ ကျန်ရစ်ခဲ့သော ဤပစ္စည်းဥစ္စာအားလုံးသည် ကျွန်ုပ်၏ ဥစ္စာများသာဖြစ်ပါသည်၊ မိခင်နှင့်မသက်ဆိုင်ပါ၊ ကျွန်ုပ်အား အမြန်အပ်နှင်းပါလော’ ဟုတောင်းဆိုရာ၏။ ယင်းသို့ တောင်းဆိုသော် မိထွေးကလည်း ‘အမောင်.... ငါမွေးဖွားသည့် တိုင်အောင် ဆိုင်းငံ့ပါဦး၊ အကယ်၍သားယောကျ်ားမွေးဖွားခဲ့သော် ထိုငါ၏သားငယ်သည်လည်း တစုံတခုသော ဥစ္စာအဖို့ကို ရခွင့်ရှိပါသည်။ အကယ်၍သမီးမွေးဖွားပါကလည်း ထိုသမီးငယ်သည် သင်၏အလုပ်အကျွေးဖြစ်ပါလိမ့်မည်’ ဟု ဖြေကြားပြောဆို၏။”

သို့သော်လည်း ပုဏ္ဏား၏သားငယ်က ထပ်တလဲလဲတောင်းဆိုလာသော အခါ ထိုပုဏ္ဏေးမသည် အိမ်ခန်းတွင်းသို့ဝင်၍ မိမိ၏ဝမ်းပိုက်ကို ခွဲဖြင့်ခဲ့ရာ အမွေအနှစ်ကိုမရရှိရုံသာမက မိမိနှင့်သားငယ်၏အသက်ပါ ဆုံးရှုံးရရှာလေ၏။

www.dhammaransi.com



မြို့စားကြီး.... ဤဥပမာ အတိုင်းပင် မိုက်မဲ တွေဝေသော သူသည် အဆင်ခြင်ကင်းမဲ့စွာဖြင့် တပါးသောလောကကိုရှာသည်ရှိသော် ပျက်စီးခြင်းသို့ရောက်မည်သာဖြစ်၏။ မြို့စားကြီး အကျင့်သီလနှင့်ပြည့်စုံသော ရဟန်းပုဏ္ဏားတို့သည် မရင့်ကျက်သေးသည်ကို ရင့်ကျက်အောင်မပြုကုန်။ စင်စစ်သော်ကား ရင့်ကျက်မည့်အချိန်အခါကိုသာ ဆိုင်းငံ့နေကြကုန်၏။ ကုသိုလ်ကောင်းမှု တိုးပွား၍ လူအများ၏အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အတွက် အကျင့်သီလနှင့်ပြည့်စုံသော ရဟန်းပုဏ္ဏား တို့သည်လည်း အသက်ရှည်ခြင်းကို အလိုရှိကြပေကုန်၏။"

**အိပ်မက်ဥပမာ**

"အရှင်ကဿပ.... သို့ပင်ဖြစ်သော်လည်း ကျွန်ုပ်ကား ထိုအယူကို မစွန့်နိုင်ပါ၊ အရှင်ကဿပ၊ ကျွန်ုပ်သည် တခါက အပြစ်ကျူးလွန်၍ မင်းချင်းယောကျ်ားတို့ ဖမ်းဆီးလာသော ခိုးသူတယောက်ကို အရှင်လိုက်အိုးဒွင်၌ထည့်၍ အိုးဝကိုပိတ်စေပါသည်။ ထိုအိုးကို စိုစွတ်သောသားရေဖြင့် ကျက်၍ စိုစွတ်သော ရွှံ့မြေဖြင့်လည်း ထူထပ်စွာလိမ်းကျံစေပါသည်။ ထို့နောက် အိုးကို ခုံလှောက်ပေါ်သို့တင်၍ မီးတိုက်စေပါသည်။ ထိုသူ သေပြီဟုသိသောအခါ အိုးကို ခုံလှောက်မှချ၍ လိမ်းကျံထားသောရွှံ့မြေကို ခွါလျက် အိုးဝကို ဖြေးညှင်းစွာဖွင့်ပြီးလျှင် ထိုခိုးသူ၏ ထွက်သွားသော အသက်ကို မြင်ရအံ့နိုးဖြင့် ကြည့်ရှုကြပါသည်။ သို့သော်လည်း ထိုခိုးသူ၏ ထွက်သွားသော အသက်ကို ကျွန်ုပ်တို့ မတွေ့မြင်ကြရပါ၊ ဤအကြောင်း ကြောင့်လည်း 'တပါးသော လောက မရှိ၊ သေပြီးပြန်ဖြစ်သော သတ္တဝါမရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် မရှိ'ဟု ကျွန်ုပ်ယုံကြည်နေခြင်း ဖြစ်ပါသည်။"

"မြို့စားကြီး.... သင့်အား ငါဥပမာတခု ပြောဦးအံ့၊ မြို့စားကြီး၊ သင်သည် နေ့အချိန် အပန်းဖြေအိပ်စက်စဉ် မေ့လျော်ဖွယ် ရှိသော ဥယျာဉ် ပန်းမာလ် ရေကန် စသည်တို့ကို အိပ်မက်၌ မြင်မက်ဖူးပါသလော။"

"မြင်မက်ဖူးပါသည် အရှင်ကဿပ။"

"ထိုသို့ သင်အိပ်မက်နေစဉ် အရွယ်အစား အမျိုးမျိုးသော မောင်းမတို့သည် သင့်အနားမှာ စောင့်နေကြသည် မဟုတ်ပါလော။"

"စောင့်နေကြပါသည် အရှင်ကဿပ။"

www.dhammaransi.com



"ထိုမောင်းမတို့သည် သင်၏ အသက် ဝင်သည်ကို ၎င်း၊ ထွက် သည်ကို၎င်း မြင်ကြပါကုန်၏လော။"

"မမြင်ကြပါ အရှင်ကဿပ။"

"မြို့စားကြီး....အသက်ရှင်လျက်ရှိသော သင်၏အသက် ဝင်သည်ကို၎င်း၊ ထွက်သည်ကို၎င်း မမြင်ရပါမူ သေသောသူ၏အသက် ဝင်သည် ထွက်သည်ကိုလည်း အဘယ်မှာမြင်ရပါအံ့နည်း။"

## ရဲရဲညီသော သံတွေခဲဥပမာ

"အရှင်ကဿပ.... တခါကလည်း ကျွန်ုပ်သည် ပြစ်မှုကျူးလွန်၍ မင်းချင်းယောကျ်ားတို့ ဖမ်းဆီး လာသော ခိုးသူတယောက်ကို အသက် ရှင်စဉ် ချိန်ခွင်ဖြင့် ချိန်စက်ထားစေပြီး ထွက်သက် မရှိအောင် (အသက်မထွက်နိုင်အောင်) လေးကြိုးဖြင့် လည်ပင်း၌ညှစ်၍ သတ်စေခဲ့ပါသည်။ ထို့နောက် အသေကောင်ကို ချိန်ခွင်ဖြင့်ချိန်စေရာ အသက်ရှင်စဉ် ကထက် ပို၍ လေးနေသည်ကို တွေ့ရပါသည်။ ဤအကြောင်းကြောင့်လည်း 'တပါးသော လောကသည် မရှိ၊ သေပြီးပြန်ဖြစ်သော သတ္တဝါ မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် မရှိ'ဟု ကျွန်ုပ်ယုံကြည်နေခြင်း ဖြစ်ပါသည်။"

"မြို့စားကြီး.... သင်အား ဥပမာတခုပြောဦးအံ့၊ အပူခတ်ပေးထား၍ အလျှံတပြောင်ပြောင် ထွက်နေသော သံတွေခဲနှင့် အပူခတ် ကင်းကွာ၍ အေးစက်နေသော သံတွေခဲနှစ်ခုကို ချိန်ခွင်ဖြင့် ချိန်စက်ကြည့်သော် အဘယ်သံတွေခဲက ပေါ့၍ အဘယ်သံတွေခဲက လေးပါသနည်း။"

"အရှင်ကဿပ.... အပူခတ်ပေးထား၍ အလျှံတပြောင်ပြောင် ထွက်နေသော သံတွေခဲသည် အေးစက်နေသော သံတွေခဲထက် ပို၍ပေါ့ပါသည်။"

"မြို့စားကြီး ထိုနည်းတူပင် ဤကိုယ်သည်လည်း အသက်၊ ကိုယ်ငွေ့၊ ဝိညာဉ်တို့နှင့် ပေါင်းဆုံနေသောအခါ ပို၍ပေါ့၏၊ ပို၍ပျော့ပြောင်း၏၊ ပို၍လည်း အပြုပြင်ခံ၏၊ အသက်၊ ကိုယ်ငွေ့၊ ဝိညာဏ်တို့နှင့် ကင်းကွာနေသောအခါ၌ကား ပို၍လေး၏၊ ပို၍ခက်မာ၏၊ ပို၍လည်း ပြုပြင်ရန်ခက်၏။"

## ခရုသင်းဥပမာ

"အရှင်ကဿပ.... တကြောင်းမှာလည်း ကျွန်ုပ်သည် ကခါက အပြစ်ကျူးလွန်၍ မင်းချင်းတို့ ဖမ်းဆီးလာသော ခိုးသူတယောက်ကို အရေအသား၊

www.dhammaransi.com



အကြောအရိုး၊ ရိုးတွင်းချဉ်ဆီတို့ကို မပျက်စီးစေဘဲ ပက်လက် ချထားကာ အသက်ကုန်အောင် ပြုလုပ်စေပါသည်။ သို့သော်လည်း ထိုသူ၏အသက် ထွက်သွားသည်ကို မမြင်တွေ့ခဲ့ရပါ၊ မှောက်ခုံချထားခြင်း၊ တစောင်းချထားခြင်း၊ မတ်တတ်ထောင်ထားခြင်း၊ ခေါက်ထိုး ပြောင်းပြန်ထားခြင်း၊ လက်ဖြင့်ပုတ်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊ ဓားဖြင့်ခုတ်ခြင်း စသည်တို့ကို ပြု၍ အသက်ထွက်အောင် ပြုလုပ်စေသည့်အခါများ၌လည်း ထိုနည်းတူပင် အသက် ထွက်သွားသည်ကို မတွေ့မြင်ရပါ။ ထိုသူအား မျက်စိ၊ နား၊ နှာခေါင်း စသည်တို့ ရှိသော်လည်း အဆင်း အသံ စသည်တို့ကို မခံစားနိုင်ပါ၊ ဤအကြောင်းကြောင့်လည်း 'တပါးသော လောကသည် မရှိ၊ ဩပပါတ်ဖြစ်သော သတ္တဝါ မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် မရှိ'ဟု ကျွန်ုပ်ယုံကြည်နေခြင်း ဖြစ်ပါသည်။"

"မြို့စားကြီး.... သင့်အား ဥပမာတခုကို ပြောဦးအံ့၊ ခရုသင်းမှုတ်တတ်သော မြို့ကြီးသားတဦးသည် ပစ္စန္တရာဇ် ကျေးရွာတခုသို့ ရောက်သွားလျှင် ရွာလည်၌ရပ်လျက် ခရုအင်းကို သုံးကြိမ်မှုတ်ပြီး မြေ၌ချထားကာ တနေရာ၌ ထိုင်နေလေ၏။ ကျေးရွာသားတို့သည် ခရုသင်း သံကို ကြားလျှင် 'ဤနှစ်သက်ဖွယ် ကောင်းသော အသံကား ဘာသံပါလိမ့်'ဟု စူးစမ်းသိလိုသဖြင့် ရွာလည်သို့ စုဝေးလာကြပြီး ထိုခရုသင်းမှုတ်သော မြို့ကြီးသားကို မေးမြန်းကြလေ၏၊ ထိုမြို့ကြီးသားကလည်း 'သင်တို့ ကြားသော အသံသည် ဤ ခရုသင်း၏ အသံပင်တည်း' ဟု ဖြေကြား ပြောဆိုလေ၏။ ထိုအခါ ကျေးလက် ရွာသားတို့သည် ခရုသင်းကို ပက်လက် လှန်ထားပြီး 'အချင်းခရုသင်း မြည်လော၊ အချင်းခရုသင်..... မြည်လော'ဟု ဆိုကြကုန်၏၊ ယင်းသို့ဆိုသော်လည်း ခရုသင်းကား အသံမမြည်ချေ။ ရွာသားတို့သည် ခရုသင်းကို မှောက်ချထား၍၎င်း၊ တစောင်းချထား၍၎င်း၊ ထောင်ထား၍၎င်း ရှေးနည်းတူ ပြောဆိုကြ၏၊ လက်ဖြင့်၎င်း၊ တုတ် ဓား လက်နက်တို့ဖြင့်၎င်း ရိုက်နှက် ပုတ်ခတ်၍လည်း အသံမြည်စေရန် အားထုတ်ကြ၏၊ သို့သော် ခရုသင်းကား အသံမမြည်ချေ။ ထိုအခြင်းအရာကို မြင်တွေ့ရသော မြို့ကြီးသားသည် 'ဤပစ္စန္တရာဇ် ရွာသားတို့ကား မိုက်မဲလှပေကုန်စွ'ဟု ကြံစည်၍ ခရုသင်းကို ကောက်ယူမှုတ်ပြပြီး ထိုရွာမှ ထွက်ခွာခဲ့လေ၏၊ ထိုအခါ ထိုပစ္စန္တရာဇ် ရွာသားတို့သည်လည်း 'ခရုသင်းမည်သည် မှုတ်သောသူ၊ မှုတ်ခြင်း လုံ့လ၊ မှုတ်အပ်သော လေတို့နှင့် ပေါင်းဆုံမိသည့် အခါ အသံ မြည်၏၊ ထိုသုံးမျိုးတို့နှင့် ကင်းကွာသည့်အခါ အသံမမြည်ချေ'ဟူ၍ နားလည်သဘောပေါက်သွားကြလေ၏။"

www.dhammaransi.com



''မြို့စားကြီး.... ထို ဥပမာ အတိုင်းပင် ဤကိုယ်သည်လည်း အသက်၊ ကိုယ်ငွေ့၊ ဝိညာဉ်တို့နှင့် ပေါင်းဆုံမိသောအခါ၊ သွားခြင်း၊ ရပ်ခြင်းစသော လှုပ်ရှားမှုများကို ဆောင်ရွက်၏၊ မျက်စိ၊ နား စသည်တို့ဖြင့် အဆင်း၊ အသံ စသည့်အာရုံများကိုလည်း ခံစား၏၊ အသက်၊ ကိုယ်ငွေ့၊ ဝိညာဉ်တို့နှင့် ကင်းကွာသွားသောအခါတွင်မူ ထိုသို့ဆောင်ရွက်နိုင်စွမ်း မရှိတော့ပေ။''

## မီးလုပ်ကျွေးသောရသေ့ဥပမာ

''အရှင်ကဿပ.... တခါကလည်း ကျွန်ုပ်သည် အပြစ်ဒဏ်ကျူးလွန်၍ သေဒဏ်ချမှတ်ထိုက်သော ခိုးသူတယောက်အား အရေကိုခွာ၍ရှင်း၊ အသားကို လှီး၍ရှင်း၊ အကြောကိုဖြတ်၍ရှင်း၊ အရိုးကိုပိုင်း၍ရှင်း၊ ရိုးတွင်းချဉ်ဆီကို ထုတ်၍ရှင်း အသက်ကို ရှာဖွေစေခဲ့ပါသည်၊ ယင်းသို့ရှာဖွေစေသော်လည်း အသက်ကို မတွေ့မြင်ရပါ၊ ဤအကြောင်းကြောင့်လည်း 'တပါးသော လောကသည် မရှိ၊ သေပြီးပြန်ဖြစ်သော ဘဝ္ပါ မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် မရှိ'ဟု ကျွန်ုပ် ယူဆနေခြင်းဖြစ်ပါသည်။''

''မြို့စားကြီး.... သင့်အား ဥပမာတခု ပြောဦးအံ့၊ တောထဲ၌ မီး လုပ်ကျွေးနေသော ရသေ့တပါးသည် ခရီးသွား ကုန်သည်များ လှည်းစခန်းချရာ အရပ်မှ ကလေးငယ်တယောက်ကို တွေ့ရှိ၍ ကောက်ယူ မွေးစားထား၏၊ ထို ကလေးငယ် ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်သို့ ရောက်သောအခါ ရသေ့သည် ပြုဖွယ်ကိစ္စတခု ရှိသဖြင့် ဇနပုဒ်သို့ ထွက်ခွာသွား၏။ မသွားမီ သူငယ်အား ပဲခွပ်၊ ထင်း၊ မီးပွတ်တို့ကိုပြသ၍ မီးမငြိမ်းအောင် ဂရုစိုက်ရန် မှာထားခဲ့၏၊ ရသေ့ ထွက်ခွာသွားပြီးနောက် ထိုသူငယ်သည် ကစားမြူးတူးနေစဉ် မီးသည် ငြိမ်းလေ၏။ ထိုအခါ ထိုသူငယ်သည် မီးကို ဖြစ်စေရန် အကြံဖြင့် မီးပွတ်ကို ပဲခွပ်ဖြင့် ခွေ၏၊ သို့သော် မီးကိုမရ၊ မီးပွတ်ကို နှစ်စိတ်သုံးစိတ် ခွဲပြန်သော်လည်း အချည်းနှီးသာ ဖြစ်၏၊ နောက်ဆုံးတွင် မီးပွတ်ကို အစိတ်စိတ် ပြု၍ ဆုံ၌ ထည့်ထောင်းပြီး အမှုန့်များကို ပြင်းစွာသော လေ၌ ကြဲလွှင့်လေ၏၊ သို့သော် မီးကား မရသည်သာ ဖြစ်၏။ ဇနပုဒ်သို့ သွားသော ရသေ့ ပြန်လာ၍ ထိုအခြင်းအရာများကို တွေ့ရှိရသောအခါ 'ဤသူငယ်ကား မိုက်မဲလေစွ'ဟု ကြံ၍ မီးပွတ်ဖြင့် ပွတ်၍ မီးကို ဖြစ်စေလေ၏။''

www.dhammaransi.com



"မြို့စားကြီး.... ဤဥပမာအတိုင်းပင် မိုက်မဲသောသင်သည် အဆင်ခြင်ကင်းမဲ့စွာဖြင့် တပါးသောလောကကို ရှာဘိ၏၊ မြို့စားကြီး သင့်အယူကား အကျိုးစီးပွားမဲ့ ခြင်းငှာသာ ဖြစ်၏၊ ထိုအယူကို စွန့်ဘိလော။"

"အရှင်ကဿပ.... ကျွန်ုပ် ဤသို့အယူဝါဒရှိကြောင်းကို ပသေနဒီကောသလမင်းကြီးနှင့်တကွ တိုင်းတပါးမင်းတို့ သိရှိကြပြီးဖြစ်ပါသည်၊ ထိုအယူကို ကျွန်ုပ်စွန့်လွှတ်ခဲ့သော် တိုင်းတပါးမင်းတို့က ကဲ့ရဲ့ကြပါလိမ့်မည်၊ ထို့ကြောင့် ကျွန်ုပ်၏အယူကို မစွန့်နိုင်ပါ"

## လှည်းမှူးကြီးနှစ်ယောက် ဥပမာ

"မြို့စားကြီး.... သင့်အား ဥပမာတခု ပြောဦးအံ့၊ ရှေးအခါက လှည်းတထောင်ပါသော လှည်းအုပ်ကြီး တခုသည် အရှေ့နိုင်ငံမှ အနောက်နိုင်ငံသို့ သွားလေ၏ ထို လှည်းအုပ်ကြီး ရောက်ရာ အရပ်တိုင်း၌ မြက်၊ ထင်း၊ ရေနှင့် စိမ်းစိုသော သစ်ရွက်တို့သည် လျင်မြန်စွာ ကုန်ခမ်းသွားကုန်၏၊ ထို့ကြောင့် လှည်းအုပ်ကြီးကို ခေါင်းဆောင်လာသူနှစ်ဦးတို့သည် လှည်းငါးရာစီဖြင့် နှစ်ဖွဲ့ခွဲသွားရန် ညှိနှိုင်းစီစဉ်ကြသည်၊ ယင်းညှိနှိုင်းစီစဉ်ချက်အရ တဦးသောလှည်းမှူးသည် လှည်းခေါင်းငါးရာဖြင့် ပထမဦးစွာ ထွက်ခွာသွားလေ၏၊ ထိုလှည်းမှူးသည် နှစ်ရက် သုံးရက် ခရီးသို့ ရောက်သောအခါ ခရီးရင်ဆိုင်အရပ်မှ လာသော လှည်းတစီးကို တွေ့ရလေ၏၊ ထိုလှည်းရှင်မှာ ခေါင်းမှ ဆံပင်များနှင့်တကွ အဝတ်အစားများပါ စိုရွှဲနေသည့်ပြင် လှည်းဘီးများတွင်လည်း ရွှံ့ညွှံများ လိမ်းကပ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏၊ ထို့ကြောင့် လှည်းမှူးကြီးက ရှေ့ခရီး အကြောင်းကို မေးမြန်းရာ ရှေ့လမ်းတလျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းထားသဖြင့် မြက်၊ ထင်း၊ ရေများ ပေါများလှကြောင်း ထိုလှည်းရှင်က ပြန်ကြားပြောဆို၏၊ လှည်းမှူးကြီးသည် ထိုလှည်းရှင်၏စကားကို ယုံကြည်သဖြင့် မိမိ၏လှည်းငါးရာမှ မြက်၊ ထင်း၊ ရေတို့ကို စွန့်ပစ်စေပြီး ဝန်ပေါ့လှည်းများဖြင့် ခရီးတွင်အောင် မောင်းနှင်စေသည်၊ သို့ရာတွင် နှစ်ရက်ခရီး၊ သုံးရက်ခရီး စသည် ရောက်သော်လည်း မြက်၊ ထင်း၊ ရေတို့ကို လုံးဝမတွေ့ရသဖြင့် အစာ ရေစာ ပြတ်ကာ လူရော နွားပါ သေကြေ ပျက်စီးကြလေ၏။"

"ဒုတိယလှည်းမှူးသည် ပထမလှည်းအုပ်ထွက်သွား၍ ဆယ့်ငါးရက်ခန့်ကြာသောအခါ မိမိ၏လှည်းငါးရာနှင့်အတူ ခရီးစတင်လေ၏၊ နှစ်ရက်သုံးရက်

www.dhammaransi.com



ခရီးသို့ ရောက်သောအခါ ခရီးရင်ဆိုင်အရပ်မှ လာသည့် လှည်းတစီးနှင့်တွေ့၍ ရှေးနည်းတူ ပြောဆိုလျှင် ထိုသူ၏စကားကို မယုံကြည်သဖြင့် မြက်၊ ထင်း၊ ရေတို့ကို မစွန့်ပစ်စေဘဲ ရှိမြဲတိုင်းဖြင့်သာ ဆက်လက်သွားလေ၏၊ စခန်းတနေရာသို့ရောက်သော် လူယောင်ဆောင်သောဘီလူးတို့ စားသွားသည့် ပထမလှည်းအုပ်မှ လူနှင့် နွားတို့၏ အရိုးများကိုသာ တွေ့မြင်ရလေသည်။"

"မြို့စားကြီး မိုက်မဲသောသင်သည် အဆင်ခြင်ကင်းမဲ့စွာဖြင့် တပါးသော လောကကို ရှာသည်ရှိသော် ထိုပထမလှည်းမှူးကြီးကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရမည်သာဖြစ်၏၊ သင်၏စကားကို ယုံကြည်သူများမှာလည်း ထို ပထမလှည်းမှူး၏ စကားကို ယုံကြည်သော လှည်းသားများကဲ့သို့ ပျက်စီးရမည် မလွဲပေ၊ ထို ကြောင့် သင်၏အယူကိုစွန့်ပါလော။"

"အရှင်ကဿပ.... အကယ်၍ ထို အယူကို ကျွန်ုပ် စွန့် လိုက်ပါက 'ပါယာသိမြို့စားသည် မိုက်မဲလေစွ'ဟု အချို့က ကျွန်ုပ်ကို ကဲ့ရဲ့ကြပါလိမ့်မည်၊ ထို့ကြောင့် ထိုအယူကို ကျွန်ုပ်မစွန့်နိုင်ပါ။"

## မစင်ထုပ် ဥပမာ

"မြို့စားကြီး....သင့်အားဥပမာတခုပြောဦးအံ့၊ ဝက်မွေးသောယောကျ်ားတယောက်သည် တပါးသောရွာသို့ရောက်စဉ် ထိုရွာ၌ လူတို့ စွန့်ပစ်ထားသည့် များစွာသောမစင်ခြောက်တို့ကိုမြင်လျှင် ဝက်စာ ကျွေးရန်အတွက် ထို မစင်ခြောက်တို့ကို ပုဆိုးဖြင့်ထုပ်ပြီး ခေါင်းဖြင့်ရွက်၍ ပြန်လာ၏၊ လမ်းခရီးအကြားတွင် မိုးသည်းထန်စွာ ရွာလတ်သော် မစင်ထုပ်မှ မစင်များ လျှံထွက်ယိုစီးကာ ထိုယောကျ်ား၏ တကိုယ်လုံးတွင် မစင်များ ပေကျံနေ၏၊ ထို အခြင်းအရာကို အခြားသော ခရီးသွားတို့က မြင်လျှင် 'အို.... မိတ်ဆွေ၊ သင် ရူးသွပ်နေဘိသလော၊ သင်သည် အဘယ့်ကြောင့် အရည် တစက်စက် ယိုစီးနေသည့် မစင်ထုပ်ကို ခေါင်းဖြင့် ရွက်လာဘိသနည်း'ဟု ပြောဆိုကြသည်၊ ထိုအခါ မစင်ထုပ် ရွက်လာသူက 'အချင်းတို့... ကျွန်ုပ်ကား မရူး၊ သင်တို့သာ ရူးကုန်၏၊ ဤ မစင်ထုပ်သည် ကျွန်ုပ်၏ ဝက်စာ အတွက် ဖြစ်ပေ၏'ဟု ချေပပြောဆို၏။"

"မြို့စားကြီး... သင်သည်လည်း မစင်ထုပ်ကို ရွက်လာသူနှင့် တူ၏၊ ထို့ကြောင့် သင်၏အယူကို စွန့်ပါလော။"

www.dhammaransi.com



"အရှင်ကဿပ.... ကျွန်ုပ်အား ရှုတ်ချ ပြောဆိုသူတို့အပေါ် မကျေနပ်သည့် အတွက်ပင် ဤအယူကို ကျွန်ုပ် မစွန့်နိုင်ပါ။"

### အန်ကစားသူ ဥပမာ

"မြို့စားကြီး... သင့်အား ဥပမာ တခု ပြောဦးအံ့၊ ရှေးအခါက အန်သမား နှစ်ယောက်တို့ အန်ကစားကြရာ အန်သမား တယောက်သည် မိမိထံ ရောက်လာသည့် ရှုံးမည့်အန်စာတို့ကို ပါးစပ်ထဲ၌ မျိုထား၏၊ သူနှင့် ကစားဖက်ဖြစ်သော အန်သမားသည် ထိုအကြောင်းကိုသိလျှင် ထိုပွဲ၌ မိမိက အရှုံးပေးပြီး ဒုတိယအကြိမ် အန်ကစားသည့်အခါ အန်စာတို့ကို အဆိပ်ဖြင့် လိမ်းထားလေ၏၊ ဒုတိယပွဲ၌လည်း ထိုကောက်ကျစ်သော အန်သမားသည် မိမိထံ ရောက်လာသည့် ရှုံးမည့်အန်တို့ကို ပါးစပ်ထဲ၌ မျိုထားပြန်၏၊ ထိုအခါ သူ၏ ကစားဖက် ဖြစ်သော အန်သမားက 'ဟယ်.... ယုတ်မာသော အန်သမား၊ သင်ကား အန်စာတို့ကို အဆိပ်ဖြင့်လိမ်းထားသည်ကို မသိ၊ သင့်အား မကြာမီ ပြင်းထန်ဆိုးဝါးသော ဆင်းရဲဒုက္ခ ဖြစ်ပေတော့မည်'ဟု ပြောဆိုလေ၏။"

"မြို့စားကြီး.... သင်သည်လည်း ကောက်ကျစ်သော အန်သမားကဲ့သို့ ဖြစ်၏၊ ဤယုတ်မာသောအယူကို မစွန့်ခဲ့သော် ကြီးစွာ ဆင်းရဲဒုက္ခသည် ဖြစ်ပေတော့မည်။"

### ပိုက်ဆံလျှော်ထုတ်ဥပမာ

"အရှင်ကဿပ.... အရှင်၏စကားကိုချေပလိုသဖြင့်လည်း ကျွန်ုပ်သည် ထိုအယူကိုမစွန့်နိုင်ပါ။"

"မြို့စားကြီး သို့ဖြစ်လျှင် သင့်အား ငါဥပမာ တခုပြောဦးအံ့။ ရှေးအခါက ဇနပုဒ်တခုမှ များစွာသောလူတို့သည် တစုံတခုသော အကြောင်းကြောင့် အခြား ဇနပုဒ်တခုသို့ ရွာလုံးကျွတ် ပြောင်းရွှေ့ သွားကြလေ၏။ ထိုတခါ မိတ်ဆွေနှစ်ယောက်တို့သည် ရွာသားတို့ စွန့်ပယ်ခဲ့သည့် ပစ္စည်းများကို ရှာဖွေကောက်ယူရန်အကြံဖြင့် ထိုရွာဟောင်းများသို့လှည့်လည်ကြရာ ရွာတရွာ၌ ပိုက်ဆံလျှော်များကိုတွေ့မြင်ကြလေသည်။ ထိုပိုက်ဆံလျှော်များကို တယောက်တထုပ်စီ နိုင်သမျှ ထုပ်ယူခဲ့ကြပြီး ခရီးဆက်ခဲ့ကြရာ နောက်ရွာဟောင်းတခု၌ ပိုက်ဆံလျှော်ချည်များကို တွေ့မြင်ကြပြန်သည်။ ထိုအခါ တယောက်သောမိတ်ဆွေသည် မိမိသယ်ဆောင်ခဲ့သော ပိုက်ဆံလျှော်ထုပ်ကိုပစ်

www.dhammaransi.com



ချပြီး နောက်တွေ့သည့် ပိုက်ဆံလျှော်ချည်များကို ထုပ်ပိုး သယ်ယူလေ၏။ သူ့မိတ်ဆွေကမူ "ခရီးဝေးမှသယ်ဆောင်ခဲ့ရသည်ဖြစ်၍ မစွန့်ပစ်နိုင်ပါ" ဟု ဆိုကာ ပိုက်ဆံလျှော်ထုပ်ကိုပင် ဆက်လက်သယ်ဆောင်လာ၏။ ထို့နောက် အသင့်ရက်လုပ်ပြီးဖြစ်သည့် အဝတ်အထည် များကိုရင်း၊ အဘိုးတန် ရွှေ ငွေ ရတနာများကိုရင်း တွေ့ရှိသည့်အခါတို့၌လည်း ပထမလူကသာ ကောက်ယူသယ်ဆောင်၏၊ ဒုတိယလူကမူ သူပထမဦးစွာတွေ့ရှိခဲ့သည့် ပိုက်ဆံ လျှော်ထုပ်ကြီးကို ပုခုံးပေါ်မှမချရက်နိုင်ဘဲ ရှိလေသည်။ ဤသို့ဖြင့် မိမိတို့အိမ်သို့အသီးအသီးပြန်ရောက်ကြသည့်အခါ အဘိုးတန်ရတနာထုပ်ကြီးကို ထမ်းလာသည့် ပထမလူသာလျှင် မိဘဆွေမျိုးတို့၏ ဝမ်းမြောက်စွာကြိုဆိုခြင်းကို ခံရလေ၏။ ပိုက်ဆံလျှော်ထုပ်ကြီးကို ထမ်းလာသည့် ဒုတိယလူမှာမူ မိဘ ဆွေမျိုး တို့၏ အပြစ်တင်ခြင်းကိုသာ ခံရလေ၏။"

"မြို့စားကြီး.... သို့ဖြစ်၍ ပိုက်ဆံလျှော်ထုပ်ကြီးနှင့် တူသော သင့်အယူဝါဒကို အမြန်စွန့်ပစ်ပါလော့။ ထိုဝါဒသည်သင့်အတွက် တစုံတရာ အကျိုးမရှိပေ။"

## ပါယာသိမြို့စားသရဏဂုံတည်ခြင်း

ဤသို့အရှင်ကုမာရကဿပက ဥပမာအမျိုးမျိုးဖြင့် ရှင်းလင်းမိန့်ကြားသောအခါ မြို့စားကြီးပါယာသိသည် ရှင်ကုမာရကဿပအား ဤသို့ပြန်ကြားလျှောက်ထားလေ၏။

"အရှင်ကဿပ.... ကျွန်ုပ်သည် ပထမဦးဆုံး ဥပမာဖြင့်ပင် အရှင်၏တရားကို ကျေနပ်နှစ်သက်မိပါ၏။ သို့သော်လည်း ဆန်းကြယ်သော ရှင်းလင်းဖြေကြားချက်များကို ကြားနာလိုသဖြင့် အရှင့်အားဆန့်ကျင်ဘက်ပြုခဲ့ခြင်းဖြစ်ပါသည်။ အရှင်ကဿပ၊ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ ကျွန်ုပ်သည်ယနေ့မှစ၍ ဘုရား တရားသံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်သည် ကျွန်ုပ်အား ယနေ့မှစ၍ အသက်ထက်ဆုံး ဥပါသကာဟူ၍ မှတ်ယူတော်မူပါ။"

"အရှင်ကဿပ... ကျွန်ုပ်သည် ကြီးစွာသောယဇ်ကို ပူဇော်ခြင်းငှာ အလိုရှိပါ၏။ ကျွန်ုပ်အတွက် ရှည်မြင့်စွာ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ယဇ်ကိုညွှန်ကြားတော်မူပါ။"

www.dhammaransi.com



## အကျိုးကြီးသော ယဇ်ပူဇော်ခြင်း

"မြို့စားကြီး.... အကြင်ယဇ်၌ နွားဆိတ်စသော သတ္တဝါတို့ သေကြေပျက်စီးရ၏၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း သီလ သမာဓိ ပညာနှင့် မပြည့်စုံကုန်၊ ထိုယဇ်သည် အကျိုးအာနိသင် ကြီးမားခြင်းမရှိ။ အကြင်ယဇ်၌ကား သတ္တဝါတို့ သေကြေပျက်စီးရခြင်းမရှိ၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း သီလ သမာဓိ ပညာနှင့်ပြည့်စုံကုန်၏၊ ထိုယဇ်သည်သာ ကြီးမားကျယ်ပြန့်သော အကျိုးရှိပေ၏။ ဥပမာအားဖြင့် မကောင်းသောလယ်မြေ၌ မကောင်းသောမျိုးစေ့ကို စိုက်ပျိုး၍ မိုးလည်း ကောင်းစွာမရွာသွန်းခဲ့သော် အသီးအနှံ ဖြစ်ထွန်းခြင်းမရှိ၊ ကောင်းသောလယ်မြေ၌ ကောင်းသောမျိုးစေ့ကို စိုက်ပျိုး၍ မိုးလည်းကောင်းစွာ ရွာသွန်းမှသာ အသီးအနှံ ဖြစ်ထွန်းအောင်မြင်သကဲ့သို့ပေတည်း။"

## မြို့စားကြီး ပါယာသိ နတ်ပြည်သို့ ရောက်ခြင်း

မြို့စားကြီးပါယာသိသည်၊ ရှင်ကုမာရကဿပ၏ တရားကို ကြားနာရပြီးနောက် ရဟန်းပုဏ္ဏားတို့အားလည်းကောင်း၊ ခရီးသွားသည့်သည် ဖုန်းတောင်းယာစကာ စသူတို့အားလည်းကောင်း နေ့စဉ် အလှူဒါနကိုပြုလုပ်၏၊ သို့သော်လည်း သူ၏အလှူဒါန၌ ဆန်ကွဲထမင်း ပုန်းရည်ဟင်း၊ ထူထဲကြမ်းတမ်းသော အဝတ်အထည်စသည်တို့ကိုသာ ပေးလှူ၏၊ ထိုအလှူဒါနကိုကြီးကြပ်စီမံရသူကား ဥတ္တရလုလင်ဖြစ်၏၊ ဥတ္တရလုလင်သည် အခါတပါး၌ အလှူဒါနတခုကို ပြုလုပ်၍ "ကျွန်ုပ်သည် ဤဘဝ၌သာ မြို့စားကြီးပါယာသိနှင့် တွေ့ဆုံရပါစေ၊ နောက်ဘဝ၌ကား မတွေ့ဆုံရပါစေနှင့်"ဟူ၍ ဆုတောင်းခြင်းပြုလေ၏။

ထိုအကြောင်းကို မြို့စားကြီးပါယာသိ ကြားသိလျှင် ဥတ္တရလုလင်ကို ခေါ်၍ အဘယ့်ကြောင့် ယင်းကဲ့သို့ ဆုတောင်းကြောင်း မေးမြန်းလေ၏၊ ဥတ္တရလုလင်ကလည်း မြို့စားကြီး၏ အလှူဒါန၌ ညံ့ဖျင်းသော ပစ္စည်းဝတ္ထုများကိုသာ လှူဒါန်းခြင်းကြောင့် ယင်းကဲ့သို့ ဆုတောင်းခြင်းဖြစ်ကြောင်း ထုတ်ဖော်လျှောက်တင်၏၊ ထိုအခါ မြို့စားကြီးသည် မိမိစားသုံးသည့် ထမင်းဟင်းလျာနှင့် ဝတ်ဆင်သော အဝတ်အထည်များကိုသာ အလှူခံတို့အား လှူဒါန်းရန် ညွှန်ကြား၏၊ သို့သော်လည်း အလှူခံပုဂ္ဂိုလ်တို့အား အရိုအသေ အလေးအမြတ်ပြု၍ ကိုယ်တိုင်လက်ရောက် လှူဒါန်းခြင်းကား မပြုချေ၊ ဤသို့ မွန်မြတ်သော ပစ္စည်းဝတ္ထုများကို ပေးလှူသော်လည်း ရိုသေလေးစားမှု မရှိဘဲ ပေါ့ပေါ့တန်တန် လှူဒါန်းခြင်းကြောင့် မြို့စားကြီး သေသည့်အခါ


www.dhammaransi.com



အထက်နတ်ဘုံများသို့ မရောက်ဘဲ ခြွေရံပရိသတ်ကင်းမဲ့သော သေရိသာဗိမာန်ဝယ် စတုမဟာရာဇ်နတ်တို့၏ အဖော်နောက်လိုက်ဖြစ်သော နတ်တပါး အဖြစ်သို့သာ ရောက်လေ၏၊ မြို့စားကြီး၏ အလှူဒါနကို စီမံကြီးကြပ်ရသော ဥတ္တရလုလင်ကား အလှူခံပုဂ္ဂိုလ်တို့အား ရိုသေလေးစားစွာဖြင့် ကိုယ်ထိလက်ရောက် ပေးလှူခဲ့ခြင်းကြောင့် သေလွန်သည့်အခါ တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏။

အခါတပါး၌ အရှင်ဂဝံပတိမည်သော မထေရ်သည် သေရိသကနတ်ဗိမာန်သို့ ကြွရောက်သီတင်းသုံးစဉ် ပါယာသိနတ်သားနှင့် တွေ့ဆုံလေသည်။ ထိုအခါ ပါယာသိနတ်သားသည် မိမိနှင့် ဥတ္တရလုလင်တို့၏ အကျိုးပေးခြားနားပုံကို ဖွင့်ဟ လျှောက်ထားလေ၏၊ "အရှင်ဘုရား.... လူ့ပြည်သို့ပြန်ရောက်သည့်အခါ လူတို့အား အလှူဒါနကို ရိုသေလေးစားစွာ ပြုလုပ်ကြရန် တိုက်တွန်း ဟောကြားတော်မူပါ" ဟူ၍လည်း မှာကြားလိုက်၏၊ အရှင်ဂဝံပတိမထေရ်သည်လည်း လူ့ပြည်သို့ပြန်ရောက်သောအခါ မြို့စားကြီးပါယာသိနှင့် ဥတ္တရလုလင်တို့၏ အကြောင်းကို သာဓကပြု၍ အလှူဒါနကို ရိုသေလေးစားစွာ ပြုလုပ်ကြရန် လူတို့အား တိုက်တွန်းဟောကြားလေသည်။

www.dhammaransi.com



# ၃။ ပါထိကဝဂ်

www.dhammaransi.com

# ၂၄။ ပါထိကသုတ်

ပါထိကတက္ကတွန်းနှင့် ပတ်သက်၍ ဟောကြားခြင်း

## ဘုရားကိုစွန့်သော သုနက္ခတ္တ

မလ္လတိုင်း အနုပိယနိဂုံး၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် တခုသော နံနက်တွင် အနုပိယနိဂုံးသို့ ဆွမ်းခံဝင်ရန် ထွက်လာစဉ် အချိန်စောနေသဖြင့် ဘဂ္ဂဝ ပရိဗိုဇ်၏ ကျောင်းသို့ ဝင်တော်မူသည်။ ဘဂ္ဂဝ ပရိဗိုဇ်သည် ဗုဒ္ဓအား ဝမ်းမြောက်စွာ ခရီးဦးကြိုဆို၍ နေရာခင်းပေးပြီး မိမိကမူ နိမ့်သော နေရာ၌ ထိုင်လေ၏၊ ထို့နောက် ဘဂ္ဂဝက "အရှင်ဘုရား....လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ကျွန်ုပ်ထံလာ၍ သူသည် မြတ်စွာဘုရားကို ဆရာအဖြစ်မှစွန့်လိုက်ပြီဟု ပြောဆိုပါသည်၊ ထိုစကား မှန်ပါသလော"ဟု မေးလျှောက်လေ၏။

ထိုအခါ ဗုဒ္ဓမြတ်စွာက မိမိအား ဆရာ အဖြစ်မှ စွန့်လွှတ်ကြောင်း သုနက္ခတ္တ လာရောက်လျှောက်ထားပုံနှင့် သုနက္ခတ္တအား မိမိက ပြန်လည် မိန့်ကြားခဲ့သမျှားကို ဘဂ္ဂဝပရိဗိုဇ်အား တဆင့် ပြန်၍ ဟောကြားတော်မူသည်။

"မြတ်စွာဘုရား.... ယခု ကျွန်ုပ်သည် မြတ်စွာဘုရားကို စွန့်ပါတော့မည်၊ ယခု ကျွန်ုပ်သည် မြတ်စွာဘုရားကို ဆရာဟု ရည်ညွှန်းခြင်း ပြုတော့မည် မဟုတ်ပါ။"

"သုနက္ခတ္တ.... သင်လာလော၊ ငါ့ကို ဆရာဟု ရည်ညွှန်း၍နေလော ဟု သင့်ကို ငါ ဆိုဘူးသလော။"

"မဆိုဘူးပါ ဘုရား။"

"မြတ်စွာဘုရားကို ဆရာဟု ကျွန်ုပ် ရည်ညွှန်း၍နေပါမည် ဟု သင်က လည်း ငါ့ကို ဆိုဘူးပါသလော။"

"မဆိုဘူးပါ ဘုရား။"

www.dhammaransi.com



"အချည်းနှီးသောယောကျ်ား.... သို့ဖြစ်လျှင် သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကို စွန့်ပစ်ဘိသနည်း၊ သင်ကျူးလွန်သောအပြစ်ကို ရှုဘိလော။"

## တန်ခိုးမပြ၍

"မြတ်စွာဘုရားသည် ကျွန်ုပ်အား လူတို့၏တရားထက် သာလွန်သော တန်ခိုးပြာဋိဟာကို ပြတော်မမူပါ။"

"သုနက္ခတ္တ.... ငါသည် သင့်အား တန်ခိုး ပြာဋိဟာကို ပြမည်၊ သင်သည် ငါ့ကို ဆရာအဖြစ် ရည်ညွှန်း၍နေလောဟု ဆိုဘူးပါသလော။"

"မဆိုဘူးပါဘုရား။"

"မြတ်စွာဘုရား သည် ကျွန်ုပ်အား တန်ခိုး ပြာဋိဟာ ပြတော်မမူပါ၊ ကျွန်ုပ်သည် မြတ်စွာဘုရားကို ဆရာအဖြစ် ရည်ညွှန်း၍ နေပါမည် ဟူ၍ သင်ကလည်း ငါ့ကို ဆိုဘူးပါသလော။"

"မဆိုဘူးပါ ဘုရား။"

"အချည်းနှီးသော ယောကျ်ား.... သို့ဖြစ်လျှင် သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကို စွန့်ဘိသနည်း၊ သင်ကျူးလွန်သော အပြစ်ကို ရှုဘိလော။"

## လောက၏အစကို မဟောသောကြောင့်

"မြတ်စွာဘုရားသည် ကျွန်ုပ်အား လောက၏ အစဟု သိအပ်သော တရားကို ဟောကြားတော်မမူပါ။"

"သုနက္ခတ္တ.... ငါသည် သင့်အား လောက၏ အစကို ဟောကြားမည်၊ သင်သည် ငါ့ကို ဆရာအဖြစ် ရည်ညွှန်း၍နေလော ဟူ၍ သင့်အား ငါ ဆိုဘူးပါသလော။"

"မဆိုဘူးပါ ဘုရား။"

"မြတ်စွာဘုရားသည် ကျွန်ုပ်အား လောက၏အစကို ဟောကြားတော်မမူပါ၊ ကျွန်ုပ်သည် မြတ်စွာဘုရားကို ဆရာအဖြစ် ရည်ညွှန်း၍နေပါမည် ဟူ၍ သင်ကလည်း ငါ့ကို ပြောဆိုဘူးပါသလော။"

"မပြောဆိုဘူးပါ ဘုရား။"

www.dhammaransi.com



"အချည်းနှီးသော ယောကျ်ား.... သို့ဖြစ်လျှင် သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကို စွန့်ဘိသနည်း၊ သုနက္ခတ္တ.... လောက၏အစကို ဟောသည်ဖြစ်စေ၊ မဟောသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအလို့ငှာ ငါဟောအပ်သော တရားသည် ဟောသည့်အတိုင်း ကျင့်သူအား ဆင်းရဲကုန်ခြင်းအလို့ငှာ ဖြစ်သည် မဟုတ်ပါလော။"

"ဖြစ်ပါသည် ဘုရား။"

"သုနက္ခတ္တ.... သို့ဖြစ်သော် လောက၏အစကို ဟောခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။"

"သုနက္ခတ္တ.... သင်သည် အကြောင်းအမျိုးမျိုးဖြင့် ငါဘုရား၏ ဂုဏ်ကိုငင်း၊ တရားသံဃာတို့၏ ဂုဏ်ကိုငင်း၊ ဝဇ္ဇီမင်းတို့၏ မြို့ရွာ၌ ပြောဆိုခဲ့ဘူး၏၊ အကယ်၍ ငါဘုရားထံမှ သင်ဖဲခွာသွားခဲ့သော် 'သုနက္ခတ္တသည် ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးရန် မစွမ်းနိုင်သဖြင့် သိက္ခာချ၍ လူထွက်လေ၏'ဟူ၍ ဝဇ္ဇီမင်းတို့က ကဲ့ရဲ့ကြလိမ့်မည်။"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသော်လည်း သုနက္ခတ္တကား သာသနာတော်မှ စွန့်ခွာ(လူထွက်) သွားသည်သာ ဖြစ်၏။

## ခွေးကျင့်ကျင့်သူကိုအားကျခြင်း

အခါတပါး၌လည်း ဗုဒ္ဓမြတ်စွာသည် ဥတ္တရကာ မည်သော နိဂုံးသို့ သုနက္ခတ္တနှင့်အတူ သွမ်းခ်ကြွစဉ် သုနက္ခတ္တသည် ခွေးကဲ့သို့ လေးဘက်ထောက်သွား၍ မြေ၌ချထားသည့်အစာကို ပါးစပ်ဖြင့်ဟပ်၍စားသော ကောရခတ္တိယ တက္ကတွန်းကို တွေ့မြင်လေ၏။ ထိုအခါ သုနက္ခတ္တအား "ဤတက္ကတွန်းကား ခြီးကျူးအံ့သြဖွယ်ကောင်းလေစွ" ဟူ၍အကြံဖြစ်ပေါ်လေ၏။ ယင်းသို့အကြံဖြစ်ပေါ်သည်ကို ဗုဒ္ဓမြတ်စွာက သိတော်မူလျှင် "အချည်းနှီးသောယောကျ်ား၊ သင်ကား ရဟန်းဟူ၍ဝန်ခံနေဘိသည်" ဟု မိန့်ကြားတော်မူလေ၏။

"မြတ်စွာဘုရား.... မြတ်စွာဘုရားသည် အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုဘိသနည်း။"

"အချည်းနှီးသောယောကျ်ား.... ငါသည် အရဟတ္တဖိုလ်ကို ဝန်တိုသည် မဟုတ်။ သင့်အားသာလျှင် ဤယုတ်မာသော အယူသည် ဖြစ်ပေါ်နေ၏။ သုနက္ခတ္တ၊ ဤကောရခတ္တိယ တက္ကတွန်းသည် ခုနစ်ရက်မြောက်သောနေ့၌ စား

www.dhammaransi.com



ပိုးနင့်သော ရောဂါဖြင့်သေ၍ အသုရာဘုံ၌ ကာလကဉ္စိကာမည်သော အသုရာ ဖြစ်လိမ့်မည်၊ သူ၏အလောင်းကိုလည်း ပြိတ်မြက်ပေါသချိုင်း၌ စွန့်ပစ်ကြလိမ့်မည်။

ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ကြားလေသော် သုနက္ခတ္တသည် ကောရခတ္တိယ တက္ကတွန်းထံသို့သွား၍ ထိုစကားကို တသဲ့ပြောကြားလေ၏။ ထိုစကားလွဲမှားစေရန်အတွက် အစားအစာကိုချင့်၍ စားရန်လည်း ကောရခတ္တိယအား သတိပေးလေ၏။ ထို့နောက်သုနက္ခတ္တသည် ဗုဒ္ဓ၏စကားကိုမယုံသဖြင့် နေ့ရက်များကို လက်ချိုးရေတွက်နေ၏။ ကောရခတ္တိယကား ဗုဒ္ဓမိန့်ကြားသည့်အတိုင်းပင် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနင့်သောရောဂါဖြင့် သေ၍ အသုရာဘုံ၌ ကာလကဉ္စိကာမည်သော အသုရာဖြစ်လေ၏။ သူ၏အလောင်းကိုလည်းပြိတ်မြက် ပေါသချိုင်း၌ စွန့်ပစ်ကြလေ၏။ ထိုအခါ သုနက္ခတ္တသည် သင်္ချိုင်းသို့သွား၍ ကောရခတ္တိယ၏ အလောင်းကို လက်ဖြင့်သုံးကြိမ်ပုတ်ပြီး "အချင်း ကောရခတ္တိယ၊ သင်သည်မိမိ၏လားရာကို သိပါ၏လော" ဟု မေးလေ၏။ ကောရခတ္တိယ၏ အလောင်းသည် လက်ဖြင့်ကြောကို ပွတ်လျက် ထလာပြီး "အချင်း သုနက္ခတ္တ၊ ငါကားအသူရာဘုံ၌ ကာလကဉ္စိကာမည်သော အသုရာဖြစ်နေပါ၏" ဟုဖြေကြားပြီး ထိုနေရာ၌ပင် ပြန်လဲသွားလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရပြီးနောက် သုနက္ခတ္တသည် ဗုဒ္ဓထံသို့သွားရာ ဗုဒ္ဓက ဆီး၍မေးတော်မူသည်။

"သုနက္ခတ္တ.... ကောရခတ္တိယတက္ကတွန်းနှင့် ပတ်သက်၍ ငါမိန့်ကြားခဲ့သော စကားသည် မှန်ပါ၏လော။"

"မှန်ပါသည်ဘုရား။"

"သုနက္ခတ္တ... သို့ဖြစ်လျှင် လူတို့၏ တရားထက် သာလွန်သော တန်ခိုးပြာဋိဟာကို ပြသည်မည်သလော၊ မမည်သလော။"

"တန်ခိုးပြာဋိဟာကို ပြသည်မည်ပါသည် ဘုရား။"

"အချည်းနှီးသောယောကျ်ား.... သို့ဖြစ်ပါလျက် 'မြတ်စွာဘုရားသည် ကျွန်ုပ်အား တန်ခိုးပြာဋိဟာကို မပြ' ဟု သင်ဆိုဘိ၏၊ သင်၏ အပြစ်ကို ရှုဘိလော။"

ဗုဒ္ဓမြတ်စွာက ယင်းသို့မိန့်ကြားသော်လည်း သုနက္ခတ္တကား သာသနာတော်မှ စွန့်ခွာသွားသည်သာဖြစ်၏။

www.dhammaransi.com



## ကျင့်ဝတ်ခုနစ်ပါးကို ဆောက်တည်သူ

အခါတပါး၌လည်း ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည် ကူဋာဂါရ ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ကဋ္ဌာရမဋ္ဌကမည်သော တက္ကတွန်းသည် အသက်ထက်ဆုံး အဝတ်မဝတ်ခြင်း၊ မေထုန်အကျင့်ကို မမှီဝဲခြင်း၊ ထမင်းမုန့်တို့ကိုမစားဘဲ သေရည်နှင့် အသားတို့ဖြင့်သာ မျှတခြင်း၊ ဝေသာလီပြည်၏ အရပ်လေးမျက်နှာရှိ နတ်ကွန်း၄ခုတို့ကို ကျော်လွန်၍မသွားခြင်း ဟူသော ကျင့်ဝတ်ခုနစ်ပါးကို ကျင့်သုံးဆောက်တည်သဖြင့် ဝေသာလီပြည်၌ လာဘ်လာဘ အခြံအရံပေါများမှု၏ အထွတ်အထိပ်သို့ ရောက်လျက်နေ၏။ သုနက္ခတ္တသည် ထိုကဋ္ဌာရမဋ္ဌက တက္ကတွန်းထံ ချဉ်းကပ်၍ ပြဿနာတခုကို မေးမြန်းလေသည်။ ကဋ္ဌာရသည် မိမိမဖြေနိုင်သော ပြဿနာကို မေးမြန်းသည့်အတွက် သုနက္ခတ္တအပေါ် မကျေနပ်သည့်အမူအရာတို ပြသလေ၏။ ထိုအခါ သုနက္ခတ္တသည် "ငါကား ရဟန္တာကို ထိပါးစော်ကားမိလေပြီ"ဟူ၍ စိတ်မချမ်းမသာ ဖြစ်သွားလေ၏။

ထို့နောက် သုနက္ခတ္တသည် ဗုဒ္ဓထံသွားလေရာ ထိုအကြောင်းကို သိထားပြီးဖြစ်သော ဗုဒ္ဓက ကဋ္ဌာရမဋ္ဌကနှင့် ပတ်သက်သော အဖြစ်အပျက်ကို ဖွင့်ဟမိန့်ကြားပြီး "သုနက္ခတ္တ.... သင်ကဲ့သို့သောသူသည် ရဟန်းဟူ၍ ဝန်ခံနေဘိ၏"ဟု မိန့်ဆိုတော်မူသည်။

"မြတ်စွာဘုရား....မြတ်စွာဘုရားသည် အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုဘိသနည်း။"

"အချည်းနှီးသောယောကျ်ား.... ငါသည် အရဟတ္တဖိုလ်ကို ဝန်တိုသည် မဟုတ်၊ သင့်အားသာလျှင် ဤယုတ်မာသော မိစ္ဆာအယူသည် ဖြစ်ပေါ်နေ၏၊ သင်သည် ထိုအယူကို စွန့်ဘိလော့။ သုနက္ခတ္တ.... ရဟန္တာဟူ၍ သင့်အထင်ကြီးနေသော ကဋ္ဌာရမဋ္ဌကတက္ကတွန်းသည် မကြာမီပင် လူဝတ်ကိုဝတ်လျက် ခင်ပွန်းမနှင့်အတူ လှည့်လည်လိမ့်မည်။ ထမင်းမုန့်တို့ကိုစားပြီးလျှင် ဝေသာလီပြည်၏ အရပ်လေးမျက်နှာရှိ နတ်ကွန်းစေတီတို့ကိုလွန်၍ အခြံအရံဆုတ်ယုတ်ပျက်ပြားကာ သေဆုံးလိမ့်မည်။"

ယင်းသို့ဗုဒ္ဓက မိန့်ကြားတော်မူလိုက်ပြီးနောက် မကြာမီမှာပင် ကဋ္ဌာရမဋ္ဌကတက္ကတွန်းသည် လူဝတ်ကိုဝတ်၍ ခင်ပွန်းမနှင့်အတူ လှည့်လည်လေ

www.dhammaransi.com



သည်။ ထမင်း မုန့်တို့ကိုစားပြီးလျှင် ဝေသာလီပြည်၏ အရပ်လေးမျက်နှာရှိ နတ်ကွန်းစေတီတို့ကို လွန်၍ အခြံအရံဆုတ်ယုတ်လျက် သေဆုံးလေ၏။

ထိုသတင်းကို ကြားသိရသောအခါ သုနက္ခတ္တသည် ဗုဒ္ဓထံသို့ သွားပြန်ရာ ဗုဒ္ဓက ဆီး၍မေးမြန်းတော်မူသည်။

"သုနက္ခတ္တ ... ကဠာရ မဋ္ဋကတက္ကတွန်းနှင့် ပတ်သက်၍ ငါမိန့်ကြားလိုက်သော စကားသည် မှန်ပါ၏လော။"

"မှန်ပါသည်ဘုရား။"

"သုနက္ခတ္တ ... သို့ဖြစ်လျှင် လူတို့၏တရားထက် သာလွန်သော တန်ခိုးပြာဋိဟာကို ပြသည်မည်သလော၊ ပြသည်မမည်သလော။"

"တန်ခိုးပြာဋိဟာကို ပြသည်မည်ပါသည်ဘုရား။"

"အချည်းနှီးသောယောကျ်ား ... သို့ဖြစ်ပါလျက် 'မြတ်စွာဘုရားသည် ကျွန်ုပ်အား တန်ခိုးပြာဋိဟာကိုမပြ'ဟု သင်ဆိုဘိ၏၊ သင်၏အပြစ်ကို ရှုဘိလော့။"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသော်လည်း သုနက္ခတ္တကား သာသနာတော်မှ စွန့်သွားသည်သာဖြစ်၏။

## တန်ခိုးပြိုင်လိုသည့် ပါထိကတက္ကတွန်း

ဝေသာလီပြည်၌ပင် လာဘ်လာဘ အခြံအရံပေါများ၍ ကျော်ကြားမှု၏ အထွတ်အထိပ်သို့ ရောက်နေသည့် ပါထိကပုတ္တမည်သော တက္ကတွန်းတပါးလည်းရှိ၏။ အခါတပါး၌ ပါထိကသည် ပရိသတ်အလယ်တွင် ဤသို့ကြုံးဝါးပြောဆိုလေ၏။

"ရဟန်းဂေါတမသည် သမ္ဗုဒ္ဓဉာဏ်ကို ဝန်ခံ၏၊ ငါသည်လည်း သမ္ဗုဒ္ဓဉာဏ်ကိုဝန်ခံ၏။ သမ္ဗုဒ္ဓဉာဏ်ကို ဝန်ခံသော ပုဂ္ဂိုလ်တဦးသည် သမ္ဗုဒ္ဓဉာဏ်ကိုဝန်ခံသော အခြားပုဂ္ဂိုလ်တဦးနှင့်ပြိုင်၍ တန်ခိုးပြရန် ထိုက်ပါသည်။ ရဟန်းဂေါတမသည် ခရီးတဝက်သို့လာလျှင် ငါသည်လည်း ခရီးတဝက်သို့ သွားပါမည်၊ ထိုနေရာ၌ ငါတို့ တန်ခိုး ပြိုင်ကြပါအံ့၊ ရဟန်းဂေါတမက တန်ခိုးပြာဋိဟာတမျိုးပြလျှင် ငါက နှစ်မျိုးပြပါမည်။"

www.dhammaransi.com



ပါထိက တက္ကတွန်း၏ ကြုံးဝါး ပြောဆိုချက်ကို သုနက္ခတ္တ ကြားလျှင် ဗုဒ္ဓထံသို့ သွား၍ ထိုအကြောင်းကို လျှောက်တင်လေ၏၊ ထိုအခါ ဗုဒ္ဓက "သုနက္ခတ္တ.... ပါထိက တက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းဘဲ ထိုအယူကို မစွန့်ဘဲ ငါ၏မျက်မှောက်သို့လာရန် မထိုက်ပေ၊ အကယ်၍ လာရန် ကြံစည်လျှင်လည်း သူ၏ဦးခေါင်းသည် ပြတ်ကျဖွယ်ရာ ရှိပေ၏" ဟု မိန့်ကြားတော်မူသည်။

"မြတ်စွာဘုရား.... ဤစကားကို စောင့်စည်းတော်မူပါ၊ ပါထိက တက္ကတွန်းသည် ပြောင်းလဲသော ရုပ်ဖြင့် မြတ်စွာဘုရား၏ မျက်မှောက်သို့ ရောက်လာခဲ့သော် ထိုစကားသည် လွဲမှားမှုဖြစ်နိုင်ပါသည်။"

"သုနက္ခတ္တ.... မြတ်စွာဘုရား တို့သည် နှစ်ခွသော စကား ကို မဆိုကြပေ။"

"မြတ်စွာဘုရား.... ပါထိကတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းဘဲ ထိုအယူကိုမစွန့်ဘဲ မြတ်စွာဘုရား၏ ရှေ့မှောက်သို့ လာရောက်ရန်မထိုက် ဟူသော အကြောင်းကို စိတ်ဖြင့် ပိုင်းခြား၍ သိတော်မူပါသလော၊ သို့တည်း မဟုတ် နတ်တို့ကပင် လာ၍ လျှောက်ကြားထားကြပါသလော။"

"သုနက္ခတ္တ.... ထိုအကြောင်းကို ငါဘုရားသည် စိတ်ဖြင့်လည်း ပိုင်းခြား၍သိ၏၊ လူ့ပြည်မှ သေလွန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်နေသည့် အဇိတ မည်သော လိစ္ဆဝီစစ်သူကြီးကလည်း ထိုအကြောင်းကို ငါ့အား လာ၍ လျှောက်ထား၏။ သုနက္ခတ္တ.... ငါသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ပါထိကတက္ကတွန်း၏ ကျောင်းသခ်မ်းသို့ ချဉ်းကပ်အံ့၊ ဤအကြောင်းကို သင် ပြောကြားလိုသူတို့အား ပြောကြားလေလော။"

## တန်ခိုးပြာဋိဟာပြခြင်း

ထို့နောက် ဗုဒ္ဓမြတ်စွာသည် သုနက္ခတ္တအား မိန့်ကြားလိုက်သည့်အတိုင်းပင် ဝေသာလီပြည်၌ ဆွမ်းခံ လှည့်လည်၍ ဆွမ်းစားပြီးသော် ပါထိကတက္ကတွန်း၏ ကျောင်းသခ်မ်းသို့ ကြွရောက်တော်မူ၏၊ သုနက္ခတ္တသည် ဝေသာလီပြည်တွင်းသို့ ဆောလျင်စွာ ဝင်၍ ထင်ရှားသော လိစ္ဆဝီ မင်းသားများနှင့် သူဌေး သူကြွယ်တို့အား၎င်း၊ အသွယ်ဝါဒ အမျိုးမျိုးရှိသော ရဟန်း ပုဏ္ဏားတို့အား၎င်း ပါထိက တက္ကတွန်း၏ ကျောင်းသို့ မြတ်စွာဘုရား ကြွ ရောက် မည့်

www.dhammaransi.com



အကြောင်းကို ပြောကြားလေသည်။ "အချင်းတို့.... သွားကြကုန်လော၊ အံ့ဩချီးမွမ်းဘွယ်ကောင်းသော ရဟန်းနှစ်ပါး၏ တန်ခိုးပြာဋိဟာ ပြခြင်းသည် ဖြစ်လိမ့်မည်"ဟူ၍လည်း တိုက်တွန်းနှိုးဆော်ခြင်း ပြုလေသည်။

သုနက္ခတ္တ၏ တိုက်တွန်း နှိုးဆော်မှုကြောင့် ဝေသာလီပြည်မှ ထင်ရှားသော လိစ္ဆဝီမင်းသားများနှင့် သူဌေး သူကြွယ်တို့သည်၎င်း၊ အယူဝါဒအမျိုးမျိုးရှိသော ရဟန်း ပုဏ္ဏား တို့သည်၎င်း ပါထိကတက္ကတွန်း၏ ကျောင်းသင်္ခမ်းသို့ ဆိုက်ရောက် လာကြသည်။ ပါထိက၏ ကျောင်းသင်္ခမ်းသည် ရာထောင်မကသော ပရိသတ်ဖြင့် ပြည့်လျှံသွားသည်။ ထိုအခါ ပါထိက တက္ကတွန်းသည် ထိတ်လန့်ကြောက်ရွံ့သဖြင့် မိမိကျောင်းသင်္ခမ်းမှ တိတ်တဆိတ်ထွက်ခွာ၍ တိန္ဒုကခါဏု မည်သော ပရိဗိုဇ်၏ ကျောင်းသင်္ခမ်း၌ တိမ်းရှောင်နေလေသည်။

ယင်းသို့ ပါထိကတက္ကတွန်း တိမ်းရှောင်နေကြောင်းကို လူထုပရိသတ်ကြီး သိရှိလျှင် သူ့ထံသို့ လူတယောက်ကိုစေလွှတ်၍ ပင့်ခေါ်ခိုင်းကြသည်။ ထိုလူသည် ပါထိက ထံသို့ သွား၍ "အရှင် ပါထိက.... အရှင်သည် ရဟန်းဂေါတမထက် နှစ်ဆပို၍ တန်ခိုးပြာဋိဟာကို ပြမည်ဟု ပရိသတ် အလယ်၌ ပြောဘူးပါသည်။ ယခု ရဟန်းဂေါတမသည် အရှင်၏ကျောင်းသင်္ခမ်း၌ ဆိုက်ရောက်နေပါသည်။ အရှင်သည် တန်ခိုးပြရန် ကြွခဲ့ပါလော" ဟု ဖိတ် ခေါ်လေသည်။

ထိုသို့ ဖိတ်ခေါ်သော အခါ ပါထိကသည် "ငါ လိုက်ခဲ့ပါမည်၊ ငါ လိုက်ခဲ့ပါမည်" ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍နေ၏၊ နေရာမှ ထခန်ကား မစွမ်းနိုင်ချေ။ သူ့အား လာ၍ဖိတ်ခေါ်သူက "အရှင်ပါထိက.... သင်၏ တင်ပါးတို့သည် ထိုင်ခုံ၌ ကပ်ငြိနေပါသလော" ဟု မေးမြန်းသော်လည်း ပါထိကသည် မည်သို့မျှ ပြန်ပြောရန် မစွမ်းနိုင်ချေ။ သူ့အား လာရောက်ဖိတ်ခေါ်သူသည် ယင်းသို့ ပါထိကတက္ကဘွန်း နေရာမှ ပထနိုင်ဘဲ ဖြစ်နေသည်ကို တွေ့ရသောအခါ လူထုပရိတ်သတ်ကြီးရှိရာသို့ ပြန်သွားပြီး ထိုအကြောင်းကို ပြောကြားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက လူထု ပရိသတ်ကြီးအား ပါထိက တက္ကဘွန်းသည် ထို စကားကို မရုပ်သိမ်းဘဲ ထိုအယူကို မစွန့်ဘဲ မိမိ၏ ရှေ့မှောက်သို့ လာရောက်ရန် ပထိုက်ကြောင်း မိန့်ကြားတော်မူသည်။ ယင်းသို့ မိန့်ကြား

www.dhammaransi.com



သော်လည်း လူထုပရိသတ်ကြီးထဲမှ လိစ္ဆဝီအမတ်ကြီး တဦးက ပါထိကတက္ကတွန်းကို သူသွား၍ ဖိတ်ခေါ် ပါဦးမည်ဟု ဆိုကာ ထွက်ခွာ သွားပြန်သည်။ ပါထိကတက္ကတွန်းကား ထိုအမတ်ကြီး လာ၍ ဖိတ်ခေါ်သည့် အခါ၌လည်း ရှေးနည်းတူပင် နေရာမှ မထနိုင်ဘဲ ရှိချေ၏၊ အမတ်ကြီးသည် လက်လျှော့၍ ပြန်လာပြီး ပရိသတ်ကြီးအား မိမိ ပင့်ခေါ်၍လည်း မရကြောင်းကို ပြန်ပြော လေ၏၊ ဗုဒ္ဓမြတ်စွာက ပါထိကသည် မိမိရှေ့မှောက်သို့လာရောက်ရန် မထိုက် ကြောင်း ထပ်မံမိန့်ကြားပြန်သည်။

ထို့နောက် ဒါရုပတ္တိကပရိဗိုဇ်၏တပည့် ဇာလိယဆိုသူက တဖန် သွား၍ ပါထိကကို ဖိတ်ခေါ်ပြန်၏၊ ပါထိကက "ငါလိုက်ခဲ့ပါမည်၊ ငါလိုက်ခဲ့ ပါမည်"ဟု ဆို၍ နေရာမှ မထနိုင်ဘဲ ရှိနေသောအခါ ဇာလိယသည် ခြင်္သေ့ မင်းနှင့် မြေခွေးအို ဥပမာဖြင့် ပါထိကအား ရှုတ်ချပြောဆိုခဲ့ပြီး ပရိသတ်ရှိရာ သို့ ပြန်လာလေ၏။

ထိုအခါ ဗုဒ္ဓမြတ်စွာက ပါထိက တက္ကတွန်းသည် ထို စကားကို မရုပ် သိမ်းဘဲ ထိုအယူကို မစွန့်ဘဲ မိမိရှေ့မှောက်သို့ လာရောက်ရန် မထိုက်ကြောင်း ထပ်မံမိန့်ကြားပြီး ပရိသတ်ကြီးအား သင့်တင့်လျောက်ပတ်သော တရားစကား ကို ဟောကြား ဆုံးမတော်မူသည်။ ထို့နောက် တေဇောဓာတ်ကိုဝင်စားကာ ကောင်းကင်သို့ ထန်းခုနစ်ဆင့်တိုင်အောင် တက်၍ နောက်ထပ် ထန်းခုနစ်ဆင့် တိုင်အောင် မီးခိုးမီးလျှံများကို ဖြစ်ပေါ်စေပြီး ကူဋာဂါရ ကျောင်းတိုက် သို့ပင် ပြန်ကြွတော်မူသည်။

ထို့နောက် ကူဋာဂါရ ကျောင်းတိုက်၌ သီတင်း သုံးနေသော ဗုဒ္ဓ မြတ်စွာထံသို့ လိစ္ဆဝီမင်းသား သုနက္ခတ္တ ရောက်လာပြန်ရာ ဗုဒ္ဓက သုနက္ခတ္တ အား ဆီး၍ မေးမြန်းတော်မူသည်။

"သုနက္ခတ္တ.... ပါထိက တက္ကတွန်းကို အကြောင်းပြု၍ ငါမိန့်ကြား လိုက်သော စကားသည် မှန်ပါ၏လော။"

"မှန်ပါသည် ဘုရား။"

"သုနက္ခတ္တ.... သို့ဖြစ်လျှင် လူတို့၏ တရားထက် သာလွန်သော တန်ခိုး ပြာဋိဟာကို ပြသည်မည်သလော၊ ပြသည် မမည်သလော။"

"တန်ခိုးပြာဋိဟာကို ပြသည်မည်ပါသည် ဘုရား။"

www.dhammaransi.com



"အချည်းနှီးသောယောကျ်ား.... သို့ဖြစ်ပါလျက် 'မြတ်စွာဘုရားသည် ကျွန်ုပ်တား တန်ခိုးပြာဋိဟာကို ပြတော်မမူ'ဟု သင် ဆိုဘိ၏၊ သင်၏အပြစ်ကို ရှုဘိလော။"

ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ကြားသော်လည်း သုနက္ခတ္တကား သာသနာတော်မှ စွန့်ခွာသွားသည်သာဖြစ်၏။

## လောက၏အစကို ပညတ်ခြင်း

"ဘဂ္ဂဝ.... ငါသည် လောက၏အစဟု သိအပ်သော တရားကိုလည်းသိ၏၊ ထို့ထက်လွန်မြတ်သော တရားကိုလည်း သိ၏။ ထိုသို့သိသော်လည်း မှားသောအားဖြင့် မသုံးသပ်၊ မှားသောအားဖြင့် မသုံးသပ်ခြင်းကြောင့် ငါသည် မိမိ၌ ကိလေသာငြိမ်းခြင်းကို ကိုယ်တိုင်ကိုယ်ကျသိ၏။ ယင်းသို့သိသော ငါဘုရားသည် ဆင်းရဲခြင်းသို့ မရောက်နိုင်တော့ပေ။"

"ဘဂ္ဂဝ.... လောက၏အစသည် ဖန်ဆင်းရှင်ဗြဟ္မာဖြစ်၏ဟုဟောကြားသော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏၊ အခါတပါး၌ ငါသည် ထိုရဟန်းပုဏ္ဏားတို့ထံ ချဉ်းကပ်၍ 'ငါ့ရှင်တို့.... သင်တို့သည် လောက၏အစသည် ဖန်ဆင်းရှင်ဗြဟ္မာဖြစ်၏ ဟူသော ဝါဒကို မည်သို့သောအစဉ်အလာဖြင့် ပြောဆိုပညတ်ကြပါသနည်း'' ဟု မေးမြန်းခဲ့၏၊ ရဟန်းပုဏ္ဏားတို့သည် ငါ့အမေးကို မဖြေနိုင်ကြဘဲ ငါ့ကိုပင် ပြန်၍မေးကြ၏၊ ထို့ကြောင့် ငါကပင် ထိုသူတို့အား ဖြေကြားခဲ့ရ၏။"

"ငါ့ရှင်တို့.... တရံရောအခါက ဤကမ္ဘာလောကကြီး ပျက်စီးလေရာ ဤကမ္ဘာမှ သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဗြဟ္မာဘုံ၌ ဖြစ်ကြကုန်၏၊ ထိုဗြဟ္မာတို့ကား စျာန်စိတ်ဖြင့်ပြီးလျက် နှစ်သိမ့်ခြင်း 'ပီတိ'လျှင် အစာရှိကြ၏၊ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလျက် ကောင်းကင်၌ ကျက်စားကြ၏၊ တင့်တယ်သောနေရာရှိ၍ ကာလကြာမြင့်စွာ တည်ကြကုန်၏၊ ဤကမ္ဘာလောကကြီးသည် ပျက်စီးပြီး၍ ကာလကြာမြင့်သောအခါ၌ တဖန်ပြန်၍ဖြစ်တည်လတ်သော် အာဘဿရဗြဟ္မာဘုံမှ သတ္တဝါတယောက်သည် သတ္တဝါဆိတ်သုဉ်းနေသော ဗြဟ္မာဗိမာန်တခု၌ ဖြစ်ပေါ်လေ၏၊ ထိုဗြဟ္မာသည်လည်း စျာန်စိတ်ဖြင့်ပြီးလျက် နှစ်သိမ့်ခြင်းပီတိလျှင် အစာရှိ၏၊ မိမိကိုယ်ရောင်ဖြင့်လင်းလျက် ကောင်းကင်၌ ကျက်စား၏၊ တင့်တယ်သောနေရာရှိ၍ ကာလကြာမြင့်စွာ တည်၏။"

www.dhammaransi.com



ထိုဗြဟ္မာသည် ကာလကြာမြင့်စွာ တယောက်တည်း နေရသောအခါ ငြီးငွေ့လာပြီး "အခြားသောသတ္တဝါတို့လည်း ဤဘုံသို့ ရောက်လာကြပါမူ ကောင်းလေစွ"ဟု တောင့်တ၏၊ ယင်းသို့တောင့်တသည်နှင့် မရှေးမနှောင်း မှာပင် အခြားသော သတ္တဝါတို့သည်လည်း အကြောင်းအားလျော်စွာ ထိုဘုံသို့ ရောက်လာကြသည်။ ထိုအခါ ပထမဗြဟ္မာကြီးအား "ဤသူတို့သည် ငါဖန်ဆင်း၍ ဖြစ်ပေါ်လာရကုန်၏"ဟု အကြံဖြစ်၏၊ နောက်မှဖြစ်ပေါ်လာသော သတ္တဝါတို့ကလည်း "ဤသူသည် ငါတို့၏ဖန်ဆင်းရှင်ဖြစ်၏"ဟု ယုံကြည်သွားကြသည်။ အကြောင်းမှာ ပထမဗြဟ္မာကြီးမှာ သူတို့ထက်ပို၍ အသက်ရှည်သည့်ပြင် ရုပ်အဆင်း၊ တန်ခိုးအရှိန်အဝါအားဖြင့်လည်း သာလွန်သော ကြောင့် ဖြစ်ပေသည်။

တဖန် ထိုဗြဟ္မာဘုံသို့ နောက်မှရောက်လာသည့် သတ္တဝါတို့အနက်မှ တဦးသော သတ္တဝါသည် ဗြဟ္မာဘုံမှစုတေ၍ လူ့ဘုံသို့ရောက်လာ၏၊ ထိုသတ္တဝါသည် ရသေ့ရဟန်းဝတ်၍ တရားအားထုတ်ရာမှ ဈာန်အဘိညာဉ်ကို ရရှိသဖြင့် ဗြဟ္မာဘုံ၌ မိမိဖြစ်ခဲ့ရပုံကို ပြန်ပြောင်း၍ ဆင်ခြင်အောက်မေ့လေ၏၊ ယင်းသို့ ဆင်ခြင်အောက်မေ့သည့်အခါ မိမိတို့မရောက်မီက ရှိနေခဲ့သောဗြဟ္မာကြီးမှာ ယခုတိုင်ပင်ရှိနေသေးသည်ကို တွေ့မြင်ရသဖြင့် ထိုဗြဟ္မာကြီးသည် မပျက်မစီး အမြဲတည်သူဖြစ်ပြီး မိမိတို့မှာမူ အမြဲမတည်သူများ ဖြစ်သည်ဟု ယုံကြည် ယူဆလေတော့သည်။ ဤသို့ဖြင့် လောက၏အစသည် ဖန်ဆင်းရှင် ဗြဟ္မာ ဖြစ်သည်ဟူသော ပြောဆိုပညတ်ခြင်းသည် ဖြစ်ပေါ်လာပေ၏။"

"ဘဂ္ဂဝ....ဤသို့ ငါဘုရားက လောက၏အစသည် ဖန်ဆင်းရှင် ဗြဟ္မာ ဖြစ်သည်ဟူသော အယူဝါဒ၏ အကြောင်းရင်းဇစ်မြစ်ကို ဖော်ထုတ်ဟောကြားသောအခါ ထိုရဟန်းပုဏ္ဏားတို့က မိမိတို့လည်း ဤအတိုင်းပင် ကြားဘူးပါကြောင်း ဝန်ခံပြောကြားကြလေသည်။"

"ဘဂ္ဂဝ.... လောက၏အစသည် ခိဍ္ဍာပဒေါသိက နတ်များကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု ပြောဆိုပညတ်သော ရဟန်းပုဏ္ဏားတို့သည်လည်း ရှိကြ၏၊ ထိုရဟန်းပုဏ္ဏားတို့ထံ ချဉ်းကပ်၍ ထိုဝါဒ၏ အကြောင်းရင်းဇစ်မြစ်ကို မေးမြန်းသည့်အခါတွင်လည်း အမေးခံရသူတို့က မဖြေနိုင်ကြသဖြင့် ငါဘုရားကပင် ထိုသူတို့အား ဖြေကြားခဲ့ရ၏။

"ဘဂ္ဂဝ၊ ခိဍ္ဍာပဒေါသိက မည်သော နတ်တမျိုးရှိ၏။ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ ကြီစယ်ပျော်ပါး၍နေကြသဖြင့် စားသောက်ရန် သတိမေ့

www.dhammaransi.com



နေကြသောကြောင့် ထိုနတ်ဘဝမှ စုတေကြကုန်၏။ ယင်းသို့စုတေသူများ အနက်မှ တဦးသောသူသည် လူ့ဘုံသို့ရောက်လာပြီး ရသေ့ရဟန်းဝတ်၍ တရားအားထုတ်သဖြင့် ဈာန်အဘိညာဉ်ရရှိကာ မိမိ၏ဘဝဟောင်းကို ပြန်ပြောင်း၍ ဆင်ခြင်အောက်မေ့လေ၏။ ထိုအခါ မိမိမှာ အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးပြီး အစာစားရန် မေ့လျော့နေခဲ့သောကြောင့်သာ နတ်ဘဝမှစုတေခဲ့ရခြင်းဖြစ်၏၊ အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးခြင်း မပြုသည့် နတ်များကား စုတေခြင်းမရှိဘဲ အမြဲတည်ကုန်၏ ဟူ၍ ယုံကြည်ယူဆခြင်းပြုလေတော့သည်။ ဤသို့လျှင် **လောကနှင့်အစသည်** ခိဋ္ဍာပဒေါသိကနတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော အယူဝါဒသည်ပေါ်ပေါက်ခဲ့ပေ၏။”

“ဘဂ္ဂဝ.... လောက၏အစသည် မနောပဒေါသိကနတ်တို့ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော အယူဝါဒရှိသည့် ရဟန်း ပုဏ္ဏားတို့လည်း ရှိကြ၏။ ထိုရဟန်းပုဏ္ဏားတို့ထံ ချဉ်းကပ်၍ ထိုဝါဒ၏အကြောင်းရင်း ဇစ်မြစ်ကို မေးမြန်းသည့်အခါတွင်လည်း အမေးခံရသူတို့က ပဖြေကြားနိုင်သဖြင့် ငါဘုရားကပင် ဖြေကြားခဲ့ရ၏။”

“ဘဂ္ဂဝ.... မနောပဒေါသိကမည်သော နတ်တို့ကား တဦးနှင့်တဦး တစိမ်းစိမ်းကြည့်ရှုသဖြင့် ဒေါသစိတ်ဖြစ်ပေါ်လာပြီး ကိုယ်ရောစိတ်ပါဆင်းရဲပင်ပန်းကာ ထိုနတ်ဘဝမှ စုတေကြရကုန်၏။ ယင်းသို့စုတေသူများ အနက်မှ တဦးသောသူသည် လူ့ဘုံသို့ရောက်လာပြီး ရသေ့ရဟန်းဝတ်ကာ တရားအားထုတ်သဖြင့် ဈာန်အဘိညာဉ်တို့ကိုရရှိလေ၏။ ထိုသူသည် ဈာန်အဘိညာဉ်၏ အစွမ်းအားဖြင့် မိမိ၏ဘဝဟောင်းကို ပြန်ပြောင်း၍ ဆင်ခြင် အောက်မေ့ရာမှ မိမိသည် အခြားသောနတ်တို့အား တစိမ်းစိမ်းကြည့်ရှုခဲ့ခြင်း ကြောင့်သာ နတ်ဘဝမှ စုတေခဲ့ရခြင်းဖြစ်၏၊ အခြားသောနတ်တို့အား တစိမ်းစိမ်း မကြည့်ရှုခဲ့သော နတ်တို့ကား စုတေခြင်းမရှိဘဲ အမြဲတည်ကုန်၏ ဟူ၍ယုံကြည်ယူဆခြင်း ပြုလေတော့သည်။ ဤသို့လျှင် **လောက၏အစသည် မနောပဒေါသိက မည်သော နတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော အယူဝါဒသည် ပေါ်ပေါက်လာခဲ့ပေသည်။**”

“ဘဂ္ဂဝ.... လောက၏အစသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်ဟု ပြောဆို ယူဆသော ရဟန်းပုဏ္ဏားများလည်းရှိကြ၏။ ထိုရဟန်း ပုဏ္ဏားတို့ထံ ချဉ်းကပ်၍ ထိုဝါဒ၏အကြောင်းရင်း ဇစ်မြစ်ကိုမေးမြန်းသည့်အခါ အမေးခံရသူများ မဖြေကြားနိုင်ကြသဖြင့် ငါဘုရားကပင် ဖြေကြားခဲ့ရပေသည်။”

www.dhammaransi.com



"ဘဂ္ဂဝ.... သိမှတ်မှုသညာ ကင်းမဲ့သဖြင့် အသညသတ္တ မည်သော ဗြဟ္မာများရှိကြ၏။ ထိုဗြဟ္မာတို့သည် သညာဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ထိုဗြဟ္မာဘုံမှစုတေကြရ၏။ ယင်းသို့စုတေသော သတ္တဝါတစ်ဦးသည် လူ့ဘုံသို့ ရောက်လာပြီး ရသေ့ရဟန်းဝတ်၍ တရားအားထုတ်ရာ ဈာန်အဘိညာဉ်ရရှိ၍ မိမိ၏ဘဝဖြစ်ပေါ်လာပုံကို ဆင်ခြင်အောက်မေ့လေသည်။ ထိုအခါ ထိုသူက 'အတ္တသည်၎င်း၊ လောကသည်၎င်း အကြောင်းမဲ့ဖြစ်ပေါ်၏၊ အဘယ်ကြောင့်ဆိုသော် ငါသည်ရှေ့ကမရှိခဲ့ဘဲ ယခုမှ ထင်ရှားရှိလာ သောကြောင့် ဖြစ်သည်' ဟု ပြောဆိုလေ၏။ ဤသို့လျှင် **လောကသည် အကြောင်းမဲ့ဖြစ် ပေါ်လာသည်ဟူသော** အယူဝါဒသည် ပေါ်ပေါက်လာပေ၏။"

"ဘဂ္ဂဝ.... ငါသည်လောက၏ အစဟုသိအပ်သော တရားကိုလည်း သိ၏၊ ထို့ထက်လွန်မြတ်သောတရားကိုလည်းသိ၏။ ထိုသို့သိသော်လည်း မှားသောအားဖြင့် မသုံးသပ်သောကြောင့် ငါသည် မိမိသဏ္ဍာန်၌ ကိလေသာငြိမ်းခြင်းကိုသိ၏။ ယင်းသို့သိသော ငါဘုရားသည် ဆင်းရဲခြင်းသို့ မရောက်နိုင်တော့ပေ။"

"ဘဂ္ဂဝ.... ဤသို့ပြောဆို ဟောပြောလေ့ရှိသောငါ့ကို အချို့သော ရဟန်း ပုဏ္ဏားတို့က 'ရဟန်းဂေါတမသည် တင့်တယ်၏ဟု ဆို အပ်သော ဝိမောက္ခဈာန်ကို ဝင်စားနေသောအခါ အလုံးစုံကိုမတင့်တယ်ဟု သိမှတ်၏' ဟူ၍ဟော၏ဟု မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲကြကုန်၏။ ဘဂ္ဂဝ စင်စစ် ငါသည် ဤသို့မဟောပေ။ 'တင့်တယ်သည်ဟုဆိုအပ်သော ဝိမောက္ခဈာန်ကို ဝင်စားနေသောအခါ တင့်တယ်၏ဟူ၍သာသိမှတ်၏' ဟုသာ ငါဟောပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားတော်မူသောအခါ ဘဂ္ဂဝပရိဗိုဇ်သည် တရားတော်ကိုနှစ်သက်ဝမ်းမြောက်စွာ ခံယူလေ၏။

www.dhammaransi.com

# ၂၅။ ဥဒုမ္ဗရိကသုတ်

ဥဒုမ္ဗရိကာ ကျောင်းသခ်မ်း၌ ဟောကြားသော တရား

## နိဂြောဓပရိဗိုဇ်၏ကျောင်းသို့

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်း သုံးတော်မူ၏၊ ထိုအခါ သန္ဓာန သူကြွယ်သည် ဗုဒ္ဓမြတ်စွာအား ဖူးမြော်ရန်အတွက် နေမွန်းလွဲအချိန်တွင် ရာဇဂြိုဟ်ပြည်မှ ထွက်လာ၏၊ သို့ထွက်လာစဉ် ဗုဒ္ဓမြတ်စွာ ဈာန်ဝင်စားနေချိန်ဖြစ်၍ ဖူးမြော်ရန် မသင့်သေးကြောင်း စဉ်းစားမိသောကြောင့် ပရိဗိုဇ်တို့နေထိုင်ရာ ဥဒုမ္ဗရိကမည်သော ကျောင်းသခ်မ်းသို့ ဝင်သွားလေသည်။ ထိုကျောင်းသခ်မ်း၌ နိဂြောဓ မည်သော ပရိဗိုဇ်သည် ပရိဗိုဇ်အခြွေအရံသုံးထောင်ဖြင့် နေထိုင်လျက်ရှိ၏။

သန္ဓာန သူကြွယ် ဝင်လာချိန်တွင် နိဂြောဓပရိဗိုဇ်သည် များစွာသော ပရိဗိုဇ် ပရိသတ်နှင့်အတူ တိုင်းရေး၊ ပြည်ရေး၊ မြို့ရေး၊ ရွာရေး စသည့် ရသေ့ ရဟန်းတို့နှင့် မလျော်သော စကားများကို ကျယ်လောင်စွာ ပြောဆိုနေ၏၊ ယင်းသို့ ပြောဆိုနေစဉ် သန္ဓာနသူကြွယ်ကို မြင်လျှင် နိဂြောဓက မိမိပရိသတ်အား ဆိတ်ဆိတ်နေကြရန် ပြောဆိုသဖြင့် ပရိသတ်ကြီးသည် အသံတိတ်သွားလေ၏၊ ထိုအခါ သန္ဓာန သူကြွယ်သည် နိဂြောဓပရိဗိုဇ်ထံ ချဉ်းကပ်ပြီး ဤသို့ ပြောဆိုလေသည်။

"အရှင်နိဂြောဓ.... ဤပရိဗိုဇ်တို့သည် အချင်းချင်း ပေါင်းဆုံစည်းဝေး၍ ရသေ့ရဟန်းတို့နှင့် မလျော်သော စကားများကို ကျယ်လောင်စွာ ပြောဆိုနေကြပါသည်။ မြတ်စွာဘုရား သည်ကား အသံတိတ်ဆိတ်၍ လူတို့၏ အနံ့အသက်မှ ကင်းဝေးသော တောကျောင်းများ၌သာ မှီဝဲနေထိုင်တော်မူပါသည်။"

"အချင်း သန္ဓာန.... ရဟန်းဂေါတမသည် ပရိသတ်ယဲသို့ ဝင်ဝံ့သူမဟုတ်၊ စကားပြောခြင်း၌ ရွမ်းနိုင်သူ မဟုတ်၊ ထို့ကြောင့်သာ သူသည်

www.dhammaransi.com



လူနှင့်ဝေးသော တောကျောင်းများ၌ မှီဝဲနေထိုင်ခြင်း ဖြစ်၏၊ အကယ်၍ ဤပရိသတ်ထဲသို့သာ ရဟန်းဂေါတမ ရောက်လာပါက ပြဿနာတချက် မေးရုံဖြင့် ချောက်ခြားသွားမည် ဖြစ်ပါသည်။''

ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် နိဂြောဓ ပရိဗိုဇ်နှင့် သန္ဓာန သူကြွယ်တို့ ပြောဆိုနေကြသည့်စကားများကို ဒိဗ္ဗသောတ ဉာဏ်ဖြင့် ကြားသိတော်မူလျှင် ဂိဇ္ဈကုဋ်တောင်မှ ဆင်း၍ နိဂြောဓ ပရိဗိုဇ်၏ ကျောင်းသင်္ခမ်းအနီးရှိ သုမာဂဓာ မည်သော ရေကန်ဘေး၌ စင်္ကြံလျှောက် ၍ နေတော်မူသည်။ ယင်းသို့ စင်္ကြံလျှောက်နေသော ဗုဒ္ဓမြတ်စွာကို နိဂြောဓ ပရိဗိုဇ်က လှမ်း၍မြင်သဖြင့် မိမိ ပရိသတ်အား ငြိမ်ဝပ်သေသပ်စွာ နေကြရန် သတိပေး စကား ပြောကြားသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် နိဂြောဓ ပရိဗိုဇ် ရှိရာသို့ ရှေးရှုကြွလာပြီး ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူသည်။ ထိုအခါ နိဂြောဓက ဗုဒ္ဓမြတ်စွာအား ပြဿနာ တရပ်ကို မေးလျှောက်လေ သည်။

''မြတ်စွာဘုရား ... အရှင်ဘုရားသည် အကြင် တရားကို ဟော ကြား ဆုံးမသဖြင့် တပည့်တို့သည် နှစ်သိမ့်ကျေနပ်ကာ 'ဤသည်ကား မြတ်သောမှီရာ ဖြစ်သော ရှေးရိုးအရိယာ လမ်းစဉ်ပေတည်း'ဟူ၍ ဝန်ခံကြကုန်၏၊ ထိုတရား သည် အဘယ်ပါနည်း။''

''နိဂြောဓ.... အယူဝါဒ ကွဲပြားသော သင်သည် တပည့်တို့အား ငါ ဟောကြားဆုံးမသော တရားကို သိရန် မလွယ်၊ သင်သည် မိမိဆရာ၏ဝါဒဖြစ် သော အစိဇေဂုစ္ဆာဝါဒ၌သာ ငါ့အား ပြဿနာကို မေးလော။''

ဤသို့ ဗုဒ္ဓက ပြန်လည်မိန့်ကြားသောအခါ ပရိဗိုဇ်တို့သည် ''အချင်း တို့ ရဟန်းဂေါတမ၏ တန်ခိုးအာနုဘော်ကား အံ့ဩဖွယ် ကောင်း ပေစွ၊ မိမိ၏ဂါဒကိုထား၍ သူတပါးတို့၏ဝါဒဖြင့်ပင် ဖိတ်ခေါ်ပေသည်''ဟူ၍ ကျယ် လောင်စွာ ကြွေးကြော် အော်ဟစ် ကြသည်။ နိဂြောဓ သည် ပရိသတ်အား အသံတိတ်စေပြီး ဗုဒ္ဓ ဖိတ်ခေါ်သည့် အတိုင်း မိမိဝါဒနှင့် စပ်လျဉ်းသော ပြဿနာကို မေးလျှောက်လေသည်။

''မြတ်စွာဘုရား ... ကျွန်ုပ်တို့သည် ငြိုးငြံသောအကျင့်ဖြင့် မကောင်းမှု ကို စွန့်ပယ်ခြင်း တပေါဇိဂုစ္ဆာဝါဒကို နှုတ်ဖြင့်လည်း ပြောဆိုလေ့ ရှိကြ ပါသည်၊ စိတ်ဖြင့်လည်း အနှစ်သာရဟု မှတ်ယူလေ့ ရှိကြပါသည်၊ ကိုယ်

www.dhammaransi.com



ဖြင့်လည်း စွဲမြဲစွာ ကျင့်သုံးလေ့ရှိကြပါသည်။ မြတ်စွာဘုရား.... ထိုတပေါ ဇိဂုစ္ဆာဝါဒသည် အဘယ်သို့လျှင် စင်ကြယ်ခြင်း ဖြစ်ပါသနည်း၊ အဘယ်သို့ လျှင် မစင်ကြယ်ခြင်း ဖြစ်ပါသနည်း။"

## ညစ်ညူးခြင်းအမျိုးမျိုး

"နိဂြောဓ ... ဤလောက၌ ငြိုးခြံသော အကျင့် ရှိသည့် ပုဂ္ဂိုလ်သည် အဝတ်မဝတ်ခြင်း၊ ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်ခြင်း၊ လက်ဖြင့် မစင်ကို သုတ်ခြင်း၊ လာပါလော၊ ရပ်ပါဦးလော့ဟု ဆိုသူ၏ ဆွမ်းကို ပယ်ခြင်း၊ အမဲ သားငါး မစားခြင်း၊ တအိမ်ထဲ၌သာ ဆွမ်းကို ခံခြင်း၊ တလုပ်သာ စားခြင်း၊ ရက်ခြား၍ အစာစားခြင်း စသော အကျင့်များကို ကျင့်၏။ ဟင်းရွက်စိမ်း၊ ပြောင်းဆန်၊ ကြိတ်သီးဆန်၊ သားရေဖတ်၊ မှော်၊ သစ်မြစ်၊ သစ်သီး စသည် တို့ဖြင့်သော်လည်း မျှတ၍နေ၏။ ပိုက်ဆံလျှော်အဝတ်၊ သူသေကောင်မှရသော အဝတ်၊ ပံသုကူအဝတ်၊ သစ်ခေါက်အဝတ် စသည်တို့ကိုသာ ဝတ်ဆင်၏၊ ပျဉ်းပြားပေါ်၌ အိပ်ခြင်း၊ ဆူးအခင်းပေါ်၌ အိပ်ခြင်း၊ နံပါးတဖက်ဖြင့်သာ အိပ်ခြင်း၊ မစင်ကို စားခြင်း၊ ရေမသောက်ဘဲနေခြင်း၊ တနေ့သုံးကြိမ် ရေသို့ သက်ဆင်းခြင်း စသော အကျင့်များကိုလည်း ကျင့်၏၊ နိဂြောဓ.... အသို့နည်း၊ ယင်းသို့ကျင့်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ် သလော။"

"မြတ်စွာဘုရား.... ယင်းသို့ကျင့်သည်ရှိသော် တပေါဇိဂုစ္ဆာဝါဒသည် ကောန်ပင် စင်ကြယ်ပါ၏။"

"နိဂြောဓ.... ဤသို့စင်ကြယ်သော တပေါဇိဂုစ္ဆာဝါဒ၌လည်း ညစ် ညူးခြင်း အမျိုးမျိုးတို့ကို ငါဟောကြား၏။"

"မြတ်စွာဘုရား.... ဤသို့ စင်ကြယ်သော တပေါဇိဂုစ္ဆာဝါဒ၌ ညစ်ညူး ခြင်း အမျိုးမျိုးတို့ကို အဘယ်သို့ ဟောကြားပါသနည်း။"

"နိဂြောဓ.... ဤလောက၌ ငြိုးခြံသော အကျင့်ရှိသည့် ပုဂ္ဂိုလ်သည် ငြိုးခြံသောအကျင့်ကို ဆောက်တည်၍ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် ဝမ်း မြောက်လေ၏၊ ပြည့်စုံပြီဟုထင်၏၊ ဤသို့ ဝမ်းမြောက်ခြင်း၊ ပြည့်စုံပြီဟု ထင် ခြင်းသည် ထိုပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏၊ ထို့အတူ ထိုအကျင့်ဖြင့် မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကို ရှုတ်ချခြင်း၊ မာန်ယစ်ခြင်း၊ တွေဝေခြင်း၊ မေ့လျော့

www.dhammaransi.com



ခြင်း၊ ထိုအကျင့်ဖြင့် လာဘ်ရမှု၊ အရိုအသေပြုမှု၊ ကျော်ကြားမှုကိုဖြစ်စေခြင်း၊ မနှစ်သက်သောအစာကို တတ်မက်ခြင်းရှိသည်ဖြစ်၍ စွန့်ပစ်ပြီး နှစ်သက်သော အစာကို မက်မောစွာသုံးဆောင်ခြင်း၊ မင်း မှူး မတ် သူဌေး သူကြွယ်စသူတို့၏ ရိုသေလေးစားမှုကို မြှော်ကိုး၍ ထိုအကျင့်များကို ကျင့်ခြင်း၊ တခြားသော ရဟန်းပုဏ္ဏားတို့ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ မနာလိုဝန်တိုဖြစ်ခြင်း၊ ဟန်ဆောင်ခြင်း၊ သိလျက် မဟုတ်မမှန်ပြောခြင်း၊ ဝန်ခံသင့်သောအကြောင်းကို ဝန်မခံခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူတပါးဂုဏ်ကို ချေဖျက်ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ မှားသောအယူကို ယူခြင်းတို့သည် ခြိုးခြံသော အကျင့်ရှိသည့်ပုဂ္ဂိုလ်၏ ညစ်ညူးခြင်းများဖြစ်၏။

"နိဂြောဓ.... အသို့နည်း၊ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒ သည် ညစ်ညူးသလော၊ မညစ်ညူးသလော။"

"မြတ်စွာဘုရား.... ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်ပင် ညစ်ညူးပါ၏။"

**အခွံအပွေးနှင့်တူသော စင်ကြယ်ခြင်း**

"နိဂြောဓ.... ဤလောက၌ ခြိုးခြံသောအကျင့်ရှိသည့် ပုဂ္ဂိုလ်သည် ခြိုးခြံသောအကျင့်ကို ဆောက်တည်၍ကျင့်၏၊ သူသည် ထိုအကျင့်ဖြင့် ဝမ်းမမြောက်၊ ပြည့်စုံပြီဟုမထင်၊ ဤသို့ ထိုအကျင့်ဖြင့် ဝမ်းမမြောက်ခြင်း၊ ပြည့်စုံပြီဟု မထင်ခြင်းသည် ထိုသူ၏ထိုအဆင့်၌ စင်ကြယ်ခြင်းပင်ဖြစ်၏။ ထို့အတူပင် ထိုအကျင့်ဖြင့် မိမိကိုလည်း မမြှင့်တင်၊ သူတပါးကိုလည်း မရှုတ်ချခြင်း၊ မာန်ယစ်တွေဝေ မေ့လျော့မှုမရှိခြင်း၊ လာဘ်ရမှု၊ အရိုအသေပြုမှု၊ ကျော်ကြားမှုတို့ကို မဖြစ်စေခြင်း၊ မနှစ်သက်သောအစာကို တတ်မက်ခြင်းမရှိသည်ဖြစ်၍ စွန့်ပယ်ပြီး နှစ်သက်သော အစာကိုလည်း မက်မောခြင်းမရှိသည်ဖြစ်၍ သုံးဆောင်ခြင်း၊ မင်း မှူး မတ် သူဌေး သူကြွယ် စသူတို့၏ ရိုသေလေးစားမှုကို မြှော်ကိုး၍ မကျင့်ခြင်း၊ အခြားသော ရဟန်းပုဏ္ဏားတို့အား ကဲ့ရဲ့ရှုတ်ချမှု၊ မနာလိုဝန်တိုမှု မပြုခြင်း စသည်တို့သည် ထိုသူ၏ ထိုအဆင့်အသီးသီး၌ စင်ကြယ်ခြင်းများ ဖြစ်ကုန်၏။"

"နိဂြောဓ.... အသို့နည်း၊ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော။"

www.dhammaransi.com



"မြတ်စွာဘုရား.... ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန် စင်ကြယ်ပါ၏၊ အထွတ်အထိပ်သို့လည်း ရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက်ပါ၏။"

"နိဂြောဓ.... တပေါဇိဂုစ္ဆာဝါဒသည် ဤမျှဖြင့် အထွတ်အထိပ်သို့ လည်း မရောက်သေး၊ အနှစ်သာရသို့လည်း မရောက်သေး၊ စင်စစ် အခွံအပွေး သို့ ရောက်ရုံသာ ရှိသေး၏။"

## အခေါက်နှင့်တူသော စင်ကြယ်ခြင်း

"မြတ်စွာဘုရား.... တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ် အထိပ်သို့ ရောက်ပါသနည်း၊ အနှစ်သာရသို့ ရောက်ပါသနည်း။"

"နိဂြောဓ.... ဤလောက၌ ခြိုးခြံသောအကျင့်ရှိသည့် ပုဂ္ဂိုလ်သည် သူ့အသက်ကိုမသတ်ခြင်း၊ သူ့ဥစ္စာကိုမခိုးခြင်း၊ မုသားမပြောခြင်း၊ ကာမဂုဏ် ငါးပါးကို မခံစားခြင်းဟူသော စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်း၏၊ ဤသို့စောင့်စည်းသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်သောကျောင်း အိပ်ရာနေရာတို့ကို မှီဝဲ၏၊ ဆွမ်းခံရာမှပြန်၍ ဆွမ်းကိစ္စပြီးသောအခါ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားပြီး ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေလျက် ထိုင်၏၊ ထိုသူ သည် လောက၌ ငြူစူခြင်း အဘိဇ္ဈာကိုပယ်၍ ငြူစူခြင်းကင်းသော စိတ်ဖြင့် နေ၏၊ ငြူစူခြင်းအဘိဇ္ဈာမှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုခြင်း ဗျာပါဒ ကိုပယ်ပြီး မပျက်စီးစေလိုသောစိတ် ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏၊ ဗျာပါဒမှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓကိုပယ်၍ ထိနမိဒ္ဓမှ ကင်းသည်ဖြစ်၍ သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အလင်းရောင်ကို သိမှတ်မှုပြုကာနေ၏၊ ထိနမိဒ္ဓမှ စိတ်ကိုစင်ကြယ် စေ၏၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တပူပန်ခြင်း ကုက္ကုစ္စကိုပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသောစိတ် ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ ဥဒ္ဓစ္စ ကုက္ကုစ္စ တို့မှ စိတ်ကိုစင်ကြယ်စေ၏၊ ယုံမှားခြင်း ဝိစိကိစ္ဆာကိုပယ်ပြီး ဝိစိကိစ္ဆာကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လောသို့လော မရှိသည်ဖြစ်၍ နေ၏၊ ဝိစိကိစ္ဆာမှ စိတ်ကိုစင်ကြယ်စေ၏။"

ထိုသူသည် စိတ်ညစ်ညူးကြောင်းဖြစ်၍ ပညာအားနည်းကြောင်းဖြစ် သော ဤအပိတ်အပင် နီဝရဏငါးမျိုးတို့ကို ပယ်ပြီးလျှင် မေတ္တာနှင့်ယှဉ်သော

www.dhammaransi.com



စိတ်ဖြင့် အရပ်မျက်နှာအားလုံးကို ပြန့်နှံ့စေ၍နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြင့်မြတ်သော၊ အကန့်အသတ်မရှိသော၊ ရန်လိုခြင်းငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏၊ ထို့အတူ သနားခြင်းကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူရှုခြင်း ဥပေက္ခာတို့နှင့်ယှဉ်သော စိတ်များဖြင့်လည်း ပြန့်နှံ့စေ၍နေ၏။

"နိဂြောဓ... အသို့ထင်သနည်း၊ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော။"

"မြတ်စွာဘုရား.... ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ဧကန်ပင်စင်ကြယ်ပါ၏၊ အထွတ်အထိပ်သို့လည်း ရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက်ပါ၏။"

"နိဂြောဓ.... ဤမျှဖြင့် တပေါဇိဂုစ္ဆာဝါဒသည် အထွတ်အထိပ်သို့ မရောက်သေး၊ အနှစ်သာရသို့လည်း မရောက်သေး၊ စင်စစ် အခေါက်သို့သာ ရောက်ရုံသာရှိသေး၏။"

## အကာနှင့်တူသော စင်ကြယ်ခြင်း

"မြတ်စွာဘုရား.... တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ်အထိပ်သို့ ရောက်ပါသနည်း၊ အနှစ်သာရသို့ ရောက်ပါသနည်း။"

"နိဂြောဓ.... ဤလောက၌ ခြိုးခြံသော အကျင့်ရှိသည့် ပုဂ္ဂိုလ်သည် စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်းလျက် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကို ဖြစ်စေလျက် ထိုင်နေ၏။ အဘိဇ္ဈာ ဗျာပါဒတို့မှ စိတ်ကိုစင်ကြယ်စေပြီး စိတ်ညစ်ညူးကြောင်းဖြစ်၍ ပညာအားနည်းအောင် ပြုတတ်သော အပိတ်အပင် နီဝရဏငါးမျိုးတို့ကိုလည်းပယ်၍ မေတ္တာကရုဏာ၊ မုဒိတာ ဥပေက္ခာတို့နှင့် ယှဉ်သော စိတ်များဖြင့် အရပ်မျက် အားလုံးကို ပြန့်နှံ့စေ၍နေ၏။ ထိုသူသည် အတိတ်က မိမိဖြစ်ဘူးသည့် ဘဝတခုမှစ၍ ထောင်သောင်းမက များပြားသော ဘဝတို့ကို အမည်၊ အနွယ်စသည်အားဖြင့် ပြန်ပြောင်းအောက်မေ့၏။"

"နိဂြောဓ.... အသို့နည်း၊ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာ ဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော။"

www.dhammaransi.com



"မြတ်စွာဘုရား.... ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်ပင် စင်ကြယ်ပါ၏၊ အထွတ်အထိပ်သို့ ရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက်ပါ၏။"

"နိဂြောဓ.... ဤမျှဖြင့် တပေါဇိဂုစ္ဆာ ဝါဒသည် အထွတ်အထိပ်သို့မ ရောက်သေး၊ အနှစ်သာရသို့လည်းမရောက်သေး၊ စင်စစ်အကာသို့ ရောက်ရုံသာ ရှိသေး၏။"

## အနှစ်သာရနှင့်တူသောစင်ကြယ်ခြင်း

"မြတ်စွာဘုရား.... တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ်အ ထိပ်သို့ ရောက်ပါသနည်း၊ အနှစ်သာရသို့ရောက်ပါသနည်း။"

"နိဂြောဓ.... ဆိုခဲ့ပြီးသည့် ခြိုးခြံသော အကျင့်ရှိသည့် ပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၍ အဘိဇ္ဈာ ဗျာပါဒ စသည်တို့မှ စိတ်ကိုစင်ကြယ်စေပြီး မေတ္တာ ကရုဏာစသော တရားလေးပါးဖြင့် အရပ် မျက်နှာတို့ကို ပြည့်နှံ့စေပြီးနောက် မိမိ၏အတိတ်ဘဝတို့ကိုပြန်ပြောင်း အောက် မေ့၏၊ ထို့ပြင်နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကံအားလျော် စွာ ယိုဆိုဘဝ၌ဖြစ်ပေါ်နေသော သတ္တဝါအမျိုးမျိုးကိုလည်း သိမြင်၏။"

"နိဂြောဓ.... အသို့နည်း၊ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော။"

"မြတ်စွာဘုရား.... ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာ ဝါဒသည်ကေန်ပင် စင်ကြယ်ပါ၏၊ အထွတ်အထိပ်သို့ ရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက် ပါ၏။"

"နိဂြောဓ.... တပေါဇိဂုစ္ဆာဝါဒသည် ဤမျှဖြင့် အထွတ် အထိပ်သို့ ရောက်၏၊ အနှစ်သာရသို့လည်းရောက်၏။ နိဂြောဓ၊ ငါသည် တပည့်တို့အား ဟောကြားသည့်တရားကား အထွတ်အထိပ်သို့ ရောက်သော ထိုတပေါဇိဂုစ္ဆာ ဝါဒထက်ပင် လွန်လည်းလွန်က၏၊ မွန်လည်းမွန်မြတ်၏။"

## နိဂြောဓပရိဗိုဇ်ဝန်ခံရခြင်း

ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ကြားသောအခါ နိဂြောဓ၏တပည့်ဖြစ်သော ပရိဗိုဇ်တို့သည် "ဆရာနှင့်တကွ ငါတို့ကား ဤလွန်ကဲမြင့်မြတ်သော တရား၌

www.dhammaransi.com



ဆုံးရှုံးကြရကုန်ပြီ၊ ငါတို့သည် ဤလွန်မြတ်သောတရားကို မသိကြရကုန်”ဟု ပြင်းပြကျယ်လောင်စွာ ကြွေးကြော်အော်ဟစ်ကြသည်။ သန္ဓာန သူကြွယ်က လည်း နိဂြောဓပရိဗိုဇ်အား ဤသို့ပြောကြားလေ၏။

“အရှင်နိဂြောဓ....၊ရဟန်းဂေါတမသည် ပရိသတ်ထဲသို့ဝင်ဝံ့သူမဟုတ်၊ စကားပြောခြင်းငှာ စွမ်းနိုင်သူမဟုတ်၊ ထို့ကြောင့်သာ သူသည်လူနှင့် ဝေးသောတောကျောင်းများ၌ မှီဝဲနေထိုင်ခြင်းဖြစ်၏။ အကယ်၍ဤပရိသတ်ထဲသို့ သာ ရဟန်းဂေါတမရောက်လာပါက ပြဿနာတချက်မေးရုံဖြင့် ချောက်ချား သွားမည်ဖြစ်ပါသည်’ ဟူ၍သင်ပြောခဲ့သည် မဟုတ်ပါလော။ ယခုမြတ်စွာ ဘုရားသည် ဤပရိသတ်ထဲသို့ ရောက်လာပါပြီ၊ ပြဿနာ တချက် တည်းဖြင့် ချောက်ချားအောင်ပြုပါတော့လော။”

သန္ဓာနသူကြွယ်က ဤသို့ဆိုလေသော် နိဂြောဓပရိဗိုဇ်သည် စကားတုံ့ မ ဆိုနိုင်ဘဲ ခေါင်းငိုက်စိုက်ချ၍နေလေ၏။ ဗုဒ္ဓမြတ်စွာက “နိဂြောဓ၊ ဤသို့သော စကားကို သင်ဆိုခဲ့ခြင်းသည် မှန်သလော” ဟူ၍ မေးမြန်းသည့် အခါတွင်မူ မိုက်မဲသဖြင့် ဆိုခဲ့မိကြောင်း ဝန်ခံရလေတော့သည်။ ထိုအခါဗုဒ္ဓက နိဂြောဓ အား ဆက်၍ မိန့်ကြားတော်မူပြန်၏။

“နိဂြောဓ.... သင်သည် ဆရာသမားတို့ထံမှ မည်သို့ကြားဘူးသနည်း။ ရှေးကပွင့်တော်မူခဲ့ကြသော မြတ်စွာဘုရားတို့သည် သင်တို့ကဲ့သို့ပင် အချီးနှီး သောစကားများကို စုဝေးပြောဆို နေခဲ့ကြကုန်သလော။ သို့တည်း မဟုတ် ငါကဲ့သို့ လူနှင့်ဝေး၍ တိတ်ဆိတ်သော တောကျောင်းများ၌သာ နေခဲ့ကြကုန် သလော။”

“မြတ်စွာဘုရား.... ရှေးကပွင့်တော်မူခဲ့ကြကုန်သော မြတ်စွာဘုရားတို့ သည် ကျွန်ုပ်တို့ကဲ့သို့ အချီးနှီးသော စကားများကိုစုဝေးပြောဆိုနေခဲ့ကြသည် မဟုတ်၊ မြတ်စွာဘုရားကဲ့သို့ လူနှင့်ဝေး၍ တိတ်ဆိတ်သောတောကျောင်းများ ၌သာ နေထိုင်ခဲ့ကြပါသည်။ ဤသို့ပင်ကျွန်ုပ်သည် ဆရာသမားများထံမှကြား ဘူးပါသည်။”

“နိဂြောဓ.... သင်သည် အရွယ်ကြီးသူ၊ ပညာရှိသူဖြစ်၏၊ သို့ပါလျက် ငါဘုရားသည် သစ္စာလေးပါးကို သိပြီးသူ ဖြစ်၍ အခြားသူတို့အား သစ္စာ လေးပါးကို သိမြင်စေရန် ဟောကြားခြင်း ဖြစ်ကြောင်း သင် မစဉ်းစားမိပါ တကား။”

www.dhammaransi.com



"မြတ်စွာဘုရား.... ကျွန်ုပ်သည် မိုက်မဲတွေဝေသည့်အလျောက် အပြစ်ကို ကျူးလွန်မိခဲ့ပါသည်။ ထိုအပြစ်ကို နောင်အခါတွင် စောင့်စည်း နိုင်ရန်အတွက် ခွင့်လွှတ်တော်မူပါ။"

"နိဂြောဓ.... အပြစ်ကို အပြစ်ဟု သိမြင်၍ ကုစားခြင်းကို ငါသည်းခံ၏၊ ဤသို့ ကုစားခြင်းသည် အရိယာတို့၏ အဆုံးအမ၌ ကြီးပွားကြောင်းပင်ဖြစ်ပေ၏၊ နိဂြောဓ.... ငါသည် စင်စစ် ဤသို့မိန့်ဆို၏။"

"စဉ်းလဲခြင်း၊ လှည့်စားခြင်း ကင်း၍ ဖြောင့်မတ်သောသဘောရှိသော ပညာဉာဏ်နှင့်လည်း ပြည့်စုံသော ပုဂ္ဂိုလ်သည် လာခဲ့ပါ၊ ငါ သွန်သင် ဆုံးမပါအံ့၊ သွန်သင် ဆုံးမသည့် အတိုင်း ကျင့်သော ပုဂ္ဂိုလ်သည် ရဟန်းပြုသောအမျိုးကောင်းသားတို့ မြော်မှန်းသည့်အကျိုးကို ခုနစ်ရက်အတွင်းမှာပင် မျက်မှောက်ပြုရပါလိမ့်မည်။"

"နိဂြောဓ.... သင်တို့ကို တပည့်ခံစေလိုသဖြင့်ရင်း၊ သင်တို့၏ကျမ်းစာမှ ရွေ့ရှားစေလို၍ရင်း ဤစကားကို ငါဆိုသည် မဟုတ်၊ စင်စစ်သော်ကား ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းကို ဖြစ်စေတတ်သည့် အကုသိုလ်တရားတို့ကို ပယ်ခြင်းအလို့ငှာသာ ငါသည် တရားကို ဟော၏၊ ဟောသည့်အတိုင်း ကျင့်သည်ရှိသော် သင်တို့သည် မဂ်ပညာဖြင့် ပြည့်စုံခြင်း၊ ဖိုလ်ပညာ၏ ပြန့်ပြောခြင်းကို မျက်မှောက်ဘဝ၌ပင် မျက်မှောက် ပြုကြရပေလိမ့်မည်။"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသော်လည်း မာရ်နတ်၏ ပူးဝင်ခြင်းခံနေရသော ပရိဗိုဇ်တို့သည် ခေါင်းငိုက်စိုက်ချကာ စကားမဆိုဘဲ နေကြလေ၏၊ ထိုသူတို့၏စိတ်၌ "ခုနစ်ရက်အတွင်း အရဟတ္တဖိုလ် ရနိုင် မရနိုင် စုံစမ်း သိရှိရန်အလို့ငှာ ငါတို့သည် ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်အံ့" ဟူသော အကြံမျှပင် မဖြစ်ပေါ်ချေ။ ထိုအကြောင်းကို သိရှိတော်မူသော ဗုဒ္ဓမြတ်စွာသည် ဥဒုမ္ဗရိကာ မည်သော ကျောင်းသခမ်း၌ သူတပါး၏ မိစ္ဆာဒိဋ္ဌိဝါဒကို တိုက်ဖျက်၍ မိမိ၏ သမ္မာဒိဋ္ဌိဝါဒကို ထူထောင်သည့် တရားတော်ကို ရဲရင့်စွာ ကျူးရင့်မိန့်ကြားတော်မူ၍ ကောင်းကင်သို့ ပျံတက်တော် မူပြီးလျှင် ဂိဇ္ဈကုဋ်တောင်၌ ရပ်တည်တော်မူလေ၏။

—✿—

www.dhammaransi.com

# ၂၆။ စက္ကဝတ္တိသုတ်

စကြာဝတေးမင်း အကြောင်းကို ဟောကြားခြင်း

## မိမိသည်သာ မှီခိုရာ

ဗုဒ္ဓမြတ်စွာသည် မဂဓတိုင်း မာတုလမြို့၌ သီတင်း သုံးနေစဉ် ရဟန်းတို့အား ဤသို့ မိန့်ကြားဆုံးမတော်မူ၏။

"ရဟန်းတို့.... သင်တို့သည် မိမိသည်သာ ကျွန်းကြီး သဖွယ် မှီခိုရာ ရှိသည်ဖြစ်၍၊ မိမိသည်သာ ကိုးကွယ်ရာ ရှိသည်ဖြစ်၍၊ မိမိမှတပါး အခြား ကိုးကွယ်ရာ မရှိသည်ဖြစ်၍ နေကြကုန်လော့။ တရားသာလျှင် ကျွန်းကြီး သဖွယ် မှီခိုရာရှိသည်ဖြစ်၍၊ တရားသာလျှင် ကိုးကွယ်ရာရှိသည် ဖြစ်၍၊ တရားမှတပါး အခြား ကိုးကွယ်ရာ မရှိသည် ဖြစ်၍ နေကြကုန်လော့။ အဘယ်သို့လျှင် မိမိသည်သာ ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ နေရာသနည်းဆိုသော် ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် သတိသမ္ပဇဉ် ရှိလျက် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင်တတ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏၊ ဝေဒနာ၊ စိတ်၊ တရားသဘောတို့၌လည်း ထို့အတူပင် ရှု၍ နေ၏၊ ရဟန်းတို့.... ဤသို့လျှင် သင်တို့သည် မိမိသည်သာ ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့။"

"ရဟန်းတို့.... သင်တို့သည် ဖခင့်အမွေဖြစ်သည့် မိမိတို့ ကျက်စားရာ အာရုံ၌သာ ကျက်စားကြကုန်လော့၊ ဤသို့ မိမိတို့ ကျက်စားရာအာရုံ၌သာ ကျက်စားသည်ရှိသော် သင်တို့၏သန္တာန်၌ မာရ်နတ်သည် နှောင့်ယှက် ဖျက်ဆီးရန် အခွင့်အရေးကို ရနိုင်တော့မည် မဟုတ်။"

ဗုဒ္ဓသည် ဤသို့ မိန့်ကြားတော်မူပြီး ဒဠှနေမိ စကြာ ဝတေး မင်း အကြောင်းကို ဆက်လက်ဟောကြားတော်မူသည်။

www.dhammaransi.com



**ဒဠှနေမိစကြာဝတေးမင်း**

ရှေးအခါက တရားစောင့်၍ တရားနှင့် အညီ မင်းပြုသည့် ဒဠှနေမိ အမည်ရှိသော စကြာဝတေးမင်းသည် ရှိ၏၊ ထိုမင်းသည် သမုဒြာ လေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရ၏၊ ရန်ဟူသမျှကို အောင်မြင်၏၊ တိုင်းနိုင်ငံကို တည်ငြိမ်စေ၏၊ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာ တည်း ဟူသော ရတနာခုနစ်ပါးနှင့်လည်း ပြည့်စုံ၏၊ ထိုမင်းအား ရဲရင့်၍ သူရဲကောင်းတို့၏ ဇွဲလုံ့လတို့နှင့် ပြည့်စုံသည့် သားတော်ပေါင်း မြောက်မြားစွာလည်း ရှိ၏၊ ထိုမင်းသည် သမုဒြာလေးစင်း အပိုင်းအခြားရှိသော ဤမြေပြင်ကို တုတ်ဓား လက်နက် မဆောင်ဘဲ တရားသဖြင့် အောင်မြင်၏။

ဒဠှနေမိ စကြာဝတေးမင်းသည် နှစ်ပေါင်းရာထောင်များစွာကုန်လွန်သောအခါ မင်းချင်းယောက်ျားတယောက်ကိုခေါ်၍ "အချင်း ယောက်ျား ဤမြတ်သော စကြာရတနာသည် တည်နေရာမှ အနည်းငယ်မျှပင် လျှောကျနေသည်ကိုတွေ့မြင်ပါက ငါ့ထံလာ၍ပြောကြားပါလော" ဟူ၍ မိန့်ကြား၏။ ယင်းသို့မိန့်ကြားပြီး၍ နှစ်ပေါင်း ရာထောင်များစွာလွန်လေသော် ထိုမင်းချင်းယောက်ျားသည် ဒဠှနေမိမင်းထံသို့လာ၍ စကြာရတနာသည် တည်နေရာမှ အနည်းငယ် လျှောကျနေသည်ကိုတွေ့မြင်ရပါကြောင်း လျှောက်တင်လေ၏။

ထိုအခါ ဒဠှနေမိမင်းသည် သားတော်ကြီးကိုခေါ်၍ "ချစ်သား၊ သင်သည် သမုဒြာလေးစင်းအပိုင်းအခြားရှိသော ဤမြေပြင်ကို အုပ်ချုပ်လော၊ ငါမူကား ရသေ့ဝတ်တော့အံ့" ဟုမိန့်ကြားပြီး ဆံမုတ်ဆိတ်ကိုရိတ်၍ ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်ပြီးလျှင် ရသေ့ပြုလုပ်လေ၏။ ဒဠှနေမိမင်းကြီး ရသေ့ဝတ်၍ ခုနစ်ရက်မြောက်သောနေ့၌ စကြာရတနာသည် ကွယ်ပျောက်လေ၏။ ဤသို့ စကြာရတနာ ကွယ်ပျောက်သွားကြောင်းကို ဒဠှနေမိမင်း၏ အရိုက်အရာကို ဆက်ခံသော သားတော်ကြီး ကြားသိလျှင် စိတ်နှလုံးမသာမယာဖြစ်၍ ခမည်းတော် မင်းရသေ့ထံ သွားရောက် လျှောက်တင်၏။ ခမည်းတော် မင်းရသေ့သည် သားတော်ကြီးအား စကြာရတနာ ပြန်လည် ပေါ်ပေါက်လာစေနိုင်သည့် နည်းလမ်းများကို ဟောကြားညွှန်ပြလေ၏။

"ချစ်သား.... သင်သည် စကြာရတနာကွယ်ပျောက်သွားသည့်အတွက် စိတ်နှလုံးမသာမယာမဖြစ်လင့်၊ စကြာရတနာသည် ဖခင့်မှဆင်းသက်လာသော

www.dhammaransi.com



အမွေပစ္စည်းမဟုတ်၊ သင်သည် စကြာရတနာကို အလိုရှိခဲ့သော် စကြာမင်းတို့၏ ကျင့်ဝတ်ကို ကျင့်ဘိလော့။ လပြည့် ဥပုသ်နေ့၌ ခေါင်းဆေးမင်္ဂလာ ပြုပြီး ပြာသာဒ်ထက်သို့တက်၍ ဥပုသ်ဆောက်တည်ကာ စကြာဝတေးမင်းတို့၏ ကျင့်ဝတ်ကိုကျင့်သုံးပါက စကြာရတနာသည် ပေါ်ပေါက်လာရန် အကြောင်းရှိပေ၏။"

"စကြာမင်းတို့၏ကျင့်ဝတ်ဟူသည် အဘယ်ပါနည်း ခမည်းတော်။"

"ချစ်သား.... သင်သည် တရားကိုသာအမှီပြု၍ တရားကိုသာ အရိုအသေ အလေးအမြတ်ပြု၍ သားမယားမှစ၍ တိုင်းသူပြည်သား အားလုံးတို့အပေါ်၌ ၎င်း၊ သားငှက်တို့အပေါ်၌၎င်း တရားနှင့်လျော်သော စောင့်ရှောက်ကာ ကွယ်မှုကို ပြုလုပ်စီရင်လော့။ သင်၏နိုင်ငံ၌ အနိုင်အထက်နှိပ်စက်မှုများ မဖြစ်စေလင့်၊ ပစ္စည်းဥစ္စာ မရှိသူတို့အားလည်း ပစ္စည်းဥစ္စာကို ပေးကမ်းလော၊ တရားနှင့်ပြည့်စုံသော သူတော်သူမြတ်တို့၏ ဆုံးမဩဝါဒကို ခံယူ၍ အကုသိုလ် တရားတို့မှ ရှောင်ကြဉ်ပြီး ကုသိုလ်တရားတို့ကို ဆောက်တည်ကျင့်သုံးလော့။ ချစ်သား ... ဤသည်ကား စကြာဝတေးမင်းတို့၏ ကျင့်ဝတ်ပေတည်း။"

## စကြာရတနာ တဖန်ဖြစ်ပေါ်လာခြင်း

ဒဠှနေမိမင်း၏ သားတော်ကြီးသည် ခမည်းတော်မင်းရသေ့ ညွှန်ကြားသည့်အတိုင်း စကြာဝတေးမင်းတို့၏ ကျင့်ဝတ်ကို ကျင့်သုံးလေ၏၊ လပြည့် ဥပုသ်နေ့တွင် ခေါင်းဆေးမင်္ဂလာပြုပြီး ပြာသာဒ်ထက်သို့တက်၍ ဥပုသ်ဆောက်တည်ကာ စကြာဝတေးမင်းတို့၏ ကျင့်ဝတ်ကို ကျင့်သုံးသော ထိုသားတော်ကြီးအား စကြာရတနာသည် ဖြစ်ပေါ်လာ၏၊ ထိုအခါ ထိုမင်းသည် လက်ဝဲလက်ဖြင့် ရေကရားကိုကိုင်လျက် "အရှင်စကြာရတနာသည် လည်စေသတည်း၊ အရှင်စကြာရတနာသည် အောင်စေသတည်း"ဟု ဆို၍ စကြာရတနာကို လက်ျာလက်ဖြင့် ရေသွန်းဖြန်းလေ၏၊ ယင်းသို့ ရေသွန်းဖြန်းလိုက်သည်နှင့် တပြိုင်နက် စကြာရတနာသည် အရှေ့အရပ်သို့ လည်သွားလေ၏၊ စစ်အင်္ဂါလေးပါးနှင့်တကွ စကြာဝတေးမင်းသည်လည်း တပါတည်း လိုက်ပါသွားပြီး စကြာရတနာ ရပ်တံ့ရာအရပ်၌ စခန်းချလေ၏၊ ထိုအခါ အရှေ့အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြာဝတေးမင်းထံ ချဉ်းကပ်၍ မိမိတို့နိုင်ငံကို အပ်နှံကြသည်။ စကြာဝတေးမင်းသည် ထိုထီးပြိုင်မင်းတို့အား သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသည်တို့မှ ရှောင်ရှား၍ ကောက်ခံမြဲ အခွန်အတုတ်ကို

www.dhammaransi.com



ကောက်ခံသုံးစွဲကြရန် ဆုံးမညွှန်ကြား၏၊ ဤသို့ဖြင့် အရှေ့အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြာဝတေးမင်း၏ သြဇာခံများ ဖြစ်သွားကြလေသည်။

ထို့နောက် စကြာရတနာသည် အရှေ့သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန်ပြန်တက်ပြီးလျှင် တောင်အရပ်သို့လည်း သွားလေ၏၊ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည်လည်း ရှေးနည်းတူပင် စကြာဝတေးမင်း၏ သြဇာခံ ဖြစ်သွားကြလေသည်။ ထိုအခါ စကြာရတနာသည် သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော ဤမြေပြင်ကို အောင်မြင်၍ ထိုစကြာဝတေးမင်း၏ နေပြည်တော်သို့ပင် တဖန် ပြန်လည်ခဲ့ပြီး နန်းတော်တံခါးလွတ်ရုံး မုတ်ဦး၌ ဝင်ရိုးတပ်ထားဘိသကဲ့သို့ တည်နေ၏။

## စကြာမင်း ကျင့်ဝတ်ပျက်ပြားခြင်း

နှစ်ထောင်ပေါင်းများစွာ ကုန်လွန်၍ ထိုစကြာပင် ရသေ့ဝတ်သွားသောအခါ ထိုမင်း၏သားတော်ကြီးသည် မိမိ၏ ခမည်းတော်နည်းတူပင် စကြာဝတေးမင်းတို့၏ ကျင့်ဝတ်ကို ကျင့်သုံးသဖြင့် စကြာရတနာ တဖန် ဖြစ်ပေါ်လာပြီး သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော ဤမြေပြင်ကို အုပ်စိုးပြန်၏၊ ဤနည်းဖြင့် စကြာမင်း ခုနစ်ဆက်တိုင်မြောက်ခဲ့ပြီး သတ္တမမြောက်စကြာမင်း ရသေ့ဝတ်သွားသောအခါ ထိုမင်း၏သားတော်ကြီးသည် ထီးနန်းကို ဆက်ခံလေ၏၊ သို့သော်လည်း ထိုမင်းသည် စကြာရတနာ တဖန် ဖြစ်ပေါ်လာရန် အတွက် ခမည်းတော် မင်းရသေ့ထံ ချဉ်းကပ်မေးမြန်းခြင်းမပြုဘဲ မိမိ၏ပညာဖြင့်သာ နိုင်ငံကိုအုပ်ချုပ်၏၊ ယင်းသို့ အုပ်ချုပ်သည်ရှိသော် စကြာမင်းတို့၏ ကျင့်ဝတ်ကို ကျင့်သုံးသော ရှေးမင်းတို့၏ လက်ထက်မှာကဲ့သို့ နိုင်ငံတော်သည် တိုးတက်ကြီးပွားခြင်း မရှိချေ။

ထိုအခါ ထိုမင်း၏ မှူးကြီးမတ်ကြီးတို့သည် ထိုမင်းထံချဉ်းကပ်၍ စကြာမင်းတို့၏ ကျင့်ဝတ်ကိုကျင့်သုံးရန် တိုက်တွန်း လျှောက်တင်ကြ၏၊ ယင်းသို့ လျှောက်တင်ချက်အရ ထိုမင်းသည် တိုင်းသူပြည်သားတို့အပေါ်၌ တရားနှင့်လျော်သော စောင့်ရှောက်ကာကွယ်မှုကို ပြုလုပ်စီရင်၏၊ သို့သော်ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာပေးခြင်းကိုကား မပြုချေ။ သို့အတွက် ဆင်းရဲသူများ တိုးပွားလာပြီး တဦးသောယောကျ်ားသည် သူတပါးပစ္စည်းကို ခိုးယူလေ၏၊ ထိုခိုးသူကိုဖမ်း၍ မင်းထံခေါ်သွားရာ ခိုးသူက အသက်မွေးမှု မလုံလောက်သောကြောင့် ခိုးရခြင်းဖြစ်ကြောင်း လျှောက်တင်လေ၏၊ ထိုအခါ မင်းကြီးသည်

www.dhammaransi.com



ခိုးသူအား အသက်မွေးဝမ်းကျောင်း ပြုရန်အတွက် ပစ္စည်းဥစ္စာများလုံလောက်စွာ ပေးလိုက်ပြီး အလုပ်ကို ကောင်းစွာလုပ်ကိုင်ရန် ဆိုဆုံးမ၍လွှတ်လိုက်၏။

## လူတို့၏ သက်တမ်း ဆုတ်ယုတ်ခြင်း

ဤသို့ သူတပါးပစ္စည်းကို ခိုးယူသူအား မင်းကြီးက ပစ္စည်းဥစ္စာများ ပေးပြီး ဆိုဆုံးမ၍လွှတ်လိုက်ကြောင်းကို အခြားသူများ ကြားသိကြသော် သူတပါးပစ္စည်းကို ခိုးယူသူများ တယောက်ပြီးတယောက် တိုးပွားပေါ်ပေါက်လာကြကုန်၏၊ ထိုအခါ မင်းသည် သူတပါးပစ္စည်းကို ခိုးသူတိုင်းအား ပစ္စည်းဥစ္စာ ပေး၍လွှတ်နေပါက ခိုးမှုသည် အတောမသတ် ရှိနေတော့မည်ကိုစဉ်းစားမိသဖြင့် နောက်ထပ် ခိုးသူတယောက်ကို ဖမ်းမိသောအခါ ခေါင်းဖြတ်၍သတ်ရန် အမိန့်ထုတ်လိုက်၏၊ ခိုးသူတို့အား မင်းချင်းယောကျ်ားတို့ကခေါင်းဖြတ်၍သတ်ပစ်ကြောင်း သိရှိကြပြန်သော် အချို့သောသူတို့သည် အသွားထက်သော လက်နက်များကို ပြုလုပ်ကြပြီး ထိုလက်နက်များဖြင့် ဥစ္စာရှင်တို့ကို သတ်ဖြတ်၍ ပစ္စည်းကို လုယူကြကုန်၏။

ဤသို့ဖြင့် ပစ္စည်းဥစ္စာ မရှိသူတို့အား ပစ္စည်းဥစ္စာမပေးသဖြင့် ဆင်းရဲခြင်း တိုးပွားလာ၏၊ ဆင်းရဲခြင်း တိုးပွားလာသဖြင့် သူတပါးပစ္စည်းကို ခိုးယူမှုသည် တိုးပွားလာ၏၊ ခိုးယူမှု တိုးပွားလာသဖြင့် လက်နက်တိုးပွားလာ၏၊ လက်နက်တိုးပွားလာသဖြင့် အသက်သတ်မှု တိုးပွားလာ၏၊ အသက်သတ်မှု တိုးပွားလာသဖြင့် သတ္တဝါတို့၏ သက်တမ်းသည် ဆုတ်ယုတ်လာ၏၊ အဆင်းသည်လည်း ဆုတ်ယုတ်လာ၏၊ နှစ်ပေါင်းရှစ်သောင်း အသက်ရှည်သော ထိုသူတို့၏ သားသမီးများသည် နှစ်ပေါင်းလေးသောင်းသာ အသက်ရှည်ကြတော့သည်။

နှစ်ပေါင်း လေးသောင်း အသက်ရှည်သူတို့တွင် တဦးသောသူသည် သူတပါးပစ္စည်းကို ခိုးယူသဖြင့် မင်းချင်းယောကျ်ားတို့က ထိုသူကိုဖမ်း၍ မင်းထံ ခေါ်ဆောင်သွားကြသည်။ မင်းက "သင်သည် သူတပါးပစ္စည်းကို ခိုးယူသည်ဆိုသည်မှာ မှန်သလော" ဟု မေးစစ်ရာ ထိုသူက "မမှန်ပါ" ဟု လိမ်လည်ထွက်ဆို၏၊ ဤသို့ဖြင့် မဟုတ်မမှန် လိမ်လည်ပြောဆိုမှုသည်လည်း ပေါ်ပေါက်လာပြန်ရာ သတ္တဝါတို့၏ အသက်နှင့်အဆင်းသည် ပို၍ ဆုတ်ယုတ်လာ၏၊ နှစ်ပေါင်းလေးသောင်း အသက်ရှည်သူတို့၏ သားသမီးများသည် နှစ်ပေါင်းနှစ်သောင်းသာ အသက်ရှည်ကြတော့သည်။

www.dhammaransi.com



နှစ်ပေါင်းနှစ်သောင်း အသက်ရှည်သူတို့တွင် တဦးသောသူသည် မင်းထံသို့ သွား၍ "အရှင်မင်းမြတ်.... ဤမည်သောသူသည် သူတပါးပစ္စည်းကို ခိုးယူပါသည်"ဟူ၍ ကုံးချောစကား ပြောကြား လျှောက်တင်၏၊ ဤသို့ဖြင့် ကုံးချောစကား ပြောကြားခြင်းသည်လည်း ပေါပေါက်လာပြန်ရာ သတ္တဝါတို့၏ အသက်အဆင်းသည် ပိုမိုဆုတ်ယုတ်လာပြီး နှစ်ပေါင်းနှစ်သောင်းအသက်ရှည်သူတို့၏ သားသမီးများသည် နှစ်ပေါင်းတသောင်းသာ အသက်ရှည်ကြတော့သည်။

နှစ်ပေါင်းတသောင်း အသက်ရှည်သူတို့တွင် အချို့က အဆင်းလှပြီး အချို့မှာ အဆင်းမလှ ဖြစ်လာကြသည်။ အဆင်းမလှသူတို့က အဆင်းလှသူတို့ကို တတ်မက်ကြသဖြင့် သူတပါးသားမယားကို ပြစ်မှားမှုသည်ပေါပေါက်လာပြန်၏၊ ထို့ကြောင့် အသက်အဆင်းတို့ ထပ်မံဆုတ်ယုတ်လာပြန်ရာ ထိုသူတို့၏ သားသမီးများသည် နှစ်ပေါင်းငါးထောင်သာ အသက်ရှည်ကြတော့သည်။ နှစ်ပေါင်းငါးထောင် အသက်ရှည်သူများခေတ်၌ ကြမ်းတမ်းသောစကားနှင့် ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းများ ပေါပေါက်လာပြန်ရာ ထိုသူတို့၏ သားသမီးများသည် နှစ်ပေါင်းနှစ်ထောင့်ငါးရာသာ အသက်ရှည်ကြတော့သည်။

နှစ်ပေါင်း နှစ်ထောင့်ငါးရာ အသက်ရှည်သူတို့၏ ခေတ်၌ သူတပါးပစ္စည်းကို လိုချင်တတ်မက်ခြင်း "အဘိဇ္ဈာ"နှင့် သူတပါးကိုပျက်စီးစေလိုခြင်း "ဗျာပါဒ"တို့ ပွားများ လာပြန်ရာ ထိုသူတို့၏ သားသမီးများမှာ နှစ်ပေါင်းတထောင်သာ အသက်ရှည်ကြတော့သည်။ ထိုခေတ်၌လည်း မှားယွင်းသောအယူ "မိစ္ဆာဒိဋ္ဌိ"ပေါပေါက်လာသဖြင့် လူတို့၏ သက်တမ်းသည် နှစ်ပေါင်းငါးရာသို့ ကျဆင်း သွား၏၊ တဖန် ထိုခေတ်၌ မတရားသော တတ်မက်မှု "အဓမ္မရာဂ"၊ အလွန်အကြူးတတ်မက်မှု "ဝိသမလောဘ"၊ မှားသောအကျင့်တရား "မိစ္ဆာဓမ္မ"တို့ ပြန့်ပွားလာသောကြောင့် သက်တမ်း ဆုတ်ယုတ်သွားပြန်ရာ အချို့ နှစ်ပေါင်း နှစ်ရာ့ငါးဆယ်၊ အချို့ကား နှစ်ပေါင်း နှစ်ရာမျှသာ အသက်ရှည်ကြတော့သည်။

ထိုခေတ်မှ လူတို့တွင်လည်း အချို့သူတို့သည် မိဘ၊ ရဟန်း၊ ပုဏ္ဏားနှင့် သက်ကြီး ရွယ်အိုတို့အား ပြုသင့်ပြုထိုက်သော ဝတ္တရားကို မပြုလုပ်ကြသဖြင့် သက်တမ်းသည် နှစ်ပေါင်းတရာသို့ ကျဆင်းသွားလေ၏။

www.dhammaransi.com



**ဆယ်နှစ်သက်တမ်း**

နောင်အခါ၌ ဤလူတို့၏သားသမီးများ ဆယ်နှစ်မျှသာ အသက်ရှည်သော ခေတ်ကာလသည်လည်း ဖြစ်လိမ့်မည်။ ထိုခေတ်ကာလ၌ ငါးနှစ်အရွယ်ရှိသော သတို့သမီးတို့သည် ထိမ်းမြားလက်ထပ်ကြလိမ့်မည်။ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျား၊ တင်လဲ၊ ဆား ဟူသော မြတ်သောအရသာတို့ ကွယ်ပျောက်လိမ့်မည်။ လူးထပင်းသည် ထိုခေတ် လူတို့အတွက် အမြတ်ဆုံး စားဖွယ် ဖြစ်လိမ့်မည်။ ထိုခေတ်၌ ကုသိုလ်ကမ္မပထ တရား ဆယ်ပါး အကြွင်းမဲ့ ကွယ်ပျောက်ပြီး အကုသိုလ်ကမ္မပထတရားဆယ်ပါး အလွန်ထွန်းကားလိမ့်မည်။ မိဘ၊ ရဟန်း၊ ပုဏ္ဏား၊ သက်ကြီး ဝါကြီး တို့အား ရိုသေလေးစားခြင်း မပြုသူတို့သည် လူအပေါင်း၏ပူဇော်ချီးမြှောက်ခြင်းကို ခံကြရလိမ့်မည်။ ထိုလူတို့၌ အမိ၊ မိကြီး မိထွေး စသည့် စိတ်ထားမရှိဘဲ တိရိစ္ဆာန်တို့ကဲ့သို့ ရောယှက်ရှုပ်ထွေးခြင်း ဖြစ်လိမ့်မည်။ မိဘနှင့် သားသမီး၊ မောင်နှင့်နှမ အချင်းချင်းပင် ပြင်းထန်သော အမျက်ဒေါသ၊ ပျက်စီးစေလိုခြင်း၊ မလိုမုန်းထားခြင်း၊ သတ်ဖြတ်လိုခြင်းများ ဖြစ်ပေါ်လိမ့်မည်။

**သက်တမ်းပြန်၍တိုးတက်လာခြင်း**

ဆယ်နှစ်သက်တမ်းရှိသူတို့၌ ခုနစ်ရက်ပတ်လုံး လက်နက်ဘေး(သတ္ထန္တရကပ်) ဆိုက်ရောက်လိမ့်မည်။ အချင်းချင်း သားကောင်ဟု ထင်မှတ်ကာ ပြင်းထန်သောလက်နက်ဖြင့် သတ်ဖြတ်ကြလိမ့်မည်။ ထိုအခါ အချို့သောလူများသည် တောကြိုချောင်ကြားသို့ဝင်၍ ပုန်းအောင်းနေကြပြီး ခုနစ်ရက်လွန်မှ ထွက်လာကြလိမ့်မည်။ မိမိတို့ကဲ့သို့ အသက်ရှင်နေသေးသူများကို တွေ့မြင်ကြလျှင် ဝမ်းပန်းတသာ ရှိကြလိမ့်မည်။ ထိုသူတို့သည် ဆွေမျိုးတို့၏ ပျက်စီးခြင်းကို တွေ့မြင်ရလျှင် နောင်တတရားရ၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပြီး ကုသိုလ်တရားတို့ကို ကျင့်သုံးဆောက်တည်ကြလိမ့်မည်။ ထိုအခါ ထိုသူတို့သည် အသက်အားဖြင့်၎င်း၊ အဆင်းအားဖြင့်၎င်း တိုးတက်လာပြီး ဆယ်နှစ်သာ အသက်ရှည်သော လူတို့၏ သားသမီးများသည် အသက်နှစ်ဆယ် နေကြရလိမ့်မည်။

ယင်းသို့ ကုသိုလ်တရားတို့ကို ကျင့်သုံးဆောက်တည်သဖြင့် သက်တမ်းတိုးတက်လာသည်ကို တွေ့မြင်ကြရလေသော် လူတို့လည်း ပို၍ ယုံကြည်အားတက်လာကြပြီး သူတပါး ဥစ္စာကို ခိုးယူခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း၊

www.dhammaransi.com



မဟုတ်မမှန် လိမ်လည် ပြောဆိုခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြဉ်၍ မိဘ၊ ရဟန်း၊ ပုဏ္ဏား၊ သက်ကြီးဝါကြီး တို့၌ ပြုသင့် ပြုထိုက်သော ဝတ္တရားများကို ကျင့်သုံး ဆောက်တည်ကြလိမ့်မည်။ ထိုအခါ လူတို့၏သက်တမ်းသည် နှစ်ပေါင်းနှစ်ဆယ်မှ နှစ်ပေါင်းလေးဆယ်၊ နှစ်ပေါင်းလေးဆယ်မှ နှစ်ပေါင်း ရှစ်ဆယ် စသည်ဖြင့် တစတစပြန်၍တိုးတက်လာရာ နောက်ဆုံးတွင် နှစ်ပေါင်း ရှစ်သောင်းသို့ ပြန်ရောက်လိမ့်မည်။

## သင်္ခစကြာဝတေး မင်း ဖြစ်ပေါ်ခြင်း

နှစ်ပေါင်းရှစ်သောင်း အသက်ရှည်သော လူတို့ ခေတ်၌ တတ်မက်ခြင်း၊ ဆာလောင်ခြင်း၊ အိုခြင်း ဟူသော အနာသုံးမျိုးသာ ရှိလိမ့်မည်။ ဤဇမ္ဗူဒီပါ ကျွန်းသည် စည်ပင်ကြွယ်ဝ၍ ကြက်ပျံမကျ စည်ကားလိမ့်မည်။ ဗာရာဏသီ ပြည်သည် စည်ပင်ကြွယ်ဝ၍ လူဦးရေထူထပ်များပြားသည့် ကေတုမတီအမည် ရှိသော မင်းနေပြည် ဖြစ်လိမ့်မည်။ ဇမ္ဗူဒိပ်ကျွန်း၌ ကေတုမတီ မင်းနေပြည် နှင့်တကွ ရှစ်သောင်းလေးထောင်သောမြို့များ ဖြစ်ပေါ်လိမ့်မည်။ ထိုကေတု မတီ မင်းနေပြည်၌ သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော လေးကျွန်းလုံးကို အစိုးရသည့် သင်္ခအမည် ရှိသော စကြာမင်းသည် တရားနှင့် အညီ မင်း ပြုလိမ့်မည်။

## မေတ္တေယျဘုရား ပွင့်တော်မူခြင်း

နှစ်ပေါင်း ရှစ်သောင်း အသက် ရှည်သော ထိုသူတို့၏ ခေတ်၌ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသည့် မေတ္တေယျအမည်ရှိသော မြတ်စွာ ဘုရား ပွင့်တော်မူ၍ ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသောတရားကို ဟောကြား လိမ့်မည်။ မေတ္တေယျမြတ်စွာဘုရားသည် ထောင်ပေါင်းများစွာသော ရဟန်း သံဃာဖြင့် ဒေသစာရီ ကြွချီတော် မူလိမ့်မည်။ သင်္ခ စကြာဝတေး မင်းသည် ထီးနန်းကိုစွန့်၍ မေတ္တေယျ မြတ်စွာဘုရား ထံ၌ ရဟန်းပြုပြီး အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလိမ့်မည်။

## ရဟန်းတို့အား အသက်အဆင်းစသည် တိုးပွားရန် ဟောကြားခြင်း

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ သည် လူတို့၏ အသက် အဆင်း စသည် ဆုတ် ယုတ်ပုံ၊ တိုးပွားပုံများကို ဟောကြားတော်မူပြီး ရဟန်းတို့အား မိမိ ကိုယ်ကို သာ မှီခိုအားထားနေကြရန် ထပ်မံ တိုက်တွန်း တော်မူသည်။ မိမိတို့ ဘခင်၏

www.dhammaransi.com



အမွေအနှစ်ဖြစ်သော ကျက်စားရာ အာရုံ၌သာ ကျက်စားကြရန်လည်း သတိပေး ဆုံးမတော်မူသည်။

"ရဟန်းတို့.... သင်တို့သည် မိမိတို့ဘခင်၏ အမွေအနှစ်ဖြစ်သော ကျက်စားရာ အာရုံ၌သာ ကျက်စားကြကုန်လော၊ ဤသို့ မိမိတို့ဘခင်၏ အမွေအနှစ်ဖြစ်သော ကျက်စားရာ အာရုံ၌သာ ကျက်စားကြကုန်သည် ရှိသော် သင်တို့အား အသက်အားဖြင့်ရင်း၊ အဆင်း၊ ချမ်းသာ၊ စည်းစိမ်၊ ခွန်အား စသည်တို့အားဖြင့်ရင်း တိုးပွားခြင်းသည် ဖြစ်လိမ့်မည်။"

"ရဟန်းတို့....ရဟန်း၏ အသက်တိုးပွားခြင်း၏အကြောင်းသည် အဘယ်နည်း၊ ရဟန်းတို့.... ဤ သာသနာတော်၌ ရဟန်းသည် ဆန္ဒကြီး မှုးသော သပာဓိနှင့်ရင်း၊ သမ္ပပ္ပဓာန်ဝိရိယနှင့်ရင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကို ပွားများ၏၊ ထို့အတူ စိတ်ကြီးမှုးသော သမာဓိ၊ ပညာကြီးမှုးသော သမာဓိတို့နှင့်ရင်း၊ သမ္မပ္ပဓာန်ဝိရိယနှင့်ရင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကို ပွားများ၏၊ ထိုဣဒ္ဓိပါဒ်တရားတို့ကို ပွားများသူသည် အလို ရှိခဲ့သော် အာယုကပ်ပတ်လုံးသော်ရင်း၊ အာယုကပ်၏ ကြွင်းသော ကာလပတ်လုံးသော်ရင်း တည်နေနိုင်၏၊ ရဟန်းတို့.... ဤကား ရဟန်း၏ အသက် တိုးပွားခြင်း၏ အကြောင်းပေတည်း။"

"ရဟန်းတို့....ရဟန်း၏အဆင်းတိုးပွားခြင်း၏ အကြောင်းသည် အဘယ်နည်း။ ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရ သီလကို စောင့် ထိန်း လျက် နေ ၏၊ အကျင့် 'အာစာရ'၊ ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံသည်ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌ပင် ဘေးဟု ရှုသည်ဖြစ်၍ နေ ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ရဟန်းတို့.... ဤကား ရဟန်း ၏ အဆင်း တိုးပွား ခြင်း ၏ အကြောင်း ပေတည်း။"

"ရဟန်းတို့.... ရဟန်း ၏ ချမ်း သာ တိုး ပွား ခြင်း ၏ အကြောင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှရင်း၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ပဌမဈာန် အစရှိသော ဈာန်များသို့ ရောက်၍နေ၏၊ ရဟန်းတို့.... ဤကား ရဟန်း၏ ချမ်းသာ တိုး ပွား ခြင်း ၏ အကြောင်းပေတည်း။"

"ရဟန်းတို့.... ရဟန်း၏ စည်းစိမ်ဥစ္စာ တိုးပွားခြင်း၏ အကြောင်းသည် အဘယ်နည်း။ ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းသည် မေတ္တာနှင့်ယှဉ်

www.dhammaransi.com




သော စိတ်ဖြင့် အရပ်မျက်နှာတို့ကို ပြန့်နှံ့စေ၍ နေ၏၊ သတ္တဝါ အားလုံးကို မိမိနှင့် ထပ်တူပြု၍ ပြန့်ပြောသော၊ အကန့်အသတ်မရှိ၊ ငြိုးငြင်ခြင်း မရှိသော မေတ္တာနှင့်ယှဉ်သည့်စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့နှင့် ယှဉ်သော စိတ်များဖြင့်လည်း ပြန့်နှံ့စေ၍ နေ၏၊ ရဟန်းတို့.... ဤကား ရဟန်း၏ စည်းစိမ်တိုးပွားခြင်း၏ အကြောင်းပေတည်း။"

"ရဟန်းတို့.... ရဟန်း၏ ခွန်အား တိုးပွားခြင်း၏ အကြောင်းသည် အဘယ်နည်း။ ရဟန်းတို့.... ဤ သာသနာတော်၌ ရဟန်းသည် အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်း၍ လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သောပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ကိုယ်ကျ ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက်နေ၏၊ ရဟန်းတို့....ဤကား ရဟန်း၏ ကိုယ်အား ဉာဏ်အား တိုးပွားခြင်း၏ အကြောင်းပေတည်း။"

"ရဟန်းတို့.... ဤမာရ်နတ်၏ခွန်အားကဲ့သို့ နှိပ်ကွပ်အောင်မြင်ရန် ခဲယဉ်းသော အခြားခွန်အားတခုကိုမျှ ငါမြင်တော်မမူ၊ အရဟတ္တဖိုလ် ခွန်အားသည် သာလျှင် မာရ်နတ်၏ခွန်အားကို နှိပ်ကွပ် အောင်မြင် နိုင်ပေ၏၊ ရဟန်းတို့.... ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ဤ ဆိုခဲ့သည့် အတိုင်း ကုသိုလ်၊ ကုသိုလ်၏ အကျိုးတရားတို့သည် တိုးပွားကုန်၏။"

ဗုဒ္ဓမြတ်စွာက ဤတရားကို ဟောကြားသော်၊ ရဟန်းတို့သည် ဝမ်းမြောက်နှစ်သက်စွာ ခံယူကြလေကုန်၏။



www.dhammaransi.com

# ၂၇။ အဂ္ဂညသုတ်

လောက၏အစကို ဟောကြားခြင်း

သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူသော ဗုဒ္ဓမြတ်စွာသည် တခုသောညနေခင်းဝယ် သီတင်းသုံးရာ ပြာသာဒ်ကျောင်းဆောင်မှ သက်ဆင်း၍ ပြာသာဒ်ရိပ်တွင် စင်္ကြံကြွတော်မူသည်။ ယင်းသို့စင်္ကြံကြွနေစဉ် ရဟန်းတို့ထံ၌ ရဟန်းအဖြစ်ကို ရရန်မျှော်လင့်နေကြသော ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ဗုဒ္ဓမြတ်စွာထံသို့ ချဉ်းကပ်လာကြပြီး ဗုဒ္ဓမြတ်စွာ၏နောက်မှလိုက်၍ စင်္ကြံလျှောက်နေကြလေသည်။ ထိုအခါဗုဒ္ဓမြတ်စွာက "အချင်းဝါသေဋ္ဌ၊ ပုဏ္ဏားမျိုးမှထွက်၍ ရဟန်းပြုသော သင်တို့အား ပုဏ္ဏားတို့ကမည်သို့ ဆဲဆိုရေရွတ်ခြင်း ပြုကြသနည်း" ဟူ၍မေးမြန်းတော်မူသည်။ ထိုအခါ ဝါသေဋ္ဌက မိမိတို့အား ပုဏ္ဏားတို့က ဆဲဆိုရေရွတ်ခြင်းပြုကြပုံကို ပြည့်စုံစွာ ဖော်ထုတ်လျှောက်တင်[illegible]၏။

"အရှင်ဘုရား.... ပုဏ္ဏားတို့သည် တပည့်တော်တို့အား ဤသို့ဆဲဆို ရေရွတ်ခြင်းပြုကြပါသည်။"

"ပုဏ္ဏားမျိုးသည်သာမြတ်၏၊ တပါးသောအမျိုးတို့သည် ယုတ်ကုန်၏၊ ပုဏ္ဏားမျိုး သည်သာဖြူစင်၏၊ တပါးသော အမျိုးတို့သည် မည်းညစ်ကုန်၏။ ပုဏ္ဏားမျိုးသည်သာ စင်ကြယ်၏၊ တပါးသောအမျိုးတို့သည် မစင်ကြယ်ကုန်။ ပုဏ္ဏားတို့သည်သာ ဗြဟ္မာ၏ရင်၌ဖြစ်၍ ဗြဟ္မာ့ခံတွင်းမှ ဖွားသော သားများဖြစ်၏။ သင်တို့သည်မြတ်သောပုဏ္ဏားမျိုးကိုစွန့်၍ ဗြဟ္မာ၏ခြေဖမိုးမှဖွားသည့် ဇာတ်နိမ့်သော ဦးပြည်းရဟန်းတို့ထံသို့ ကပ်ရောက်ခြင်းသည် မလျှောက်ပတ်"

"ဝါသေဋ္ဌ.... စင်စစ်အားဖြင့် ပုဏ္ဏားတို့သည် လောက ဖြစ်စဉ်ကို မအောက်မေ့နိုင်ကုန်၍သာ ထိုစကားများကို ဆိုကြခြင်းဖြစ်၏။ ဝါသေဋ္ဌ၊ ပုဏ္ဏားတို့၏ကြင်ယာ ပုဏ္ဏေးမတို့ ဥတုလာသည်ကိုရင်း၊ ကိုယ်ဝန်ဆောင်သည်

www.dhammaransi.com



ကိုရင်း၊ သားဖွားသည်ကိုရင်း၊ နှိုတိုက်သည်ကိုရင်း တွေ့မြင်ရကုန်၏။ ထိုပုဏ္ဏားတို့သည် အင်္ဂါဇာတ်မှမွေးဖွားသည် ဖြစ်ပါလျက် 'ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသောအမျိုးတို့သည် ယုတ်ကုန်၏' ဟူ၍ဆိုကြကုန်ဘိ၏၊ စင်စစ် ထိုပုဏ္ဏားတို့သည် ဗြဟ္မာကိုရှုတ်ချရာရောက်ကုန်၏၊ မမှန်သောစကားကိုလည်း ဆိုရာရောက်ကုန်၏၊ များစွာသော မကောင်းမှုကိုလည်း ပွားစေရာ ရောက်ကုန်၏။"

## တရားသည်သာအမြတ်ဆုံး

"ဝါသေဋ္ဌ.... မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးဟူ၍ အမျိုးလေးမျိုးရှိရာတွင် အချို့သောမင်းမျိုးသည်လည်း သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်းစသော မကောင်းမှုကိုပြုလေ့ရှိ၏။ အချို့သော ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့သည်လည်း မကောင်းမှုကို ပြုလေ့ရှိကုန်၏။ အချို့သောမင်းမျိုးသည်လည်း မကောင်းမှုမှရှောင်ကြဉ်လေ့ရှိ၏၊အချို့သောပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး တို့သည်လည်း မကောင်းမှုမှ ရှောင်ကြဉ်လေ့ရှိကုန်၏။ ဤသို့ဖြင့် အကုသိုလ်တရားတို့ကိုရင်း၊ ကုသိုလ်တရားတို့ကိုရင်း အမျိုးလေးပါးတို့၌ပင် တွေ့မြင်ရကုန်၏။ သို့ဖြစ်ပါလျက် ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏ဟူ၍ဆိုသော ထိုပုဏ္ဏားတို့၏ စကားကို ပညာရှိတို့ လက်မခံကြပေ။"

"ဝါသေဋ္ဌ.... ဤအမျိုးလေးပါးတို့တွင် အကြင်ရဟန်းသည် ပူဇော် အထူးကိုခံထိုက်၏၊ အာသဝေါတရားကုန်ခန်း၏၊ မဂ်အကျင့်ကို ကျင့်သုံးပြီး ဖြစ်၏၊ မှုဂ်ကိစ္စကိုပြုပြီးဖြစ်၏၊ ခန္ဓာဝန်ကိုချပြီးဖြစ်၏၊ မိမိအကျိုး ဖြစ်သော အရဟတ္တဖိုလ်သို့ရောက်ပြီးဖြစ်၏၊ သဝံယောဇဉ်ကုန်ပြီးဖြစ်၏၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးဖြစ်၏၊ ထိုရဟန်းကို အမျိုးလေးပါးတို့တွင် အမြတ်ဆုံး ဟူ၍ ဆိုအပ်၏၊ ဝါသေဋ္ဌ ထို့ကြောင့် ဤလောက၌ တရားသည် သာလျှင် အမြတ်ဆုံးဖြစ်ပေ၏။"

"ဝါသေဋ္ဌ.... တရားသည်သာလျှင် အမြတ်ဆုံးဖြစ်ကြောင်းကို ဤဆိုလတ္တံ့သော အကြောင်းဖြင့်လည်းသိအပ်၏။ 'ရဟန်းဂေါတမသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြု၏' ဟူ၍ ပသေနဒီကောသလမင်းသည် စင်စစ်သိ၏၊ သာကီဝင်မင်းမျိုးတို့သည် ပသေနဒီကောသလမင်းအား နှိမ့်ချခြင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်းစသည်တို့ကို ပြုကြရကုန်၏။ ထိုပသေနဒီကောသလမင်းသည်

www.dhammaransi.com



ကား ငါဘုရားအား နှိမ့်ချခြင်း၊ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း စသည်တို့ကို ပြုရပြန်၏။ ဤသို့ပြုခြင်းသည် စင်စစ် တရားကိုအရိုအသေ အလေးအမြတ်ပြုခြင်းပင်ဖြစ်ပေ၏။"

"ဝါသေဋ္ဌ.... ဇာတ်၊ အမည်၊ အနွယ် အမျိုးမျိုးမှ ရဟန်းပြုခဲ့ကြသော သင်တို့အား 'သင်တို့သည် အဘယ်သူတို့နည်း' ဟူ၍ မေးလာသော် 'ငါတို့သည် သာကီဝင်မင်းသား ဘုရားသားတော်ရဟန်းများဖြစ်သည်' ဟူ၍ ဝန်ခံကြကုန်လော။ ဝါသေဋ္ဌ အကြင်သူ၏ယုံကြည်ခြင်းသည် မြတ်စွာဘုရား၌ မယိမ်းမယိုင် မြဲခိုင်တည်တန့်၏၊ မင်္ဂအမြင်ပေါ်ခြင်းကြောင့်ဖြစ်၏၊ မည်သူမျှ ရွေ့ရှားစေခြင်းငှာမစွမ်းနိုင်။ ထိုသူသည် 'ငါကားမြတ်စွာဘုရား၏ရင်မှဖြစ်၍ မြတ်စွာဘုရား၏ခံတွင်းမှ ဖွားသော တရားအမွေခံပေတည်း' ဟူ၍ ဆိုခြင်းငှာ ထိုက်၏။"

### အမျိုးလေးပါးပေါ်ပေါက်လာပုံ

"ဝါသေဋ္ဌ.... ကာလရှည်ကြာ၍ ဤကမ္ဘာလောကကြီး ပျက်စီးသည့်အခါ သတ္တဝါတို့သည်များသောအားဖြင့်အာဘဿရဘုံ၌ဖြစ်ကုန်၏။ ထိုသူတို့သည် ထိုဘုံ၌ နှစ်သိမ့်ခြင်းပီတိလျှင် အစာရှိကုန်သည်ဖြစ်၍ မိမိတို့ ကိုယ်ရောင်ဖြင့် လင်းလျှံ၍ ကောင်းကင်၌ကျက်စား၍ ကာလကြာမြင့်စွာတည်ကုန်၏။"

ကာလရှည်ကြာ၍ ဤကမ္ဘာလောကကြီး တဖန်ဖြစ်တည်သောအခါ သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံမှစုတေ၍ ဤလူ့ဘုံ၌ ဖြစ်ကုန်၏။ ထိုသူတို့သည် ဤလူ့ဘုံ၌ နှစ်သိမ့်ခြင်း ပီတိလျှင် အစာရှိကုန်သည်ဖြစ်၍ မိမိတို့ကိုယ်ရောင်ဖြင့် လင်းကုန်၏၊ ကောင်းကင်၌ကျက်စား၍ ကာလကြာမြင့်စွာ တည်ကုန်၏။ ထိုအခါ၌ ဤကမ္ဘာလောကကြီးသည် တခုတည်းသော ရေပြင်ကြီးသာဖြစ်၍ မှောင်အတိပြီး၏။ လ နေ နက္ခတ်တို့သည်ငင်း၊ ညနေ့၊ နှစ်၊ လ စသည်တို့သည်ငင်း၊ မထင်ရှားကုန်။ မိန်းမ ယောကျ်ား ဟူ၍လည်း ကွဲပြားခြင်းမရှိချေ။ ထို့နောက်ကာလကြာမြင့်လတ်သော် ထောပတ်ဆီဉကဲ့သို့ အဆင်းအနံ့အရသာနှင့် ပြည့်စုံသည့် မြေဆီသည် ရေပြင်ပေါ်၌ ဖြစ်ပေါ်လာ၏။ ထိုအခါ လျှပ်ပေါ်သောသတ္တဝါတယောက်သည် မြေဆီကို လက်ချောင်းဖြင့်ယူ၍ လျှက်ကြည့်ရာ တတ်မက်ခြင်းတဏှာ ဖြစ်ပေါ်လာလေ၏။ ထိုသူသို့အတုလိုက်၍ မြေဆီကိုလျှက်ကြကုန်သော အခြားသတ္တဝါတို့အားလည်း တတ်မက်ခြင်းတဏှာသည်ဖြစ်ပေါ်လေ၏။

www.dhammaransi.com



## လ နေ စသည်တို့ ဖြစ်ပေါ်လာခြင်း

ထိုသတ္တဝါတို့သည် မြေဆီကိုအလုပ်အကျွေးပြု၍ စားရန်အားထုတ်ကြရာမှ အစပြု၍ ကိုယ်ရောင်သည်ကွယ်ပျောက်လေ၏။ ကိုယ်ရောင်ကွယ်ပျောက်သော် လ နေတို့ထင်ရှားပေါ်လာပြီး နေ့၊ ည၊ လ၊ နှစ် စသည်တို့သည်လည်း ဖြစ်ပေါ်လာကုန်၏။ မြေဆီကိုစားသည့်အချိန်မှအစပြု၍ ထိုသူတို့၏ ကိုယ်သည် ကြမ်းတမ်းလာပြီး အဆင်းလှသူနှင့် အဆင်းမလှသူ ဟူ၍လည်း နှစ်မျိုးကွဲပြားလာ၏။ အဆင်းလှသူတို့က အဆင်းမလှသူတို့အပေါ် မာန်မူခြင်းပြုကြသဖြင့် မြေဆီသည်ကွယ်ပျောက်သွားလေ၏။

## မြေလွှာဖြစ်ပေါ်လာခြင်း

ထိုသတ္တဝါတို့အား မြေဆီကွယ်ပျောက်သွားသည့်အခါ မြေဆီကဲ့သို့ပင် အဆင်း၊ အနံ့၊ အရသာနှင့်ပြည့်စုံသည့်မြေလွှာသည် ဖြစ်ပေါ်လာ၏။ ထိုမြေလွှာကို စားသုံးကြသော သတ္တဝါတို့၏ကိုယ်သည် ယခင်ကထက်ပို၍ကြမ်းတမ်းလာပြီး အဆင်းလှခြင်း၊ အဆင်းမလှခြင်းများသည်လည်း ပို၍ထင်ရှားလာ၏၊ ထိုအခါ အဆင်းလှသူတို့က အဆင်းမလှသူတို့အပေါ် ရှေးကထက်တိုး၍ မာန်မူခြင်းပြုကြရာ မြေလွှာသည်လည်း ကွယ်ပျောက်သွားပြန်လေ၏။ မြေလွှာကွယ်ပျောက်၍ နောက်ထပ်ပေါ်လာသော နွယ်ချိုကို စားသုံးနေကြပြန်ရာတွင်လည်း တဦးနှင့်တဦးအလွန် မာန်မူမှုကြောင့် နွယ်ချိုပါကွယ်ပျောက်၍ မချက်ဘဲစားသုံးရသည့် ဆန်လုံးလိုက်သီးသော သလေးစပါးပင်များ ပေါ်ပေါက်လာလေသည်။ ထိုသလေးစပါးပင်များကား ညစာအတွက်လူတို့ဆွတ်ခူးသွားလျှင် နံနက်တွင်ပြန်ပြည့်ကုန်၏။ နံနက်စာအတွက် ဆွတ်ခူးသွားလျှင်လည်း ညတွင်ပြန်၍ပြည့်ကုန်၏။

## မိန်းမ ယောက်ျားထင်ရှားလာခြင်း

ထိုသတ္တဝါတို့သည် သလေးဆန်ကို စားသုံးသည့် အချိန်မှစ၍ အဆင်းသဏ္ဌာန် ဖောက်ပြန်ထူးခြားလာပြီး အချို့အား မိန်းမ၏ လိင်အင်္ဂါသည်ငှင်း၊ အချို့အား ယောက်ျား၏လိင်အင်္ဂါသည်ငှင်း ထင်ရှားဖြစ်ပေါ် လာလေ၏။ ထိုအခါ မိန်းမနှင့်ယောက်ျားတို့ အချင်းချင်း တစိမ်းစိမ်းကြည့်ရှုကြရာ တတ်မက်ခြင်းပြင်းစွာဖြစ်ပေါ်၍ မေထုန်အကျင့်ကို မှီဝဲကြသည်။ ထိုသို့မေထုန်အကျင့်ကို မှီဝဲသူများအား အခြားသူတို့ကမြင်လျှင် ကဲ့ရဲ့ရှုတ်ချ၍ မြေမှုန့်၊ ပြာ

www.dhammaransi.com



စသည်တို့ဖြင့် ပစ်ပေါက်ကြသည်။ ထိုသူတို့သည် မိမိတို့၏ မေထုန်အကျင့်ကို ဖုံးကွယ်ရန်အတွက် အိမ်ဆောက်လုပ်၍ နေထိုင်ကြလေသည်။

ထိုအခါ ပျင်းရိသောသူတယောက်သည် အခြားသူများကဲ့သို့ သလေးဆန်ကို နံနက်တကြိမ်၊ ညတကြိမ် သွားရောက်ယူဆောင်ခြင်းမပြုဘဲ တကြိမ်တည်းဖြင့် တနေ့စာယူဆောင်စားသုံးလေ၏။ ထိုသူ၏အပြုအမူကို အခြားသူတို့မြင်လျှင် နှစ်ရက်စာ၊ သုံးရက်စာ စသည်ယူ၍ စားသုံးသူများပေါ်ပေါက်လာကြသည်။ ဤသို့သလေးဆန်ကို နေ့ဘို့ညစာ သိုမှီးခြင်းပြုသည့် အချိန်မှစ၍ ထိုသလေးဆန်သည် ဖွဲ၊ ဖွဲနုတို့ဖြင့်ဖုံးအုပ် မြေးယှက်လာရုံသာမက ဆွတ်ခူးရာ အရပ်၌လည်း ပြန်၍မပြည့်တော့ချေ။ ထို့ကြောင့်လူတို့သည် သလေးစပါးပင်များကို အစုလိုက်ခွဲဝေယူကြပြီး မိမိတို့ပိုင်နက်မှစပါးများကိုသာ ဆွတ်ခူးစားသောက်ရန် သဘောတူညီကြသည်။ သို့ရာတွင်လျှပ်ပေါ်လော်လီသူ တဦးသည် အခြားသူတို့၏ပိုင်နက်မှ စပါးများကိုဆွတ်ခူးစားသောက်ရာ ပိုင်ရှင်တို့က ဖမ်းဆီး၍ ဤကဲ့သို့မပြုရန် ဆိုဆုံးမကြသည်။ ဆိုဆုံးမ၍မရသော် ရိုက်နှက်ပုတ်ခတ်ကြသည်။ ဤသို့ဖြင့် ထိုအချိန်မှစ၍ သူတပါးပစ္စည်းကို ခိုးယူခြင်း၊ ကဲ့ရဲ့ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ လက်နက်ကိုင်ဆောင်ခြင်း တို့သည် ဖြစ်ပေါ်လာကုန်၏။

**မဟာသမ္မတမင်းတင်မြှောက်ခြင်း**

ထိုအခါ သတ္တဝါတို့သည် အညီအညွတ် စည်းဝေး တိုင်ပင်ကြပြီး မိမိတို့အထဲမှ ရုပ်ရေသွင်ပြင်ရှိ၍ တန်ခိုးအရှိန်အဝါ စသည်အားဖြင့် အခြားသူတို့ထက် သာလွန်သူတဦးကို ကဲ့ရဲ့ရှုတ်ချထိုက်သူကို ကဲ့ရဲ့ရှုတ်ချ၍ နှင်ထုတ်ထိုက်သူကိုနှင်ထုတ်ရန်အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။ မိမိတို့ပိုင်သည့် သလေးစပါးများမှ အချိုးကျဝေစုကို ထိုအကြီးအကဲဖြစ်သူအား အသီးအသီးပေးကြသည်။ ဤသို့လူအများက မိမိတို့အကြီးအကဲအဖြစ် ဝိုင်း၍ သမုတ်အပ်သောကြောင့် "မဟာသမ္မတ" ဟူသောအမည်သည် ဖြစ်ပေါ်လာ၏။ ထို့ပြင်လယ်မြေတို့၏ အရှင်ဖြစ်၍ "ခတ္တိယ" ဟူ၍၎င်း၊ တရားသဖြင့် သူတပါးတို့ကို နှစ်သက်စေတတ်သောကြောင့် "ရာဇာ" ဟူ၍၎င်း ခေါ်ဝေါ် သမုတ်ကြပြန်သည်။

**ဗြဟ္မဏအုပ်စု ပေါ်လာခြင်း**

ထိုအခါ အချို့သောသတ္တဝါတို့သည် "ဤလောက၌ အယုတ်တရားတို့ ဖြစ်ပေါ်လာချေပြီ၊ ငါတို့သည် ထိုတရားတို့ကို ဆေးကြော ပစ်ကုန်အံ့"

www.dhammaransi.com



ဟုကြံ၍ ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဆေးကြော ပစ်ကြကုန်၏။ ထိုသူတို့ကို "ဗြာဟ္မဏ" ဟူ၍ ခေါ်ကြကုန်၏။ ထိုဗြာဟ္မဏတို့သည် တောအရပ်၌ သစ်ရွက်မိုးကျောင်းတို့ကိုပြု၍ စျာန်ဝင်စား နေကြသည်။ ချက်ပြုတ်၍ စားခြင်းမရှိသောကြောင့် မီးခဲမီးခိုးမှ ကင်းကုန်သည်ဖြစ်၍ ထောင်းထုချက်ပြုတ်ဖွယ်မရှိသောကြောင့် ကျည်ပွေ့တို့ကို ချထားကုန်သည်ဖြစ်၍ ညအချိန်၌ ညစာအလို့ငှာရင်း၊ နံနက်အချိန်၌ နံနက်စာအလို့ငှာရင်း မင်းနေပြည်သို့ ဝင်ကြသည်။ စားစရာရရှိပြီးသောအခါ တောကျောင်းသို့ပြန်သွားပြီး စျာန်ဝင်စား၍ နေကြပြန်သည်။ ဤသို့စျာန်ဝင်စား နေသောကြောင့် ထိုသူတို့ကို "စျာယက" ဟူ၍လည်း ခေါ်ကြသည်။"

ဤသို့ တောကျောင်းသို့သွား၍ နေကြသူတို့တွင် အချို့ သူများသည် စျာန်မဝင်စား နိုင်သောကြောင့် ရွာနိဂုံးအနီးသို့ ပြန်လာကြပြီး ဝေဒကျမ်းများကိုပြုစုပို့ချနေကြသည်။ ထိုသို့စျာန်မဝင်စားနိုင်သူများကို "အဇ္ဈာယက" ဟု ခေါ်ကြသည်။ ဤသို့ဖြင့်ဝေဒကျမ်းများ ပြုစုပို့ချမှုကို ရှေးအခါက ယုတ်ညံ့သော အမှုဟုသမုတ် ခဲ့ကြသော်လည်း ယခုအခါတွင်မူ မြတ်သောအလုပ်ဟု အသိအမှတ်ပြုနေကြသည်။

## ကုန်သည်အုပ်စုပေါ်လာခြင်း

အချို့သော သတ္တဝါတို့သည် အိမ်ထောင်ပြု၍ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လယ်လုပ်ခြင်း စသည့် သီးခြားလုပ်ငန်းများကို အားထုတ်ကြသည်။ ဤသို့ သီးခြားလုပ်ငန်းများကိုအားထုတ်သူတို့ကို "ဝေဿ" ဟူ၍ ခေါ်ကြသည်။

## သူဆင်းရဲအုပ်စု ပေါ်လာခြင်း

ထိုမှကြွင်းသောသူတို့ကိုကား ကြမ်းတမ်းသော အလုပ်၊ သေးနုတ်သော အလုပ်ဖြင့် အသက်မွေးခြင်း ရှိသောကြောင့် "သုဒ္ဒ" ဟူ၍ ခေါ်ကြ သည်။ ရဟန်းပြုသူများကား ဤအမျိုးလေးပါးတို့တွင် မင်းမျိုးမှရင်း၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့မှရင်း ထွက်၍ ရဟန်းပြုခဲ့သူများ ဖြစ်၏၊ ထို့ကြောင့် ရဟန်း ဟူသော အမည်သည် အမျိုးလေးပါးတို့၏ အမည်ပင် ဖြစ်ပေသည်။

## တရားသည်သာ အမြတ်ဆုံး

"ဝါသေဋ္ဌ....ထိုအမျိုးလေးပါးတို့တွင် မင်းမျိုးပင်ဖြစ်စေ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးပင်ဖြစ်စေ၊ ရဟန်းပင်ဖြစ်စေ၊ မကောင်းမှုဒုစရိုက်

www.dhammaransi.com



ကို ပြုကျင့်၍ မှားသော အယူ ဝါဒ ရှိခဲ့သော် သေသောအခါ အပါယ်ငရဲသို့ ကျရောက်ရသည်သာ ဖြစ်၏၊ ကောင်းမှုသုစရိုက်ကို ပြုကျင့်၍ မှန်သော အယူဝါဒ ရှိခဲ့သော် သေသောအခါ သုဂတိနတ်ဘုံသို့ ရောက်ရသည်သာ ဖြစ်၏၊ ဒုစရိုက် သုစရိုက် နှစ်မျိုးလုံးကို ပြုကျင့်သူသည်လည်း ဆင်းရဲချမ်းသာ နှစ်မျိုးလုံးကို ခံစားရသည်သာဖြစ်၏။"

"ဝါသေဋ္ဌ ...ထိုအမျိုးလေးပါးတို့တွင် မင်းမျိုးပင်ဖြစ်စေ၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးပင်ဖြစ်စေ ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်စည်းသည်ဖြစ်၍ ဗောဓိပက္ခိယတရားခုနစ်ပါးတို့ကို ပွားများအားထုတ်သည်ရှိသော် ဤမျက်မှောက်ဘဝ၌ပင် ကိလေသာငြိမ်းအေးခြင်းသို့ ရောက်၏။"

"ဝါသေဋ္ဌ.... ဤအမျိုးလေးပါး တို့တွင် အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ အာသဝေါတရား ကုန်ပြီးဖြစ်၏၊ မဂ်အကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ မဂ်ကိစ္စကို ပြုပြီးဖြစ်၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ မိမိ၏အကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီး ဖြစ်၏၊ ဘဝ သံယောဇဉ် ကုန်ပြီး ဖြစ်၏၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီး ဖြစ်၏၊ ထိုရဟန်းကို အမျိုးလေးပါးတို့တွင် ြင့်မြတ်သူဟူ၍ တရားသဖြင့်သာလျှင် ဆိုအပ်ပေ၏၊ ဤလောက၌ တရားသည် မျက်မှောက်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း အမြတ်ဆုံး ဖြစ်ပေ၏။"

ထို့နောက် ဗုဒ္ဓမြတ်စွာသည် သနင်္ကုမာရ ဗြဟ္မာ ရွတ် ဆိုအပ် သော ဂါထာကို မှန်ကန်ကြောင်း ထောက်ခံမြွက်ကြားတော်မူသည်။

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ ရှိကုန်၏၊ ထိုသူတို့တွင် မင်းမျိုးသည် အမြတ်ဆုံး ဖြစ်၏၊ နတ် လူ အပေါင်း၌ အကြင်သူသည် အသိဉာဏ် ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံ၏၊ ထိုသူသည် အမြတ်ဆုံးဖြစ်၏။"

ဗုဒ္ဓမြတ်စွာက ဤတရားကို ဟောကြားတော်မူသောအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ဝမ်းမြောက်စွာ ခံယူကြလေကုန်၏။

www.dhammaransi.com

# ၂၈။ သမ္ပသာဒနိယသုတ်

## မြတ်စွာဘုရား၏ ကြည်ညိုဖွယ်ဂုဏ်များကို ဟောကြားခြင်း

### ရှင်သာရိပုတ္တရာ၏ ရဲရင့်သော စကား

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် နာလန္ဒမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ဤသို့လျှောက်ထားလေသည်။

"အရှင်ဘုရား.... အလုံးစုံသော တရားတို့ကို ပိုင်းခြားသိခြင်း၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသည့် တပါးသော ရဟန်း ပုဏ္ဏားသည် ရှေးကလည်း မရှိခဲ့၊ နောင်လည်းရှိမည်မဟုတ်၊ ယခုလည်းမရှိဟု တပည့်တော် ယုံကြည်ပါသည်ဘုရား။"

"သာရိပုတ္တရာ.... သင်သည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို ကြုံးဝါးပေ၏၊ သင်သည် ရှေးက ပွင့်တော်မူခဲ့ကြသော မြတ်စွာဘုရားတို့၏စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါသလော။"

"မသိပါဘုရား။"

"နောင်အနာဂတ်၌ ပွင့်တော်မူမည့် မြတ်စွာဘုရားတို့၏စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါသလော။"

"မသိပါဘုရား။"

"ယခု ပွင့်တော်မူဆဲဖြစ်သည့် ငါဘုရား၏စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါသလော။"

"မသိပါဘုရား။"

"သာရိပုတ္တရာ.... အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ ဖြစ်သော မြတ်စွာဘုရားတို့၏ စိတ်ကို ပိုင်းခြား၍ သိနိုင်သော ဉာဏ် မရှိပါဘဲလျက် သင်သည်

www.dhammaransi.com



အဘယ့်ကြောင့် ခြင်္သေ့မင်း ကဲ့သို့ ရဲရင့်သော စကားကို ကြုံးဝါး မြွက်ဆိုဘိသနည်း။"

"မြတ်စွာဘုရား.... အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ ဖြစ်သော မြတ်စွာဘုရားတို့၏ စိတ်ကို ပိုင်းခြား၍ သိနိုင်သောဉာဏ် မရှိငြားသော်လည်း အနုမာနအားဖြင့် တပည့်တော် သိပါသည်။ ဥပမာအားဖြင့် လုံခြုံ ခိုင်ခံ့သော မြို့ရိုးတံတိုင်းဖြင့် တံခါးတပေါက်သာရှိသောမြို့ကို စောင့်ရှောက်သော တံခါးမှူးသည် မြို့ရိုးကို လှည့်ပတ်ကြည့်ရှုပြီး အပေါက် တစုံတရာကို မတွေ့သည်ရှိသော် ထိုမြို့သို့ ဝင်သူထွက်သူအားလုံးသည် မိမိစောင့်ရှောက်သော တံခါးမှသာ ဝင်ကြထွက်ကြကြောင်း တွေးတောသိမြင်သကဲ့သို့၊ ထို့အတူပင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ဖြစ်သော မြတ်စွာဘုရားတို့သည် နီဝရဏတရားငါးပါးကို ပယ်၍ သတိပဋ္ဌာန်လေးပါးတို့၌ တည်သောစိတ် ရှိသည်ဖြစ်၍ ဗောဇ္ဈင် ခုနစ်ပါးကို ပွားများကာ အတု မရှိသော အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူကြကြောင်း တပည့်တော် အနုမာန အားဖြင့် သိမြင်ပါသည်ဘုရား။"

"အရှင်ဘုရား....မြတ်စွာဘုရားသည် မည်းညစ်သောတရား၊ ဖြူစင်သောတရားတို့ကို ဆန့်ကျင်ဖက်တရားနှင့် ယှဉ်တွဲ၍ ကျွန်ုပ်အား ဟောကြားတော်မူခဲ့ပါသည်။ ထိုတရားတို့ကို ထူးသော ဉာဏ်ဖြင့် သိ၍ သစ္စာလေးပါးတို့၌ အပြီးအပိုင်သို့ ရောက်ခြင်းကြောင့်လည်း တပည့်တော်သည် မြတ်စွာဘုရား၌ ကြည်ညိုခြင်း ဖြစ်ပါသည်။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး စသော ကုသိုလ်တရားတို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲ မြင့်မြတ်လှပါ၏၊ ထိုတရားတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက်သာလွန်သော ရဟန်း ပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင် ဒေသနာဖြင့် စက္ခာယတန၊ ရူပါယတန အစရှိသော အာယတနတို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထို အာယတနတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်း ပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင် ဒေသနာဖြင့် ပဋိသန္ဓေနေခြင်း လေးမျိုးတို့ကို ဟောကြားတော်မူ၏၊ထိုဒေသနာသည် လွန်ကဲ မြင့်မြတ်

www.dhammaransi.com



လှပါ၏၊ ပဋိသန္ဓေ နေခြင်း လေးမျိုးတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်း ပုဏ္ဏားသည် မရှိပါ။''

"အရှင်ဘုရား... မြတ်စွာဘုရားသည် အကြင် ဒေသနာဖြင့် သူတပါး၏ စိတ်ကို ထုတ်ဖော်ပြောဆိုနိုင်ကြောင်း နည်းလမ်းတို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲ မြင့်မြတ်လှပါ၏၊ ထိုနည်းလမ်းတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်း ပုဏ္ဏားသည် မရှိပါ။''

''အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် ပထမဈာန် သမာဓိစသော ဉာဏ်အမြင်သို့ ရောက်ခြင်းကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုဉာဏ်အမြင်သို့ ရောက်ခြင်းကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။''

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် ပညာဝိမုတ္တပုဂ္ဂိုလ် စသော ပုဂ္ဂိုလ်အပြား ခွဲခြားသတ်မှတ်ခြင်းကိုဟောကြားတော်မူ၏၊ ထိုဒေသနာသည်လွန်ကဲမြင့်မြတ်လှပါ၏၊ထိုပုဂ္ဂိုလ်အပြားကို ခွဲခြားသိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။''

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် မဂ်ဉာဏ်၏ အကြောင်းဖြစ်သော ဗောဇ္ဈင် ခုနစ်ပါးတို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုဗောဇ္ဈင်ခုနစ်ပါးတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။'

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊ ဒုက္ခပဋိပဒါ သုခါဘိညာစသော အကျင့်ပဋိပဒါတို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုအကျင့်ပဋိပဒါတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။''

''အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် မုသားစကား ဂုံးချောစကား၊ ချုတ်ချယ်သောစကား၊ အနိုင်ရမှုကို ရှေးရှုသည့်စကားများကို မဆိုဘဲ စိတ်နှလုံးထဲ၌ စွဲမြဲစွာထားသင့်သော စကားကိုသာ အခါအားလျော်စွာ ဆိုခြင်း ဟူသော နှုတ်အကျင့်ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည်

www.dhammaransi.com



လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုနှုတ်အကျင့်ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြွင်းမဲ့ဒေသနာဖြင့် မှန်ကန်သော စကားရှိခြင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊ လာဘ်ရအောင် အားမထုတ်ခြင်း၊ ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် ဖြောင့်မတ်စွာကျင့်ခြင်း စသော လူတို့၏ သီလ အကျင့်ကို ဟောကြားတော်မူ၏၊ ထိုသီလအကျင့်သည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုသီလအကျင့်ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်း ပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြွင်းမဲ့ဒေသနာဖြင့် တပါးသော ပုဂ္ဂိုလ်တို့အား သောတာပန် သကဒါဂါမ် စသည် ဖြစ်စေရန် ဆုံးမနည်းများကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုဆုံးမနည်း များကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက်သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြွင်းမဲ့ဒေသနာဖြင့် တပါးသော ပုဂ္ဂိုလ်တို့၏ ကိလေသာမှ လွတ်မြောက်ကြောင်း ဉာဏ်တို့ကို ဟောကြားတော် မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ထိုဉာဏ်တို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြွင်းမဲ့ဒေသနာဖြင့် သဿတအယူ ဝါဒ်တို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် ထူးကဲမြင့်မြတ်လှပါ၏၊ သဿတအယူဝါဒတို့ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော သမဏ ဗြာဟ္မဏသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြွင်းမဲ့ဒေသနာဖြင့် ရှေးကနေခဲ့ ဘူးသော ဘဝတို့ကို သိမြင်သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကို ဟောကြား တော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်ကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြွင်းမဲ့ဒေသနာဖြင့် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော စုတူပပါတဉာဏ်ကို ဟောကြားတော် မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ စုတူပပါတဉာဏ်ကို သိမြင် ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် တယောက်တည်းမှ အများဖြစ်စေခြင်း၊ အများမှ တယောက်တည်းဖြစ်စေခြင်း၊ ကိုယ်ထင်ရှား ပေါ်စေခြင်း၊ ကိုယ်ပျောက်စေခြင်းစသော တန်ခိုးအမျိုးမျိုးဖန်ဆင်းပုံတို့ကို ဟောကြားတော်မူ၏၊ ထိုဒေသနာသည် လွန်ကဲမြင့်မြတ်လှပါ၏၊ တန်ခိုးအမျိုးမျိုး ဖန်ဆင်းပုံကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် မရှိပါ။"

"အရှင်ဘုရား.... မြတ်စွာဘုရားသည် လုံ့လဂိရိယရှိ၍ သဒ္ဓါတရားနှင့်ပြည့်စုံသော ယောကျ်ားမြတ်တို့ ရောက်အပ်ရောက်ထိုက်သော တရားသို့ရောက်ပြီးဖြစ်ပါ[illegible] ယုတ်ညံ့သော ရွာသူတို့၏အကျင့်ဖြစ်၍ ပုထုဇဉ်တို့သာ မှီဝဲအပ်သော [illegible]ဂုဏ်ချမ်းသာကို ခံစားခြင်း၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင်အကျိုးမဲ့ အားထုတ်ခြင်းများကိုလည်း ပြုကျင့်တော်မမူပါ။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေနိုင်ကြောင်းဖြစ်သည့် လွန်မြတ်သော စျာန်သမာပတ်တို့ကိုလည်း ရရှိတော်မူပြီး ဖြစ်ပါသည်။"

"ငါ့ရှင်သာရိပုတ္တရာ.... 'သစ္စာလေးပါးကို သိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် ရှေးအတိတ်ကာလက ရှိခဲ့ပါသလော' ဟူ၍ မေးမြန်းခဲ့သော် 'မရှိခဲ့ပါ'ဟူ၍ တပည့်တော် ဖြေကြားပါအံ့။ 'နောင်အနာဂတ်ကာလ၌ ရှိလတံ့လော'ဟူ၍ မေးမြန်းခဲ့သော် 'မရှိပါလတံ့'ဟူ၍ တပည့်တော် ဖြေကြားပါအံ့။ 'ယခုပစ္စုပ္ပန်ကာလ၌ ရှိပါသလော'ဟူ၍ မေးမြန်းခဲ့သော် 'မရှိပါ'ဟူ၍ ဖြေကြားပါအံ့။"

"ငါ့ရှင်သာရိပုတ္တရာ....'သစ္စာလေးပါးကို သိမြင်ခြင်း၌ မြတ်စွာဘုရားနှင့်တူသော ရဟန်းပုဏ္ဏားသည် ရှေးအတိတ်ကာလက ရှိခဲ့ပါသလော' ဟူ၍ မေးမြန်းခဲ့သော် 'ရှိခဲ့ပါသည်'ဟူ၍ တပည့်တော် ဖြေကြားပါအံ့။ 'နောင်အနာဂါတ်ကာလ၌ ရှိလတံ့လော'ဟူ၍ မေးမြန်းခဲ့သော် 'ရှိပါလတံ့'ဟူ၍ တပည့်တော် ဖြေကြားပါအံ့။ 'ယခု ပစ္စုပ္ပန်ကာလ၌ ရှိပါသလော'ဟူ၍ မေးမြန်းခဲ့သော် 'မရှိပါ'ဟူ၍ တပည့်တော်ဖြေကြားပါအံ့။ အဘယ့်ကြောင့် ယင်းသို့ ဖြေကြားသနည်းဆိုသော် ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို မဖောက်မပြန် မှန်ကန်စွာသိမြင်သော မြတ်စွာဘုရားတို့သည် ရှေးအတိတ်ကာလ၌ ပွင့်တော်မူခဲ့ကြပြီး နောင်အနာဂတ်ကာလ၌လည်း ပွင့်တော်မူလတံ့ဖြစ်ကြောင်း၊ တခုသောလောကဓာတ်၌ နှစ်ဆူသောဘုရားရှင်တို့

www.dhammaransi.com



တပြိုင်နက် ပွင့်တော်မူရန် အကြောင်း မရှိကြောင်းကို မြတ်စွာဘုရားထံမှ တပည့်တော် ကြားနာခဲ့ရသောကြောင့် ဖြစ်ပါသည်။"

"အရှင်ဘုရား.... အသို့ပါနည်း၊ ဤသို့ ဖြေကြားသည်ရှိသော် တပည့်တော်၏ အဖြေသည် တရားနှင့်လျော်သော အဖြေ ဖြစ်ပါ၏လော။"

"သာရိပုတ္တရာ.... သင်၏အဖြေသည် တရားနှင့်လျော်သော အဖြေဖြစ်ပေ၏။"

ဤသို့မိန့်တော်မူသော် မြတ်စွာဘုရား၏ အနီး၌ရှိသောအရှင်ဥဒါယီက မြတ်စွာဘုရားအား ဤစကားကို လျှောက်တင်လေ၏။

"မြတ်စွာဘုရား၏ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာ ခေါင်းပါးခြင်းသည် အံ့ဩဖွယ်ရှိပါပေသည်။ မြတ်စွာဘုရားသည် ဤမျှကြီးကျယ်သော တန်ခိုးအာနုဘော် ရှိသည်ဖြစ်ပါလျက် မိမိဂုဏ်ကို ထင်ရှားပြတော်မမူပါ။ တပါးသောအယူရှိသော ပရိဗိုဇ်တို့သည်ကား ဤဂုဏ်အပေါင်းတို့တွင် တပါးပါးသောဂုဏ်နှင့် ပြည့်စုံရုံမျှဖြင့်ပင် ထိုဂုဏ်ကိုအလံလွှင့်၍ လှည့်လည်ကြမည်ဖြစ်ပါသည်။"

ထို့နောက် မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ဤတရားကို ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ စသည်တို့အား မပြတ်ဟောကြားရန် တိုက်တွန်းတော်မူသည်။ ရှင်သာရိပုတ္တရာက မြတ်စွာဘုရား၏ မျက်မှောက်၌ ကြည်ညိုခြင်းကို ဖွင့်ဟလျှောက်ကြားရာ ဖြစ်ခြင်းကြောင့် ဤသုတ်သည် သမ္ပသာဒနီယသုတ် ဟူ၍ အမည်တွင်ခဲ့လေသည်။

www.dhammaransi.com

# ၂၉။ ပါသာဒိကသုတ်

တရားတော်၏ ကြည်ညိုဖွယ် ဂုဏ်များကို ဟောကြားခြင်း

## နိဂဏ္ဌနာဋပုတ္တ ကွယ်လွန်ခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သက္ကတိုင်း ဝေဓညမည်သော သာကီဝင်မင်းတို့၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ပါဝါမြို့၌ နာဋ၏သား နိဂဏ္ဌ ကွယ်လွန် သွားသဖြင့် သူ့တပည့်တို့သည် အုပ်စုနှစ်ခု ကွဲကာ အချင်းချင်း ခိုက်ရန်ငြင်းခုံပြုရ၍ နေကြလေသည်။ ပါဝါမြို့၌ ဝါဆိုသော စုန္ဒ သာမဏေသည် ဝါကျွတ်သော အခါ သာမ ရွာ၌ သီတင်းသုံးနေသော ရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ နာဋ၏သား နိဂဏ္ဌကွယ်လွန်သဖြင့် သူ့တပည့်များ စိတ်ဝမ်းကွဲပြားနေကြပုံကို လျှောက်ကြားလေသည်။ ရှင်အာနန္ဒာသည် စုန္ဒကိုပါ တပါတည်းခေါ်၍ ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ပြီး ဗုဒ္ဓမြတ်စွာအား ထိုအကြောင်းကို ထပ်ဆင့်လျှောက်ကြားပြန်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ဘုရားစစ်ဘုရားမှန် မဟုတ်သော ပုဂ္ဂိုလ်တို့၏သာသနာ၌ ဤသို့ပင် ဖရိုဖရဲဖြစ်တတ်ကြောင်း ဟောကြားတော်မူသည်။

## အစစ်အမှန်မဟုတ်သော သာသနာ

"စုန္ဒ.... ဘုရား မဟုတ်သူ ဟောကြား၍ ဝဋ်မှ လွတ်မြောက်ကြောင်း မဟုတ်သော သာသနာ၌ ဤသို့ တပည့်တို့၏ ငြိုငြင်ခြင်း၊ အကြည်ညိုကင်းခြင်း၊ ရှိသေမှုဆုတ်ယုတ်ခြင်းများသည် ဖြစ်မြဲပေတည်း။"

"စုန္ဒ ... အကြင်သာသနာ၌ ဆရာသည် တရားကို မှန်ကန်စွာသိမြင်သူ မဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောကြားအပ်သော တရား ဖြစ်၏၊ တပည့်သည်လည်း မိမိဆရာ ဟောကြားအပ်သော အကျင့်ကို ရိုသေစွာ လိုက်နာကျင့်ကြံခြင်းမပြု၊ ထိုသာသနာ၌ ဆရာကိုလည်း၊ တရားကိုလည်း ကဲ့ရဲ့အပ်၏၊ တပည့်ကိုမူ ချီးမွမ်းအပ်၏။"

www.dhammaransi.com



"စုန္ဒ.... အကြင်သာသနာ၌ ဆရာသည် တရားကို မှန်ကန်စွာ သိမြင်သူ မဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောကြားအပ်သောတရား ဖြစ်၏၊ တပည့်သည်ကား မိမိဆရာ ဟောကြားအပ်သော အကျင့်ကို ရှိသေစွာ လိုက်နာ ကျင့်ကြံ၏၊ ထိုသာသနာ၌ ဆရာ တပည့် နှစ်ဦးလုံးကိုင်း၊ တရား ကိုင်း ကဲ့ရဲ့အပ်သည်သာဖြစ်၏။"

### အစစ်အမှန်ဖြစ်သောသာသနာ

"စုန္ဒ.... အကြင်သာသနာ၌ ဆရာသည်တရားကိုမှန်ကန်စွာ သိမြင်သူ ဖြစ်၏၊ တရားသည်လည်း ကောင်းစွာဟောကြားအပ်သော တရားဖြစ်၏၊ တပည့်သည်ကား မိမိဆရာဟောကြားအပ်သော တရားအား လျော်စွာ ကျင့်ကြံအားထုတ်ခြင်းမပြု၊ ထိုသာသနာ၌ ဆရာကိုင်း၊ တရားကိုင်း ချီးမွမ်းအပ်၏၊ တပည့်ကိုမူကဲ့ရဲ့အပ်၏။"

"စုန္ဒ.... အကြင်သာသနာ၌ ဆရာသည် တရားကို မှန်ကန်စွာသိမြင်သူ ဖြစ်၏၊ တရားသည်လည်း ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်၏၊ တပည့်သည်လည်း မိမိဆရာဟောကြားအပ်သော တရားအားလျော်စွာ ကျင့်ကြံ အားထုတ်ခြင်းပြု၏။ ထိုသာသနာ၌ ဆရာတပည့် နှစ်ဦးလုံးကိုင်း၊ တရား ကိုင်း ချီးမွမ်းအပ်ပေ၏။"

### တပည့်တို့ပူပန်ရသောသာသနာ

"စုန္ဒ....ဤလောက၌ ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို မှန်စွာသိမြင်တော်မူသော မြတ်စွာဘုရားသည် ထင်ရှားဖြစ်ပေါ်လာ၏၊ တရားသည်လည်း ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်၏၊ သို့သော်လည်း ထိုမြတ်စွာဘုရား၏ တပည့်တို့သည်ကား သစ္စာလေးပါးတရားကို သိမြင်ခြင်းသို့ မရောက်ကြသေး၊ ပြည့်စုံသော အကျင့်မြတ်သည် ထင်ရှားပြန့်နှံ့ခြင်းသို့ မရောက်သေး၊ ထိုအချိန်တွင် ထိုဆရာကွယ်လွန်ခဲ့သော် တပည့်တို့အား ပူပန်ခြင်းသည်ဖြစ်ပေါ်ရ၏။"

### တပည့်တို့မပူပန်ရသောသာသနာ

"စုန္ဒ.... ဤလောက၌ ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို မှန်စွာသိမြင်တော်မူသော မြတ်စွာဘုရားသည် ထင်ရှားဖြစ်ပေါ်လာ၏။ တရားသည်လည်း ကောင်းစွာ ဟောကြားအပ်သောတရားဖြစ်၏၊ ထိုမြတ်စွာ

www.dhammaransi.com



ဘုရား၏ တပည့်တို့သည်လည်း သစ္စာလေးပါးတရားကို သိမြင်ခြင်းသို့ ရောက်ကြကုန်ပြီးဖြစ်၏၊ ပြည့်စုံသော အကျင့်မြတ်သည်လည်း ထင်ရှားပြန့်နှံ့ခြင်းသို့ ရောက်ပြီးဖြစ်၏။ ထိုအချိန်တွင် ထိုဆရာကွယ်လွန်ခဲ့သော် တပည့်တို့အား ပူပန်ခြင်း ဖြစ်ပေါ်ဖွယ်မရှိပေ။"

## ပြည့်စုံသောသာသနာ

"စုန္ဒ.... အကြင်သာသနာသည် သဗ္ဗညုတ အစရှိသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဆရာသည်လည်း ထေရဂုဏ်နှင့်ပြည့်စုံ၍ ရဟန်းဝါရင့်သော၊ ရဟန်းသက်ရှည်သော၊ ရှေးမှီသော၊ ပစ္ဆိမအရွယ်သို့ရောက်သော ဆရာ ဖြစ်၏၊ ထိုဆရာ၏ တပည့်ဖြစ်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ တို့သည်လည်း မိမိတို့ဆရာ၏ အကျင့်လမ်းစဉ်၌ ကျွမ်းကျင်လိမ္မာ၍ ကောင်းစွာဟောပြောခြင်းငှာ စွမ်းနိုင်ကုန်၏၊ထိုဆရာ၏အဆုံးအမသည်လည်း ဖွံ့ဖြိုးစည်ပင်၍ လူ့ပြည်မှနတ်ပြည်အထိ ပြန့်နှံ့ပြီးဖြစ်၏၊ ထိုသာသနာသည် အင်္ဂါနှင့်ပြည့်စုံသောသာသနာဖြစ်၏။"

"စုန္ဒ.... ယခုအခါ ငါသည် ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာသိမြင်သောဘုရားအဖြစ်ဖြင့် လောက၌ဖြစ်ပေါ်လာ၏၊ တရားသည်လည်း ကောင်းစွာ ဟောကြားအပ်သော တရား ဖြစ်၏၊ ငါ၏ တပည့်တို့သည်လည်း သစ္စာလေးပါးတရားကို သိခြင်းသို့ ရောက်ကြပြီး ဆရာဖြစ်သော ငါသည်လည်း ထေရဂုဏ်နှင့်ပြည့်စုံ၍ ရဟန်းသက် ရှည်ခဲ့ပြီ ဖြစ်၏၊ ငါ၏ အကျင့်မြတ်သည်လည်း လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့ခဲ့ပြီ။ ယခုအခါ ငါ၏ အကျင့်လမ်းစဉ်၌ ကျွမ်းကျင် လိမ္မာ၍ ကောင်းစွာ ဟောပြောခြင်းငှာ စွမ်းနိုင်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့လည်း ရှိနေကြပြီ။ ယခုအခါ ငါဘုရားနှင့်တကွ တပည့်သံဃာ အပေါင်းသည် လာဘ်လာဘပေါများခြင်း၏ အထွတ်အထိပ်သို့ ရောက်ခဲ့ပြီ။ ထို့ကြောင့် ငါ၏သာသနာကို အလုံးစုံသော ပြည့်စုံဖွယ် အကြောင်းတို့နှင့် အယုတ်အလွန်မရှိ ပြည့်စုံသော သာသနာဟူ၍ ဆိုထိုက်ပေ၏။"

## တရားကို စုပေါင်းရွတ်ဆိုကြ

"စုန္ဒ.... ဤသာသနာတော်၌ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊

www.dhammaransi.com



အရိယမဂ္ဂင်ရှစ်ပါးဟူသော အကြောင်းတရားတို့ကို ငါသည် လွန်ကဲထူးမြတ်သော အဘိညာဉ်ဖြင့်သိ၍ ဟောကြားအပ်၏၊ ထိုတရားတို့ကို သင်တို့သည် အတူတကွ ပေါင်းဆုံစုဝေး၍ သဒ္ဒါအနက် ညီညွတ်အောင် ရွတ်ဆိုအပ်၏၊ ဤသို့ ရွတ်ဆိုခြင်းသည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပေရာ၏။"

စူးစမ်းဆင်ခြင်

"စုန္ဒ.... အကျင့်သိက္ခာကို လိုလားသော သင်တို့တွင် သီတင်းသုံးဖော် တပါးသည် သံဃာ့အလယ်၌ တရားကို ဟောရာတွင် အနက်ကို မှားယွင်းစွာ ယူခြင်း၊ သဒ္ဒါကို မှားယွင်းစွာ တင်ပြခြင်း ရှိခဲ့သော် ထို သီတင်းသုံးဖော်၏ စကားကို နှစ်သက်လက်ခံခြင်းလည်း မပြု၊ ကဲ့ရဲ့ငြင်းပယ်ခြင်းလည်း မပြုဘဲ စူးစမ်းဆင်ခြင်ရန် တိုက်တွန်းအပ်၏၊ အနက်ကိုမှန်ကန်စွာယူ၍ သဒ္ဒါကိုလည်း မှန်ကန်စွာ တင်ပြသော သီတင်းသုံးဖော်၏ စကားကိုမူ ဝမ်းမြောက်စွာ ခံယူအပ်၏။"

ပစ္စည်းလေးပါးကို ခွင့်ပြုခြင်း၏ ရည်ရွယ်ချက်

"စုန္ဒ.... ပစ္စုပ္ပန် လောက၌ ဖြစ်တတ်သော အာသဝေါ တရားတို့ကို ပိတ်ပင်တားမြစ်ရန်အလို့ငှာသာ ငါသည် သင်တို့အား တရားကို ဟောသည် မဟုတ်၊ တမလွန်လောက၌ ဖြစ်တတ်သော အာသဝေါတရားတို့ကို ပိတ်ပင် တားမြစ်ရန်အလို့ငှာသာ တရားကို ဟောသည်လည်းမဟုတ်၊ ပစ္စုပ္ပန်လောက တမလွန်လောက နှစ်ပါးလုံး၌ ဖြစ်တတ်သော အာသဝေါ တရားတို့ကို ပယ်ဖျောက်ရန် အလို့ငှာ ငါသည် သင်တို့အား တရားကို ဟောကြားခြင်း ဖြစ်၏။"

"စုန္ဒ.... သင်တို့အား ငါ ခွင့်ပြုထားသောသင်္ကန်းသည် အအေး၊ အပူ၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ အရှက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းရန် စွမ်းနိုင်၏။"

"သင်တို့အား ငါခွင့်ပြုထားသောဆွမ်းသည် ဤခန္ဓာကိုယ်ကို တည်တံ့မျှတစေခြင်းငှာရင်း၊ ဇိဂ္ဃစ္ဆာ ဝေဒနာ ... ဆာလောင်မှုကို ပယ်ဖျောက်ခြင်းငှာရင်း စွမ်းနိုင်၏၊ မြတ်သောအကျင့်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်၏။"

www.dhammaransi.com



"သင်တို့အား ငါ ခွင့်ပြုထားသော ကျောင်းသည် အအေး၊ အပူ၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ ဥတုကြောင့်ဖြစ်သောဘေးရန်တို့ကို ပယ်ဖျောက်ရန်၊ ကမ္မဋ္ဌာန်းအားရုံ၌ မွေ့လျော်စေရန် စွမ်းနိုင်၏။"

"သင်တို့အား ငါခွင့်ပြုထားသောဆေးသည် ခါတ်လေးပါး ချောက်ချားမှုကြောင့် ဖြစ်သော ဆင်းရဲဝေဒနာတို့ကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ ရောဂါဆင်းရဲမရှိစေရန် စွမ်းနိုင်၏။"

## ချမ်းသာ ခံစားခြင်းအကျင့်

"စုန္ဒ.... 'သာကီနွယ်ဖွား ဂေါတမ၏ တပည့်သားတို့သည် ချမ်းသာခံစားခြင်း အကျင့်ကို အားထုတ်၍ နေကြကုန်၏'ဟူ၍ တပါးသော အယူရှိသော ပရိဗိုဇ်တို့က ပြောဆိုခဲ့သော် ထိုပရိဗိုဇ်တို့အား 'ချမ်းသာခံစားခြင်းအကျင့်ဟူသည် အဘယ်နည်း'ဟူ၍ မေးအပ်၏။ စုန္ဒ.... ဤလောက၌ သတ္တဝါတို့ကို သတ်၍ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ သူတပါးပစ္စည်းကို ခိုးယူ၍ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ မဟုတ်မမှန်သောစကားကို ပြောဆို၍ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားခြင်းအားဖြင့် ဤလေးပါးသော ချမ်းသာခံစားခြင်းတို့သည် ယုတ်ညံ့ကုန်၏၊ ရွာနေသူတို့၏ အကျင့်ဖြစ်ကုန်၏၊ ဝဋ်ဆင်းရဲချုပ်ငြိမ်းရန် သစ္စာလေးပါးကို ထိုးထွင်း၍သိရန်အလို့ငှာ အထောက်အကူမဖြစ်ကုန်။"

"စုန္ဒ.... သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်အလို့ငှာ ဖြစ်သော ချမ်းသာခံစားခြင်းအကျင့်ကို အားထုတ်ခြင်းတို့သည်လည်း လေးပါးရှိကုန်၏၊ ထိုလေးပါးတို့သည် အဘယ်နည်းဆိုသော်....

(၁) ဝိတက်ဝိစာရ ပီတိသုခတို့နှင့်တကွ ဖြစ်သော ပထမစျာန်ကို ဝင်စား၍နေခြင်း။

(၂) ဝိတက်ဝိစာရငြိမ်း၍ ပီတိသုခမျှသာရှိသော ဒုတိယစျာန်ကို ဝင်စား၍နေခြင်း။

(၃) နှစ်သိမ့်ခြင်းပီတိလည်း ကင်းကွာ၍ ချမ်းသာခြင်း သုခမျှသာ ရှိသော တတိယစျာန်ကို ဝင်စား၍နေခြင်း။

(၄) ချမ်းသာခြင်းသုခ၊ ဆင်းရဲခြင်းဒုက္ခ နှစ်မျိုးလုံး ကင်းကွာပြီးသော စတုတ္ထစျာန်ကို ဝင်စား၍နေခြင်းတို့ဖြစ်၏။

www.dhammaransi.com



## ချမ်းသာခံစားခြင်း၏ အကျိုးအာနိသင်များ

"'စုန္ဒ... ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့ကို အားထုတ်၍ နေကုန်သော ပုဂ္ဂိုလ်တို့အား အဘယ်မျှသော အကျိုး အာနိသင်တို့ကို မြှော်လင့်အပ်ကုန်သနည်း' ဟူ၍ တပါးသော အယူရှိသော ပရိဗိုဇ်တို့က မေးမြန်းခဲ့သော် လေးပါးသော အကျိုးအာနိသင်တို့ မြှော်လင့်အပ်ကြောင်း ဖြေကြားအပ်၏၊ ထိုလေးပါးသော အကျိုးအာနိသင်တို့သည် အဘယ်နည်းဆိုသော် ဤသာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်းမရှိ၊ ကိန်းသေမြဲ၍ အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန်အဖြစ်သို့ ရောက်၏၊ ဤသည်ကား ပထမဦးဆုံး အကျိုးအာနိသင်ဖြစ်၏။"

ထိုရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့ အကြွင်းမဲ့ကုန်သည့်ပြင် တတ်မက်ခြင်းရာဂ၊ အမျက်ထွက်ခြင်းဒေါသ၊ တွေဝေခြင်း မောဟတို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုမည့် သကဒါဂါမ်အဖြစ်သို့ ရောက်၏။ ဤကား ဒုတိယ အကျိုးအာနိသင်ဖြစ်၏။

တဖန် ထိုရဟန်းသည် အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသော သံယောဇဉ် အနှောင်အဖွဲ့ ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေနေ၍ ကာမဘုံသို့ မပြန်လာတော့ဘဲ ထိုဗြဟ္မာ့ဘုံ၌သာ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်အဖြစ်သို့ ရောက်၏၊ ဤကား တတိယအကျိုးအာနိသင် ဖြစ်၏။

တဖန် ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်း၍ လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သော ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍နေသော ရဟန္တာအဖြစ်သို့ ရောက်၏။ ဤကား စတုတ္ထအကျိုးအာနိသင်ဖြစ်၏။

## အာသဝေါကင်းသူ မကျူးလွန်ထိုက်သော အရာများ

"စုန္ဒ ... 'သာကီနွယ်ဖွား ဂေါတမ၏ တပည့်သားတို့သည် အယူဝါဒ၌ မတည်တံ့သော သဘောရှိကုန်၏' ဟူ၍ တပါးသောအယူရှိသော ပရိဗိုဇ်တို့က ပြောဆိုခဲ့သော် ငါဘုရား ဟောကြားအပ်သည့် အသက်ထက်ဆုံး မကျူးလွန်

www.dhammaransi.com



အပ်သော တရားကိုးပါးတို့သည် ရှေ့လျားတုန့်လှုပ်ခြင်းမရှိကြောင်း ပြန်ကြား ပြောဆိုအပ်ကုန်၏။"

"စုန္ဒ.... အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ အာသဝေါ ကုန်ပြီးဖြစ်၏၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ ပြုပြီးသော မင်္ဂကိစ္စ ရှိ၏၊ ခန္ဓာဝန်ကိုချပြီးဖြစ်၏၊ ရောက်ပြီးသော အရဟတ္တဖိုလ်တည်း ဟူသော မိမိအကျိုးရှိ၏၊ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏၊ ကောင်းစွာသိမြင်၍ ကိလေ သာမှ လွတ်ပြီးဖြစ်၏၊ ထိုရဟန်းသည် ကိုးပါးသောအရာတို့ကို ကျူးလွန်ခြင်းငှာ မထိုက်တော့ချေ။ ထိုကိုးပါးသော အရာတို့ကား သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ မေထုန်အကျင့်ကို မှီဝဲခြင်း၊ မုသားပြောခြင်း၊ ကာမ ဂုဏ်တို့ကို ကာမဂုဏ်တို့ကို စုဆောင်းသိုမှီး၍ သုံးဆောင်ခြင်း၊ အဂတိလေး ပါးသို့ လိုက်ပါခြင်းတို့ ဖြစ်ပေသည်။

**တထာဂတ အမည်ရခြင်း**

"စုန္ဒ.... ရဟန်းဂေါတမသည် အတိတ်ကာလကို အကြောင်းပြု၍ အပိုင်း အခြား မရှိ များစွာသော ဉာဏ်အမြင်ကို ဖော်ပြ၏၊ အနာဂတ်ကာလကို အကြောင်းပြု၍ကား များစွာသောဉာဏ်အမြင်ကို ဖော်ပြခြင်းမပြု။ ယင်းသို့ မဖော်ပြခြင်းသည် အဘယ့်ကြောင့်ပါနည်း ဟူ၍ တပါးသော အယူရှိသော ပရိဗိုဇ်တို့က မေးမြန်းရန် အကြောင်းရှိ၏၊ စင်စစ် ထိုသို့မေးခြင်းသည် မသိ မလိမ္မာသဖြင့် အာရုံတပါးကိုသိသော ဉာဏ်အမြင်ဖြင့် အခြားအာရုံတပါးကို သိသော ဉာဏ်အမြင်ကို ထပ်တူပြုသင့်သည်ဟု ထင်မှတ်ခြင်းကြောင့်သာ ဖြစ်၏။"

"စုန္ဒ.... အတိတ်ကာလကို အကြောင်းပြု၍ ပုဗ္ဗေနိဝါသာ နုဿတိနှင့် ယှဉ်သောဉာဏ်သည် မြတ်စွာဘုရားအား ဖြစ်၏၊ ထိုဉာဏ်ဖြင့် မြတ်စွာဘုရား သည် အလိုရှိသမျှအာရုံတို့ကို အောက်မေ့နိုင်၏၊ အနာဂတ်ကာလကိုအကြောင်း ပြု၍ "ဤဘဝသည် အဆုံးစွန်ဘဝဖြစ်၏၊ နောက်ထပ် ဘဝသစ်ဖြစ်ရန် မရှိ တော့ပြီ ဟူ၍ မြတ်စွာဘုရားအား ဗောဓိပင်ရင်း၌ပင် ဉာဏ်အမြင်ဖြစ်ပေါ် ခဲ့၏။"

"စုန္ဒ.... အတိတ်အကြောင်းပင်ဖြစ်စေ၊ ပစ္စုပ္ပန်အကြောင်း၊ အနာဂတ် အကြောင်းပင်ဖြစ်စေ၊ အကြင်အကြောင်းအရာသည် မဟုတ်မမှန် အကျိုးနှင့် လည်း မစပ်သည်ဖြစ်အံ့၊ ထိုအကြောင်းအရာကို မြတ်စွာဘုရားသည် မဖြေ

www.dhammaransi.com



ဆိုပေ။ ဟုတ်မှန်စေကာမူ **အကျိုးနှင့်မစပ်သော** အကြောင်းအရာကိုလည်း မြတ်စွာဘုရားသည် မဖြေဆိုပေ။ ဟုတ်မှန်၍ အကျိုးလည်းရှိသော အကြောင်းအရာကိုသာ မြတ်စွာဘုရားသည် အခါကာလအားလျော်စွာ ဖြေကြားတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် **အတိတ်အနာဂတ်** ပစ္စုပ္ပန်တရားတို့၌ အခါအားလျော်စွာ ဆိုလေ့ရှိ၏၊ ဟုတ်မှန်၍ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ ထို့ကြောင့် 'တထာဂတ' ဟူ၍ ခေါ်ဆိုအပ်ပေ၏။"

"စုန္ဒ.... လောကသုံးပါး၌ အကြင်အာရုံကို မြင်ကြားတွေ့ထိအပ်၏၊ သိမြင်ဆိုက်ရောက်အပ်၏၊ ရှာမှီးအပ်၏၊ စိတ်ဖြင့်**အဖန်ဖန်** ကြံစည်အပ်၏။ ထိုအလုံးစုံသော အာရုံကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏။ ထို့ကြောင့်လည်း 'တထာဂတ' ဟူ၍ခေါ်ဆိုအပ်၏။"

"စုန္ဒ.... မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်မှစ၍ ပရိနိဗ္ဗာန် ပြုတော်မူသည့် အချိန် ကာလ အတွင်း၌ အကြင်တရားကို ဟောပြောညွှန်ပြ၏၊ ထိုအလုံးစုံသောတရားသည် ဟောပြောညွှန်ပြသည့် အတိုင်းသာ ဖြစ်၏၊ အခြားတနည်းတဖုံ အားဖြင့် မဖြစ်။ ထို့ကြောင့် လည်း ငါဘုရားကို 'တထာဂတ' ဟူ၍ခေါ်ဆိုအပ်၏။"

"စုန္ဒ.... မြတ်စွာဘုရားသည် ပြောဆိုခဲ့သည့် အတိုင်းပြုမူ၍ ပြုမူသည့်အတိုင်းလည်း ပြောဆိုလေ့ရှိ၏။ ထို့ကြောင့်လည်း 'တထာဂတ'ဟူ၍ခေါ် ဆိုအပ်၏။"

"စုန္ဒ.... လောကသုံးပါး၌ မြတ်စွာဘုရားသည် သူတပါးကို လွှမ်းမိုးနိုင်သူဖြစ်၏၊ သူတပါးတို့က မလွှမ်းမိုးနိုင်သူဖြစ်၏၊ အမှန်တကယ်သိမြင်နိုင်သူဖြစ်၏၊ မိမိအလိုသို့လိုက်စေနိုင်သူဖြစ်၏၊ ထို့ကြောင့်လည်း 'တထာဂတ'ဟူ၍ ခေါ်ဆိုအပ်၏။"

### မဟောကြားအပ်သောအရာများ

"စုန္ဒ.... 'သတ္တဝါသည် သေပြီးနောက်တွင် ဖြစ်ပါသလော၊ သို့မဟုတ် မဖြစ်ပါသလော၊ သို့မဟုတ် ဖြစ်လည်းဖြစ်၊ မဖြစ်လည်း မဖြစ်ပါသလော' စသည်ဖြင့် တပါးသော ပရိဗိုဇ်တို့ကမေးခဲ့သော် ထိုအကြောင်းအရာများကို မြတ်စွာဘုရားသည် ဖြေကြားခြင်းမပြုကြောင်း ပြန်ကြား ပြောဆိုအပ်၏။ အာ

www.dhammaransi.com



ဘယ့်ကြောင့် မဖြေကြား သနည်းဆိုသော် ထိုအကြောင်း အရာများ သည် အကျိုးစီးပွားနှင့်လည်းမစပ်၊ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်၊ သစ္စာ လေးပါးကို ထိုးထွင်းသိမြင်ရန် အလို့ငှာလည်း အထောက် အကူ မဖြစ်သော ကြောင့် ပေတည်း။”

## ဟောကြားအပ်သောအရာ

“စုန္ဒ.... ‘ရဟန်းဂေါတမသည် အဘယ် အကြောင်းအရာကို ဟော ကြားအပ်ပါသနည်း’ ဟူ၍ တပါးသောအယူရှိသော ပရိဗိုဇ်တို့က မေးမြန်း ခဲ့သော် ‘ဤတရားသည် ဒုက္ခဖြစ်၏၊ ဤတရားသည် ဒုက္ခဖြစ်ကြောင်းဖြစ်၏၊ ဤတရားသည် ဒုက္ခချုပ်ရာဖြစ်၏၊ ဤတရားသည် ဒုက္ခချုပ်ငြိမ်းရေးအကျင့် ဖြစ်၏’ ဤသို့သော မြတ်စွာဘုရားက ဟောကြားကြောင်း ဖြေဆိုအပ်၏။ အဘယ့်ကြောင့် ဤသို့ဟောကြား သနည်းဆိုသော် ထိုအကြောင်းအရာများ သည် အကျိုးစီးပွားနှင့် ဆက်စပ်ခြင်း၊ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်အလို့ငှာ အ ထောက်အကူ ဖြစ်ခြင်းစသော အကြောင်းတို့ကြောင့်ဖြစ်ပေသည်။”

## မိစ္ဆာအယူတို့ကို ပယ်ရန်ဟောကြားခြင်း


“စုန္ဒ ... ‘အတ္တသည်၎င်း၊ လောကသည်၎င်း မြဲ၏၊ ဤအယူသည်သာ လျှင်မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း’ ဟူ၍ အယူရှိသော ရဟန်း ပုဏ္ဏားအချို့ရှိကုန်၏။ ထို့အတူပင် ‘အတ္တသည်၎င်း၊ လောကသည် ၎င်း မမြဲ’ စသည်ဖြင့် အယူရှိသော ရဟန်းပုဏ္ဏားများ၊ ‘ချမ်းသာဆင်းရဲသည် မြဲ၏၊ ချမ်းသာဆင်းရဲသည်မမြဲ’ စသည်ဖြင့်အယူရှိသော ရဟန်း ပုဏ္ဏားများ လည်းရှိကြ၏။ ထိုအယူတို့သည် ရှေးအဖို့ကိုစွဲ၍ ဖြစ်သောမိစ္ဆာအယူများဖြစ် ကုန်၏။”

“စုန္ဒ.... ‘အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက်၌မြဲ၏’ ဟူ၍၎င်း၊ ‘ အတ္တ သည် ရုပ်မရှိ၊ အတ္တသည်ရုပ်ရှိသည်လည်းဟုတ်၏၊ ရုပ်မရှိသည်လည်းဟုတ်၏’ စသည်ဖြင့်၎င်း အယူရှိသော ရဟန်းပုဏ္ဏား တို့သည်ရှိကုန်၏။ ထိုအယူတို့ကား နောက်အဖို့ကိုစွဲ၍ ဖြစ်သောမိစ္ဆာအယူများဖြစ်၏။ စုန္ဒ ငါသည် ဤရှေးအဖို့ ကို စွဲ၍ဖြစ်သော မိစ္ဆာအယူ၊ နောက်အဖို့ကိုစွဲ၍ဖြစ်သော မိစ္ဆာအယူတို့ကို ပယ်ခြင်း၊ လွန်မြောက်ခြင်းငှာ သတိပဋ္ဌာန် လေးပါးတို့ကို ဟောကြားတော် မူခြင်းဖြစ်ပေ၏။

www.dhammaransi.com



ဤသို့ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူသောအခါ ဗုဒ္ဓအား ယပ်ခတ်ပေးနေသော အရှင်ဥပဝါဏက "မြတ်စွာဘုရား ဤတရား ဒေသနာသည် အလွန်ကြည်ညိုဘွယ်ရှိပါပေသည်။ ဤတရားဒေသနာသည် အဘယ်အမည်ရှိပါသနည်း" ဟူ၍မေးလျှောက်၏။ "ဥပဝါဏ ဤတရားဒေသနာကို ကြည်ညိုဖွယ် ပါသာဒိကဂုဏ်နှင့် ပြည့်စုံသောကြောင့် ပါသာဒိက ဒေသနာဟူ၍ပင် မှတ်ယူလေလော့" ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ကြားတော်မူရာ ရှင်ဥပဝါဏသည် ဝမ်းမြောက်နှစ်သက်စွာ ခံယူလေသည်။



www.dhammaransi.com

# ၃၀။ လက္ခဏာသုတ်

ယောကျ်ားမြတ်တို့၏လက္ခဏာများကို ဟောကြားခြင်း

**သုံးဆယ့်နှစ်ပါးသော လက္ခဏာ**

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ယောကျ်ားမြတ်တို့၏ လက္ခဏာ(၃၂)ပါးကို ဟောကြားတော်မူသည်။

"ရဟန်းတို့.... ယောကျ်ားမြတ်တို့၏လက္ခဏာ(၃၂)ပါးနှင့်ပြည့်စုံသော ယောကျ်ားသည် လူ့ဘောင်၌နေခဲ့သော် လေးကျွန်းလုံးကိုအစိုးရသော စကြာဝတေးမင်းဖြစ်၏၊ လူ့ဘောင်ကိုစွန့်၍ ရဟန်းပြုခဲ့သော် ကိလေသာကင်းစင်၍ အလုံးစုံသော တရားတို့ကို မှန်ကန်စွာ သိမြင်သော ဘုရား ဖြစ်၏၊ ထို ယောကျ်ားမြတ်အား ဤအလားအလာ နှစ်ပါးမှတပါး အခြားအလားအလာ မရှိချေ။"

"ရဟန်းတို့.... ယောကျ်ားမြတ် တို့၏ လက္ခဏာ (၃၂)ပါး ဟူသည် အဘယ်နည်းဆိုသော်....

(၁) အညီအညွတ် မြေကြီး၌ ကောင်းစွာ ထိသော ခြေဖဝါး ရှိခြင်း။
(၂) အောက်ခြေဖဝါးပြင်တို့၌ စက်ဝန်းများ ဖြစ်ပေါ်ခြင်း။
(၃) ရှည်သောဖနောင့် ရှိခြင်း။
(၄) ရှည်သွယ်သော လက်ချောင်းခြေချောင်း ရှိခြင်း။
(၅) နူးညံ့နုနယ်သော လက်ဖဝါး ခြေဖဝါး ရှိခြင်း။
(၆) ကွန်ရက်ပမာ ညီညာသော လက်ချောင်း ခြေချောင်း ရှိခြင်း။
(၇) ဖမျက်မြင့် ခြင်း။
(၈) ဧဏီသားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့သော သလုံးမြင်းခေါင်း ရှိခြင်း။

www.dhammaransi.com



(၉) မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ် ဒူးတို့ကို သုံးသပ်နိုင်ခြင်း။
(၁၀) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း။
(၁၁) ရွှေအဆင်းရှိသော အသားအရေရှိခြင်း။
(၁၂) ချောမွေ့သော အသားအရေ ရှိခြင်း။
(၁၃) တပင်ချင်းပေါက်သော မွေးညှင်းရှိခြင်း။
(၁၄) အထက်သို့ ကော့တက်သော မွေးညှင်း ရှိခြင်း။
(၁၅) ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ် ရှိခြင်း။
(၁၆) အရပ်ခုနစ်ပါးတို့၌ ဖြိုးမောက်သောအသား ရှိခြင်း။
(၁၇) ခြင်္သေ့၏ရှေ့ပိုင်းကိုယ်နှင့်တူသော ကိုယ် ရှိခြင်း။
(၁၈) လက်ပြင်နှစ်ဖက်ကြား၌ တပြင်တည်း ညီလျက် ပြည့်ဖြိုးသော ကျောပြင် ရှိခြင်း။
(၁၉) အလုံးနှင့်အရပ်ညီညွတ်လျက် ပညောင်ပင်ကဲ့သို့ လုံးဝန်းသော ကိုယ် ရှိခြင်း။
(၂၀) ညီညာစွာ လုံးဝန်းသော လည်ပင်း လည်တိုင် ရှိခြင်း။
(၂၁) အရသာကိုဆောင်နိုင်သည့် အလွန်ကောင်းမြတ်သော အကြော ရှိခြင်း။
(၂၂) ခြင်္သေ့၏မေးနှင့်တူသော မေး ရှိခြင်း။
(၂၃) လေးဆယ်သော သွား ရှိခြင်း။
(၂၄) ညီညွတ်သော သွား ရှိခြင်း။
(၂၅) မကျဲသော သွား ရှိခြင်း။
(၂၆) အလွန်ဖြူစင်သော အစွယ် (အံသွား)လေးချောင်း ရှိခြင်း။
(၂၇) ကျယ်ပြန့်ရှည်လျား နူးညံ့သော လျှာ ရှိခြင်း။
(၂၈) ဗြဟ္မာ၏အသံ၊ ကရဝိက်ငှက်၏အသံနှင့် တူသော အသံ ရှိခြင်း။
(၂၉) အလွန်ညိုသော မျက်လုံး ရှိခြင်း။
(၃၀) နွားငယ်မျက်တောင်နှင့် တူသော မျက်တောင် ရှိခြင်း။
(၃၁) မျက်မှောင်နှစ်ခုကြား၌ နူးညံ့၍ လဲဝါဂွမ်းနှင့်တူသော ဥဏ္ဏလုံမွေးရှင် ပေါက်ရောက်ခြင်း။
(၃၂) သင်းကျစ် ဆင်ထားဘိသကဲ့သို့သော ဦးခေါင်း ရှိခြင်းတို့ ဖြစ်ပေသည်။

www.dhammaransi.com



### ကောင်းစွာထိသောခြေဖဝါးရှိခြင်း (၁)

"ရဟန်းတို့.... မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ် အခါက သုစရိုက်သုံးပါး၌ရင်း၊ ပေးကမ်းစေဆန်ခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်သုံးခြင်း စသော ကုသိုလ်တရားတို့၌ ၎င်း မြဲမြံစွာ ဆောက်တည်ခဲ့၏၊ မဆုတ်မနစ် ဆောက်တည်ခဲ့၏။"

ထိုကံကြောင့် မြတ်စွာဘုရားသည် ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်၍ နတ်ပြည်၌ ရှပ်အဆင်း၊ စည်းစိမ်ချမ်းသာ အခြံအရံစသော ဆယ်ပါးသော အကြောင်းတို့ဖြင့် တပါးသောနတ်တို့ထက် သာလွန်၏၊ နတ်ပြည်မှစုတေ၍ လူ့ပြည်သို့ ရောက်သော အခါ၌ကား အညီအညွတ် မြေကြီး၌ ကောင်းစွာထိသော ခြေဖဝါးရှိခြင်း ဟူသော လက္ခဏာကိုရရှိ၏။ ဤလက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်ခဲ့သော် မည်သည့် ဆန့်ကျင်ဖက် ရန်သူမျှ ထိုမင်းကို ပိတ်ပင်တားမြစ်ခြင်းမပြုနိုင်။ ဘုရားဖြစ်ခဲ့သော် ရာဂ ဒေါသစသော အတွင်းရန်သူ၊ လူနတ်စသော အပြင်ရန်သူတို့သည် ထိုဘုရားကို ပိတ်ပင်တားမြစ်ခြင်း မပြုနိုင်ကြချေ။

### ခြေဖဝါးပြင်၌ စက်ဝန်းဖြစ်ပေါ်ခြင်း (၂)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက လူအများ၏ ချမ်းသာကိုဆောင်ခဲ့၏၊ ထိတ်လန့်တုန်လှုပ်ဖွယ် ဘေးရန်များကို ဖယ်ရှားခဲ့၏၊ တရားနှင့်လျော်စွာ စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှုကိုလည်း စီရင်ခဲ့၏၊ အခြံအရံနှင့်တကွသော အလှူကိုလည်း ပေးလှူခဲ့၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် နတ်ပြည်သို့ရောက်ခဲ့ပြီး နတ်ပြည်မှစုတေ၍ လူ့ပြည်သို့ ရောက်လာသောအခါ အောက်ခြေဖဝါးပြင်တို့၌ အကန့်တထောင်၊ အကွပ်ပုံတောင်းနှင့်တကွ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံ၍ ကောင်းစွာပြတ်သားထင်ရှားသော စက်ဝန်းများ ဖြစ်ပေါ်ခြင်းဟူသော လက္ခဏာကိုရရှိ၏။ ဤလက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်ခဲ့သော် ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ မှူးမတ်စသည့် များသော အခြံအရံနှင့် ပြည့်စုံ၏။ ဘုရားဖြစ်ခဲ့သော် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ အစရှိသည့် များသောအခြံအရံနှင့် ပြည့်စုံ၏။

### ဖနောင့်၊ ခြေချောင်း၊ လက်ချောင်းနှင့် ကိုယ် (၃၊ ၄၊ ၁၅)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ သနားကရုဏာနှင့်ပြည့်စုံ၍ သတ္တဝါတို့၏ အစီး

www.dhammaransi.com



အပ္ပွားကို လိုလားခဲ့၏၊ ထိုကံကြောင့် နတ်ပြည်သို့ ရောက်ခဲ့ပြီး နတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ ရောက်သောအခါ ရှည်သောဖနောင့်ရှိခြင်း၊ ရှည်သော လက်ချောင်း ခြေချောင်းရှိခြင်း၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိ ခြင်းဟူသော လက္ခဏာသုံးပါးကို ရရှိခဲ့၏။ ဤလက္ခဏာ သုံးပါးနှင့် ပြည့်စုံ သူသည် မင်းဖြစ်ခဲ့သော် အသက်ရှည်၏၊ မည်သည့် ရန်သူကမျှ ထိုမင်းကို သတ်ခြင်းငှာ မစွမ်းနိုင်။ ဘုရားဖြစ်သော အခါ၌လည်း အသက်ရှည်၏၊ မည် သူမျှ ထိုဘုရားကို သတ်ခြင်းငှာ မစွမ်းနိုင်။

## အရပ်ခုနစ်ပါး၌ အသားဖြိုးမောက်ခြင်း (၁၆)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက မြတ်သော အရ သာရှိသော စားဖွယ်သောက်ဖွယ်တို့ကို ပေးလှူခဲ့၏၊ ထိုကံကြောင့် ဤလူ့ ဘဝ၌ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ပုခုံးစွန်းနှစ်ဖက်၊ လည်ကုပ်အားဖြင့် ခုနစ် ပါးသော အရပ်တို့၌ ဖြိုးမောက်သော အသားရှိခြင်းဟူသော လက္ခဏာကို ရရှိ၏။ ဤလက္ခဏာနှင့်ပြည့်စုံသူသည် မင်းဖြစ်သောအခါ၌ငြင်း၊ ဘုရားဖြစ် သောအခါ၌ငြင်း မြတ်သောအရသာရှိသော စားဖွယ်သောက်ဖွယ်တို့ကိုရရှိ၏။

## လက်ဖဝါး ခြေဖဝါးနှင့် လက်ချောင်း ခြေချောင်းများ (၅၊ ၆)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ပေးကမ်းစွန့်ကြဲ ခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ အကျိုးစီးပွားကိုဆောင်ခြင်း၊ မိမိနှင့် တန်းတူရည်တူ ဆက်ဆံခြင်းဟူသော သင်္ဂဟတရားလေးပါးဖြင့် လူအပေါင်းကို ချီးမြှောက်ခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ နူးညံ့နုနယ်သော လက်ဖဝါး ခြေဖဝါးရှိခြင်း၊ ကွန်ရက်ပမာ ညီညာသော လက်ခြေရှိခြင်းဟူသော လက္ခ ဏာ နှစ်ပါးကိုရရှိ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသူသည် မင်းဖြစ်သည့် အခါ၌ငြင်း၊ ဘုရားဖြစ်သည့် အခါ၌ငြင်း စည်းလုံး ညီညွတ်သော ပရိသတ် ရှိ၏။

## ဖမျက်နှင့် မွေးညှင်း (၇၊ ၁၄)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ် အခါက အကျိုးရှိ၍ ကုသိုလ်တရားနှင့်ဆက်စပ်သော စကားကိုဆိုခဲ့၏၊ လူအပေါင်းအား ထိုတရား များကို ထင်မြင်အောင်ပြသခဲ့၏၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်

www.dhammaransi.com



ကြဉ်းခဲ့၏၊ တရားအလှူကို ပေးခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ ဖမျက်မြင့်သော ခြေရှိခြင်း၊ အထက်သို့ ကော့တက်သော မွေးညှင်းရှိခြင်း ဟူသော လက္ခဏာနှစ်ပါးကိုရရှိ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ လောကီ လူသားအပေါင်းတို့၏ အကြီးအချုပ်ဖြစ်၍ ဘုရားဖြစ်သောအခါ သတ္တဝါအားလုံးတို့၏ အကြီးအချုပ်ဖြစ်၏။

## သလုံးမြင်းခေါင်း (၈)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ် အခါက ဝိဇ္ဇာ သိပ္ပံ ပညာများကိုင်း၊ အကျင့်သီလနှင့် ကမ္မဿကတာပညာကိုင်း လူအပေါင်းတို့အား လျင်မြန်စွာ သိမြင်အောင် ဟောပြော ပို့ချပေးခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ ဧဏီ သားကောင်ကဲ့သို့ ပြေပြစ်သော သလုံးမြင်းခေါင်းရှိခြင်းဟူသော လက္ခဏာကိုရရှိ၏။ ဤလက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ မင်းတို့၏ အသုံးအဆောင်ဖြစ်သော ဆင်ယာဉ် မြင်းယာဉ်တို့ကိုင်း၊ ဘုရား ဖြစ်သောအခါ ရဟန်းတို့အား လျောက်ပတ်သော ပစ္စည်းပရိက္ခရာတို့ကိုင်း လွယ်ကူစွာရရှိ၏။

## ချောမွေ့သောအသားအရေ (၁၂)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ရဟန်း ပုဏ္ဏားတို့ထံချဉ်းကပ်၍ "ဘယ်တရားသည် ကုသိုလ်မည်၍ ဘယ်တရားသည် အကုသိုလ်မည်ပါသနည်း၊ ဘယ်တရားကိုမှီဝဲ၍ ဘယ်တရားကိုမမှီဝဲသင့်ပါသနည်း" စသည်ဖြင့် မေးမြန်းစုံစမ်းခဲ့၏။ ထိုကံကြောင့် လူ့ဘဝ၌ ချောမွေ့သော အသားအရေ ရှိခြင်းဟူသော လက္ခဏာကိုရရှိခဲ့၏။ ဤလက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ၌ငင်း၊ ဘုရားဖြစ်သော အခါ၌ငင်း ကြီးမြတ်သော ပညာနှင့် ပြည့်စုံ၏။

## ရွှေအဆင်းနှင့် ပြည့်စုံခြင်း (၁၇)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက အမျက်ထွက်ခြင်း၊ စိတ်နာကျည်းခြင်း၊ ရန်ငြိုးထားခြင်း များကို မပြုခဲ့၊ သိမ်မွေ့ နူးညံ့သော အဝတ် အထည် တို့ကိုလည်း ပေးလှူခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ ရွှေအဆင်းနှင့်တူသော အသားအရေရှိခြင်း ဟူသော လက္ခဏာကို ရရှိခဲ့၏။ ဤ

www.dhammaransi.com



လက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်သော အခါ၌လည်း၊ ဘုရားဖြစ်သောအခါ၌လည်း သိပ်မွေ့နူးညံ့သော အဝတ်အထည်အမျိုးမျိုးကိုရရှိ၏။

## အိမ်ဖြင့်ဖုံးလွှမ်းအပ်သော ပုရိသနိမိတ် (၁၀)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ကြာမြင့်စွာ ပျောက်ကွယ်နေသော၊ ကြာမြင့်စွာကွဲကွာနေသော ဆွေမျိုး မိတ်ဆွေတို့ကို ပေါင်းစုံညီညွတ်စေခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း ဟူသောလက္ခဏာကို ရရှိခဲ့၏။ ဤလက္ခဏာနှင့်ပြည့်စုံသူသည် မင်းဖြစ်သောအခါ ရဲရင့်၍ ဇွဲလုံ့လနှင့်ပြည့်စုံသော သားများစွာတို့ကိုရရှိ၏။ ဘုရားဖြစ်သော အခါ၌လည်း ရဲရင့်၍ ဇွဲလုံ့လနှင့် ပြည့်စုံသည့် တပည့်သာဝကများစွာတို့ကိုရရှိ၏။

## လုံးဝန်းသောကိုယ်(၉၊၁၉)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက "ဤသူသည် ဤ ကလူကို ခံထိုက်၏" ဟူ၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို ခွဲခြား သိမြင်ပြီး ထိုက်တန်လျောက်ပတ်စွာ ပေးလှူခဲ့ခြင်းကို ပြုခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ ပညောင်ပင်ကဲ့သို့ လုံးဝန်းသောကိုယ်ရှိခြင်း၊ မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ဒူးတို့ကို သုံးသပ်ဆုပ်ကိုင်နိုင်ခြင်း ဟူသော လက္ခဏာနှစ်ပါးကို ရရှိခဲ့၏။ ဤလက္ခဏာ နှစ်ပါးနှင့်ပြည့်စုံသူသည် မင်းဖြစ်သောအခါ များပြားသော ရွှေငွေဥစ္စာတို့ကိုရရှိ၏၊ ဘုရားဖြစ်သော အခါ သဒ္ဓါ သီလ အစရှိသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့နှင့်ပြည့်စုံ၏။

## ခြင်္သေ့ကိုယ် လက်ပြင်နှင့် လည်ပင်း လည်တိုင် (၁၇၊၁၈၊၂၀)

မြတ်စွာဘုရားတို့သည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက လူအများ၏ သဒ္ဓါ သီလ သုတ စာဂ စသော တရားများနှင့်တကွ ပစ္စည်းဥစ္စာ ချမ်းသာ စည်းစိမ် တိုးပွားရေးကို လိုလားတောင့်တခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ ခြင်္သေ့၏ ရှေ့ပိုင်း ကိုယ်နှင့်တူသော ကိုယ်ရှိခြင်း၊ လက်ပြင် နှစ်ဖက် ကြား၌ တပြင်တည်းညီလျက် ပြည့်ဖြိုးသောအသားရှိခြင်း၊ ညီညာစွာလုံးသော လည်ပင်း လည်တိုင် ရှိခြင်း ဟူသောလက္ခဏာ တို့ကိုရရှိခဲ့၏။ ထိုလက္ခဏာ တို့နှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ ပစ္စည်းဥစ္စာ အခြံအရံတို့ဖြင့် ကြီးပွားတိုး

www.dhammaransi.com



တက်၏။ ဘုရားဖြစ်သောအခါ၌လည်း သဒ္ဓါ သီလ သုတ စာဂ စသည်တို့ဖြင့် တိုးတက်ကြီးပွား၏။

## အလွန်ကောင်းမြတ်သော အကြော (၂၁)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက လက်ဖြင့်သော်ငှင်း၊ တုတ် ခဲ လက်နက် တို့ဖြင့်ငှင်း သတ္တဝါတို့ကို ညှင်းဆဲ နှိပ်စက်ခြင်း မပြုခဲ့။ ထိုကံကြောင့် ဤလူ့ဘဝ၌ အရသာကို ဆောင်နိုင်သည့် အလွန်ကောင်းမြတ်သောအကြောရှိခြင်း ဟူသောလက္ခဏာကိုရ၏။ လျှာဖျား၌တင်အပ်သော နှမ်းတလုံးမျှသော အစာကိုပင် တကိုယ်လုံး ပြန့်နှံ့အောင် ဆောင်နိုင်သည့် အလွန်ကောင်းမြတ်သော ရသဟရဏီ အကြော တို့သည် မြတ်စွာဘုရား၏ လည်ပင်းလည်တိုင်၌ရှိကုန်၏။ ဤလက္ခဏာနှင့်ပြည့်စုံသူသည် မင်းဖြစ်သောအခါ၌ငှင်း၊ ဘုရားဖြစ်သောအခါ၌ငှင်း အနာရောဂါ ကင်းရှင်းခြင်း၊ အစာကိုကြေစေနိုင်သည့် မပူလွန်း မအေးလွန်း၊ အလယ် အလတ် ဖြစ်သော ဝမ်းမီးနှင့်ပြည့်စုံခြင်း ဟူသောအကျိုးကိုရရှိ၏။

## မျက်လုံး မျက်တောင် (၂၉၊ ၃၀)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက သူတပါးတို့ကို အမျက်ထွက်သဖြင့် မျက်လုံးပြူး၍ကြည့်ခြင်း၊ မျက်စောင်းထိုး၍ ကြည့်ခြင်း၊ လျှို့ဝှက်စွာကြည့်ခြင်းများကို မပြုခဲ့၊ ရိုးဖြောင့်သောစိတ် ရှိသည်ဖြစ်၍ ရိုးဖြောင့်စွာသာ ကြည့်ရှုခဲ့၏၊ မေတ္တာစိတ် ကိန်းသော မျက်စိဖြင့်သာ လူအများကို ကြည့်ရှုခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ အလွန်ညိုသော မျက်လုံးရှိခြင်း၊ နွားငယ်မျက်တောင်နှင့်တူသော မျက်တောင်ရှိခြင်း ဟူသော လက္ခဏာနှစ်ပါးကို ရရှိ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ ပုဏ္ဏား၊သူဌေး၊သူကြွယ်၊မှူးမတ်တို့နှင့်တကွပြည်သူပြည်သားအပေါင်း၏ချစ်ခင်မြတ်နိုးခြင်းကို ခံရ၏၊ ဘုရားဖြစ်သောအခါ၌လည်း ရဟန်းယောကျ်ား ရဟန်းမိန်းမတို့နှင့်တကွ နတ်လူအပေါင်း၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရ၏။

## သင်းကျစ်ဆောင်းသောဦးခေါင်း (၃၂)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက သူစရိုက်သုံးပါးကို ပြုကျင့်ခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ သီလဆောက်တည်ခြင်း၊

www.dhammaransi.com



ဥဝိုသ်စောင့်သုံးခြင်း၊ အမိအဖတို့ကို ချစ်ခင်မြတ်နိုးခြင်း၊ ရဟန်းပုဏ္ဏားတို့ကို ကြည်ညိုလေးစားခြင်း၊ အသက်ကြီးသော ဆွေမျိုးတို့ကို ရိုသေခြင်း စသော ကုသိုလ်တရားတို့၌ လူအများ၏ အကြီးအမှူး ရှေ့သွားခေါင်းဆောင် ဖြစ်ခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်း ရှိခြင်းဟူသော လက္ခဏာကို ရရှိ၏။ ဤလက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ မိမိအလိုသို့လိုက်ပါသော မှူးမတ်၊ပုဏ္ဏား၊သူဌေး၊ သူကြွယ် စသည်တို့နှင့် ပြည့်စုံ၏။ ဘုရားဖြစ်သော အခါ၌လည်း မိမိအလိုသို့ လိုက်ပါသော ရဟန်းယောကျ်ား ရဟန်းမိန်းမ စသည့် ဝေနေယျသတ္တဝါတို့နှင့် ပြည့်စုံ၏။

## မွေးညှင်း မွေးရှင် (၁၃၊ ၃၁)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက မုသားပြောခြင်းမှ ရှောင်ရှား၍ မှန်ကန်သောစကား၊ စွဲမြဲတည်တံ့သောစကားကိုသာ ပြောဆိုခဲ့၏၊ တဖက်သားတို့အား လိမ်လည်လှည့်စားခြင်းကို ပြုဖူးလေ့မရှိ။ ထိုကံကြောင့် ဤလူ့ဘဝ၌ တပင်ချင်းပေါက်သော မွေးညှင်းရှိခြင်း၊ မျက်မှောင်နှစ်ဖက်ကြား၌ နူးညံ့သည့်လဲဝါဂွမ်းနှင့်တူ၍ ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်ပေါက်ခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ မိမိအလိုသို့လိုက်သော မှူးမတ်၊ပုဏ္ဏား၊သူဌေးသူကြွယ်စသည်တို့နှင့် ပြည့်စုံ၏။ ဘုရားဖြစ်သောအခါ၌လည်း မိမိအလိုသို့လိုက်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ စသည်တို့နှင့် ပြည့်စုံ၏။

## သွားတော်လက္ခဏာ (၂၃၊ ၂၄)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ဂုံးချောစကား ပြောခြင်းမှ ရှောင်ရှား၍ ကွဲပြားနေသူတို့ကို ညီညွတ်အောင် စေ့စပ်ခြင်း၊ ညီညွတ်နေသူတို့ကိုလည်း ပို၍ညီညွတ်အောင် အားပေးခြင်းပြုခဲ့၏။ ထိုကံကြောင့် ဤလူ့ဘဝ၌ လေးဆယ်သော သွားရှိခြင်း၊ မကျဲသောသွားရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိခဲ့၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ၌ရင်း၊ ဘုရားဖြစ်သောအခါ၌ရင်း မပြိုခွဲနိုင်သော ပရိသတ်နှင့် ပြည့်စုံခြင်းဟူသော အကျိုးကို ရရှိလေသည်။

www.dhammaransi.com



## လျှာနှင့်အသံ (၂၇၊ ၂၈)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ကြမ်းတမ်းရိုင်းစိုင်းသော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့၏။ အပြစ်ကင်း၍ နားချမ်းသာသောစကား၊ ယဉ်ကျေးသိမ်မွေ့၍ လူအများနှစ်လိုသော စကားများကိုသာ ပြောဆိုခဲ့၏။ ထိုကြောင့် ဤလူ့ဘဝ၌ ပြန့်ပြူးရှည်လျား၍ နူးညံ့သောလျှာရှိခြင်း၊ ပြဟ္မာမင်း၏အသံ ကရဝိက်ငှက်၏ အသံနှင့်တူသော အသံရှိခြင်း ဟူသော လက္ခဏာနှစ်ပါးကို ရရှိ၏။ ဤလက္ခဏာနှစ်ပါးနှင့်ပြည့်စုံသူသည် မင်းဖြစ်သောအခါ မှူးမတ်ပြည်သူတို့သည် ထိုမင်း၏စကားကို နာယူလက်ခံကြကုန်၏။ ဘုရားဖြစ်သောအခါ၌လည်း ရဟန်းယောကျ်ား ရဟန်းမိန်းမစသည့် နတ်လူအပေါင်းတို့သည် ထိုဘုရားရှင်၏စကားကို နာယူလက်ခံကြကုန်၏။

## ခြသေ့ံမေး (၂၂)

မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပြီး မှန်ကန်၍ အကျိုးစီးပွားနှင့်ဆက်စပ်သော စကားကိုသာ အခါအခွင့်အားလျော်စွာ ပြောဆိုခဲ့၏။ ထိုကြောင့် ဤလူ့ဘဝ၌ ခြသေ့ံမေးနှင့် တူသော မေးရှိခြင်း ဟူသော လက္ခဏာကိုရရှိ၏။ ဤလက္ခဏာနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်ခြင်း ဟူသော အကျိုးကိုရရှိ၏။ ဘုရားဖြစ်သော အခါ၌လည်း ရာဂ ဒေါသ စသော အတွင်းရန်သူ၊ လူနတ်အစရှိသော အပြင်ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း ဟူသော အကျိုးကိုရရှိ၏။

## ညီညွတ်သောသွား၊ ဖြူစင်သောစွယ်တော်


မြတ်စွာဘုရားသည် ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက မကောင်းသော အသက်မွေးခြင်းကိုပယ်၍ ကောင်းသောအသက်မွေးခြင်းဖြင့် အသက်မွေးခဲ့၏၊ အသပြာတုပြုလုပ်ခြင်း၊ အချိန်အတွယ်အတိုင်းအတာတို့ကို ကောက်ကျစ်စဉ်းလဲစွာ ချိန်တွယ် တိုင်းတာခြင်းတို့မှ ရှောင်ကြဉ်ခဲ့၏၊ တံစိုး ယူခြင်း၊ လှည့်ဖျားခြင်း၊ အတုပြု၍ လိမ်လည်ခြင်းတို့မှလည်း ရှောင်ကြဉ်ခဲ့၏၊ သတ်ဖြတ် နှောင်ဖွဲ့ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ပြည်ရွာကို ဖျက်ဆီးခြင်း၊ အနိုင်အထက် နှိပ်စက်ခြင်းတို့မှလည်း ရှောင်ကြဉ်ခဲ့၏။ ထိုကြောင့် ဤလူ့ဘဝ၌ ညီညွတ်

www.dhammaransi.com



သောသွား ရှိခြင်း၊ အလွန်ဖြူစင်သော စွယ်တော်လေးချောင်းရှိခြင်းဟူသော လက္ခဏာနှစ်ပါးကို ရရှိ၏။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသူသည် မင်းဖြစ်သောအခါ၌ရင်း၊ ဘုရားဖြစ်သောအခါ၌ရင်း စင်ကြယ်သော အခြံအရံ ရှိခြင်းဟူသော အကျိုးကို ရရှိ၏။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာက ယောကျ်ားမြတ်တို့၏ လက္ခဏာ သုံးဆယ့်နှစ်ပါးကို ဟောကြားတော်မူရာ ရဟန်းတို့သည် ဝမ်းမြောက်နှစ်သက်စွာ နာယူမှတ်သားကြလေသည်။



www.dhammaransi.com

# ၃၁။ သိင်္ဂါလသုတ်

သိင်္ဂါလ လုလင်အား ဟောကြားသော တရား

**အရပ်ရှစ်မျက်နှာများကို ရှိခိုးသူ**

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် တခုသောနံနက်ဝယ် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် ကြွတော်မူလတ်သော် မြို့တံခါးအနီး၌ အရှေ့၊ အနောက်၊ တောင်၊ မြောက်နှင့် အထက်၊ အောက် တည်းဟူသော အရပ် ခြောက်မျက်နှာအား လှည့်၍ ရှိခိုး နေသော သိင်္ဂါလ လုလင်ကို တွေ့မြင်တော်မူလေသည်။ "လုလင်… သင်သည် အဘယ့်ကြောင့် အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးဘိသနည်း" ဟူ၍ ဗုဒ္ဓက မေးမြန်းလျှင် မိမိဖခင်က သေခါနီးတွင် မှာထားခဲ့သောကြောင့် ရှိခိုးခြင်းဖြစ်ကြောင်း လုလင်က ပြန်ကြား လျှောက်တင်၏၊ ထိုအခါ ဗုဒ္ဓက အရိယာတို့၏ အဆုံးအမ၌ အရပ်ခြောက်မျက်နှာတို့ကို ဤသို့ ရှိခိုးအပ်ကြောင်း မိန့် ကြားပြီး သိင်္ဂါလ လုလင်အား တရားဟောတော်မူလေသည်။

"အချင်း သိင်္ဂါလ… အရိယာတပည့်သည် ညစ်ညူးသော ကံလေးပါးကို ပယ်၏၊ လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကို မပြု၊ စည်းစိမ်ပျက်စီးကြောင်းခြောက်ပါးတို့ကို မမှီဝဲ၊ ထိုအရိယာတပည့်သည် ဤသို့ တဆယ့်လေးပါးသော မကောင်းမှုမှ ကင်းသည် ဖြစ်၍ အရပ် ခြောက်မျက်နှာတို့ကို လုံခြုံစေလျက် လောကနှစ်ပါးလုံးကို အောင်မြင်ရန် ကျင့်ကြံ အားထုတ်၏၊ လောကနှစ်ပါးလုံးကို ကျေနပ်နှစ်သက်ဖွယ် ဖြစ်စေ၏၊ ထို အရိယာ တပည့်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ သုဂတိ နတ်ဘုံ သို့ ရောက်၏။"

www.dhammaransi.com



**ညစ်ညူးသောကံလေးပါး**

"သိင်္ဂါလ.... ညစ်ညူးသော ကံလေးပါးဟူသည် သူတပါးအသက်ကို သတ်ခြင်း၊ သူတပါးဥစ္စာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်း၊ မုသားပြောခြင်းတို့ဖြစ်၏။"

**အကြောင်းလေးပါး**

"သိင်္ဂါလ.... လေးပါးသောအကြောင်းတို့ဖြင့် မကောင်းမှုကို ပြုခြင်း ဟူသည်—

(၁) ချစ်သဖြင့် မလားအပ်သည်သို့ လား၍ မကောင်းမှုကို ပြုခြင်း "ဆန္ဒာဂတိ"

(၂) မုန်းသဖြင့် မလားအပ်သည်သို့ လား၍ မကောင်းမှုကို ပြုခြင်း "ဒေါသာဂတိ"

(၃) တွေဝေသဖြင့် မလားအပ်သည်သို့ လား၍ မကောင်းမှုကို ပြုခြင်း "မောဟာဂတိ"

(၄) ကြောက်သဖြင့် မလားအပ်သည်သို့ လား၍ မကောင်းမှုကို ပြုခြင်း "ဘယာဂတိ"တို့ ဖြစ်၏။"

**စည်းစိမ်ပျက်စီးကြောင်းခြောက်ပါး**

"သိင်္ဂါလ.... စည်းစိမ်ပျက်စီးကြောင်းခြောက်ပါး ဟူသည်....

(၁) သေရည်သေရက်သောက်ခြင်း။

(၂) အချိန်မဲ့အခါမဲ့၌ သွားလာလှည့်လည်ခြင်း။

(၃) ပွဲလမ်းသဘင် ကြည့်ရှုခြင်း။

(၄) လောင်းကစားလေ့ရှိခြင်း။

(၅) မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းခြင်း။

(၆) ပျင်းရိခြင်းတို့ ဖြစ်၏။"

**သေရည်သေရက်သောက်ခြင်း အပြစ်ခြောက်ပါး**

"သိင်္ဂါလ.... သေရည်သေရက် သောက်ခြင်း၏ အပြစ်တို့သည် ခြောက်ပါးရှိကုန်၏၊ ထိုခြောက်ပါးကား....

www.dhammaransi.com



( ၁ ) ဥစ္စာဆုတ်ယုတ်ခြင်း။
( ၂ ) ခိုက်ရန်ဖြစ်ပွားခြင်း။
( ၃ ) အနာရောဂါရခြင်း။
( ၄ ) အရှိန်အစော်မဲ့ခြင်း။
( ၅ ) လျှို့ဝှက်အပ်သည်ကို ဖော်ပြမိခြင်း။
( ၆ ) ပညာဉာဏ် အားနည်းခြင်းတို့ဖြစ်၏။"

အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

"သိင်္ဂါလ....အခါမဲ့သွားလာလှည့်လည်ခြင်း၏ အပြစ်တို့သည် ခြောက်ပါးရှိကုန်၏၊ ထိုခြောက်ပါးကား....

( ၁ ) မိမိကိုယ်ကို အကာအကွယ် အစောင့်အရှောက် ကင်းမဲ့ခြင်း။
( ၂ ) မိမိ၏သားမယားများ အကာအကွယ်အစောင့်အရှောက် ကင်းမဲ့ခြင်း။
( ၃ ) မိမိ၏ပစ္စည်းဥစ္စာများ အကာအကွယ်အစောင့်အရှောက် ကင်းမဲ့ခြင်း။
( ၄ ) သူတပါးပြုသော မကောင်းမှုများကို မိမိပြုသည်ဟု အထင်မှားခံရခြင်း။
( ၅ ) မဟုတ်မမှန် စွပ်စွဲခံရခြင်း။
( ၆ ) များစွာသောဆင်းရဲဒုက္ခတို့၏ ရှေ့ပြေးဖြစ်ခြင်းတို့ ဖြစ်၏။"

ပွဲလမ်းသဘင်ကြည့်ရှုခြင်း၏ အပြစ်ခြောက်ပါး

"သိင်္ဂါလ.... ပွဲလမ်းသဘင်ကြည့်ရှုခြင်း၏ အပြစ်တို့သည် ခြောက်ပါးရှိကုန်၏၊ ထိုခြောက်ပါးကား....

( ၁ ) ဘယ်မှာ ကပွဲရှိသနည်းဟု မေးမြန်းရခြင်း။
( ၂ ) ဘယ်မှာ သီဆိုပွဲရှိသနည်းဟု မေးရခြင်း။
( ၃ ) ဘယ်မှာ တီးမှုတ်ပွဲရှိသနည်းဟု မေးရခြင်း။
( ၄ ) ဘယ်မှာ စာဟောပြောပွဲ ရှိသနည်းဟု မေးရခြင်း။
( ၅ ) ဘယ်မှာလက်ခုပ်တီးပွဲ ရှိသနည်းဟု မေးရခြင်း။
( ၆ ) ဘယ်မှာ စည်တီးပွဲ ရှိသနည်းဟု မေးရခြင်းတို့ဖြစ်၏။"

www.dhammaransi.com


**လောင်းကစားခြင်းအပြစ်ခြောက်ပါး**

"သိင်္ဂါလ... လောင်းကစားခြင်း၏ အပြစ်တို့သည် ခြောက်ပါးရှိကုန်၏၊ ထိုခြောက်ပါးကား....

(၁) နိုင်လျှင် ရန်ပွားခြင်း။
(၂) ရှုံးလျှင်လည်း ပစ္စည်းဥစ္စာအတွက် ပူပန်ရခြင်း။
(၃) ပစ္စည်းဥစ္စာ ဆုတ်ယုတ်ခြင်း။
(၄) တရားရုံး၌ မိမိ၏စကား မတည်ခြင်း။
(၅) အဆွေခင်ပွန်းတို့၏ မထီမဲ့မြင်ပြုမှုကို ခံရခြင်း။
(၆) သမီးပေး သားယူ ပြုလိုသူတို့က မနှစ်သက်ခြင်းတို့ ဖြစ်၏။"

ခင်ပွန်းယုတ် အပြစ်ခြောက်ပါး

"သိင်္ဂါလ.... မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းခြင်း၌ အပြစ်တို့သည် ခြောက်ပါးရှိကုန်၏၊ ထိုခြောက်ပါးကား....

(၁) လောင်းကစား ကြူးသူတို့နှင့် အဆွေခင်ပွန်းဖြစ်ရခြင်း၊
(၂) ကာမဂုဏ်ကြူးသူတို့နှင့် အဆွေခင်ပွန်းဖြစ်ရခြင်း၊
(၃) သေသောက်ကြူးတို့နှင့် အဆွေခင်ပွန်းဖြစ်ရခြင်း၊
(၄) အတုပြု၍ လှည့်ပတ်တတ်သူတို့နှင့် အဆွေခင်ပွန်း ဖြစ်ရခြင်း၊
(၅) မာယာဖြင့် လှည့်ပတ်တတ်သူတို့နှင့် အဆွေခင်ပွန်းဖြစ်ရခြင်း၊
(၆) အနိုင်အထက်ပြုတတ်သူတို့နှင့်အဆွေခင်ပွန်းဖြစ်ရခြင်းတို့ဖြစ်၏။"

ပျင်းရိခြင်း၏ အပြစ်ခြောက်ပါး

"သိင်္ဂါလ....ပျင်းရိခြင်း၏အပြစ်တို့သည်ခြောက်ပါးရှိကုန်၏။ထိုခြောက်ပါးကား—

(၁) အေးလွန်းသည်ဟူ၍ အမှုကိစ္စကို မပြုခြင်း၊
(၂) ပူလွန်းသည်ဟူ၍ အမှုကိစ္စကို မပြုခြင်း၊
(၃) မိုးချုပ်လွန်းသည်ဟူ၍ အမှုကိစ္စကို မပြုခြင်း၊
(၄) စောလွန်းသည်ဟူ၍ အမှုကိစ္စကို မပြုခြင်း၊
(၅) ဆာလွန်းသည်ဟူ၍ အမှုကိစ္စ မပြုခြင်း၊
(၆) ဝလွန်းသည်ဟူ၍ အမှုကိစ္စကို မပြုခြင်းတို့ဖြစ်၏။"

www.dhammaransi.com



**မိတ်ဆွေတုလေးယောက်**

"သိင်္ဂါလ....စင်စစ် ယူသာယူတတ်သူ၊နှုတ်ဖြင့်သာပေးတတ်သူ၊အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သူ၊ ပျက်စီးရေး၌ အပေါင်းအဖော်ဖြစ်သူ၊ ဤသူလေးယောက်တို့ကို မိတ်ဆွေစစ်မဟုတ်၊ **မိတ်ဆွေတု** ဟူ၍ သိအပ်ကုန်၏။"

စင်စစ် ယူသာယူတတ်ခြင်း၊ နည်းသောဥစ္စာဖြင့် များသောဥစ္စာကို အလိုရှိခြင်း၊ မိမိ၌ ဘေးအန္တရာယ်ဖြစ်ပေါ်မှ သူတပါး၏ကိစ္စကို ပြုတတ်ခြင်း၊ အကျိုးကိုရလိုသောကြောင့် သူတပါးကို ဆည်းကပ်ခြင်းဟူသော ဤအကြောင်းလေးပါးဖြင့် **စင်စစ် ယူသာယူတတ်သော မိတ်ဆွေတု** ကို သိအပ်၏။

လွန်ပြီးသောအရာဖြင့် ချီးမြှောက်ခြင်း၊ မဖြစ်သေးသော အရာဖြင့် ချီးမြှောက်ခြင်း၊ အချည်းနှီးသော လောကွတ်မျှဖြင့် ချီးမြှောက်ခြင်း၊ ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကိုပြခြင်း ဟူသော အကြောင်းလေးပါးဖြင့် **နှုတ်ဖြင့်သာ လျှင် ပေးတတ်သော မိတ်ဆွေတု** ကို သိအပ်၏။

မကောင်းမှုပြုသည်ကိုလည်း သဘောတူခြင်း၊ ကောင်းမှု ပြုသည်ကိုလည်း သဘောတူခြင်း၊ မျက်မှောက်၌ ချီးမွမ်းစကားကိုဆိုခြင်း၊ မျက်ကွယ်၌ ကဲ့ရဲ့စကားကိုဆိုခြင်း ဟူသော အကြောင်းလေးပါးဖြင့် **အကြိုက်ကို လိုက်၍ ပြောတတ်သော မိတ်ဆွေတု** ကို သိအပ်၏။

သေရည်သေရက် သောက်ခြင်း၌ အပေါင်းအဖော်ဖြစ်ခြင်း၊ အခါမဲ့ လှည့်လည်သွားလာခြင်း၌ အပေါင်းအဖော် ဖြစ်ခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌ အပေါင်းအဖော်ဖြစ်ခြင်း၊ လောင်းကစားမှု၌ အပေါင်းအဖော်ဖြစ်ခြင်း ဟူသော ဤအကြောင်းလေးပါးဖြင့် **ပျက်စီးရေး၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတု** ကို သိအပ်၏။

**စိတ်နှလုံးကောင်းရှိသော မိတ်ဆွေလေးယောက်**

"သိင်္ဂါလ.... ကျေးဇူးပြုတတ်သူ၊ ဆင်းရဲအတူ ချမ်းသာအတူ ဖြစ်သူ၊ အကျိုးစီးပွားကို ပြောကြားတတ်သူ၊ အစဉ်သဖြင့် ကူညီစောင့်ရှောက်တတ်သူ၊ ဤသူလေးယောက်တို့ကို **စိတ်နှလုံးကောင်း ရှိသော မိတ်ဆွေ** ဟူ၍ သိအပ်ကုန်၏။"

မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်တတ်ခြင်း၊ မူးယစ်သောမိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်ခြင်း၊ ကြောက်ရွံ့သော မိတ်ဆွေ၏ အား

www.dhammaransi.com



ကိုးရာဖြစ်ခြင်း၊ ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လာလျှင် ပြောသည်ထက် နှစ်ဆသော စည်းစိမ်ဥစ္စာကို ပေးတတ်ခြင်း ဟူသော အကြောင်းလေးပါးဖြင့် ကျေးဇူးပြုတတ်သော မိတ်ဆွေကို သိအပ်၏။

မိတ်ဆွေအား လျှို့ဝှက်သောအမှုကို ပြောကြားခြင်း၊ မိတ်ဆွေ၏လျှို့ဝှက်သောအမှုကို လျှို့ဝှက်ခြင်း၊ ဘေးရန်ဖြစ်ပေါ်လာလျှင် စွန့်ခွာ၍ သွားခြင်း၊ မိတ်ဆွေ၏အကျိုးငှာ အသက်ကိုပင်စွန့်ခြင်း ဟူသော ဤအကြောင်းလေးပါးဖြင့် ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သော မိတ်ဆွေကို သိအပ်၏။

မကောင်းမှုမှ တားမြစ်ခြင်း၊ ကောင်းမှု၌ သက်ဝင်စေခြင်း၊ မကြားဘူးသော တရားစကားကို ပြောကြားခြင်း၊ နတ်ပြည်ခရီးကို ပြောကြားခြင်း ဟူသော ဤအကြောင်းလေးပါးဖြင့် အကျိုးစီးပွားကို ပြောကြားတတ်သော မိတ်ဆွေကို သိအပ်၏။

မိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးမှုကို မနှစ်သက်ခြင်း၊ မိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်မှုကို နှစ်သက်ခြင်း၊ မိတ်ဆွေအား ကဲ့ရဲ့စကားပြောသူကို ကဲ့ရဲ့တားမြစ်တတ်ခြင်း၊ မိတ်ဆွေအား ချီးမွမ်းစကားပြောသူကို ထောက်ခံချီးမွမ်းတတ်ခြင်း ဟူသောအကြောင်းလေးပါးဖြင့် အစဉ်သဖြင့် ကူညီစောင့်ရှောက်တတ်သော မိတ်ဆွေကိုသိအပ်၏။

## အရပ်ခြောက်ပါးကိုလုံခြုံစေခြင်း

သိင်္ဂါလ အရိယာတပည့်သည် အရပ်ခြောက်ပါးတို့ကို မည်သို့လုံခြုံစေသနည်းဆိုသော် အမိအဖတို့ကို အရှေ့အရပ်၊ ဆရာသမားတို့ကို တောင်အရပ်၊ သား မယားတို့ကို အနောက်အရပ်၊ ချစ်ခင်သော မိတ်ဆွေတို့ကို မြောက်အရပ်၊ အစေအပါး အလုပ်အကျွေး တို့ကို အောက်အရပ်၊ ရဟန်း ပုဏ္ဏားတို့ကို အထက်အရပ်ဟူ၍ သိအပ်ကုန်၏။

သားသမီးတို့သည် မိဘတို့အား ကျေးဇူး တုန့်ပြန်၍ ကျွေးမွေးခြင်း၊ မိဘတို့၏အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ခြင်း၊ မိဘတို့၏ပစ္စည်းဥစ္စာကို မပျက်အောင် စောင့်ထိန်း၍ အစဉ်အဆက်မှလာသော ကုသိုလ်ဝတ်ကို ပြုခြင်းဖြင့် အမျိုးအနွယ်ကို တည်တံ့စေခြင်း၊ အမွေခံထိုက်အောင် မိဘတို့၏အဆုံးအမကို ကျင့်ကြံလိုက်နာခြင်း၊ သေလွန်သော မိဘတို့အား ရည်စူး၍ အလှူပေးခြင်း၊ ဟူသော ဤအကြောင်း ငါးပါးတို့ဖြင့် အရှေ့အရပ်ဟု ဆိုအပ်သော မိဘတို့ကို ပြုစုအပ်ကုန်၏။

www.dhammaransi.com



**မိဘာ**တို့သည် မကောင်းမှုမှ တားမြစ်ခြင်း၊ ကောင်းမှု၌ သက်ဝင်စေခြင်း၊ အတတ်ပညာကို သင်ယူစေခြင်း၊ လျောက်ပတ်သော ဇနီးခင်ပွန်းတို့နှင့် ထိမ်းမြားလက်ထပ်ပေးခြင်း၊ လျောက်ပတ်သောအချိန်၌ အမွေပစ္စည်းကို အပ်နှင်းခြင်းဟူသော ဤအကြောင်း ငါးပါးတို့ဖြင့် **သားသမီးတို့ကို** စောင့်ရှောက်အပ်ကုန်၏။

တပည့်တို့သည် ဆရာလာလျှင် နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း၊ ဆရာ့ထံသို့ မကြာခဏ ခစားဆည်းကပ်ခြင်း၊ ဆုံးမစကားကိုနာယူခြင်း၊ ရိုရိုသေသေ လုပ်ကျွေးခြင်း၊ အတတ်ပညာကို ရိုသေစွာ သင်ယူမှတ်သားခြင်း ဟူသော ဤအကြောင်း ငါးပါးတို့ဖြင့် **တောင်အရပ်ဟု ဆိုအပ်သော ဆရာသမားတို့ကို** ပြုစုအပ်ကုန်၏။

ဆရာသမားတို့သည် ဆုံးမသင့်သောအရာကို ကောင်းစွာ ဆုံးမခြင်း၊ သင်ကြားပေးသင့်သော အရာကို ကောင်းစွာ သင်ကြားပေးခြင်း၊ အတတ်ပညာကို မချွင်းမချန်သင်ကြားပေးခြင်း၊ ကောင်းသော အဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းခြင်း၊ ခပ်သိမ်းသောအရပ်တို့၌ အစောင့်အရှောက်ကိုပြုခြင်း ဟူသော အကြောင်းငါးပါးတို့ဖြင့် **တပည့်တို့အား** အစဉ်စောင့်ရှောက် အပ်ကုန်၏။

လင် ယောကျ်ားတို့သည် ချစ်ခင်မြတ်နိုးစွာခေါ်ခြင်း၊ နှိမ်ချ၍မခေါ်ခြင်း၊ မိမိမယားကို ကျော်ပြီး အခြားမိန်းမတို့နှင့် မပျော်ပါးခြင်း၊ စားဖိုဆောင် အုပ်စိုးမှုကို လွှဲအပ်ခြင်း၊ အဝတ်တန်ဆာကို ပေးခြင်းဟူသော ဤအကြောင်း ငါးပါးတို့ဖြင့် **အနောက်အရပ်ဟု ဆိုအပ်သော သား၊မယား တို့ကို** ပြုစုအပ်ကုန်၏။

ဇနီး မယား တို့သည်လည်း အမှုကြီးငယ်ကို ကောင်းစွာ စီရင်ခြင်း၊ နှစ်ဖက်သော ဆွေမျိုးတို့ကို ချီးမြှင့်ခြင်း၊ မိမိလင်မှတပါး အခြားယောကျ်ားတို့နှင့် မဖောက်ပြားခြင်း၊ လင်ယောကျ်ား ရှာဖွေစုဆောင်းပေးသော ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမှုကိစ္စအားလုံး၌ ကျွမ်းကျင် လိမ္မာ၍ ပျင်းရိမှု မရှိခြင်း ဟူသော ဤအကြောင်း ငါးပါးဖြင့် **လင် ယောကျ်ားတို့အား** ပြုစု စောင့်ရှောက်အပ်ကုန်၏။

အမျိုးကောင်းသားတို့သည် ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊ မိမိနှင့် ထပ်တူ ထပ်မျှ ဆက်ဆံခြင်း၊ မချွတ်မယွင်း ပြောဆိုပေးကမ်းခြင်း ဟူသော ဤအကြောင်းငါးပါး

www.dhammaransi.com



တို့ဖြင့် မြောက်အရပ်ဟု ဆိုအပ်သော အဆွေခင်ပွန်းတို့အား ကူညီ စောင့်ရှောက် အပ်ကုန်၏။

အဆွေခင်ပွန်း တို့သည်လည်း မူးယစ်သောမိတ်ဆွေကို စောင့်ရှောက်ခြင်း၊ မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း၊ ကြောက်ရွံ့သော မိတ်ဆွေ၏ အားကိုးရာ ဖြစ်ခြင်း၊ ဘေးရန် ဖြစ်သောအခါ စွန့်ခွာ၍ မသွားခြင်း၊ သားမြေးအဆက်ဆက်တို့အား တုံ့ပြန်ချီးမြှောက်ခြင်း ဟူသော အကြောင်း ငါးပါးတို့ဖြင့် အမျိုးကောင်းသားတို့အား ကူ ညီ စောင့်ရှောက် အပ်ကုန်၏။

အရှင်သခင်တို့သည် ခွန်အားအလျောက်သာ အလုပ်ကိစ္စကိုခိုင်းစေခြင်း ထမင်း ရိက္ခာပေးခြင်း၊ မကျန်းမာသောအခါ ပြုစုခြင်း၊ ထူးထွေသော စားဖွယ် သောက်ဖွယ်တို့ကို ခွဲဝေပေးခြင်း၊ အခါအားလျော်စွာ အားလပ်ခွင့်နှင့် အဝတ်တန်ဆာ စသည်တို့ကိုပေးခြင်း ဟူသော ဤအကြောင်းငါးပါးတို့ဖြင့် အောက်အရပ်ဟု ဆိုအပ်သော အစေအပါးတို့အား ကူညီစောင့်ရှောက် အပ်ကုန်၏။

အစေအပါးတို့သည်လည်း၊ အရှင်၏ ရှေးဦးစွာအိပ်ရာမှထခြင်း၊ အရှင်၏ နောက်မှအိပ်ခြင်း၊ ပေးသမျှကိုသာယူခြင်း၊ အမှုကိစ္စများကို ကောင်းစွာ ပြုလုပ်ဆောင်ရွက်ခြင်း၊ အ ရှင်၏ ဂုဏ်သတင်းကို ပြောကြားခြင်း ဟူသော ဤအကြောင်းငါးပါးတို့ဖြင့် အရှင်သခင်တို့ကို ပြုစုစောင့်ရှောက် အပ်ကုန်၏။

အမျိုးကောင်းသားတို့သည် မေတ္တာနှင့်ယှဉ်သော ကာယကံမှု၊ မေတ္တာနှင့်ယှဉ်သော ဝစီကံမှု၊ မေတ္တာနှင့်ယှဉ်သော မနောကံမှု၊ အမြဲမပြတ် အလှူတံခါးကို ဖွင့်၍ထားခြင်း၊ ဆွမ်းစသော ပစ္စည်းလေးပါးကို ပေးလှူခြင်း ဟူသော ဤအကြောင်း ငါးပါးတို့ဖြင့် အထက်အရပ်ဟု ဆိုအပ်သော ရဟန်းပုဏ္ဏားတို့အား ပြုစု စောက်ရှောက်အပ်ကုန်၏။


ရဟန်း ပုဏ္ဏားတို့သည်လည်း မကောင်းမှုမှ တားမြစ်ခြင်း၊ ကောင်းမှု၌ သက်ဝင်စေခြင်း၊ ကောင်းသော စိတ်ဖြင့် စောင့်ရှောက်ခြင်း၊ မ ကြားဘူးသော တရားစကားကို ဟောကြားခြင်း၊ ကြားဘူးသောတရားစကားကိုလည်း ထပ်မံ ဟောကြားခြင်း၊ နတ်ပြည်ခရီးကို ဟောကြားခြင်း ဟူသော ဤအကြောင်း ခြောက်ပါးတို့ဖြင့် အမျိုးကောင်းသားတို့အား စောင့် ရှောက် အပ်ကုန်၏။

www.dhammaransi.com



ဤသို့ပြုစုစောင့်ရှောက်သော အရိယာတပည့်သည် အရပ်ခြောက်ပါးတို့ကို လုံခြုံစေသည် မည်ပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားတော်မူသောအခါ သိင်္ဂါလ လုလင်သည် တရားတော်ကို လွန်စွာနှစ်သက်သဖြင့် ရတနာသုံးပါးအား အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ် ခံယူလိုက်လေသည်။



www.dhammaransi.com

# ၃၂။ အာဋာနာဋိယသုတ်

အာဋာနာဋိယမည်သော ပရိတ်အရံအတားကို ဟောကြားခြင်း

**နတ်မင်းကြီးလေးယောက် လာရောက်ခြင်း**

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် များစွာသော ဘီလူး၊ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ်၊ နဂါး စစ်သည်တို့ဖြင့် အရပ်လေးမျက်နှာတို့၌ အစောင့်အရှောက်များကို ချထားကြပြီး ညသန်ကောင်ယံ အချိန်တွင် ဗုဒ္ဓမြတ်စွာထံသို့ ချဉ်းကပ်လာကြကုန်၏။ ထိုနတ်မင်းကြီးလေးယောက်တို့တွင် ဝေဿဝဏ်နတ်မင်းကြီးသည် ဗုဒ္ဓမြတ်စွာအား ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေပြီးသောအခါ ဤသို့ လျှောက်ထားလေသည်။

"အရှင်ဘုရား.... တန်ခိုးကြီးသော ဘီလူးတို့တွင်၎င်း၊ တန်ခိုးအလတ်စားရှိသော ဘီလူး၊ တန်ခိုးအနိမ့်စားရှိသော ဘီလူးတို့တွင်၎င်း မြတ်စွာဘုရားအား ကြည်ညိုသူများရှိသကဲ့သို့ မြတ်စွာဘုရားအား မကြည်ညိုသူများလည်း ရှိကြပါသည်။ များသောအားဖြင့်ကား ဘီလူးတို့သည် မြတ်စွာဘုရားအား မကြည်ညိုကြပါ။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုများမှ ရှောင်ကြဉ်ရန် ဟောကြား၍ ဘီလူးတို့သည်ကား များသောအားဖြင့် ထိုမကောင်းမှုများမှ မရှောင်ကြဉ်သူများ ဖြစ်သောကြောင့် ဖြစ်ပါသည်။"

"အရှင်ဘုရား.... မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းတို့သည် လူနှင့်ဝေး၍ တိတ်ဆိတ်သော တောကျောင်းတို့၌ နေထိုင်ကြပါသည်။ ထိုတောကျောင်းတို့၌ တန်ခိုးကြီးသော ဘီလူးများလည်း ရှိတတ်ကြပါသည်။ မြတ်စွာဘုရား၏ သာသနာ၌ မကြည်ညိုကြကုန်သော ဘီလူးတို့ကို ကြည်ညိုစေရန် မြတ်စွာဘုရားသည် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့

www.dhammaransi.com



အား အဏာအကွယ်ဖြစ်စေသည့် အာဋာနာဋိယမည်သော ပရိတ်အရ အတားကို သင်ကြားပေးပါလော။"

ဝေဿဝဏ်နတ်မင်းကြီးက ဤသို့လျှောက်ထားသောအခါ ဗုဒ္ဓမြတ်စွာသည် ဆိတ်ဆိတ်နေခြင်းဖြင့် နတ်မင်းကြီး၏စကားကို လက်ခံတော်မူ၏။ မိမိစကားကို ဗုဒ္ဓက လက်ခံကြောင်း သိရှိလျှင် ဝေဿဝဏ် နတ်မင်းကြီးသည် အာဋာနာဋိယမည်သော ပရိတ်အရံအတားကို ရွတ်ဆို လျှောက်ထားလေသည်။

**ပရိတ်အရံအတား**

"စက္ခုငါးပါးရှိ၍ ဘုန်းကျက်သရေနှင့် ပြည့်စုံသော ဝိပဿီ မြတ်စွာဘုရားအား ကျွန်ုပ်ရှိခိုးပါ၏၊ သတ္တဝါအားလုံးကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။"

"ကိလေသာတို့ကို ဆေးကြောပြီးသည်ဖြစ်၍ ခြိုးခြံသော အကျင့်ရှိသော ဝေဿဘူ မြတ်စွာဘုရားအား ကျွန်ုပ်ရှိခိုးပါ၏။ မာရ်စစ်သည်တို့ကို ဖျက်ဆီးတတ်သော ကကုသန် မြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။"

"မကောင်းမှုတို့ကို ပယ်ထုတ်ပြီးဖြစ်၍ ကျင့်သုံးပြီးသော အကျင့်မြတ်ရှိသော ကောဏာဂုံ မြတ်စွာဘုရားအား ကျွန်ုပ်ရှိခိုးပါ၏၊ ဝိမုတ္တိငါးပါး၏ အစွမ်းအားဖြင့် အခါခပ်သိမ်း လွတ်မြောက်တော်မူပြီးသော ကဿပ မြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။"

"သာကီဝင် မင်းသားဖြစ်သော အကြင်မြတ်စွာဘုရားသည် ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်တတ်သော ဤအာဋာနာဋိယ ပရိတ်တရားကို ဟောတော်မူ၏၊ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်ရှိ၍ ဘုန်းကျက်သရေနှင့်လည်း ပြည့်စုံတော်မူ၏၊ သာကီဝင် မင်းသားဖြစ်သော ထိုမြတ်စွာဘုရားအားလည်း ကျွန်ုပ်ရှိခိုးပါ၏။"

"လောက၌ အကြင် ဝိပဿီ အစရှိသော မြတ်စွာဘုရား တို့သည် ကိလေသာ ငြိမ်းပြီးကုန်သည်ဖြစ်၍ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူကြကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ဂုံးစကားကိုပြောဆိုခြင်း၊ ကြောက်ခြင်းတို့မှလည်း ကင်းကုန်၏။"

www.dhammaransi.com



"နတ်လူတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော၊ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏ တို့နှင့် ပြည့်စုံတော်မူသော၊ ကြီးမြတ်သည်ဖြစ်၍ ကြောက်ရွံ့ခြင်းကင်းတော်မူသော အကြင်ဂေါတမ မြတ်စွာဘုရားကို နတ်လူတို့သည် ရှိခိုးကြကုန်၏။ ထိုဂေါတမ မြတ်စွာဘုရားအား ကျွန်ုပ်ရှိခိုးပါ၏။"

"အကြင်အရပ်မှ ထွန်းလင်းတောက်ပသောနေမင်း ထွက်ပေါ်လာသဖြင့် ညသည် ကွယ်ပျောက်၍ နေ့အဖို့သို့ ရောက်လာ၏၊ ထို နေထွက်ရာ အရပ်ကို အရှေ့အရပ်ဟူ၍ လူတို့ကခေါ်ဝေါ်ကြကုန်၏။ ထိုအရှေ့အရပ်ကို များသော အခြံအရံ ရှိသည့် ဂန္ဓဗ္ဗ နတ်တို့ကို အစိုးရသော ဓတရဋ္ဌ နတ်မင်းကြီးသည် စောင့်ရှောက်နေပါသည်။ များစွာသော သားတို့နှင့်တကွ ထိုဓတရဋ္ဌနတ်မင်းကြီးသည် သစ္စာလေးပါးကိုသိမြင်၍ ကြောက်ရွံ့ခြင်းကင်းသော မြတ်စွာဘုရားကို အဝေးကပင်လျှင် ရှိခိုးပါသည်။"

"အကြင်အရပ်မျက်နှာဖြင့် သေလွန်သူတို့ကိုငင်း၊ အပြစ်ကျူးလွန်သူတို့ကိုငင်း ထုတ်ဆောင်၍ သွားကြကုန်၏၊ ထို အရပ်မျက်နှာကို တောင်အရပ်ဟူ၍ လူတို့က ခေါ်ဝေါ်ကြကုန်၏၊ ထိုတောင်အရပ်ကို များသောအခြံအရံရှိ၍ ကုမ္ဘဏ်တို့ကို အစိုးရသော ဝိရူဠှက နတ်မင်းကြီးသည် စောင့်ရှောက်နေပါသည်။ များစွာသော သားတို့နှင့် တကွ ထိုဝိရူဠှက နတ်မင်းကြီးသည် သစ္စာလေးပါးကို သိမြင်၍ ကြောက်ရွံ့ခြင်းကင်းသော မြတ်စွာဘုရားကို အဝေးကပင်လျှင် ရှိခိုးပါသည်။"

"ထွန်းလင်းတောက်ပ၍ ကြီးသောအဝန်းရှိသော နေမင်းသည် အကြင်အရပ်သို့ ဝင်သွားသဖြင့် နေ့သည် ကွယ်ပျောက်၍ ညအဖို့သို့ ရောက်လာ၏၊ ထိုနေဝင်ရာအရပ်ကို အနောက်အရပ်ဟူ၍ လူတို့က ခေါ်ဝေါ်ကြကုန်၏၊ ထိုအနောက်အရပ်ကို များသောအခြံအရံရှိ၍ နတ်နဂါးတို့ကို အစိုးရသော ဝိရူပက္ခ နတ်မင်းသည် စောင့်ရှောက်နေပါသည်။ များစွာသောသားတို့နှင့် တကွ ထိုဝိရူပက္ခနတ်မင်းသည် သစ္စာလေးပါးကို သိမြင်၍ ကြောက်ရွံ့ခြင်းကင်းသော မြတ်စွာဘုရားကို အဝေးကပင်လျှင် ရှိခိုးပါသည်။"

"အကြင်အရပ်၌ ဥတ္တရကုရု မည်သော မြောက်ကျွန်းသည် ရှိ၏၊ မြင်းမိုရ်တောင်သည်လည်း ရွှေရောင်တောက်၏၊ ထိုအရပ်ကို မြောက်အရပ် ဟူ၍ လူတို့က ခေါ်ဝေါ်ကြပါသည်။ ထိုမြောက်အရပ်ကို များသော အခြံအရံ ရှိ၍ ဘီလူးတို့ကို အစိုးရသော ကုဝေရ နတ်မင်းသည် စောင့်ရှောက် နေပါသည်။

www.dhammaransi.com



များစွာသော သားတို့နှင့်တကွ ထိုကုဝေရ နတ်မင်းသည် သစ္စာလေးပါးကို သိမြင်၍ ကြောက်ရွံ့ခြင်း ကင်းသော မြတ်စွာဘုရားကို အဝေးကပင် ရှိခိုးပါသည်။

"ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား....အရှင်ဘုရားအား ကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား.... အရှင်ဘုရားအား ကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏၊ အရှင်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါအားလုံးကို ကြည့်ရှုတော်မူပါလော။"

## နတ်တို့အား တိုင်ကြားပါ

ဝေဿဝဏ် နတ်မင်းကြီးသည် ဗုဒ္ဓမြတ်စွာအား ပရိတ်အရံအတားကို ရွတ်ဆိုလျှောက်ထားပြီးနောက် ဤသို့ ထပ်မံလျှောက်ကြားပြန်၏။

"အရှင်ဘုရား... ဤအာဋာနာဋိယ မည်သော ပရိတ်အတားကို ကောင်းစွာ သင်ယူလေ့လာထားသော ရဟန်းကို ဖြစ်စေ၊ ရဟန်းမိန်းမကို ဖြစ်စေ၊ ဥပါသကာ၊ ဥပါသိကာမကို ဖြစ်စေ ဘီလူး၊ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ်၊ နဂါး စသော တစ်စုံတယောက်သောသူသည် အကယ်၍ နှောင့်ယှက်ငြားအံ့၊ ထိုသို့နှောင့်ယှက်သောသူသည် ရွာနိဂုံးတို့၌ အရိုအသေ အလေးအမြတ် ပြုခြင်းကို ရနိုင်တော့မည် မဟုတ်ပါ၊ အဋကမန္ဒာမည်သော မင်းနေပြည်၌ ဗိမာန်အိမ်ယာကိုဎင်း၊ အမြဲနေထိုင်ခွင့်ကိုဎင်း ရနိုင်တော့မည် မဟုတ်ပါ။ ထိုသူသည် ဘီလူး၊ ဂန္ဓဗ္ဗ စသည်တို့၏ အစည်းအဝေးသို့ တက်ရောက်ခွင့် ရနိုင်တော့မည် မဟုတ်ပါ။ အခြားသော ဘီလူး၊ ဂန္ဓဗ္ဗ စသည်တို့က ထိုသူနှင့် သားပေး သမီးယူ ပြုခြင်းကို ပြုလုပ်ကြတော့မည် မဟုတ်ပါ။ ထိုသူအား ဆဲရေးခြင်း မျိုးစုံဖြင့်လည်း ဆဲရေးကြမည်ဖြစ်ပါသည်။ ထိုသူ၏ဦးခေါင်း၌ သံခွက်လွတ်ကိုမူလည်း မှောက်ကြကုန်ရာပါသည်။ ထိုသူ၏ ဦးခေါင်းကို ခုနစ်စိတ်မူလည်း ခွဲကြကုန်ရာပါသည်။"

"အရှင်ဘုရား.... ဥပမာအားဖြင့် မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ နိုင်ငံ၌ ခိုးသူကြီးတို့သည် ရှိပါကုန်၏၊ ထိုခိုးသူကြီးတို့သည် မင်းကြီးနှင့်တကွ စစ်သူကြီး၊ မင်းချင်းတို့၏ စကားကို မလိုက်နာကြပါ။ ထို့အတူပင် အမျက်ဒေါသကြီး၍ နတ်မင်းကြီးများနှင့်တကွ ဘီလူးစစ်သူကြီး စသူတို့၏ စကားကို မလိုက်နာသည့် ဘီလူး စသည်လည်း ရှိကြပါသည်။ ထိုဘီလူးစသည်တို့သည် အကယ်၍ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့ကို ပူးငင်ခြင်း၊

www.dhammaransi.com



နှိပ်စက်ညှဉ်းဆဲခြင်း ပြုခဲ့သော် နတ်မင်းကြီးများနှင့်တကွ ဘီလူးစစ်သူကြီးဖြစ်သူ ဘို့အား တိုင်တန်းပြောကြားအပ်ပါသည်။ ယင်းသို့ တိုင်တန်းပြောကြားရမည့် ပုဂ္ဂိုလ်များမှာ ဣန္ဒ၊ သောမ၊ ဝရုဏ၊ ဘာရဒွါဇ၊ ပဇာပတိ၊ စန္ဒန၊ ကာမသေဋ္ဌ စသော နတ်ဘီလူးများဖြစ်ပါသည်။"

"အရှင်ဘုရား.... ဤအာဋာနာဋိယ ပရိတ်အရံအတားသည် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့အား ကာကွယ် စောင့်ရှောက်ခြင်းငှာ ရင်း၊ ပင်ပန်းဆင်းရဲမှု မရှိခြင်းငှာရင်း၊ ချမ်းသာစွာ နေရခြင်းငှာရင်း အထောက်အကူ ဖြစ်ပါလတံ့။"

ဝေဿဝဏ် နတ်မင်းကြီးသည် ဗုဒ္ဓမြတ်စွာအား ဤသို့လျှောက်ထားပြီး အခြားသော နတ်မင်းကြီး သုံးယောက်တို့နှင့်အတူ နေရာမှ ပျောက်ကွယ်သွားကြလေသည်။

## ပရိတ်အရံအတားကို ရဟန်းတို့အား ဟောကြားခြင်း

နံနက်မိုးသောက် အလင်းရောက်သောအခါ ဗုဒ္ဓမြတ်စွာသည် လွန်ခဲ့သော ညက နတ်မင်းကြီးလေးယောက်တို့ ရောက်လာပြီး ဝေဿဝဏ်နတ်မင်းကြီးက အာဋာနာဋိယမည်သော ပရိတ်အရံအတားကို ရွတ်ဆိုလျှောက်ကြားခဲ့ပုံကို ရဟန်းတို့အား တဆင့်ပြန်၍ ဟောကြားတော်မူသည်။ ရဟန်းတို့သည် လူနှင့်ဝေး၍ ဆိတ်ငြိမ်သော တောကျောင်းသို့ ကပ်ရောက်သည့်အခါ မပင်မပန်း ချမ်းချမ်းသာသာ နေနိုင်ရန်အလို့ငှာ အာဋာနာဋိယမည်သော ပရိတ်အရံအတားကို သင်ယူ၍ အဖန်ဖန် လေ့လာကြရန်လည်း တိုက်တွန်းတော်မူသည်။

"ရဟန်းတို့.... အာဋာနာဋိယမည်သော ပရိတ်အရံအတားကို သင်ယူကြကုန်လော့၊ အဖန်ဖန် လေ့လာကြကုန်လော့၊ ဆောင်ထား ကြကုန်လော့။ ရဟန်းတို့.... အာဋာနာဋိယမည်သော ပရိတ်အရံအတားသည် အကျိုးစီးပွားနှင့် စပ်၏။ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့အား ကာကွယ် စောင့်ရှောက်ခြင်းငှာ၊ ဆင်းရဲပင်ပန်းမှု မရှိစေခြင်းငှာ၊ ချမ်းသာစွာနေရခြင်းငှာ အထောက်အပံ့ ဖြစ်ပေ၏။"

www.dhammaransi.com

# ၃၃။ သင်္ဂီတိသုတ်

အညီအညွတ် ရွတ်ဆိုအပ်သော တရားများကို ဟောကြားခြင်း

## ပါဝါမြို့မှ မင်းကွန်းသစ်

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းငါးရာနှင့်အတူ မလ္လတိုင်း၌ ခရီးလှည့်လည်စဉ် ပါဝါမြို့သို့ ဆိုက်ရောက်၍ ပါဝါမြို့အနီး ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ပါဝါမြို့နေ မလ္လာမင်းသားတို့သည် ဗုဒ္ဓမြတ်စွာ ကြွရောက်လာကြောင်း ကြားသိကြလျှင် သရက်ဥယျာဉ်သို့ စုဝေး ရောက်ရှိလာကြပြီး ဗုဒ္ဓမြတ်စွာအား ရဟန်းငါးရာနှင့်တကွ မိမိတို့၏ ဆောက်လုပ်ပြီးစဖြစ်သော မင်းကွန်းသစ်သို့ ကြွရောက်သီတင်းသုံးရန် လျှောက်ထား တောင်းပန်ကြသည်။ ယင်းသို့ လျှောက်ထားတောင်းပန်ခြင်းကို ဗုဒ္ဓမြတ်စွာကလည်း ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်သည်။

ထို့နောက် မင်းကွန်းသစ်၌ နေရာထိုင်ခင်း ခင်းကျင်း ပြင်ဆင်ခြင်း၊ သောက်ရေ သုံးရေ တည်ထား၍ ဆီမီးထွန်းညှိခြင်း စသော ကိစ္စများပြီးစီး၍ မလ္လာမင်းသားတို့က လာရောက် ပင့်ဆောင်သောအခါ ဗုဒ္ဓမြတ်စွာသည်ရဟန်းငါးရာနှင့်အတူ မင်းကွန်းသစ်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။ မလ္လာမင်းသားတို့သည်လည်း မင်းကွန်းသစ်အတွင်းသို့ ဝင်၍ ဗုဒ္ဓမြတ်စွာအား ရှိခိုးကာ ထိုင်နေကြသည်။ ဗုဒ္ဓမြတ်စွာသည် မလ္လာမင်းသားတို့အား သင့်လျော်သော တရားစကားကို ဟောကြားတော်မူပြီး ညဉ့်ဦးယံလွန်သောအခါ ပြန်ရန်အချိန်သင့်ပြီဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ သို့ဖြင့် မလ္လာမင်းသားတို့သည် ဗုဒ္ဓမြတ်စွာအား ရှိခိုးပြီး မြို့တွင်းသို့ ပြန်ခဲ့ကြလေသည်။

မလ္လာမင်းသားတို့ ထွက်ခွာသွားသောအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ဆက်လက်၍ တရားဟောကြားရန် ရှင်သာရိပုတ္တရာအား တိုက်တွန်းတော်မူပြီး ကိုယ်တော်မြတ်ကား ညောင်းညာမှု ပြေပျောက်စေရန် အတွက် သတိသမ္ပဇဉ် မကင်းကွာမူ၍ မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူသည်။

www.dhammaransi.com



## ပြိုကွဲနေသော နိဂဏ္ဌသာသနာ

ထိုအချိန်တွင် ပါဝါမြို့၌ နာဋပုတ္တ မည်သော နိဂဏ္ဌဆရာကြီး ကွယ်လွန်ပြီးစဖြစ်၍ သူ၏တပည့် နိဂဏ္ဌတက္ကတွန်းတို့သည် အချင်းချင်းအငြင်းပွားကာ အုပ်စု ကွဲနေကြသည်။ နိဂဏ္ဌတို့၏ တပည့် ဖြစ်သော လူ ဒါယကာတို့သည်လည်း မိမိတို့ဆရာများအပေါ်၌ ငြီးငွေ့စိတ်ပျက်နေကြသည်။ ရှင်သာရိပုတ္တရာသည် ရဟန်း တို့အား တရား ဟောရာတွင် နိဂဏ္ဌ တို့၏ သာသနာ၌ တပည့်သာဝကအချင်းချင်း မညီမညွတ်ဖြစ်ကာ စိတ်ဝမ်းကွဲပြားနေကြခြင်းမှာ ကောင်းစွာ ဟောကြား အပ်သော တရား ဓမ္မ မဟုတ်ခြင်းကြောင့်သာ ဖြစ်ကြောင်း၊ မြတ်စွာဘုရား၏ တရားတော်သည်ကား ကောင်းစွာဟောကြားအပ်သော တရားဓမ္မဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

"ငါ့ရှင်တို့.... မြတ်စွာဘုရားဟောကြားအပ်သော တရားသည် ကောင်းစွာ ဟောကြားအပ်သော တရား ဖြစ်၏၊ လွတ်မြောက်ခြင်း၊ ငြိမ်းအေးခြင်းကို ဖြစ်စေတတ်သောတရား ဖြစ်၏၊ ထို့ကြောင့် သင်တို့သည် ထိုတရားကို အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံအပ်၊ ယင်းသို့ အညီအညွတ် ရွတ်ဆိုသည် ရှိသော် ဤသာသနာတော်သည် အရှည်တည်တံ့ပေရာ၏၊ နတ်လူတို့၏ စီးပွားချမ်းသာ အလို့ငှာ အထောက်အကူ ဖြစ်ပေရာ၏။"

## အညီအညွတ်ရွတ်ဆိုအပ်သော တရားများ

"ငါ့ရှင်တို့.... သတ္တဝါအားလုံးတို့သည် အစာအာဟာရလျှင် တည်ရာရှိကုန်၏၊ သင်္ခါရလျှင် တည်ရာရှိကုန်၏၊ သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ဤ တပါးသော တရားကို ကောင်းစွာ ဟောတော်မူအပ်၏၊ ထိုတရားကို သင်တို့ အညီအညွတ် ရွတ်ဆိုအပ်၏။"

## နှစ်ပါးစု တရားများ

"ငါ့ရှင်တို့.... ရုပ်တရား၊ နာမ်တရား။
ဘဝမြဲ၏ဟူသောအယူ၊ ဘဝပြတ်၏ဟူသောအယူ။
မရှက်ခြင်း၊ မကြောက်ခြင်း။
ရှက်ခြင်း၊ ကြောက်ခြင်း။
ဆုံးမခက်ခြင်း၊ မကောင်းသောအဆွေခင်ပွန်းရှိခြင်း။
ဆုံးမလွယ်ခြင်း၊ ကောင်းသောအဆွေခင်ပွန်းရှိခြင်း။

www.dhammaransi.com



အာပတ်၌ လိမ္မာခြင်း၊ အာပတ်မှ ထခြင်း၌ လိမ္မာခြင်း။
သမာပတ်၌ လိမ္မာခြင်း၊ သမာပတ်မှထခြင်း၌ လိမ္မာခြင်း။
ဓာတ်၌ လိမ္မာခြင်း၊ နှလုံးသွင်းခြင်း၌ လိမ္မာခြင်း။
အာယတန၌ လိမ္မာခြင်း၊ ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာခြင်း။

အကြောင်းဟုတ်သည်၌ လိမ္မာခြင်း၊ အကြောင်းမဟုတ်သည်၌ လိမ္မာခြင်း။

ဖြောင့်မတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း။
သည်းခံခြင်း၊ တရား၌ မွေ့လျော်ခြင်း။
သိမ်မွေ့ပြေပြစ်ခြင်း၊ စေ့စပ်ခြင်း။
မညှင်းဆဲခြင်း၊ စင်ကြယ်ခြင်း။
သတိလွတ်ခြင်း၊ ပညာအဆင်ခြင်မရှိခြင်း။
သတိရှိခြင်း၊ ပညာအဆင်ခြင် ရှိခြင်း။

ဣန္ဒြေတို့၌ မလုံခြုံသောတံခါး ရှိခြင်း၊ အစားအစာ၌ အတိုင်းအရှည် မသိခြင်း။

ဣန္ဒြေတို့၌ လုံခြုံသော တံခါး ရှိခြင်း၊ အစားအစာ၌ အတိုင်းအရှည် သိခြင်း။

ဆင်ခြင်ခြင်းအား၊ ပွားများခြင်းအား။
သတိအား၊ သမာဓိအား။
သမထ၊ ဝိပဿနာ။
သမထအာရုံ၊ ဝိပဿနာအာရုံ။
ဝီရိယတရား၊ မပျံ့လွင့်ခြင်းတရား။
သီလပျက်ခြင်း၊ အယူပျက်ခြင်း။
သီလ၏ ပြည့်စုံခြင်း၊ အယူ၏ ပြည့်စုံခြင်း။
သီလစင်ကြယ်ခြင်း၊ အယူစင်ကြယ်ခြင်း။
စင်ကြယ်သော ဉာဏ်အမြင်၊ ဉာဏ်အမြင်အားလျော်သော ဝီရိယ။

ထိတ်လန့်သင့်သောအရာတို့၌ ထိတ်လန့်ခြင်း၊ ထိတ်လန့်သောပုဂ္ဂိုလ်၏ ဉာဏ်အမြင်နှင့်ယှဉ်သော အားထုတ်ခြင်း။

ကုသိုလ်တရားတို့၌ မရောင့်ရဲခြင်း၊ ကမ္မဋ္ဌာန်း၌ မဆုတ်နစ်ခြင်း။

www.dhammaransi.com



ဝိဇ္ဇာနှင့်ဝိမုတ္တိ။

အရဟတ္တမဂ်နှင့်အရဟတ္တဖိုလ်

အစရှိသော နှစ်ပါးစုတရားများကိုလည်း မြတ်စွာဘုရားသည်ကောင်းစွာ ဟောကြားအပ်ကုန်၏၊ ထိုတရားတို့ကို သင်တို့သည် ကောင်းစွာ ရွတ်ဆိုအပ်ကုန်၏။"

**သုံးပါးစု တရားများ**

"ငါ့ရှင်တို့....သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် သုံးပါးစု တရားများကိုလည်း ကောင်းစွာ ဟောကြားအပ်ကုန်၏၊ ထို သုံးပါးစု တရားများကား....

လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ် မူလသုံးပါး။

အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလသုံးပါး။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် ဟူသော ဒုစရိုက်သုံးပါး။

ကာယ သုစရိုက်၊ ဝစီ သုစရိုက်၊ မနော သုစရိုက် ဟူ သော သု စ ရိုက် သုံးပါး။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် ဟူသော မိစ္ဆာဝိတက် သုံးပါး။

နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက် ဟူသော သမ္မာ ဝိတက်သုံးပါး။

ကာမသင်္ကပ္ပ၊ ဗျာပါဒသင်္ကပ္ပ၊ ဝိဟိံသာသင်္ကပ္ပ ဟူသော မိစ္ဆာသင်္ကပ္ပ သုံးပါး။

နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသာသင်္ကပ္ပ ဟူသော သမ္မာ သင်္ကပ္ပသုံးပါး။

ကာမသညာ၊ ဗျာပါဒသညာ၊ ဝိဟိံသာသညာ ဟူသော မိစ္ဆာသညာ သုံးပါး။

နေက္ခမ္မသညာ၊ အဗျာပါဒသညာ၊ အဝိဟိံသာသညာ ဟူသော သမ္မာ သညာသုံးပါး။

www.dhammaransi.com



ကာမခေတ်၊ ဗျာပါဒခေတ်၊ ဝိဟိံသာခေတ်ဟူသော အကုသိုလ်ခေတ်သုံးပါး။

နေက္ခမ္မခေတ်၊ အဗျာပါဒခေတ်၊ အဝိဟိံသာခေတ် ဟူသော ကုသိုလ်ခေတ်သုံးပါး။

ကာမခေတ်၊ ရူပခေတ်၊ အရူပခေတ်ဟူသော ခေတ်သုံးပါး။
ရူပခေတ်၊ အရူပခေတ်၊ နိရောဓခေတ် ဟူသော ခေတ်သုံးပါး။
ဟီနခေတ်၊ မဇ္ဈိမခေတ်၊ ပဏီတခေတ်ဟူသော ခေတ်သုံးပါး။
ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော တဏှာသုံးပါး။
ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာဟူသော တဏှာသုံးပါး။
ရူပတဏှာ၊ အရူပတဏှာ၊ နိရောဓတဏှာဟူသော တဏှာသုံးပါး။

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသဟူသော သံယောဇဉ်သုံးပါး။

ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝဟူသော အာသဝသုံးပါး။
ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟူသော ဘဝသုံးပါး။

ကာမဂုဏ်ကို ရှာမှီးခြင်း၊ ဘဝကို ရှာမှီးခြင်း၊ မြတ်သော အကျင့်ဟု သမုတ်အပ်သော မိစ္ဆာအယူကို ရှာမှီးခြင်းဟူသော ရှာမှီးခြင်းသုံးပါး။

ငါမြတ်၏ဟူသောမာန်၊ ငါတူ၏ဟူသောမာန်၊ ငါယုတ်၏ဟူသော မာန်အားဖြင့် သုံးပါးသောမာန်။

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် သုံးပါးသောကာလ။

ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော အစု၊ ဥပါဒါနက္ခန္ဓာ ငါးပါး၏ အကြောင်းဟူသောအစု၊ ဥပါဒါနက္ခန္ဓာ ငါးပါးချုပ်ခြင်း ဟူသော အစုအားဖြင့် သုံးပါးသောအစု။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူသော ဝေဒနာသုံးပါး။
ဒုက္ခ ဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခဟူသော ဒုက္ခသုံးပါး။
မကောင်းကျိုး ပေးခြင်း၌ မြဲသောအစု၊ ကောင်းကျိုး ပေးခြင်း၌ မြဲသောအစု၊ နှစ်မျိုးစလုံး၌ မမြဲသောအစုအားဖြင့် သုံးပါးသော အစု။

www.dhammaransi.com



အတိတ်ကိုအာရုံပြု၍ ယုံမှားခြင်း၊ အနာဂတ်ကို အာရုံပြု၍ယုံမှားခြင်း၊ ပစ္စုပ္ပန်ကို အာရုံပြု၍ ယုံမှားခြင်းဟူသော ယုံမှားခြင်းသုံးပါး။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်အားဖြင့် မြတ်စွာဘုရားတို့ အထူးစောင့်စည်းရန် မလိုသောတရားသုံးပါး။

ရာဂ၊ ဒေါသ၊ မောဟဟူသော ကြောင့်ကြခြင်းသုံးပါး။

ရာဂ၊ ဒေါသ၊ မောဟဟူသော မီးသုံးပါး။

အမိအဖမီး၊ အိမ်ရှင်မီး၊ အလှူခံမီးဟူသော မီးသုံးပါး။

မြင်ခြင်းနှင့်လည်း တကွ ထိပါးခြင်း နှင့် လည်း တကွ ဖြစ်သော ရုပ်၊ မြင်ခြင်းကားမရှိ ထိပါးခြင်းနှင့်သာ တကွ ဖြစ်သောရုပ်၊ မြင်ခြင်းလည်း မရှိ ထိပါး ခြင်းလည်းမရှိသော ရုပ်အားဖြင့် သုံးပါးသောရုပ်။

ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဟူသော သင်္ခါရသုံးပါး။

ကျင့်ဆဲသေက္ခပုဂ္ဂိုလ်၊ ကျင့်ပြီးအသေက္ခပုဂ္ဂိုလ်၊ ကျင့်ဆဲလည်း မဟုတ် ကျင့်ပြီးလည်းမဟုတ်သော နေဝသေက္ခ နာသေက္ခ ပုဂ္ဂိုလ် အားဖြင့် ပုဂ္ဂိုလ် သုံးပါး။

အသက်အရွယ်အားဖြင့် ကြီးသော ဇာတိထေရ၊ တရားဂုဏ်အားဖြင့် ကြီးသော ဓမ္မထေရ၊ ဝေါဟာရ အားဖြင့် သမုတ် အပ်သောသမ္မုတိထေရ အားဖြင့် ထေရသုံးပါး။

ဒါန၊ သီလ၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုသုံးပါး။

မြင်၍စောဒနာခြင်း၊ ကြား၍စောဒနာခြင်း၊ ယုံမှားရှိ၍စောဒနာခြင်း ဟူသော စောဒနာခြင်းသုံးပါး။

ထင်ရှားရှိသော ကာမဂုဏ်ကို ခံစားခြင်း၊ ဖန်ဆင်းအပ်သော ကာမဂုဏ်ကို ခံစားခြင်း၊ သူတပါး ဖန်ဆင်းအပ်သော ကာမဂုဏ်ကို ခံစားခြင်း၊ ဟူသော ကာမဂုဏ်ခံစားခြင်း သုံးပါး။

ကျင့်ဆဲသေက္ခပညာ၊ ကျင့်ပြီးအသေက္ခပညာ၊ ကျင့်ဆဲလည်းမဟုတ် ကျင့်ပြီးလည်း မဟုတ်သော နေဝသေက္ခ နာသေက္ခပညာ အားဖြင့် ပညာ သုံးပါး။

www.dhammaransi.com


ကြံစည်ခြင်းဖြင့်ပြီးသော စိန္တာမယပညာ၊ ကြားသိခြင်းဖြင့် ပြီးသော သုတမယပညာ၊ ပွားများခြင်းဖြင့် ပြီးသော ဘာဝနာမယပညာဟူသော ပညာ သုံးပါး။

အကြားအမြင် သုတလက်နက်၊ ဆိတ်ငြိမ်ခြင်း ဝိဝေကလက်နက်၊ ပညာ လက်နက် ဟူသော လက်နက်သုံးပါး။

အနုညာတညာဿာပိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ဟူသော ဣန္ဒြေ သုံးပါး။

မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခု ဟူသော စက္ခုသုံးပါး။

အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူသော သိက္ခာ သုံးပါး။

ကာယဘာဝနာ၊ စိတ္တဘာဝနာ၊ ပညာဘာဝနာ ဟူသော ဘာဝနာ သုံးပါး။

ဝိမုတ္တိဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဟူသော အလွန် မြတ်သော တရား သုံးပါး။

သဝိတက္က သဝိစာရ သမာဓိ၊ အဝိတက္က ဝိစာရမတ္တ သမာဓိ၊ အဝိတက္က အဝိစာရ သမာဓိ ဟူသော သမာဓိ သုံးပါး။

ကိုယ်ဖြင့် ရဟန်းအကျင့်ကို ကျင့်ခြင်း၊ နှုတ်ဖြင့် ရဟန်း အကျင့်ကို ကျင့်ခြင်း၊ စိတ်ဖြင့် ရဟန်းအကျင့်ကိုကျင့်ခြင်း ဟူသော ရဟန်းအကျင့်သုံးပါး။

အစီးအပွား၌ လိမ္မာခြင်း၊ အစီးအပွား မရှိသည်၌ လိမ္မာခြင်း၊ အကြောင်း၌ လိမ္မာခြင်းဟူသော လိမ္မာခြင်းသုံးပါး။

အနာကင်းခြင်းဖြင့် မာန်ယစ်ခြင်း၊ အရွယ်နှင့် ပြည့်စုံခြင်းဖြင့် မာန် ယစ်ခြင်း၊ ဇာတ်နှင့် ပြည့်စုံခြင်းဖြင့် မာန်ယစ်ခြင်း ဟူသော မာန်ယစ်ခြင်း သုံးပါး။

မိမိကိုယ်ကို အလေးပြုခြင်း၊ လောကကိုအလေးပြုခြင်း၊ တရားကို အ လေးပြုခြင်းဟူသော အလေးပြုခြင်းသုံးပါး။

အတိတ် ခန္ဓာကို အကြောင်းပြု၍ စကားကို ပြောဆိုခြင်း၊ အနာဂတ် ခန္ဓာကို အကြောင်းပြု၍ စကားကိုပြောဆိုခြင်း၊ ပစ္စုပ္ပန်ကိုအကြောင်း ပြု၍ စကားကိုပြောဆိုခြင်း ဟူသော စကားဖြစ်ကြောင်းသုံးပါး။

www.dhammaransi.com



ရှေးဘဝတို့ကို ပြန်၍အောက်မေ့နိုင်သော ဝိဇ္ဇာ၊ သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကိုသိသော ဝိဇ္ဇာ၊ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကိုကိုသိသော ဝိဇ္ဇာဟူသော ဝိဇ္ဇာသုံးပါး။

နတ်ချမ်းသာနှင့် တူသော သမာပတ်ချမ်းသာကို ခံစား၍ နေခြင်း၊ ဗြဟ္မာဝိဟာရတရားဖြင့်နေခြင်း၊ ဖလသမာပတ်ချမ်းသာကို ခံစား၍နေခြင်းဟူသော နေခြင်းသုံးပါး။

အထူးထူး တန်ခိုးဖန်ဆင်းခြင်း ဟူသော တန်ခိုးပြာဋိဟာ၊ သူတပါးစိတ်ကိုသိ၍ ညွှန်းဆိုခြင်း ဟူသော တန်ခိုးပြာဋိဟာ၊ သူတပါးစိတ်ကို သိ၍ တရား ဟောခြင်းဟူသော တန်ခိုးပြာဋိဟာအားဖြင့် သုံးပါးသော တန်ခိုးပြာဋိဟာတို့ ဖြစ်ကုန်၏။

**လေးပါးစု တရားများ**

"ငါ့ရှင်တို့.... သိတော်မူ မြင်တော်မူသော မြတ်စွာ ဘုရား သည် ကောင်းစွာ ဟောကြားအပ်သော လေးပါးစု တရားတို့သည်လည်း ရှိကုန်၏။ ထိုလေးပါးစု တရားတို့ကား-

ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် စသော သတိပဋ္ဌာန်လေးပါး။

မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်စေရန်အားထုတ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ရန်အားထုတ်ခြင်းစသော သမ္မပ္ပဓာန် လေးပါး။

ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ ဟူသော ဣဒ္ဓိပါဒ် လေးပါး။

ပဌမစျာန် ဒုတိယစျာန်စသော စျာန်လေးပါး။

ပစ္စုပ္ပန် အတ္တဘော၌ ချမ်းသာစွာနေခြင်းငှာ ဖြစ်သော သမာဓိဘာဝနာ၊ ဒိဗ္ဗစက္ခု ဉာဏ်အမြင်ကို ရခြင်းငှာဖြစ်သော သမာဓိဘာဝနာ၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံစေခြင်းငှာ ဖြစ်သော သမာဓိဘာဝနာ၊ အာသဝေါတရားတို့၏ ကုန်ခြင်းငှာဖြစ်သော သမာဓိဘာဝနာဟူသော သမာဓိ ဘာဝနာ လေးပါး။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော အပ္ပမညာလေးပါး။

အာကာသာ နဉ္စာယတနစျာန်စသော အာရုပ္ပစျာန်လေးပါး။

www.dhammaransi.com



ဉာဏ်ဖြင့်ဆင်ခြင်၍ မှီဝဲသင့်သော အရာကို မှီဝဲခြင်း၊ သည်းခံ သင့်သော အရာကို သည်းခံခြင်း၊ ရှောင်ကြဉ်သင့်သော အရာကို ရှောင်ကြဉ်ခြင်း၊ ပယ်ဖျောက်သင့်သောအရာကို ပယ်ဖျောက်ခြင်းဟူသော မှီရာလေးပါး။

ရသမျှသက်န်းဖြင့် ရောင့်ရဲခြင်း၊ ရသမျှဆွမ်းဖြင့် ရောင့်ရဲခြင်း၊ ရသမျှ ကျောင်းဖြင့် ရောင့်ရဲခြင်း၊ ဘာဝနာ၌မွေ့လျော်ခြင်း ဟူသော အရိယဝံသ တရားလေးပါး။

ဣန္ဒြေတို့ကို စောင့်စည်းရန် အားထုတ်ခြင်း၊ ကာမဝိတက် စသည်ကို ပယ်ရန် အားထုတ်ခြင်း၊ ဗောဇ္ဈင်စသည်ကို ပွားများရန် အားထုတ်ခြင်း၊ သမာဓိ နိမိတ်ကို စောင့်ရှောက်ရန် အားထုတ်ခြင်း ဟူသော အားထုတ်ခြင်း လေးပါး။

သစ္စာလေးပါး၌ သိသော ဓမ္မဉာဏ်၊ ဓမ္မဉာဏ်သို့ အစဉ်လိုက်သော အန္ဝယဉာဏ်၊ သူတပါးစိတ်ကို ပိုင်းခြားသိသော ပရိစ္ဆေဒဉာဏ်၊ သမုတိ ပညတ်၌သိသော ဉာဏ်အားဖြင့် ဉာဏ်လေးပါး။

ဆင်းရဲကိုသိသောဉာဏ်၊ ဆင်းရဲဖြစ်ကြောင်းကိုသိသောဉာဏ်၊ ဆင်းရဲ ချုပ်ရာကိုသိသောဉာဏ်၊ ဆင်းရဲချုပ်ရေးအကျင့်ကို သိသောဉာဏ် ဟူသော ဉာဏ်လေးပါး။

သူတော်ကောင်းကိုမှီဝဲခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်း၊ သင့်လျော်စွာ နှလုံးသွင်းခြြင်း၊ လျော်ကန် သင့်မြတ်သော အကျင့်ကို ကျင့် ခြင်းအားဖြင့် သောတာပတ္တိမဂ်ကိုရခြင်း၏ အကြောင်းလေးပါး။

မြတ်စွာဘုရား၌ ဉာဏ်ဖြင့်သက်ဝင်ယုံကြည်ခြင်း၊ တရား၌ ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း၊ သံဃာ၌ဉာဏ်ဖြင့်သက်ဝင်ယုံကြည်ခြင်း၊ မကျိုး မပေါက်သော အရိယသီလနှင့် ပြည့်စုံခြင်း ဟူသော သောတာပန်၏ အင်္ဂါ လေးပါး။

သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် တည်းဟူသော ရဟန်း၏အကျိုးလေးပါး။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်လေးပါး။

ကဗဠီကာရ အာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရ ဟူသော အာဟာရလေးပါး။

www.dhammaransi.com



ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော စိညာဉ်၏ တည်ရာလေးပါး။

ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိဟူသော အဂတိလေးပါး။

သက်နှံကြောင့် တဏှာဖြစ်ခြင်း၊ ဆွမ်းကြောင့်တဏှာဖြစ်ခြင်း၊ ကျောင်းကြောင့် တဏှာဖြစ်ခြင်း၊ မွန်မြတ်သော ဆီ ပျား တင်လဲ စသည်တို့ကြောင့် တဏှာဖြစ်ခြင်း ဟူသော ရဟန်းအား တဏှာဖြစ်ခြင်း၏ အကြောင်းလေးပါး။

နှေးကွေးစွာ အသိဉာဏ်ဖြစ်ပေါ်လာ၍ ဆင်းရဲစွာကျင့်ရသောအကျင့်၊ လျင်မြန်စွာ အသိဉာဏ် ဖြစ်ပေါ်လာသော်လည်း ဆင်းရဲစွာ ကျင့်ရသော အကျင့်၊ နှေးကွေးစွာ အသိဉာဏ်ဖြစ်ပေါ်လာသော်လည်း ချမ်းသာစွာ ကျင့်ရသော အကျင့်၊ လျင်မြန်စွာ အသိဉာဏ်ဖြစ်ပေါ်လာ၍ ချမ်းသာစွာလည်း ကျင့်ရသော အကျင့်ဟူသော အကျင့်လေးပါး။

အချမ်းအပူ စသည်ကို သည်းမခံနိုင်သော အကျင့်၊ အချမ်းအပူစသည်ကို သည်းခံနိုင်သော အကျင့်၊ ကိလေသာတို့ကို ဆုံးမသောအကျင့်၊ ကာမ ဝိတက် စသည်ကို ငြိမ်းစေသောအကျင့် ဟူသော အကျင့်လေးပါး။

အလောဘ၊ အဒေါသ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော တရားအစုလေးပါး။

ပစ္စုပ္ပန်၌လည်း ဆင်းရဲ၍ နောင်အခါ၌လည်း ဆင်းရဲသောအကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း၊ ပစ္စုပ္ပန်၌သာ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာသောအကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း၊ ပစ္စုပ္ပန်၌ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲသောအကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း၊ ပစ္စုပ္ပန်၌လည်း ချမ်းသာ၍ နောင်အခါ၌လည်း ချမ်းသာသောအကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း ဟူသော တရားကို ဆောက်တည်ခြင်း လေးပါး။

သီလအစု၊ သမာဓိအစု၊ ပညာအစု၊ ဝိမုတ္တိအစုဟူသော တရားအစု "ဓမ္မက္ခန္ဓာ" လေးပါး။

ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗိုလ်လေးပါး။

ပညာအဓိဋ္ဌာန်၊ သစ္စာအဓိဋ္ဌာန်၊ စာဂအဓိဋ္ဌာန်၊ ဥပသမအဓိဋ္ဌာန် ဟူသော အဓိဋ္ဌာန်လေးပါး။

www.dhammaransi.com



စင်စစ် ဖြေအပ်သောပြဿနာ၊ တဖန် မေး၍ ဖြေအပ်သောပြဿနာ၊ အကျယ် ဝေဖန်၍ ဖြေအပ်သောပြဿနာ၊ အမေးကိုဖယ်ထားပြီး အခြားနည်းဖြင့် ဖြေအပ်သော ပြဿနာ ဟူသော ပြဿနာလေးပါး။

မည်းညစ်၍ မည်းညစ်သော အကျိုးကို ပေးတတ်သောကံ၊ ဖြူစင်၍ ဖြူစင်သောအကျိုးကို ပေးတတ်သောကံ၊ မည်းညစ်ခြင်း ဖြူစင်ခြင်း နှစ်ပါးစုံ ရော၍ နှစ်ပါးစုံအကျိုးကို ပေးတတ်သောကံ၊ မည်းညစ်သည်လည်း မဟုတ် ဖြူစင်သည်လည်းမဟုတ်၍ နှစ်ပါးစုံမဟုတ်သော အကျိုးကို ပေးတတ်သောကံ ဟူသော ကံလေးပါး၊

ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို သတိဖြင့် မျက်မှောက်ပြုခြင်း၊ သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မျက်မှောက်ပြုခြင်း၊ ဝိမောက္ခရှစ်ပါးကို နာမကာယဖြင့် မျက်မှောက်ပြုခြင်း၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို အရဟတ္တဖိုလ် ပညာဖြင့် မျက်မှောက်ပြုခြင်း ဟူသော မျက်မှောက်ပြုခြင်း လေးပါး။

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဟူသော ဩဃလေးပါး။

ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ ဟူသော ယောဂလေးပါး။

ကာမယောဂနှင့် မယှဉ်ခြင်း၊ ဘဝယောဂနှင့် မယှဉ်ခြင်း၊ ဒိဋ္ဌိယောဂနှင့် မယှဉ်ခြင်း၊ အဝိဇ္ဇာယောဂနှင့် မယှဉ်ခြင်း ဟူသော ဝဋ်၌ မယှဉ်ခြင်းလေးပါး။

အဘိဇ္ဈာ၊ ဗျာပါဒ၊ သီလဗ္ဗတ ပရာမာသ၊ ဣဒံသစ္စာဘိနိဝေသဟူသော ဒွာထုံးအဖွဲ့လေးပါး။

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူသော ဉပါဒါန်လေးပါး။

ဥ၌ ပဋိသန္ဓေနေခြင်း၊ အမိဝမ်း၌ ပဋိသန္ဓေနေခြင်း၊ အညစ်၌ ပဋိသန္ဓေနေခြင်း၊ ကိုယ်ထင်ရှားပေါ်၍ ပဋိသန္ဓေနေခြင်း ဟူသော ပဋိသန္ဓေနေခြင်း လေးပါး။

အသိဉာဏ်မရှိမူ၍ အမိဝမ်းသို့ သက်ဝင်ပြီး အသိဉာဏ်မရှိမူ၍ အမိဝမ်း၌တည်နေကာအသိဉာဏ်မရှိ၍သာလျှင် အမိဝမ်းမှထွက်ခြင်း၊ အသိဉာဏ်ရှိလျက် အမိဝမ်းသို့ သက်ဝင်ပြီး အသိဉာဏ်မရှိဘဲ အမိဝမ်း၌ တည်နေကာ

www.dhammaransi.com



အသိဉာဏ်မရှိဘဲပင် အမိဝမ်းမှထွက်ခြင်း၊ အသိဉာဏ်ရှိလျက် အမိဝမ်းသို့ သက်ဝင်ပြီး အသိဉာဏ်ရှိလျက်ပင် အမိဝမ်း၌ တည်နေကာ အသိဉာဏ်မရှိဘဲ အမိဝမ်းမှထွက်ခြင်း၊ အသိဉာဏ်ရှိလျက် အမိဝမ်းသို့ သက်ဝင်ပြီး အသိဉာဏ် ရှိလျက် အမိဝမ်း၌ တည်နေကာ အသိဉာဏ်ရှိလျက်ပင် အမိဝမ်းမှထွက်ခြင်း ဟူသော အမိဝမ်း၌ ပဋိသန္ဓေကိန်းအောင်းခြင်း လေးပါး။

မိမိစေ့ဆော်မှုသာဖြစ်၍ သူတပါးစေ့ဆော်မှု မဖြစ်သော အတ္တဘော ကို ရခြင်း၊ သူတပါးစေ့ဆော်မှုသာဖြစ်၍ မိမိစေ့ဆော်မှု မဖြစ်သော အတ္တ ဘောကို ရခြင်း၊ မိမိစေ့ဆော်မှုလည်းဖြစ် သူတပါးစေ့ဆော်မှုလည်းဖြစ်သော အတ္တဘောကိုရခြင်း၊ မိမိစေ့ဆော်မှုလည်းမဖြစ် သူတပါးစေ့ဆော်မှုလည်း မဖြစ်သော အတ္တဘောကိုရခြင်း ဟူသော အတ္တဘောကိုရခြင်း လေးပါး။

လှူသူကြောင့် စင်ကြယ်ခြင်း၊ အလှူခံသူကြောင့် စင်ကြယ်ခြင်း၊ နှစ်ဦး လုံးကြောင့် မစင်ကြယ်ခြင်း၊ နှစ်ဦးလုံးကြောင့် စင်ကြယ်ခြင်းဟူသော အလှူ၏ စင်ကြယ်ခြင်းလေးပါး။

ပေးကမ်းခြင်း၊ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ အကျိုးစီးပွားကို ကျင့်ခြင်း၊ မိမိနှင့် ထပ်တူပြုခြင်း ဟူသော အဆွေခင်ပွန်းရခြင်း၏ အကြောင်း လေးပါး။

မဟုတ်မမှန်ပြောခြင်း၊ ဂုံးတိုက်ခြင်း၊ အကျိုးမဲ့ပြောခြင်း၊ ရုန့်ရင်းကြမ်း တမ်းစွာ ပြောခြင်း ဟူသော အရိယာ မဟုတ်သူတို့၏ စကားလေးမျိုး။

မဟုတ်မမှန်မပြောခြင်း၊ ဂုံးမတိုက်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းစွာ မပြော ခြင်း၊ အကျိုးမဲ့မပြောခြင်း ဟူသော အရိယာတို့၏ စကားလေးမျိုး။

မမြင်ဘဲ မြင်၏ဟု ပြောခြင်း၊ မကြားဘဲ ကြား၏ဟု ပြောခြင်း၊ မတွေ့ ဘဲ တွေ့၏ဟု ပြောခြင်း၊ မသိဘဲ သိ၏ဟု ပြောခြင်းဟူသော အရိယာမဟုတ်သူ တို့၏ စကားလေးမျိုး။

မြင်လျှင် မြင်၏ဟု ပြောခြင်း၊ ကြားလျှင် ကြား၏ဟုပြောခြင်း၊ တွေ့ လျှင် တွေ့၏ဟု ပြောခြင်း၊ သိလျှင်သိ၏ဟု ပြောခြင်း ဟူသော အရိယာတို့၏ စကားလေးမျိုး။

မိမိကိုယ်ကို ပူပန်စေတတ်၍ မိမိကိုယ်ကို ပူပန်စေသောအလုပ်ကိုလည်း အားထုတ်သူ၊ သူတပါးကို ပူပန်စေတတ်၍ သူတပါးကို ပူပန်စေသောအလုပ်

www.dhammaransi.com


ကိုလည်း အားထုတ်သူ၊ ယင်း နှစ်မျိုးလုံးကို ပြုလုပ်သူ၊ ယင်း နှစ်မျိုးလုံးကို မပြုလုပ်သူ ဟူသော ပုဂ္ဂိုလ်လေးယောက်။

မိမိအကျိုးငှာသာကျင့်သူ၊ သူတပါးအကျိုးငှာသာ ကျင့်သူ၊ နှစ်ဦးလုံး အကျိုးငှာ ကျင့်သူ၊ နှစ်ဦးလုံး အကျိုးငှာ မကျင့်သူ ဟူသော ပုဂ္ဂိုလ် လေးယောက်။

ယုတ်၍ ယုတ်သောလားရာရှိသူ၊ ယုတ်၍ မြတ်သောလားရာရှိသူ၊ မြတ်၍ ယုတ်သောလားရာ ရှိသူ မြတ်၍ မြတ်သောလားရာ ရှိသူ ဟူသော ပုဂ္ဂိုလ် လေးယောက်။

ခိုင်မြဲသော သဒ္ဓါနှင့် ပြည့်စုံသော ရဟန်း၊ ကြာပဒုမာနှင့် တူသော ရဟန်း၊ ကြာပုဏ္ဍရိတ်နှင့်တူသော ရဟန်း၊ နူးညံ့ သိမ်မွေ့သော ရဟန်း ဟူသော ရဟန်းလေးပါးတို့ ဖြစ်ကုန်၏။

## ငါးပါးစု တရားများ

"ငါ့ရှင်တို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သည့် ငါးပါးစု တရားတို့သည်လည်း ရှိကုန်၏။ ထိုတရားတို့ကား....

ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ အစရှိသော ခန္ဓာငါးပါး။

ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ အစရှိသော ဥပါဒါနက္ခန္ဓာ ငါးပါး။

စွဲမက်စေတတ်သော ရူပါရုံ၊ သဒ္ဒါရုံ စသည့် ကာမဂုဏ်ငါးပါး။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ် ဟူသော လားရာဂတိငါးပါး။

နေရာ၌ဝန်တိုခြင်း၊ အမျိုး၌ဝန်တိုခြင်း၊ လာဘ်၌ဝန်တိုခြင်း၊ အဆင်း၌ ဝန်တိုခြင်း၊ တရား၌ဝန်တိုခြင်း ဟူသော ဝန်တိုခြင်း ငါးပါး။

ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဟူသော နီဝရဏ ငါးပါး။

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ ဟူသော အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်းအဖို့ရှိသော သံယောဇဉ် ငါးပါး။

www.dhammaransi.com



သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော သိက္ခာပုဒ်ငါးပါး။

ရဟန္တာသည် သေစေလိုသောစေတနာဖြင့် သတ္တဝါကို သတ်ခြင်းငှာ မထိုက်၊ ခိုးလိုသောစိတ်ဖြင့် သူတပါးပစ္စည်းကို ယူခြင်းငှာ မထိုက်၊ မေထုန်မှီဝဲခြင်းငှာ မထိုက်၊ မုသားပြောခြင်းငှာမထိုက်၊ ကာမဂုဏ်တို့ကို သိုမှီး၍ခံစားခြင်းငှာ မထိုက်၊ ဤသို့အားဖြင့် ရဟန္တာတို့ပြုခြင်းငှာ မထိုက်သော တရားငါးပါး။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါဖြင့် ပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်း ဟူသော ပျက်စီးခြင်းငါးပါး။

ဆွေမျိုးပြည့်စုံခြင်း၊ စည်းစိမ်ပြည့်စုံခြင်း၊ အနာရောဂါ ကင်းခြင်းနှင့်ပြည့်စုံခြင်း၊ သီလပြည့်စုံခြင်း၊ အယူပြည့်စုံခြင်းဟူသော ပြည့်စုံခြင်းငါးပါး။

စည်းစိမ် ဆုံးရှုံးခြင်း၊ မကောင်းသတင်း ကျော်စောခြင်း၊ ပရိသတ်အလယ်၌ခြည်းပြုံးယုံကြောက်ရွံ့ခြင်း၊ တွေဝေလျက်သေရခြင်း၊ သေပြီးနောက်အပါယ်ငရဲသို့ ကျရောက်ရခြင်း ဟူသော သီလပျက်စီးခြင်း၏ အပြစ်ငါးပါး။

စည်းစိမ်ဥစ္စာကို ရရှိခြင်း၊ ကောင်းသော သတင်း ကျော်စောခြင်း၊ ပရိသတ် အလယ်၌ ကြောက်ရွံ့ ညှိုးငယ်မှု မရှိခြင်း၊ မတွေ့မဝေ သေရခြင်း၊ သေပြီးနောက်၌လည်း နတ်ပြည်သို့ ရောက်ရခြင်း ဟူသော သီလနှင့်ပြည့်စုံခြင်း၏ အကျိုး ငါးပါး။

လျောက်ပတ်သောအခါ၌သာ ဆိုခြင်း၊ ဟုတ်မှန်သောအကြောင်းဖြင့်သာ ဆိုခြင်း၊ သိမ်မွေ့သော စကားဖြင့်သာ ဆိုခြင်း၊ အကျိုးနှင့် စပ်သော စကားဖြင့်သာ ဆိုခြင်း၊ မေတ္တာစိတ်ဖြင့်သာ ဆိုခြင်း ဟူ၍ သူတပါးကို စောဒနာလိုသော ရဟန်းသည် မိမိသန္တာန်၌ တည်စေအပ်သော တရားငါးပါး။

သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ အနာရောဂါကင်းခြင်း၊ ဖြောင့်မှန်ခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ထက်မြက်စင်ကြယ်သောပညာနှင့် ပြည့်စုံခြင်း ဟူသော ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်း၏ အင်္ဂါငါးပါး။

အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံ ဟူသော သုဒ္ဓါဝါသဘုံ ငါးပါး။

www.dhammaransi.com



သက်တမ်း အလယ်ကို မလွန်မူ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ သက်တမ်းအလယ်ကို လွန်၍ ပရိနိဗ္ဗာန်ပြုသောအနာဂါမ်၊ အား မထုတ်ရမူ၍ ချမ်းသာစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ အားထုတ်လျက် ချမ်းသာစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ အကနိဋ္ဌဘုံသို့ရောက်၍ပရိနိဗ္ဗာန်ပြုသော အနာဂါမ်အားဖြင့် အနာဂါမ်ပုဂ္ဂိုလ်ငါးပါး။

ဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း၊ အကျင့်သိက္ခာ၌ ယုံမှားခြင်း၊ သီတင်းသုံးဖော်တို့ အပေါ်၌ မကျေနပ် မနှစ်သက်ခြင်းဟူသော စိတ်၏ ငြောင့်တံသင်း ငါးပါး။

ကာမဂုဏ်တို့၌ စွဲမက်မှုမကင်းခြင်း၊ ကိုယ်၌ စွဲမက်မှုမကင်းခြင်း၊ ရုပ်၌ စွဲမက်မှု မကင်းခြင်း၊ အိပ်စက်မှုကိုသာအားထုတ်၍နေခြင်း၊ နတ်ဖြစ်ရန် တောင့်တ၍ အကျင့်ကို ကျင့်ခြင်း ဟူသော စိတ်၏အနှောင်အဖွဲ့ ငါးပါး။

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဟူ သော ဣန္ဒြေငါးပါး။

သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ ဟူသော ဣန္ဒြေငါးပါး။

သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ဣန္ဒြေ ငါးပါး။

ကာမဂုဏ်၌ စိတ်မသက်ဝင်ခြင်း၊ ဖျက်ဆီးရေး၌ စိတ်မသက်ဝင်ခြင်း၊ ညှင်းဆဲရေး၌စိတ်မသက်ဝင်ခြင်း၊ ရုပ်၌စိတ်မသက်ဝင်ခြင်း၊ သက္ကာယ၌ စိတ်မသက်ဝင်ခြင်း ဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း နိဿရဏဓာတ် ငါးပါး။

တရားကိုကြားနာရ၍ ထိုတရား၏ အနက်အဓိပ္ပာယ်ကို သိမြင်ပြီး နှစ်သက်ဝမ်းမြောက်မှု စသည်ဖြစ်ကာ စိတ်တည်ကြည်ခြင်း၊ မိမိကြားဘူးသင်ဘူးသောတရားကို သူတပါးတို့အား ဟောပြောသဖြင့် စိတ်တည်ကြည်ခြင်း၊ ကြားဘူးသင်ဘူးသော တရားကို ရွတ်ဖတ်ခြင်း ပြုသဖြင့် စိတ်တည်ကြည်ခြင်း၊ မိမိသင်ဘူး ကြားဘူးသော တရားကို စိတ်ဖြင့် ဆင်ခြင် သုံးသပ် သဖြင့် စိတ်တည်ကြည်ခြင်း၊ သမာဓိ နိမိတ်ကို ကောင်းစွာ နှလုံးသွင်းသဖြင့် စိတ်တည်ကြည်ခြင်း ဟူသော ကိလေသာမှ လွတ်ခြင်း ဝိမုတ္တိ၏ အကြောင်းငါးပါး။

www.dhammaransi.com



အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ၊ ပဟာနသညာ၊ ဝိရာဂသညာ ဟူသော ရင့်ကျက်စေတတ်သော ပရိပါစနိယသညာ ငါးပါးတို့ဖြစ်ကုန်၏။

**ခြောက်ပါးစုတရားများ**

ငါ့ရှင်တို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ခြောက်ပါးစု တရားတို့သည်လည်း ရှိကုန်၏။ ထိုတရားတို့ကား–

စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန ဟူသော အတွင်း အာယတနခြောက်ပါး။

ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖေါဋ္ဌဗ္ဗာယတန ဓမ္မာယတန ဟူသော အပြင်အာယတန ခြောက်ပါး။

စက္ခုဝိညာဉ် သောတဝိညာဉ် အစရှိသောဝိညာဉ်ခြောက်ပါး။

စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ အစရှိသော ဖဿခြောက်ပါး။

စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ သောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာအစရှိသော ဝေဒနာခြောက်ပါး။

ရူပသညာ၊ သဒ္ဒသညာ အစရှိသော သညာခြောက်ပါး။

ရူပသဉ္စေတနာ၊သဒ္ဒသဉ္စေတနာ အစရှိသော သဉ္စေတနာခြောက်ပါး။

ရူပတဏှာ၊ သဒ္ဒတဏှာ အစရှိသော တဏှာခြောက်ပါး။

ဘုရား၌ မရိုသေခြင်း၊ တရား၌ မရိုသေခြင်း၊ သံဃာ၌ မရိုသေခြင်း၊ အကျင့်သိက္ခာ၌ မရိုသေခြင်း၊ အပ္ပမာဒတရား၌ မရိုသေခြင်း၊ ပဋိသန္ထာရ၌ မရိုသေခြင်း ဟူသော မရိုသေခြင်း ခြောက်ပါး။

ဘုရား၌ရိုသေခြင်း၊ တရား၌ရိုသေခြင်းစသော ရိုသေခြင်းခြောက်ပါး။

ရူပါရုံကို ဆင်ခြင်၍ ဝမ်းမြောက်ခြင်း၊ သဒ္ဒါရုံကို ဆင်ခြင်၍ ဝမ်းမြောက်ခြင်းအစရှိသော ဝမ်းမြောက်ခြင်းနှင့်ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်း ခြောက်ပါး။

ရူပါရုံကိုဆင်ခြင်၍ နှလုံးမသာခြင်း၊ သဒ္ဒါရုံကိုဆင်ခြင်၍ နှလုံးမသာခြင်း စသော နှလုံးမသာခြင်းနှင့်ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်းခြောက်ပါး။

www.dhammaransi.com



ရူပါရုံကိုဆင်ခြင်၍ လျစ်လျူရှုခြင်း၊ သဒ္ဒါရုံကိုဆင်ခြင်၍ လျစ်လျူရှုခြင်းစသော လျစ်လျူရှုခြင်းနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်းခြောက်ပါး။

သီတင်းသုံးဖော်တို့၏ မျက်မှောက် မျက်ကွယ်၌ ကာယကံမေတ္တာကို ဖြစ်စေခြင်း၊ ဝစီကံမေတ္တာကို ဖြစ်စေခြင်း၊ မနောကံ မေတ္တာကိုဖြစ်စေခြင်း၊ သီတင်းသုံးဖော်တို့နှင့် လာဘ်လာဘကို ခွဲဝေ၍ သုံးဆောင်ခြင်း၊ တူသော သီလရှိသည်ဖြစ်၍နေခြင်း၊ တူသော ဉာဏ်အမြင် ရှိသည်ဖြစ်၍ နေခြင်း အားဖြင့် အောက်မေ့ အပ်သော "သာရဏီယ" တရားခြောက်ပါး။

အမျက်ထွက်တတ် ရန်ငြိုးဖွဲ့တတ်ခြင်း၊ ဂုဏ်ကို ချေဖျက်တတ် တုပြိုင်တတ်ခြင်း၊ ငြူစူတတ် ဝန်တိုတတ်ခြင်း၊ စဉ်းလဲတတ် လှည့်ပတ်တတ်ခြင်း၊ မကောင်းသောအလို မှားသောအယူရှိခြင်း၊ မိမိအယူကို မှားသော အားဖြင့် စွဲလမ်းတတ် စွဲမြဲစွာယူတတ်ခြင်း အားဖြင့် ခိုက်ရန် ဖြစ်ခြင်း၏ အကြောင်း ခြောက်ပါး။

ဒေါသမှလွတ်ကြောင်းဖြစ်သော မေတ္တာစိတ်၊ ညှင်းဆဲခြင်းဝိဟေသမှ လွတ်ကြောင်းဖြစ်သော ကရုဏာစိတ်၊ မမွေ့လျော်ခြင်းမှ လွတ်ကြောင်းဖြစ်သော မုဒိတာစိတ်၊ စွဲမက်ခြင်းရာဂမှ လွတ်ကြောင်းဖြစ်သော ဥပေက္ခာစိတ်၊ ရာဂနိမိတ်စသည်မှ လွတ်ကြောင်းဖြစ်သော အနိမိတ္တစိတ်၊ ယုံမှားခြင်းမှ လွတ်ကြောင်း ဖြစ်သော မာနကို ပယ်ခြင်းအားဖြင့် ကိလေသာမှ လွတ်ကြောင်း နိဿရဏဓာတ်ခြောက်ပါး။

လွန်ကဲသော မြင်ခြင်း၊ လွန်ကဲသော ကြားခြင်း၊ လွန်ကဲသော ရခြင်း၊ လွန်ကဲသော အတတ်၊ လွန်ကဲသော လုပ်ကျွေးခြင်း၊ လွန်ကဲသောအောက်မေ့ခြင်း ဟူသော လွန်ကဲခြင်း (အနုတ္တရိယ) တရားခြောက်ပါး။

ရုပ်အဆင်းကိုမြင်လျှင် ဝမ်းသာဝမ်းနည်းခြင်းမဖြစ်ဘဲ လျစ်လျူရှု၍သာ နေခြင်း၊ အသံကို ကြားလျှင်၊ အနံ့ကို နံလျှင်၊ အရသာကိုစားသုံးလျှင်၊ အတွေ့အထိကို တွေ့ထိလျှင်၊ တရား သဘောကို စိတ်ဖြင့်သိလျှင် ဝမ်းသာဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍သာ နေခြင်းအားဖြင့် ရဟန္တာတို့၏ မြဲသော နေခြင်းခြောက်ပါး။

မည်းညစ်သော အမျိုးဇာတ်ရှိသည်ဖြစ်၍ မည်းညစ်သော တရားကိုဖြစ်စေခြင်း၊ မည်းညစ်သော အမျိုးဇာတ်ရှိသည်ဖြစ်၍ ဖြူစင်သော တရားကိုဖြစ်စေခြင်း၊ မည်းညစ်သော အမျိုးဇာတ်ရှိသည်ဖြစ်၍ မမည်းမဖြူသော တရား

www.dhammaransi.com



ကို ဖြစ်စေခြင်း၊ ဖြူစင်သောအမျိုးဇာတ် ရှိသည်ဖြစ်၍ ဖြူစင်သောတရားကို ဖြစ်စေခြင်း၊ ဖြူစင်သောအမျိုးဇာတ် ရှိသည်ဖြစ်၍ မည်းညစ်သော တရားကို ဖြစ်စေခြင်း၊ ဖြူစင်သော အမျိုးဇာတ်ရှိသည်ဖြစ်၍ မမည်းမဖြူသောတရားကို ဖြစ်စေခြင်း ဟူသော အမျိုးဇာတ် "အဘိဇာတိ" ခြောက်ပါး။

အနိစ္စာ နုပဿနာ သညာ၊ ဒုက္ခာနုပဿနာ သညာ၊ အနတ္တာနုပဿနာ သညာ၊ ပဟာနာ နုပဿနာသညာ၊ ရာဂါ နုပဿနာသညာ၊ နိရောဓာနုပဿနာ သညာအားဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော သညာခြောက်ပါးတို့ ဖြစ်ကုန်၏။

### ခုနစ်ပါးစု တရားများ

ငါ့ရှင်တို့....သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ခုနစ်ပါးစု တရားတို့သည်လည်း ရှိကုန်၏။ ထိုတရား တို့ကား....

သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ ဟူသော အရိယ ဥစ္စာ ခုနစ်ပါး။

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် စသော ဗောဇ္ဈင်ခုနစ်ပါး။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ ဟူသော သမာဓိ၏ အခြံအရံ ခုနစ်ပါး။

သဒ္ဓါမရှိခြင်း၊ ဟိရီမရှိခြင်း၊ ဩတ္တပ္ပမရှိခြင်း၊ အကြားအမြင်မရှိခြင်း၊ ပျင်းရိခြင်း၊ သတိလွတ်ခြင်း၊ ပညာမရှိခြင်း ဟူသော မသူတော်တရားခုနစ်ပါး။

သဒ္ဓါရှိခြင်း၊ ဟိရီရှိခြင်း၊ ဩတ္တပ္ပရှိခြင်း၊ အကြားအမြင် များခြင်း၊ ဝီရိယရှိခြင်း၊ သတိရှိခြင်း၊ ပညာရှိခြင်း ဟူသော သူတော်ကောင်းတရား ခုနစ်ပါး။

ပါဠိကိုသိခြင်း၊ အနက်ကိုသိခြင်း၊ မိမိကိုယ်ကိုသိခြင်း၊ အတိုင်းအရှည် ကို သိခြင်း၊ အခါကိုသိခြင်း၊ ပရိသတ်ကိုသိခြင်း၊ ပုဂ္ဂိုလ်ကိုသိခြင်း ဟူသော သူတော်ကောင်းတရား ခုနစ်ပါး။

သိက္ခာကို စောင့်ထိန်းခြင်း၌ ထက်သန်သော ဆန္ဒရှိခြင်း၊ တရားကို ဆင်ခြင်ခြင်း၌ ထက်သန်သော ဆန္ဒရှိခြင်း၊ တဏှာကို ဖျက်ဆီးခြင်း၌ ထက်

www.dhammaransi.com



သန့်သော ဆန္ဒရှိခြင်း၊ ဆိတ်ငြိမ်ရာတွင် တယောက်တည်းနေခြင်း၌ ထက်သန်သော ဆန္ဒရှိခြင်း၊ လုံ့လကို ပြည့်စုံစေခြင်း၌ ထက်သန်သော ဆန္ဒရှိခြင်း၊ ၁ဟ္ပိပညာ၌ ထက်သန်သော ဆန္ဒရှိခြင်း၊ အရိယမဂ်ကို သိမြင်ခြင်း၌ ထက်သန်သော ဆန္ဒရှိခြင်း ဟူသော ရဟန္တာဖြစ်ခြင်း၏ အကြောင်းခုနစ်ပါး။

အနိစ္စာ နုပဿနာ သညာ၊ အနတ္တာ နုပဿနာ သညာ၊ အသုဘာနုပဿနာသညာ၊ အာဒီနဝါ နုပဿနာသညာ၊ ပဟာနာ နုပဿနာသညာ၊ ဝိရာဂါ နုပဿနာသညာ၊ နိရောဓာ နုပဿနာသညာ ဟူသော သညာခုနစ်ပါး။

သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ် ဟူသော ဗိုလ်ခုနစ်ပါး။

ကိုယ်သဏ္ဌာန်ကွဲပြား၍ ပဋိသန္ဓေ သညာချင်းလည်း ကွဲပြားသော သတ္တဝါ၊ ကိုယ်သဏ္ဌာန်ကွဲပြား၍ ပဋိသန္ဓေ သညာချင်းတူသော သတ္တဝါ၊ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါ၊ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်း တူသော သတ္တဝါ၊ အာကာသာနဉ္စာယတန ဗြဟ္မာ၊ ဝိညာဏဉ္စာယတန ဗြဟ္မာ၊ အာကိဉ္စညာယတန ဗြဟ္မာ ဟူသော ဝိညာဉ်၏ တည်ရာခုနစ်ပါး။

ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်၊ ပညာဝိမုတ္တပုဂ္ဂိုလ်၊ ကာယသက္ခိပုဂ္ဂိုလ်၊ ဒိဋ္ဌိပတ္တပုဂ္ဂိုလ်၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ ဓမ္မာနုသာရီပုဂ္ဂိုလ်၊ သဒ္ဓါနုသာရီပုဂ္ဂိုလ် ဟူသော အလှူခံပုဂ္ဂိုလ် ခုနစ်ပါး။

ကာမရာဂါနုသယ၊ ပဋိဃာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ ဟူသော အနုသယခုနစ်ပါး။

အနုနယသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ မာနသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် ဟူသော သံယောဇဉ်ခုနစ်ပါး။

သမ္မုခါဝိနည်းကို ပေးခြင်း၊ သတိဝိနည်းကိုပေးခြင်း၊ အမူဠှဝိနည်းကို ပေးခြင်း၊ ဝန်ခံခြင်းဖြင့်ဆုံးဖြတ်ခြင်း၊ ယေဘုယျသိကာကံကို ပြုခြင်း၊ တဿပါပိယျသိကာကံကိုပြုခြင်း၊ တိဏဝတ္ထာရကကံကို ပြုခြင်း ဟူသော အဓိကရုဏ်းငြိမ်းကြောင်း ခုနစ်ပါးတို့ဖြစ်ကုန်၏။

www.dhammaransi.com


**ရှစ်ပါးစုံ တရားများ**

ငါ့ရှင်တို့ ... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ အပ်သော ရှစ်ပါးစုံ တရားတို့သည်လည်း ရှိကုန်၏။ ထိုတရားတို့ကား -

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ အစရှိသော မှားသော တရား ရှစ်ပါး။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ အစရှိသော မှန်သော တရား ရှစ်ပါး။

သောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ကို ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ကိုရရန် ကျင့်ဆဲပုဂ္ဂိုလ် စသော အလှူခံပုဂ္ဂိုလ် ရှစ်ပါး။

ပြုလုပ်ဖွယ် ကိစ္စရှိလျှင် ထိုကိစ္စကိုမပြုမီ အိပ်နေခြင်း၊ ပြုလုပ်ဖွယ်ကိစ္စကို ပြုပြီးနောက် ပင်ပန်း၍ အိပ်နေခြင်း၊ ခရီးသွားရန်ရှိလျှင် မသွားမီ အိပ်နေခြင်း၊ ခရီးသွားပြီးနောက် ပင်ပန်း၍ အိပ်နေခြင်း၊ ဆွမ်းဘောဇဉ်ကို ပြည့်စုံအောင် မရ၍ အိပ်နေခြင်း၊ ဆွမ်းဘောဇဉ်ကို ပြည့်စုံအောင် ရရှိပြီး ဗိုက်ပြည့်၍ အိပ်နေခြင်း၊ အနည်းငယ်သော အနာရောဂါကို အကြောင်းပြု၍ အိပ်နေခြင်း၊ အနာရောဂါမှ ထပြီးစဖြစ်၍ အိပ်နေခြင်း ဟူသော ပျင်းရိခြင်း၏ အကြောင်း ရှစ်ပါး။

ပြုလုပ်ဖွယ်ကိစ္စရှိလျှင် ထိုကိစ္စကိုမပြုမီ အားထုတ်ခြင်း၊ ထိုကိစ္စကိုပြုပြီးနောက်၌ အားထုတ်ခြင်း၊ ခရီးသွားရန် ကိစ္စရှိလျှင် မသွားမီအားထုတ်ခြင်း၊ ခရီးသွားပြီးနောက်၌ အားထုတ်ခြင်း၊ ဆွမ်းဘောဇဉ် ပြည့်စုံအောင်မရ၍ အားထုတ်ခြင်း၊ ဆွမ်းဘောဇဉ် ပြည့်စုံအောင်ရသဖြင့် အားထုတ်ခြင်း၊ အနည်းငယ်သော အနာရောဂါ ဖြစ်ပေါ်လာသဖြင့် အားထုတ်ခြင်း၊ အနာရောဂါမှ ထပြီးစဖြစ်၍ အားထုတ်ခြင်း ဟူသော အားထုတ်ခြင်း၏ အကြောင်းရှစ်ပါး။

ရောက်လာသောကြောင့် ပေးလှူခြင်း၊ ကြဲရွံ့ခြင်း စသည်မှ ကြောက်သောကြောင့် ပေးလှူခြင်း၊ မိမိအား ပေးဘူးသူဖြစ်၍ ပေးလှူခြင်း၊ မိမိအား ပေးလိမ့်မည်ထင်၍ ပေးလှူခြင်း၊ မိမိမှာ ချက်ပြုတ်သူဖြစ်၍ ချက်ပြုတ်ခြင်း မပြုရသူတို့အား ပေးလှူခြင်း၊ ကျော်စောသတင်းကို တောင့်တ၍ ပေးလှူခြင်း၊ စိတ်၏ဘန်ဆာ အခြံအရံအလို့ငှာ ပေးလှူခြင်း ဟူသော ဒါနဖြစ်ခြင်း၏ အကြောင်းရှစ်ပါး။

www.dhammaransi.com



သူ့ဒွေး သူကြွယ်ဖြစ်ခြင်း၊ စတုမဟာရာဇ်နတ် ဖြစ်ခြင်း တာဝတိံသာနတ်ဖြစ်ခြင်း၊ ယာမာနတ်ဖြစ်ခြင်း၊ တုသိတာနတ်ဖြစ်ခြင်း၊ နိမ္မာနရတိနတ်ဖြစ်ခြင်း၊ ပရနိမ္မိတဝသဝတ္တိ နတ်ဖြစ်ခြင်း၊ ဗြဟ္မာဖြစ်ခြင်း ဟူသော အလှူပေးခြင်းကြောင့် ဖြစ်သော အကျိုးရှစ်ပါး။

မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်း ပရိသတ်၊ စတုမဟာရာဇ်ပရိသတ်၊ တာဝတိံသာ ပရိသတ်၊ မာရ်နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်ဟူသော ပရိသတ်ရှစ်ပါး။

လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အကျော်အစောများခြင်း၊ အကျော်အစော နည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဟူသော လောကဓံတရားရှစ်ပါး။

မိမိသဏ္ဍာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသဏ္ဍာန်၌ ကောင်းသောအဆင်း မကောင်းသောအဆင်းရှိသည့် ငယ်သောကသိုဏ်းရုပ်တို့ကို ရှုမှတ်ခြင်း စသော အဘိဘာယတန စျာန်ရှစ်ပါး။

မိမိသဏ္ဍာန်၌ ကသိုဏ်းရုပ်စျာန်ရှိသည်ဖြစ်၍ ပြင်ပ သဏ္ဍာန်၌လည်း ကသိုဏ်းရုပ်တို့ကို ရှုမှတ်ခြင်းစသော ဝိမောက္ခရှစ်ပါးတို့ဖြစ်ကုန်၏။

## ကိုးပါးစုံတရားများ

ငါ့ရှင်တို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ကိုးပါးစု တရားတို့သည်လည်း ရှိကုန်၏။ ထိုတရားတို့ကား....

မိမိ၏အကျိုးမဲ့ကို ပြုဘူးသူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ပြုနေသူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ပြုမည့်သူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ မိမိချစ်ခင်သူ၏ အကျိုးမဲ့ကို ပြုဘူးသူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ပြုနေသူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ပြုမည့်သူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ မိမိမချစ်ခင်သူ၏ အကျိုးကို ပြုဘူးသူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ပြုနေသူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း၊ ပြုမည့်သူဖြစ်၍ ရန်ငြိုးဖွဲ့ခြင်း ဟူသော ခိုက်ရန် ဖြစ်ခြင်း၏ အကြောင်းကိုးပါး။

မိမိ၏အကျိုးမဲ့ကို ပြုဘူးခြင်းစသောအကြောင်းတို့၌ ရန်ငြိုးကိုဖြေဖျောက်ခြင်းဟူသော ရန်ငြိုးပြေကြောင်းကိုးပါး။

www.dhammaransi.com



ကိုယ်သဏ္ဍာန်ခြင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားသော သတ္တဝါ၊ ကိုယ်သဏ္ဍာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်း တူသောသတ္တဝါ၊ ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါ၊ ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်းတူသော သတ္တဝါ၊ သညာကင်း၍ အာရုံခံစားခြင်း မရှိသော သတ္တဝါ၊ အရူပလေးဘုံမှ ဗြဟ္မာများ ဟူသော သတ္တဝါတို့၏ နေရာ "သတ္တာဝါသ" ကိုးပါး။

ငရဲဘုံသို့ရောက်နေခြင်း၊ တိရစ္ဆာန်ဘုံသို့ ရောက်နေခြင်း၊ ပြိတ္တာဘုံသို့ ရောက်နေခြင်း၊ အသုရကာယ်ဘုံသို့ ရောက်နေခြင်း၊ အရူပဘုံအသညသတ်ဘုံသို့ရောက်နေခြင်း၊ ပစ္စန္တရာဇ်အရပ်၌ ဖြစ်နေခြင်း၊ မှားယွင်း ဖောက်ပြန်သော အယူရှိနေခြင်း၊ ဆွံ့အသူဖြစ်နေခြင်း၊ သစ္စာလေးပါး တရားကို မကြားနာရခြင်း ဟူသော မြတ်သောအကျင့်ကို ကျင့်ခြင်းငှာ အခွင့် အခါ မရခြင်း "အက္ခဏ" ကိုးပါး။

ရူပဈာန်လေးပါး၊ အရူပဈာန်လေးပါး၊ သညာဝေဒနာ တို့၏ ချုပ်ခြင်းဟူသော အစဉ်အတိုင်း ဝင်စား အပ်သော သမာပတ် ကိုးပါး၊ အစဉ်အတိုင်း ချုပ်ခြင်းကိုးပါးတို့ဖြစ်ကုန်၏။

ဆယ်ပါးစုတရားများ

ငါ့ရှင်တို့.... သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ဆယ်ပါးစု တရားတို့သည်လည်း ရှိကုန်၏။ ထိုတရားတို့ကား-

သီလနှင့် ပြည့်စုံခြင်း၊ အကြားအမြင်များခြင်း၊ အဆွေခင်ပွန်းကောင်းရှိခြင်း ဆိုဆုံးမလွယ်ခြင်း၊ အမှုကြီးငယ်၌ ကျွမ်းကျင် လိမ္မာခြင်း၊ တရားကို မြတ်နိုးခြင်း၊ ရသမျှ ပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၊ လုံ့လ ဝီရိယရှိခြင်း၊ သတိရှိခြင်း၊ ပညာရှိခြင်းဟူသော မှီခိုရာတရားဆယ်ပါး။

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတ ကသိုဏ်း၊ ဩဒါတကသိုဏ်း၊ အာကာသကသိုဏ်း၊ ဝိညာဏကသိုဏ်းဟူသောကသိုဏ်းဆယ်ပါး။

သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်း၊ မုသားပြောခြင်း၊ ကုံးတိုက်ခြင်း၊ ရုန့် ရင်း ကြမ်း တမ်း

www.dhammaransi.com



သော စကားကိုပြောခြင်း၊ ပြိန်ဖျင်းသော စကားကိုပြောခြင်း၊ လွန်စွာမကျေမောခြင်း၊ ပျက်စီးစေလိုခြင်း၊ အယူမှားခြင်းဟူသော အကုသိုလ် ကမ္မပထ တရားဆယ်ပါး။

သူ့အသက်သတ်ခြင်းမှရှောင်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း စသော ကုသိုလ်ကမ္မပထတရားဆယ်ပါး။

ကာမစ္ဆန္ဒ စသော နီဝရဏငါးပါးကို ပယ်ခြင်း၊ အာရုံ (၆)ပါးတို့၌ ဝမ်းသာ ဝမ်းနည်းခြင်း မရှိဘဲ လျစ်လျူရှု၍ နေခြင်း၊ သတိဖြင့် မိမိစိတ်ကို စောင့်ရှောက်ခြင်း၊ ဆင်ခြင်၍မှီဝဲခြင်း၊ သည်းခံခြင်း၊ ပယ်ဖျောက်ခြင်း၊ ရှောင်ကြဉ်ခြင်း ဟူသော မှီရာလေးပါး ရှိခြင်း၊ အမျိုးမျိုးသော သစ္စာတရားတို့ကို ပယ်ခြင်း၊ အလုံးစုံသော ရှာမှီးခြင်းကို စွန့်ခြင်း၊ ကြည်လင်သောအကြံ ရှိခြင်း၊ ငြိမ်းသော ကာယသင်္ခါရ ရှိခြင်း၊ ကိလေသာမှ လွတ်သောစိတ် ရှိခြင်း၊ ကိလေသာမှ လွတ်သောပညာ ရှိခြင်း ဟူသော မြတ်သော အကျင့် ဆယ်ပါး။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဉာဏ၊ သမ္မာဝိမုတ္တိ ဟူသော ရဟန္တာတို့၏ ဥစ္စာ ဆယ်ပါးတို့ ဖြစ်ကုန်၏။

ထိုတရားတို့၌ သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်ကုန်၏၊ မငြင်းခုံအပ်ကုန်၊ ယင်းသို့ ဖြစ်သည်ရှိသော် ဤသာသနာတော်သည် အရှည်တည်တံ့ပေရာ၏၊ နတ်လူ တို့၏ စီးပွားချမ်းသာ အလို့ငှာ အထောက်အကူ ဖြစ်ပေရာ၏။"

ဤသို့ ရှင်သာရိပုတ္တရာက ရဟန်းတို့အား ဟောကြားတော်မူသောအခါ ဗုဒ္ဓမြတ်စွာသည် ကျိန်းစက်ရာမှ ထတော်မူလာပြီး "သာရိပုတ္တရာ.... ကောင်းပေစွ၊ ကောင်းပေစွ" ဟု ချီးကျူး ထောမနာ ပြုတော်မူ သည်။ ရဟန်းတို့ကလည်း တရားကို ဝမ်းမြောက်စွာ ခံယူကြလေသည်။

www.dhammaransi.com

# ၃၄။ ဒသုတ္တရသုတ်

တပါးမှ ဆယ်ပါးထိ တရားစုများကို ဟောကြားခြင်း

စမ္ပာမြို့အနီး ဂဂ္ဂရာ မည်သော ရေကန် အနီး၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား အလုံးစုံသော အထုံးအဖွဲ့တို့မှ လွတ်မြောက်ကြောင်း ဖြစ်သည့် ဒသုတ္တရ သုတ္တန်ကို ဟောကြားတော်မူသည်။

**တပါးစု တရားများ**

ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းသည် များသော ကျေးဇူး ရှိသော တရားတပါးဖြစ်၏။

ကိုယ်နှင့် စပ်သော ဆင်ခြင်အောက်မေ့ခြင်း "ကာယဂတာသတိ"သည် ပွားများအပ်သော တရားတပါးဖြစ်၏။

ဥပါဒါန်တို့၏အကြောင်းဖြစ်သော ဖဿသည် ပိုင်းခြား၍ သိအပ်သော တရားတပါးဖြစ်၏။

ရုပ်စသည်၌ ငါ ဟူ၍ အထင် မှားခြင်းသည် ပယ်အပ်သော တရားတပါး ဖြစ်၏။

မှားသောနှလုံးသွင်းခြင်းသည် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားတပါးဖြစ်၏။

မှန်သော နှလုံးသွင်းခြင်းသည် ထူးသော အဖို့ ရှိသော တရား တပါးဖြစ်၏။

ဝိပဿနာ၏ အခြားမဲ့၌ဖြစ်သော စိတ်၏တည်ကြည်ခြင်းသည် ထိုးထွင်း၍ သိနိုင်ခဲသော တရားတပါး ဖြစ်၏။

မဖျက်ဆီးနိုင်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်စေအပ်သော တရားတပါးဖြစ်၏။

သတ္တဝါအားလုံးတို့၏ အစာဟူသော တည်ရာရှိခြင်းသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတပါးဖြစ်၏။

www.dhammaransi.com



သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာအားဖြင့် သုံးပါးသော ဝေဒနာတို့သည် ပိုင်းခြား၍ သိအပ်သော တရားသုံးပါးဖြစ်၏။

ကာမတဏှာ၊ ဘဝတဏှာ ဝိဘဝတဏှာအားဖြင့် သုံးပါးသောတဏှာတို့သည် ပယ်အပ်သော တရားသုံးပါးဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟအားဖြင့် သုံးပါးသော အကုသိုလ် မူလတို့သည် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားသုံးပါး ဖြစ်၏။

အလောဘ၊ အဒေါသ၊ အမောဟ အားဖြင့် သုံးပါးသော ကုသိုလ်မူလတို့သည် ထူးသောအဖို့ရှိသော တရားသုံးပါးဖြစ်၏။

နေက္ခမ္မဓာတ်၊ အရူပဓာတ်၊ နိရောဓဓာတ် အားဖြင့် သုံးပါးသော ဓာတ်တို့သည် ထိုးထွင်း၍ သိနိုင်ခဲသော တရားသုံးပါးဖြစ်၏။

အတိတ်အဖို့လျှင် အာရုံရှိသောဉာဏ်၊ အနာဂတ်အဖို့လျှင် အာရုံရှိသော ဉာဏ်၊ ပစ္စုပ္ပန်အဖို့လျှင် အာရုံရှိသောဉာဏ် တို့သည် ဖြစ်စေအပ်သော တရားသုံးပါးဖြစ်၏။

ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်အားဖြင့် သုံးပါးသော ဓာတ်တို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သော တရားသုံးပါး ဖြစ်၏။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ် အားဖြင့် သုံးပါးသောဝိဇ္ဇာဉာဏ်တို့သည် မျက်မှောက်ပြုအပ်သောတရား သုံးပါး ဖြစ်၏။

**လေးပါးစု တရားများ**

သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်း၊ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊ ရှေး၌ ပြုဘူးသောကောင်းမှုရှိခြင်းအားဖြင့် လေးပါးသော စက်တို့သည် ကျေးဇူးများသော တရား လေးပါး ဖြစ်၏။

သတိပဋ္ဌာန်လေးပါးတို့သည် ပွားများအပ်သော တရားလေးပါးဖြစ်၏။

အာဟာရလေးပါးတို့သည် ပိုင်းခြား၍ သိအပ်သော တရား လေးပါး ဖြစ်၏။

ဩဃလေးပါးတို့သည် ပယ်အပ်သော တရားလေးပါး ဖြစ်၏။

www.dhammaransi.com



ယောဂလေးပါးတို့သည် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားလေးပါး ဖြစ်၏။

ကာမဝိသံယောဂ၊ ဘဝဝိသံယောဂ အစရှိသော ဝိသံယောဂလေးပါး တို့သည် ထူးသောအဖို့ရှိသော တရားလေးပါးဖြစ်၏။

ဆုတ်ယုတ်ခြင်း အဖို့ရှိသော သမာဓိ၊ မတိုးမဆုတ် တန့်ရပ်နေသော အဖို့ရှိသော သမာဓိ၊ ထူးသောအဖို့ရှိသော သမာဓိ၊ သံသရာ၌ ငြီးငွေ့ခြင်း အဖို့ရှိသော သမာဓိ အားဖြင့် လေးပါးသောသမာဓိတို့သည် ထိုးထွင်း၍ သိနိုင် ခဲသော တရားလေးပါး ဖြစ်၏။

ဓမ္မဉာဏ်၊ အနွယဉာဏ်၊ ပရိယဉာဏ်၊ သမ္မုတိ ဉာဏ် အားဖြင့် လေး ပါးသော ဉာဏ်တို့သည် ဖြစ်စေအပ်သော တရားလေးပါး ဖြစ်၏။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ အစရှိသော သစ္စာလေးပါး တို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သော တရားလေးပါးဖြစ်၏။

သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ် အစရှိသော ဖိုလ်လေးပါးတို့ သည် မျက်မှောက်ပြုအပ်သော တရားလေးပါးဖြစ်၏။

## ငါးပါးစု တရားများ

သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ အနာရောဂါကင်းခြင်း၊ မာန်မူမှုလှည့် ပတ်မှုမရှိခြင်း၊ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ထက်မြက်စင်ကြယ်သော ပညာ ရှိခြင်းဟူသော ပဓာနိယင် တရားငါးပါးတို့သည် ကျေးဇူးများသော တရား ငါးပါးဖြစ်၏။

ပီတိပျံ့နှံ့သောစျာန်၊ သုခပျံ့နှံ့သောစျာန်၊ အခြားသူတို့၏ စိတ်ကို ပျံ့နှံ့၍ သိသော စေတောပရိယအဘိညာဉ်၊ အလင်းပျံ့နှံ့သော ဒိဗ္ဗစက္ခုအဘိ ညာဉ်၊ သမာပတ်မှထသော ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာ ဉာဏ်အားဖြင့် အင်္ဂါငါး ပါးရှိသော သမာဓိသည် ပွားများအပ်သော တရားငါးပါးဖြစ်၏။

တဏှာဉပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် ပိုင်းခြား၍ သိအပ်သော တရားငါးပါးဖြစ်၏။

နီဝရဏငါးပါးတို့သည် ပယ်အပ်သော တရားငါးပါးဖြစ်၏။

www.dhammaransi.com



ဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း၊ အကျင့်သိက္ခာ၌ ယုံမှားခြင်း၊ သီတင်းသုံးဖော်တို့အပေါ်၌ မနှစ်သက်သောစိတ်ရှိခြင်း ဟူသော ငြောင့်တံသင်း ငါးပါးတို့သည် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရား ငါးပါးဖြစ်၏။

သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ အစရှိသော ဣန္ဒြေငါးပါးတို့သည် ထူးသောအဖို့ရှိသော တရားငါးပါးဖြစ်၏။

ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၊ ဗျာပါဒမှ ထွက်မြောက်ခြင်း၊ ဝိဟေသမှ ထွက်မြောက်ခြင်း၊ ရုပ်တရားတို့မှ ထွက်မြောက်ခြင်း၊ သက္ကာယမှထွက်မြောက်ခြင်း ဟူသော ဓာတ်ငါးပါးတို့သည် ထိုးထွင်း၍ သိနိုင်ခဲသော တရား ငါးပါးဖြစ်၏။

ဉာဏ်နှင့်ယှဉ်သော သမ္မာသမာဓိ ငါးပါးတို့သည် ဖြစ်စေအပ်သော တရားငါးပါး ဖြစ်၏။

မိမိကြားနာရသော တရား၏အနက်အဓိပ္ပာယ်ကိုသိမြင်၍ ဝမ်းမြောက်မှုဖြစ်ကာ စိတ်တည်ကြည်ခြင်း၊ သူတပါးတို့အား မိမိဟောကြားသော တရား၏အနက်အဓိပ္ပာယ်ကို သိမြင်၍ ဝမ်းမြောက်မှုဖြစ်ကာ စိတ်တည်ကြည်ခြင်း၊ မိမိရွတ်ဖတ် သရဇ္ဈာယ်အပ်သော တရား၏ အနက်အဓိပ္ပာယ်ကို သိမြင်၍ ဝမ်းမြောက်မှုဖြစ်ကာ စိတ်တည်ကြည်ခြင်း၊ စိတ်ဖြင့် ဆင်ခြင် သုံးသပ်အပ်သော တရား၏ အနက်အဓိပ္ပာယ်ကို သိမြင်၍ ဝမ်းမြောက်မှုဖြစ်ကာ စိတ်တည်ကြည်ခြင်း၊ သမာဓိနိမိတ်ကို ကောင်းစွာ နှလုံးသွင်းသဖြင့် ဝမ်းမြောက်မှုဖြစ်ကာ စိတ်တည်ကြည်ခြင်း ဟူသော ကိလေသာမှ လွတ်ခြင်း၏ အကြောင်းငါးပါး တို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သော တရားငါးပါးဖြစ်၏။

သီလအစု၊ သမာဓိအစု၊ ပညာအစု၊ ဝိမုတ္တိအစု၊ ဝိမုတ္တိဉာဏဒဿနအစု အားဖြင့် ငါးပါးသော တရားအစုတို့သည် မျက်မှောက်ပြုအပ်သော တရား ငါးပါးဖြစ်၏။

## ခြောက်ပါးစု တရားများ

သီတင်းသုံးဖော်တို့အပေါ်၌ မျက်မှောက် မျက်ကွယ် ကာယကံမေတ္တာကို ဖြစ်စေခြင်း၊ ဝစီကံမေတ္တာကို ဖြစ်စေခြင်း၊ မနောကံမေတ္တာကိုဖြစ်စေခြင်း၊

www.dhammaransi.com



မိမိရသော လာဘ်လာဘကို သီတင်းသုံးဖော်တို့နှင့် ခွဲဝေ၍ သုံးဆောင်ခြင်း၊ သီတင်းသုံးဖော်တို့နှင့် တူမျှသော သီလရှိခြင်း၊ သီတင်းသုံးဖော်တို့နှင့် ဉာဏ်အမြင် တူမျှခြင်း ဟူသော ဤသာရဏီယတရား ခြောက်ပါးတို့သည် ကျေးဇူးများသော တရားခြောက်ပါးဖြစ်၏။

ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ တရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သံဃဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊ စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း ဟူသော အနုဿတိခြောက်ပါးတို့သည် ပွားများအပ်သော တရားခြောက်ပါးဖြစ်၏။

စက္ခာယတန၊ သောတာယတန အစရှိသော အတွင်း အာယတန ခြောက်ပါးတို့သည် ပိုင်းခြား၍ သိအပ်သော တရားခြောက်ပါးဖြစ်၏။

ရူပတဏှာ၊ သဒ္ဒတဏှာ အစရှိသော တဏှာခြောက်ပါးတို့သည် ပယ်အပ်သော တရားခြောက်ပါးဖြစ်၏။

ဘုရား၌မရိုသေခြင်း၊ တရား၌မရိုသေခြင်း၊ သံဃာ၌ မရိုသေခြင်း၊ အကျင့်သိက္ခာ၌ မရိုသေခြင်း၊ အပ္ပမာဒတရား၌ မရိုသေခြင်း၊ ပဋိသန္ထာရ၌ မရိုသေခြင်း ဟူသော အဂါရဝ ခြောက်ပါးတို့သည် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားခြောက်ပါးဖြစ်၏။

ဘုရား၌ရိုသေခြင်း၊ တရား၌ရိုသေခြင်း စသော ဂါရဝခြောက်ပါးတို့သည် ထူးသော အဖို့ရှိသော တရားခြောက်ပါးဖြစ်၏။

ဒေါသမှ ထွက်မြောက်ကြောင်း ဖြစ်သော မေတ္တာစိတ်၊ ဝိဟေသမှ ထွက်မြောက်ကြောင်းဖြစ်သော ကရုဏာစိတ်၊ မမွေ့မလျော်ခြင်းမှ ထွက်မြောက်ကြောင်းဖြစ်သော မုဒိတာစိတ်၊ ရာဂမှ ထွက်မြောက်ကြောင်းဖြစ်သော ဥပေက္ခာစိတ်၊ ရာဂစသော နိမိတ်မှ ထွက်မြောက်ကြောင်းဖြစ်သော အရဟတ္တဖိုလ်စိတ်၊ ဝိစိကိစ္ဆာမှ ထွက်မြောက်ကြောင်းဖြစ်သော မာနကို ပယ်ခြင်းဟူသော ဓာတ်ခြောက်ပါးတို့သည် ထိုးထွင်း၍ သိနိုင်ခဲသော တရားခြောက်ပါးဖြစ်၏။

www.dhammaransi.com



အာရုံခြောက်ပါးနှင့်ကြုံလျှင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းမရှိဘဲ သတိသမ္ပဇဉ်ဖြင့် လျစ်လျူရှု၍ နေခြင်းတို့သည် ဖြစ်စေအပ်သော တရားခြောက်ပါးဖြစ်၏။

အမြတ်ဆုံးသော မြင်ရခြင်း၊ အမြတ်ဆုံးသော ကြားနာရခြင်း၊ အမြတ်ဆုံးသော လာဘ်ရခြင်း၊ အမြတ်ဆုံးသော အကျင့်ကို ကျင့်ခြင်း၊ အမြတ်ဆုံးသော လုပ်ကျွေးခြင်း၊ အမြတ်ဆုံးသော အောက်မေ့ခြင်း အားဖြင့် ခြောက်ပါးသော အမြတ်ဆုံးတရားတို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သော တရားခြောက်ပါးဖြစ်၏။

ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ် စသော အဘိညာဉ်ခြောက်ပါးတို့သည် မျက်မှောက်ပြုအပ်သော တရားခြောက်ပါးဖြစ်၏။

## ခုနစ်ပါးစု တရားများ

သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဟူသော သူတော်ကောင်း ဥစ္စာခုနစ်ပါးတို့သည် ကျေးဇူးများသော တရားခုနစ်ပါးဖြစ်၏။

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် စသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပွားများအပ်သော တရားခုနစ်ပါးဖြစ်၏။

ဝိညာဉ်၏ တည်ရာခုနစ်ပါးတို့သည် ပိုင်းခြား၍ သိအပ်သော တရားခုနစ်ပါးဖြစ်၏။

ကာမရာဂါနုသယ၊ ပဋိဃာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ ဟူသော အနုသယခုနစ်ပါးတို့သည် ပယ်အပ်သော တရားခုနစ်ပါးဖြစ်၏။

သဒ္ဓါတရား မရှိခြင်း၊ အရှက်မရှိခြင်း၊ အကြောက် မရှိခြင်း၊ အကြားအမြင် နည်းခြင်း၊ ပျင်းရိခြင်း၊ သတိလွတ်ခြင်း၊ ပညာမရှိခြင်း ဟူသော မသူတော်တရား ခုနစ်ပါးတို့သည် ဆုတ်ယုတ်ခြင်း အဖို့ ရှိသော တရား ခုနစ်ပါးဖြစ်၏။

သဒ္ဓါတရားရှိခြင်း၊ အရှက်ရှိခြင်း၊ အကြောက်ရှိခြင်း၊ အကြားအမြင်များခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သတိရှိခြင်း၊ ပညာရှိခြင်း ဟူသော သူတော်

www.dhammaransi.com



ကောင်းတရား ခုနစ်ပါး တို့သည် ထူးသော အဖို့ ရှိသော တရား ခုနစ်ပါး ဖြစ်၏။

ပါဠိကို သိခြင်း၊ အနက်ကိုသိခြင်း၊ မိမိကိုယ်ကိုသိခြင်း၊ အတိုင်းအရှည်ကို သိခြင်း၊ အခါကို သိခြင်း၊ ပရိသတ်ကို သိခြင်း၊ ပုဂ္ဂိုလ်ကို သိခြင်းတို့သည် ထိုးထွင်း၍ သိနိုင်ခဲသော တရား ခုနစ်ပါးဖြစ်၏။

အနိစ္စာနုပဿနာသညာ၊ အနတ္တာနုပဿနာသညာ၊ အသုဘာနုပဿနာသညာ၊ အာဒီနဝါနုပဿနာ သညာ၊ ပဟာနာနုပဿနာ သညာ၊ ဝိရာဂါနုပဿနာ သညာ၊ နိရောဓာ နုပဿနာ သညာ ဟူသော သညာခုနစ်ပါးတို့သည် ဖြစ်စေအပ်သော အကျိုးတရား ခုနစ်ပါး ဖြစ်၏။

အကျင့်သိက္ခာ၌ ထက်သန်သောဆန္ဒ ရှိခြင်း၊ တရားကို ဆင်ခြင်ခြင်း၌ ထက်သန်သောဆန္ဒ ရှိခြင်း၊ တဏှာကို ဖျက်ဆီးခြင်း၌ ထက်သန်သောဆန္ဒ ရှိခြင်း၊ တယောက်ထီးတည်း နေခြင်း၌ ထက်သန်သော ဆန္ဒ ရှိခြင်း၊ လုံ့လကို ချီးမြှောက်ခြင်း၌ ထက်သန်သောဆန္ဒ ရှိခြင်း၊ သတိ ပညာ၌ ထက်သန်သော ဆန္ဒ ရှိခြင်း၊ အရိယမဂ်ကို သိမြင်ခြင်း၌ ထက်သန်သောဆန္ဒ ရှိခြင်း၊ ဟူသော ရဟန္တာဖြစ်ခြင်း၏ အကြောင်း ခုနစ်ပါးတို့သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားခုနစ်ပါး ဖြစ်၏။

အာသဝေါကုန်ပြီးသော ရဟန်း၏သင်္ခါရတို့ကို အနိစ္စဟူ၍ ဟုတ်တိုင်း မှန်စွာ မြင်ခြင်း၊ ကာမဂုဏ်တို့ကို မီးကျီးတွင်းကဲ့သို့ မြင်ခြင်း၊ နိဗ္ဗာန်သို့ ညွတ်ကိုင်းသောစိတ် ရှိခြင်း၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများခြင်း၊ ဣန္ဒြေငါးပါးတို့ကို ပွားများခြင်း၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွားများခြင်း၊ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွားများခြင်း ဟူသော ရဟန္တာပုဂ္ဂိုလ်၏ အားခုနစ်ပါးတို့သည် မျက်မှောက်ပြုအပ်သော တရား ခုနစ်ပါး ဖြစ်၏။

## ရှစ်ပါးစု တရားများ

ချစ်ကြောက်ရိုသေအပ်သော ပုဂ္ဂိုလ်တပါးပါးကို အမှီပြု၍ နေခြင်း၊ ထိုပုဂ္ဂိုလ်ထံ ရံဖန်ရံခါ ဆည်းကပ်၍ ဆွေးနွေးမေးမြန်းခြင်း၊ တရားကို နာရ၍ ကိုယ်စိတ် ငြိမ်းချမ်းခြင်း၊ အကျင့်သီလကို စောင့်ထိန်းခြင်း၊ အကြားအမြင် များခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သတိပညာနှင့်ပြည့်စုံခြင်း၊ ဥပါဒါနက္ခန္ဓာတို့၏

www.dhammaransi.com



'အ့ဖြစ်အပျက်ကို အဖန်ဖန်ရှု၍ နေခြင်းတို့သည် မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှာရင်း၊ ရပြီးသော သမ္မာဒိဋ္ဌိပညာကို တိုးတက်ပြန့်ပြောစေခြင်းငှာ ရင်း အကြောင်းအထောက်ပံ့များ ဖြစ်၍ ကျေးဇူးများသော တရား ရှစ်ပါး ဖြစ်၏။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင် ရှစ်ပါးတို့သည် ပွားများ အပ်သော တရားရှစ်ပါး ဖြစ်၏။

လာဘ်ရခြင်း၊ လာဘ်မရခြင်း အစရှိသော လောကဓံ ရှစ်ပါးတို့သည် ပိုင်းခြား၍ သိအပ်သော တရားရှစ်ပါး ဖြစ်၏။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ အစရှိသော တရား ရှစ်ပါး တို့သည် ပယ်အပ် သော တရားရှစ်ပါး ဖြစ်၏။

ပျင်းရိခြင်း၏ အကြောင်းရှစ်ပါးတို့သည် ဆုတ်ယုတ်ခြင်း အဖို့ရှိသော တရားရှစ်ပါးဖြစ်၏။

အားထုတ်ခြင်း၏ အကြောင်းရှစ်ပါးတို့သည် ထူးသော အဖို့ ရှိသော တရား ရှစ်ပါး ဖြစ်၏။

ငရဲဘုံသို့ ရောက်နေခြင်း၊ တိရစ္ဆာန်ဘုံသို့ ရောက်နေခြင်း၊ ပြိတ္တာဘုံ သို့ ရောက်နေခြင်း၊ အရူပဘုံ၊ အသညသတ်ဘုံသို့ ရောက်နေခြင်း၊ ပစ္စန္တရာဇ် အရပ်၌ ဖြစ်နေခြင်း၊ မှားယွင်းဖောက်ပြန်သောအယူရှိနေခြင်း၊ ဆွံ့အသူဖြစ် နေခြင်း၊ သစ္စာလေးပါးတရားကို မကြားနာရခြင်းဟူသော မြတ်သောအကျင့် ကို ကျင့်ခြင်းငှာ အခွင့်အခါမရခြင်း ရှစ်ပါးတို့သည် ထိုးထွင်း၍သိနိုင်ခဲသော တရား ရှစ်ပါး ဖြစ်၏။

အလိုနည်းသူ၏ အကျင့်ဖြစ်ခြင်း၊ ရောင့်ရဲလွယ်သူ၏ အကျင့်ဖြစ်ခြင်း၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူ၏ အကျင့်ဖြစ်ခြင်း၊ ဝီရိယရှိသူ၏ အကျင့်ဖြစ်ခြင်း၊ သတိရှိသူ၏ အကျင့်ဖြစ်ခြင်း၊ တည်ကြည်သူ၏ အကျင့်ဖြစ်ခြင်း၊ ပညာရှိသူ၏ အကျင့်ဖြစ်ခြင်း၊ သံသရာမချဲ့သူ၏ အကျင့်ဖြစ်ခြင်း ဟူသော ယောကျ်ားမြတ်တို့ ၏ အကျင့်ရှစ်ပါးတို့သည် ဖြစ်စေအပ်သော တရား ရှစ်ပါး ဖြစ်၏။

ဆန့်ကျင်ဘက် တရား တို့ကို လွှမ်းမိုးနိုင်သော အဘိဘာယတန ရှစ်ခု ရှစ်ပါးတို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သောတရားရှစ်ပါး ဖြစ်၏။

ဆန့်ကျင်ဘက်တို့မှ လွတ်မြောက်သော ဝိမောက္ခရှစ်ခုရှစ်ပါးတို့သည် မျက်မှောက်ပြုအပ်သော တရားရှစ်ပါး ဖြစ်၏။

အသင့်အားဖြင့် နှလုံးသွင်းသဖြင့် ဝမ်းမြောက်မှုဖြစ်ခြင်း၊ ဝမ်းမြောက်သဖြင့် နှစ်သိမ့်ခြင်း၊ နှစ်သိမ့်သော စိတ် ရှိသဖြင့် ကိုယ် ငြိမ်းအေးခြင်း၊ ကိုယ် ငြိမ်းအေးသဖြင့် ချမ်းသာခြင်း၊ ချမ်းသာသဖြင့် စိတ် တည်ကြည်ခြင်း၊ စိတ် တည်ကြည်သဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း၊ ဟုတ်တိုင်းမှန်စွာ သိမြင်သဖြင့် ငြီးငွေ့ခြင်း၊ ငြီးငွေ့သဖြင့် စွဲလမ်းမှုကင်းခြင်း၊ စွဲလမ်းမှုကင်းသဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း တို့သည် ကျေးဇူးများသော တရား ကိုးပါး ဖြစ်၏။

သီလ စင်ကြယ်ခြင်း၊ စိတ်စင်ကြယ်ခြင်း၊ ပညာစင်ကြယ်ခြင်း၊ ယုံမှားခြင်းကို ဖျောက်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်း၊ မဂ် ဟုတ်မဟုတ်ကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊ မဂ်ရကြောင်းအကျင့်ကိုသိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊ ဝိပဿနာဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊ အရဟတ္တဖိုလ် ဉာဏ်ပညာ၏ စင်ကြယ်ခြင်း၊ အရဟတ္တဖိုလ်၏ စင်ကြယ်ခြင်း ဟူသော အင်္ဂါကိုးပါး တို့သည် ပွားများအပ်သော တရား ကိုးပါး ဖြစ်၏။

သတ္တဝါတို့၏ တည်နေရာ၊ သတ္တာဝါသ ကိုးပါးတို့သည် ပိုင်းခြား၍ သိအပ်သော တရားကိုးပါးဖြစ်၏။

တပ်မက်မှုတဏှာကိုစွဲ၍ ရှာမှီးမှုဖြစ်ခြင်း၊ ရှာမှီးမှုကိုစွဲ၍ ရရှိမှုဖြစ်ခြင်း၊ ရရှိမှုကိုစွဲ၍ ဆုံးဖြတ်မှုဖြစ်ခြင်း၊ ဆုံးဖြတ်မှုကိုစွဲ၍ လိုချင်စုံမက်မှု ဆန္ဒရာဂ ဖြစ်ခြင်း၊ လိုချင်စုံမက်မှုကိုစွဲ၍ စွဲမက်မှုရာဂဖြစ်ခြင်း၊ စွဲမက်မှုကိုစွဲ၍ သိမ်းဆည်းမှုဖြစ်ခြင်း၊ သိမ်းဆည်းမှုကိုစွဲ၍ ဝန်တိုမှုဖြစ်ခြင်း၊ ဝန်တိုမှုကိုစွဲ၍ စောင့်ရှောက်မှု ဖြစ်ခြင်း၊ စောင့်ရှောက်မှုကို စွဲ၍ ဒဏ်ထားမှု၊ လက်နက် စွဲကိုင်မှု၊ ခိုက်ရန်ငြင်းခုန်ပြုမှု စသည်တို့ ဖြစ်ပေါ်ခြင်းတို့သည် ပယ်အပ်သော တရား ကိုးပါး ဖြစ်၏။

ခိုက်ရန်ဖြစ်ခြင်း၏ အကြောင်းကိုးပါးတို့သည် ဆုတ်ယုတ်ခြင်း အဖို့ ရှိသော တရားကိုးပါး ဖြစ်၏။

ရန်ငြိုးပြေကြောင်းကိုးပါးတို့သည် ထူးသောအဖို့ရှိသော တရားကိုးပါး ဖြစ်၏။

ဓာတ်သဘော ထူးခြားမှုကိုစွဲ၍ ဖဿထူးခြားမှုဖြစ်ခြင်း၊ ဖဿထူးခြားမှုကိုစွဲ၍ ဝေဒနာထူးခြားမှုဖြစ်ခြင်း၊ ဝေဒနာထူးခြားမှုကိုစွဲ၍ ကာမသညာ စသည့်ထူးခြားမှုဖြစ်ခြင်း၊ ကာမသညာစသည် ထူးခြားမှုကိုစွဲ၍ အကြံအစည်

www.dhammaransi.com



ထူးခြားမှုဖြစ်ခြင်း၊ အကြံအစည် ထူးခြားမှုကိုစွဲ၍ ဆန္ဒထူးခြားမှု ဖြစ်ခြင်း၊ ဆန္ဒထူးခြားမှုကိုစွဲ၍ ပူလောင်ခြင်း ထူးပြားမှုဖြစ်ခြင်း၊ ပူလောင်ခြင်းထူးခြားမှုကိုစွဲ၍ ရှာမှီးခြင်းထူးခြားမှုဖြစ်ခြင်း၊ ရှာမှီးခြင်းထူးခြားမှုကိုစွဲ၍ ရခြင်းထူးခြားမှုဖြစ်ခြင်း၊ ရခြင်းထူးခြားမှုကိုစွဲ၍ မှတ်ထင်ခြင်း ထူးခြားမှု ဖြစ်ခြင်းတို့သည် ထိုးထွင်း၍သိနိုင်ခဲသော တရားကိုးပါးဖြစ်၏။

ပတင့်တယ်ဟုရှုမှတ်ခြင်း၊ သေခြင်းတရားကိုရှုမှတ်ခြင်း၊ အစာအဟာရ၌ စက်ဆုတ်ဖွယ်ဟု ရှုမှတ်ခြင်း၊ အလုံးစုံသော လောက၌ မွေ့လျော်ဖွယ် မရှိဟု ရှုမှတ်ခြင်း၊ မမြဲသောသဘောကို ရှုမှတ်ခြင်း၊ ဆင်းရဲခြင်း သဘောကို ရှုမှတ်ခြင်း၊ အနတ္တသဘောကိုရှုမှတ်ခြင်း၊ ပယ်ခြင်းသဘောကို ရှုမှတ်ခြင်း၊ တပ်ခြင်းကင်းသော ရှုမှတ်ခြင်းတို့သည် ဖြစ်စေအပ်သောတရားကိုးပါးဖြစ်၏။

အစဉ်အတိုင်း ဝင်စားအပ်သော စျာန်သမာပတ်ကိုးပါးတို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကိုးပါးဖြစ်၏။

ပထမစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ကာမသညာ ချုပ်ခြင်း၊ ဒုတိယစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက်ဝိစာရချုပ်ခြင်း၊ တတိယစျာန်ကိုဝင်စားသော ပုဂ္ဂိုလ်အား ပီတိချုပ်ခြင်း၊ စတုတ္ထစျာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ထွက်သက်ဝင်သက်ချုပ်ခြင်း၊ အာကာသာနဉ္စာယတနစျာန်ကိုဝင်စားသော ပုဂ္ဂိုလ်အား ရုပ်သညာချုပ်ခြင်း၊ ဝိညာဏဉ္စာယတန စျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတန သညာချုပ်ခြင်း၊ အာကိဉ္စညာယတနစျာန်ကိုဝင်စားသောပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတန သညာချုပ်ခြင်း၊ နေဝသညာနာသညာ ယတန စျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတန သညာချုပ်ခြင်း၊ နိရောဓ သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား သညာဝေဒနာချုပ်ခြင်းဟူသော အစဉ်အတိုင်း ချုပ်ခြင်းကိုးပါးတို့သည် မျက်မှောက်ပြုအပ်သော တရားကိုးပါးဖြစ်၏။

ဆယ်ပါးစုတရားများ

သီလနှင့် ပြည့်စုံခြင်း၊ အကြားအမြင်များခြင်း၊ အဆွေခင်ပွန်းကောင်း ရှိခြင်း၊ ဆိုဆုံးမလွယ်ခြင်း၊ အမှုကြီးငယ်၌ ကျွမ်းကျင်လိမ္မာခြင်း၊ တရားကို မြတ်နိုးခြင်း၊ ရသမျှပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊

www.dhammaransi.com



သတိရှိခြင်း၊ ပညာရှိခြင်းဟူသော မှီခိုရာတရား ဆယ်ပါးသည် ကျေးဇူးများသော တရားဆယ်ပါးဖြစ်၏။

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ အစရှိသော ကသိုဏ်း ဆယ်ပါးတို့သည် ပွားစေအပ်သော တရားဆယ်ပါးဖြစ်၏။

စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ သဒ္ဒါယတန၊ ဃာနာယတန၊ ဂန္ဓာယတန၊ ဇိဝှာယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတနအားဖြင့် ဆယ်ပါးသော အာယတနတို့သည် ပိုင်းခြား၍ သိအပ်သော တရားဆယ်ပါးဖြစ်၏။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဉာဏ၊ မိစ္ဆာဝိမုတ္တိအားဖြင့် ဆယ်ပါးသော မိစ္ဆာဓမ္မတို့သည် ပယ်အပ်သောတရားဆယ်ပါးဖြစ်၏။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော အကုသိုလ် ကမ္မပထ တရားဆယ်ပါးတို့သည် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားဆယ်ပါးဖြစ်၏။

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း စသော ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့သည် ထူးသောအဖို့ရှိသော တရားဆယ်ပါးဖြစ်၏။

မြတ်သောအကျင့် ဆယ်ပါးတို့သည် ထိုးထွင်း၍ သိနိုင်ခဲသော တရားဆယ်ပါးဖြစ်၏။


မတင့်တယ်သောသဘောကို ရှုမှတ်ခြင်း၊ သေခြင်းတရားကိုရှုမှတ်ခြင်း အစာအစာ၌ စက်ဆုတ်ဖွယ်ဟု ရှုမှတ်ခြင်း၊ အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု ရှုမှတ်ခြင်း၊ မမြဲသောသဘောကို ရှုမှတ်ခြင်း၊ ဆင်းရဲခြင်းသဘောကိုရှုမှတ်ခြင်း၊ အနတ္တသဘောကို ရှုမှတ်ခြင်း၊ ပယ်ခြင်း သဘောကိုရှုမှတ်ခြင်း၊ ရာဂကင်းခြင်းကိုရှုမှတ်ခြင်း၊ ရာဂချုပ်ခြင်းကို ရှုမှတ်ခြင်းအားဖြင့် ဆယ်ပါးသော သညာတို့သည် ဖြစ်စေအပ်သော တရားဆယ်ပါးဖြစ်၏။

မှန်သောအယူရှိသူအား မှားသောအယူပျက်စီးခြင်း၊ မှန်သော အကြံရှိသူအား မှားသောအကြံ ပျက်စီးခြင်းစသော ပျက်စီးခြင်း အကြောင်း ဆယ်ပါးတို့သည် ထူးသောဉာဏ်ဖြင့်သိအပ်သော တရားဆယ်ပါးဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်၌ဖြစ်သော၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပစသည့် တရားဆယ်ပါးတို့သည် မျက်မှောက်ပြုအပ်သော တရားဆယ်ပါးဖြစ်၏။

ဤဆိုခဲ့ပြီးသော တရားတို့သည် ဟုတ်မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောရှိကုန်၏၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် အမှန်အားဖြင့် ထိုးထွင်း၍ သိအပ်သောတရားများဖြစ်ကုန်၏။

ဤသို့ရှင်သာရိပုတ္တရာက ဟောကြားတော်မူသောအခါ ရဟန်းတို့သည် တရားကိုဝမ်းမြောက်နှစ်သက်စွာ ခံယူကြလေသည်။



www.dhammaransi.com

# ဒီဃနိကာယ်သုံးကျမ်းတွင် ပါဝင်သောသုတ် (၃၄) သုတ်တို့၏ အက္ခရာစဉ်အညွှန်း


| အမည် | စာမျက်နှာ |
|---|---|
| အဂ္ဂညသုတ် .... .... .... | ၂၆၂ |
| အမ္ဗဋ္ဌသုတ် .... .... .... | ၃၇ |
| အာဋာနာဋိယသုတ် .... .... .... | ၃၀၄ |
| ဥဒုမ္ဗရိကသုတ် .... .... .... | ၂၄၃ |
| ကူဋဒန္တသုတ် .... .... .... | ၅၇ |
| ကေဝဋ္ဋသုတ် .... .... .... | ၉၁ |
| စက္ကဝတ္တိသုတ် .... .... .... | ၂၅၂ |
| ဇနဝသဘသုတ် .... .... .... | ၁၇၂ |
| ဇာလိယသုတ် .... .... .... | ၇၀ |
| တေဝိဇ္ဇသုတ် .... .... .... | ၁၀၁ |
| ဒသုတ္တရသုတ် .... .... .... | ၃၃၂ |
| ပါထိကသုတ် .... .... .... | ၂၃၀ |
| ပါယာသိသုတ် .... .... .... | ၂၁၄ |
| ပါသာဒိကသုတ် .... .... .... | ၂၇၅ |
| ပေါဋ္ဌပါဒသုတ် .... .... .... | ၇၈ |
| ဗြဟ္မဇာလသုတ် .... .... .... | ၁၄ |
| မဟာဂေါဝိန္ဒသုတ် .... .... .... | ၁၈၀ |
| မဟာနိဒါနသုတ် .... .... .... | ၁၂၂ |
| မဟာပဒါနသုတ် .... .... .... | ၁၀၇ |
| မဟာပရိနိဗ္ဗာနသုတ် .... .... .... | ၁၃၁ |
| မဟာလိသုတ် .... .... .... | ၆၆ |
| မဟာသမယသုတ် .... .... .... | ၁၈၈ |
| မဟာသတိပဋ္ဌာနသုတ် .... .... .... | ၇၂ |
| မဟာသီဟနာဒသုတ် .... .... .... | ၇၅ |

www.dhammaransi.com


| | | | | |
|---|---|---|---|---|
| မဟာသုဒဿနသုတ် | .... | .... | .... | ၁၆၁ |
| လက္ခဏသုတ် | .... | .... | .... | ၂၀၅ |
| လောဟိစ္စသုတ် | .... | .... | .... | ၉၆ |
| သက္ကပဉှသုတ် | .... | .... | .... | ၁၉၃ |
| သမ္ပသာဒနီယသုတ် | .... | .... | .... | ၂၆၇ |
| သာမညဖလသုတ် | .... | .... | .... | ၂၆ |
| သိင်္ဂါလသုတ် | .... | .... | .... | ၂၉၅ |
| သုဘသုတ် | .... | .... | .... | ၈၈ |
| သောဏဒဏ္ဍသုတ် | .... | .... | .... | ၅၁ |
| သံဂီတိသုတ် | .... | .... | .... | ၃၀၉ |

# မှီငြမ်းပြုသော ကျမ်းများ

| | |
|---|---|
| ၁ သီလက္ခန္ဓဝဂ္ဂပါဠိ | ဆဋ္ဌမူ |
| ၂ မဟာဝဂ္ဂပါဠိ | ။ |
| ၃ ပါထိကဝဂ္ဂပါဠိ | ။ |
| ၄ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ။ |
| ၅။ မဟာဝဂ္ဂအဋ္ဌကထာ | ။ |
| ၆။ ပါထိကဝဂ္ဂအဋ္ဌကထာ | ။ |
| ၇။ သီလက္ခန္ဓဝဂ္ဂဋီကာ | ။ |
| ၈။ မဟာဝဂ္ဂဋီကာ | ။ |
| ၉။ ပါထိကဝဂ္ဂဋီကာ | ။ |
| ၁၀။ သီလက္ခန်ပါဠိတော် မြန်မာပြန် | ။ |
| ၁၁။ မဟာဝဂ်ပါဠိတော် မြန်မာပြန် | ။ |
| ၁၂။ ပါထိကဝဂ်ပါဠိတော် မြန်မာပြန် | ။ |
| ၁၃။ သက္ကပဉ္ဟသုတ် တရားတော် | မဟာစည်ဆရာတော် |
| ၁၄။ မဟာသတိပဋ္ဌာန်တရားတော် | ။ |

www.dhammaransi.com

## ဓမ္မာစရိယ ဦးမောင်မောင်လေး

### ရေးသား ထုတ်ဝေခဲ့ပြီးသော စာအုပ်များ

၁။ ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ အမှတ် ၁ (၁၉၇၆)

၂။ ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ အမှတ် ၂ (၁၉၇၇)

၃။ ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ အမှတ် ၃ (၁၉၇၈)

www.dhammaransi.com

## နိကာယ်ငါးရပ် ပိဋကတ်အဖွင့်

# ဒီဃနိကာယ်

* ဗုဒ္ဓမြတ်စွာသည် လေးဆယ့်ငါးဝါ အချိန်ကာလအတွင်း ဟောကြားခဲ့သော တရားတော်များကို ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူပြီး၍ သုံးလအကြာတွင် ရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာတို့က ပေါင်းစု ရွတ်ဆိုကာ ပထမ သံဂါယနာ တင်ခဲ့ကြပါသည်။
* ဗုဒ္ဓသာသနာတော်၏သက်တမ်းဖြစ်သော နှစ်ပေါင်း(၂၅၀၀) ကျော် ကာလအတွင်း အလားတူ သံဂါယနာတင်ပွဲ များကို ဗုဒ္ဓ၏တရားတော်ကို ယုံကြည်မြတ်နိုးသော တပည့်သာဝကတို့က ဆက်လက်ကျင်းပခဲ့ကြရာ ခြောက်ကြိမ်မြောက် ရှိခဲ့ပေပြီ။
* ခြောက်ကြိမ်တိုင် ကျင်းပခဲ့သော သံဂါယနာပွဲကြီးများ၌ ဗုဒ္ဓ၏ တရားတော်များကို နိကာယ်အားဖြင့် ငါးရပ်၊ ပိဋကတ်အားဖြင့် သုံးပုံ ခွဲခြားစီစဉ်၍ မှတ်တမ်း တင်ခဲ့ကြပါသည်။
* သုတ္တန်ပိဋကတ်၌ ပါဝင်၍ ဒီဃနိကာယ်ဟု အမည်တွင်သော သုတ်တရားတော် များသည် ကျမ်းအရေအတွက် အားဖြင့် သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ် ဟူ၍ သုံးကျမ်း၊ သုတ်အရေအတွက်အားဖြင့် (၃၄) သုတ် ရှိပါသည်။
* ဆဋ္ဌသံဂါယနာမူအရ ပါဠိဘာသာ သက်သက်ဖြင့် (၆၆၄) မျက်နှာ၊ မြန်မာပြန်သက်သက်ဖြင့် (၇၆၂) မျက်နှာ ရှိသော ဒီဃနိကာယ်ကျမ်းကြီး သုံးကျမ်းကို ဓမ္မာစရိယ ဦးမောင်မောင်လေးက မူရင်းအနှစ်သာရမပျက် အနက်အဓိပ္ပါယ်လည်း ပေါ်လွင်အောင် သိပ်သည်း ကျစ်လစ်စွာ ပြန်ဆို ရေးသား ထားပါသည်။
* ဗုဒ္ဓတရားတော်များကိုယုံကြည်လေးစား၍ ဗုဒ္ဓစာပေကို ခြေခြေမြစ်မြစ် လေ့လာမှတ်သားလိုသူတို့အတွက် အထူးစီစဉ် တင်ဆက်လိုက်သော စာအုပ်ဖြစ်ပါသည်။
* နိကာယ် သာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်နေကြသော အသင်းအဖွဲ့များနှင့် နိကာယ်စာမေးပွဲ ဖြေဆိုသူ များလည်း လက်ကိုင်ထားသင့်သော စာအုပ်ဖြစ်ပါသည်။

ရဲရင့်စာပေ၊ ရုံတော်ကြီး-မန္တလေးမြို့။